www.burmeseclassic.com

စိတ်ကူးသစ်စာပေ


# မောင်ညိုမှိုင်း(သန်လျင်)

စီစဉ်သော

# ရွှေနှုတ်ကပြောတော့ရွှေစကား

အပါအဝင်

## ဂမ္ဘီရဝတ္ထုတိုများ



မောင်ညိုမှိုင်း(သန်လျင်)၊ ဖြောင်းမြမောင်ကို၊ မကွေးညိုညိုမှ၊ ထောင်မှူးကြီးသိန်းဝင်း၊ ကျော်မင်းနိုင်၊ ...မောင် အောင်သာရိုး၊ ဖေယျမင်းချစ်၊ ထားဥဿုံ၊ ညမိသ၊ နန်းရွှေရည်၊ စိုးယဉ်ထွန်း၊ ကျော်စိုးဗိုလ်

www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ ။ ကိုတင်ထွန်း

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၄၊ ဒီဇင်ဘာလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ *Myat Min Han (New Idea)*
ကွန်ပျူတာစာစီ ။ *Maw Maw (New Idea)*
အတွင်းဖလင် ။ *Zin Oo & Brothers*

ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်မွန် (ဖြိုးဝေလျှံပုံနှိပ်တိုက်) (၀၀၆၅၉)
ဆန်စက်အပိုပစ္စည်းစက်ရုံဝန်း၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ထုတ်ဝေသူ

ဦးတင်ထွန်း (မြဲ)(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး - ၁၈၀၀ ကျပ်

၈၉၅ . ၈၃
ကလောင်စုံ
ရွှေနှုတ်ကပြောတော့ရွှေစကားအပါအဝင်ဂန္ထဝင်ဝတ္ထုတိုများ/
ကလောင်စုံ-ရန်ကုန်။
စိတ်ကူးသစ်စာပေ၊ ၂၀၁၄။
၃၂၄-စာ ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ။
(၁) ရွှေနှုတ်ကပြောတော့ရွှေစကားအပါအဝင်ဂန္ထဝင်ဝတ္ထုတိုများ

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ရွှေနှုတ်ကပြောတော့ ရွှေစကား<br>*မောင်ညိုမှိုင်း(သန်လျင်)* | ၁ |
| ၂။ | ဇလွန်ပြည်တော်ပြန်ဘုရားနှင့် "ဝလုံး"ဆရာ ဦးမောင်ကြီး<br>*ထောင်မှူးကြီးသိန်းဝင်း* | ၄၆ |
| ၃။ | မတိကွ<br>*မြောင်းမြမောင်ကို* | ၇၇ |
| ၄။ | ညိုရောင်တစ္ဆေဝေလေလေ<br>*အောင်သာမိုး* | ၁၀၃ |
| ၅။ | မောဟမျဉ်းပြိုင်<br>*ဇေယျမင်းသျှင်* | ၁၂၀ |
| ၆။ | တုံ့လှည့်မေတ္တာ<br>*လေးမောင်* | ၁၄၉ |
| ၇။ | လူသေအသားစားသူများ<br>*ကျော်မင်းနိုင်* | ၁၈၃ |
| ၈။ | စလေမြို့ မြို့တော်ယဉ်နတ်နန်း<br>*မကွေးညိုစိမ့်* | ၁၉၈ |
| ၉။ | အဆိပ်မပြယ်နိုင်လေသော နတ်သုဒ္ဓါ<br>*နန်းရွှေရည်* | ၂၁၂ |
| ၁၀။ | ရေသူမလေး လွမ်းပုံပြင်<br>*သြဓိသ* | ၂၂၆ |
| ၁၁။ | ငမောက်ကိုအကြွေးတောင်းမယ်<br>*စိုးယဉ်ထွန်း* | ၂၄၅ |
| ၁၂။ | မြမျက်ရည် . . . ပုလဲမျက်ရည်<br>*ထားဉသံ* | ၂၆၃ |
| ၁၃။ | လူစားကျားနှင့် အာဝလူ<br>*ကျော်စိုးဖိုလ်* | ၂၈၆ |

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

[ ၁ ]

❑

ကျွန်ုပ်သည် ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ်စာပေများ ရေးသားနေသူပီပီ လူထူးလူဆန်းများကို လွန်စွာ စိတ်ဝင်စားလေ့ရှိ၏။

ပဟေဠိပဟေဠိ အဆန်းများဖြစ်သော အမြဲတော၊ ရုပ်တု၊ ပုတီး၊ သပိတ်ကွဲ၊ ခေါင်းလုံး၊ လက်ဖွဲ့၊ ကျမ်းစာအုပ် စသည်များကို စိတ်ဝင်စား၏။

အတိတ်၊ တဘောင်၊ စနည်း၊ ဘဝါး စသည်များကို စိတ်ဝင်စား၍ လေ့လာလိုက်စား၏။ Will Power စိတ်စွမ်းအင်ကို စူးစမ်းနေ၏။

ဗေဒင်ပညာနှင့် နက္ခတ်ပညာတို့၏ ထူးခြားစွာ တိုက်ဆိုင်လေ့ရှိသော ဟောပြောချက်များကို အလွန်စိတ်ဝင်စား၏။

သို့ဖြစ်၍ . . .

အချိန်ရသည်နှင့် ဈေးများသို့ လှည့်၏။ ရေဆိပ်၊ လှေဆိပ်ကို သွား၏။ သက်ကြီးရွယ်အိုများကို တွေ့ဆုံမေးမြန်း၏။ သေရွာပြန်များကို လိုက်ရှာတွေ့၏။

သချိုင်းကုန်းမှ သူတစ်ပါး အဖက်မလုပ်သည့် စဏ္ဍာလများ၊ သူတောင်းစားများကို ပေါင်းသင်းကာ သိချင်သည်များကို မေးမြန်း၏။





စဏ္ဍာလကြီးဦးကျောမည်းဆိုလျှင် သင်္ချိုင်းပေါင်းစုံမှာ မသာကျင်းတူး မြေမြှုပ်၊ ခေါင်းသွင်း အလုပ်မျိုးစုံကို နှစ်ပေါင်းများစွာ လုပ်ကိုင်ခဲ့သူဖြစ်ရကား သင်္ချိုင်းကုန်း၏ ဖြစ်ရပ်ဆန်းကြယ်ဘဝများကို ကျွန်ုပ်သည် အလွန်စိတ်ဝင်စားစရာကောင်းသည့် ပရလောကဖြစ်ရပ်များနှင့် တွဲ၍ သိခဲ့ရ၏။

အဂ္ဂိရတ်ဖိုဆရာကြီးများနှင့် ပေါင်းသင်းပြီး ဖားဖိုကို မီးကူဆွဲပေးသောအခါ အဂ္ဂိရတ်ပညာ၏ သိပ္ပံနည်းကျဘဝကို သိခဲ့ရပြန်၏။

သို့ဖြစ်၍ ကျွန်ုပ် ဂမ္ဘီရစာရေးဆရာသည် ဖြစ်ရပ်ဆန်း၊ ပညာဆန်း၊ အကြောင်းအရာ ဘဝအဆန်းများကို သိချင်လိုရကား စိတ်ဝင်စားဖွယ်ကောင်းသည့်လူများကို ရှာဖွေချဉ်းကပ် မေးမြန်းလေ့လာကာ ဖြစ်ရပ်ဆန်းကြယ်များကို ရေးသားခွင့်ရလေသည်။

သို့နှင့် . . .

BURMESE CLASSIC

တစ်နေ့ . . .

မြို့ဈေးထဲသို့ လှည့်လည်ခဲ့သောအခါ စိတ်ဝင်စားဖွယ်ကောင်းလှသော လူထူးလူဆန်းကြီးတစ်ဦးကို မမျှော်လင့်ဘဲ တွေ့ခဲ့ရလေ၏။

လူကြီးသည် ဈေးလမ်းပေါ်မှာ သီချင်းတစ်ပုဒ်ကို အသံဝါကြီးနှင့် ဟစ်၍ နေ၏။ သူဆိုသောသီချင်းကား စောင်းဦးဘသန်းကိုယ်တိုင် ရေးဆိုခဲ့သည့် 'ပွဲကြိုက်မယ်' သီချင်း ဖြစ်လေသည်။

''ပွဲဦးကရန် ××× ခုနစ်သံချီဆွယ် ×××
ဪ ××× သွားလိုက်ကြတာ ××× လူတွေမနည်းတယ် ×××
လာလေ ××× စောစောသွားမှ ××× တို့နေရာရမယ် ×××
အရုပ် ××× အရုပ်ထဲ ××× ဇာတ်ပွဲ ××× က,နေတယ် ×××
ဪ ××× ဆိုင်းသံ ××× ဗုံသံ ××× ဆူညံ ×××
မသွားပါနဲ့ ××× ချစ်တဲ့သူရယ် ×××
စက်သီချင်း ××× လက်ငင်းဖွင့်ပြမယ်ကွယ် ×××
သန်းဆရာ ××× ဆိုသီချင်း ××× ပျိုယမင်းရယ် ×××
အပျင်းတော်ပြေစေအောင်လို့ ××× ထွေထွေကြဲကာ ×××
စောင်းကို တီးပြပါတော့မယ် ×××''



www.burmeseclassic.com

www.burmeseclassic.com



''နောင် … ဝေ … ဝေ … ဝေ …''

''ဟား … ဟား … ဟား … အရှုံးလူရွှင်တော်နဲ့ တူရဲ့ဟေ့''

''အသံကတော့ စောင်းဦးဘသန်းအတိုင်းပဲတော့်''

''စောင်းတီးမယ်ပြောပြီး ကြေးစည်ထုတာသာ လွဲချက်ဟဲ့''

''စိတ်မနှံ့ဘူးနဲ့ တူပါရဲ့ဟယ်''

''မည်းလိုက်တဲ့ အသားနယ် …၊ ထွေးခင် … ညည်းယောကျ်ား ကပ္ပလီသောင်းထက်တောင် မည်းသေးတယ်ဟေ့''

ဟုတ်ပေ၏ …။ ဈေးသည်များ ဝေဖန်ချက်ကား တစ်ချက်မှမလွဲ။ ကျွန်ုပ်သည် လူကြီး၏အသံကို ခပ်လှမ်းလှမ်းမှ ကြားရသောအခါ စောင်းဦးဘသန်းနီးပါး ကောင်းလွန်းလှသဖြင့် လူကြီးအနီးသို့ ကပ်လာလိုက်၏။

ဟယ် …

အသွင်အပြင်က ဆန်းပေစွတကား။

ကြည့်စမ်း … ကိုယ့်ဆရာရဲ့ အသားနယ်။ မည်းချက်က ကမ်းကုန်ရော ဆိုသလိုပါကလား။ သပိတ်ရောင်က သူ့ထက်ဖွေးပုံရ၏။ အင်္ကျီမပါ။ အပေါ်ပိုင်း ကိုယ်တုံးလုံး။ သျှောင်ထုံးကြီးထုံးလို့ …။

ငှက်ပျောသီးဖီးကြမ်းနှစ်ဖီးကို ကြိုးနှင့်လည်ပင်းမှာသိုင်းပြီး ရင်ဘတ်ပေါ်ချထား၏။ အချို့ကို အခွံနွှာစားထား၏။ အခွံကို လွှင့်မပစ်။ အဖီးမှာပင် ပြုတ်၍ စားထားပုံရ၏။

မျက်လုံးနှစ်လုံးကား ပုစွန်မျက်လုံးလို ပြူးနေ၏။

ပါးစပ်လည်း အလွန်ပြဲ၏။

နှာခေါင်းမည်းမည်းကြီးက တသံလျင်းချိတ် (၄) လို ကောက်ဖယ်ဖယ် ရှိ၏။ ကိုယ်လုံးက လူတစ်ဖက်စာကျော် ဝဖိုင့်ပြီး ခါးမှာ ယောဂီရောင်ပုဆိုးအဖာကို ခါးပုံစသေးသေးနှင့် စည်းဝတ်ထား၏။

ဝမ်းဗိုက်ပူပူပေါ်မှာ ရောမချက်ကြီးက အခွံမနွှာရသေးသော တောင်ငူကွမ်းသီးလုံးခန့် စူတက်နေရကား …

လက်ကမြင်းကြောထသည့် ကလေးအချို့က ၎င်းချက်စူကြီးကို သားရေကွင်းနှင့်ပစ်ရကား ခမျာ သားရေကွင်းမှန်တိုင်း ချက်ကို ခြင်ရိုက်





သလို ရိုက်၍နေရ၏။

သည်အဖြစ်ကို ကြည့်၍ ဈေးသွားဈေးလာနှင့် ဈေးသည်များက ရယ်ကြရင်း ကလေးများကို အော်ငေါက်နေလေ၏။

လူကြီးရဲ့ နောက်ကျောအနီးကပ်၍ အကဲခတ်ကြည့်လိုက်မှ လူကြီးကျောကုန်းပေါ်က စုတ်ထိုးစာတန်းကို အသားမာတက်တက်နှင့် အထင်အရှား မြင်လိုက်ရလေ၏။

''ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံ … ဂစ္ဆာမိ''

ပြီး … အောက်မှာ စာတန်းတစ်တန်း။

''သူ့တစ်ပါးကို လိမ်ညာလို့ရမည်၊

ကိုယ့်ကိုယ်ကိုယ် လိမ်ညာလို့မရ''… ဟူသတည်း။

ကလေးများက ဝိုင်းနေ၏။ အချို့ကလေးများက လူကြီး၏ခါးကို ကလိထိုးနေ၏။ အချို့က လည်ပင်းပေါ်က ငှက်ပျောသီးကို လုယူမလို နောက်ပြောင်ကြ၏။

ဈေးသည် ခပ်ကဲကဲ၊ ခပ်ရွှတ်ရွှတ်တို့ကလည်း တစ်မျိုး …။

''မိအေးရေ …''

''ဘာတုံးဟဲ့ … အဝင်း''

''နင့်လင်ကို ပြောလိုက်ပါအေ … အသံနည်းနည်းကျယ်ပါလို့''

''အေး … အေး … ဟာ … ဟဲ့ … မိဟိုဒင်း … အဲဒါ ငါ့လင်မဟုတ်ဘူးဟဲ့ … နင့်ယောကျ်ား …''

''ဝါး … ဟား … ဟား … ဟား …''

''ခစ် … ခစ် … ခစ် … ခစ် …''

''အေးဟယ် … ဒါဆိုလည်း အစ်ကိုကြီးကို ပြောလိုက်ပါ။ ညီမလေး နားမကောင်းလို့ အသံကျယ်ပေးပါလို့''

''ဒီမှာရှင့် … ဦးသပိတ်''

''ခင်ဗျာ … ကျုပ်ကို …''

''ဟုတ်တယ် … ဟိုမိန်းမ … ဦးသပိတ်ကြီးကတော်က နားမကောင်းလို့ ခပ်ကျယ်ကျယ် ဆိုပေးပါတဲ့''



www.burmeseclassic.com

www.burmeseclassic.com



''အယ် ... အင် ... ဟင် ... ကျုပ်မိန်းမက .. မြတ်စွာဘုရား ကျုပ်က လူပျိုကြီးဗျ''

''ဟား ... ဟား ... ဟား ... ဟား ...''

''ဟီး ... ဟီး ... ဟီး ... ဟီး ...''

''အဟစ် ... အဟစ် ... ခစ် ... ခစ် ...''

''ကိုင်း ... လူပျိုကြီးရှင့်၊ တစ်ဈေးလုံးကြားအောင် ချဲ့ပါတော်''

''ဘာချဲ့ရမှာတုံးခင်ဗျ''

''အသံ ... အသံ ... ဟီး ... ဟီး ... ဟီး ...''

သည်မှာ ဈေးသည်များအခေါ် ဦးသပိတ်ဆိုသူ အသက်ခြောက်ဆယ်ကျော်ခန့် အူကြောင်ကြောင်၊ သွပ်တွတ်တွတ်၊ ဗိုက်ပူ၊ ချက်စူ၊ အသားမည်းကြီးက ခေါင်းမော့၊ ရင်ကော့၍ အသံကို မြှင့်ဆိုလိုက်လေ၏။

''အပျော်ဆိုတာကွယ် ×××''

''ဘာတဲ့တုံး ××× အစ်ကိုရေ ... ဟေ ... ဟေ ...''

''ကဲကို ကဲပါတော် ... မိသန်းရယ်''

''ငွေကုန်ခံနိုင်ရင် ××× အကောင်းဆုံးပဲ ××× ပွဲကြိုက်တဲ့ ×× ခင်နှမရယ် ××× အအိပ်ပျက်တယ် ××× အစားပျက်တယ် ×× ဓာတ်ပြားတစ်ပြား ××× ဖွင့်ကာနေကြမယ် ×××''

''ဟိုကောင်မ .. မိသန်း၊ ညည်းလင်ပြောတာ ကြားတယ်နော်''

''ဟဲ့ ... မိဖေ ... နင့်အသံ မကြားချင်ဘူး ... တိတ်တိတ်နေ။ အစ်ကို ... ဆက်ဆိုလေ''

လူကြီးက အသံသြောင်နာနာနှင့် မိန်းမရှိရာသို့ လှည့်ကြည့်ပြီး–

''စူရတီ ××× ငွေနားနဲ့ ××× ရွှေပါးက ××× နံ့သာခြယ် ×××
လှပါပေ့ကွယ် ××× ယဉ်ပါပေ့ ××× ကင်းစင်ကွာတယ် ×××
ဆင်းအင်္ဂါအမှန်မလွဲ ××× မင်းလှဖို့ပဲ ××× ဓာတ်နား ×××
သွားမရစ်ပါ ××× ဓာတ်ပြားတစ်ပြား ××× ဖွင့်ကာ ×××
ကောင်းတဲ့ဓာတ်ပြားတစ်ပြားဖွင့်ကာ ×××
အိမ်မှာနေရစ်ခဲ့ပါ့ကွယ် ×××''





''အစ်ကိုလည်း မသွားနဲ့နော်''

''အဟီး ... ဟီး ... ဟီး ...''

ဈေးသည်မိန်းမရွယ်အချို့က ပျော်တတ်၊ နောက်တတ်ပုံရ၏။ သူတို့ချင်း ပင့်ချွန်မြှောက်ရင်း တဟီးဟီး သဘောကျနေကြ၏။

သည်မှာ ဦးသပိတ်ဗိုက်ပူကြီးက ထူးဆန်းသောစကားကို စ၍ဆိုရကား ကျွန်ုပ် လွန်စွာ စိတ်ဝင်စားသွားခဲ့ရလေသည်။

''နှမလေးတို့၊ နှမကြီးတို့ရေ ... နားထောင်ကြကွယ့်။ အစ်ကိုရှင်းပြမကွယ့်။ အပျော်ဆိုတာ ငွေကုန်ခံနိုင်မှပဲ့။ ပိုက်ဆံတစ်ကျပ်၊ တစ်ဆယ်ရဖို့ ညည်းတို့ ဘယ်လို ရောင်းဝယ်ဖောက်ကားရသလဲ။ အဲဒါ ငါ့နှမများ အသိဆုံးကွယ့်။

စူရတီငွေနား၊ ရွှေနားကပ်၊ ကျောက်နားကပ်၊ မိတ်ကပ်လူး၊ နံ့သာခြယ်တာလည်း ခဏအလှကွယ့်။ ဘဝအလှ မဟုတ်ဘူး။ အပုပ်ကောင် ရုပ်ဆောင်နေကြတာဟေ့။ အပျော်အပါးမှာ အိပ်ပျက်ခံ၊ အချိန်ကုန်ရင် လူဖြစ်ရတဲ့ဘဝ အဓိပ္ပာယ်မရှိဘူးဟေ့။ ဒါကြောင့် အဆိုတော် တေးရေးဆရာကြီး စောင်းဦးဘသန်းက 'ဓာတ်ပြားတစ်ပြားဖွင့်ကာ ... ကောင်းတဲ့ ဓာတ်ပြားတစ်ပြားဖွင့်ကာ ... အိမ်မှာနေရစ်ခဲ့ပါ့ကွယ်' လို့ ပြောလိုက်တဲ့ အဓိပ္ပာယ် အနှစ်သာရ ငါ့နှမများ၊ အစ်မများ တကယ်နားလည်ကြရဲ့လား''

ကြည့်တော့ ဦးကပ္ပလိကြီးက ရူးသလိုလို၊ ပေါသလိုလို ...

ကြည့်စမ်း ... ပြောလိုက်တဲ့စကားက လေးနက်ကြွယ်ဝသည့်စကား။

စောစောက နောက်ပြောင်နေသည့် ဈေးသည်မိန်းမရွယ်များ ချက်ချင်း အသံတိတ်သွားခဲ့သည်။

''မှတ်ထား ... နှမတို့၊ စောင်းဦးဘသန်းပြောတဲ့ ကောင်းတဲ့ ဓာတ်ပြားဆိုတာ ဘုရားစကား၊ တရားစကား၊ သံဃာစကား ပြောတာကွယ့်။ နစ္စ ဂီတ ဝါဒိတနဲ့ အပျော်ဖက်ပြီး သေရင် ငရဲသွားကြမယ့်အစား ဘုရားဟော တရားဓမ္မတိပ်ခွေ၊ ကောင်းတဲ့ဓမ္မသီချင်းကို ဖွင့်နားထောင်ပြီး သဘာမှ ခေါ်သံနဲ့ အိပ်ပျော်ကြ။ ဘဝကူးကောင်းအောင်လို့ပြောတာ ... နှမတို့၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ထပ်ပြောချင်တာက ... ဖတ်နား ××× သွားမရှစ်ပါ ××× ဓာတ်ပြား တစ်ပြား ××× ဖွင့်ကာ ××× ကောင်းတဲ့ဓာတ်ပြားတစ်ပြားဖွင့်ကာ ××× အလိမ္မာသေ ဖြစ်ရမယ် ×××"

"နောင် ...ဝေ ...ဝေ ...ဝေ ...
နောင် ...ဝေ ...ဝေ ...ဝေ ...
နောင် ...ဝေ ...ဝေ ...ဝေ ..."

လူကြီးသည် သီချင်းအချက်ကို သို့ကလို သတိပေးစကားနှင့် ချလိုက်ပြီး လက်ထဲက ကြေးစည်အနားပဲ့ကို လက်ခတ်နှင့် တနောင်နောင်ထုပြီး-

"သဗ္ဗေသတ္တာ ဝေနေယျာ ချမ်းသာကိုယ်စိတ် မြဲပါစေ ...
လူရော၊ နတ်ပါ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ ..."
"နောင် ...ဝေ ...ဝေ ...ဝေ ...
နောင် ...ဝေ ...ဝေ ...ဝေ ..."

သူသည် ပါးစပ်ကလည်း မေတ္တာပို့၏။ လက်ကလည်း ကြေးစည်အပဲ့ကို ထု၏။ တစ်ဈေးလုံးအနှံ့ ၎င်းသီချင်း၊ ၎င်းစာသားများ၊ မေတ္တာပို့များကို သီဆိုရေရွတ်ပြီးနောက် ဟိုလူ၊ သည်လူ၊ ဟိုဈေးသွား၊ သည်ဈေးသည် စွန့်ကြဲပေးကမ်းသမျှကို လက်ခံယူ၍ ဈေးထဲမှ ထွက်ခွာသွားလေသည်။

အဲဒီနေ့တုန်းက ...

သူ့နောက်ကျောပေါ်က ဆေးမင်စုတ်ထိုးစာတမ်းများကို ကြည့်ပြီး ကျွန်ုပ် စိတ်ကူးခဲ့လိုက်မိသည်။

"သည်လူကြီးပုံစံနဲ့ အပြောအဆိုက ဆန်းနေတယ်။ ငါ သူနဲ့ ရင်းနှီးချင်လိုက်တာ"

သည်မှာ နောက်သို့လှည့်ကာ ကျွန်ုပ်ကို လှမ်းကြည့်သလို လုပ်နေလေ၏။

✿ ✿ ✿

# ၂

❑

တစ်နေ့ ကျွန်ုပ် အိမ်ရှေ့မှာ စာရေးနေစဉ် ...

"ဟေ့ ...မောင်မှိုင်း ...မောင်မှိုင်းရေ ..."

ခေါ်သံကြားလို့ စာရေးခြင်းကို ခဏရပ်ပြီး လှမ်းကြည့်လိုက်သောအခါ ...

"ဟိုက် ..."

အိမ်ရှေ့ခြံဝမှာရပ်ပြီး ကျွန်ုပ်အမည်ကို တကြော်ကြော် အော်ခေါ်နေသူကား ဗိုက်ပူပူ၊ ချက်စူစူ၊ အသားသပိတ်ရောင်နှင့် ကျောပြောင် ဦးကပ္ပလီကြီး။ လက်ထဲမှာလည်း ကြေးစည်ပဲ့ကို ကိုင်လို့။

သူ့အနီးမှာ ကလေးတစ်အုပ်နှင့် ခွေးတစ်အုပ် ဝိုင်းနေ၏။

ခွေးများက ပုစွန်မျက်လုံးလိုပြူးပြီး ကပ္ပလီသရဲရုပ် ပေါက်နေသော သူ့အား အသားစားချင်လို့လား၊ မျက်လုံးနှစ်လုံးကို ဝါးချင်လို့လားမသိ။ ဆူညံစွာ ဝိုင်းဟောင်ကြ၏။

အချို့ခွေးများက သူ့ပုဆိုးကို ဆွဲဟပ်ရန် ဝိုင်းကြ၏။

ကလေးများက အသံဖြင့် တောင်းဆိုနေကြ၏။

"သီချင်းဆိုပါဦး ...ဘကြီးဦးမည်းတူ"

**စိတ်ကူးသစ်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



"ဘိုဘိုဟန်နဲ့သီချင်းရရင် ဆိုပါ ... ဘဘကြီးရဲ့"

"ပွမ်ပွမ်မြည်တဲ့ကားလေး အရင်ဆိုပါဗျ"

"ဟဲ့ခွေး ... ဟဲ့ခွေး ... အို ..."

ခွေးတစ်ကောင်က သူ့ပုဆိုးကို ဝင်ဆွဲရကား အော်ဟစ်ခြောက်လှန့်ရင်း ပုဆိုးအောက်နား စုတ်သွားလေ၏။

"ဟော့ ... မောင်မှိုင်းရေ ... မောင်မှိုင်း ..."

ဘုရားရေ ... ကျွန်ုပ်နှင့် သည်လူကြီး တစ်ခါမှ စကားမပြောဖူး။ မရင်းနှီးဖူး။ သူ့နာမည် ကျွန်ုပ်မသိ။

သို့သော် သူက ကျွန်ုပ်နာမည်ကို သိနေ၏။ သို့နှင့် ကျွန်ုပ် ထွက်လာလိုက်သောအခါ ကလေးအုပ်က သီချင်းဆိုရန် အတင်းအဓမ္မတောင်းဆိုနေရကား ...

ကလေးများကို ချစ်ပုံရသည့်ထင့်။

အားလုံးကို လက်ဝါးထောင်ပြပြီး ကလေးများကျေနပ်စေရန် ပြောလိုက်၏။

"အားလုံး တိတ်ကြကွာ။ ဆိုပြမယ်"

"ဝေး ... ဟေး ... ဟေး ..."

"ဟေး ... ဝေး ..."

"ဒါမှ ဦးမည်းတူကြီးကွ"

"ဘကြီးချက်စူ ... ကျယ်ကျယ်လေး လုပ်နော်"

"အေး ... အေး ... အဟမ်း ... အဟမ်း ... ဩောင်း ××× နမော ××× ဗုဒ္ဓါ ××× နဘာဝေန ×××"

"ဝုတ် ... ဝုတ် ... ဝုတ် ..."

"ဂိန် ... အိန် ... အိန် ..."

"အူ ... ဝူ ... ဝူ ... ဝူ ..."

သီချင်းစလိုက်သည်နှင့် ခွေးအုပ်ကြီးက သူ့ကိုကြည့်ပြီး အူလေ၏။ သူ ခွေးများကိုကြည့်ပြီး ဆက်မဆိုသေး။ ခဏရပ်၏။ ခွေးများအအူရပ်မှ ပြန်ဟစ်၏။





"ဩောင်း ××× နမော ××× ဓမ္မာ ××× နဘာဝေန ×××"

"ဂိန် ... ဂိန် ..."

"အိန် ... အိန် ..."

"အူ ... ဟူ ... အူ ... ဟူ ..."

သီချင်းဆိုရင်း မျက်လုံးနှစ်လုံးက အပြင်ကို ပြူးထွက်ရကား ခွေးအုပ်က သူ့ကိုကြည့်ပြီး အူ၏။ ဟောင်၏။

"ကလေးတွေ ..."

"ဗျာ ... ဗျ ..."

"သီချင်းနားထောင်ချင်ရင် အဲဒီခွေးတွေ မောင်းထုတ်ကြကွာ"

သည်မှာ ကလေးများက ခွေးအုပ်ကို ခဲများ၊ သစ်ကိုင်းများနှင့် ခြောက်လှန့်မောင်းနှင်ရကား ခွေးများ ပြေးကြလေ၏။

ဝေးဝေးသို့မပြေး ...။

ခပ်လှမ်းလှမ်းမှာ ငုတ်တုတ်၊ ဆောင့်ကြောင့်၊ မတ်တတ်၊ စောင်း…န်းလုပ်၍ လူမည်းကြီး သူ့ကို မသင်္ကာသလို ကြည့်နေကြ၏။

အနီးမှာ ခွေးများမရှိမှ သူက သူ့အချစ်တော်ကလေးများကို အစောက သီချင်းဖြစ်သည့် အန္တရာယ်ကင်းသီချင်းကို ဆက်ဟစ်လေ၏။

"ဩောင်း ××× နမော ××× သံဃာ ××× နဘာဝေန ×××"

"ဂိန် ... ဂိန် ... ဂိန် ..."

"အူ ... ဝူ ... ဝူ ... ဝူ ..."

"အိန် ... အိန် ... အိန် ... အိန် ..."

"ဂိန် ... ဂိန် ... ဂိန် ... ဂိန် ..."

ဘုရားရေ ... ခပ်လှမ်းလှမ်းမှာ ရောက်နေသော ခွေးအုပ်သည် ကပ္ပလီ ချက်စူ ပုစွန်မျက်လုံးကြီး သီချင်းဆိုလိုက်သည်နှင့် နောက်ခံ…လုံး တီးလိုက်သကဲ့သို့ သံပြိုင်မျိုးစုံ အူကြ၊ ဟောင်ကြလေရကား ..

သူ့ကိုများ မကောင်းဆိုးဝါးအဖြစ် မြင်နေကြရော့သလား ...

သည်လူကြီးကို အရပ်ခွေးများ အလိုမရှိကြ၍လား ...



www.burmeseclassic.com

www.burmeseclassic.com



သည်လို သူသီချင်းဆိုလိုက်တိုင်း ခွေးတွေ ဆူညံစွာ ဝိုင်းအူကြသောအခါ အိမ်နီးနားချင်းများကပါ ဘယ်လိုဖြစ်ပါလိမ့်ဆိုပြီး အသီးသီး ထွက်၍ ကြည့်ကုန်ကြလေ၏။

ဦးကပ္ပလီပုစွန်မျက်လုံးသည် ကျွန်ုပ်ကို မေ့သွားလေပြီ။ သူ့မျက်နှာမှာ ဒေါပွရောင်သန်းနေ၏။

သူ့အား စိမ်းကားရက်စက် အနှောင့်အယှက်ပေးနေသော ခွေးအုပ်ကို စိုက်ကြည့်ပြီး ရှက်လည်း ရှက်နေ၏။

ရှက်မပေါ့ ...။

အရပ်ဝန်းကျင် လူကြီး၊ မိန်းမ၊ လူရွယ်၊ ကလေးများကပါ သူ့ကို ကြည့်ပြီး လှောင်ရယ်၊ ပြောင်ရယ် ရယ်နေကြပြီကိုး။

''ဟော့ကောင်တွေ ...''

''ဝုတ် ... ဝုတ် ...''

''ဝုတ် ... ဝုတ် ...''

''ဟား ... ဟား ... ဟား ... ပြန်ထူးသဟ''

သူက ခွေးများကို ကြည့်၍ လက်ညှိုးထိုးအော်တော့ ခွေးများက ဝုတ်ဝုတ်ဟု ပြန်ထူးကြ၏။

''ငါ ကလေးတွေကို သီချင်းဆိုပြမလို့။ မင်းတို့ မတိတ်ဘူးလားကွ ဟေ''

''အူ ... ဝူ ... ဝူး ... ဝူး ...''

''အိန် ... အိန် ... အိန် ...''

''ဟား ... ဟား ... ဟား ... ဟား ...''

''ဘယ်လိုအရူးလဲ မသိပါဘူးကွာ''

''ဘကြီးမည်း ... ဆိုသာဆိုပါဗျ။ ထမင်းဆာလှပြီ။ ကြာတယ်''

''မင်းတို့ ခွေးတိရစ္ဆာန်တွေ ခုထွက်သွားကြ''

ဘယ်လိုပြောပြော ခွေးအုပ်ကား လှည့်မသွား။ သူ့လူပ်ရှားမှုကို ကြည့်ပြီး ဟောင်ကြ၊ အူကြပြန်၏။

စိတ်ကူးသစ်စာပေ



သည်မှာ ဦးကပ္ပလီ ပုစွန်မျက်လုံး ဗိုက်ချက်စူကြီးသည် ကြေးစည်ကို သုံးချက်ရိုက်လိုက်ပြီး မြေကြီးကို ဖနောင့်နှင့် သုံးချက်ပေါက်လိုက်သောအခါ ခွေးများ လန့်၍ နောက်သို့ အနည်းငယ်ဆုတ်ပြီး နားရွက်ထောင်၍ ကြည့်နေကြသည်ကို ကျွန်ုပ်တို့ မြင်လိုက်ရ၏။

ပြီးနောက် သူက ဆက်၍ပြောလေ၏။

''ဟိုဘဝက အကုသိုလ်များလို့ ဒီဘဝမှာ ခွေးအဟိတ်တိရစ္ဆာန် ဖြစ်တဲ့ကောင်တွေ။ မင်းတို့ တစ်ကောင်မှ အသံလုံးဝမထွက်နဲ့။ အသံထွက်ရင် ခွေး ဒီနေ့ မီးကင်စားပစ်မယ်။ တိတ် ... တိတ် ... တိတ် ...''

လူမည်းချက်စူကြီးက ခွေးအုပ်ကို လက်ညှိုးငေါက်ငေါက်ထိုး၍ အမိန့်ပေးသလို ပြောလိုက်ပြီး မြေကြီးကို ဖနောင့်နှင့် သုံးချက်ပေါက်လိုက်သောအခါ ...

ခွေးများသည် အူကြောင်ကြောင် မျက်လုံးများဖြင့် ရပ်၍ကြည့်နေကြသည်ကို ကျွန်ုပ်တို့ စိတ်ဝင်စားဖွယ် မြင်ကြရလေ၏။

''ကိုင်း ... ချစ်လှစွာသော လူကြီးမင်းလောင်း ကလေးအပေါင်းတို့ ... အလင်္ကာကျော်စွာ ရွှေမန်းဦးတင်ပေါင်ရဲ့ ကားဆွဲကြီးသီချင်း နည်းနည်းဟစ်မယ်ဗျား။ ဩဘာလက်ခုပ် ပေးကြပါခင်ဗျာ''

''ဝေး ... ဟေး ... ဟေး ... ဟေး ...''

''ရှီး ... ရှီ ...''

''ဖြောင်း ... ဖြောင်း ... ဖြောင်း ...''

''ဩြောင်း ××× နမော ××× ဗုဒ္ဓါ ××× နုဘာဝေန ×××
ဩြောင်း ××× နမော ××× ဓမ္မာ ××× နုဘာဝေန ×××
ဩြောင်း ××× နမော ××× သံဃာ ××× နုဘာဝေန ×××
ဘုရားတေဇာတော် ××× ဂုဏ်ရည်မျှော်ကာ ×××
ဘေးရန်မသန်း ××× နန်းရွှေရိပ်ကိုလှူ ×××''
လူမည်းသလောက် ...
အရုပ်ဆိုးအကျည်းတန် သရဲတစ္ဆေရုပ်ပေါက်နေသလောက် ...
အသံက လွန်စွာ နားထောင်၍ ကောင်းပေစွ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မကောင်းသောရန်သူ ××× အထူးနှိမ်နင်းလို့ ×××

ယခုအိမ်အတွင်းမှာတော့ ××× ဘေးကင်းမည်ယုံ ×××

မကောင်းသောရန်သူ ××× အထူးနှိမ်နင်းလို့ ×××

ယခုအိမ်အတွင်းမှာတော့ ××× ဘေးကင်းမည်ယုံ ×××"

အလို . . . အံ့စရာ ကောင်းလှချေကလား။ ခပ်လှမ်းလှမ်းရှိ စော င်းငင်းခွေးအုပ်သည် တစ်ကောင်မှမဟောင်တော့ဘဲ ဦးကပ္ပလီဗိုက်ချ ကြီးရဲ့ သီချင်းသံကို အသံတိတ်၊ မျက်လုံးဖွင့်၍ နားထောင်နေသလို ရှိ ကား ကျွန်ုပ် ဂမ္ဘီရစာရေးဆရာအဖို့ ပိုပြီး စိတ်ဝင်စားစရာ ဖြစ်နေလေ

"ဂုဏ်တော်ကိုးပါး ××× ထင်ရှားပါတဲ့ ×××

ဘုရား ××× မြတ် ××× တေဇာဟုန် ×××

သိကြား ××× နတ် ××× ဒေဝါစုံ ××× တကယ်ပင် ×××

ကူညီဝိုင်းလို့ ××× မှိုင်းမစေကုန် ××× မှိုင်းမစေကုန် ×××

စည်းစိမ်ဥစ္စာ ××× ထင်ရှားစွာပ ××× အမြန်တည်လာပုံ ×××

ကြံစည်တာအကုန် ××× အောင်ကြမှာမလွဲဘူး ×××

ကေန်ယုံ ××× ရွှေကြာ ××× ပန်းအဖူးသို့ငုံ ×××

အဝေယျာ ××× မသန်းဘူးလို့ယုံ ×××

ရွှေကြာ ××× ပန်းအဖူးသို့ငုံ ×××

အဝေယျာ ××× မသန်းဘူးလို့ယုံ ×××

စိတ်ရွှေယျာ ××× ဘုရားကိုတဲ့ ××× ညွှတ်တွားကာသာခိုလှုံ ×××

ကျန်းမာ ××× ချမ်းသာ ××× ဘယာတကယ်ဝေးလို့ ×××

ကာကွယ်ရေးနဲ့ ××× ဘေးကင်းမယ်သာယုံ ×××

မကောင်းသောသူတွေ ××× အကုန် ××× များအဖုံဖုံ ×××

ဩောင်း ××× နမော ×××

ဒူဝေ ××× ဒူဝေ ××× သွားဟုန်ဟုန် ×××"

"နောင် . . . ဝေ . . . ဝေ . . ."

"နောင် . . . ဝေ . . . ဝေ . . ."





သည်မှာ လူကြီးက သီချင်းအချမှာ လက်ထဲက ကြေးစည်ကို သုံးချက် ထုလိုက်သောအခါ . . .

စောစောတုန်းက ရန်လိုနှောင့်ယှက်နေသော အရုပ်ခွေးအုပ် . .

အခု အသံလုံးဝမထွက်ဘဲ ငေးကြည့်နေသော ရောင်စုံခွေးအုပ်–

အနီ အထိုထိုခွေးအုပ်သည် . . .

ဩောင်း . . . နမော ဒူဝေ သွားဟုန်ဟုန်နှင့် ကြေးစည်သံကြား လိုက်ရသောအခါ . . .

ကျောကုန်းကို ကြိမ်နှင့် လိုမ့်အရိုက်ခံရသကဲ့သို့ စူးရှနာကျင်စွာ အော်ပြီး ဖုန်ထအောင် ကဆုန်ချ၍ ပြေးကြသည်ကို ကြည့်နေသူအားလုံး မျက်ဝါးထင်ထင် မြင်လိုက်ရပြီး လူထူးဆန်း ကျောပြောင် ဦးကပ္ပလီကြီးကို အံ့သြကြရလေသည်။

"ကိုင်း . . . ကလေးတို့၊ လူကြီးတို့ . . . ဘုရား၊ တရား၊ သံဃာ ရှိသေလေးစားကြ။ ဘုရားဖက်ရင် အသက်ရှည်၊ တရားဖက်ရင် အမျက်ပြေ၊ သံဃာဖက်ရင် အခက်ဝေသကွယ့်။ အိပ်ရာဝင်၊ အိပ်ရာထ ဦးခိုက်ကြ။ ကိုင်း . . . သွားကြ . . . သွားကြ။ နောင် . . ဆိုတော့မှ ဘဘကြီး ပွမ်ပွမ်မြည် တဲ့ကားလေးတို့၊ ကော်ဖီဆိုရင် ခါးခါးသောက်ပစ်မယ်တို့ ဆိုပြမယ်။ သွားကြ လူလိမ္မာ၊ အမျိုးကောင်းသား ချစ်သား၊ ချစ်သမီး၊ ချစ်မြေးလေးတို့ရေ . . တာ့တာ"

"တာ့တာ . . . ဘကြီးမည်း"

"ဘိုင့်ဘိုင်ခင်ဗျား"

သည်မှာ လပွတ္တာကျော်ဦးဆိုသူ ဖေ့းက ဝင်၍မေး၏။

"ဘကြီးမည်း . . ."

"ဘာတုံးခင်ဗျာ"

"အရက်ကို ကြိုက်လို့သောက်တဲ့လူ သီချင်းရော ရလားဗျ"

"စိတ်ညစ်တဲ့အရက်မူးသမား သီချင်းမဟုတ်လား။ စိန်ဝင်းထွန်း ဆိုတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ရက်စ် ... ရက်စ် ... ဘကြီးမည်းက မော်ဒန်ဘကြီးမည်းပဲကိုး ဗျ ... အဟတ် ..."

"အဟဲ ... ဟဲ ... ဟဲ ..."

"နက်ဖြန် ဆိုပြပါဗျာ ... နော။ တစ်ပိုင်းတိုက်မယ်လေဗျာ"

"အိုကေ ... မင်းတို့ မနက်ဖြန် ဆွမ်းလောင်းမွှာရုံရှေ့က စောင့်နေကြ။ အကုန်ဆိုပြမယ်"

"စိတ်ချပါရစေနော် ... ဘကြီးမည်း"

"စိတ်ချ ... လိပ်အကန့်ပါ ဖြေဖျော်ပေးမဟေ့။ သွားကြဟ .. အကောင်းစားလေးတို့ရ"

သို့ကလို အားလုံး ပြောဆိုပြီးနောက် ကလေးအုပ်၊ လူအုပ် ပြန်အသွားမှာ ကျွန်ုပ်ခြံထဲသို့ လှမ်းကြည့်ပြီး အော်ပြန်လေ၏။

"မောင်မှိုင်း ... ဟေ့ ... မောင်မှိုင်း ..."

"ဘကြီးခင်ဗျား"

"မောင်မှိုင်းအိမ် ဒီအိမ်မဟုတ်လားဟေ့"

"မောင်မှိုင်းက ကျွန်တော်ပဲ ... ဘကြီးရ"

"အိမ်း ... ထင်သားပဲ"

"ဘကြီးက ကျွန်တော့်ကို သိလို့လား"

"သိတာပေါ့ကွ။ မင်းက စာရေးဆရာ၊ စာရေးဆရာမှ ဂမ္ဘီရတွေ ရေးနေတဲ့ကောင် ဥစ္စာ"

"ခု ဘကြီး ဘာကိစ္စနဲ့ ရောက်လာတာလဲ"

"မင်းပဲ ငါနဲ့ ရင်းနှီးချင်တယ်ဆို"

"ဗျာ ..."

ကျွန်ုပ် အံ့သြရချေပြီ။ သူနှင့် ရင်းနှီးချင်သည်ဆိုသည့်စကား သူ့အား တစ်ခါမျှ ကျွန်ုပ်မပြောဖူး။ မနေ့တုန်းက စျေးမှာကြုံ၍ စိတ်ကူးလိုက်ခြင်းသာဖြစ်၏။

ကြည့်စမ်း ...

**စိတ်ကူးသစ်စာပေ**



ကျွန်ုပ်စိတ်ကူးကို သူသိနေပါကလား။ ဘယ်လိုလုပ် သိနေပါလိမ့်။

တယ်လီပသီခေါ် စိတ်ချင်းဆက်သွယ် ခံစားမှုကြောင့်များလား။

"ဘကြီး ..."

"ဝေလကွာ ..."

"ဘကြီး ... ကျွန်တော် ရင်းနှီးချင်တာကို ဘယ်လိုလုပ် သိနေသလဲဟင်"

"လွယ်ပါတယ် ... ငါ့သားရာ။ မင်းက ဂမ္ဘီရစာရေးဆရာ။ ထူးထူးဆန်းဆန်းဆို စိတ်ဝင်စားတယ်လို့ ကြားဖူးလို့ ထူးထူးဆန်းဆန်းများ ပြောချင်၊ ပြချင်လို့ လာခဲ့တာပေါ့ကွ"

"ကိုင်း ... ဘကြီး ... အိမ်ပေါ်ကို ကြွပါခင်ဗျာ"

"ငါ့သားရာ ... ထမင်းအရင်ကျွေးပါလားကွာ ... ဟင် ..."

"ဘကြီး ... ဆာနေလို့လား"

"အိမ်း ..."

"ဟင်းတော့ မကောင်းဘူးနော် ... ဘကြီး"

"အို ... ခုနေ ကန်စွန်းရွက်ချဉ်ရည်ဟင်းနဲ့ ငါးပိထောင်းစပ်စပ်လေးစားရရင် လေးပန်းကန် ကုန်နိုင်ပါ့ကွာ"

"ဗျာ ..."

"ဟကောင် ... ဘာတွေအံ့သြပြီး ... ဗျာ ... ဗျာ ... နေရသတုံးဟ"

"ဘကြီး ..."

"ပြောလေဟ"

"ဘကြီး ... အကုန်သိနေတာပဲလားဟင်"

"ဟေ ... ဘာ ... ဘာကိုပြောတာတုံးလကွ ... ငါ့သားရ"

"ကျွန်တော်တို့အိမ်မှာ ဒီနေ့ ကန်စွန်းရွက်ချဉ်ရည်ဟင်းနဲ့ ပုစွန်ငါးပိထောင်း လုပ်ထားလို့ဗျ"

**စိတ်ကူးသစ်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်လား ...ဟား ...ဟား ...ဟား ...ဟား ... အဟုတ် ...အဟုတ် ....အဟုတ် ...ငါ့အတွေးဆန္ဒနဲ့ မင်းတို့ရဲ့ အခြေအနေ အံကိုက်လိုက်လေကွာ။ ကိုင်း ...ကျေးကွာ။ ပြီးရင် မင်းအတွက် ငါ ဇာတ်လမ်းကောင်းတစ်ပုဒ် ပေးခဲ့မကွ''

သည်လိုနှင့် လူမည်းဗိုက်ရွဲကြီး ကျွန်ုပ်အိမ်ပေါ်သို့ ရောက်လာ၏။ ခေါင်းရင်းမှာ ကျကျနနထိုင်၏။ ထိုင်လိုက်သော် သူ့ဝမ်းဗိုက်မည်းမည်း ချက်စူကြီးက ပေါင်နှစ်ဖက်ကြားမှာ ဝပ်၍ တွဲကျနေလေ၏။

ကျွန်ုပ်က အိမ်ရှင်မကို ညှိသည်အတွက် ထမင်းပြင်ရန် ပြောလိုက်၏။ အိမ်ရှင်မ မဦးသည် အကျီလည်းမပါ၊ ပုဆိုးအောက်နားကွဲနှင့် မျက်လုံးပြူးမျက်ဆံပြူး သပိတ်ရောင်လက်သောအသားအရေနှင့် ကြေးစည်ပုံတစ်လက်သာပါသည့် ပုံမကျပန်းမကျလူကြီးကို ကြည့်ပြီး ရယ်ချင်နေလေ၏။

မဦးအဖို့ ဒါမျိုးတွေ ရိုးနေပါပြီ။

သူမရဲ့ယောက်ျား ဂမ္ဘီရစာရေးဆရာသည် အရူးလိုလို၊ ဘာလိုလို ပုံမကျပန်းမကျများကို မကြာခဏ အိမ်ခေါ်လာလေ့ရှိပြီး ...

ရှိသမျှ ချကျွေး ...

ထူးထူးဆန်းဆန်းများမေး ...

ပြီး ...စာရေးလေ့ရှိသည်ကို သိနေ၍ စကားထွေထွေထူးထူး ပြန်မပြောတော့။

ချက်ချင်း ထမင်းဝိုင်းကို ပြင်လိုက်၏။

ထမင်းစားခုံပေါ်မှာ ကန်စွန်းရွက်ချဉ်ရည်ဟင်းနှင့် ငါးပိထောင်း။

''ဘကြီး ...''

''ဝေ ...''

''စားလို့ရပြီခင်ဗျ''

''ကြိတ်ရတာပေါ့ကွာ''





လူမည်းချက်စူကြီးသည် ရေဇလုံမှာ လက်ဆေး၍ ထမင်းပုံပေါ် ချဉ်ရည်ဟင်းဆမ်းလိုက်၊ ငပိထောင်းကို မြှုပ်လိုက်၊ ငရုတ်သီးစိမ်းတောင့်ကို ကိုက်လိုက်နှင့် အားရပါးရ တွယ်လေ၏။

စကားတစ်လုံးမှမပြော။

တစ်ပန်းကန်ကုန်သော် နောက်တစ်ပန်းကန် ထည့်၏။

မိုးမျှော်ငရုတ်သီး အတောင့်သုံးဆယ်ခန့်ကုန်သော် 'ရှိသေးလား' ဟု လက်ညှိုးထိုး၏။ မိန်းမက ရွံ့၍ ငရုတ်သီးတောင့် တစ်ပန်းကန်မောက်မောက် ထပ်ချပေး၏။

သည်မှာ သူက ငရုတ်သီးစိမ်းတောင့်များကို ဝမ်းသာအားရ လက်နှင့်ဆုပ်ပြီး ပဲလှော်ဝါးစားသလို ဝါးစားပြရကား ကျွန်ုပ်ရော၊ ဇနီးသည် မဦးပါ မျက်လုံးပြူးသွားရလေ၏။

ကျွန်ုပ်တို့ သုံးလေးတောင့်မျှသာ တို့ရဲသည့် မိုးမျှော်ငရုတ်သီးစိမ်းများကို ပဲလှော်ဝါးသလို ဆုပ်၍ဆုပ်၍ ဝါးနေရကား ထမင်းလေးပန်းကန်အပြောင်မှာ ငရုတ်သီးစိမ်းပန်းကန်ကြီးလည်း အကုန်ပြောင်သွားလေ၏။

''ရေသောက်မလား ...ဘကြီး''

''နိုး ...''

''မစပ်ဘူးလားဟင်''

''နိုး ...''

''ထမင်းကော ယူဦးမလားခင်ဗျ''

''နိုး ...''

သူကား ဘာမေးမေး၊ ပြောပြော 'နိုး' (No) တစ်လုံးပဲပြောပြီး ခွေးသီးများကို ခါးပုံစနှင့်သုတ်၍ ခေါင်းရင်းမှာ သွားပြန်ထိုင်လေ၏။

''ဘကြီး ...''

''ဝေ ...''

''ဘကြီးအမည် ဘယ်လိုခေါ်သလဲဟင်''

''နာမည်က ပညတ်ပါကွာ။ မတည်မြဲပါဘူး။ ပရမတ္ထမှ မြဲမြံတာဥစ္စာ''



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီပညတ်ပဲ အရင်သိချင်တယ်ဗျာ။ နာမည် ဘယ်လိုခေါ်ပါသလဲ"

"အချို့က ငါ့ကို ဦးမည်းတူတဲ့"

"ဟုတ်လို့လား"

"အချို့က ဦးကပ္ပလီတဲ့"

"ဖြစ်နိုင်တာကို ... ဘကြီးရ"

"ငါက အဲဒီလောက်မည်းလို့လားကွ ... မောင်မှိုင်းရ"

"ရေနွေးနဲ့ပြုတ်ပြီး အရေခွံကို ခွာရင်တောင် ဖြူမယ်မထင်ဘူး"

"ဟား ... ဟား ... ဟား ... ဟား ... တယ်ဆိုတဲ့စာပဲကိုး။ အကယ်လို့များ တစ်ကိုယ်လုံးကို ထုံးသုတ်လိုက်ရင်ကောကွာ"

"ထုံးပါမည်းမှာပဲဗျ"

"ဟား ... ဟား ... ဟား ... ဟား ... မှန်လိုက်လေကွာ။ တစ်ခါများ ဖြူမလားဆိုပြီး တစ်ကိုယ်လုံး ထုံးသုတ်ကြည့်ဖူးသကွ"

"အဆင်ပြေရဲ့လားခင်ဗျ"

"မင်းပြောသလိုပဲ ထုံးပါ မည်းသွားတယ်ကွာ။ ဟား ... ဟား ဟား ..."

"ဘကြီးနာမည်အမှန်ကို ပြောပါဦးဗျ"

"ငါ့နာမည်အရင်းက ဦးမဟူရာစိန်တဲ့ကွ"

"မဟူရာစိန် ..."

"အေးကွ ... မွေးကတည်းက မည်းပြီး အရောင်လက်လို့ လက်သည်ဒေါ်ခြောက်စောင်းက မှတ်မှတ်ရရပေးခဲ့တဲ့ နာမည်ကွ။ ကိုင်း ... မောင်မှိုင်းရေ ... ငါလာတာ အကြောင်းရှိသကွ"

"ဆိုပါ ... ဘကြီး။ ဘာကူညီပေးရမလဲခင်ဗျ"

"မင်း မဖူးညွန့်ဆိုသူကို သိလားကွ"

"အဲဒါ ကျွန်တော့်အစ်မဝမ်းကွဲပဲ ... ဘကြီးရ"

"အိမ်း ... ဟန်လိုက်လေကွာ"

---

**စိတ်ကူးသစ်စာပေ**



"သူ့ခြံနိုက်လို့ ရတဲ့ဈေးနဲ့ ရောင်းမယ်ဆိုတာရော ... ဟုတ်လားကွ"

"ဟုတ်တယ် ... ဘကြီးရ"

"ဘယ်လိုခိုက်လို့တုံး ... ပြောပါဦး"

"ဒီလို ဘကြီးရေ ..."

✿ ✿ ✿

|၃|

❑

ကျွန်ုပ်အစ်မဝမ်းကွဲ မဖူးညွန့်သည် ပေါချောင်ကောင်းဈေးနှင့် ခြံတစ်ကွက်ကို ဝယ်လိုက်၏။ ပြီး ... တောင်ယာစိုက်၏။ ဘယ်လိုစိုက်စိုက် ဘာပင်မှ ၎င်းမြေပေါ်မှာ မရှင်သန်။

အားလုံး ညှိုးခြောက်၍ သေကုန်၏။

ရေဝအောင်လောင်းသော ပျိုး သုံးခုကို မရှင်။

သို့နှင့် နို့စားနွားမများဝယ်၍ မွေးပြန်၏။ ခြံကြီးနှင့်မွေး၍ အလွန်နို့ထွက်ကောင်းသည့် နို့စားနွားမ အပိုးတန်များဖြစ်၏။

ထူးဆန်းသည်ကား ...

သည်ခြံကို ရောက်သည့်အချိန်ကစ၍ နို့စားနွားမများ နို့လုံးဝမထွက်။ ညဘက် လန့်၍ အသံကုန်အော်ကြလေ၏။

သို့နှင့် ...

---

[illegible]

www.burmeseclassic.com

www.burmeseclassic.com



အဖိုးတန်ဈေးကြီးနွားမများကို လျှော့ဈေးနှင့် ရောင်းထုတ်ပစ်ရလေ၏။ သူများလက်ထဲ ရောက်သောအခါ ၎င်းနွားမများသည် နို့ထွက်ကောင်းကြလေ၏။

၎င်းနောက် ...

ဥစားကြက်များ ပြောင်းမွေးပြန်၏။ ကြက်ကောင်ရေငါးထောင်ခန့် မွေး၏။

သည်အခါတော့ ကြက်များ ဥဥကြလေ၏။ သို့သော် ကြက်ဥများ ရောင်းစားလို့မရ။ သွားကောက်လျှင် အားလုံး ကွဲကြေနေ၏။

သို့နှင့် မြေခိုက်သည်၊ မြေဆိုးသည်၊ ခြံမသန့်ရှင်းဟုထင်၍ ပယောဂဆရာများဖြင့် မြေသန့်အောင်စီရင်လည်း ဘယ်လိုမှ အကျိုးမထူး။

သည်တော့မှ ၎င်းမြေရာဇဝင်ကို စုံစမ်းကြည့်ကြရ၏။ အစ်မဖူးညွန့်တို့ ခြံဝန်းကျင်မှာ ရှေးဟောင်းဘုရားပျက်များ ရှိနေ၏။

အချို့ မြေပေါ်မှာ ငုတ်တိုဖြစ်နေ၏။ အချို့ ချုံများထဲမှာ နွယ်ချုံများ မျိုနေ၊ အုပ်နေ၏။

နားလည်သူများက ဤနေရာသည် ဟိုးလွန်ခဲ့သည့်နှစ်ပေါင်းများစွာ ပါဒမင်း၊ သန်လျင်မင်းတို့ ကောင်းမှုတော်ဘုရားနယ်မြေဟု ဆိုကြ၏။

အနီးဝန်းကျင်မှာ အိမ်အချို့ ရှိကြသည်။ ခြံကြီးဝင်းကြီးများရယ်။

ခိုက်နေသည်က အစ်မတို့ခြံဝင်းဖြစ်၏။

အရင်နေသွားကြသူများလည်း စီးပွားပျက်ကုန်သည်ဟု သိရ၏။ ညဘက်ရောက်လျှင် ကလေးများ လန့်လန့်အော်၍ နောက်ဆုံး မနေရဲဘဲ ရသည့်ဈေးနှင့် ရောင်းပြေးကြ၏။

အချို့ကတော့ သရဲခြောက်သည်ဟု ဆိုကြ၏။

တစ်ဦးသောသူကမူ ညအိပ်လျှင် အိမ်တိုင်ကို လှုပ်နေသည်ဟု ဆိုပြန်၏။ လေလှုပ်တာလား၊ လေတိုက်လို့လားဟုမေးတော့ ဘာမှန်းကို မသိဘူး။ ညတိုင်းလိုလို လှုပ်နေလို့ မနေရဲတာနဲ့ ရောင်းပြေးကြသည်ဟု ဆို၏။





နောက်ဆုံး ကျွန်တော့်အစ်မလည်း ရင်းသမျှ စီးပွားပျက်၍ ၎င်းနေရာကို သည်အတိုင်းထားပြီး အခြားစီးပွားရေးလုပ်ငန်း အခြားနေရာမှာ ပြောင်းလုပ်ရင်း အရှိန်ယူနေရလေ၏။

"သည်မြေကို သူရောင်းမှာဆိုကွ"

"ရောင်းမယ်လို့ ပြောတာပဲ"

"ခု ... သူတို့ စီးပွားရေးအခြေအနေရော"

"လုံးပါးပါးနေတာပေါ့ ... ဘကြီးရာ"

"ဒီမှာ ... မောင်မှိုင်းရဲ့၊ ငါ အဲဒီအရပ်မှာ ကိုးတောင်ပြည့်စေတီ တည်ချင်လို့ မြေလိုနေတယ်ကွ။ အဲဒါ အဲဒီမြေကို မင်းအစ်မလှူနိုင်ပါ့မလား။ သူလည်း ကုသိုလ်ရတာပေါ့ကွာ"

"သူက ရင်းစားလေးပြန်လိုချင်နေတာ ... ဘကြီးရ"

"ရောင်းရော ဝယ်သူရှိလို့လား"

"ဝယ်သူတော့ မရှိဘူး"

"မင်းအစ်မကို ပြောကွာ။ ဘကြီး အဲဒီမြေကို စူးစမ်းလေ့လာကြည့်ချင်တယ်။ နေဖို့မထိုက်တာ စစ်မှန်ရင် ဘုရားတည်ဖို့ လှူပါ။ နေဖို့ထိုက်တန်ရင် ရောင်းလို့ရအောင် အဘလုပ်ပေးမယ်လို့"

"အဘက တကယ်လုပ်ပေးနိုင်လို့လား"

"အဓိဋ္ဌာန်နဲ့ စမ်းကြည့်ကြတာပေါ့ကွာ။ ဒီအရပ်ဒေသ ရောက်တုန်းရောက်ခိုက် သူရော၊ ကိုယ်ရော အကျိုးရှိတာလေး ပူးပေါင်းလုပ်ရင်း အမှတ်တရ ရှိစေချင်လို့ပါ"

သို့နှင့် ...

လှမည်း ဖိုက်ရွှဲကြီး ဦးမဟူရာစိန်ခေါ် လူထူးကြီးနှင့် ကျွန်ုပ်တို့သည် အစ်မဝမ်းကွဲ မဖူးညွန့်အိမ်ရှိရာသို့ ရောက်ခဲ့၏။

ရောက်သော် ဘကြီးမဟူရာစိန်က သူ့ရည်ရွယ်ချက်ကို ပြောပြ၏။

"သမီးတို့ကတော့ ရောင်းလို့ရရင် ရောင်းချင်တာပေါ့ ... အဘရဲ့"



www.burmeseclassic.com

www.burmeseclassic.com



''အေး . . . ရောင်းလို့ ရ၊ မရ အဘအဓိဋ္ဌာန်ဝင်ပြီး စစ်ကြည့်မယ်ကွာ။ ရရင် ရောင်းပေါ့။ မရရင် ဘုရားတည်မယ်ကွာ။ ဘုရားတည်ဖို့ အငွေစိုက်ပြီး ဖန်တီးမယ်။ သမီးလည်း ဘုရားဒကာ ဖြစ်တာပေါ့။ ကံမြင့် စေတနာကောင်းရင် အကျိုးစီးပွားလည်း ပြန်ကောင်းရမှာပေါ့ သမီးရဲ့''

''ဒါဆိုလည်း အဘ နိုင်နိုင်မာမာ သက်သေပြပြီး ရောင်းရ လုပ်ကြည့်လေ။ မရနိုင်တာ ခိုင်မာရင် ဘုရားတည်ဖို့ မြေလှူပါ့မယ်ရှင်''

''သာဓု . . . သာဓု . . . သာဓု . . .။ ငါ့သမီးကြီး တစ်ခုမဟု တစ်ခု အကျိုးရှိအောင် အဘကူညီမကွယ်''

သို့နှင့် . . .

တစ်နေ့သောအခါ ကျွန်ုပ်၊ အဘဦးမဟူရာစိန်နှင့် အစ်မ မဖူးညို တို့မိသားစုသည် လိုအပ်သော ပစ္စည်းကိရိယာများသယ်၍ ကားနှင့် ရ သို့ ရောက်ရှိသွားခဲ့ကြ၏။

ခြံအပြင်မှာ ရောမညောင်ပင်ကြီးတစ်ပင်ရှိ၏။

နတ်ကွန်းအစုတ်လည်း ညောင်ပျဉ်းမျို၍ ပျက်နေ၏။

ခြံကား အချို့နေရာမှာ မြက်ရိုင်းများ ရှိ၏။ ဝါးပင်များရှိ၏။ အစ် တို့ စိုက်ပျိုးမွေးမြူသော နေရာဝန်းကျင် မြေပြင်ကား ဘာပင်မှမရှိ။

အဘဦးမဟူရာစိန်က မြေပြင်ကိုလက်ဝါးနှင့်အုပ်၍ စမ်းကြည့်

ပြီးနောက် . . .

မြေကြီးကို နားနှင့်ကပ်၍ နားထောင်၏။

ပြီးနောက် အဘဦးမဟူရာစိန်က ခြံရှေ့က ညောင်ပင်ကြီးဝန်းကျ ကို တံမြက်စည်းနှင့် သန့်ရှင်းရေးလုပ်၏။

ကျွန်ုပ်တို့မောင်နှမလည်း ဝိုင်းကူညီလုပ်ကိုင်ကြ၏။

ပြီး . . . နတ်စင်လေးကို ရနိုင်သမျှ ပြန်ပြုပြင်ကြ၏။ ပြုပြင်၍ ပြီ သော် အဘဦးမဟူရာစိန်က သောက်တော်ရေချမ်းနှင့် ပန်း၊ သစ်သီးမျာ စင်ပေါ်မှာ တင်၏။ အမွှေးတိုင်၊ ဖယောင်းတိုင် ထွန်း၏။

အားလုံးပြီးသော် စကားတစ်ခွန်းကို ဆိုလေ၏။





''ရက္ခစိုးကြီးခင်ဗျား . . . ဘုရားဟောတရားဓမ္မအရ ညောင်ကြီး ကြီးများမှာ ရက္ခစိုးကြီးများ ဘုံဗိမာန်ပြု၍ မှီတင်းနေထိုင်ကြသည်ဟု သိ သည်။

ဤရွှေညောင်ပင်၌ ရှိနေသော ရက္ခစိုးကြီးအားလည်း ဤသမီးနှင့် ပ်တို့က ယခုအချိန်ကစ၍ ပန်း၊ ရေချမ်း၊ သစ်သီးများ စတင်လှူဒါန်း ိုလ်ကောင်းမှုများ ပြုပါ၏။ အထူးသဖြင့် ဤအရပ်ဒေသ ဝန်းကျင် သည် ချိန်တစ်ခါက စေတီပုထိုး၊ ဘုရားကျောင်းကန် ရှေးမင်းများ ကောင်းမှု မြေဟုလည်း ကြားသိရပါသည်။

ဤသမီးတော်ကြီး လုပ်ကိုင်စားသောက်သည့်ခြံမြေသည် လူ ဗျာန်တို့ နေထိုင်အသက်မွေး၍ ရနိုင်ပါက ရနိုင်သည့်အကြောင်း အထင် ားသိအောင် ကူညီမှိုင်းမပါ။ ဒါမှမဟုတ် ကျွန်ုပ်တို့အားလုံး ရှေးမင်း ကောင်းမှုကို ပြန်လည်အသက်သွင်း ဖော်ထုတ်နိုင်ခွင့် ရပါကလည်း ဘောင်ပြည့်စေတီ တည်လိုပါသည်။ တည်ခွင့်ရအောင် ရက္ခစိုးကြီးက ည်၍ အထင်ကရသက်သေများ ပြနိုင်လျှင်လည်း ပြပါ ရက္ခစိုးကြီး။

ကောင်းမှုကုသိုလ်တိုင်းမှာ ရက္ခစိုးကြီးတို့ အပိုင်အဆိုင်အစောင့် ောက်များရဲ့ ပါရမီပြည့်ဖက် ကုသိုလ်ပဋ္ဌာန်းဆက်များလည်း ပါဝင်တော် ပါခင်ဗျား''

သည့်နောက် အဘဦးမဟူရာစိန်က သူ့ကျောကုန်းပေါ်သို့ ဖြူစင် ပိတ်တဘက်ကို လွှမ်းတင်ပြီး လက်ဝါးထဲမှာ ကလေးငယ်များကစား စက္ကူကိုခေါက်ချိုးသည့် စက္ကူစွန်မြားဦးချွန်ကလေးကို အုပ်ကိုင်ပြီး ဋ္ဌာန်များ ပြုနေပြန်၏။

သည့်နောက် နတ်ဒေဝတာများကို ပင့်ဖိတ်၍ ပရိတ်ကြီးဆယ့် သုတ်မှ မေတ္တသုတ်ကို စတင်ရွတ်ဆိုပြီး မေတ္တာများ ပို့သလေ၏။

ပြီး . . . မဟာဝေဒဗ္ဗမန္တန်တော်ကြီး စတင်၍ ရွတ်လေ၏။

''န ရသ္မိ အန္တရာယောပိ၊

ကာတုံ ဗုဒ္ဓဿ ကေနစိ၊

ဟောတု မေ ဇယမင်္ဂလံ၊



www.burmeseclassic.com

www.burmeseclassic.com



ဟောတု မေ အာယုဝဍ္ဎနံ၊

ဟောတု မေ သုခဝဍ္ဎနံ။

..................

..................

နတ္ထိ မေ သရဏံ အညံ၊

ဗုဒ္ဓေါ မေ သရဏံ အညံ၊

တေံ သရဏံ ဥပေမိ၊

မယိ ကာဠိန ဝိဇ္ဇတိ၊

တေန သစ္စဝဇ္ဇေန၊

ပဝဿန္တု သတ္တရတနာ။

အဘဦးမဟူရာစိန်သည် မဟာဝေဒဗွမန္တန်ကို ရွတ်ပြီးနော[က်] သရဏဂုံသုံးဆယ်ကို ရွတ်ဆိုလေ၏။ ပြီးသော် စိပ်ပုတီးကို အာရုံပြု၍ စိ[...] နေလေ၏။

အချိန်အတန်ကြာ၏။

သစ်ရွက်တို့လေတိုးသံ ကြားရ၏။

ငှက်များအော်သံ ကြားရ၏။

တောက်တဲ့ကိုးကြိမ်အော်သံ ကြားရ၏။

အိမ်မြှောင်စုတ်ထိုးသံ ကြားရ၏။

ဒါနှင့်အတူ ရတနာသုံးပါးကို အာရုံပြုနေသော ကျွန်ုပ်တို့နားထဲ[...] လည်း 'အင်း ... အင်း ...'ဟူသောအသံမျိုး ကြားနေရ၏။ ဒါနှင့်အ[...] ဘုရားစေတီမှ ညောင်ရွက်ခတ်သံမျိုး၊ ခေါင်းလောင်းမြည်သံမျိုးလည်း ကြ[...] ရသလိုရှိ၏။

အနီးဝန်းကျင်မှာ ဘုရားစေတီမရှိ။ အံ့ဖွယ်ပါတကား။

သည်လိုနှင့် ဘမဟူရာစိန်သည် အချိန်တစ်နာရီခန့်ကြာအော[...] ပုတီးစိပ်ပြီးနောက် မေတ္တာပို့ပြန်၏။ ပြီး ... နတ်ဒေဝတာများကို နေ[...] အရပ်သို့ ပြန်ပို့သည့်ဂါထာကို ရွတ်၏။

ပြီးသည်နှင့် လိုင်နေရာမှ ထ၍ ကျွန်ုပ်တို့ကို မေးလေ၏။





''မောင်မှိုင်း ... ဘာထူးခြားသတုံးဟေ့''

''အင်း ... အင်း ... လို့ ခေါင်းညိတ်သလိုအသံမျိုး ကြားရတယ် ဘကြီး''

''ပြီးတော့ရော ...''

''ဘုရားစေတီများက ညောင်ရွက်ခတ်သံမျိုး၊ ခေါင်းလောင်းမြည်သံမျိုးလို နားထဲမှာ ကြားရတယ်ခင်ဗျ''

''ဟိုသမီးရောကွယ့်''

''သမီးလည်း အဲဒါမျိုးကြားရတယ် ... အဘ''

''အင်း ... ကောင်းတဲ့အတိတ်ကောက်ရင် နိမိတ်နောက်မှာ အရောင်လာလိမ့်မယ်ဟေ့''

''ကိုင်း ... သာသနာပြုနိုင်ပါကလည်း ထင်ရှားပါစေ။ လူနေနိုင်ခွင့်ရပါကလည်း ထင်ရှားပါစေဗျား''

သို့ကလိုပြောပြီးနောက် ဘဦးမဟူရာစိန်သည် လက်ထဲမှ စက္ကူစွန်လေးကို လေထဲသို့ မြှောက်ပစ်လိုက်လေ၏။

စက္ကူကတော့ချွန် လေယာဉ်စွန်ရုပ်လေးသည် ခြံဝိုင်းအတွင်းရှိ လေပြင်မှာ စွန်လို၊ လေယာဉ်ငယ်လို ဝဲပျံလှုပ်ရှားပြီးနောက် ကြေးနီရောင်သန်းနေသော မြေကွက်လပ်ပေါ်သို့ ဝပ်ကျသွားလေ၏။

ထူးခြားသည်ကား ...

ကြေးနီရောင် မြေနီကွက်လပ်ပေါ်သို့ ကျသွားသော စက္ကူငှက် စွန်ရုပ်လေးသည် ဘယ်ညာလူးလွန့်နေသည်ကို ထူးဆန်းစွာ မြင်ရ၏။

လေများ ဥဒဟိုတိုက်နေသည့်တိုင် စက္ကူငှက်စွန်လေးသည် ၎င်းနေရာမှ လုံးဝမရွေ့ဘဲ ဘယ်ညာရွေ့နောက် ငှက်ကလေးတစ်ကောင်လူးသလို လူးလွန့်နေသည်ကို ဘမဟူရာစိန်က စိုက်ကြည့်ပြီး ...

''မောင်မှိုင်း ...''

''ခင်ဗျာ ... ဘကြီး''

''ပေါက်တူး၊ ပေါက်ချွန်း သွားယူလိုက်စမ်းဟေ့''

''ဘာလုပ်မလို့လဲ ... အဘ''



www.burmeseclassic.com

www.burmeseclassic.com



“အဲဒီစက္ကူစွန်ငှက် လူးနေတဲ့နေရာကို တူးကြမယ်”

“တူးကြမယ် . . . ဟုတ်လား . . . အဘ”

“အိမ်း . . . မြန်မြန်သွားစမ်းပါကွာ”

ကျွန်ုပ်သည် ဘမဟူရာစိန်ရဲ့ အမိန့်စကားအတိုင်း ကားရှိရာသို့ ပြေးသွားပြီး ပေါက်တူး၊ ဂေါ်ပြားနှင့် ပေါက်ချွန်းတို့ကို ယူလာလိုက်၏။

“တူးမယ်ဟေ့”

“အဘ . . . နေပါ။ ကျွန်တော်လုပ်ပါ့မယ်”

“နှစ်ယောက်လုပ်တော့ မြန်မြန်ပြီးသပေါ့ကွာ။ ဟေ့ . . . သမီး”

“ရှင် . . . အဘ”

“မေတ္တာသုတ် ရလားဟေ့”

“ရတယ် အဘ”

“အဆက်မပြတ် ရွတ်နေစမ်းကွာ”

“ဟုတ်ကဲ့ အဘ”

ကျွန်ုပ်နှင့် ဘမဟူရာစိန်တို့က ကြေးနီရောင်မြေကြီးကို ပေါက်တူး ပေါက်ချွန်းတို့နှင့် ချွေးဒီးဒီးကျအောင် တူးဖော်နေချိန်မှာ အစ်မ မဖူးညွန့်က လက်အုပ်ချီ၍ မေတ္တာသုတ်ကို မှန်မှန်လေးလေး ရွတ်ဆိုနေလေ၏။

နှစ်ဦးစလုံး ချွေးများရွှဲနစ်နေပြီး ငါးပေပတ်လည်ခန့် ကျင်းကြီး လည်း သုံးလေးပေခန့် အနက်ရှိနေပြီ။

“ဘကြီး . . . မောနေပြီဗျ။ မတူးနိုင်တော့ဘူး”

“မောပြီ . . . ဟုတ်လား”

“ဟုတ်တယ် . . .။ လက်တွေ ပေါက်နေပြီ”

“စာရေးဆရာလက်ပေကိုး။ ကိုင်း . . . မင်းနားနေကွာ။ ငါဆက် တူးမယ်”

“ဘာတွေ့မှာမို့လို့ ဒီလောက် အပင်ပန်းခံနေရတာလဲဗျာ”

“တွေ့ချင်ရာ တွေ့ပေါ့ကွာ။ ငါတို့နဲ့ထိုက်တာ တွေ့ရင် တွေ့ရမှာ ပေါ့။ ကိုင်း . . .”





ဘဦးမဟူရာစိန်သည် ဇိုက်ရွဲကြီးနှင့် မလိုက်အောင် သန်မာလှ၏။ နေရောင်အောက်မှာ သူ့သပိတ်ရောင်အသားအရေသည် စိန်လက်သလို သင်းလက်ပြောင်နေ၏။

ခုမှပဲ မဟူရာစိန်ရောင်ပေါက်နေမှန်း သိရ၏။

“ဒုတ် . . .”

“အလဲ့ . . .”

“ဘာလဲဗျ . . . ဘကြီး”

“မာကျောကျောပစ္စည်းကွ”

“ထန် . . .”

“အံမယ် . . . မီးပါပွင့်သဟ။ သံတုံးလား၊ ကျောက်တုံးလားပဲ”

“ကျွန်တော် တူးရမလား”

“နေပါစေ . . . စာရေးဆရာရာ။ တော်ကြာ စာမရေးနိုင့်ရင် မင်း မိန်းမက ငါ့ကို မေတ္တာပို့နေပါ့မယ် . . . မောင်ရာ။ အအေးလေးသောက်ပြီး နားပါ”

ကျွန်ုပ် ဂမ္ဘီရစာရေးဆရာသည် ဂမ္ဘီရဆန်သောလူကြီးနှင့် ပေါင်းမိ၍ လက်များပေါက်ကာ သွေးစို့နေပြီ။ သို့နှင့် သစ်ပင်ရိပ်မှာထိုင်ပြီး အချိုရည်ဘူး ဖွင့်၍သောက်ရင်း လှမ်းလှမ်းကြည့်နေမိ၏။

အစ်မဖူးညွန့်ကလည်း မေတ္တာသုတ်ကို ရွတ်နေ၏။ သည်မှာ လေပွေ များ တိုက်လာတော့၏။

ဖုန်နှင့်အမှိုက်များ ကျွန်ုပ်တို့ဝန်းကျင်မှာ အုပ်သွား၍ မျက်စိများကို မှိတ်ထားရ၏။

လေပွေနှင့်အတူ လေပြင်းများ ရုတ်ခြည်းကျလာပြီး ညောင်ပင်ကြီး အပါအဝင် ဝါးရုံများ တဝုန်းဝုန်း ဖြစ်နေ၏။

ဖုန်လုံးများ၊ သစ်ရွက်များကြောင့် တစ်ယောက်ကိုတစ်ယောက် မမြင်ကြရ။ အစ်မဖူးညွန့်ရဲ့ မေတ္တာသုတ်ရွတ်သံ ရပ်သွား၏။

“သမီး . . . ဆက်ရွတ် . . . ဆက်ရွတ် . . .”



www.burmeseclassic.com

www.burmeseclassic.com



"ယသာ နုဘာဝါတော ယက္ခာ
နေဝ ဒဿန္တိ ဘီသနံ . . ."

"ထန် . . ."

"ချွင် . . ."

"ဒုတ် . . . ဒုတ် . . ."

"ပေါ်လာပြီဟေ့"

"ဘာပေါ်လာတာလဲ . . . အဘ။ ရွှေအိုးလားဗျို့"

"လာကြည့်ကြဟေ့"

လေပွေလေပြင်းများ ရပ်ဆိုင်းသွားပြီမို့ အားလုံးကို အထင်အရှား မြင်ကြရပြီ။ ကျွန်ုပ်နှင့် အစ်မဖူးညွန့်တို့ အဘခေါ်သံရှိရာ မြေကြီးကျင်းကို ငုံ့ကြည့်လိုက်သောအခါ . . .

"ဟာ . . ."

"ဟင် . . ."

"ဒါ . . . ဒါ . . . ဘာလဲဟင် . . . ဘကြီး။ ဒါ . . ဘာရုပ်တုလဲ"

"ဘီလူးရုပ်တု"

"ဗျာ . . . ဘီလူးရုပ်တု"

"ဟုတ်တယ် . . . အဲဒါ ဂဝံဘီလူးရုပ်တုပဲ"

သေသေချာချာ ကြည့်လိုက်သောအခါ ကျောက်တင်းပုတ်ကြီးကို ဘယ်ပခုံးပေါ်ထမ်းထားသော ဂဝံဘီလူးရုပ်တု ကိုယ်အပေါ်ပိုင်းကို ကျွန်ုပ်တို့အားလုံး ထူးဆန်းအံ့ဖွယ် မြင်လိုက်ရပြီး အံ့သြနေကြလေ၏။

"ဘကြီး . . . ဒါ . . . ဒါ . . . ဘယ်သူမြှုပ်ထားတာလဲဟင် . . . အဘ"

"ဘယ်သူမှ မြှုပ်ထားတာ မဟုတ်ဘူး။ ဒီနေရာဟာ ရှေးဘုရားပရဝဏ်နယ်မြေပဲ။ ဒါ . . . ဘုရားစေတီစောင့် ဂဝံဘီလူးရုပ်တု။ ဒါကို ငါတို့အပေါ်ရောက်အောင် နောက်နေ့ လူအင်အားနဲ့ မ,တင်ရမယ်။ ကိုင်း . . . သမီးမဖူးညွန့်"

"ရှင် . . . အဘ"





"ဒီနေရာမှာ သမီးတို့ လူတွေနေပြီး ဂါရာဝါသ ကိစ္စများမြောင်နဲ့ စီးပွားရေး လုပ်ချင်သေးသလားဟေ့"

"မ . . . မလုပ်ချင်တော့ဘူး။ မလုပ်ရဲတော့ဘူး . . . အဘ"

"ဒါဖြင့် ညည်း ဘာလုပ်မလဲ"

"ဒီမြေပေါ်မှာ အဘနဲ့သမီး စေတီတည်မယ်"

"သာဓု . . . သာဓု . . . သာဓု . . . ငါ့သမီး။ ဒီအဓိဋ္ဌာန်စကား၊ ကတိစကားကြောင့် ငါ့သမီး ဒီနေ့ကစ ကြီးပွားချမ်းသာဖို့ သိန်းငါးဆယ်ထီကြီး ပေါက်ပါစေဗျား"

✿ ✿ ✿

[၄]

❑

အစကနဦးက ကျွန်ုပ်တို့ဝန်းကျင်က သူ့ကို ဦးနှောက်ခပ်ချောင်ချောင်လူကြီးဟု ထင်မှတ်ခဲ့ကြ၏။

ဈေးထဲမှာ ကြေးစည်နားရွက်ပဲ့နှင့် ဘာသာရေးသီချင်းများဆိုပြီး ဆုံးမစကားများ ပြော၏။

အချို့သော ခေတ်သီချင်းများကို ခေတ်အသံနှင့်သီဆိုပြီး အဓိပ္ပာယ်ရည်ရွယ်ချက်ကို ဓမ္မသဘောနှင့် လူတွေ တစ်ချက်ကောင်းမှတ်မိသွားအောင် သူ ရပ်စဉ်ရွာစဉ်လှည့် သီဆိုပြ၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ...

ပျောက်စေဆရာမဟုတ်။ ဘိုးတော်ဆိုသူများလို ခါတ်လုံးပြ၊ ရေစိမ်တိုက်၊ အစီအရင် လုပ်ပေးသူမဟုတ်။

အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့ သူမဆောင် ...။ ဗေဒင်လည်း မဟော။

သူ့ကျောကုန်းပေါ်က စာတမ်းအတိုင်း သူကျင့်၏။ သီချင်းဆို ဝါသနာပါ၏။ သို့သော် သူဘယ်တုန်းက ဘာတွေ လေ့ကျင့်သင်ကြားခဲ့သည်ကို မေးလျှင် မပြော။ မွေးရပ်မြေ ဘယ်မှာလဲမေးလျှင် မြေကြီးပေါ်မှာဟု ဖြေ၏။

"သေရင်ကော"

ဟု ကျွန်ုပ်က ရွဲ့ပြီးမေး၏။

"သေရင်လည်း မြေကြီးထဲပဲပေါ့ကွ"

"ရေနစ်သေရင်ကောဗျာ ... အဘရာ"

"အသားက ငါးစာဖြစ်ပြီး အရိုးက ရေအောက်ကြမ်းပြင် မြေကြီးထဲ၊ နွံထဲ မြုပ်ရမှာပေါ့ဟ"

သို့ကလို လူကြီးဖြစ်၏။

ခု ... သူ့အဓိဋ္ဌာန်ကောင်းမှုနှင့် ပညာပိုင်းကြောင့် အစ်မနှင့်သူ ငြင်းခုံနေရာမှာ ကိုးတောင်ပြည့်စေတီ တည်ကြ၏။

ထီးတော်တင်၊ အနေကဇာတင်သည့်နေ့က အစ်မက အကျွေးအမွေး၊ အတီးအမှုတ်နှင့် ညွှဲခံရကား အနီးဝန်းကျင်မှလူများ ဝမ်းသာအားရ ရောက်ရှိဖူးမြော် ကြည်ညိုကြ၏။

မြေကြီးထဲက တူးဖော်ရရှိသော ရှေးဟောင်းဂဝံဘီလူးရုပ်တု တင်းပုတ်ထမ်းကြီးကို ပန်းရံဆရာနှင့် သေသေချာချာပြုပြင်မွမ်းမံပြီး စေတီအဝင်ဝမှာ ထားလိုက်၏။ ခန့်ညားလိုက်ပါဘိသနဲ့။

အဖော်ဘီလူးရုပ်တုပါ ထပ်ပိုးလိုက်သောအခါ ကိုးတောင်ပြည့်စေတီသည် ထုံးရောင်၊ ရွှေရောင်၊ အစောင့်အရှောက်ရုပ်တုနှင့် ကြည်ညိုစဖွယ် ရှိနေ၏။





ဘွဲ့အမည်ကို သဗ္ဗသိဒ္ဓိရွှေစေတီဟု အမည်ပေးခဲ့ကြ၏။

အဘဦးမဟူရာစိန်၏ နိမိတ်ဖတ်စကား မှန်ခဲ့ပြန်ပါပြီ။

ကိုးတောင်ပြည့်စေတီ ထီးတော်တင်၊ ရေစက်ချလှုပ်ပြီး နောက်နေ့မှာ အစ်မဖူးညွှန့် သိန်းငါးဆယ်ထီဆု ပေါက်လေ၏။

အစ်မ ဝမ်းသာလွန်း၍ ထက,လေ၏။

ပြီး ... ကျေးဇူးရှင် အဘဦးမဟူရာစိန်ကို လိုက်ရှာခိုင်း၏။ ကျွန်ုပ် အဘဦးမဟူရာစိန်ကို နေရာအနှံ့ လိုက်ရှာခဲ့၏။

မြို့မဈေး၊ ကမ်းနားဈေး၊ သဘောဆိပ်၊ လှေဆိပ်၊ ဘုရားကျောင်းကန်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်းမြို့များပါမကျန် လိုက်ရှာခဲ့၏။

သီချင်းအဆိုကောင်းသော ...

ကလေးများကိုချစ်သော ...

ရတနာသုံးပါးစကားကို ပြောလေ့ရှိသော ...

ပဉ္စသီလငါးပါးကို မြဲမြံရန် အမြဲသတိပေးလေ့ရှိသည့် အသားမည်းမည်း၊ အကျီမပါ၊ ဗိုက်ပူ၊ ချက်စူ၊ မျက်လုံးပြူးပြူးနှင့် သီချင်းသည် လူပျော်ကြီး၊ နိမိတ်ကောင်းစကား ပြောလေ့ရှိသူကြီးကို ဘယ်လိုမှရှာလို့မရ။

အစ်မဖူးညွှန့်ကား ...

အဘဦးမဟူရာစိန် ရောက်လာလျှင် ဝတ်ရန်အတွက် ပိုးတိုက်ပုံအကျီ၊ လည်ကတုံးအဖြူလက်ရှည်၊ ပိုးအဖြူကွက်ပုဆိုးတို့နှင့် နေ့စဉ်မျှော်လို့ စောင့်နေ၏။

အဘဦးမဟူရာစိန်နှင့် နောက်ထပ် ရှေးဟောင်းဘုရားစေတီပျက်များကို ပြုပြင်သာသနာပြုရန် ငွေထုပ်ပိုက်၍ အဘကို မျှော်လင့်နေ၏။

မျှော်သူသာ မော၏။

အဘဦးမဟူရာစိန်ကား အရိပ်အယောင်မျှ မမြင်ရတော့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၅]

❑

နေ့ကို ညက မျိုချ၏။

ညကို နေ့က ပုတ်နှိုး၏။

နေ့ကို မိုးက ပခုံးတိုက်ထုတ်ပြီး မိုးကို ဆောင်းက နှင်ထုတ်လိုက်ပြန်၏။

သည်လိုနှင့် ရာသီပြဇာတ်တစ်ခု ပြီးမြောက်သွားခဲ့သည့်အချိန်။

အစ်မနှင့် ဘဦးမဟူရာစိန်တို့ကောင်းမှု သဗ္ဗညုသိဒ္ဓိရွှေစေတီကို တာဝန်ယူစောင့်ရှောက်သော ဘုန်းကြီးကျောင်းမှ သက်တော်ရှည်ဆရာတော်ကြီး ဦးအာစာရ ပျံလွန်တော်မူသွားခဲ့လေ၏။

ဆရာတော်ဘုရားကြီးကို ရွာနီးချုပ်စပ်မှ ဗုဒ္ဓဘာသာဝင်များ ကြည်ညို လေးစားကြ၏။ ရှေ့မီနောက်မီ တရားပြ၊ တရားဟောကောင်းပြီး သိက္ခာ၊ သီလ၊ သမာဓိနှင့် ပြည့်စုံသူ ဆရာတော်ဘုရားကြီးလည်း ဖြစ်၏။

ဆရာတော်ကြီး၏ သာဓုဇီဝိတနသဘင်ကို စွမ်းနိုင်သမျှ ကုသိုလ်ပါဝင် ပူဇော်ကြ၏။

ဘုန်းကြီးပျံမှာ ဆိုင်းဝိုင်းပါ၏။





ယိမ်းကချေသည့်အဖွဲ့လည်း ပါ၏။

ယိမ်းကချေမင်းသမီးကား ရုပ်သေးမင်းသမီးရွှေပိုးရည် ဟူလေ၏။ ချပ်လည်း ချော၏။ အပြောလည်း ကောင်း၏။ အဆို၊ အလွမ်းလည်း ပိုင်၏။

ဇာတ်ပို့လုပ်သူ မောင်ကြီး (လူရွှင်တော်) နှင့် အရံများကလည်း ဇာတ်ပို့၊ ဇာတ်သည်ကောင်း၍ ပရိသတ်တို့ ကျုပ်နေခဲ့၏။

ဘုန်းကြီးပျံယိမ်းကချေပွဲကား လွန်စွာကြည့်ရခဲ၊ မြင်ရခဲမို့ ရွာနီးချုပ်စပ်က လှည်းတွေ လှည်းတွေနှင့် ရောက်လာကြရကား ခုနစ်ဆောင်ပြိုင်မှောင်ကြီးမှာ လူပြည့်လျှံနေ၏။

ဆိုင်းကလည်း ရွှေတံဆိပ်ရဆိုင်းဆိုတော့ လိုက်ဖက်လှ၏။

လူရွှင်တော် အစ်ကိုလုပ်သူက ခွန်းထောက်ကိုဟစ်၏။

“အနိစ္စကမ္ဘာနန်း ××× ဆင်မြန်းပါတဲ့ဆရာတော် ×××

ဒကာဒကာမတွေ ××× တပည့်အပေါင်းက ×××

အလောင်းမြတ်ပူဇော် ×××

ထွန့်ဘုန်းမော် ××× ပျော်ပါတဲ့နတ်နန်း ×××

အလောင်းတော်ကိုပြင် ××× လှပအောင်ဆင်ယင်၍ ×××

မဟာသဘင် ပွဲစုံကျင်းတယ် ×××

သင်းပျံ့စခန်း ×× သာဓုကိဠနစာတမ်း ×× ဟမ်း ×× ဟမ်း ××

ကျွန်တော်တို့လေးစားရတဲ့ ဆရာတော်ဘုရားကြီး နတ်ပြည်ကြွသွားမယ့် အခမ်းအနားပါခင်ဗျား။ ဒါကြောင့် သားတပည့်များက မျက်ရည်နဲ့ ပူဇော်ကြရပေသကိုးခင်ဗျ”

“ဟုတ်ပ ... ကိုစိန်ရှိုးရေ”

“ညီမလေး ...”

“ရှင် ... အစ်ကိုကြီး”

“ငိုချင် ငိုချလိုက် ... ညီမလေးရယ်။ ဘာလို့ ဆရာတော်ရဲ့ အလောင်းကိုကြည့်ပြီး ငိုင်နေရသတုံး ... ညီမလေးရဲ့”



www.burmeseclassic.com

www.burmeseclassic.com



''ဒါနဲ၊ သီလ၊ ဘာဝနာစကား နေ့စဉ်ကြားနေရာက ခုတော့ မြွှန်းစားကြီး မကြားရလို့ ရင်ဆို့လို့ပါ ... အစ်ကိုတို့ရယ်။ ဒါကြောင့်လေ ...

အလောင်းတော်နဂါးပတ်ပါလို့ ××× ယမားယပ်တောင်ခါ ××''

''ညီမလေးရေ ...''

အသံကောင်းလိုက်တဲ့မင်းသမီးနှယ် .. ရှိုက်သံကို အက်လို့ဗျား

''ပတ္တမြားပြာသာဒ်အဆောင်ရတနာငယ် ×××

အောင်အမတာယှဉ်နွဲ့ ××× ဟဲ ××× ဟဲ ×××

သာစုကိဋ္ဌနမဟာသဘင်မှာ ×××

ဆရာသခင် ကန်တော့ပန်းဆင်သည့်ပွဲ ×××

သာခကေရှေးအစဉ်မျှော်လျှင် ××× ငယ်ဝင်တော်ဆင်မြဲ ×××

ဆွေးအင်တော်တမင်ဝဲပါလို့ ××× ရင်ထဲဒွှိဖိုကာ ××××

ဒကာ ဒကာမတွေ မျက်ရည်ကျမိပါပေ့ ×××

ခက်လေစွညည်းမိ ပြန်တာ ×××

မဟာသာဝက ××× ထေရ်သာမဏာလို ×××

မတည်ရှာတရားအစဉ် ကျသော်ကြောင့် ×××

ငါးပဥ္စရုပ်ခန္ဓာ ××× စွန့်ပစ်ရှောင်ခွာ ×××

အစဉ်အလာရှိသမျှ ××× ဗြဟ္မာဏ်အတိပ ×××

သခါရဝိတမျှ ××× ပညာရှိ ဥက္ကဋ္ဌာဝယ် ×××

ရှင်သာရိပုတ္တရာ သဂြိုဟ်စာတမ်းလိုပလေး××လေး××လေး××''

မင်းသမီးရွှေပိုးရည်က တေးထပ်နှင့် လွှမ်း၏။ ရွှေတံဆိပ်ရ စိန်မှုန်လုံးဆိုင်းကလည်း တေးထပ်ကို တီးလုံးစိပ်စိပ်နှင့်ပို့ရကား စာသား၊ အသံနှင့် တီးလုံးတို့က သောင်းချီပရိသတ်ကို ညှို့ငင်ထားလေ၏။

''အနာဂတသခင်ငယ်လေ ××× ပမာသာခကတင်လျှင် ×××

ပညာရှိ ဥက္ကဋ္ဌာတစ်ပါးဟာမို့×××ရှင်သာရိပုတ္တရာအလားနော်××

အဓိဋ္ဌာန်တင်မြင်လျက် ××× နိဗ္ဗာန်ဝင်ပုံစာတမ်း ×××

ယောဂီအလိုကိုမျှော်ပါလျှင် ××× ဟောဒီကိုယ်တော် ×××

မထေရ်တော် သာမဏာမှာလ ×××





သီလဝန္တအစစ်ပုဂ္ဂိုလ်ရှင်ထူးတာမို့ ×××

ထုတ်ဆိုလျက်ထူးပြီး ××× သဒ္ဓါဗလဝအခြေလျှမ်းသူတို့ ×××

ဆရာတော်ဘုရားကို ××× အဟုတ်ကို ရှုးမတတ် ×××

ဒကာ ××× ဒကာမတွေ ×× လွှမ်း ×× လွှမ်း ×× လွှမ်း ×××

ဒုက္ခရယ်ပို ××× အငိုပမစဲ ×××

မြမျက်ရည်အိုင်လို့ကျတယ်ဘုရား ××× အမယ်လေး ×××

လွှမ်းတငိုပွဲ ××× လွှမ်း ××× တ ××× ငို ××× ပွဲ ×××''

မင်းသမီးက အလောင်းကိုပိုက်၍ ငိုချင်းကို ချ၏။ ဆိုင်းက နှဲကြီးလွှမ်း၏။ ကြည့်ရသူများ ပါးပြင်မှာ မျက်ရည်စို့ကျလာပြီး ငယ်ဆရာတော်ရှင်သန်မျက်နှာတော်ကို မြင်ပြီး ဝမ်းနည်းလာကြ၏။

သည်လိုနှင့် ရုပ်သေးမင်းသမီးက တေးထပ်သီချင်းများနှင့်ငိုလိုက်၊ င်တော်များက လွှမ်းလိုက်နှင့် သဘာဝကျကျသရုပ်ဆောင်နေစဉ် ယောင်ကျူးသမီး ရွှေပိုးရည်သည် ရင်ထု၍ လွှမ်းရင်းမှ တကယ်လဲကျသွားရာ ပြန်နိုင်တော့ချေ။

ပထမ ဟန်ပြသရုပ်ဆောင်နေသည်ဟု မှတ်ကြ၏။

သို့သော် ဘယ်လိုလှုပ်နိုးနိုး ပျော့ခွေနေသည်ကို မြင်ရမှ မင်းသမီးဆို၍မေ့သွားမှန်းသိပြီး ပွဲ့ယူကာ ကားပေါ်တင်လို့ ဆေးရုံသို့ အမြန်ရလေသည်။

ပရိသတ်များ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်၏။

''ကောင်းခန်းရောက်မှကွာ ...''

''အဲဒါ ဘယ်လိုလုပ်ကြမလဲ''

''တန်းလန်းကြီးဗျာ''

ဆိုင်းက ပွဲကိုထိန်းသည့်အနေနှင့် ခပ်မှန်မှန် တီးပေးနေ၏။ သည်သီကြား၊ နတ် လုပ်သူများနှင့် လူပြည်မှ လူလုပ်သူ သရုပ်ဆောင်များချင်းရိုက်ကုန်ကြ၏။

''ဘယ်လိုလုပ်မလဲဗျ ... ဟင် ...''

''မင်းသမီးက အဓိကဗျ။ သူကမှ ငိုချင်းရတာ''



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း နတ်ပြည်ပို့ခန်းကိုပဲ ဆက်ဆိုကြစို့ဗျာ"

သည်အချိန်မှာပဲ အလောင်းစင်ရှေ့ ငိုချင်းသည်များနေရာသို့ ဝတ် ပုဆိုး၊ အင်္ကျီနှင့် လူမည်းမည်းကြီးတစ်ဦး သျှောင်ဖြန့်၍ ဝင်လာလိုက်၏

"ဒီမှာဗျ ..."

"ဘာတုံး ... ဆရာကြီး"

"ကျုပ် မင်းသမီးနေရာကနေပြီး မင်းသားကြီးငိုချင်းနဲ့ ယင်ကျူး မယ်။ ဆက်လုပ်ကြဗျာ"

"ဗျာ ... ခင်ဗျားက သီချင်းရလို့လား။ ခင်ဗျား ဘယ်သူလဲ"

"ဘယ်သူလဲတွေ၊ ဘာတွေ လုပ်မနေနဲ့ဗျာ။ ကိုင်း ... ရွာစားအ ကျုပ် မင်းသားကြီးငိုချင်းနဲ့ ယင်ကျူးမယ်။ စတော့ဗျို့"

"ဟိုက် ..."

"ဟာ ..."

ဘုရားရေ ...။ ဘုန်းကြီးရုပ်ကလာပ် အလောင်းပုခက်တလား ရေ က အသားမည်းမည်းနှင့်လူကြီးကား အခြားမဟုတ်ပါကလား။

သီချင်းသည်ကြီး ဘဦးမဟူရာစိန် ...။

"အဘ ..."

"အဘ ..."

ကျွန်ုပ်နှင့် အစ်မဖူးညွန့်တို့သည် ပျောက်ချက်သားကောင်းလှသ အဘဦးမဟူရာစိန်ကို မမျှော်လင့်ဘဲ မြင်လိုက်ရသောအခါ ဝမ်းသာလွန်း ပရိသတ်များကို တိုးဝှေ့ပြီး အော်ဟစ်၍ ရှေ့တိုးလာခဲ့လိုက်ကြ၏။

သည်မှာပဲ အဘဦးမဟူရာစိန်က မင်းသားကြီးစတိုင်၊ တစ်နည် ကျောင်းဒကာစတိုင်နှင့် လွမ်းလေ၏။

"အမယ်မင်းငယ်မှ ××× ရှင်ရင်းငယ်တဲ့ရတနာ ×××"

ဘုရားရေ ... အသားမည်းမည်းနှင့် အဘသီချင်းသည်က နို နှင့် လွမ်းလို့ပါလား။ အသံက ရင်ရှိုက်သံနှင့် အောင်လွန်း၍ ဆူညံနေသေ ပရိသတ် မီးကို ရေနှင့်ဖျန်းလိုက်သလို တိတ်ပြီး ငြိမ်ကျသွားလေ၏။

"မင်းသားသစ်၊ ငိုချင်းသည်အသစ်ဟ"

စိတ်ကူးသစ်စာပေ



"အလွမ်းကောင်းမယ့်ပုံပဲဟေ့"

"အသားမည်းမည်းကြီးနော်"

"အသံက ပျံ့နေတာပဲ။ ပြန်ထိုင်ကြဟေ့"

"အမယ်မင်းငယ်မှ ××× ရှင်ရင်းငယ်တဲ့ရတနာ ×××
နာမ်ရုပ်ကယ် ရွှေဇီဝိန်တို့ ×× ညီတစ်ချိန်ရုပ်ကာသိမ်းပါလို့ ××
ချုပ်ငြိမ်းတော်မူချေတော့သာပ ×××
ဘုရား ××× အမယ်လေး ××× ဘုန်းမော်ခန္ဓာ ×××"

"ကောင်းလှချည်လားကွဟေ"

"အဲဒါ ဘယ်ကမင်းသားကြီးလဲဟ"

"တိတ်တိတ်နေကြဗျာ"

"သည်ဘုံတွင် သည်ဘဝမှာလ ×× သည်မျှနှင့် သည်သို့သာ ××
သည်သာတဲ့ကံထား ××× ရွှေသာသူမှာလေ့လေ့ ×××
ဖွေဗျာပါတဆူဆူနှင့် ××× နေကြာတူ ပူမငြိမ်းနိုင်လို့ ×××
ယူတိမ်းတယ်ဆိုရင်ခံရမယ် ×× သားသက်နှံနိဗ္ဗာန်ကူးမှာလ ××
မယ်သာရီမြေမှာလူးသည်နှင့်ဗျာ့ ××× အမယ်လေး ×××
မူးလိမ့်ဘုရားရယ်မှ ××× အိုလေ××× ကိုယ်တော်ရေ ×××
ရူးလိမ့်အများ ××× ဟား ××× ဟား ××× ဟား ×××
ရူးလိမ့်အများ ××× ဟား ××× ဟား ××× ဟား ×××"

အဘဦးမဟူရာစိန်သည် ဇာတ်မင်းသားကြီး ငိုချင်းချသကဲ့သို့ ဟန် နှင့်ပန်နှင့် အလောင်းကိုပိုက်၍ ငို၏။

စကားပြောနှင့် လွမ်း၏။

ပရိသတ်သည် ရင်နင့်၍ မျက်ရည်ကျပြီး ရောငိုကြလေ၏။ ဈာပန စီစဉ်သူများ အံ့သြကုန်ကြ၏။ ဘယ်ကလူလဲဟု မေးကြ၏။ အချို့က မသိ ဘူးဟု ဆိုကြ၏။

အချို့က ဈေးထဲ၊ အရပ်ထဲ လိုက်သီချင်းဆိုသည့် ဦးကပ္ပလီကြီး နှင့် တူလိုက်တာဟု ဆိုကြ၏။

အခုတွေ့ရသည့် ဦးကပ္ပလီကား သားနားနေ၏။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အကျီအဖြူ၊ ပုဆိုးအနက်ကွက်နှင့် ဆံပင်သျှောင်ကို ဖြန့်ချထားရကား လူပုံကိုကြည့်ပြီး ရယ်ဖို့ကောင်းသော်လည်း အလွမ်း၊ အသော၊ အပြော အရှိက်ကောင်း၍ လုံးဝ မလှောင်ရဲကြ။

ကျွန်ုပ်တို့ကား အဘကို သည်လောက်အထိ စွမ်းလိမ့်မည်ဟု မထင်။

ခုတော့ ကြည့်စမ်း ...

ယောင်ကျူးမင်းသမီးနေရာမှာ ဝင်၍ ကိုယ်တိုင်ယောင်ကျူးပြီး ဆိုင်းနှင့်၊ နဲနှင့် လွမ်းနေသည်ကား စည်းမမှား၊ ဝါးမမှား။

ကြည့်နေဆဲမှာပင် ...

ဘဦးမဟူရာစိန်သည် နတ်နှင့်လူ အလောင်းလုခန်းကို စကားပြောနှင့်ဟန် ယှဉ်ပြိုင်လုပြီး ငိုချင်းကို ချ၏။

နောက်ဆုံး အလောင်းကိုပြန်လုရင်းက နတ်သိကြားဘက်သို့ ပါသွား၍ ရင်ထုငိုချင်းချခန်းကား ...

ဇာတ်ပွဲကြီးတစ်ပွဲကို ကြည့်နေရသလို ...

စိန်အောင်မင်း လွမ်းနေသလို ...

အလင်္ကာကျော်စွာရွှေမန်းဦးတင်မောင် ငိုချင်းချသလိုနှယ် ရှိရကား ပွဲပြီးသည်နှင့် လူအုပ်ကြီးသည် ငိုချင်းသည်လူသစ် အသားမည်းကြီးကို ဝိုင်း၍ မေးကြမြန်းကြ၏။

ဆိုင်းဆရာအဖွဲ့နှင့် လူရွှင်တော်ဇာတ်ပို့များကလည်း ဝမ်းသာအားရ ဘယ်ကလဲ၊ အမည်ဘယ်လိုခေါ်ပါသလဲ၊ နေရပ်လိပ်စာ ပြောပါနှင့် ဝိုင်းမေးရင်း ချီးကျူးကြခိုက် ကလေးအချို့က ...

"ဟိုလူကြီးဗျ ... ဦးကပွလီကြီး ..."

ဟု ဝိုင်းအော်ဟစ်ကြ၏။

လူမည်းငိုချင်းသည်ကြီးသည် လူအုပ်ကိုတိုးဖောက်၍ အပြင်သို့ ပြေးထွက်သွားလေ၏။

ကျွန်ုပ်နှင့် အစ်မဖူးညွန့်တို့က နောက်မှ အပြေးလိုက်၍ အော်ခေါ်၏။





"အဘ ..."

"ဘကြီး ..."

"အဘ ... ခဏနေပါဦး အဘရဲ့ ... သမီးတို့ပါ"

ဘဦးမဟူရာစိန်သည် သူကိုယ်တိုင်တည်သည့် သဗ္ဗညု ကိုးတောင်ပြည့်ဘုရားရှေ့မှာ ရပ်လိုက်၏။

"အဘ ..."

"သမီးလား"

"ဘကြီး ..."

"မောင်မှိုင်း ... လူလေး ..."

"ရှာလိုက်ရတာ ... အဘရယ်၊ မောနေတာပဲ။ တွေ့မယ့်တွေ့တော့ ဆရာတော်ဘုရားကြီးရဲ့ ဘုန်းကြီးပျံမှာမှ ယောင်ကျူးမင်းသားကြီး ဖြစ် တွေ့ရတာ အံ့သြလိုက်တာ ... အဘရယ်"

"သမီးက ဘာလို့တွေ့ချင်နေတာတုံးဟဲ့"

"သမီး သိန်းငါးဆယ်ထီ ပေါက်တယ်"

"အဲဒါ ဘုရားတည်တဲ့ ညည်းစေတနာ အကျိုးပေးဟဲ့"

"အဘနိမိတ်ဖတ်ခဲ့လို့ပါရှင်"

"ဟယ် ... မဟုတ်က ဟုတ်က။ ကိုင်း ... ငါသွားစရာရှိလို့"

"အို ... မသွားရဘူး"

"ဟ ... ဘာဖြစ်လို့လဲ"

"အိမ်ကိုလိုက်ခဲ့ပါဦး ... အဘရယ်"

"ဘာတွေလုပ်ဦးမလို့လဲဟာ ... ဖူးညွန့်ရာ"

"ဟောဒီအရပ်က ရှေးဟောင်းဘုရားပျက်တွေကို အဘနဲ့အတူ တည်မလို့"

"တကယ် ..."

"တကယ်ပေါ့ ... အဘရဲ့"

"ဟ ... အဲဒါဆို နင် သိန်းတစ်ရာဆု ပေါက်ကိုပေါက်ဦးမှာ ... ဟီးရေ။ အဟား ..."



www.burmeseclassic.com

www.burmeseclassic.com



"တကယ် ..."

"အယ် ... ဟား ... ဟား ... ဟား ... ဟား ... စောင့်ကြည့်ကြပေါ့။ ဟား ... ဟား ... ဟား ..."

သည့်မှာ ကျွန်ုပ်က အဘဦးမဟူရာစိန်ကို အင်တာဗျူးရလေ၏။

"အဘ ..."

"ဘာတုံး ... မောင်မှိုင်းရ"

"ကိုယ်ရောင်ကိုယ်ဝါ တောက်ပလှချည်လားဗျ ... ဟင် ..."

"ငါ့ဆရာတော် ငယ်ဆရာ ဈာပနကြားလို့ ပုပ္ပားကနေ အမြန်ပြေးချလာရတာကွ"

"အဘကို မေးစရာရှိတယ်ဗျ"

"ဘာတုံးလဟ"

"အဘက ယောင်ကျူးငိုချင်းလည်း ရတာပဲလားဟင်"

"ငယ်ငယ်တုန်းက ကျေးဖူးရှင် မန်လည်ဆရာတော်ဘုရားကြီး ရေးဖွဲ့ပူဇော်တဲ့ ဘုန်းကြီးပျံငိုချင်းတွေကျက်ရင်း၊ ဆိုရင်း အလွတ်ရနေတာကွ"

"ဟုတ်ရဲ့လား ... ဇာတ်မင်းသား၊ ရုပ်သေးမင်းသားရော လုပ်ဖူးသမို့လားဗျ"

"ဟာ ... ကြုံကြီးစည်ရာကွာ။ အဲဒါ ဒီလည်းရောက်ရော မင်းတို့ ယောင်ကျူးမင်းသမီးရွှေပိုးရည် ရုတ်တရက် မေ့မြောအမောဆို့သွားတာ မြင်တာနဲ့ ငါ့ဆရာရင်းဈာပနပွဲ ပျက်မှာစိုးလို့ ငါဝင်ကူလိုက်ရတာပါကွာ။ ကိုယ်ရည်သွေး၊ ပညာပြချင်လို့ မဟုတ်ပါဘူး ... သားတို့၊ သမီးတို့ရာ"

✿ ✿ ✿

[၆]

❑

သို့နှင့် ကျွန်ုပ်တို့ဆရာတပည့် မြေးသားအဖသုံးဦးသည် ပါဒမင်းများကောင်းမှု ဖြစ်ခဲ့ပုံရသော ရှေးဟောင်းဘုရားသုံးဆူကို ချုံပုတ်များရှင်းပြီး ကိုးတောင်ပြည့်စေတီသုံးဆူ အမြန်တည်လိုက်ကြ၏။

ငွေအားကောင်းနေ၍ နေ့ချင်းညချင်းဆိုသလို ပြီးခဲ့လေ၏။

အံ့ဩစရာကောင်းသည်ကား ...

ဘုရားတည်၊ ထီးတော်တင်ပြီးသည်နှင့် အဘဦးမဟူရာစိန်သည် မည်သူ့ကိုမျှ နှုတ်မဆက်ဘဲ ပြန်သွားခဲ့၏။

ကျွန်ုပ်တို့မောင်နှမ နေရာအနှံ့ လိုက်ရှာကြပြန်၏။

ပုပ္ပားတောင်သို့ ရောက်ခဲ့၏။

ပုပ္ပားမှ ရသေ့များ၊ ရသေ့မများက ဦးမဟူရာစိန် သထုံမြသပိတ်တောင်သို့ သွားသည်ဆို၍ မြသပိတ်တောင်သို့ ရောက်ခဲ့၏။

မြသပိတ်တောင်ပေါ်မှ လူသူတော်တရားကျင့်သူများက သည့်မှာ ဦးမဟူရာစိန် သုံးရက်အဓိဋ္ဌာန်ဝင်ပြီး ကေလာသတောင်ကို ခရီးဆက်သည်ဟု ဆိုပြန်၍ ကေလာသသို့ ရောက်အောင်သွားခဲ့၏။

ဖင်းကျိုက်တောင်သွားပြီဟု ဆိုပြန်၏။

---

**စိတ်ကူးသစ်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ဇင်းကျိုက်တောင်သို့ ဖွဲကြီးလှစွာ လိုက်ခဲ့ကြပြန်၏။

ဇင်းကျိုက်တောင်ဆရာတော်က သူ မနေ့ကပဲ ပြန်သွားပြီဟု ဆိုလေ၏။

''ဘယ်ကိုပြန်မယ်လို့ ပြောသွားပါသလဲဘုရား''

''ဘယ်ရယ်လို့ ပြောမသွားဘူး ... ဒကာကြီး''

''ဟူး ...''

''ရင်မောလိုက်ပါဘိ ... အဘရယ်။ ဘာလို့များ သမီးတို့ကို ရှောင်သလို လုပ်နေရတာလဲဟင်''

ကျွန်ုပ်တို့မောင်နှမ ဇင်းကျိုက်တောင်မှ နေအိမ်ရှိရာသို့ ပြန်ရောက်လာသောအခါ အံ့သြဖွယ်ရာသတင်းကို ဆီး၍ကြားရလေ၏။

''အဒေါ်ညွန့် ... အဒေါ်ညွန့် ...''

''ဘာတုံးဟဲ့ ... အခင် ... ဘာတုံး။ လန့်လိုက်တာဟယ်''

''ထီဆိုင်က လာပြောသွားတယ် ...အဒေါ်ရေ၊ ဝမ်းသာစရာတော့''

''ဘာတဲ့တုံး ... အခင်ရယ်။ ပြောပါဟဲ့''

''အဒေါ်ညွန့် ထီပေါက်လို့တဲ့တော်''

''ဟေ ...''

''ဘယ်လောက်တဲ့တုံး ... အခင်။ ပြောစမ်းပါဟ။ မြန်မြန်လုပ်ပါ''

''သိန်းတစ်ရာတဲ့တော် ... ကော်ပြီတော့။ အဟီး ... ဟီး ..''

''သိန်းတစ်ရာ ...''

''ဟုတ်တယ်တော့ ... မြို့ထဲက ထီဆိုင်မှာ အဒေါ်ညွန့် နာမည်၊ လိပ်စာနဲ့ ဘုတ်ထောင်ထားတယ်တော့''

သို့နှင့် ကျွန်ုပ်တို့မောင်နှမ ထီလက်မှတ်ကိုကိုင်ပြီး မြို့လယ်မှ ထီဆိုင်ကြီးကို အပြေးသွားတိုက်ကြည့်လိုက်သောအခါ ...

သိန်းတစ်ရာကံထူးရှင်

ဒေါ်ဖူးညွန့်၊ ထန်းပင်ကုန်း (၅) လမ်း

---

**စိတ်ကူးသစ်စာပေ**



ဟု ရေးထား၏။ ကျွန်ုပ်တို့မောင်နှမ တစ်ယောက်လက်တစ်ယောက် ကိုင်ဆုပ်ရင်း ဝမ်းသာအံ့သြ၍နေစဉ် ...

''မှန်ရဲ့လားဟေ့''

နောက်ဘက်မှ လှမ်းပြောလိုက်သော စကားသံကြောင့် မောင်နှမနှစ်ယောက် ပြိုင်တူလှည့်ကြည့်လိုက်သောအခါ ...

''ဟာ ... အဘ''

''ဘကြီး ...''

''ဟား ... ဟား ... ဟား ... ဟား ...''

ကျွန်ုပ်တို့မောင်နှမသည် မမျှော်လင့်ဘဲ ရုတ်ခြည်း မြင်လိုက်ရသည့် ကျေးဖူးရှင် အဘဦးမဟူရာစိန်ကို ပြိုင်တူ မလွှတ်တမ်း ပြေးဖက်ထားလိုက်ကြရင်း ...

''မှန်လိုက်တာ ... အဘရာ''

ဟု အကြိမ်ကြိမ် အခါခါ ပြောလိုက်၏။

အဘဦးမဟူရာစိန်က ပုစွန်မျက်လုံးနှစ်လုံးကို ပြူး၍၊ စူနေသည့် ဝမ်းဗိုက်ကြီးကိုလှုပ်ရင်း ကျွန်ုပ်တို့မောင်နှမကို အားရပါးရဖက်ကာ တဟားဟား အော်ဟစ်ရယ်မောလိုက်လေသည်။

(မှတ်ချက် ။ ။ ကွယ်လွန်သူ ဘုရားဒကာ လူရှင်တော်မင်းသားဟောင်းကြီး ဦးမဟူရာစိန်အား ဤဝတ္ထုဖြင့် ဂါရဝပြုလိုက်ပါ၏။)

မောင်ညိုမှိုင်း(သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com




|၁|

❑

၈-၄-၂၀၁၀ ရက်နေ့က ကျွန်တော်တို့အဖွဲ့ ဇလွန်မြို့ကိုဝင်သည်နှင့် ဇလွန်ပြည်တော်ပြန်ဘုရားကြီးကို ဝင်ရောက်ဖူးမြော်ကြသည်။ လေးဆူသော ဘုရားများဖြစ်ကြသည့် မဟာမြတ်မုနိ၊ ရှင်ကျော်၊ ရွှေဘုံသာမုနိ၊ မာရ်အောင်မြင်ဘုရားဟူ၍ရှိရာ ဇလွန်မြို့မှ ပြည်တော်ပြန်ဘုရားကြီးမှာ စတုတ္ထမာရ်အောင်မြင်ဘုရားဖြစ်ပေသည်။

ပြည်တော်ပြန်ဘုရားခေါ် မာရ်အောင်မြင်ဘုရားသမိုင်းအား လေ့လာရာတွင် ဇလွန်မြို့စားအတွင်းဝန် သတိုးမင်းကြီး မဟာမင်းလှနော်ရထာ ဘ မြို့သူကြီးအရာခန့်ထားသော ဦးရွှေပွင့်သည် ဇလွန်မြို့နယ်က အခွန်ဘဏ္ဍာတော်များကို အမရပူရမြို့တော်ကြီးသို့ သွားရောက်၍ အတွင်းဝန်သတိုးမင်းကြီးထံ ဆက်သရသည်။ ဦးရွှေပွင့်သည် အတွင်းဝန်ဇလွန်မြို့စား၊ သတိုးမင်းကြီး မဟာမင်းလှနော်ရထာက ဖတ်လျှောက်ပြီး ညီတော်ကနောင်မင်းသား သတိုးမင်းရဲကျော်ထင်က ဆက်သတော်မူသော သီရိတိလောကမဟာရတနာဒေဝီအမည်ရှိသော အဂ္ဂမဟေသီပုဂံမင်းမိဖုရားကြီး၏ ဆွေတော်မျိုးတော်ထဲကဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိဖုရားကြီးက ဦးရွှေပွင့်ကို မောင်တော်ဟုခေါ်တော်မူ၍ ဦးရွှေပွင့်ကလည်း မိဖုရားကြီးကို အစ်မတော်ဟုခေါ်၏။ ကုန်းဘောင်မင်း၏ မြောက်နန်းမတော်မိဖုရားကြီး၊ မင်းတုန်းမင်းနှင့်ကနောင်မင်းတို့၏ မယ်တော်ကြီးကလည်း ဦးရွှေပွင့်ကို သားအရင်းကဲ့သို့ ချစ်ခင်သောကြောင့် သားတော်မောင်ရွှေပွင့်ဟု ခေါ်တော်မူသည်။

တစ်ရံရောအခါ မြို့သူကြီးဦးရွှေပွင့်သည် ငါတို့ မိုတင်းနေထိုင်ရာဖြစ်သော ဖလွန်မြို့၌ မြို့သူမြို့သား ရဟန်းရှင်လူအပေါင်းတို့ အမြဲကိုးကွယ်ဆည်းကပ်ကြရန် ကြေးဆင်းတုတော်ကြီးတစ်ဆူကို အမရပူရရွှေမြို့တော်ကြီးသို့ သွားရောက်သွန်းလုပ်ရပါလျှင် ကောင်းလေစွဟု အကြံဖြစ်၍ မြို့သူမြို့သား ရဟန်းရှင်လူအပေါင်းတို့နှင့် စည်းဝေးတိုင်ပင်ကြရာ လူအားလုံးသဘောညီညွတ်ကြလေကုန်သည်။

ထိုအခါ ဦးရွှေပွင့်သည် ပုဂံမင်းတရားကြီးထံ လျှောက်လွှာတင်၍ အမိန့်တော်ရလေလျှင် ရွှေ၊ ငွေ၊ ကြေး စသည်တို့ကို များစွာရအောင် စုဆောင်းလေရာ မြို့သူမြို့သားအပေါင်းတို့ကလည်း များစွာသော ရွှေ၊ ငွေ၊ ကြေးတို့အပြင် ရတနာများကိုလည်း ကုသိုလ်ပါဝင်ကြလေသည်။

သက္ကရာဇ် ၁၂၁၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁) ရက်နေ့တွင် မြို့သူကြီးဦးရွှေပွင့်သည် အချိန် (၁၅၀၀) ခန့်ရှိသော ရတနာမြတ်တို့ကို စုဆောင်း၍ မိမိ၏ အပေါင်းအဖော်တပည့်ငယ်သားများနှင့်အတူ တင့်တယ်ခမ်းနားသော ရန်လွင့်ခေါ် မင်္ဂလာလှေတော်ကြီးဖြင့် ဧရာဝတီမြစ်ကြီးကို ဆန်တက်ပြီး အမရပူရမြို့တော်ကြီးသို့ တပို့တွဲလဆန်း (၂) ရက်နေ့တွင် ရောက်ရှိကြသည်။ မင်္ဂလာလှေတော်ကြီးအား ဂေါ်ဝိန်ဆိပ်တွင် ရပ်နားပြီး အတွင်းဝန်သတိုးမင်းကြီး မဟာမင်းလှနော်ရထာအိမ်တော်၌ တည်းခိုနေထိုင်ကြသည်။

✿ ✿ ✿

## ၂

❑

နောက်တစ်နေ့ တပို့တွဲလဆန်း (၃) ရက်နေ့ နံနက်တွင် ဦးရွှေပွင့်ဦးဆောင်ပြီး မယ်တော်ကြီးထံ အခစားရောက်ကြသည်။ မယ်တော်ကြီးအားလာရင်းကိစ္စကို လျှောက်ထားရာ မယ်တော်ကြီးက . . .

''မောင်ရွှေပွင့် . . . ယခုအခါ အင်္ဂလိပ်မင်းတို့ကလည်း တစ်ရန်၊ မင်းတုန်းမင်းနှင့် ကနောင်မင်းတို့ကလည်း ပုန်ကန်ခြားနားနေကြသောကြောင့် မောင်တော်ဘုရား သွားရောက်နှိမ်နင်း တိုက်ခိုက်နေရတယ်။ အခုလို နိုင်ငံ့အရေး ရှုပ်ထွေးနေသည့်အတွက် ကြေးဆင်းတုတစ်ဆူ သွန်းလုပ်ဖော်ရန်အတွက် အခွင့်မသာချေပြီ။ ခေတ္တခဏ စောင့်ဆိုင်းပြီးမှ လုပ်ချေတော့''

ဟု အမိန့်တော်ရှိရာ ဦးရွှေပွင့်က . . .

''အစ်မတော်ဘုရား . . . ဤကုသိုလ်အလုပ်သည် တစ်ဦးတစ်ယောက်တည်းအလုပ် မဟုတ်ပါဘုရား။ အများနှင့်စုပေါင်း၍ လုပ်ရပါသောကြောင့် မသွန်းလုပ်ဘဲ ဆိုင်းငံ့နေပါက လူအများအပြစ်တင်ဖွယ်ဖြစ်သဖြင့် အနှိပ်ပင် အမြန်သွန်းလုပ်ရပါမည်ဘုရား''



www.burmeseclassic.com

www.burmeseclassic.com



ဟု လျှောက်ထားလေသည်။ မိဖုရားကြီးက ...

"မောင်တော်မောင်ရွှေပွင့် ... ဘုရားသွန်းလုပ်သည်ရှိသော် ဉာဏ်တော်ကို အဘယ်မျှလောက်ထား၍ အဘယ်ပုံသဏ္ဌာန်ကို သွန်းလုပ်ပူဇော်မည်နည်း"

ဟု မေးမြန်းတော်မူရာ ဦးရွှေပွင့်က ...

"ယခုသွန်းလုပ်လိုသည့် ပုံသဏ္ဌာန်မှာ နန်းတော်ဦးမြတ်စွာဘုရား၏ ပုံစံတော်အတိုင်း ဉာဏ်တော်မှာ တစ်မိုက်ခန့်ကြီး၍ သွန်းလုပ်လိုပါသည်"

ဟု လျှောက်ထားရာ မိဖုရားကြီးက ရုပ်တုတော်ကြီးသွန်းလုပ်ရန် ဆရာမောင်မောင်လပ်ကို ခေါ်တော်မူ၍ အလုပ်အပ်သည်။

ဆရာမောင်မောင်လပ်လည်း အထူးဝီရိယစိုက်ထုတ်၍ ရုပ်ပွားဆင်းတုတော်သွန်းလုပ်ခြင်းအမှုကို ပြုလေသည်။ ဦးရွှေပွင့်တို့သည် စောင့်ဆိုင်းရင်း အပေါင်းအဖော်တို့ဖြင့် စစ်ကိုင်း၊ အင်းဝ၊ မင်းကွန်း၊ မန္တလေးတောင်၊ ရန်ကင်းဈောင်တို့၌ရှိသော စေတီ၊ ပုထိုး၊ ဆင်းတုတော်အမျိုးမျိုးတို့ကို လှည့်လည်ပူဇော်ကြပြီး အားလပ်ချိန်များ၌ ကြေးဆင်းတုတော်သွန်းလုပ်ပူဇော်နေသော ဆရာမောင်မောင်လပ်ထံ သွားရောက်၍ ကြည့်ရှုကြသည်။ ရံဖန်ရံခါ မယ်တော်ကြီးနှင့် အစ်မတော်ဘုရားတို့ထံ သွားရောက်ခစား လည်ပတ်ကြသည်။

တစ်နေ့သ၌ မိဖုရားကြီးက အမိန့်တော်ရှိသည်မှာ ...

"မောင်တော်မောင်ရွှေပွင့် ... အောက်နိုင်ငံဒေသများ ဖြစ်ကြသည့် မုတ္တမ၊ ပုသိမ်၊ ရန်ကုန်မြို့များကို အင်္ဂလိပ်တို့က တိုက်ခိုက်သိမ်းယူနေသဖြင့် ပြည်သူအများမှာ များစွာတုန်လှုပ်ချောက်ချားလျက် အိမ်ရာများကိုစွန့်ပစ်၍ ပြေးလွှားနေကြသည်ဟု သတင်းစကား ကြားရသည်တို့ကြောင့် မောင်တော်မောင်ရွှေပွင့်လည်း ဇလွန်မြို့ကိုပြန်၍ မိမိ၏မြို့ရွာ ကောင်းမွန်ငြိမ်သက်အောင် အုပ်ချုပ်နေထိုင်မှ တော်ပေလိမ့်မည်"

ဟု အမိန့်ရှိရာ ဦးရွှေပွင့်က ...





"အစ်မတော်ဘုရား ... ကြေးဆင်းတုတော်ကြီးပြီးစီးမှ အပြန်လုပါမည်။ အများနှင့် စုပေါင်းလုပ်ရခြင်းဖြစ်၍ ဆင်းတုတော်ကြီးအား တစ်ပါတည်းပင့်ဆောင်သွားလိုပါသည်"

ဟု လျှောက်တင်ရာ မိဖုရားကြီးက မောင်မောင်လပ်ကို ခေါ်တော်မူ၍ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ဖို့ အမှုတိုက်ခိုင်းစေတော်မူလေသည်။

✿ ✿ ✿

[၃]

သို့သော် ကြေးသွန်းဆရာမောင်မောင်လပ်မှာ ဝီရိယစိုက်ထုတ်၍ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သော်လည်း လိုသည့်နေရာလို၊ ပိုသည့်နေရာပို၍ အလုံးစုံချောမွတ်အောင် မပြီးစီးနိုင်ဘဲ ရှိလေသည်။

အမရပူရရွှေမြို့တော်ကြီး၌လည်း ဘုရင်မင်းတရားကြီး စစ်ထွက်နေသည့်အခိုက် လုယက်၊ ခိုးဝှက်တိုက်ခိုက်မှုများ တိုးပွားလာသဖြင့် တုန်လှုပ်ချောက်ချားနေသည့်အခိုက် စစ်ပွဲတွင် ပုဂံမင်းအရေးနိမ့်ကြောင်း ကြားသိရပြန်သည်။ ထို့ကြောင့် မိဖုရားကြီးက ပူပင်သောကဖြစ်ပြီး ...

"မောင်တော်မောင်ရွှေပွင့် ... နိုင်ငံတော်အရေးက ရတက်မအေးစရာ ဖြစ်နေပြီ။ မောင်ရွှေပွင့်အနေနဲ့ အမရပူရမှာ ဆိုင်းငံ့နေ၍ မကောင်းတော့ဘူး။ ဇလွန်မြို့ကို အမြန်ပြန်သင့်ပြီ။ ကြေးသွန်းဘုရားသွန်း လုပ်ခြင်းအမှု ပြီးစီးပါက အစ်မတော်အကြောင်းကြားပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု မိန့်တော်မူရာ ဦးရွှေပွင့်က ...

''အစ်မတော်ဘုရား ...ကျွန်တော်မျိုးတို့ ဆင်းတုတော်မပါဘဲ လက်ချည်းဗလာပြန်ရပါက မျက်နှာမလှ အပြန်ရကျပ်ပါသည်။ ထို့ကြောင့် နန်းတော်ဦးမြတ်စွာဘုရားကို ဇလွန်မြို့သူမြို့သားအပေါင်းတို့ ကြည်ညိုဖူးမြော်ကြရလေအောင် ခေတ္တပင့်သွားပါရစေဘုရား။ အစ်မတော်ထံမှ အမှာရောက်သောအခါ ကျွန်တော်မျိုးများ သွန်းလုပ်သောဘုရားကိုလည်း ပင့်ရန်၊ နန်းတော်ဦးဘုရားကိုလည်း ပြန်လည်ပို့ဆောင်ရန် လာပါမည်ဘုရား''

ဟု လျှောက်ထားသံတော်ဦးတင်လေသည်။ ထိုစကားကို မိဖုရားကြီး သဘောကျတော်မူသော်လည်း မင်းတပ်မင်း(ကနောင်မင်း) အမြတ်တနိုးကိုးကွယ်သောဘုရားဖြစ်သဖြင့် မယ်တော်ကြီးထံ အသနားခံလျှောက်ထားရန် အကြံပေးတော်မူလေသည်။ ဦးရွှေပွင့်လည်း မယ်တော်မိဖုရားကြီးထံသွား၍ နန်းတော်ဦးဘုရားကို ခေတ္တမျှ ပင့်ဆောင်သွားလိုကြောင်း စကားကြွယ်ကြွယ် ပရိယာယ်ဖြင့် အကြိမ်ကြိမ်အဖန်ဖန် လျှောက်ထားအသနားခံလေသည်။ မယ်တော်မိဖုရားကြီးကလည်း ပင့်ရန်မသင့်ကြောင်း အကြိမ်ကြိမ်အဖန်ဖန် ငြင်းဆိုတော်မူလေ၏။ ထိုစဉ် အတွင်းဝန်မင်းက ခေတ္တခဏပင့်ခြင်းကို ခွင့်ပြုတော်မူသင့်ကြောင်း ဝင်ရောက်လျှောက်ထားပေးမှ မယ်တော်မိဖုရားကြီးက ခွင့်ပြုတော်မူလေသည်။

ဤနန်းဦးမြတ်စွာဘုရား (မာရ်အောင်မြင်ဘုရား)သည် ဘုန်းတော်ကံမြင့် သဘာရင့်သော မင်းအဆက်ဆက်တို့ နှစ်သက်မြတ်နိုးစွာ ကိုးကွယ်ဆည်းကပ်ခဲ့ကြသော ဗုဒ္ဓရုပ်ပွားတော်ကြီးဖြစ်လျက် 'မယ်တော်မိဖုရားကြီးက ခွင့်ပြုတော်မူခြင်းမှာ မြတ်စွာဘုရားအလိုတော်ကိုသိ၍ သမ္မာဒေဝနတ်များ လှည့်စားလေသလောဟု ကြံဆဖွယ်အကြောင်းဖြစ်သည်။

နန်းတော်ဦးဘုရားမှာ ရှေးယခင်က ရခိုင်မင်းအဆက်ဆက် ကိုးကွယ်တော်မူခဲ့သော မဟာမြတ်မုနိ၊ ရှင်ကျော်၊ ရွှေဘုံသာမုနိ ရုပ်ပွားတော်များနှင့် အတူတူဖြစ်ရာ မဟာမြတ်မုနိထက် အစဉ်အတိုင်း ညာဏ်တော်ယယ်ကြသည်။ မာရ်အောင်မြင်ရုပ်တုတော်သည် လူတို့အတောင်ဖြင့် စမ္မခဏ်နှင့်တကွ သုံးတောင်နှင့်တစ်လက်မရှိ၏။ မာရ်ငါးပါးကို အောင်မြင်တော်မူ





သော မြတ်စွာဘုရား၏အမည်တော်ကိုယူ၍ အထင်ဂုဏ်ဥပတနည်းအားဖြင့် 'မာရ်အောင်မြင်' မြတ်စွာဘုရားဟု နာမတော်ခေါ်ဝေါ်သမုတ်ခြင်း ဖြစ်ပေသည်။

'မာရ်အောင်မြင်'ရုပ်ပွားတော်သည် 'မဟာမြတ်မုနိ'ရုပ်ပွားတော်၏ လက်ယာတော်ရံဖြစ်၏။ အလေးချိန်မှာ ၆၆၆ ပိဿာနှင့် ၆ ကျပ်သားဖြစ်သည်။

မြန်မာသက္ကရာဇ် ၁၁၄၆ ခုနှစ်၊ ပြာသိုလတွင် အမရပူရရွှေနန်းရှင် ဘိုးတော်ဘုရား၏သားတော် အိမ်ရှေ့မင်းသားသည် ဓညဝတီ ရခိုင်ပြည် ကို သိမ်းပိုက်တော်မူ၍ ၁၁၄၆ ခုနှစ်၊ တပေါင်းလတွင် မဟာမြတ်မုနိရုပ်ပွားတော်နှင့်တကွ လက်ယာတော်ရံ မာရ်အောင်မြင်၊ လက်ဝဲတော်ရံ ရွှေဘုံသာတို့ကို တောင်ကုတ်လမ်းအတိုင်း ရခိုင်ရိုးမကိုကျော်၍ ပင့်ဆောင်လာခဲ့၏၊ ပန်းတောင်းဆိပ်မှ ရတနာရွှေဖောင်တော်ကြီး ပြည်မြို့သို့ရောက်လေလျှင် အနောက်ဘက်ကမ်းတွင် တပ်စခန်းချ၍ နေတော်မူစဉ် နောက်တော်က လိုက်ပါလာကြသော ရခိုင်လူမျိုးတို့က ၎င်းတို့ကိုးကွယ်ရန် ရုပ်ပွားတော်တစ်ဆူကို ပြန်လည်တောင်းဆိုကြရာ အိမ်ရှေ့မင်းသားက ရခိုင်တို့အား ပြန်လည်မပေးသော်လည်း တပ်ချရပ်နားသည့် ပြည်မြို့အနောက်ဘက်ကမ်းတွင် လက်ဝဲတော်ရံ ရွှေဘုံသာရုပ်ပွားတော်အား 'ရွှေဘုံသာမုနိ'ဘုရားဟူ၍ တည်ထားကိုးကွယ်ခဲ့လေသည်။

ထို့နောက် တစ်ဖန် အိမ်ရှေ့မင်းသားသည် ဧရာဝတီမြစ်ကြီးကို ဆန်တက်ပြီး အမရပူရ ရွှေမြို့တော်သို့ရောက်လျှင် မြို့တော်၏မြောက်ပြင်ရပ်၌ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်အား တခမ်းတနား တည်ထားကိုးကွယ်တော်မူခဲ့ပြန်လေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၄ |

❑

မာရ်အောင်မြင်မြတ်စွာဘုရားကိုမူကား သာသနာရောင်ခြည် ကွ
မြူးလည်လျက် ဖြိုးစည်တင့်ကြွား တန်ခိုးထွားကာ တိုးပွားရာဖြစ်သဖြ
သူတော်စင်မှန်သမျှ ပူဇော်နိုင်ရန်အလို့ငှာ အမရပူရမြို့တော်ကြီး၏ နန်းတော
ဦး၌ ရွှေနန်းပြာသာဒ်တော်ကြီးဖြင့် တည်ထားကိုးကွယ်ခဲ့လေသည်။ ဘိုးတော
ဘုရားအိမ်ရှေ့မင်း၊ ဘကြီးတော်ဘုရား၊ ကုန်းဘောင်မင်း၊ ပုဂံမင်း၊ မင်းတုန်းမင
ကနောင်မင်း အဆက်ဆက်တို့က အမြဲမပြတ်ကိုးကွယ်ခဲ့ကြလေသည်။

မင်းတုန်းမင်း၏ ငယ်မည်မှာ မောင်လွင်ဖြစ်ပြီး ကနောင်မင်း
ငယ်မည်မှာ မင်းတပ်ဖြစ်သည်။ နန်းတော်ဦးတွင်တင်၍ ကိုးကွယ်သော
ကြောင့် မာရ်အောင်မြင် အမည်ပျောက်၍ နန်းတော်ဦးမြတ်စွာဘုရား
အမည်သစ်တွင်၏။ မင်းတပ်မင်း (ကနောင်မင်း) သည် အမြဲမပြတ်ဆည်
ကပ်ကိုးကွယ်သောကြောင့် မင်းတပ်ဘုရားဟူ၍လည်း အမည်တွင်သည်
လွန်စွာ ဆုတောင်းပြည့်သောကြောင့် ဆုတောင်းပြည့်မြတ်စွာဘုရားဟုလည်
တွင်သည်။ ထို့ကြောင့် နန်းဦးဘုရားတွင် ဆုမွန်များတောင်း၍ နိုင်ငံတော
ကို ပုန်ကန်ခြားနားမည်စိုးသောကြောင့် ဘုရင်မင်းမြတ်က မင်းညီမင်းသာ
များမဖူးရဟု တားမြစ်မိန့်ထုတ်ပြန်ထားခဲ့ကြောင်းလည်း သိရသည်။





မြန်မာသက္ကရာဇ် ၁၂၁၄ ခုနှစ်၊ ပြာသိုလတွင် ပုဂံမင်းသည် အင်္ဂလိပ်တို့နှင့် ဒုတိယအကြိမ်စစ်ဖြစ်ပွားနေဆဲကာလတွင် မင်းတုန်းမင်းနှင့် ကနောင်မင်းညီနောင်တို့က ရွှေဘိုမြို့တွင် အောင်မြေနင်းပြီး စစ်သည်တော်များ စုရုံး၍ နောင်တော်ပုဂံမင်းကို ပုန်ကန်တိုက်ခိုက်ကြလေသည်။ ဤသို့ စစ်မက်ဖြစ်ပွား၍ ရှုပ်ထွေးနေချိန်အတွင်း၌ပင် ဇလွန်မြို့သူကြီး ဦးရွှေပွင့်က မာရ်အောင်မြင်ဘုရားအား ဇလွန်မြို့သို့ ပင့်ဆောင်ခဲ့ခြင်းဖြစ်ပေသည်။

ဦးရွှေပွင့်သည် မယ်တော်ကြီးထံမှ ခွင့်ရတော်မူ၍ ဇလွန်မြို့သို့ ပြန်ပါမည့်အကြောင်း လျှောက်ထားလေလျှင် မိဖုရားကြီးက ရွှေဝါတော်ကြီး၌ နန်းတော်ဦးမြတ်စွာဘုရားကို တင်တော်မူစေ၍ လူပေါင်း(၄၇)ယောက်တို့ကို ထမ်းစေပြီး ဂေါဝိန်ဆိပ်သို့ရောက်အောင် ပို့တော်မူစေသည်။ ဦးရွှေပွင့်တို့လည်း လိုက်၍ပို့ဆောင်ကြသော လူများနှင့်အတူ အနောက်မုခ်ဗြဲတိုက်တံခါးနီလမ်းမှ ထွက်ခွာကြ၍ ဂေါဝိန်ဆိပ်သို့ ရောက်လေလျှင် 'ရှန်လွင့်' ခေါ် မင်္ဂလာလှေတော်ကြီးပေါ်၌ မြတ်စွာဘုရားရုပ်ပွားတော်အား ကောင်းမွန်စွာ ပူဇော်တင်ဆောင်၍ ဧရာဝတီမြစ်ကြီးကို စုန်ဆင်း၍လာခဲ့ကြရာ တပေါင်းလဆန်း (၁) ရက်နေ့တွင် ဇလွန်မြို့သို့ ဆိုက်ရောက်လေသည်။

မြို့သူမြို့သား ရဟန်းရှင်လူအပေါင်းလည်း မာရ်အောင်မြင်ရုပ်ပွားတော်မြတ်ကို သေချာစွာဖူးတွေ့ရသောအခါ ဝမ်းမြောက်ဝမ်းသာစွာ ကြိုဆိုပင့်ဆောင်ခဲ့ကြပြီး မြို့ရွာမှ ကြိုတင်ဆောက်လုပ်ထားနှင့်သော ရွာဘုံတန်ဆောင်းကြီးအတွင်း၌ ခေတ္တယာယီ သီတင်းသုံးစံပယ်တော်မူစေသည်။

ရွာဘုံတန်ဆောင်းတော်ကြီးသည် မြို့၏အလယ်၌ တည်ရှိတော်မူပြီး ကလပ်ပေါ် သက်ငယ်မိုး ယာယီစံကျောင်းဖြစ်ပေသည်။ မြို့သူမြို့သားအပေါင်းတို့ကလည်း ဝမ်းမြောက်ဝမ်းသာ လှိုက်လှဲစွာဖြင့် ကြည်ညို ပူဇော်နိုင်ကြလေသည်။ ဆရာတော်ဦးဖြူ ဘွဲ့တော်ဦးအရိန္ဒမသည် ပုလဲအဆင်း ဓာတ်တော် (၆)ဆူကို ရွှေကြုတ်ဖြင့်ထည့်၍ လက်ဝဲလက်ရုံးတော်၌ ပူဇော်ပြီး ရွှေအဆင်းရှိသော ဓာတ်တော်(၆)ဆူကို ရွှေကြုတ်ဖြင့် ထည့်၍ လက်ျာလက်ရုံးတော်၌ ဌာပနာတော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com



နန်းတော်ဦးမြတ်စွာဘုရား အမည်တော်ပျောက်၍ မာရ်အောင်မြင်မြတ်စွာဘုရားဟု တစ်ဖန်အမည်တော်တွင်ပြန်သည်။ တန်ခူးလပြည့်နေ့သို့ ရောက်သော် အနေကဇာ တင်ကြပြန်၏။ အချို့သောသူတို့က ဤဘုရားသည် ရခိုင်ပြည်၌ သွန်းလုပ်ကိုးကွယ်သော မာရ်အောင်မြင်ဘုရားမဟုတ်။ မြို့သူကြီးဦးရွှေပွင့် အမရပူရသို့ သွားရောက်သွန်းလုပ်သော ဘုရားသာဖြစ်သည်ဟု ဆိုကြပြန်သည်။

ထိုစဉ် ရခိုင်ပြည်၌ သစ်တောအုပ်ကြီးရာထူးဖြင့် ကိုးနှစ်တိုင်တိုင် အမှုထမ်းခဲ့ဖူးသော ဇလွန်မြို့သား ယခု မာရ်အောင်မြင်မြတ်စွာဘုရား၏ ဂေါပကဥက္ကဋ္ဌကြီး ဦးဘဘေက ပြောကြားသည်မှာ . . .

''ကျွန်တော်သည် မာရ်အောင်မြင် မြတ်စွာဘုရားအကြောင်းကို ကောင်းစွာသိလို၍ ရခိုင်ပြည်၌နေစဉ် ဆရာတော်ကြီးများနှင့် လူကြီးသူမများကို မေးမြန်းစုံစမ်းရာ ရခိုင်ရာဇဝင်ပေမူ၌ မဟာမြတ်မုနိရုပ်ပွားတော်နှင့် တကွ ရှင်ကျော်၊ ရွှေဘုံသာ၊ မာရ်အောင်မြင်ဟူသော လေးဆူသော ဘုရားတို့ကို တစ်ပြိုင်တည်း သွန်းလုပ်ကြောင်း၊ အမရပူရရွှေနန်းရှင်၏သားတော် အိမ်ရှေ့မင်းသားသည် ဧဝတီကို တိုက်ခိုက်သိမ်းပိုက်ရာတွင် 'ရှင်ကျော်' တစ်ဆူကိုသာ ချန်ထား၍ ကျန်ဘုရားသုံးဆူကို ပင့်ဆောင်သွားကြောင်း အမိန့်ရှိကြသည်။ မြန်မာရာဇဝင်ပေမူ၌လည်း အထက်ပါအတိုင်း ပါရှိလေသည်။ ရခိုင်လူမျိုး ဘုရားဖူးများကလည်း ရခိုင်ပြည်မှ မာရ်အောင်မြင်ရုပ်ပွားတော်မြတ်ဖြစ်ကြောင်း အတည်ပြုကြသည်။

✿ ✿ ✿

[၅]

❑

မကြာမြင့်မီအချိန်၌ အမရပူရ ရွှေနန်းတော်မိဖုရားကြီးအထံတော်မှ မြို့သူကြီး ဦးရွှေပွင့်အပ်နှံထားသော ကြေးဆင်းတုရုပ်ပွားတော် သွန်းလုပ်ပြီးစီးပြီဖြစ်၍ နန်းတော်ဦးမြတ်စွာဘုရားကို ပြန်လည်ပင့်ဆောင်ပို့ရန် တမန်တော်များရောက်ရှိလာသည်။ မြို့သူကြီးဦးရွှေပွင့်ကလည်း ဇလွန်မြို့နယ်နှင့်တကွ ရပ်ဝေး၊ ရပ်နီးမှ ဘုရားဖူးများ ပျားပန်းခတ်မျှ စည်ကားစွာ လာရောက်ဖူးမြော်နေကြသဖြင့် ခေတ္တဆိုင်းငံ့ပါရန် လျှောက်ထားသဖြင့် ဆိုင်းငံ့တော်မူလေသည်။

ဒုတိယအကြိမ် တမန်တော်များ ရောက်လာကြပြန်သောအကြိမ်၌လည်း တိုင်းပြည်မြို့ရွာ မငြိမ်သက်၊ လမ်းပန်းမသာသောကြောင့် ထပ်မံဆိုင်းငံ့စေလိုကြောင်း သံတော်ဦးတင်၍ အချိန်ဆွဲနေလေသည်။ တစ်နေ့သောအခါ ဇလွန်မြို့ကို မီးအကြီးအကျယ်လောင်သဖြင့် ဘုရားပတ်ဝန်းကျင်မှ လူနေအိမ်များ မီးလောင်၍ လူသူအများ သေကျေပျက်စီးကြသော်လည်း ဘုရားတန်ဆောင်းတော်ကြီးနှင့် မာရ်အောင်မြင်ဘုရားအား မီးမခဘဲ ကျန်ရစ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာသက္ကရာဇ် ၁၂၁၄ ခုနှစ်တွင် ပြည်နှင့် တောင်ငူမြို့များနှင့်တကွ အောက်မြန်မာပြည်တစ်ဝှမ်းလုံးကို အင်္ဂလိပ်တို့က သိမ်းယူလေသည်။ ထို့နောက် ကြေးပိုက်ဆံပြုလုပ်ရန်နှင့် အမြောက်ဆံသွန်းလောင်းရန် ကြေးဆင်းတုတော်ပေါင်းများစွာနှင့် ကြေးအိုး၊ ကြေးခွက်၊ ကြေးစကြေးနတို့ကို အင်္ဂလိပ်စစ်ဗိုလ် ဆာဂျွန်ဆပ်က သိမ်းကျုံးစုဆောင်းလေရာ ၁၂၁၇ ခုနှစ်တွင် မာရ်အောင်မြင်ရုပ်ပွားတော်အား 'ရွှေချိန်' အမည်ရှိသော သင်္ဘောဖြင့် အိန္ဒိယနိုင်ငံ ဘုံဘေမြို့သို့ သယ်ဆောင်သွားလေသည်။

ဇလွန်မြို့သူမြို့သားအပေါင်းတို့သည် လေးနက်ကြည်ညို ရှိခိုးပူဇော်နေကြသော မာရ်အောင်မြင်မြတ်စွာဘုရားကို အင်္ဂလိပ်တို့က အနိုင့်အထက် သိမ်းယူသွားခြင်းခံရသဖြင့် သည်းသည်းရှတ်ရှတ် သောသောအုတ်၍ တရှုံ့ရှုံ့ငိုကြွေးကြပြီး သောကမီးတောက်လောင်ကြရှာသည်။

၁၂၁၄ ခုနှစ်တွင် ပုဂံမင်းနန်းကျ၍ မင်းတုန်းမင်းနန်းတက်သည်။ ၎င်းနှစ်၌ပင် အောက်မြန်မာပြည်ကို အင်္ဂလိပ်တို့က သိမ်းပိုက်လိုက်သည်။ ကနောင်မင်းခေါ် မင်းတပ်မင်းလည်း တိုင်းရေးပြည်ရေး ရှုပ်ထွေးနေသဖြင့် ဇလွန်မြို့သို့ တမန်တော်များမလွှတ်အားသောအချိန်လည်း ဖြစ်ပေသည်။ မင်းတုန်းမင်းနန်းတက်၍ ပုဂံမင်းနန်းကျသောကြောင့် မိဖုရားကြီးလည်း နန်းကျမိဖုရားဖြစ်၍ တန်ခိုးအာဏာမရှိတော့သဖြင့် ဦးရွှေပွင့်ထံ တမန်တော်များ မလွှတ်နိုင်တော့ဘဲ လျစ်လျူရှုကာ နေရလေသည်။ ၁၂၁၇ ခု နှစ်တွင် မာရ်အောင်မြင် ရုပ်ပွားတော်မြတ်အား အိန္ဒိယနိုင်ငံသို့ သယ်ဆောင်သွားကြောင်း ကြားသိရသဖြင့် နန်းဦးမြတ်ဘုရားထားခဲ့သော ပလ္လင်ပေါ်၌ ဦးရွှေပွင့်သွန်းလုပ်ခဲ့သော ကြေးဆင်းတုတော်ကြီးကို ပင့်ဆောင်ကာ ကိုးကွယ်တော်မူရရှာလေသည်။

ဇလွန်မြို့သူမြို့သားအပေါင်းမှာလည်း မာရ်အောင်မြင်ရုပ်ပွားတော်မြတ်အား လွမ်းဆွတ်တသ အောက်မေ့ကြပြီး သောကမီးတောက်လောင်လျက် ဗြိတိသျှအင်္ဂလိပ်တို့အားလည်း ကျိန်ဆဲကြသည်။ အင်းဝမြို့ကို သိုဟန်ဘွားအုပ်စိုးစဉ်အခါကလည်း ဗုဒ္ဓရုပ်ပွားတော် ဆင်းတုတော်များကို ဖျက်ဆီးပြီး ရဟန်းတော်များကို သတ်ဖြတ်သောကြောင့် မင်းကြီးရန်နောင်က လုပ်ကြံ





သဖြင့် သိုဟန်ဘွားသေကျေပျက်စီးဖူးသည်။ ယခုလည်း အင်္ဂလိပ်များ သေကျေပျက်စီးစေရန် ဆုတောင်းကြသည်။

မာရ်အောင်မြင်ရုပ်ပွားတော်မြတ်၏ တန်ခိုးတော်နှင့် ဇလွန်မြို့သူမြို့သားတို့၏ လေးနက်သောကျိန်စာကြောင့် ဖြစ်ပေမည်။ အိန္ဒိယနိုင်ငံ ဘုံဘေမြို့သို့ ရောက်ရှိ၍နေတော်မူကြကုန်သော ကြေးဆင်းတုတော်များစွာတို့ကို ဂိုဒေါင်နှင့်ထား၍ ဖိုကျင်ထိုးကာ အရည်ကျိုပြီး ကြေးပိုက်ဆံနှင့် အမြောက်ဆံ သွန်းလောင်းနေကြစဉ် မာရ်အောင်မြင် မြတ်ဘုရားဆင်းတုတော်ကို ဖိုလေးလုံးဖြင့် ဆိုင်ပြိုင်ကာထိုးသော်လည်း အရည်မပျော်။ တူနှင့်ထုသော်လည်း အရာမျှမထင်။ ပကတိအတိုင်းပင် မပျက်မယွင်းရှိလေ၏။

ထိုအချိန်၌ ထူးဆန်းစွာပင် ရုတ်တရက် မိုးမှောင်ကြီးကျလာပြီး နှင်းများလည်း ဝေလာသည်။ ဌာပနာထားသော ဓာတ်တော်များလည်း ကွန့်မြူး၍ ရောင်ခြည်တော်လွှတ်တော်မူသည်။ အနောက်ဘက်သို့ မျက်နှာတော်လှည့်ထားသော်ငြားလည်း အရှေ့ဘက်သို့ မျက်နှာတော်ပြန်လှည့်လာသည်။ ကုလားလူမျိုးပေါင်း (၆၄) ယောက်မှာ တစ်ပြိုင်တည်း အချို့မှာ သွေးအန်၍ သည်းကောင်း၊ အချို့မှာ ဝမ်းရောဂါဖြင့် သေဆုံးကုန်ကြသည်။

အင်္ဂလန်နိုင်ငံ၌ ရာဇဘိသိက်ခံယူပြီးနောက် အိန္ဒိယပြည်၊ နယူးဒေလီမြို့၌ ခေတ္တလာရောက်စံမြန်းနေသော ဝိတိုရိယဘုရင်မကြီး၌ မဖြစ်စဖူး ထူးကဲသော ခေါင်းကိုက်ဝေဒနာသည် ပြင်းထန်စွာစွဲကပ်၍ မခံမရပ်နိုင်အောင် ဖြစ်ပေါ်လာသဖြင့် တတ်ကျွမ်းလိမ္မာသော ဆေးဆရာဝန်တို့ဖြင့် ကုသသော်လည်း ပျောက်ကင်းခြင်းမရှိ။ မချိအောင် ခံစားနေရလေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၆ ]

❑

ထိုသို့ ခေါင်းခဲဝေဒနာကို ပြင်းပြစွာခံစားနေရရင်း ခေတ္တခဏ အိပ်ပျော်ချိန်တွင် ထူးဆန်းသောအိပ်မက်ကို မက်လေသည်။ အိပ်မက်ထဲ၌ ဆာဒူးဟုယူဆရသူ ဝတ်စုံဖြူဝတ်ထားသော အဘိုးအိုတစ်ဦးက . . .

"ဘုရင်မကြီး . . . ဘုရင်မကြီး၏ ခေါင်းကိုက်ဝေဒနာကို သေချာစွာ ပျောက်ကင်းချမ်းသာပါလိုမူ မြန်မာပြည်မှ သိမ်းဆည်းယူဆောင်လာသော 'မာရ်အောင်မြင်' ဆင်းတုတော်ကြီးကို နေရင်းအရပ်ရောက်အောင် အမြန်ပြန်ပို့ရမည်။ ပြန်၍မပို့ဘဲနေချေက ဘုရင်မကြီး၏ အသက်အန္တရာယ်တင်မက ဘုရင်မကြီးအုပ်ချုပ်မင်းလုပ်သော တိုင်းပြည်မြို့ရွာများ၌လည်း အန္တရာယ်ဘေးဆိုးကြီး ကျလတ္တံ့။ မြတ်စွာဘုရားကို ဖျက်ဆီးသော တိုင်းနိုင်ငံသည်လည်း ကပ်ကြီးသုံးပါး ကျရောက်၍ သေကျေပျက်စီးလိမ့်မည်" ဟု အိပ်မက်ပေးလေသည်။

ဘုရင်မကြီးလည်း ရုတ်တရက် ထိတ်လန့်တကြား အိပ်ရာမှနိုးပြီးလျှင် ကြောက်ရွံ့တော်မူသောကြောင့် မှူးတော်၊ မတ်တော်တို့အား အရေးပေါ်ခေါ်ယူ၍ အိပ်မက်အကြောင်း ဆွေးနွေးတိုင်ပင်ကြလေသည်။ ထို့ကြောင့်





မှူးတော်၊ မတ်တော်တို့လည်း မာရ်အောင်မြင်ဘုရားအား စုံစမ်းရှာဖွေကြလေကုန်သည်။

ဘုံဘေမြို့ ကိုဒေါင်အတွင်းဝယ် မဖွယ်မရာသွတ်သွင်း၍ ထားခြင်းခံရသော ရုပ်တုတော်မြတ်တို့တွင် ရုပ်တုတော်တစ်ဆူသည် မားမားမတ်မတ်ထွက်ပြူစနေမင်းကဲ့သို့ ဝါဝင်းထိန်ပြောင်သော ရောင်ခြည်တော်များလွှတ်၍ ထူးကဲစွာ တွေ့မြင်ကြရသောကြောင့် မြန်မာဘုရား စုန်းတောက်စားသည်ဟု ဘုရင်မကြီးအား လျှောက်တင်ကြလေသည်။

ထိုအခါ ဘုရင်မကြီးက . . .

"ဤကဲ့သို့ ထူးခြားဆန်းကြယ်သော ရုပ်တုတော်သည် ကေန်အမှန်အိပ်မက်မြင်မက်သည့် မာရ်အောင်မြင်ရုပ်တုတော်အစစ် ဖြစ်လိမ့်မည်။ အသင်တို့ အမြန်ဆောင်ယူ၍ မူလယူလာခဲ့သည့်နေရပ်သို့ အမြန်ပို့စေ"

ဟု အမိန့်တော်ချွေလေသည်။

ထို့ကြောင့် မှူးတော်၊ မတ်တော်များက မာရ်အောင်မြင်ဘုရားအား သင်္ဘောဖြင့်တင်ကာ နေရင်းဒေသသို့ အမြန်ပြန်ပို့ရန် စီစဉ်သည်နှင့် ဝိတိုရိယဘုရင်မကြီး၏ ခေါင်းကိုက်ဝေဒနာသည် ယူပစ်သလို ဒိဋ္ဌချက်ချင်းပျောက်ကင်းခြင်းသို့ ရောက်လေသည်။

သက္ကရာဇ် ၁၂၁၉ ခုနှစ်တွင် ဘုရင်မကြီး၏အမိန့်တော်အတိုင်း မာရ်အောင်မြင်ဘုရားကို သင်္ဘောဖြင့်ပင့်ဆောင်လာခဲ့ပြီး မြို့များ၍ ဇလွန်မြို့ကို ကျော်လွန်လာခဲ့ပြီး ဟင်္သာတမြို့သောင်စပ်၌ ထားခဲ့ကြလေသည်။ တံငါသည်တို့က မာရ်အောင်မြင်ဘုရားကို ဖူးတွေ့ရလျှင် လူအများကို ဝမ်းမြောက်ဝမ်းသာ ရှုံးခေါ်ငင်လျက် ကမ်းပါးထိပ်ပေါ်ရှိ ငါးမျက်နှာတန်ဆောင်းတော်ကြီးအတွင်းတွင် ခေတ္တစံပယ်တော်မူစေ၍ ပူဇော်ကြလေသည်။ မြို့ရွာ၊ တောပါလူအများက 'ပေါ်တော်မူဘုရား' ဟု သမုတ်၍ အုတ်အော်သောင်းတင်းအမြော်ကြလေကုန်သည်။

ထိုအချိန်တွင် ဇလွန်မြို့ပိုင်မင်းသည် အရေးပိုင်မင်းနှင့် တွေ့ဆုံရန် ဟင်္သာတမြို့သို့ သင်္ဘောဖြင့် သွားရောက်စဉ် ရဟန်းရှင်လူအပေါင်းတို့



www.burmeseclassic.com

www.burmeseclassic.com



နေ့ညမစဲ တသဲသဲ လာရောက်ဖူးမြော်နေကြသော ပေါ်တော်မူဘုရားကို ဝင်ရောက်ဖူးမြော်လေသည်။

ဇလွန်မြို့ပိုင်မင်း ဝင်ရောက်ဖူးမြော်တော့မှ ပေါ်တော်မူဘုရားဆိုသည်မှာ ဇလွန်မြို့မှ အင်္ဂလိပ်တို့ သိမ်းယူပင့်ဆောင်သွားသော မာရ်အောင်မြင်ဘုရားမှန်း သိသဖြင့် အရေးပိုင်နှင့်တွေ့ပြီး ရုံးကိစ္စ ဆောင်ရွက်ပြီးသည်နှင့် ဇလွန်သို့ပြန်ခဲ့ပြီး ဆရာတော်ဦးဖြူအား အလုံးစုံ လျှောက်ထားလေ၏။

ဆရာတော်ဦးဖြူလည်း လှေတစ်ဆယ့်နှစ်စင်းတို့ဖြင့် ဒကာ၊ ဒကာမများကို စုရုံးခေါ်ဆောင်၍ မာရ်အောင်မြင်ဘုရားရှင်ကို ဖူးမြော်ရန် ဟင်္သာတမြို့သို့ ကြွလေသည်။ မာရ်အောင်မြင်ဘုရားအား သေချာစွာ ဖူးမြင်ရလေလျှင် မိမိတို့ဇလွန်မြို့က ဘုရားအစစ်အမှန်ဖြစ်ကြောင်း သိရှိသဖြင့် ဟင်္သာတမြို့အရေးပိုင်ထံ ကြွမြန်းပြီး အကျိုးအကြောင်းကို စုံလင်အောင် မိန့်ကြားလေသည်။

အရေးပိုင်မင်းလည်း ဟင်္သာတမြို့ပေါ်ရှိ လူကြီးလူကောင်းတို့ကို ခေါ်ပြီး တိုင်ပင်ရာ ဤကိစ္စသည် သာသနာရေး ကိစ္စဖြစ်သဖြင့် သံဃာတော်များနှင့် သက်ဆိုင်ရာ ဟင်္သာတမြို့မှ လူကြီးများရွေးချယ်သော ဆရာတော်နှင့် ဇလွန်မြို့မှ ဆရာတော်ဦးဖြူတို့ အချင်းချင်း စကားပြောကြရန် အမိန့်ချမှတ်လေသည်။ ဟင်္သာတမြို့မှ လူကြီးများက ကြေးကန်ဆရာတော်ကိုပင့်၍ ဇလွန်ဆရာတော်ဦးဖြူနှင့် စကားဆိုကြစေကုန်သည်။ ကြေးကန်ဆရာတော်မှာ ဇလွန်ဆရာတော် ဦးဖြူထက် အသက်၊ သိက္ခာ၊ ဝါတော်ကြီးတော် မူလေသည်။ ထို့ကြောင့် ဇလွန်ဆရာတော် ဦးဖြူမှာ ချင့်ချင့်ချိန်ချိန် စကားကို ဆင်ခြင်၍ ပြောရရှာလေသည်။

✿ ✿ ✿

## [၇]

❑

ကြေးကန်ဆရာတော်မှ ...

''ဆရာတော်တို့ ဇလွန်မြို့က ဘုရားလို့ ဘာအထောက်အထားရှိလို့ ပြောနိုင်တာလဲ''

ဆရာတော်ဦးဖြူ ...

''စမွခဏ်မှာ စာပါသောကြောင့် ပြောနိုင်ပေါ့ဘုရား''

''စမွခဏ်တော်က စာကို ဆရာတော် ရွတ်ဆိုပြနိုင်ပါသလား''

''ရွတ်ဆိုပြနိုင်ပါတယ်ဘုရား''

ထိုအခါ အနီးတွင်ရှိသော ဘုန်းတော်ကြီးတစ်ပါးအား ကြေးကန်ဆရာတော်က ဘုရားစမွခဏ်တွင်ရှိသော ဂါထာတော်ကို အကူးခိုင်းပြီးလျှင် ဆရာတော်ဦးဖြူအား အလွတ်ရွတ်ဆိုပြစေသည်။

''ဣတိပိ၊ ပိဋကတ္တယံ၊ အနိစ္စံ၊ ဒုက္ခံ၊ အနတ္တံ၊
သတ္တဗောဇ္ဈင်္ဂေါ၊ အဋ္ဌင်္ဂိကော၊ မဂ္ဂေါ၊ စတုပဋ္ဌာနံ၊
သဗ္ဗသသ ဣန္ဒြော၊ သဟာဿသူရိယော၊ ဩဘာသနမောမေတ္တာနံ၊
ရာဇဘယံ၊ စောရဘယံ၊ ဥဒကဘယံ၊ အဂ္ဂိဘယံ၊ သတ္တဘယံ၊
သဗ္ဗဘယံ၊ ဇေယျော၊ ဇယတုမင်္ဂလံ၊ အနိစ္စံ၊ သင်္ခတံ၊
ပဋိစ္စ သမုပ္ပန္နံ၊ ခယဓမ္မံ၊ ဝယဓမ္မံ၊ ဝိရာဂဓမ္မံ၊ နိရောဓဓမ္မံ၊
ခမတိ''

---

**စိတ်ကူးသစ်စာပေ**

www.burmeseclassic.com



ဟု ရွတ်ဆိုပြရာ ဆရာတော်ဦးဖြူ အလွတ်ပြန်ဆိုသော ဂါထာနှင့် ကူးယူလာသောဂါထာသည် တစ်ထပ်တည်း ကျလေသောကြောင့် ဆရာတော်ဦးဖြူ အနိုင်ရလေသည်။ ဆရာတော်ဦးဖြူ အနိုင်ရသော်ငြားလည်း ဟင်္သာတမြို့လူထုက သူတို့နယ်မြေတွင် ရောက်ရှိလာသော ပေါ်တော်မူဘုရားသည် သူတို့မြို့နယ်နှင့်သာ ထိုက်သဖြင့် ပြန်မပေးနိုင်ဟု ငြင်းဆိုကြပြန်သည်။

ထို့ကြောင့် အရေးပိုင်မင်းက ဖောင်တော်ပေါ်တွင် ဘုရားကိုပင့်ဆောင်တင်ထား၍ မြစ်လယ်သို့သွားပြီး . . .

''ဇလွန်မြို့နှင့် ဟင်္သာတမြို့တို့ သူနိုင်ကိုယ်နိုင် အပြိုင်ရွှေကြိုးဆွဲကြပေရော့။ ဘုရားရှင်က ကိန်းဝပ်တော်မူလိုရာသို့ ကြွလိမ့်မယ်။ ရှရာ'ဒွါ့က ကိုးကွယ်ပူဇော်ကြပေရော့''

ဟု အမိန့်ချမှတ်လေသည်။ ပြီးနောက် အရေးပိုင်မင်းနှင့် လူကြီးများ၊ ကြေးကန်ဆရာတော်နှင့် ဆရာတော်ဦးဖြူကိုပါ ဘုရားဖောင်တော်ထက်၌ နေစေလေသည်။

ဆရာတော်ဦးဖြူက စဉ်းစားသည်မှာ ဇလွန်မြို့ဘက်ကထက် ဟင်္သာတမြို့ဘက်က လှေပေါင်း၊ လူပေါင်း အဆမတန် များပြားသည်ကို မြင်လေလျှင် မာရ်အောင်မြင်ဘုရားအား ရိုသေစွာ ရှိခိုးပူဇော်၍ . . .

''ရှင်တော်မြတ်ဘုရား . . . ရှင်တော်မြတ်ဘုရား ပျော်မွေ့တော်မူရာ ဘူမိနက်သန်မှန်ပါသော ဇလွန်မြို့ဘက်သို့ အလျင်အမြန် ကြွတော်မူပါဘုရား။ သမ္မာဒေဝ နတ်မြတ်နတ်ကောင်းအပေါင်းတို့ကလည်း ကူညီစောင့်ရှောက်တော်မူပါ''

ဟု သစ္စာအဓိဋ္ဌာန်ပြုတော်မူလေသည်။

ထိုအခါ ဇလွန်မြို့ဘက်က လူများက လှေတစ်ဆယ့်နှစ်စင်း၊ ဟင်္သာတမြို့ဘက်က လူများက လှေပေါင်းသုံးဆယ့်ရှစ်စင်းတို့ဖြင့် ဆွဲကြရာ ဇလွန်မြို့ဘက်သို့ ပါတော်မူလေသည်။ ထိုအခါ ဟင်္သာတသားတို့က ရေစုန်ဖြစ်၍ ဇလွန်ဘက်သို့ ပါခြင်းဖြစ်သည်ဟု မကျေမနပ်ဖြစ်ကြပြန်ရာ အရေးပိုင်မင်းက ဟင်္သာတနှင့် ဇလွန်လှေများကို ဘက်ပြောင်း၍ ဆွဲခိုင်းပြန်သည်။ ရေဆန်





ဖြစ်သော်လည်း ဇလွန်လှေများဘက်သို့သာ ဘုရားရုပ်ပွားတော် တင်ဆောင်ထားသော ဖောင်တော်ကြီးပါတော်မူ၍ ဇလွန်ဘက်က အနိုင်ရလေသည်။

ဇလွန်မြို့သူမြို့သားတို့သည် မိမိတို့ဘက်က အနိုင်ရသဖြင့် ပျော်ရွှင်စွာကခုန်တီးမှုတ်ကြပြီး မာရ်အောင်မြင်ဘုရားအား ပင့်ဆောင်လျက် ဧရာဝတီမြစ်ကြီးကို စုန်ဆင်းပြီး ဇလွန်မြို့သို့ ပြန်လာကြလေလျှင် ဇလွန်မြို့သူမြို့သား ရဟန်းရှင်လူအပေါင်းတို့သည် ဝမ်းပန်းတသာဆီးကြို၍ ရှိခိုးပူဇော်ကန်တော့ကြပြီး ဦးသိုင်း၏ တစ်ဝဂူကြီးအတွင်းရှိ ပလ္လင်တော်ထက်၌ ခေ ဒ္ဓယာယီ သီတင်းသုံးနေစေတော်မူလျက် ဝန္ဒနာပွဲကြီး ပြုလုပ်ကျင်းပ ပူဇေ ်သက္ကာရ ပြုကြလေသည်။

ထိုအခါက အစပြု၍ မာရ်အောင်မြင်ဘုရားအား ကုလားပြည်မှ ပြန်ဂ ည်ကြွရောက်တော် မူလာသောကြောင့် 'ပြည်တော်ပြန်ဘုရား' ဟု အမည် သစ်တွင်ရာ ယနေ့ထက်တိုင် ဖြစ်လေသည်။

ဦးသိုင်း၏ တစ်ဝဂူကြီးတွင် စံပယ်တော်မူသော ပြည်တော်ပြန်ဘုရားသည် သုံးနှစ်ခန့်အကြာ ၁၂၂၃ ခုနှစ်တွင် မှန်စီရွှေချ ရတနာစံကျောင်းတော်ကြီးသို့ ပြောင်းရွှေ့စံနေတော်မူရာ ၂၅ နှစ်ကြာလေသည်။

သက္ကရာဇ် ၁၂၄၈ ခုနှစ်တွင် ရတနာစံကျောင်း တန်ဆောင်းတော်ကြီးမှ ဆရာတော် ဦးဖြူကြီးကြပ်စီမံတော်မူ၍ လိမ္မာတတ်ကျွမ်းသော ဗိသုကာတို့ဖြင့် သေချာစေ့စပ်စွာ ဆောက်လုပ်လှူဒါန်းအပ်သော မဒရပ်ပုံစံ ဘုံပြန်ကိုးထပ် ကိုးဘုံတန်ဆောင်းတော်ကြီးအတွင်းသို့ ရွှေ့ပြောင်းစံနေတော်မူပြန်သည်။ ကိုးဘုံတန်ဆောင်းမှာ လွန်စွာဆန်းကြယ်လှပ၍ လွန်စွာကျယ်ဝန်းသည်။ ကိုးဘုံတန်ဆောင်းကြီးဆောက်လုပ်ရန် ကျွန်းတိုင်ထူစဉ်က လင်းတငှက်တစ်ကောင်သည် ငှက်ပျောဖူးအဖတ်ကို ချီ၍ ကျွန်းတိုင်ထိပ်၌ နားသည်။ ဆရာတော်ဦးဖြူက လင်းတငှက်ဟုမခေါ်။ ရွှေဟင်္သာငှက်ဟုခေါ်စေသည်။

လင်းတငှက်မှာ ကျွန်းတိုင်တွင် ခေတ္တသာနားပြီး မြောက်ဘက်အရပ်သို့ အနည်းငယ်ပျံပြီး အနောက်ဘက်တည့်တည့် တစ်မိုင်ခွဲခန့်ဝေးသည့် ဘိုးပုဏ္ဏားကုန်းသို့ ပျံ၍ လက်ပံညီနောင်တွင်နားပြီး ငှက်ပျောဖူး



www.burmeseclassic.com

www.burmeseclassic.com



အဖတ်ကို ချလေသည်။ ထို့ကြောင့် ဆရာတော်ဦးဖြူက ပြည်တော်ပြန်ဘုရားသည် ပုဏ္ဏားကုန်းသို့ ပြောင်းရွှေ့စံပယ်တော်မူလိမ့်မည်ဟု နိမိတ်တော်ဖတ်လေသည်။

ပြည်တော်ပြန်ဘုရားကြီးသည် ကိုးဘုံတန်ဆောင်ကြီးအတွင်း၌ (၃၂) နှစ်တာကာလပတ်လုံး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများဖြင့် ပူဇော်သက္ကာရကို ခံယူတော်မူသည်။ မကြာမီ ရောဝတီမြစ်ကမ်းပြို၍ ကိုးဘုံတန်ဆောင်းတော်ကြီးမှာ ဘီးကုတ်သဏ္ဌာန်ဝိုက်ကာ ကျန်လေသည်။ ထို့ကြောင့် ၁၂၈၀ ပြည့်နှစ်တွင် ဘိုးပုဏ္ဏားကုန်းသို့ ပြည်တော်ပြန်ဘုရား အား ပြောင်းရွှေ့စံနေတော်မူစေပြီး ဦးသံတိုင်တန်ဆောင်းတွင် ဆယ်နှစ်ပတ်လုံး သီတင်းသုံးစံနေတော်မူလျက် ဒေါ်ဒေါ်သန့်၏ တစ်ပြားတန်ဆောင်းတွင် လေးနှစ် စံနေတော်မူသည်။

၁၂၈၃ ခုနှစ်၊ ကဆုန်လဆန်း (၁၁) ရက်နေ့တွင် စတင်တည်ဆောက်သော တန်ဆောင်းတော်မြတ်ကြီးကို ဇလွန်မြို့အပိုင် ကညင်ကွင်းရွာနေ ဘုရားဒါယကာဦးရွှေကုန်း၊ ဘုရားဒါယိကာမဒေါ်မင်းသွယ်၊ သားသမီးတစ်စုတို့က ထက်သန်သောစေတနာ၊ သဒ္ဓါတရားဖြင့် ခမ်းနားကြီးကျယ်စွာ ဆောက်လုပ်လှူဒါန်းလေသည်။

၁၂၉၁ ခုနှစ်တွင် ခေတ္တယာယီစံနေတော်မူသော ဒေါ်ဒေါ်သန့်၏ တစ်ပြားတန်ဆောင်းမှ ဒေါ်လုံမကြီးတန်ဆောင်းနှင့် ကိုးဘုံတန်ဆောင်းတော် ရောက်အောင် လမ်းမကြီးဖောက်လုပ်ပြီး သဲဖြူခင်း၊ ရာဇမတ်ကာ၍ ပန်းရထားထက်၌ ပြည်တော်ပြန်ဘုရားကို စံပယ်တော်မူစေပြီး ဒေဝါဝင်း၊ ရာဇာဝင်းခင်းကာ မင်္ဂလာစည်တော်ကြီးရွှမ်း၍ ရဟန်းရှင်လူ ပြည်သူအများဖြင့် စည်ကားစွာ ဂန္ဓကုဋီတိုက်တော်သစ်သို့ ပြောင်းရွှေ့ရပြန်သည်။

✿ ✿ ✿

[ ၈ ]

❑

ယခုနောက်ဆုံး စံပယ်တော်မူသော စံကျောင်းတော်ကြီးမှာ ထက်ရှေးအာလိန် တာဝတိံက မာဃသိကြား ဖန်ဆင်းထားသော ဝေဇယန္တာနန်းပြာသာဒ်ကြီးကဲ့သို့ စုလစ်မွန်းချွန်၊ တံခွန်၊ ကုက္ကား၊ ပန်းဆွဲများဖြင့် လွန်စွာ တင့်တယ်ခမ်းနားလှပေသည်။ အလှူရှင်ဦးရွှေကုန်း၊ ဒေါ်မင်းသွယ်တို့၏ ဂန္ဓကုဋီတိုက်တန်ဆောင်းတော်ကြီးအတွင်း တည်ရှိသော နဝရတ်ကိုးသွယ်စီခြယ်ထားသည့် ကော့ကပ်ရွာနေ ဦးမြတ်လှ၊ ဒေါ်နှင်းစုတို့၏ ကောင်းမှုတော် ရတနာပလ္လင်ထက်၌ ပြည်တော်ပြန်ဘုရားကြီးမှာ ထက်ဝယ်ဖွဲ့ခွေစံနေတော်မူလေသည်။

တစ်ဖန် ၁၃၁၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁) ရက်နေ့တွင် ရေနံ(?)ဖြူမြို့ သိန်းတစ်ရာဆေးတိုက်ပိုင်ရှင် ဦးမောင်ကြီး၊ ဒေါ်အေးချိုတို့က ဘန်ဖိုးငွေငါးထောင်ကျော်တန်သော မကိုဋ်တော်နှင့် စလွယ်တော်ကြီးကို ဆင်မြန်းလှူဒါန်းတော်မူသဖြင့် လွန်စွာပင်သပ္ပာယ်၍ ကြည်ညိုဖွယ်ဖြစ်ပေါ်လာသည်။

ကျွန်တော်လည်း ဇလွန်ပြည်တော်ပြန်ဘုရားသမိုင်းအား ဘုရားတန်ဆောင်းအေးရိပ်တွင်ခို၍ ဖတ်ရှုအပြီးတွင် ဘုရားဖူးအများစု စုစုရုံးရုံးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းအုံကြည့်ရှုနေကြသော အခြင်းအရာကို သတိပြုလိုက်မိသည်။ အဘိုးကြီး တစ်ဦးဖြစ်သည်။ ဘိုးသူတော်ကဲ့သို့ အထက်အောက်အဖြူဝတ်စုံကို သန့်ရှင်း စင်ကြယ်စွာ ဝတ်ဆင်ထားသည်။ ခေါင်းမှ သျှောင်ကိုလည်း ပဝါဖြူပတ်ထား ပြီး ဘေးတွင် ဖောင်းကားနေသောလွယ်အိတ်ကြီးကိုလည်း လွယ်ထားသေး သည်။ အဘိုးကြီးမှာ ဘုရားတန်ဆောင်းအတွင်း၌ တံမြက်လှည်းပြီးနောက် ဘုရားဖူးလာသူများအား အကြွေစေ့များဝေနေခြင်းဖြစ်သည်။ ကျွန်တော်တို့ ငယ်စဉ်က အသုံးပြုခဲ့ဖူးသော ဆယ်ပြား၊ ငါးပြား၊ မတ်စေ့ အကြွေစေ့များ ဖြစ်သည်။ ပိုက်ဆံစေ့များအလယ်၌ 'ဝလုံး' ပုံ ကွင်းထားပြီး အပေါက်ဖောက် ထားသည်။ ကြိုးတပ်၍ လည်တွင်ဆွဲရန် ဖြစ်ပုံရသည်။

ကျွန်တော်လည်း စိတ်ဝင်စားသဖြင့် အနီးသို့ကပ်၍ တိုးကြည့် လိုက်သည်။

''ʻဝʼ တစ်လုံးဆောင် အိုတောင်မဆင်းရဲဘူး။ 'ဝလုံး' ဆရာ ငါးဦး မောင်ကြီး ရောက်လာပြီ။ ဇလွန်မြို့သားတွေ ပြည်တော်ပြန်ဘုရား တန်ခိုး တော်ကြောင့် ကျန်းမာချမ်းသာကြပါစေ။

'' 'ဝ' တစ်လုံးဖျက်တော့ ××× နှစ်လုံးပေါ်လာမည် ××× ဘိုးဘိုး အောင်၏ညီ ××× မောင်ကြီးရောက်လာပြီ ××× ဝအောင်စား ××× ဝေးဝေး နေ ××× ဝင်မရှုပ်နဲ့ ××× ပေးတာကိုယူ ××× ကျွေးတာကိုစား ××× ကိုးဆယ့် ခြောက်ဖြာ အန္တရာယ်ကင်းမည်''

သူဆိုနေသည်က တဘောင်လိုလို၊ သီချင်းလိုလို။ သူ့ရှေ့၌လည်း အဖုံးမပါသော သပိတ်မည်းကြီးတစ်လုံးကို ချထားသည်။ ပွဲကြည့်ပရိသတ် ကလည်း သပိတ်မည်းကြီးအထဲသို့ မုန့်ပဲသရေစာနှင့်ပိုက်ဆံများ လောင်း လှူကြသည်။ အဘိုးကြီးက သီချင်းဆိုရင်း ငွေအကြွေစေ့များကို ဝေငှနေခြင်း ဖြစ်သည်။

ကျွန်တော်လည်း မုန့်ပဲသရေစာမရှိသဖြင့် အိတ်ထဲ၌ရှိသော တစ်ရာ တန်အသစ်တစ်ရွက်ကို သပိတ်မည်းကြီးထဲသို့ ထည့်လိုက်သည်နှင့် အဘိုး ကြီးက ကျွန်တော့်လက်ကို ဖမ်းဆွဲပြီး ကိုင်ထားသည်။





''မင်းက ရှေ့သည်ထင်တယ်။ အဝေးက လာတာ။ သက်နိမ့်နေ့ရ တယ်။ သကြန်တွင်း ပဋ္ဌင်းဝတ်ဖို့ မဟုတ်လား။ ကောင်းတယ်။ ဂုဏ်တော် ကိုးပါး ပုတီးစိပ်ပါ။ အနန္တောအနန္တငါးပါးကို မမေ့နဲ့။ ကြီးပွားချမ်းသာဦးမယ်။ ရော့ ‌ ဟောဒီမှာ 'ဝလုံး' ဆရာပေးတဲ့အဆောင်။ မင်းဆီကို ငါ လာခဲ့ဦးမယ်။ မေးစရာရှိရင် အဲဒီတော့မှမေး။ အခုတော့ ဝေးဝေးနေ၊ ဝအောင်စား၊ ဝင် မရှုပ်နဲ့ စာရေးဆရာရေး။

'ဝ' တစ်လုံးဖျက်တော့ ××× နှစ်လုံးပေါ်လာမည် ××× ဘိုးဘိုး အောင်၏ညီ ××× မောင်ကြီးရောက်လာပြီ ××× ဝအောင်စား ××× ဝေးဝေး နေ ××× ဝင်မရှုပ်နဲ့ ××× ပေးတာကိုယူ ××× ကျွေးတာကိုစား ××× ကိုးဆယ့် ခြောက်ဖြာ အန္တရာယ်ကင်းမည်''

သီချင်းဆိုပြီးတော့ မုန့်ပဲသရေစာများအား ကလေးများကို ဝေပေး သည်။ သူလည်းစားသည်။ လူကြီးများကိုတော့ မုန့်မပေးပါ။ အကြွေစေ့ များကိုတော့ ပေးသည်။ သူ၏ဘေးလွယ်အိတ်ကြီးအတွင်း၌ အကြွေစေ့များ အတော်ရှိဟန်တူသည်။ တောင်းသမျှ နှိုက်ပေးနေသည်မှာ ကုန်သည်မရှိ ပါ။

ကျွန်တော့်အား လက်ဆွဲ၍ ထည့်ပေးသောအကြွေစေ့ကို လက်ဖြန့် ၍ ကြည့်ရှုရာ တစ်ကျပ်တန် နှစ်ထပ်အကြွေစေ့ဖြစ်သည်။ အပေါက်မပါ။ သို့သော် အလယ်တွင်တော့ သံကညစ်ဖြင့် 'ဝလုံး' ကွင်းထားသည်။ ဝလုံး အလယ်၌ အစက်တစ်စက်ထွင်းထားပြီး ဝလုံးပေါ်၌ အစက်နှစ်စက် ထွင်းထား ပြန်သည်။ အဓိပ္ပာယ်ကိုတော့ မသိပါ။ မမေးရဲသဖြင့် မမေးခဲ့ရပါ။

စားသောက်ဝေငှပြီးတော့ ဘေးလွယ်အိတ်ကြီးအတွင်းမှ ကြေးဝါ ရောင်ထုံးဘူးကြီးကို နှိုက်ယူလိုက်ပြန်သည်။ ကွမ်းစားရန်ပြင်ဆင်ခြင်း ဖြစ် ဟန်တူသည်။ သို့သော် မဟုတ်ပါ။ သူ ကွမ်းမစားပါ။ သံကောင်ရှိ၍ ဗိုက်ပူ နေသောကလေးများကို အဝတ်ကိုလှန်စေ၍ ချက်ကိုဗဟိုထားကာ ဝိုင်းစက် ညီညာသော 'ဝလုံး'တစ်လုံးစီ ကွင်းပေးသည်။ ကလေးနှင့် ကလေးမိဘ များကလည်း 'ဝလုံး' ဆရာလုပ်ပေးသမျှ အလုအယက် ခံယူကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးများကိစ္စပြီးတော့ 'ဝလုံး' ဆရာက သီချင်းဆိုရင်း ဘုရားစောင်းတန်းတိုင်များအား ညီညာလှပစွာ 'ဝလုံး' တစ်လုံးစီ လိုက်ကွင်းတော့သည်။ အသင့်စောင့်နေကြသော ဘုရားဂေါပကအဖွဲ့က မတားဆီးပါ။ 'ဝလုံး' ဆရာ ထွက်ခွာသွားမှ နောက်ကနေ ရေစိုအဝတ်ကိုယ်စီဖြင့် 'ဝလုံး' များအား လိုက်ဖျက်ကြရသည်။

✿ ✿ ✿

| ၉ |

'ဝလုံး'ဆရာ ဦးမောင်ကြီးသည် အရှေ့ဘက်စောင်းတန်းအတိုင်း ထွက်ခွာလာရာ ဈေးဆိုင်များနှင့် ဘုရားဖူးများက 'ဝလုံး'ဆရာ၏ သပိတ်မည်းကြီးထဲသို့ ငွေနှင့် မုန့်ပဲသရေစာများ လောင်းလှူကြသည်။ 'ဝလုံး' ဆရာကတော့ သီချင်းတအေးအေးသီဆိုရင်း ဆုတောင်းမေတ္တာပို့၍ စောင်းတန်းအပြင်သို့ ထွက်ခွာသွားသည်။ ဘုရားပရဝဏ်အပြင်ဘက် လမ်းမပေါ်ရောက်မှ အသင့်စောင့်ကြိုနေသော ဆိုက်ကားတစ်စီးဖြင့် မြို့အနောက်ဘက် သို့ ထွက်ခွာသွားသည်။

ကျွန်တော်လည်း နောက်ကလိုက်ရင်း ဆိုက်ကားတစ်စီးကိုငှားကာ တည်းခိုမည့်အိမ်သို့ ပြန်ခဲ့သည်။ ကတ္တရာလမ်းဘေးတစ်ဖက်တစ်ချက် သစ်ပင်ကြီးများနှင့် ဓာတ်မီးတိုင်များတွင် 'ဝလုံး'ဆရာ ဦးမောင်ကြီး၏





...တ်ချက်ဖြစ်ဟန်တူသော ဝိုင်းစက်ညီညာစွာ ကွင်းထားသည့် 'ဝ' လုံးများ ...လမ်းတစ်လျှောက်လုံး မြင်တွေ့ခဲ့ရသည်။ ထို့ကြောင့် ဖလှန်မြို့နှင့် ဦးမောင်...း ဦးမောင်ကြီးနှင့် ပြည်တော်ပြန်မြတ်စွာဘုရား မည်သို့ပတ်သက်နေသည် ... သိချင်လာမိသည်။

ကျွန်ုပ်တည်းခိုအိမ်ရောက်ပြီး မြို့ခံစာရေးဆရာ မိတ်ဆွေများနှင့် ...တွဲ့ဆုံ၍ လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့ကြပြန်သည်။ ဆန်တန်းရပ်ကွက်၊ ...တာလမ်းထိပ်လက်ဖက်ရည်ဆိုင်တွင် ထိုင်ကြပြီး စာပေအကြောင်းနှင့် ...လှန်မြို့အကြောင်းကို စာရေးဆရာမောင်စိမ်းအောင်က ပြောပြနေသည်။ ...ဥ် မြန်မာဆေးဆရာ ဦးဌေးနိုင်နှင့် ရပ်ရွာလူကြီးများ ရောက်လာကြပြန် ...သည်။ နွေနေပူပူတွင် လက်ဖက်ရည်ပူပူသောက်ကြရင်း စကားကောင်းကြ ... ချွေးကလေးတစိုစိုဖြင့် နေထိုင်ကောင်းသည်။

စကားပြောနေကြစဉ် ဆိုင်အရှေ့ဘက် လမ်းတစ်ဖက်ခြမ်းတွင်ရှိ ...သာ ဓာတ်မီးတိုင်တွင် 'ဝလုံး' ကွင်းထားသည်ကို မြင်သဖြင့် ကျွန်တော် ...လုံး' ဆရာဦးမောင်ကြီးကို သတိရပြီး ဆေးဆရာဦးဌေးနိုင်အား မေးမိ ...သည်။

"ဆေးဆရာ ... 'ဝလုံး' ကွင်းတဲ့ ဆရာဦးမောင်ကြီးအကြောင်း ... သိသလောက်ပြောပြပါဦး။ ကျွန်တော် စိတ်ဝင်စားလို့ပါ"

"စာရေးဆရာနဲ့ ဆုံခဲ့ဖူးပြီလား။ 'ဝလုံး' ဆရာ ဦးမောင်ကြီးကတော့ ...လှန်မြို့အနှံ့ လျှောက်သွားနေပြီး 'ဝလုံး' တွေကို တစ်မြို့လုံးအနှံ့ လိုက်ကွင်း ...တော့တာပဲ"

"သူက ဘယ်မှာနေတာလဲ။ ဘိုးတော်လား၊ ပျောက်စေဆရာလား။ ...တော့ အတော်ထူးဆန်းတယ်ဗျနော်"

"'ဝလုံး' ဆရာ ဦးမောင်ကြီးက ဘိုးတော်လည်းမဟုတ်ဘူး။ ...ျောက်စေဆရာလည်း မဟုတ်ဘူး။ ဝိဇ္ဇာလိုင်းလိုက်နေတဲ့ တရားသမားပါ။ ...ည်တော်ပြန်ဘုရားနဲ့တော့ မကင်းကွာဘူး။ အမြဲမဟုတ်ပေမယ့် ဘုရားပေါ် ...ာ ဦးမောင်ကြီးရှိနေတတ်တယ်။ ကြုံရင်ကြုံသလို ဆေးကုပေးတယ်။ ...ိုက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



အကြွေစေ့တွေကို 'ဝလုံး' ကွင်း၊ အပေါက်ဖောက်ပြီး လှူတယ်။ သူ့ကိုလှူတဲ့ မုန့်ပဲသရေစာကိုလည်း ဒီအတိုင်းမစားဘူး။ သပိတ်ဟောင်းကြီးနဲ့ခံပြီး အလှူရှင်ကို မေတ္တာပို့ပြီးမှ စားတယ်။ သူနေတာကတော့ နေရာအနှံ့ပဲ ဘုရားပေါ်နဲ့ ဗျည်းညွှားသချိုင်းဇရပ်မှာလည်း နေတယ်။ မြစ်တစ်ဖက်ကမ်းက ရွှေဟင်္သာကျွန်းမှာလည်း နေတယ်။ ဝိဇ္ဇာဆိုတာ အိပ်ရာနဲ့လိပ်စာ မရှိဘူး လေဗျာ''

''သူက ဘာဝိဇ္ဇာလဲ ...ဆေးဆရာ''

''အင်းဝိဇ္ဇာလို့ ပြောရမယ် ထင်တယ်။ သူကွင်းတဲ့ 'ဝလုံး'တွေကို သေချာကြည့်ပါ။ ဟိုး ...လမ်းတစ်ဖက်က ခေတ်တိုင်ကို ကြည့်ပါဆရာ ရိုးရိုး 'ဝလုံး' မဟုတ်ဘူး။ 'ဝလုံး' အလယ်မှာ အစက်ကလေးတစ်စက်နဲ့ အပေါ်မှာ အစက်နှစ်စက်ပါတယ်။ သူ့ထုံးကလည်း အလွန်ကောင်းတာ မခြောက်ခင် ဖျက်လို့ရပေမယ့် ထုံးခြောက်သွားတာနဲ့ လုံးဝဖျက်လို့မရတော့ ဘူး။ မိုးရွာရွာ၊ နေပူပူ မပျက်တော့ဘဲ နှစ်ရှည်ခံတယ်။ တစ်ခုထူးခြားတာက ဖလွန်မြို့ဟာ မကြာခဏ မီးလောင်တတ်တယ်။ ဦးမောင်ကြီး 'ဝလုံး' တွေ တစ်မြို့လုံး လိုက်ကွင်းပြီးကတည်းက မီးကြီးကြီးကျယ်ကျယ် မလောင်တော့ ဘူး။ ရောဂါဖြစ်လို့ သူနဲ့ဆုံရင်လည်း ကြုံသလိုကုသွားတာ ပျောက်တာချည်း ပဲ။ နောက်ပြီး စိတ်လိုလို့ မမေးရဘဲ ဗေဒင်ဟောရင်လည်း အလွန်မှန် တယ်''

''ကျွန်တော်နဲ့ ပြည်တော်ပြန်ဘုရားကြီးပေါ်မှာ ဆုံခဲ့တာဗျ။ ကျွန် တော့်ကိုလည်း ဦးပဥ္ဇင်းဝတ်ဖို့ လာတာမဟုတ်လား။ ဂုဏ်တော်ကိုးပါး ပုတီးစိပ်၊ အနန္တောအနန္တငါးပါး မမေ့နဲ့။ ကြီးပွားချမ်းသာဦးမယ်။ သူနဲ့တွေ့ ဦးမယ်လို့ ပြောဟောသွားသဗျ''

''အင်း ...အဲဒါဆိုရင်တော့ ဆရာ့အတွက် ထူးခြားတာပဲ။ သူ ပြောသလို ဖြစ်တာချည်းပဲ။ နိမိတ်ဖတ် အလွန်ကောင်းတယ်ဗျ။ သူနဲ့ဆရာ ထပ်တွေ့ဦးမှာပါ။ တွေ့တော့မှ မေးလိုရာမေးပေတော့။ သူကလည်း လူရှေ့ သူရှေ့မှာ သူ့အကြောင်းမေးရင် မကြိုက်ဘူးဗျ။ ဝေးဝေးနေ၊ ဝအောင်စား ဝင်မရှုပ်နဲ့လို့ အမြဲပြောတတ်တယ်''





ထိုနေ့က ဖလွန်မြို့မှ မိတ်ဆွေများနှင့် စကားကောင်း၍ မိုးချုပ်စမှ ကျွန်တော် တည်းခိုအိမ်သို့ ပြန်ရောက်သည်။ ရေမိုးချိုး၊ ညစာစားပြီး ကျွန် တော် ဘုရားဝတ်ပြုသည်။ ပြီးနောက် စိပ်နေကျ ရှင်အရဟံပုတီးစိပ်နည်း အပြင် ဂုဏ်တော်ကိုးပါးကို ပုတီးကိုးပတ်စိပ်သည်။ ပြီးမှ အရပ်ဆယ်မျက်နှာ သို့ အမျှဝေ၊ မေတ္တာပို့ပြီးမှ အိမ်သားများနှင့် စကားစမြည်ပြောပြီး အိပ်ရာဝင် သည်။ အိပ်ရာဝင်တော့ ည (၁၀) နာရီ ကျော်ချေပြီ။

အိပ်ပျော်တော့လည်း အိပ်မက်မက်သည်။ 'ဝလုံး' ဆရာ ဦးမောင် ကြီးအား ကျွန်တော်မရောက်ဖူးသေးသော သချိုင်းဇရပ်တစ်ခုပေါ်တွင် တွေ့ ခြင်းဖြစ်သည်။

''စာရေးဆရာ ...ဂုဏ်တော်ကိုးပါးနဲ့ အနန္တောအနန္တငါးပါးကို ဘော်လို့ စိတ်ချမ်းသာရဲ့မဟုတ်လား။ ကြိုးစားပြီး လုပ်ပါ။ စာရေးဆရာ အတွက် အကျိုးထူးပေးပါလိမ့်မယ်။ ကဲ ...ဘာမေးချင်သေးသလဲ။ မေးချင် ရာ မေးပါ။ လူရှေ့သူရှေ့မှာတော့ မမေးနဲ့။ ကျုပ်မကြိုက်ဘူး''

''ဆရာဦးမောင်ကြီး ...အသက် ဘယ်လောက်ရှိပါပြီလဲ။ ဘယ် ဆိုင်းကိုလိုက်ပြီး ကျင့်ကြံနေတာပါလဲ။ အဆင့်ဘယ်လောက်ရှိပါပြီလဲ''

''အသက်ခုနစ်ဆယ်ကျော်ပြီ။ ဝိဇ္ဇာထွက်ရပ်ပေါက်လိုင်းကို လိုက် တယ်။ ဆေးကုတယ်။ ကြုံရင်ကြုံသလို ကျုပ်မြင်သမျှ ဟောတယ်။ အဆင့် ကိုတော့ မမေးနဲ့။ ကျုပ်မပြောနိုင်ဘူး။ ဒါက ကျင့်ကြံမှုပညာခန်းနဲ့ ဆိုင် တယ်။ မမေးကောင်းဘူး။ မမေးနဲ့၊ ဝဝစား။ ဝေးဝေးနေ။ ဝင်မရှုပ်နဲ့။ သူ့ ညည်းကိုယ့်စည်း သတိထားပါ''

ကျွန်တော် အိပ်ရာက လန့်နိုးတော့ မနက်အရုဏ်တက်အုန်းမောင်း ခေါက်သံကို ကြားရသဖြင့် မနက် (၄) နာရီခန့် ရှိပြီဖြစ်သည်။ ထို့ကြောင့် ဆက်မအိပ်တော့ဘဲ အိပ်ရာကထ မျက်နှာသစ်၊ ဘုရားစင်ရှေ့တွင် ဘုရား ဝတ်ပြုပြီး ဂုဏ်တော်ကိုးပါးကို ပုတီးစိပ်တော့သည်။ ပုတီးစိပ်၊ တရားထိုင်၊ မေတ္တာပို့အပြီး၌ မနက် (၆) နာရီ ထိုးချေပြီ။

အိမ်ရှင်၏ညီ ကိုထွန်းရောက်လာပြီး လမ်းထိပ်ထွက်၍ မနက် စာစာ မုန့်ဟင်းခါးနှင့် လက်ဖက်ရည် စားသောက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဆရာ . . . ဒီနေ့ ကျွန်တော် မော်တော်ဆိုင်ကယ်နဲ့ ဖောင်တော်ဦး ချိတ်စေတီ၊ လျောင်းတော်မူဘုရားနဲ့ မြတ်စောညီနောင်ဘုရား၊ မီးကု ဘုရားနဲ့ ဦးသီလအရိုးအိုးစေတီ၊ အင်္ဂလိပ်ကျောင်းတွေကို လိုက်ပို့မယ်။ ဧ သောက်ပြီး နေမပူခင် သွားကြရအောင်''

''ဆိုင်ကယ်နဲ့ဆိုတော့ နေရာအနှံ့ရောက်တာပေါ့ ညီရာ . . . အကောင်းဆုံးပေါ့။ ကဲ . . . သွားကြစို့''

ကျွန်တော်တို့နှစ်ဦး မော်တော်ဆိုင်ကယ်ဖြင့် ရေကာတာတာရိုးကြီး ပေါ်သို့ တက်လာကြပြီး တာရိုးမြေလမ်းကြီးအပေါ်မှ ဆိုင်ကယ်စီးခဲ့ကြသည်။ တာရိုးကြီးမှာ အတော်မြင့်သည်။ လူနေအိမ်ခြေရပ်ကွက်များက တာ အောက်ခြေ တစ်ဖက်တစ်ချက်၌ ရှိနေသည်။ မကြာမီ ရောဝတီမြစ်ကမ်း ပြုပြင်နေဆဲ ဖောင်တော်ဦးချိတ်စေတီတော်သို့ရောက်၍ ဝင်ဖူးကြသည်။ စေ တော်မှာ ရှေးဟောင်းစေတီတော်ဖြစ်၍ ပြုပြင်နေဆဲဖြစ်သည်။ ရေကာတာ တာဘောင်ရိုးကြီးအောက်ခြေတွင် စေတီတော်မှာ တည်ရှိနေပေသည်။

ကျွန်တော်တို့ ဘုရားဝတ်ပြုပြီး ဂေါပကလူကြီးထံမှ သမိုင်းစာအု အား တောင်းယူ၍ တာဘောင်ပေါ်မှ ဆင်းခဲ့ကြပြီး လျောင်းတော်မူဘုရာ နှင့် မြတ်စောညီနောင်ဘုရားအား ဖူးမြော်ရန် ဝါးရုံတောလမ်းထဲသို့ ဝင် ကြသည်။ မကြာမီ အုတ်ဂူဖွေးဖွေးနှင့် မည်းမည်းများရှိသော သချိုင်းလ အတွင်းသို့ ရောက်ရှိလာသည်။

ကျွန်တော် ဇဝေဇဝါ ဖြစ်နေပါသည်။ ကျွန်တော်မရောက်ဖူးသေး သောဒေသဖြစ်သော်လည်း ပတ်ဝန်းကျင်မှာ ကျွန်တော်နှင့် ကျွမ်းဝင်ရင်းနှီး နေသလိုပင်။ ထို့ကြောင့် . . .

''ကိုထွန်း . . . ဒါ . . . ဘာသချိုင်းလဲ''

''ဗျည်းညားသချိုင်းလေ . . . ဆရာရဲ့''

''ခဏရပ်ဗျာ . . . သချိုင်းဇရပ်က ဘယ်နားမှာလဲ''

''မီးသဂြိုဟ်စက်အနောက်ဘက်မှာပါ ဆရာ''





ကျွန်တော်တို့ ဆိုင်ကယ်ကို မီးသဂြိုဟ်စက်အရှေ့တွင် ရပ်ခဲ့၍ အနောက်ဘက်သို့ ပတ်၍လာခဲ့ကြရာ ကြီးမားသော ကျွဲတညင်းပင်ကြီး အရိပ်အောက်၌ သချိုင်းဇရပ်ကို တွေ့ရသည်။ သချိုင်းဇရပ်မှာ အေးချမ်း လှသည်။ ပတ်ဝန်းကျင်တွင်တော့ အုတ်ဂူများ၊ မြေပုံများဖြင့် ပြည့်နှက် နေသည်။ သချိုင်းခြံစည်းရိုးအား ဝါးနက်ဝါးရုံများဖြင့် စည်းခြားသလို ကာရံ ထားသည်။ သချိုင်းဇရပ်ပေါ်၌ လူတစ်ဦး တရားထိုင်နေသည်။

ရှေ့တွင် သပိတ်မည်းကြီးချထားပြီး ဘေးတွင် လွယ်အိတ်ဖောင်း ဖောင်းကြီးက လဲလျောင်းနေသည်။ ကျွန်တော်တွေ့ချင်နေမိသော 'ဝလုံး' ဆရာ ဦးမောင်ကြီးပင် ဖြစ်ချေသည်။ တရားထိုင်နေခြင်းကို အနှောင့်အယှက် မဖြစ်စေလို၍ ခြေသံမကြားအောင် ဇရပ်ပေါ်သို့တက်ပြီး ကျွန်တော်တို့ သင့် ဂုတွင်ထိုင်၍ အပန်းဖြေ နားနေကြသည်။

စည်းရိုးဝါးရုံတောကို ကျော်လွှား၍ ရောဝတီမြစ်ဘက်မှ တိုက် ခတ်လာသော လေနုအေးကလေးသည် အုတ်ဂူများ၊ မြေပုံများကို ဖြတ် သန်း၍ ကျွန်တော်တို့ထံရောက်တော့ အေးချမ်းလှသည်။ (၁၅) မိနစ်ခန့် ကြာမှ 'ဝလုံး' ဆရာ ဦးမောင်ကြီး တရားထိုင်ခြင်းအမှု ပြီးစီးသော်လည်း ကျွန်တော်တို့ဘက် လှည့်မကြည့်ဘဲ . . .

''စာရေးဆရာ . . . ညက အိပ်မက်ထဲမှာ တွေ့ပြီးပြီလေ။ ဘာ လိုသေးသလဲ။ ဘာမေးချင်သေးသလဲ။ ကျုပ် အချိန်မရဘူး။ အာနာပါန ကမ္မဋ္ဌာန်း ရှုရဦးမယ်''

''ဟုတ်ပါတယ် . . . ဆရာဦးမောင်ကြီး။ ကျွန်တော် မေးစရာမရှိ တော့ပါဘူး။ ညက အိပ်မက်ထဲမှာရောက်ဖူးတဲ့ နေရာနဲ့တူလို့ အံ့သြပြီး ဝင် ကြည့်မိတာပါ''

''မအံ့သြနဲ့ . . . အိပ်မက်ဆိုတာဟာ နိမိတ်ပုံပြင်ဘဲ။ လူတစ်ဦးက ဘစ်ဦးထံကို မေတ္တာပို့လွှတ်ရင် ပြောလိုရာ ပြောလို့ရတယ်။ ဒါကလည်း အလေ့အကျင့်ရှိပြီး စရဏအင်အားကောင်းမှ ဖြစ်နိုင်တာ။ စာရေးဆရာ ကြိုးစားပြီး ကျင့်ကြံပါ။ ကျုပ်ပို့တဲ့ မေတ္တာနဲ့ နိမိတ်ပုံကို ခံယူနိုင်က



www.burmeseclassic.com

www.burmeseclassic.com



တည်းက စာရေးဆရာလည်း အကြားအမြင် ပေါက်တော့မှာပါ။ ကြိုးစားပြီး ကျင့်ကြံပါ။ လေ့ကျင့်လို့ သမထတရားရပြီး စရဏအင်အားကောင်းလာရင် စိတ်သွားတိုင်းကိုယ်ပါ လိုရာဆန္ဒနဲ့ ပြီးပြည့်စုံနိုင်ပါတယ်။ ကဲ . . . သွားကြတော့။ လျောင်းတော်မူဘုရား၊ မြတ်စောညီနောင်ဘုရားနဲ့ မီးကွင်းဘုရားကို ဖူးကြပြီးရင် ပြည်တော်ပြန်ဘုရားကို ဝင်ဖူးကြဦး။ ဒါမှ ပြီးပြည့်စုံမယ်''

ကျွန်တော် ဤတစ်ကြိမ်တွင်တော့ ရှေ့ရေးကိုညွှန်ပြပြီး ကောင်းမွန်သောလမ်းကို တည့်မတ်ပေးသော 'ဝလုံး' ဆရာ ဦးမောင်ကြီးအား ဦးသုံးကြိမ်ချ၍ ကန်တော့မိပါတော့သတည်း။

❀

ထောင်မှူးကြီးသိန်းဝင်း



www.burmeseclassic.com

❑

ဤနေရာ ဤဌာနကို ကျွန်တော်၏စိတ်တွင် အမြဲစွဲလမ်းလျက်ရှိသည်။ မည်သို့ပင် စွဲလမ်းစေကာမူ ကျွန်တော်ကား မရောက်နိုင်ပေ။ ဤနေရာ ဤဌာနကို သွားနိုင်ရန် အမြဲအားထုတ်ခဲ့သော်လည်း အချည်းနှီးပင် ဖြစ်ခဲ့သည်။ သို့ရာတွင် ကျွန်တော် စိတ်မလျှော့၊ တစ်ခါတော့ ရောက်အောင် သွားမည်ဟု အားခဲထား၏။

မည်သည့်အလုပ်တွင်မဆို စိတ်သာပဓာနဖြစ်သည်။ အကြိမ်ကြိမ် မအောင်မြင်နိုင်သော် ကိစ္စတွင် စိတ်မလျှော့ပါက တစ်နေ့အောင်မြင်ရသည် ပင်။

ကျွန်တော်၏စိတ်သည် ချမ်းမြေ့လှသည်။ ကျွန်တော်၏သားငယ် သမီးငယ်များကား ပျော်မဆုံး။ စိတ်ရွှင်ခြင်းနှင့် စိတ်ချမ်းသာမှုမှာ တခြားစီ ဖြစ်သည်။ ပျော်ရွှင်မှုကို အသက်ငယ်ရွယ်သူတို့ အလိုရှိကြသည်။ ချမ်းမြေ့မှုကိုမူ အသက်ကြီးသူတို့ တောင့်တကြသည်။ ပျော်ရွှင်မှုမှာ အပေါ်ရံအဖြစ်သာ တည်ရှိ၍ စိတ်ချမ်းသာမှုမှာ နက်နဲတည်ငြိမ်လေသည်။ ပျော်ရွှင်သူတို့သည် ဆူညံဆူညံ လက္ခဏာကိုပြ၍ စိတ်ချမ်းသာသူသည် တိတ်ဆိတ်သော သဘောကို ပြသည်။ ကျွန်တော်သည် စကားမပြောဘဲ ချမ်းသာမှုအရသာကို ခံစားလျက်ရှိလေသည်။

ဤနေရာ ဤဌာနသို့ ရောက်ရှိရန် အကြိမ်ကြိမ် ကြိုးစားခဲ့သော်လည်း ဖြစ်မြောက်ခြင်းမရှိခဲ့။ ထိုနေရာမှာ မင်းကွန်းချောင်ပင်တည်း။ ဤမင်းကွန်းသို့ ကျွန်တော် ယခုရောက်ရှိခဲ့ပေပြီ။ စိတ်ချမ်းသာလှပါဘိ။





ဒုတိယကမ္ဘာစစ်ကြီးဖြစ်ချိန်က ကျွန်တော် မင်းကွန်းကို ခိုလှုံခဲ့ရပုံ ကျေးဇူးရှင်များဖြစ်သော မြတောင်ဆရာတော်ဘုရား၊ ကျွန်တော့်အား ရဟန်းဝတ်ဖြစ်အောင် ကြံဆောင်ပေးသည့်သီလရှင် မတိက္ခစာရီတို့အကြောင်းကို အထပ်ထပ် ကျွန်တော် ရေးခဲ့ပြီးဖြစ်သည်။ သို့ရာတွင် ကိစ္စမှာ ရေးမဆုံး၊ ယခုလည်း ထပ်၍ ရေးရပေဦးမည်။

မင်းကွန်းမှ ကျွန်တော် ထွက်လာခဲ့ပြီး နှစ်ပေါင်းနှစ်ဆယ်ကျော်မှ မင်းကွန်းကို အဝေးမှ တစ်ခါမြင်တွေ့ခဲ့ရသည်။ တကယ်ရောက်သွားသည် တော့မဟုတ်၊ ကျွန်တော် မင်းကွန်းကို လှမ်းမြင်ရသည်နှင့် မျက်ရည်စို့မိသည်။ ရောက်ချင်ပါလျက် မသွားနိုင်သော မိမိ၏ဘဝ မလွတ်လပ်မှုကို ဝိတ်ပျက်မိသည်။

ကျွန်တော့်အား ဟသ္ာတမှ မိုးကုတ်သို့ အစိုးရက ရွှေ့ပြောင်းခဲ့သည်။ မန္တလေးအရောက် ကျွန်တော်တို့မိသားစု သပိတ်ကျင်းသင်္ဘောကို ပြောင်းစီးကြရသည်။ သပိတ်ကျင်းသင်္ဘောသည် မန္တလေးမှထွက်ပြီး မင်းကွန်းတွင် ငါးမိနစ်ခန့် ရပ်သည်။ ထိုအခါ ကျွန်တော်သည် မင်းကွန်းကို မြင်ရသည်။ မိမိ အလွန်တမ်းတစွဲလမ်းနေခဲ့သည့် အရပ်ကို မြင်ရုံသာမြင်ရပြီး တကယ်မရောက်နိုင်သည်ကို ဒေါသထွက်မိသည်။ မင်းကွန်းတွင် ငယ်စဉ်က လွတ်လပ်စွာ သွားလာနေခဲ့သည်ကို ခေါင်းထဲ၌ အစီအရီပေါ်ပေါက်လာသည်။ ထိုမှဆက်၍ ကျွန်တော်၏ မိခင်နှင့်တူသော ဆရာလေး မတိက္ခကို မျက်စိထဲမြင်လာလေသည်။

သင်္ဘောမှာ တငြိမ့်ငြိမ့်နှင့် ခုတ်နေသလို ကျွန်တော်ကလည်း တစိမ့်စိမ့်နှင့် တွေးရင်းပါလာခဲ့သည်။

ကျွန်တော်သည် အသိမရှိသော မင်းကွန်းရွာပင်တိုက်ခေါ် စိတ္တရက္ခိတ ဓမ္မသာရချောင်သို့ ညကြီးမင်းကြီး ဝင်သွားလေသည်။ အတော်ပင် အမေးအမြန်း အစစ်အဆေးခံရပြီးမှ နေစရာဇရပ်ကလေးတစ်လုံး ရရှိသွား၏။ ကျွန်တော်၏ကတိမှာ ဇရပ်ပိုင်ရှင်ရောက်လာက ချက်ချင်းဆင်းပေးပါမည်ဟူ၏။ ဇရပ်ပိုင်ရှင်သီလရှင်မှာ မိမိရွာသို့ပြန်နေသည်ဟု သိရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဇရပ်တွင် ဖြစ်သလိုနေထိုင်ပြီး စားသောက်နေလေသည်။ တစ်လခန့် ကြာခဲ့ပြီဖြစ်၏။ တစ်နေ့တွင် သီလရှင်တစ်ဦး အထုပ်အပိုးလေးနှင့် ဇရပ်လေ့ကားရင်းတွင် ရပ်၍ တွေ့ရသည်။ နေပူမှလာသဖြင့် ချွေးတပြိုက်ပြိုက်နှင့် တွေ့ရ၏။ ကျွန်တော် မပြောဘဲ သိရှိပြီးဖြစ်လေသည်။ ဤသီလရှင်လေးသည် ဇရပ်ပိုင်ရှင်ပေတည်း။ ကျွန်တော် ခပ်အမ်းအမ်းဖြစ်သွားသလို သီလရှင်လေးလည်း လှေကားရင်းတွင် ရှေ့သို့ခြေမလှမ်းတော့ဘဲ စုံရပ်နေရှာ၏။ ကျွန်တော်သည် နှစ်လံကျွာခန့်မှ သီလရှင်အား လှမ်းမေးလိုက်သည်။

''ဇရပ်ပိုင်ရှင်ဆိုတာ ဆရာလေးလားခင်ဗျား''

''ဟုတ်ပါတယ်ရှင် . . . မတိက္ခဆိုတာ ကျွန်မပါ''

ဆရာလေး၏ ကာလ္လခြေသည် တည်ငြိမ်လှ၏။

''တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ။ အပေါ်တက်ပါ။ ကျွန်တော် ဒီဇရပ်မှာ ဆရာလေးခွင့်မပြုဘဲ တက်နေတာကို ခွင့်လွှတ်ပါ။ ကျွန်တော် နေစရာမရှိတာနဲ့ ဒီက ဆရာကြီးများက ခဏနေခွင့်ပြုကြလို့ နေတာပါ။ အခု ဆရာလေး ရောက်လာပြီဆိုတော့ ကျွန်တော် အခုရွှေ့ပေးပါ့မယ်''

ဆရာလေးသည် ဇရပ်ပေါ်တက်ပြီး ရွက်ထားသည့်အထုပ်ကို ကြမ်းပေါ်ချလိုက်သည်။ ထွက်နေသည့်ချွေးကို ပဝါတစ်ခုနှင့်သုတ်ပြီး ကျွန်တော့်အား မေးတော့၏။

''နာမည် ဘယ်လိုခေါ်ပါသလဲ''

''ရွှေမောင်ပါခင်ဗျာ''

''အဲ . . . အခု ကျွန်မ ရောက်လာတယ်ဆိုတော့ ကိုရွှေမောင် သွားမယ်လို့ ပြောတာကတော့ ဟုတ်ပြီ။ ရှင် ဘယ်ကိုသွားမလဲ။ နေရာရှာထားတာ ရှိသလား''

ဆရာလေးက ပွင့်လင်းစွာ မေးနေ၏။

''နေရာရှာထားတာတော့ မရှိသေးပါဘူး။ ဒါပေမဲ့ ကိစ္စမရှိပါဘူး။ တစ်ကိုယ်ရေတကာယပါ။ ဘယ်နေရာဖြစ်ဖြစ် ရပါတယ်''





''အို . . . ဘယ်ဖြစ်ပါ့မလဲ။ ကျွန်မအတွက် ကိစ္စမရှိပါဘူး။ ကျွန်မမယ် အသိမိတ်ဆွေ အများကြီး။ ကျွန်မတစ်ယောက်စာကို ဘယ်သူ့ဆီနေနေ ဖြစ်ပါတယ်။ ရှင် စိတ်ချမ်းသာအောင်သာ နေပါ။ ကဲ . . . ကျွန်မ ဟိုဘက်ဇရပ်မှာ သွားနေမယ်''

မတိက္ခဆရာလေးသည် ပြောပြောဆိုဆို ဆင်းသွားလေသည်။

ကျွန်တော် ဆရာလေး မတိက္ခအား အားနာ၍မဆုံးတော့။ သို့ရာတွင် မတတ်နိုင်၊ မိမိခမျာက သူ့ခမျာထက် အရေးကြီးကြသည်မဟုတ်ပါလော။ မိမိတွင် နေထိုင်စရာမရှိသော ကျွန်တော် မိမိသည် ဇရပ်ပေါ်တွင်ပင် အားမနာတမ်း ဆက်လက်နေထိုင်ရတော့သည်။

တစ်လကုန်လွန်လာခဲ့သည်။ ဖြစ်သလို စားရသည်။ အရေးထဲတွင် ကျွန်တော် မင်းကွန်းချောင်တွင် ရှိသည်ကို သတင်းရရှိသော သူငယ်ချင်းနှစ်ယောက် မမျှော်လင့်ဘဲ ကျွန်တော့်ဇရပ်ပေါ်သို့ ရောက်လာချေတော့သည်။ သူတို့လည်း စစ်ပြေးဖြစ်၍ နေစရာမရှိကြ။ သူတို့အား ကျွန်တော်လက်ခံရပြန်သည်။ သူတို့အား လက်ခံရေးတွင် ကျွန်တော်သည် မည်သူ့အားမျှ အခွင့်တောင်းခံခြင်း မပြုခဲ့ပေ။

သူငယ်ချင်းနှစ်ဦးဆိုရာ၌ တစ်ဦးက အလွန်ရင်းနှီးပြီး တစ်ဦးကိုမူ မြင်ရုံသာမြင်ဖူး၊ အကျွမ်းတဝင် မနေဖူးပေ။ ယင်းသူငယ်ချင်းနှစ်ဦးသည် ကျွန်တော့်ထံ ရောက်ခြင်းဖြင့် အတော်ပျော်ရွှင်ပုံရှိကြ၏။ မိမိတို့ချည်းပဲ လွတ်လပ်စွာနေရသဖြင့် အတော်သဘောကျဟန် ရှိကြလေသည်။ သူတို့သည် တဟားဟားလည်း ရယ်ကြသည်။ သီချင်းလည်း ဆိုကြသည်။ ထိုအခါ ကျွန်တော် အနီးအပါးဇရပ်များကို အကဲခတ်ရတော့သည်။ များမကြာမီ ကျွန်တော်နှင့် ယခင်က အကျွမ်းမဝင်သော မိတ်ဆွေက မြစ်ဆိပ်ရေဆင်းချိုးပြီး အပြန် ထန်းရည်လေးမော့လာပြီး ကလိုက်ခုန်လိုက် လုပ်နေသည်ကိုမြင်ရ၏။

ကျွန်တော် မျက်လုံးပြူးရချေပြီ။

ကျွန်တော်က ခင်မင်သူ သူငယ်ချင်းအား ပြောပြသည်။ ဤနေရာသည် ဤဌာနသည် သူတော်ကောင်း သူမြတ်လောင်းတို့ နေထိုင်ရာဖြစ်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မူးယစ်သောက်စားခြင်းသည် မကောင်းကြောင်း၊ ဤအရပ်တွင် နေထိုင်သရွေ့ ကောင်းမွန်စွာ နေထိုင်ပါမည်ဟု ကတိပေးထားရကြောင်း ပြောပြ၏။

ကျွန်တော့်သူငယ်ချင်းက သဘောပေါက်လေသည်။ ထိုလူက လည်း သဘောပေါက်ပါသည်ဟုဆို၏။ သို့ရာတွင် မကြာခဏ ခိုးသောက် သည်ကို တွေ့နေရသည်။ ကျွန်တော် အထူးစိတ်ညစ်သွားလေသည်။

ဆင်းရဲလျှင် လင်မယားရန်ဖြစ်ဆိုသည်ကို ကျွန်တော်မကြိုက်ပေ။ ကျွန်တော်တို့အားလုံးသည် အင်္ဂလိပ်အစိုးရလက်ထက်က လခတစ်ရာကျော် ရသော အရာရှိအရာခံများ ဖြစ်ခဲ့ကြသည်။ သူ့ခေတ်နှင့်သူဆိုလျှင် လူလိုက် ကြည့်ရသော ရာထူးပိုင်ရှင်များဟု ဆိုနိုင်ကောင်း၏။ ရှေးခေတ်က ရာဇဝတ် အုပ်တစ်ဦး၏ လစာရင်းမှာ ငါးဆယ့်ငါးကျပ်သာရှိသည်။

ယခင် သူဘာကောင်၊ ငါဘာကောင်သည် စစ်ကြီးဖြစ်လာသော အခါ လူတန်းစား ချက်ချင်းညီသွားလေသည်။ ကျွန်တော်တို့သည် ယခု ဘာကောင်မှ မဟုတ်တော့။ တစ်ဦးမကြိုက်သည်ကို တစ်ဦးပြောနေလျှင် ရန် ဖြစ်ရုံသာရှိမည်။ ကျွန်တော်က သူများထက် စိတ်တိုသည်။ စကားများလျှင် ပိုဆိုးသွားမည်။ သို့နှင့် ကျွန်တော် တောင်ပေါ်ရှိ စေတီငယ်များအပေါ်တက် ပြီး တစ်နေ့လုံး အချိန်ဖြုန်းပြီး အိပ်လေသည်။

စေတီတည်ထားသည့် တောင်ကမူကလေးများမှာ အတော်ပင် မြင့်ကြသည်။ ဧရာဝတီမြစ်ကို အပေါ်စီးမြင်ရသည်။ မန္တလေးဘက်ကမ်းကို လှမ်းမျှော်၍ရ၏။ အလွန်သာယာသော ရှုခင်းပေတည်း။ သာယာသော ရှုခင်း ကို မြင်ရသောအခါ ကျွန်တော်သည် အတွေးမျိုးစုံကို စိမ်ပြေနပြေတွေး တော့သည်။ ကျွန်တော်သည် ညီအစ်ကိုမောင်နှမတစ်သိုက်တွင် အထွေးဆုံး နှင့် တစ်ဦးတည်းသော သားဖြစ်သည်။ ကျွန်တော် ဤကဲ့သို့ မိခင်ဝမ်း၌ ဖြစ် သည်ပင်လျှင် ကျွန်တော့်အတွက် တခြားအစ်မများထက် အခွင့်ကောင်းပို၍ ရှိခဲ့သည်။ ကျွန်တော်သည် မိခင်၏ အမြတ်နိုးဆုံးသားအဖြစ် ကြီးပြင်းခဲ့ရ သည်

ကျွန်တော့် ကုသိုလ်အလျောက် ကျွန်တော်သည် ထိုင်စားသမား ဖြစ်သည်။ ကျွန်တော့်လိုအင်ကို အားလုံးက ဖြည့်စွမ်းကြရသည်။ သို့နှင့်





ကျွန်တော်သည် သားသမီးများအနက် အမိုက်ဆုံးသားဟုလည်း ခေါ်နိုင်၏။ ကျွန်တော် သားမိုက်ထံမှ မိခင်သည် မွေးကျေးဖူးတုံ့ပြန်ရန် ဘာမှမတောင်း ပေ။ သို့ရာတွင် အမေတောင်းသော အချက်ကလေးတစ်ခု ရှိခဲ့သည်။ အမေ တောင်းဆိုသည်မှာ ကြီးကျယ်သောကိစ္စမဟုတ်၊ ဖြစ်နိုင်လျှင် ငါ့သား အသက် နှစ်ဆယ်ပြည့်လျှင် အမေ့ဆီပြန်ပြီး တစ်ရက်ပဲနေနိုင် နှစ်ရက်ပဲနေနိုင် ရဟန်း ဝတ်စေလိုသည်ဟု ပြောရှာသည်။

ကျွန်တော် အသက်နှစ်ဆယ်ပြည့်သော်လည်း အမေ့ဆီ ကျွန်တော် ပြန်မသွား၊ နှစ်ဆယ်ကျော်သော်လည်း အမေ့စကားကို သတိမရ။ ကျွန်တော် အဝေးက ကြားရသည်မှာ ကျွန်တော့်အသက် နှစ်ဆယ်ပြည့်သောနှစ်တွင် အမေသည် သိမ်တစ်လုံးဆောက် သိမ်တွင်း၌ ဘုရားကြီးတစ်ဆူတည်သည်။ ရဟန်းတက်လိုသော သူတစ်ပါးသားကို ရဟန်းခံပေးသည်ဟု ကြားရ၏။ ကျွန်တော် လူမိုက်ကား မလှုပ်မိ။

စစ်ကြီးဖြစ်ရင်း အမေဆုံးပြီဟု ကြားခဲ့ရသည်။ သွားရန်လမ်းမရှိ။ ယခုတော့ ကျွန်တော် သောင်ပြင်လွတ်သည့်ရွှေးဖြစ်ခဲ့ပြီ။ ဒုက္ခတွေ့မှ မိခင် ကိုတမ်းတ၍ ယခုတိတ်ဆိတ်သော စေတီကလေးတောင်ပေါ်တွင် မျက်ရည် ကျလေသည်။ အမေမရှိမှ အမေ ခေါ်ချင်လိုက်သည်မှာ ကျွန်တော်သည် မရှိ သောအမေကို အမေရေဟု အော်ကြီးဟစ်ကျယ် အရူးတစ်ကောင်လို ဟစ် ခေါ်မိသည်။ အရူးပီပီ အမေမရှိမှ အမေ၏ဆန္ဒကို ဖြည့်စွက်မည်ဟု ဆုံးဖြတ် လိုက်ပြန်သည်။ သို့ရာတွင် ရဟန်းခံမည့်ကိစ္စကို ဘာဆွေဘာမျိုးမှမရှိဘဲ မည်သူက တာဝန်ယူပါမည်နည်း။ ခေတ်ကလည်း ပြေးလွှားနေကြရသည် မဟုတ်ပါလား။

"ဟော . . . ကိုရွှေမောင် ဘယ်ကလာသလဲ။ တက်လေ ဇရပ်ပေါ် ကို"

မတိက္ခသည် ကျွန်တော့်အား ဇရပ်ပေါ်မှလှမ်းပြောသဖြင့် ကျွန်တော် မတိက္ခ ခဏနေသည့် ဇရပ်ပေါ်သို့ ရောက်သွား၏။

ကျွန်တော်သည် မတိက္ခ ယခုတည်းခိုနေသည့် ဇရပ်သို့ မကြာ ခဏ သွားလည်ခဲ့၍ မတိက္ခအား အကြောင်းပြုပြီး သီလရှင်များကပါ ခင်မင် နေကြပြီ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုရွှေမောင် ... နေမကောင်းဘူးလားဟင်။ မျက်နှာမကောင်းပါလား"

မတိက္ခသည် ကရုဏာများစွာဖြင့် ကျွန်တော့်အား မေးပြီး ကြံသကာ၊ ပဲလှော်နှင့် လက်ဖက်ရည်ကြမ်းကို ချပေးလေသည်။

"နေကောင်းပါတယ် ... ဆရာလေး၊ ဒါပေမဲ့ ... စိတ်ကတော့ တစ်မျိုးပါပဲ"

"အင်း ... ဟုတ်မှာပေါ့လေ။ မိဘဆွေမျိုးတွေနဲ့ မတွေ့ရတာကြာတော့ ဟိုကလည်း ဒီလိုပဲ နေရှာကြမှာပါပဲ။ တစ်နေ့ကျ ပြန်တွေ့ကြရမှာပေါ့။ အခက်အခဲရှိရင် ပြောပါ။ ဘာမှအားမနာနဲ့"

ဆရာလေးက အားပေးရှာ၏။

မိဘတော့ သတိရပါတယ်။ ဒါပေမဲ့ ... အားလုံး ဆုံးကုန်ကြပါပြီ။ အမေဆိုရင် စစ်ကြေညာမှဆုံးတာ။ ကျွန်တော် မတွေ့လိုက်ပါဘူး။ ရှုပ်ပါတယ် ဆရာလေးရယ် ကျွန်တော် ဘုန်းကြီးဖြစ်ရင်လည်း အကောင်းသား။ ကျွန်တော်က နောက်ဆုံး ညည်းချလိုက်လေသည်။

မတိက္ခသည် ကျွန်တော် စိတ်မကောင်းဖြစ်နေသည်ကို သိ၏။ ဘာကြောင့် စိတ်မကောင်းဖြစ်နေသည်ကိုတော့ သိမည်မဟုတ်ပေ။ ယခင်က ကျွန်တော်သည် မတိက္ခထံသို့ သွားလည်ခဲ့သည်။ အခြားသော သီလရှင်များနှင့် မတိက္ခကို စာအံ၍တွေ့ရသည်။ အလွန်ကန္ဒြေကောင်းသည်၊ စကားလည်းနည်းသည်။ ရှစ်နှစ်သမီးက သီလရှင်ဝတ်လာခဲ့ရာ ယခု အသက် နှစ်ဆယ်ကျော်နေပြီ ဖြစ်သည်။

ကျွန်တော်က မတိက္ခသည် ကျွန်တော့်ထက် သုံးနှစ်အနည်းဆုံး ငယ်မည်ဟု ထင်ခဲ့သည်။ တစ်လောကကြုံ၍ ကျွန်တော့် အသက်ကို မေးကြရာ ကျွန်တော်က မွေးသက္ကရာဇ်ကို ပြောပြသည်။ ထိုအခါ မတိက္ခက ကျွန်တော့်အား "ရှင် ... ကျွန်မထက် တစ်နှစ်ငယ်ပါတယ်"ဟု ပြောသံကြားရာ ကျွန်တော် အတော်ပင် အံ့သြသွားခဲ့သည်။ ထိုနေ့မှစ၍ မတိက္ခသည် ကျွန်တော့်အား မောင်အငယ်တစ်ဦးလို ရဲရဲဝံ့ဝံ့ ပြောဆိုရယ်မောနေခဲ့သည်။





ကျွန်တော် မတိက္ခချပေးထားသည့် ပဲကြီးလှော်စေ့ နှစ်စေ့ကို ဝါးကြည့်ရင်း ကျွန်တော် ရဟန်းခံလိုစိတ် လောလောဆယ်ပေါ်လာပုံကို ပြောရကောင်း မပြောကောင်း ဒိုင်နေမိသည်။ နောက်ဆုံး အာသီသာကပြင်းလာသဖြင့် ကျွန်တော် ဤသို့ပြောမိသည်။

"ဆရာလေးကို ကျွန်တော် အစ်မကြီးလို သဘောထားပြီး အကူအညီတစ်ခု တောင်းချင်လို့ခင်ဗျာ"

"ပြောလေ ... ကိုရွှေမောင်၊ ကျွန်မ ကူညီနိုင်တာဆို ဘာမှခဲယဉ်းမယ်မထင်ဘူး။ ငွေရေးကြေးရေးဆိုရင်လည်း တတ်နိုင်သလောက် အကူပေးပါမယ်။ ဘာလဲ ... ပိုက်ဆံမရှိတော့ဘူးလား"

မတိက္ခသည် အစ်မကြီးတစ်ဦး၏ကန္ဒြေဖြင့် ကျွန်တော့်အား မေးနေ၏။

"မဟုတ်ပါဘူး ... ဆရာလေး၊ ကျွန်တော့်မှာ ငွေအသင့်အတင့်ရှိပါသေးတယ်။ ငွေကိစ္စမဟုတ်ပါဘူး၊ ကျွန်တော် ပြောချင်တာက ရဟန်းခံချင် လို့ပါ"

"ဟင် ... ရဟန်းခံချင်တယ် ဟုတ်လား"

မတိက္ခ၏မျက်နှာမှာ ဝင်းထိန်သွားပုံရ၏။

"ဟုတ်ပါတယ် ... ဆရာလေး၊ ကျွန်တော် ရဟန်းခံချင်ပါတယ်။ ဘယ်လိုလုပ်ရမှန်း မသိလို့ပါ။ ဆွေမျိုးကလည်း မရှိဘူး။ ကျွန်တော် ငွေတစ်ရာလောက်တော့ အကုန်ခံနိုင်ပါတယ်။ တစ်ရာဆိုလောက်မလားဟင်"

ကျွန်တော်သည် မတိက္ခ ဘာပြောမည်ကို နားထောင်နေ၏။

"ငွေတစ်ရာဆိုနည်းသလား ကိုရွှေမောင်၊ သင်္ကန်းတိစီဝရိတ်ဆိုရင် တစ်ဆယ်လောက် ပေးရင်ရတယ်။ ဆီတစ်ပုံးမှ သုံးကျပ်ကယ်၊ ကျွေးပါတော့ရှင့်။ ဒီအတွက် ကျွန်မ တာဝန်ထား။ ကျွန်မက ရှင်တို့အင်္ဂလိပ်ကျောင်းနေလာတဲ့လူ၊ အရာရှိအရာခံ လုပ်ခဲ့တဲ့လူ ဒီစကားကိုပြောလိမ့်မယ်လို့ တကယ် မမျှော်လင့်ခဲ့တာ။ ကဲ ... ဘယ်တော့လောက် လုပ်ချင်သလဲ ကျွန်မဖြင့် ဝမ်းသာလိုက်တာ ကိုရွှေမောင်"



www.burmeseclassic.com

www.burmeseclassic.com



ဆရာလေးသည် အဟုတ်ကို ဝမ်းသာမဆုံး ဖြစ်နေရှာလေသည်။

မတိက္ခသည် ကျွန်တော် ရဟန်းခံမည်ဆို၍ အားရဝမ်းသာနှင့် ဟို ဇရပ်ဒီဇရပ် အပြေးလေးသွားနေ၏။ ကျွန်တော်လည်း ဝမ်းသာသဖြင့် ကြံသကာနှင့် လက်ဖက်ရည်ကြမ်းကို အားရပါးရ သောက်ကျွန်ရစ်ခဲ့သည်။

ကျွန်တော် အဝေးမှ သီလရှင်များ ရယ်ကာမောကာ လာကြသည်ကို မြင်ရ ကြားရလေသည်။

''အံ့မယ် . . . ကျုပ်တို့ ကိုရွှေမောင်က အဟုတ်ကြီးပါလား . . .။ ရဟန်းခံမယ်ဆိုလို့ တို့ဖြင့် ဝမ်းသာလိုက်တာ။ ကဲ . . . မတိက္ခရေ သင်္ကန်း ပရိက္ခရာကို ဝယ်နေစရာမလိုဘူး။ ကျုပ်တို့ တစ်ယောက်စီ စုလိုက်ရင် အခုချက်ချင်းတောင် ဝတ်နိုင်သေးတယ်။ ညည်း ဒီပြင်ကိစ္စတွေသာ လုံးပန်းပေတော့။ လိုတာပြောပေ့ . . . တို့မှာ မမျှော်လင့်ဘဲ ရဟန်းအမတွေ ဖြစ်ရတော့မယ်''

သီလရှင်ကြီးတစ်ဦးက အားရဝမ်းသာ ပြောလေသည်။ သီလရှင်အတော်များများကြီး စုဝေးလာကြပြန်သည်။ သူတစ်ခွန်း ငါတစ်ခွန်းနှင့် အတော်ပင် ပျော်စရာပေတည်း။

''ကဲ . . . ကိုရွှေမောင်၊ ပရိက္ခရာလည်း စုံသွားပြီ၊ ဆွမ်းကျွေးဖို့ရာကိုလည်း အားလုံး စီစဉ်ပြီးပြီ။ ရှင် . . . အတော်ကုသိုလ်ထူးတဲ့ယောက်ျား။ ရဟန်းခံချင်တယ်ဆိုတာနဲ့ ပရိက္ခရာရှစ်ပါးက တစ်ယောက်တစ်ခု လှူကြတာနဲ့ ပြည့်သွားပြီ။ ဘုရားလက်ထက်ကသာဆိုရင် ဟေ့ဘိက္ခုခေါ်တာနဲ့ ရဟန္တာဖြစ်တယ်ဆိုတာ ရှင့်လို ပါရမီခံရှိတဲ့ ပုဂ္ဂိုလ်တွေနေမှာပဲ''

မတိက္ခက ကောက်ခါငင်ခါပြောလိုက်ရာ အားလုံးက . . .

''အဟုတ်ပဲတော် ထူးကိုထူးတဲ့လူ''

ဟု ထောပနာပြုကြလေသည်။

ကျွန်တော်ကား မတိက္ခကိုအကြောင်းပြုပြီး အတော်ပင်စည်စည်ကားကားနှင့် မြတောင်ဆရာတော်ဘုရားအား ဥပဇ္ဈာယ်ထားပြီး တစ်သက်တွင် မမျှော်လင့်သော မြင့်မြတ်သောရဟန်းဘဝကို ရရှိခဲ့လေသည်။





ရှုတင် (၁၃) ပါးအနက် ကျွန်တော်သည် တစ်ဝါတွင်းလုံး ဓုတင် ကိုးပါးခန့်ရအောင် ကြိုးစားနေခဲ့သည်။ ဗုဒ္ဓဘာသာစာပေကိုလည်း လေ့လာ ခွန် အချိန်ရခဲ့သည်။

သင်္ဂြိုလ်ကိုလည်း တက်ခဲ့သည်။ ဝိနည်းကိုလည်း အကျဉ်းအားဖြင့် ဆရာတော်ဘုရား ခြေတော်ရင်းတွင် သင်ကြားခဲ့ရသည်။

ငယ်စဉ်ကပင် စာဖတ်ဝါသနာပါသော ကျွန်တော့်အတွက် ဆရာတော်ဘုရား၏ လောကီလောကုတ္တရာ စာပေစုမှာ အထူးပင်စိတ်ချမ်းသာမှု ပေးလေသည်။ ကျွန်တော်၏ ရဟန်းဝတ်အဖြစ် နေထိုင်ပုံကို ဆရာတော်ဘုရားမှစ၍ အားလုံးသောသီလရှင်များ ဝမ်းသာ၍ မဆုံးကြပေ။

''ဦးပဥ္စင်းဘုရား . . . ရာသက်ပန် ရဟန်းဝတ်နဲ့ နေစမ်းပါဘုရား။ တပည့်တော် ဝမ်းသာလွန်းလို့''

မတိက္ခသည် ဆွမ်းပို့ရင်း အားပေးပြန်သည်။

''မပြောနိုင်သေးဘူး . . . ဆရာလေး၊ လူထွက်ချင်တဲ့နေ့ ထွက်မှာ သိပ်အထင်မကြီးနဲ့ဦး''

ကျွန်တော်က မတိက္ခအား ပြောသောအခါ မတိက္ခမှာ အံ့သြသွားပြန်သည်။ အံ့သြသည်နှင့်အမျှ စိတ်မကောင်းပုံလည်း ရဖေသည်။

ကျွန်တော် ပြောရင်းနှင့် နေမကောင်းဖြစ်လေတော့သည်။ ဆရာတော်ဘုရားက ဂရုတစိုက် ဆေးကုယူရသည်။ မတိက္ခသည် ကျွန်တော် လူဝတ်လဲမှာစိုး၍ သူ၏ဆွေမျိုးများကို သဲအင်းရွာသို့ အကြောင်းကြားသလားသိ၊ တစ်နေ့တွင် မတိက္ခတို့ သဲအင်းရွာမှ ဆွေမျိုးတစ်သိုက်ရောက်လာပြီး လာရောက်ပင့်ဆောင်သွားတော့သည်။ မတိက္ခလည်း ပါလာသည်။

သဲအင်းရွာသည် ရှမ်းမကားအထက် ကျောက်မြောင်းမြို့သို့ နီးကပ် သော ရေဝတီမြစ်ကမ်းပါးတွင်တည်ရှိ၍ စေတီပုထိုးနှင့် အလွန်သာယာသော ရွာကလေး ဖြစ်လေသည်။

မတိက္ခတို့ဆွေမျိုးသည် ကျွန်တော့်အား ပျော်သရွေ့နေထိုင်သီတင်း သုံးရန် လျှောက်ထားရှာကြသည်။ ဘုန်းတန်ခိုးအလွန်ကြီးသော ဆရာတော်ဘုရားကြီးတစ်ပါးအား ရှိသေစွာ လုပ်ကျွေးပြုစုကြသလို ဟင်းခွက်ပေါင်း



www.burmeseclassic.com

www.burmeseclassic.com



မြောက်မြားစွာနှင့် ကျွေးမွေးကြသည်။ ကျွန်တော် ဆယ်ရက်ခန့်သာ နေခဲ့သည်။ မင်းကွန်းကို ပြန်မည်ဟုသာ ပြောနေ၏။

သို့နှင့် ဆွေမျိုးတစ်စုနှင့် မတီကွတို့ ပြန်ပို့ရပြန်သည်။ မင်းကွန်းရောက်၍ များမကြာမီ ကျွန်တော်လူမိုက် ရဟန်းဘဝမှ ထွက်လိုက်တော့သည်။ မတီကွ မျက်ရည်ကျရှာလေသည်။ အံကြိတ်သည်ကိုလည်း မြင်ရသည်။ မောင်ဖွားအရင်းအချာဆိုလျှင် မတီကွ ထရိုက်ပစ်မည် ထင်ရ၏။

''ကဲ ... ကိုရွှေမောင်၊ ရဟန်းဝတ်ချွတ်ပြီး ဘယ်ကိုသွားမယ် စိတ်ကူးသလဲ။ ထင်ရာတော့ လုပ်မနေပါနဲ့ရှင်။ သဲအင်းသွားနေပါ။ ဘာမှအားနာစရာမရှိဘူး''

မတီကွသည် ကျွန်တော့်အပေါ်တွင် အလွန်ပင် သံယောဇဉ်ကြီးရှာပေသည်။

''ကောင်းသားပဲ ... ဆရာလေး၊ ကျွန်တော် လှေကြုံရရင် လိုက်သွားမယ်။ ကျွန်တော် ဒေသန္တရဗဟုသုတ လိုချင်တယ်''

''ရှင် ... လျှောက်သွားနေမဲ့အတူ သဲအင်းမှာ တစ်သက်လုံးနေချင်နေ၊ ဘာမှ အားမနာနဲ့''

သဲအင်းရွာ တစ်ရွာလုံးလိုပင် မတီကွဝမ်းဆွေမျိုးက အားကောင်းလှ၏။ မတီကွတို့ မိဘများမှာ ချမ်းသာသူများမဟုတ်သည့်တိုင် ထမင်းဝသော အခြေတွင် ရှိကြသည်။ ဘာမှပူပင်စရာမလို၊ ကျွန်တော့်အား တကယ့်ဆွေမျိုးရင်းချာပမာ ကျွေးမွေးကြသည်။ ကျွန်တော်သည် သူတို့အား မည်ကဲ့သို့ ပြန်လည်ကျေးဇူးဆပ်ရမည်ကို တွေးမရပေ။

ကျွန်တော် ရွာနီးချုပ်စပ်ကို အားရအောင် လျှောက်လည်ပြီး ခုနစ်ရက်ခန့်နှင့် မင်းကွန်းသို့ လှေကြုံစီးပြီးပြန်ခဲ့ပြန်သည်။ ကျွန်တော် ပြန်ရောက်လာမှန်းမသိသော မတီကွသည် တစ်နေ့ မြတောင်ကျောင်းတွင် ပြန်တွေ့ရာ အံ့အားသင့်နေပြန်သည်။

''ဟော ... ကိုရွှေမောင် သဲအင်းက ဘာလုပ်ပြန်လာသလဲ။ အဖေတို့ အမေတို့ ဘာပြောလို့လဲဟင်''





ဆရာလေးက စိတ်မကောင်းဟန်ဖြင့် မေးနေ၏။

''ဟာ ... သိပ်ကောင်းရှာကြပါတယ်ခင်ဗျာ။ ကျွန်တော် အားနာလို့ ပြန်ပြေးလာခဲ့တာပါ''

''ကိုရွှေမောင်တစ်ယောက် သိပ်ခက်ပါလား။ ဒါဖြင့် ရှင် ဘာလုပ်မလို့ စိတ်ကူးထားသလဲ''

''မပြောတတ်သေးဘူး ... ဆရာလေး၊ ကျွန်တော် စဉ်းစားဦးမယ်''

ကျွန်တော် ဆရာတော်ဘုရားကျောင်းတွင် ထမင်းကျန် ဟင်းကျန်များကို ကပ်စားနေပြန်သည်။ ကျွန်တော် ထင်ရာလုပ်နေသဖြင့် ဆရာတော်ဘုရားလည်း စိတ်ချမ်းသာဟန် မတူပေ။

''လာဦး ... ရွှေမောင်၊ မင်း ဘယ်ကိုသွားမလဲဆိုတာ ငါ့ကိုပြောစမ်း၊ မင်းအတွက်နဲ့လည်း ခက်ပါတယ်ကွာ။ ငါက မင်းကို အမွေပေးစရာမရှိဘူး။ ငါ့အမွေကတော့ မင်း ရဟန်းပြန်ခံစေချင်တယ်။ မင်းလို ရဟန်းလူထွက်နဲ့ဆိုရင် မင်း ရွှေကျောင်းနဲ့ နေရမယ်ကွ''

ကျွန်တော်က ရယ်နေ၏။ ဆရာတော်ဘုရားသည် ကျွန်တော့်အတွက် အားမလိုအားမရ ဖြစ်နေရှာသည်။

များမကြာမီ ကျွန်တော် လှည်းနှင့်သွားဝယ်ပြီး တောင်ထိုးမြောက်ထိုးနှင့် ကျောင်းဝင်းထဲ မောင်းချလာတော့သည်။ ဆရာတော်ဘုရားက ကျွန်တော့်အား စိန်းစိန်းကြည့်တော်မူ၏။

''ဒါက ဘယ်လိုဖြစ်လာပြန်သလဲကွ။ ဘယ်လိုစိတ်ကူး ပြန်သတုံးဟ''

''တင်ပါ့ဘုရား ... တပည့်တော် အနောက်ဘက်ဆင်းပြီး ကုန်ကူးလို့ စိတ်ကူးပါတယ်''

ဆရာတော်ဘုရားနှင့် မတီကွတို့ ကျွန်တော့်အား လက်လျှော့လိုက်ကြရသည်။ အနောက်ဘက်ဆိုသည်မှာ ရွှေဘို ရွာသစ်ကြီး၊ ရွှေမြင်တင်ခေါ်ရွှေမင်းဝံတောင် ဟိုဘက်ကို ဆိုလို၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တောင်ကြီးတစ်ဖက်တွင် ဘာတွေလုပ်နေခဲ့သည်ဆိုသည်ကို ဝတ္ထုပေါင်းများစွာဖြင့် စာဖတ်ပရိသတ်အား အစီရင်ခံပြီး ဖြစ်ပါသည်။

ကျွန်တော် ဟုတ်တာရော မဟုတ်တာရော၊ အတော်ကြာ လုပ်နေခဲ့ပြီးမှ မင်းကွန်းသို့ ပြန်ကပ်ပြန်သည်။ ကျွန်တော့်တွင် ပိုက်ဆံလည်း မရှိတော့၍ ရန်ကုန်သို့ ပြန်ဆင်းရန် စိတ်ကူးလေသည်။ သို့နှင့် မတိက္ခဇရပ်တွင် အပ်နှံထားခဲ့သော အဝတ်အစားကိုယူရန်နှင့် မတိက္ခအားလည်း အကျိုးအကြောင်းပြောရန် ဇရပ်သို့ လာခဲ့သည်။ သို့ရာတွင် မတိက္ခအား မတွေ့ရ။ မတိက္ခသည် သဲအင်းသို့သွားသည်ဟု ဇရပ်တွင်နေကြသည့် မတိက္ခအသိ လင်မယားက ဆီးပြောလေသည်။

ကျွန်တော်က မတိက္ခမရှိလည်း ကိစ္စမရှိ၊ ကျွန်တော် အပ်ထားခဲ့သည့်အဝတ်အစားကို လာယူကြောင်း ပြောပြ၏။ သူတို့ လင်မယားက ကျွန်တော့်အဝတ်အစားများကို မတိက္ခက သူတို့အား အပ်သွားသည်မှာ မှန်ကြောင်း၊ သို့ရာတွင် မည်သူတက်ခိုးသွားမှန်း မသိပါကြောင်းနှင့် ရှင်းရှင်းလေး သတင်းပေးလေသည်။

ကျွန်တော် ဘာမှပြောစရာမရှိပေ။ ကျွန်တော့်အဖြစ်မှာ နူရာဝဲ့ဖြစ်ခဲ့ချေပြီ။ ငွေလည်းမရှိ၊ ဝတ်စရာလည်း မရှိတော့။

သုံးရက်အတွင်း မတိက္ခ သဲအင်းရွာမှ ပြန်ရောက်ပြီး ကျွန်တော့်ထံ လိုက်လာသည်။ မတိက္ခမှာ သူ့ပါ တာဝန်မကင်း၍ မျက်ရည်ကျလေတော့သည်။

''ဆရာလေး စိတ်မကောင်း မဖြစ်ပါနဲ့။ ဆရာလေးအပြစ် မဟုတ်ပါဘူး။ ကျွန်တော့် ကုသိုလ်ပါ''

ပျောက်သွားသည့် ပစ္စည်းများအနက် ကျွန်တော် အလွန်နှမြောသော ပစ္စည်းတစ်ခု ပါဝင်လေသည်။ ထိုပစ္စည်းမှာ မန္တလေးနန်းတော် သီဟာသနပလ္လင်မှ ခြင်္သေ့ရုပ် သုံးရုပ်ပင်တည်း။

ကျွန်တော် မန္တလေးမှမထွက်မီ နန်းတော်သို့ အလွမ်းပြေ သွားကြည့်လေသည်။ စစ်ဖြစ်ချိန်ဖြစ်၍ အစောင့်လည်း မရှိတော့။ မှန်နန်းဆောင်





မှန်များကို ဘယ်သူတွေ ရိုက်ခွဲထားမှန်းမသိ။ ယခင်တစ်ခေါက် လာကြည့်သလို မဟုတ်တော့။ သို့နှင့် . . . ကျွန်တော် တွေးကြည့်မိသည်။ ဤနန်းတော်အဆောက်အဦသည် မကြာမီ မီးရှို့ခံရမည်ဖြစ်သည်။ အမှတ်တရ ဘာယူရကောင်းမည်နည်းဟု တွေးပြီး ကျွန်တော် ရာဇပလ္လင်ကို အုတ်ခဲနှင့်ထုပြီး ရွှေခြင်္သေ့ကလေးသုံးကောင်ကို ဘောင်းဘီအိတ်ထဲ ထည့်ယူလာခဲ့လေသည်။ ယခု လွယ်အိတ်နှင့်အတူ ရွှေခြင်္သေ့သုံးကောင် ပါသွားခဲ့ပေပြီ။ အပ်ဝင်၍ ထိန်ထွက်သလား မသိပေ။ ကျွန်တော် ထင်ခဲ့သလိုပင် စစ်အတွင်းနန်းတော်ကြီးလည်း ပြာပုံဘဝသို့ ရောက်ခဲ့ရလေသည်။

ကျွန်တော် ရန်ကုန်ဆင်းမည်ဟု မတိက္ခအား သွားရောက်နှုတ်ဆက်လေသည်။ ဆရာတော်ဘုရား စိတ်မကောင်းသကဲ့သို့ မတိက္ခလည်း မျက်ရည်ငိုင်းနေရှာ၏။

''မသေရင် တစ်ခေါက်တော့ လာခဲ့ပါဦး . . . ကိုရွှေမောင်၊ ရှင်ဘယ်ကိုရောက်ပြီး ဘာလုပ်နေတယ်ဆိုတာကိုလည်း ရောက်ရာအရပ်က စာရေးပါနော်''

ကျွန်တော်လည်း စိတ်မကောင်း ဖြစ်ရသည်။ ကျွန်တော့်အား မောင်အငယ်တစ်ယောက်ကို စောင့်ရှောက်သလို စောင့်ရှောက်ပြီး ရဟန်းဘဝကိုပေးခဲ့သော မတိက္ခအား အဘယ်မှာ မေ့ပါမည်နည်း။

ဤသို့ မမေ့ပါဟုပြောခဲ့သော ကျွန်တော်သည် လူမိုက်ပီပီ၊ နှစ်ပေါင်း ၂၂ နှစ်ကြာသည့်တိုင် မတိက္ခနှင့် ဆရာတော်ဘုရားတို့အား စာတစ်စောင်၊ ပေတစ်စောင် မပေးဖြစ်ခဲ့ပေ။

ကျွန်တော် ဟသ်ာတမြို့မှ မိုးကုတ်သို့ သားနှင့်သမီးနှင့် ပြောင်းရွှေ့ခဲ့ရသည်။ မန္တလေးမှ သပိတ်ကျင်းသင်္ဘောကို ပြောင်းရွှေ့စီးခဲ့ရာ သင်္ဘောသည် မင်းကွန်းတွင် ငါးမိနစ် ကပ်လေသည်။ ထိုအခါတွင်မှ ကျွန်တော်ထုမိုက်သည် မင်းကွန်းကို အကြီးအကျယ် လွမ်းပြန်တော့သည်။

တစ်လမ်းလုံး ကျွန်တော် တွေးမဆုံးဘဲ လိုက်လာခဲ့သည်။ သင်္ဘောခုတ်နေသည့်လမ်းမှာ ကျွန်တော် ယခင်က သွားလာနေခဲ့သော နေရာတွေ



www.burmeseclassic.com

www.burmeseclassic.com



ပင်ဖြစ်သည်။ သင်္ဘောပေါ်မှ ဟိုနေရာ၊ ဒီနေရာမှန်း ကြည့်မိသည်။ သင်္ဘောသည် တရွေ့ရွေ့နှင့် ရှိမ်းမကားမြို့လေးအနီးသို့ ရောက်ခဲ့၏။ ကျွန်တော်၏ အတွေးကား မဆုံးသေး။

လွတ်လွတ်လပ်လပ်နှင့် တွေးနိုင်ရန်အတွက် သင်္ဘောအောက်ထပ်သို့ ဆင်းခဲ့ပြီး ဦးပိုင်း၊ တတ်မကိုင်နေရာအနီးတွင်ထိုင်ပြီး ဆက်တွေးပြန်သည်။ ဤနေရာ ဤဒေသများတွင် ဤမျှသွားလာနေခဲ့ပါလျက် တချို့နေရာများမှာ မှတ်မိလောက်အောင်ပင် အနှစ်နှစ်ဆယ်အတွင်း ပြောင်းလွဲနေကြပြီကို တွေ့ရ၏။

''ရှိမ်းမကားကို ရောက်ပါပြီ။ ဆင်းချင်တဲ့လူများ ဆင်းနိုင်တယ်''

သင်္ဘောသားတစ်ဦး အော်သံကြား၍ ကျွန်တော် အလွန်အံ့သြသွား၏။ ကျွန်တော် ရှိမ်းမကားမြို့ကို ဘယ်လိုရှာ၍မျှ မတွေ့ပေ။ သင်္ဘောဆိုက်သည်မှာ ကိုင်းတောတစ်ခုဘေးတွင် ဖြစ်သလိုဆိုက်သည်ကို တွေ့ရ၏။ သို့နှင့် မနေနိုင်သော ကျွန်တော်သည် အနီးရှိ ခရီးသည်တစ်ဦးအား မေးလေတော့သည်။

''နေပါဦးဗျာ ... ရှိမ်းမကားရောက်ပြီ ဆိုပြီးတော့ ဘယ်မှာလဲ မြို့''

''ဟုတ်ပါတယ် ... ဆရာကြီး၊ ရှိမ်းမကားဟာ သင်္ဘောနဲ့တောက်လျှောက် မရောက်နိုင်တော့ဘူး။ ကျွန်းတစ်ကျွန်း ပိတ်ထားပြီလေ။ ဆရာကြီး ရောက်ဖူးလို့လား''

''ဟုတ်ပါတယ်။ ကျွန်တော် စစ်ကြီးဖြစ်တုန်းက ခဏခဏ ရောက်ဖူးတယ်။ ဒါနဲ့ ... မေးတာပါ''

''သြော် ... ကြာမှကို၊ ဟုတ်တယ် ဟိုတုန်းက သင်္ဘောပေါ်က ဆင်း မြို့မြေကို နင်းမိတာပါပဲ။ တောတောင်ရေမြေများတောင် မတည်မြဲဘူး ခင်ဗျ''

ကျွန်တော်သည် မိမိနေရာကိုပြန်ထိုင်ပြီး ဆက်၍ တွေးပြန်သည်။ ရှိမ်းမကားကိုရောက်လျှင် သဲအင်းကို မြင်ရသည်။ ကျွန်တော်တွေးရင်း သဲအင်းကို ရှာပြန်သည်။ သဲအင်း ဘယ်ရောက်နေမှန်းမသိတော့။ သို့နှင့်





ကျွန်တော် သဲအင်းမှဆက်ပြီး သဲအင်းသူဆရာလေး မတိက္ခကိုသွားပြီး သတိရပြန်သည်။

မိုးနှင့်လေသည် အကြီးအကျယ် ကျလာချေတော့သည်။ ချက်ချင်းပင် ဘာကိုမျှ မမြင်ရတော့။ မိုးပက်သဖြင့် ကျွန်တော်နှင့် ခရီးသည်မိတ်ဆွေ မိုးကွယ်ရာတစ်နေရာတွင် စကားဆက်ကြပြန်သည်။

''ခင်ဗျား ဘယ်ထိလိုက်မလဲ''

ကျွန်တော်က မေးလိုက်၏။

''ကျွန်တော် ရှေ့ကပ်မဲ့ရွာပါပဲ''

''သြော် .. ဒါနဲ့ ခင်ဗျားနေတဲ့ရွာနဲ့ သဲအင်း တော်တော်ဝေးသလားဗျာ''

''မဝေးပါဘူး။ ဒါပေမဲ့ ... ကျွန်တော် မရောက်တာအတော်လေး ကြာပါပြီ။ ဆရာကြီး ရောက်ဖူးလို့လား''

မိတ်ဆွေက ကျွန်တော့်အား ပြန်မေးနေ၏။

''ဟုတ်ပါတယ် ... ရောက်ဖူးပါတယ်။ ကြာတော့ ကြာပါပြီ၊ စစ်ကြီးဖြစ်တုန်းကပဲ။ ကျွန်တော် သဲအင်း ဘယ်နေရာရှိတာတောင် မှန်းလို့မရတော့ဘူး''

ခရီးသည်မိတ်ဆွေသည် သဲအင်းရှိသည့်နေရာကို မှန်းပြီး လက်ညှိုး ထိုးပြရှာ၏။

''နေပါဦး ... ဆရာကြီး၊ သဲအင်းမယ် မိတ်ဆွေများရှိလို့လား''

''မိတ်ဆွေမကဘူး၊ ကျွန်တော်နဲ့ မောင်နှမလောက်ခင်တဲ့ မတိက္ခ ဆိုတဲ့ သီလရှင်လေးတစ်ဦး ရှိတယ်ဗျာ။ အခု ကျွန်တော်တောင် အသက် လေးဆယ်ကျော်နေမှ ဆရာလေးလည်း လေးဆယ်ကျော်ရှိမှာပါပဲ။ မသေ မပျောက် ရှိမှရှိသေးရဲ့လားလို့''

''သြော် ... ဆရာကြီးပြောတဲ့ မတိက္ခဆိုတာ မင်းကွန်းမယ် အနေများတယ် မဟုတ်လား''

''အစစ်ပေါ့ဗျာ၊ ဒီမယ် မိဘတွေ ရှိတယ်လေ''



www.burmeseclassic.com

www.burmeseclassic.com



''ကျွန်တော် ကောင်းကောင်းသိပါတယ်။ ကျွန်တော် သဲအင်းနဲ့ မနီးမဝေး ရွာတစ်ရွာမှာ မူလတန်းကျောင်းဆရာ လုပ်နေပါတယ်။ မတိက္ခ ရှိသေးတယ်ခင်ဗျ''

ကျွန်တော် ဝမ်းသာ၍ မဆုံးတော့။ ကျွန်တော် မတိက္ခကို မျက်စိထဲ မြင်ယောင်လာလေသည်။

''ဟာ . . . ဒီလိုဆို ကျွန်တော် တောင်းပန်ပါရစေ။ ကျွန်တော် စာတစ်စောင် ပေးလိုက်ချင်တယ်ဗျာ။ မတိက္ခကို မတွေ့ရင်လည်း သူတို့အိမ်မှာ ညီအစ်ကို မောင်နှမတွေအားကြီးပဲ မင်းကွန်းကို ပို့ပေးလိမ့်မယ်။ ကျေးဇူးပြုပြီး တစ်ဆိတ်ပေးပေးစမ်းပါဗျာ''

ခရီးသွားမိတ်ဆွေပင်လျှင် သူ၏ လွယ်အိတ်မှ ဗလာစာအုပ်တစ်အုပ်ကို ထုတ်ပေးလေသည်။ ကျွန်တော်သည် စာရွက်တစ်ရွက်ကို ဆုတ်ပြီး မတိက္ခအား ဤစာကိုရရှိက ကျွန်တော် မသေသေးကြောင်း မင်းကွန်းမြတောင်ဆရာတော်ဘုရားအား လျှောက်ထားရန်နှင့် ဖြစ်နိုင်လျှင် မိုးကုတ်သို့ အလည်အပတ်ကြွခဲ့ပါရန် မတိက္ခအား စာရေးလိုက်လေသည်။

ခရီးသည်မိတ်ဆွေက သူ၏နာမည်မှာ မောင်ဘိုကြီးဖြစ်ကြောင်း။ စာကို မတိက္ခထံ အရောက်ပေးပို့မည် ဖြစ်ကြောင်းပြောပြီး လမ်းတွင် ဆင်းကျန်ရစ်ခဲ့၏။ ကျွန်တော်မှူ ကျွန်တော့်စာသည် မတိက္ခထံ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်စေရန် ဆုတောင်းကျန်ရစ်ခဲ့၏။

ကျွန်တော် မိုးကုတ်ထောင်ကို တာဝန်ယူပြီး လုပ်ကိုင်နေသည်မှာ တစ်မိုးကုန်ခဲ့ပေပြီ။ တစ်ဖန် တန်ဆောင်းကုန်ခဲ့ပြန်ပြီ။ ကျွန်တော့်စာ မတိက္ခဆီ ရောက် မရောက်မသိရ။ ကျွန်တော်လည်း မတိက္ခအား သတိရတစ်ချက် မရတစ်ချက်နှင့်ပင် နေခဲ့လေသည်။ သို့ရာတွင် ဆောင်းအကုန် နွေအပေါက်တွင် မတိက္ခသည် အဖော်သီလရှင်တစ်ပါးဖြင့် ကျွန်တော့်ထံ ဆိုက်ဆိုက်မြိုက်မြိုက် ရုက်ကြီး စာမပေး ဘာမပေးနှင့် တကယ်ရောက်ရှိလာပါသတည်း။

မတိက္ခက ကျွန်တော်၏ ဇနီးနှင့်သားသမီးများကို မြင်တွေ့ရ၍ အပျော်ကြီးပျော်သလို ကျွန်တော်နှင့် သားသမီးဇနီးပါ၊ ဝမ်းသာမဆုံး ဖြစ်





ကြရလေသည်။ ကျွန်တော်၏ဇနီးမှာ မတိက္ခအကြောင်းကို ကျွန်တော့်ထံမှ မကြာခဏ ကြားနေရသဖြင့် လူကို မမြင်ဖူးဘဲ ခင်နေရှာ၏။ မတိက္ခ ရောက်လာသောအခါ မမောနိုင်မပန်းနိုင် ပြုစုကျွေးမွေးရှာလေသည်။ အဖော်သီလရှင်မှာ ကျွန်တော် မင်းကွန်းတွင်ရှိစဉ်က သီလရှင်ပိစိကွေးလေးသာ ရှိသေးသည်။ ယခုတော့ ဓမ္မာစရိယ၊ စာမေးပွဲအောင်ပြီဟု သိရသည်။ မတိက္ခ၏ တူမအရင်းပေတည်း။

''မဓမ္မစန္ဒာဟာ ဟိုတုန်းက သီလရှင် ပေါက်စနလေးပါ။ ခေါင်းတုံးပြောင်လေးနဲ့ မဟုတ်လား''

ကျွန်တော်က စကားလက်ဆုံကျနေ၏။

''ဟော . . . လုပ်တော့မယ် ကိုကိုက။ သီလရှင်သေးသေးလည်း ခေါင်းတုံးပဲ။ သီလရှင်ကြီးကြီးလည်း ခေါင်းတုံးပဲပေါ့''

ကျွန်တော့်ဇနီး မိကြည်က ဝင်ထောက်လိုက်သဖြင့် တဟားဟား ရယ်ကြရသေး၏။

ကျွန်တော်တို့ မိသားစုသည် မတိက္ခအား အလွန်ကြာမြင့်စွာ ကွဲကွာနေသော သွေးရင်းသားရင်းများပမာ ခင်မင်၍မဆုံး ရှိကြသည်။

ကျွန်တော်တို့အိမ်တွင် မတိက္ခတို့ရှိနေစဉ် နံနက်စောစော မတိက္ခနှင့် မဓမ္မစန္ဒာတို့ ဘုရားဝတ်တက် ပရိတ်တရားတော်များ ရွတ်ဖတ်သံများမှာ ကျွန်တော့်အတွက် နားထောင်၍ အကောင်းဆုံးနှင့် အသာယာဆုံးဖြစ်သည်။ ကျွန်တော် မင်းကွန်းမှာနေစဉ်က ဤအသံမျိုးကြားလျှင် ကျွန်တော် အိပ်ရာမှ ဖိမ်ခံပြီးနားထောင်လေ့ရှိသည်။

နံနက်စောစော သာယာသော ဘုရားဝတ်တက်သံမှာ ကျွန်တော့်အတွက် အသာယာဆုံး အသံပေတည်း။ ကျွန်တော်သာ သာယာနာပျော်ဖွယ်ဟု ထင်ခဲ့သည်။ အမှန်တော့ ကလေးများမှ စပြီး ဒီအသံကိုမအိပ်ဘဲ နားထောင်နေကြမှန်း ကျွန်တော်သိရသည်။

''သားတို့ သမီးတို့ . . . မင်းကွန်းကို မရောက်ဖူးလို့ တစ်ခါရောက်ရင် ဘုန်းကြီးဝတ်ချင်တဲ့စိတ်၊ သီလရှင်လုပ်ချင်တဲ့ စိတ်ဖြစ်ကြမှာ''

ကျွန်တော်က ကလေးများကို ပြောနေ၏။ အမှန်လည်း ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



၏ များစွာသော သားသမီးများအနက် ဘုန်းကြီးတစ်ပါး၊ သီလရှင်တစ် အနည်းဆုံးဖြစ်လိုသော ဆန္ဒရှိနေ၏။ တစ်ဦးဦးဖြစ်အောင်လည်း ကျွန်တေ ကြိုးစားလျက် ဆွယ်တရားဟောနေဆဲ ဖြစ်ပါသည်။

မတိက္ခသည် အလွန်အားနာတတ်သည်။ ကျွန်တော်၏ဇနီး နံနက်လေးနာရီထပြီး ဆွမ်းချက်လျှင် သူပါဝင်ချက်တတ်သည်။

''နေပါ ... ဆရာလေး''

ဆို၍မရ၊ ကျွန်တော့်သမီးအကြီးနှစ်ဦးက ဆရာလေးကို မီးဖိုချော မှ အတင်းဆွဲခေါ်သွားမှ ရယ်ကာမောကာနှင့် ပါသွားတတ်သည်။

မတိက္ခ ကျွန်တော့် အိမ်ရောက်ပြီး နှစ်ပေါင်းနှစ်ဆယ်ကျော် ကွဲ နေခဲ့သည်ကို ညအချိန်အားတိုင်း ကျွန်တော်က နောက်ကြောင်းပြန်ပြေ သည်။ ကျွန်တော်၏ ဖြစ်စဉ်ပေါင်းကို မတိက္ခသည် ရင်သပ်ရှုမောဆိုသ နားထောင်နေတတ်သည်။ ကျွန်တော် ဒုက္ခတွေ့ရပုံ၊ အသက်ဘေးနှင့်ြ ရပုံကို ပြောပြသောအခါ မျက်ရည်ဝိုင်းနေရှာသည်။

''ကျွန်ုပ် မပြောဘူးလား။ သဲအင်းမှာ အေးအေးဆေးဆေး သွား ပါဆိုတာ မရဘဲ ရန်ကုန် ဆင်းသွားတာကိုး''

မတိက္ခက ကျွန်တော့်ဘဝဖြစ်စဉ် ကို နားထောင်ရင်း ရင်ထု ဖြစ်နေရှာ၏။

ကျွန်တော့် အကြောင်းစုံကိုသိရပြီး ယခုလိုသားနှင့် သမီးနှင့် တ တောင်းတင့်တယ်တွေ့ရသော မတိက္ခသည် လာရကျိုးနပ်ပေပြီဟု ပြောပြ နောက်တစ်နေ့ပြန်ရင် ပြင်ဆင်တော့သည်။

ကျွန်တော်က ...

''နေပါဦး''

ဟု ပြောသလို ကလေးများက ...

''ဆရာလေး ... မပြန်ရသေးဘူး''

ဟုဆိုကာ မတိက္ခ၏ အထုပ်အပိုးများကို ဝှက်ထားကြလေသည် သို့နှင့် မတိက္ခ တော်တော်နှင့် မပြန်ဖြစ်။ တနင်္ဂနွေ နှစ်ပတ်မျှနေထိုင်ပြီး ကျွန်တော်က ပြန်ခွင့်ပြုလိုက်သည်။ မိကြည်က ဆရာလေးအား လမ်းစရိ





သောက်ဖွယ်အမျိုးမျိုးနှင့် ကန်တော့ရှာသည်။ ကျွန်တော်က ဆရာတော် အတွက် သီးသန့်စားသောက်ဖွယ်နှင့် သင်္ကန်းတစ်စုံ ကန်တော့လိုက် ည်။

''ကဲ ... ကိုရွှေမောင် အောက်ပြည်အောက်ရွာမှာတုန်းက ဝေးလို့ နိုင်ဆိုတာ ကျွန်ုပ်မ ဘာမှမပြောလိုပါဘူး။ အခု နီးနီးလေးရောက်လာပြီ၊ မ မိန်းမသားတောင် မရောက်ဖူးတဲ့နေရာကို စွန့်ပြီးရောက်ပြီ။ ကိုရွှေ င်တို့ တစ်အိမ်သားလုံး မင်းကွန်းကို ဘယ်တော့လာမလဲပြော။ ဒီနှစ် နိုင် နောက်နှစ်လာရမယ်''

ဆရာလေးသည် သွားခါနီး ကျွန်တော့်ထံ ကတိတောင်းလေ ည်။

''စိတ်ချပါ ... ဆရာလေး၊ တစ်အိမ်လုံးမဖြစ် ဖြစ်အောင်လာခဲ့ ယ်။ နေ့၊ ရက်၊ လ ကိုတော့ မပြောနိုင်သေးပါဘူး''

''ကျွန်ုပ်မ ကျေနပ်ပါပြီ။ လာမယ်ဆိုတဲ့ ကတိရရင်တော်ပါပြီ။ နှစ် င်းများစွာအတွင်း မရောက်နိုင်ပေမဲ့ အခု နီးနီးလေးဆို တစ်ရန်နှံ ရောက် ပါလိမ့်မယ်''

ဆရာလေးသည် ကျွန်တော်တို့မိသားစုနှင့် ခွဲခွာချိန်တွင် အတော် မကောင်း ဖြစ်ဟန်ရှိသည်။ ကျွန်တော်၏ သမီးအကြီး နှစ်ဦးအားလည်း တော်သံယောဇဉ် ဖြစ်သွားရှာသည်။

''ကြူကြူနဲ့ဝင်းဝင်း လာဖြစ်အောင် လာနော်။ ဆရာလေး မျှော် မယ် ... ကြားလား''

မော်တော်ကားပျောက်သွားသည့်တိုင် ကျွန်တော်တို့မိသားစု လမ်း တွင် ကြည့်ကျန်ရစ်ခဲ့ကြသည်။

မိုးကုတ်မှ ကျွန်တော် ရွှေဘိုထောင်သို့ ပြောင်းခဲ့ရပြန်သည်။

မိုးကုတ်ထောင်ထက် ရွှေဘိုထောင်က များစွာကြီး၏။ သို့နှင့် အလုပ် များလေသည်။ ဆရာလေး မတိက္ခထံ၌ ပေးထားသောကတိမှာ လေထဲတွင် မိဘဲ လွင့်နေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



''ဖေဖေ . . . ရွှေဘိုရောက်နေမှ မင်းကွန်းနီးနီးလေးဆို၊ ဆရာေ တို့ဆီ သွားရအောင်''

ကျွန်တော့်သမီးအကြီးနှင့် သားအကြီးက အစဖော်သတိပေး သည်။

''အေးပါကွယ် . . . သွားချင်တယ် အချိန်မရဘူး။ မြင်တဲ့အတိုင် ပဲ''

ကျွန်တော်က သားသမီးများကို ဖြေလိုက်သည်။

ထောင်ကြီးတစ်ထောင်ကို တာဝန်ယူရသည်မှာ မလွယ်။ မိမိအလု အပြင် ခေတ်အလိုက် တခြားမလုပ်မဖြစ်သော ဗဟိရအလုပ်ကလည်း သုံးမ ပါသေး၏။ အရေးထဲ ဇနီးသားသမီး အစုံအလင်သွားမည်ဟု ရည်ရွယ်ခဲ့ ဇနီးက နေမကောင်း၊ ကလေးဘုစုခရုပုစွန်တွေကများတော့ တစ်ယော မဟုတ်တစ်ယောက်က နေမကောင်း၊ ဘယ်မှာသွားဖြစ်ပါမည်နည်း။

ရွှေဘိုရောက်ပြီး တစ်နှစ်ကြာသွားပြန်သည်။ မင်းကွန်း ဘယ်နေမှ မသိသေး။

''သမီးတို့ကို သီလရှင်လုပ်စေချင်တယ်ဆို မင်းကွန်းဘယ်လိုလဲ တာ သွားရအောင်''

သမီးများက ပူဆာကြပြန်သည်။ သီတင်းကျွတ် ကျောင်းပိတ်လျှ တစ်ညအိပ်ဖြစ်ပါစေ။ မတိက္ခဆီ လိုက်ပို့ရန် ကလေးများက ပူဆာကြေ သည်။ သို့နှင့် ဘာဖြစ်ဖြစ် နေကောင်းတဲ့သူ လိုက်ခဲ့ကြဟုဆိုကာ ဌာနဆိုင်ရ သို့ ခွင့်လေးရက်တင်ထားလိုက်သည်။ ခွင့်ရသည်။ ခွင့်ရလျှင် ဥပဒေအ ထောင်ကို ခရိုင်ဝန်ကို အပ်ရမည်။ ယခုအချိန်တွင် လူကြီးပိုင်းက စစ်ဘက်ရေ နယ်ဘက်ပါ အလွန်အလုပ်များကြသည်။ ခရိုင်ဝန်က . . .

''မသွားပါနဲ့ဦး . . . ကျွန်တော် ကြည့်ပါဦးမည်''

ဟု ပြောလျှင် ခက်ပေဦးမည်။ ကလေးများ ကျောင်းပိတ်ချိန် မသွားလျှင် ကျွန်တော်ရရှိထားသည့် ခွင့်လေးရက်ကို ပြန်အပ်ရပေမည် က်ကောင်းထောက်မ၍ ကျွန်တော် ထောင်ကြီးကို ခရိုင်ဝန်ညွှန်ကြားချက်အ





တရားသူကြီးတစ်ဦးအား လွှဲအပ်ပြီး ထွက်လာခဲ့သည်။ သို့ရာတွင် တစ်အိမ် လုံး မလိုက်ဖြစ်၊ သမီးသုံးယောက် သားသုံးယောက်သာ လိုက်နိုင်ခဲ့ သည်။

ဆရာတော်ဘုရားနှင့် မတိက္ခတို့အား လှူရန် သက်န်းမှအစ တိုလီ မုတ်စ ယူဆောင်ခဲ့ကြသည်။

ကျွန်တော်၏သားသမီးများ ပျော်ရွှင်ကြပုံမှာ ပြောစရာမရှိပြီ။ သူတို့ အလွန် တွေ့ချင်လှသော မတိက္ခဆရာလေးကို တွေ့ရတော့မည် မဟုတ်ပါ ‌ေ ဟ။ ကလေးများမှာ တစ်လမ်းလုံး ပျော်ကြလွန်း၍ ဆူညံနေကြသည်။ ကျွန် ‌ေ ာ်မူ စိတ်ချမ်းမြေ့မှုဖြင့် တိတ်ဆိတ်စွာ လိုက်ပါလာခဲ့သည်။

အလွန်တာဝန်ကြီးသော ဝတ္တရားတစ်ခုမှ ခဏတာမျှ အနားယူ ခြ ်း၊ ကျွန်တော် အနှစ်နှစ် အလလက ရောက်ချင်နေသည့်နေရာ၊ ပျော်ရွှင် နေ ြသည့် သမီးများအားလုံး စုပေါင်းခြင်းအခြေအနေသည် ကျွန်တော်၏ စိတ်ကို ငြိမ်းချမ်းစေလေသည်။

မန္တလေးမှ မင်းကွန်းသို့ နံနက်စောစော မော်တော်ဖြင့် ကူးကြ သည်။ မော်တော်မစီးဖူးသော သားသမီးများ ပျော်မဆုံးပြီ၊ မင်းကွန်းအရောက် မြတောင်တိုက်တို့အသွား ကလေးများ နွားလှည်းစီးကြပြန်သည်။ နွားလှည်း မစီးဖူးသဖြင့် တစ်လမ်းလုံး ရယ်မောလိုက်လာကြသည်။

မတိက္ခအား ကြိုတင်ပြီး ကျွန်တော်တို့ရောက်မည့်အကြောင်း စာ ပေးမထားပေ။ ဗြုန်းစားကြီး မတိက္ခ အံ့သြပျော်ရွှင်သွားစေရန်၊ ကျွန်တော် တမင်စာမရေးခြင်းဖြစ်သည်။ ကျွန်တော့်ဆီ မတိက္ခ လာလည်စဉ်ကလည်း စာပေးခြင်း မပြုခဲ့မဟုတ်ပါလား။ ကျွန်တော် မတိက္ခအား နောက်ပြောင်ခြင်း မတိက္ခစိတ်ဆိုးအောင် လုပ်ခြင်းပင်တည်း။ ကျွန်တော့်အပေါ် စိတ်မဆိုးဖူး သော မတိက္ခ စိတ်ဆိုးခြင်းကို ကြည့်လိုမြင်လို၍ တမင်စာမရေးခြင်းပင်။ သို့ ရာတွင် ဆရာတော် ဘုရားထံသို့ စာတစ်စောင် ကြိုတင်ဆက်ကပ်ထား၏။ မတိက္ခကိုတော့ မသိစေလိုပါဟု ရေးလျှောက်ထားခဲ့သည်။

ကျွန်တော်တို့ ကျောင်းဝင်းသို့ရောက်ချိန်တွင် ဆရာတော်ဘုရားအို ကြွလျှောက်နေတော်မူသည်ကို အဝေးမှ ဖူးတွေ့ကြရသည်။ ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com



ဘုရား သက်တော်ခုနစ်ဆယ် ကျော်နေပေပြီ။ ကျန်းကျန်းမာမာပင် တွေ့ရှိရသဖြင့် ကျွန်တော်၏ဝမ်းမြောက်ခြင်းမှာ ပြောပြနိုင်စွမ်းမရှိ။ ဆရာတော်ဘုရားလည်း အတော်ပင် ဝမ်းသာတော်မူရှာသည်။ သားသမီးများကို တစ်ဦးချင်း ဆရာတော်ဘုရားက မေးမြန်းနှုတ်ဆက်တော်မူသည်။ သားအကြီး ချစ်ကိုကို သားငယ်ချစ်မောင်မောင်နှင့် ကိုကိုတင့်တို့အား . . .

''ဟေ့ . . . မင်းတို့အဖေ နွားလှည်းမောင်းတုန်းက နွားချီတဲ့ သစ်ပင်ဟာ ဒီအပင်ပဲကွ''

ဟု ကျီစယ်တော်မူလေသည်။

ဆရာတော်ဘုရားနှင့် ရှေ့ဖြစ်နောက်ကြောင်း အတော်ကြာ ပြောဟောနေကြပြီး လှူဒါန်းစရာများကို လှူကြသည်။ သမီးကြူကြူ ဝင်းငယ်နှင့် လှလေးတို့သည် ကျောင်းဝင်းရှိ ခရေပင်ကြီးအောက်တွင် ကောက်မကုန်သော ခရေပွင့်များကို တပျော်တပါး ကောက်နေကြ၏။ တောတောင်ကို မမြင်ဖူးသော သားသမီးများမှာ တစ်သက်တွင် အပျော်ဆုံးအဖြစ် မြင်ရသည်။

ဆရာတော်ဘုရား ဆွမ်းဘုဉ်းပေးပြီး ကလေးများကို ထမင်းစားရန် ခေါ်နေတော်မူသည်။ ဆရာတော်ကြီးအား ဆွမ်းလုပ်ကျွေးနေကြသည့် သီလရှင်ညီအစ်မနှစ်ဦးမှာ ကလေးများကို ဟိုတစ်နေရာ ဒီတစ်နေရာလိုက်ရှာပြီး တပင်တပန်း ထမင်းကျွေးရှာသည်။

ကျွန်တော် ထမင်းစားပြီးမှ ရှားပင်ချောင်ရှိ မတိက္ခတို့ထံသွားရန် ဆုံးဖြတ်ထားသည်။ ဆရာတော်ဘုရား စွန့်ကြသည့် စားစရာများကို ဗိုက်ကားအောင်စားပြီး ဆရာတော်ဘုရားကို သွားရောက်ဝတ်ချလိုက်ကြသည်။

''အေး . . . သာဓု . . . သာဓု . . . မင်းတို့ ဘယ်သွားကြဦးမလဲ''

''တပည့်တော်တို့ မတိက္ခဆီ သွားမလို့ဘုရား''

ဆရာတော်ဘုရားသည် ခွန်းဟတော် မမူတော့ချေ။ ကျွန်တော့်စိတ်ထဲ ထင့်ခနဲ ဖြစ်သွား၏။ သို့နှင့် ကျွန်တော်က ထပ်လျှောက်ပြန်သည်။

''တပည့်တော်တို့ မတိက္ခဆီ သွားမလို့ပါဘုရား''





ဆရာတော်သည် ဤတစ်ကြိမ်တွင် ဖြည်းလေးစွာ မိန့်တော်မူသည်။

''မတိက္ခ မရှိတော့ဘူးကွယ့်။ မင်းကွန်းတစ်ချောင်လုံး နှမြောလို့ ဆုံးကြဘူး။ ငါလည်း အတတ်နိုင်ဆုံး စောင့်ရှောက်ပါတယ်ကွယ်။ မရဘူး။ ဆုံးတာ သိပ်မကြာသေးဘူး''

ဆရာတော်ဘုရား မိန့်ကြားပြီးနောက် ကျွန်တော်သည် ဟင်ခနဲ ဖြစ်သလို ကလေးများအားလုံးက . . .

''ဟော . . . ဆရာလေးဆုံးပြီ''

ဟု တစ်ပြိုင်နက် အော်လိုက်ကြသည်။

ကျွန်တော်နှင့် သားသမီးများ မတိက္ခရှိရာ ရှားပင်တိုက်သို့ ပြေးကြသည်။ မဓမ္မာစန္ဒာနှင့် မတိက္ခ၏အစ်မကြီး သီလရှင်၊ မဓမ္မဝေသီကို တွေ့ရသည်။ သူတို့တတွေ ကျွန်တော်တို့သားအဖများကို တွေ့ရသောအခါ မျက်ရည်ဝိုင်းနေကြသည်။

''မတိက္ခမရှိတော့ဘူး ဦးရွှေမောင်၊ ရှင်တို့သားအဖ တစ်နေ့လာကြလိမ့်မယ်လို့ မတိက္ခပြောထားလို့ မျှော်နေကြတယ်။ ဟောဟိုမယ် ရှင်တို့သားစုဓာတ်ပုံ''

ကျွန်တော်တို့မိသားစုဓာတ်ပုံမှာ သားသုံးယောက်ကို ရှင်ပြုစဉ်က ကျောင်းတွင်းရိုက်ထားသော ဓာတ်ပုံကြီးဖြစ်သည်။ မတိက္ခမိုးကုတ်လာစဉ်က တစ်ပုံပေးရန်တောင်းသဖြင့် ပုံဟောင်းကိုဓာတ်ပုံ ပြန်ရိုက်ပြီး အကြီးချဲ့ပေးလိုက်ရသည်။ ဆရာလေးသည် ဓာတ်ပုံကို ကျကျနန ချိတ်ထားခဲ့ရှာ၏။

ကျွန်တော် စိတ်မကောင်းလွန်း၍ ပြတင်းပေါက်မှ အဝေးဆီသို့ ကြည့်မိသည်။ မတိက္ခ၏ဇရပ်မှာ ယခင်လို သေးသေးကွေးကွေးမဟုတ်။ ကျကျနန အခိုင်အမာဇရပ်ကြီး ဖြစ်နေပေပြီ။ ဝင်းကလည်း သာယာလှပေသည်။ ရေသုံးသည်ပင် အားလုံးသံပိုက်လုံးဖြင့် ဇရပ်ပေါ် အရောက်စီမံထားခဲ့သည်။ သူ တွေးမွေးထားသည့် သီလရှင်အကြီးအသေး နှစ်ဆယ်ခန့် တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



''မဓမ္မစန္ဒာ ... ဟောဟိုဘုရား သပ္ပာယ်လိုက်တာ။ ကျုပ်ရှိတုန်းက ဒီစေတီတော်ကို မမြင်ပါလားဟင်''

''ဟုတ်ကဲ့ ... ဆရာရှိတုန်းက ဘယ်ရှိမလဲ၊ ဒေါ်လေးမတိက္ခ တည်ခဲ့တဲ့ ဘုရားလေ''

ကျွန်တော် စိတ်မကောင်းဖြစ်ရပြန်သည်။

''ဟောဟိုတောင်ပေါ်က ရေကန်ကြီးလည်း အရင်မရှိပါဘူး''

''ဒါလည်း ဒေါ်လေးမတိက္ခ တူးထားခဲ့တာပါပဲ''

ကျွန်တော်တို့ရောက်သည်ကို မတိက္ခ သိမသွားရှာ၊ ဝေးလံလှသည့် မိုးကုတ်ကို သူ့ခမျာ ကြိုးစားပြီး လာခဲ့ရှာသည်။ ကျွန်တော် ရွှေဘိုထောင်ရောက်နေကြောင်း မတိက္ခ ကောင်းကောင်းကြီးသိသည်မက တင်နေ့လာနီးနှင့် မျှော်နေခဲ့ရှာသည်ဟု သိရသည်။ ကျွန်တော်တို့ အဘယ်မှာ စိတ်ကောင်းပါမည်နည်း။

ကျွန်တော်မူ သင်္ခါရတရားကို တစိမ့်စိမ့် တွေးနေမိသည်။ လူ့ဘဝဟူသည် မိမိတွေးတိုင်း အကောင်အထည်မပေါ်။ ကံ၏အကျိုး၊ ကံစီမံရာခံနေကြရသော ရုပ်နှင့်နာမ်၊ ပေါင်းစပ်ထားသည့် အလကားမာနကောင်များပေတည်း။

မတိက္ခ ကောင်းရာသုဂတိသို့ လားပါစေ ...။

မြောင်းမြမောင်ကို



www.burmeseclassic.com

www.burmeseclassic.com

❑

ဲ့ လသာလိုက်တာ။

ခုလို လသာပလားဆိုရင် ကျုပ်စိတ်ထဲ ကျုပ်တို့ရွာကလေးကို ပြန်ရောက်သွားသလိုပဲ။

နွေရာသီဆိုတော့ ရွာရိပ်ဝန်းကျင် ရိုးပြတ်လယ်ကွင်းပြင်ကြီးဟာ ရွှေအိုရောင်တောက်လို့။ ကွင်းပြင်ထဲက လှည်းလမ်းကလေးဟာ နဂါးဖြူကြီးနှစ်ကောင် ယှဉ်တွဲလဲလျောင်းနေသလိုပဲ။ ကွင်းစပ်က တောင်ခြေတောတန်းကလေးမှာ ရွက်ဟောင်းတွေကြွေပြီမို့ သစ်ပင်တိုင်းမှာလိုလို ရိုးတံပြိုင်းပြိုင်းနဲ့။ ရွက်ကြွေတစ်ရွက်တလေဟာ မြေပြင်မှာ ရှပ်တိုက်ပြေးလွှားကစားလို့။ ရွာကိုအုပ်မိုးထားတဲ့ ကုက္ကိုနဲ့ သရက်၊ မရမ်း၊ ပိန္နဲ ...စတဲ့ ရွာထဲက သစ်ပင်တွေကတော့ ကြွေပေမယ့် ဝေနေဆဲ။ လရောင်အောက်မှာ စိမ်းမှောင်နေဆဲ။

ရွာလေးနာမည်က 'ရတနာမြိုင်' ...တဲ့။

အိမ်ခြေ မများလှပါဘူး။ တစ်ရာကျော် နှစ်ရာနီးပါးလောက်ပဲ ရှိပါတယ်။ တစ်လမ်းတည်းသာရှိတဲ့ ရွာတန်းရှည်ပါ။ မြို့နဲ့ဆို သုံးမိုင်ပိုပိုလေး၊ ဝေးပါရဲ့။ မြို့အဝင်ကားလမ်းကနေ အနောက်ဘက်လယ်ကွင်းထဲကို ဖဲ့ဆင်းပြီး ကန်သင်းရိုးအတိုင်း လျှောက်ရပါတယ်။ နှစ်ကွင်း၊ သုံးကွင်းလောက် သန်းပြီးရင် ရိုးခြောက်တစ်ခုတွေ့လိမ့်မယ်။ မိုးတွင်းဆိုရင်တော့





ရေဘောင်ဘင်ပဲ။ ဝါးနှစ်ပြန်ကျော် သုံးပြန်လျော့လျော့လောက်ရှည်တဲ့ တံတားအိုလေးက ကူးရတယ်။ တံတားလက်ရန်းတွေက ကျိုးကျ၊ မျှဉ်တွေကျွာ၊ သံတွေကျွတ်ဆိုတော့ အတော်ဂရုစိုက်လျှောက်ရပါတယ်။ လိမ့်မကျတောင်မှ ခြေချော်ကျရင်ဖြစ်ဖြစ်၊ အပေါက်ကျွံကျရင်ဖြစ်ဖြစ် ကျိုးနိုင်ပဲ့နိုင်တယ်လေ။

ဒီတံတားရဲ့သက်တမ်းဟာ ဘယ်လောက်ရှိပြီဆိုတာ ပြောနိုင်တဲ့လူ ရွာမှာ တစ်ယောက်မှမရှိဘူး။ အသက်အကြီးဆုံးဆိုတဲ့ ဖိုးရွှေဒေါင်းကို မေးကြည့်တော့ ...

''ငါလူမှန်းသိတတ်ကတည်းက ဒီတံတား ဒီမှာရှိနေတာ''တဲ့။

''ဟိုတုန်းက ဒီတံတားမှာ နာမည်မရှိခဲ့ပါဘူး'' တဲ့။

''ရိုးခြောက်တံတား လို့ ခေါ်တဲ့လူ ရှိချင်ရှိခဲ့မပေါ့'' ...တဲ့။

ခု ကျွန်တော်တို့ခေတ်မှာတော့ ဒီတံတားအိုလေးမှာ နာမည်နဲ့ပါ။ 'ညိုရောင်တံတား' ...တဲ့။

'ညိုရောင်တံတား' ဆိုတဲ့ နာမည်ကို ကျုပ်တို့အသက် သုံးနှစ်အရွယ်လောက်မှာ ပေးခဲ့ကြတာလို့ သိရပါတယ်။ ဖက်ဆစ်တော်လှန်ရေးပြောက်ကျားတပ်သားလေး 'ညိုရောင်' ကို သူ့ရွာသားတွေက ဂုဏ်ပြုတဲ့အနေနဲ့ ဒီတံတားကို ညိုရောင်တံတားလို့ နာမည်မှည့်ခေါ်ခဲ့ပါသတဲ့။ ဟုတ်ပါတယ်။ ညိုရောင်ကို ဖက်ဆစ်တွေက ဒီတံတားပေါ်မှာ ခေါင်းဖြတ်သတ်ခဲ့ကြတာပေါ့။

ကျုပ်တို့ငယ်ငယ်က ဒီတံတားအနားကို တစ်ယောက်တည်း၊ နှစ်ယောက်တည်း မသွားရဲဘူး။ ညိုရောင်တစ္ဆေ ခြောက်တယ်လို့ လူကြီးတွေက ပြောထားတယ်။ ခြောက်ပုံက ညိုရောင်ဟာ လည်ပင်းတုံးတိတိကြီးနဲ့ သူ့ခေါင်းအပြတ်ကြီးကို လက်နှစ်ဖက်နဲ့ပိုက်ပြီး ...

''ဟော့ ...ခေါင်းချင်းလဲမယ်။ ခေါင်းချင်းလဲမယ်''

လို့ အော်ပြီး လိုက်သတဲ့။

ကျုပ်တို့လား ...ကျုပ်တို့တော့ တစ်ခါမှ အခြောက်မခံရပေါ်ဘူး။ အခြောက်ခံရဖူးသူတွေတော့ ရွာမှာရှိသပေါ့။ ဒါပေမဲ့ လူကြီးတွေပြော



www.burmeseclassic.com

www.burmeseclassic.com



သလို ခေါင်းပြတ်ကြီးပိုက်ပြီး လိုက်တာမျိုးတော့ မဟုတ်ပါဘူး။ ညဘက် ညဘက် တံတားပေါ်က ဂျောင်းဂျောင်းဂျင်းဂျင်းမြည်သံ ကြားရတာမျိုး၊ လူတချို့ တီးတိုးတီးတိုးပြောနေကြသံ ကြားရတာမျိုးတွေလောက်ပါ။

တံတားနဲ့အနီးဆုံးမှာ ယာခင်းလုပ်ပြီး တဲကလေးနဲ့နေတဲ့ အဘစိန်ကွန့်ကို မေးကြည့်တော့ . . .

“ဟာ . . . ဒါ မဆန်းပါဘူး။ ငါ ညတိုင်းလိုလို ကြားနေရတာတွေပဲကွ။ ဟို . . . တလင်းသာရွာတို့၊ ပျဉ်းမပင်ရွာတို့က ကာလသားတွေ သူတို့အကြံအစည်နဲ့လာရင်း ခဏတဖြုတ် နားနေသွားကြတာမျိုးလည်း ဖြစ်နိုင်တာပဲ။ မြို့ပေါ်က လူဆိုး၊ သူခိုး၊ ဓားပြတွေ ဒီမှာလာပြီး အချိန်းအချက်လုပ်ကြတာမျိုးလည်း ဖြစ်နိုင်တာပဲ။ ညိုရောင်တစ္ဆေခြောက်တာတော့ ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး။ ဘယ့်နှယ် . . . တိုင်းပြည်နဲ့လူမျိုးအတွက် အသက်စွန့်သွားတဲ့လူ မကျွတ်မလွတ်ဘဲ နေပါ့မလား။ ညိုရောင်ဟာ ငါ့ သူငယ်ချင်းကွ။ လူ့ဘဝတုန်းက မကောင်းမှုဆိုလို့ ဘာတစ်ခုမှ လုပ်ခဲ့တာ မရှိဘူး။ သူ့အတွက် သူ့မိဘတွေရော၊ တို့တစ်ရွာလုံးကပါ ကုသိုလ်ကောင်းမှုတွေလုပ်ပြီး အမျှအတန်း ဝေခဲ့ပြီးပြီကွာ။ သူ ကောင်းရာမွန်ရာဘုံဘဝကို ရောက်နေမှာပါ”

လို့ ပြန်ပြောတတ်တယ်။

အဲ . . . ကျုပ်တို့ လူပျိုကာလသားအရွယ်ရောက်တော့မှ ညိုရောင်တံတားမှာ ခေါင်းပြတ်တစ္ဆေခြောက်တာ နဖူးတွေ့ဒူးတွေ့ခံလိုက်ရသူ ပေါက်လာပါတော့တယ်။ ဒီနေရာမှာ ‘နဖူးတွေ့ဒူးတွေ့’ လို့ ကျုပ်ပြောလိုက်တာ တင်စားချက်မဟုတ်ဘူးဆိုတာ နောက်တော့ ပေါ်လာပါလိမ့်မယ်။

သူ့နာမည်က ‘သာညွန့်’ တဲ့။

မြို့ပေါ်က အတော်အသင့်ချမ်းသာတဲ့ ကုန်သည်တစ်ယောက်ရဲ့ သား။ ကျောင်းလည်း မနေဘူး။ ဘာအလုပ်မှလည်း ရေရေရာရာ၊ လက်ကြောတင်းအောင် မလုပ်ဘူး။ မိုးလင်းပြီဆိုတာနဲ့ စက်ဘီးစီးပြီး ရွာရိုးကိုးပေါက် လျှောက်နေတဲ့ ပေါကြောတစ်ယောက်ပါပဲ။





အောင်မယ် . . . စက်ဘီးစီးနိုင်တာ ပေါ့သေးသေးမမှတ်နဲ့။ ကျုပ်တို့တစ်မြို့လုံးမှာမှ စက်ဘီးငါးစီးထက် ပိုမရှိဘူး။ စက်ဘီးခေါင်းလောင်းကို တဂွမ်ဂွမ်တီးပြီး ရွာလမ်းထဲ ဝင်လာပလားဆိုမှဖြင့် ခွေးတွေက ထိုးဟောင်၊ ကလေးတွေက နောက်ကပြေးလိုက်၊ အပျိုပေါက်မ,တွေကတော့ အိမ်ထဲက ပြူတစ်ပြူတစ်ပေါ့။

သာညွန့်ဟာ ကျုပ်တို့ရွာက သူကြီးသား ချစ်ကြီးကို အကြောင်းပြုပြီး ရွာကို လမ်းပေါက်နေတယ်။ သူတို့နှစ်ယောက်က ခုနစ်တန်းမှာ အတူနေခဲ့ကြဖူးတယ်ဆိုလားပဲ။ တော်တော်ခင်ကြတယ်။

ဆောင်းဦးပေါက်လို့ ကောက်စောစပါးတွေ ရိတ်သိမ်းပြီး လှည်းလမ်းပေါက်ပြီဆိုရင် စက်ဘီးခေါင်းလောင်းသံ တဂွမ်ဂွမ်နဲ့ သာညွန့် ကျုပ်တို့ရွာကို ရောက်လာပါပြီ။ နေ့စဉ်လိုလိုပါပဲ။ ချစ်ကြီးနဲ့တွဲပြီး ဓနိရည်သောက်လိုက်၊ အရက်သောက်လိုက်၊ တစ်ခါတစ်ခါ ချောင်းဖျားက ချင်းအမျိုးသားရွာတွေကို သွားပြီး ခေါင်ရည်စုပ်လိုက်ပေါ့။

ချစ်ကြီးနဲ့ပတ်သက်ပြီးမှ သိကျွမ်းခဲ့ကြပေမယ့် သာညွန့်ဟာ ကျုပ်တို့ရွာခံကာလသားတွေကို တော်တော်ပဲ ခင်ရှာပါတယ်။ ကျုပ်တို့စားသမျှ သောက်သမျှ အရက်ဖိုး၊ ကြက်ဖိုးကို ဒိုင်ခံရှင်းတဲ့အပြင် သူမြို့က လာရင် ကျုပ်တို့တောမှာ မစားရတဲ့ မုန့်ပဲသရေစာကအစ ဝယ်လာတတ်ပါတယ်။ သူဝယ်လာလို့ အာမွှေးပါတဲ့ကွမ်းယာချိုတို့၊ မြို့ပေါ်မှာ ကစ်စမစ်သီးလို့ခေါ်တဲ့ စပျစ်သီးခြောက်တို့၊ စွန်ပလွံယိုတို့ ကျုပ်တို့ စားဖူးကြရပါတယ်။

စွန်ပလွံယို ဝယ်လာတဲ့နေ့ကဆို ရယ်စရာ ကြုံရသေးတယ်။

သာညွန့်ဟာ စက္ကူအိတ်ထဲက စွန်ပလွံယိုတွေကို လက်နဲ့နှိုက်ပြီး ကျုပ်တို့ကို ဝေငှပေးတယ်။

“စားကြည့်ကွာ . . . သိပ်အရသာရှိတာ။ စွန်ပလွံသီးကို ယိုထိုးထားတာ”

အဲဒီမှာ နားခပ်ထိုင်းထိုင်းနဲ့ အိုးတိုးအတအကောင် စံလှိုင်က ပြူးတူးပျာတာဖြစ်ပြီး . . .

“ဟ . . . မင်းဟာက စားလို့ဖြစ်ပါ့မလားကွာ” . . . တဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ . . . စံလှိုင်ရ"

"နို . . . တမလွန်သီးဆိုကွာ။ မတော် တမလွန်ရောက်သွား ဘယ့်နှယ်လုပ်မလဲ။ ငါ အမေ့လည်း မပြောခဲ့ရသေးဘူး"

ကျုပ်တို့ စံလှိုင့်ကို ငယ်ထိပ်ပူအောင် ဝိုင်းထိုးလိုက်ကြတယ်။

သာညွန့် ကျုပ်တို့အပေါ် ကောင်းလှချည့်၊ ကောင်းလှချည့် အောက်မေ့နေတာ။ နောက်တော့မှ သူကောင်းတဲ့အကြောင်းက ပေါ် တော့တာကိုး။ သူက ကျုပ်တို့ရွာမှာ အချောဆုံးဆိုတဲ့ 'မစမ်းမှုန်' လေး မျက်စိကျနေတာကလား။ ကျုပ်တို့ရွာကာလသားတွေက ကြည်ဖြူမှသာလျှင် သူ မစမ်းမှုန်လေးနဲ့ နီးစပ်ခွင့်ကြုံနိုင်မယ်ဆိုတာ သာညွန့်သိတာပေါ့။

ကျုပ်တို့ ရပ်ဓလေ့၊ ရွာဓလေ့အရ တစ်ရပ်တစ်ရွာသားတစ်ယောက် က ကျုပ်တို့ရွာသူတစ်ယောက်ကို မေတ္တာရှိတယ်၊ ချစ်ရေးဆိုမယ်ဆိုရင် ကျုပ် တို့ရွာ ကာလသားခေါင်းကို အသိပေး ခွင့်ပန်ရမယ်။ ကာလသားခေါင်းက ကျန်တဲ့ကာလသားအားလုံးကို ထပ်ဆင့်အသိပေးတယ်။ အဲဒီအခါကျတော့ ဘယ်ကာလသားကမှ တစ်ရပ်တစ်ရွာက လှူပျိုလှည့်လာတဲ့ ညကာလ သားကို မနှောင့်ယှက်ရတဲ့အပြင် လိုအပ်တဲ့ကူညီစောင့်ရှောက်မှုတွေ ပေး ရတယ်။

တစ်နေ့မှာတော့ ကာလသားခေါင်း ကိုဖိုးထွားက ကျုပ်တို့ကို ခေါ် ပြီး ပြောတယ်။

"ဒီမယ်အကောင်တွေ . . . မင်းတို့နဲ့ တွဲတွဲနေတဲ့ မြို့က သာညွန့် ဆိုတဲ့အကောင် စမ်းမှုန်လေးကို ကြိုက်နေသတဲ့။ အဲဒါ ရိုးရိုးသားသား ပိုးတာပန်းတာ မင်းတို့ မနှောင့်ယှက်ကြနဲ့နော်။ ဒီအကြောင်း အပျိုခေါင်း ဆံခြူမကိုလည်း အသိပေးထားပြီးပြီ။ သာညွန့်က စမ်းမှုန်လေးတို့အိမ်သွား ဖို့ အဖော်ခေါ်ရင် တစ်ယောက်ယောက် လိုက်သွား။ အေး . . . မှာဦးမယ်။ သာညွန့်မူးနေရင်တော့ လိုက်မပို့ကြနဲ့ . . . ကြားလား"

ကျုပ်တို့ ရပ်ဓလေ့၊ ရွာဓလေ့ ဆိုပါတော့။

ကျုပ်တို့ရွာခံ ကာလသားနဲ့ အပျိုခေါင်းမဆံခြူတို့ရဲ့ မျက်စိ အောက်မှာတင်ပဲ သာညွန့်နဲ့ မစမ်းမှုန်တို့ ရင်းနှီးခင်မင်သွားခဲ့ကြပါတယ်။





ပေမဲ့ သာညွန့်လိုချင်တဲ့ အဖြေကိုတော့ မစမ်းမှုန်က မပေးသေးပါဘူး။ စဉ်းစားဦးမှာပေါ့လေ။ မိန်းကလေးဆိုတာ စဉ်းစားနိုင်မှ တော်ကာကျတာ ဟုတ်လား။ သူ့ဘဝရဲ့ တစ်သက်တာအရေးပဲလေ။

သာညွန့်ကတော့ ကြာလေကြာလေ မချင့်မရဲဖြစ်လာလေနဲ့ ပေါ့ရဲ။ ညအိပ်ချိန်ကလွဲလို့ အချိန်တိုင်းလိုလို သူ့ကို ကျုပ်တို့ရွာမှာပဲ မြင် နေရတယ်။

ကျုပ်တို့ကာလသားအားလုံးနဲ့လည်း ခင်မင်နေပြီဆိုတော့ မနက် ခင်းလို စက်ဘီးခေါင်းလောင်းသံ တဂွမ်ဂွမ်နဲ့ ဝင်လာပြီး သာညွန့်စက်ဘီး ထိုးတဲ့အိမ်ဟာ အဲဒီနေ့အဖို့ သာညွန့်ရဲ့ စားအိမ်သောက်အိမ်ပါပဲ။ အိမ်ရှင် တွေ မျက်နှာမညိုအောင်လည်း သာညွန့်က ဝယ်လာခြမ်းလာတာတွေ ရှိသပေါ့။

တစ်နေ့လုံး သာညွန့်ဟာ အခွင့်သာတိုင်း မစမ်းမှုန်တို့အိမ်မှာ ရောက်နေတတ်တယ်။ လုပ်စရာကိုင်စရာရှိရင် ကူညီလုပ်ကိုင်ပေးတယ်။ စမ်းမှုန်ရဲ့မိဘတွေ သဘောတွေ့အောင် နေပြတယ်။ မစမ်းမှုန်ရဲ့ ဖြူသည်၊ ညိုသည် သဲကွဲတဲ့အဖြေကိုလည်း မိုးမကျခင် သာညွန့် လိုချင်နေတယ်။ မိုးကျရင် သွားလမ်းမသာ၊ လာလမ်းမဖြောင့် ဖြစ်တော့မှာ။ ခုလို စက်ဘီး လေးတဂွမ်ဂွမ်နဲ့ လာလို့မရတော့ဘူး။ ညွန်တော၊ ဗွက်တော ရုန်းရတော့ မယ်။ ရေစိုမိုးစို ဖြစ်တော့မယ်။ ခုလို နေ့စဉ် လာမနေနိုင်တော့ဘူး။

ခုတော့ သာညွန့် ကျုပ်တို့ရွာကို နေ့စဉ်လာတယ်။ ရွာမှာ သူ့ ကို အမြဲမြင်တွေ့နေရလို့ အကြောင်းမသိတဲ့လူက သူ ဒီရွာမှာပဲနေတယ်လို့ ထောင် ထင်တာ။ အမှန်တော့ သူ နေ့စဉ် မြို့ကိုပြန်ပါတယ်။ ညမိုးချုပ်မှ ပြန်တာပါ။ အဲ . . . လသာတဲ့ညများဆိုရင် ကြက်တွန်သံကြားတော့မှ ပြန် တာ၊ ဘယ်ကြက်ဖြစ်မလဲ။ 'လူပေါ်ပြန်ကြက်' . . . ပေါ့။ လူခြေတိတ်ပြီ လေ။

အခြေအနေက အဲဒီလို လိပ်ခဲတည်းလည်းဖြစ်နေတုန်း အရေးထဲ ရောက်လာတာက 'ခွေးပု' ဆိုတဲ့အကောင်။

တစ်နေ့ . . .



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်နဲ့ခွေးပု နှစ်ယောက်တည်း မနိုင်ရည်သောက်ကြတယ်။ တ ယောက်တစ်လုံးစီ ဗိုက်ထဲဝင်သွားတယ်ဆိုရင်ပဲ ဒီကောင်ပွင့်ထွက်လာတော့ တယ်။

''ဖိုးအောင်ရာ . . . ငါတော့ စမ်းမှုန်ကို ချစ်နေမိပြီကွာ''

အဲဒီမှာ ကျုပ် မျက်လုံးပြူးသွားတယ်။ ခွေးပုဟာ ကျုပ်အော ငါးနှစ်လောက် ငယ်တဲ့အကောင်။ ဒီကောင့်ကို ဆုံးမဖို့ ကျုပ်မှာတာဝန် တယ်။

ကျုပ် ခွေးပုပခုံးစွန်းကို ဆုပ်ကိုင်လိုက်တယ်။

''ဟေ့ကောင် . . . ခွေးပု၊ မင်း ဒီစကားကို ဒီတစ်ခါပဲပြော။ နောက် လေသံတောင် မရှိမ်းနဲ့။ မင်း တို့ရွာသားတွေရဲ့မျက်နှာကို အိုးမည်းမသုတ် နဲ့။ ဒါပဲ''

ကျုပ် လေသံမာမာနဲ့ ကြိမ်းလိုက်တော့ ကောင်လေး ဝပ်သွား တယ်။

ဟုတ်တယ် . . . ကျုပ် ထပ်ခါတလဲလဲပြောခဲ့တဲ့ ရပ်ဓလေ့၊ ရွာ ဓလေ့ပဲ။

မိန်းကလေးတစ်ယောက်ကို ယောကျ်ားလေးတစ်ယောက်က ချစ် ရေးဆိုထားတယ်။ မိန်းကလေးက အဲဒီယောကျ်ားလေးကို 'ဟင့်အင်း' လို့ ပွင့်ပွင့်လင်းလင်း မငြင်းပယ်သေးဘဲနဲ့ အခြား ဘယ်ယောကျ်ားလေးကမှ ကြားဖောက်ချစ်ရေးဆိုခွင့် မရှိဘူး။ ဒါပေမဲ့ ပထမချစ်ရေးဆိုသူ ယောကျ်ား လေးဟာ မိန်းကလေးရဲ့အဖြေကို မစောင့်နိုင်တော့လို့ဖြစ်စေ၊ အခြားသူ တစ်ယောက်ယောက်ကို တွေ့လို့ဖြစ်စေ သူ့ဘာသာ လက်လျှော့သွားရင် တော့ အခြားယောကျ်ားလေးက ချစ်ရေးဆိုခွင့် ရှိလာပါတယ်။ ပြီးတော့ ယောကျ်ားလေးချင်း တူရင်တောင်မှ ဧည့်သည်အာဂန္တုကို ဦးစားပေးရတာ ကိုယ့်ရွာခံမိန်းကလေးကို ဧည့်သည်နဲ့အပြိုင် ချစ်ရေးဆိုတာတို့၊ ဧည့်သည် ကို နှောင့်ယှက်တာတို့ဟာ ရွာကိုဂုဏ်နိမ့်စေတယ်။ နာမည်ပျက်စေတယ်။

ဒါကြောင့် ကျုပ်က ခွေးပုကို 'မင်း တို့ရွာသားတွေရဲ့မျက်နှာကို အိုးမည်းမသုတ်နဲ့' လို့ ဖိပြောပစ်လိုက်တာ။

---





ခွေးပုဟာ တော်တော်ကြာအောင် ခေါင်းတညိတ်ညိတ် လုပ်နေ တယ်။ နောက်တော့မှ ခေါင်းမော့လာပြီး . . .

''အေးပါကွာ . . . ငါက မင်းကိုခင်လို့ ပြောတာပါ။ ဘယ်သူ့ကိုမှ ပြောပါဘူး။ စမ်းမှုန်ကိုချစ်တဲ့ အချစ်တွေ ငါ့ရင်ထဲမှာပဲ သိမ်းထားလိုက် တော့မယ်''

လို့ ပြန်ပြောတယ်။

''အေးကွာ . . . မိစမ်းမှုန်ကလည်း သာညွန့်ကို ဘာအတွက်များ တ်မသားဖြစ်နေရတယ် မသိပါဘူး။ တစ်ရွာသားမို့ မကြိုက်နိုင်ရင်လည်း ကြိုက်ဘူးလို့ အပြတ်ပြောလိုက်ရင် ပြီးတဲ့ဥစ္စာ။ မင်း စိတ်တော့မကျနဲ့ကွ။ သွန့် ဘယ်လောက်ဖွဲ့ကောင်းကောင်း မိုးတွင်းကျရင် ဒီကောင် ရွာကို နိုင်တော့ပါဘူး။ ဒီကောင်က လူ့မင်းသားမဟုတ်လား။ သူ့ဟာသူ ိုလို လက်လျှော့သွားမှာ သေချာတယ်''

ပြောသာပြောရတယ်။ မိုးကျဖို့က တော်တော်လိုသေးတာ။ ခုမှ နတ်တော် မုန့်ဆမ်းလှော်' ပဲ ရှိသေးတယ်လေ။

အဲဒီညက လကလည်း ထိန်ထိန်သာနေတယ်။

နှင်းမှုန်နဲ့မြူခိုးတွေကလည်း ဝေမှိုင်းနေလိုက်တာ။ တစ်လောက ကို အပြာနုရောင်ပဝါပါးလေးနဲ့ လွှမ်းခြုံထားသလိုပါပဲ။

စမ်းမှုန်တို့ အိမ်ခေါင်းရင်း တလင်းပြင်မှာ မုန့်ဆမ်းထောင်းကြ ယ်။ အပျိုလေးတစ်သိုက်က စပါးလှော်။ လူပျိုလေးတွေက လှော်ပြီးသား ကိုထောင်း။ ထောင်းပြီးသားမုန့်ဆမ်းကို အပျိုတစ်သိုက်က ပြာ။ ကျန် ပျိုတစ်သိုက်က ထင်းခွဲ၊ မီးထိုး။

အဲ . . . ကျုပ်တို့သုံးလေးယောက်ကတော့ သရက်ပင်ရိပ်မှာ ဖျာ တစ်ချပ်ခင်းထိုင်ပြီး တေးဂီတနဲ့ ဖျော်ဖြေတင်ဆက်ရသပေါ့။ တေး ိုပေမယ့် တူရိယာပစ္စည်းက များများမပါပါဘူး။ မယ်ဒလင်တစ်လက်၊ တစ်စင်းနဲ့ စည်းဝါးပါပဲ။ အဆိုကတော့ ကျုပ်ပေါ့။ ကျုပ်တို့ခေတ် င်းတွေပေါ့ဗျာ။ များသောအားဖြင့် ကျုပ်တို့ကြိုက်တာ ကိုစောညိမ်း

---



www.burmeseclassic.com

www.burmeseclassic.com



သီချင်းတွေပဲ။ ရတုဘုရင်တို့၊ ခွေနှောင်းရွက်ကျန်တို့၊ ပွင့်ဦးတို့၊ သစ္စာ[...] စသည်ဖြင့်ပေါ့ဗျာ။ ခုတော့ တချို့လည်း မေ့သလောက် ရှိကုန်ပါပြီ။

သာညွှန့်ကတော့ ဒီည ပိုပျော်နေပုံရတယ်။ သူ့ကြည့်ရတာ နို့[...] စို့ထားရတဲ့ နွားပေါက်ကလေး ကျနေတာပဲ။ နွားပေါက်ကလေးများ နို့ဝ[...] ပြေးလိုက်လွှားလိုက်၊ ခုန်လိုက်ပေါက်လိုက်နဲ့လေ။ သာညွှန့်ဟာ ထင်းခွဲ[...] မှာလည်းပါ၊ မီးထိုးရာကိုလည်းရောက်၊ စပါးထောင်းရာကိုလည်းဝင်။

မုန့်ဆမ်းထောင်းပြီးကြတော့ မနက် ဘုရားဆွမ်းတင်ဖို့နဲ့ ဘုန်း[...] ကြီးကျောင်း ပို့ဖို့ချန်။ ကျန်တာကို အုန်းသီးရည်ထဲမှာ ခဏစိမ်။ မုန့်ဆမ်းန[...] တော့မှ အုန်းသီးဆံနဲ့ သကြားထည့်ပြီး သုပ်ကြတယ်။ အုန်းသီးနဲ့သကြား[...] က သာညွှန့်ဝယ်လာတာ။

သာညွှန့်တို့ မင်္ဂလာယူလိုက်ပုံများတော့ မပြောချင်ဘူး။ ထော[...] လောဆယ် သူနဲ့စမ်းမှုန်တို့ မပေါင်းကြရသေးပေမယ့် သူ့ရဲ့ အုန်းသီ[...] သကြားနဲ့ စမ်းမှုန်ရဲ့မုန့်ဆမ်းတို့ ကြွေရည်သုတ်ဇလုံကြီးထဲမှာ ပေါင်းကြ[...] လေသတည်း ဖြစ်နေတာကို သဘောတွေကျလို့။ တဟဲဟဲနဲ့ ... ကြွာ[...] သွားတွေ အဖွေးပတ်ကုန်တော့မှာပဲ။

စားကြသောက်ကြ၊ စကြနောက်ကြ၊ ဆိုကြတီးကြနဲ့ပဲ ညဥ့်လည်[...] တော်တော်နက်နေပြီ။ လ,ကတော့ သာတုန်းပဲ။ ဒါပေမဲ့ နှင်းကတော့ တအား[...] ကို မှုန်လာနေတယ်။

"ဝိုင်းသိမ်းကြစို့"

ဆိုတော့ သာညွှန့်က မကျေနပ်သေးဘူး။

"နောက်ဆုံးပွဲသိမ်းတစ်ပုဒ်တော့ ဆိုကြ၊ တီးကြပါဦးဗျာ"

တဲ့။ ပွဲတောင်းနေတယ်။ အားလုံးကလည်း ဝိုင်းပြီး သာညွှန့်[...] ထောက်ခံကြတယ်။

ဒါနဲ့ ကျုပ်လည်း ဘာဆိုရပါ့မတုံးလို့ စဉ်းစားနေခိုက်မှာ ကိုဖိုး[...] က ကျုပ်ပေါင်ကို သူ့ဒူးနဲ့တို့ပြီး ...

"ချစ်နှင်းမှုန်မှုန် ဆိုကွာ" ... တဲ့။





ကျုပ် ကိုဖိုးထိရဲ့ မယ်ဒလင်အတောကို စောင့်ပြီး ဝင်ဆိုလိုက်[...]တယ်။

"နှင်းမှုန်ငွေရည်ပုလဲ ××× တဖွဲဖွဲရယ် ×××
ကြကာ မစဲတော့တယ်×× တစ်ကိုယ်ရည်နွမ်းလျှဖွယ် ×××
ရင်ထဲ ××× ရွှေသည်းဖိုမီတယ် ×××
သြော် ××× ချစ်နှင်းမှုန်ရယ် ××× တသုန်သုန်မြူးကာ ×××
ညဦး ××× ရက်တော့တယ် ×××"

ကျုပ်အသံတောင် ကျုပ်အံ့သြသွားတယ်။ ကိုစောညိမ်းရဲ့ဝိညာဉ် [...] ကျုပ်ကို ဝင်ပူးသွားလေသလားမှ မသိတာ။ စိမ့်နေတဲ့လေထဲမှာ ကျုပ် [...]အသံဟာ လှိုက်လှဲတုန်ခါနေတော့တယ်။

နားထောင်နေကြသူအားလုံး အသံမဲ့ တိတ်ဆိတ်သွားကြတယ်။ [...]တွေလို ငြိမ်သက်ကုန်တယ်။

ကိုဖိုးထိ မယ်ဒလင်နဲ့ အတောပိုဒ်ကို ဝင်နေတုန်းမှာ ကျုပ် ခွေးပု [...]ငဲ့ကြည့်လိုက်တယ်။ ခွေးကောင် ... မျက်လုံးလေးတွေ အရည်လဲ့ပြီး [...]လိုက်တော့မယ့်အသွင် မြင်နေရတယ်။

ဟော ... ကျုပ်အဆိုဝင်ရတော့မယ့်အချိန် ရောက်လာပြီ။

"မောင့်အပါးဝယ် ××× ရှောင်ရှားကာ ××× ရွှေ့လျားပေါ့ကွယ် ××
နှင်းငွေမှုန်ရယ် ××× ကြုံလာဆုံသည့်နှယ် ×××
တစ်ရံရောအခါကကွယ် ××× မောင်မယ်နှစ်ဦးမယ်××
ကြည်နူးလို့ရယ် ××× ညဥ့်လွှာရုံအောက်ဝယ် ×××
ခင့်ကိုသာ ××× မောင့်မှာဆွေးရတယ် ×××
မကြင်တိမ်းကာ ××× ယိမ်းနွဲ့ပေါ့ မာလာသဇင်နှယ် ×××"

ကျုပ်ရဲ့တေးသံမဆုံးမီမှာ ကျိတ်ပြီးရှိုက်သံလိုလို တစ်ချက်ကြား[...]ရဲ့။ ကျုပ် ခွေးပုကို ခေါင်းငဲ့ပြီး ကြည့်လိုက်တယ်။ မရှိတော့ဘူး။ ရင်ထဲ [...] ဝေဒနာတွေကို တာရှည်မမျိုသိပ်နိုင်တော့ဘူး ထင်ပါရဲ့။ အသာလျှိ[...]သွားပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ညနဲ့ တေးသံကလည်း တစ်ထပ်တည်း။ တစ်သားတည်း ကျနေ တာကိုးလေ။

"မကြွင်တိမ်းကာ ××× ယိမ်းနွဲ့ပေါ့ ××× မာလာသဇင်နွယ် ×××
နန်းဝေဟင် ××× ပင်ယံမြင့်ဝယ် ×××
လေသင့်ရာလွင့်ရှာလေတယ် ××× ငွေဇာရုံ ×××
ခြုံလွှာပုံသို့နှယ် ××× ချစ်နှင်းမှုန် ××× တဖွဲဖွဲရယ် ×××
ကြွကာမစဲတော့တယ် ×××"

ဟုတ်တယ်။ နှင်းတွေက ငွေဇာလွှာရုံ ခြုံထားသလိုပဲ။ လရောင် အောက်မှာ မှုန်ဝေနေတော့တယ်။

ဝိုင်းလည်း သိမ်းလိုက်ပါပြီ။ ညဉ့်လည်း အတော်နက်သွားပြီ။

"ဟေ့ ... သာညွန့်။ မင်းပြန်လို့ ဖြစ်မလား။ ဒီမှာပဲ အိပ်မ လား"

တစ်ယောက်ယောက်က သာညွန့်ကို ပြောတယ်။ ဟုတ်ပါရဲ့ .. သာညွန့် မြို့ကိုပြန်ရမှာ အတော်တောင် အချိန်လင့်နေပြီ။

သာညွန့်က သူ့စက်ဘီးလေးကို တွန်းထွက်လာရင်း ...

"အိပ်လို့တော့ မဖြစ်ဘူးကွာ။ အဲဒါ ငါ့အဖေရဲ့ သံမဏိစည်းကမ်း ပဲ။ မိုးချုပ်ချင်သလောက်ချုပ်၊ အိမ်တော့ ပြန်အိပ်ရတယ်။ ဒီည အိမ်ပြန် မအိပ်ရင် နောက်ဆို ငါဘယ်ကိုမှ ထွက်လည်ခွင့်ရတော့မှာ မဟုတ်ဘူး မိုးချုပ်ပေမယ့် လသာနေသားပဲကွ။ ငါ့စက်ဘီးမှာ ရှေ့မီးလည်း ပါပါတယ် လယ်ကွင်းထဲမှာသာ နည်းနည်းလေး စက်ဘီးစီးရ ခက်တာပါ။ ကားလမ်း ပေါ်ရောက်သွားရင် ဖြူးနေရောပဲ။ ကဲ ... သွားမယ်ဟေ့"

လို့ပြောပြီး စက်ဘီးကို နှင်းထွက်သွားတယ်။

စက်ဘီးရှေ့မီးအလင်းရောင်ဟာ ပြာမှုန်နေတဲ့ နှင်းထုကို အဖြ ရောင်ခားသွားနဲ့ ထိုးဟက်ခွဲသွားတာ မြင်လိုက်ရပါရဲ့။

နောက်တစ်နေ့မနက် အရုဏ်မတက်မီ နှင်းထုသိပ်သည်းနေဆဲ မှာပဲ ရွာထဲမှာ ဆူညံဆူညံအသံတွေ ကြားလာရတယ်။ ယာထွက်သီးနှံဈေး





မြို့ဈေးသွားရောင်းမလို့ ရွာကထွက်သွားကြတဲ့ မိန်းမတွေ စကားတဖောင် ဖောင်ပြောရင်း ပြန်ပြေးလာကြတယ်။

"ဟဲ့ ... တစ္ဆေခြောက်လွှတ်လိုက်တာလား"

"ခေါင်းပြတ်တစ္ဆေ ဖြစ်မှာပေါ့"

"ညိုရောင်နဲ့ တွေ့လာကြပြီထင်တယ်"

ဈေးသည်တွေ ပြန်ဖြေတာကတော့ ...

"ညိုရောင်တံတားအလွန်က လယ်ကွက်ထဲမှာ စက်ဘီးတစ်စီး လဲနေတာကို တွေ့ခဲ့ရသတော့။ ကျုပ်တို့ မီးတုတ်နဲ့ ကြည့်ခဲ့တာ။ အနီး အနားမှာ လူလည်းမရှိဘူး။ စက်ဘီးကတော့ သာညွန့်စက်ဘီးပဲ ဖြစ်မှာ ပေါ့။ သာညွန့်က ဘယ်ရောက်သွားလဲ မသိဘူး။ သေများသေပလားပဲ".. တဲ့။

အဲ ... မဖြစ်ချေဘူး။ ကျုပ် အိပ်ရာက ငေါက်ခနဲထပြီး ပြေး ထွက်လာခဲ့တယ်။

ကျုပ် ရွာလမ်းအတိုင်းပြေးလာတော့ ကိုဖိုးထွားတို့၊ ကိုဖိုးထိတို့ လည်း ကျုပ်လိုပဲ ပြေးနေကြတယ်။ ကျုပ်တို့လက်ထဲမှာ လက်နှိပ်ဓာတ်မီး ကိုယ်စီနဲ့လေ။

ဟုတ်ပါရဲ့ ...။

ညိုရောင်တံတားအလွန် လယ်ကွက်ထဲမှာ စက်ဘီးကလေး တန်သင်းပေါင်ကို တိုက်မိပြီး လဲကျနေတာကို တွေ့ရတယ်။ သာညွန့်ရဲ့ စက်ဘီး အမှန်ပါပဲ။

ကျုပ်တို့ လက်နှိပ်ဓာတ်မီးနဲ့ ဟိုဟိုဒီဒီထိုးပြီး ရှာကြပါတယ်။ လူသေအလောင်းများ တွေ့ရလေမလားပေါ့။ ဒါပေမဲ့ မတွေ့ပါဘူး။ လယ် ကွက်ထဲမှာပဲ သာညွန့်စီးနေကျ ညှပ်ဖိနပ်ကလေးကို တွေ့ရတယ်။ ပြေးရင်း သွားရင်း ကျွတ်ကျန်ရစ်ခဲ့တဲ့ပုံပဲ။ ဖိနပ်တစ်ဖက်နဲ့တစ်ဖက် တစ်လံကျော် လောက် ဝေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ တံတားဘက်ကို ပြန်လှည့်ခဲ့ကြတယ်။ ပိုပြီး သေချာအောင်ပေါ့။ တံတားနဲ့အနီးဆုံး လယ်ကွက်ထဲမှာ အဘစိန်ကွန့်တစ်ယောက် ဘာလုပ်နေပါလိမ့်။ ခါးကုန်းပြီး တစ်ခုခုကို စိုက်ကြည့်နေတယ်။

ကျုပ်တို့ ခပ်သွက်သွက်လျှောက်သွားရင်း လှမ်းမေးတယ်။

''ဗျို့ . . . အဘစိန်ကွန့်။ ဘာတွေ့လို့လဲဗျ''

အဘက ခါးဆန့်ကြည့်ပြီး ကျုပ်တို့ကို လက်ယပ်ခေါ်တယ်။

''လာကြည့်လှည့်ပါဦးကွာ။ ဒီမှာ . . .''

ကျုပ်ရင်ထဲ ထိတ်သွားတယ်။ သာညွှန့်အလောင်းပဲ နေမှာပါ။

အနားရောက်သွားတော့ အဘ လက်ညှိုးညွှန်ပြတဲ့ နေရာကို နိုပ်စာတ်မီးနဲ့ လင်းခနဲ ထိုးကြည့်လိုက်ကြတယ်။

''ဟင်. .''

ကျုပ်တို့တော့ ဘာမှ နားမလည်နိုင်တော့ဘူး။

''ဘာတွေလဲ . . . အဘရဲ့''

ကျုပ် ဖြောဖြောဆိုဆို ဒူးတစ်ဖက်မြေမှာထောက်ပြီး ကောက်ယူကြည့်လိုက်တယ်။

''ဟင် . . . ရွှေဖရုံသီးကို ရိုက်ခွဲထားတာပဲ''

''အေး . . . ဟုတ်တယ်။ ဒီနေ့ခူးမယ်လို့ စိတ်ထဲတေးမှတ်ထားတဲ့ ရွှေဖရုံသီးအမှည့်ကြီးပဲ။ သွားခူးတော့ မရှိတော့ဘူး။ တစ်ယောက်ယောက် လက်ဦးသွားပြီ။ ခြံထဲကို ဝင်ခိုးသွားတာပဲ။ ဒါနဲ့ ဒီဘက်က လူသံသူသံတွေ ကြားပါတယ်ဆိုပြီး ထွက်လာတာ။ ကျေနွာ သူခိုးဟာ ဒီနေရာမှာ လူနဲ့တွေ့လို့ ရွှေဖရုံသီးကိုပစ်ချပြီး ထွက်ပြေးသွားတာပဲဖြစ်ရမယ်။ အင်း . . သက်သက် မစားရမသောက်ရကွာ။ သူရသွားလည်း အကောင်းသား''

အဘစိန်ကွန့်ဟာ မြေပြင်ပေါ်မှာ အစိတ်စိတ် အမြွာမြွာကွဲနေတဲ့ သူ့ရွှေဖရုံသီးကို နှမြောနေပုံရတယ်။

ကျုပ်တို့လည်း မထူးတော့ပါဘူးဆိုပြီး သာညွှန့်ရဲ့စက်ဘီးကို တစ်ယောက်တစ်လှည့်စီ တွန်းလာခဲ့ကြတယ်။ သူ့ဖိနပ်ကိုတော့ ဘယ်သူမှ မကိုင်ချင်ကြတာနဲ့ ဒီအတိုင်း ထားပစ်ခဲ့တယ်။

---

**စိတ်ကူးသစ်စာပေ**



နေလည်း လင်းပါပြီ။ နှင်းလည်း ပျောက်ပါပြီ။

မြို့ပေါ်ရောက်တော့မှ သာညွှန့်ရဲ့မိဘတွေကို အသိပေးပြီး ဂါတ်ဆဲ (ရဲစခန်း) သွား တိုင်ချက်ဖွင့်ရတော့မှာပေါ့။ လောလောဆယ်တော့ လူပျောက်မှုပေါ့လေ။ နောက် . . . လူသတ်မှု ဖြစ်ချင်ဖြစ်သွားနိုင်တာပေါ့။

ဒါပေမဲ့ . . .

မောင်မင်းကြီးသားက သူ့အိမ်ပြန်ရောက်လို့ အိပ်ရာထဲမှာ ကာလနဂါးစံချိန်နဲ့ စက်တော်ခေါ်တုန်းတဲ့ဗျား။

သူ့မိဘတွေက ကုန်သည်ပွဲစားတွေဆိုတော့ သည်အချိန် ဈေးရောက်သွားပြီပေါ့။ သာညွှန့်ရဲ့အဒေါ်ဆိုသူက ညည်းခံရင်း ပြောပါတယ်။

''သာညွှန့်ကွယ် . . . ညက အချိန်မတော်ကြီးမှ ပြန်ရောက်လာတယ်။ နဖူးနဲ့ ဒူးမှာလည်း ကွဲလို့ပြဲလို့။ သွေးသံရဲရဲနဲ့။ အရက်မူးလာတာတော့ မဟုတ်ဘူး။ သူ့ကို တစ္ဆေခြောက်လွှတ်လိုက်တယ်ဆိုလား။ သွေးလန့်ပြီး တစ်ညလုံး မအိပ်ဘူး။ ထထအော်နေလို့ အိပ်ဆေးတိုက်လိုက်ရတယ်''

ကျုပ်တို့တစ်တွေ အကြည့်ချင်း ဆုံလိုက်မိကြတယ်။

နာရီဝက်လောက်အကြာမှာ သာညွှန့် ထွက်လာတယ်။ ခေါင်းမှာလည်း ပတ်တီးနဲ့။ လူပုံက တစ်လလောက် အစားပျက်အသောက်ပျက်ဖြစ်ခဲ့တဲ့ပုံစံမျိုး။ လူပ်လီလူပ်လဲ့ . . .။ ကျုပ်တို့ကို ယဲ့ယဲ့ကလေးမှ ပြုံးမပြနိုင်ဘူး။ ဒူးမခိုင်တဲ့ရောဂါသည်လို တုန်တုန်ချည့်ချည့်နဲ့ ကုလားထိုင်မှာ ဝင်ထိုင်တယ်။

''တို့ . . . မင်းစက်ဘီးကို လာပို့တာ''

သာညွှန့် ခေါင်းညိတ်တယ်။

''ဘယ်လိုဖြစ်တာလဲ။ မင်းကို တစ္ဆေခြောက်တယ်ဆိုကွ''

ကျုပ်က ဒီလိုမေးလိုက်တော့ သာညွှန့်မျက်နှာ ဖွေးခနဲဖြစ်သွားတယ်။ ခဏနေပြီးတော့မှ ခေါင်းတစ်ချက်ညိတ်တယ်။ ပြန်ဖြေတဲ့အသံက အကြောက်မပြေသေးသလို ကတုန်ကယင်နဲ့။

''ဟုတ်တယ် . . . သိပ်ကြောက်စရာ ကောင်းတာပဲ''

''ပြောပြပါဦးကွာ . . . တို့လည်း သတိထားရအောင်''

---

**စိတ်ကူးသစ်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



သာညွန့် ခေါင်းကိုမော့ပြီး စဉ်းစားနေတယ်။ သူ့အတွေ့အကြုံကို ပုံဖော်ကြည့်နေတာပေါ့။

''ဒီလိုကွာ ... ငါ ရွာကထွက်ပြီး စက်ဘီးနင်းလာတုန်း ညိုရောင် တံတားပေါ်ကို စက်ဘီးမီးရောင် တစ်ချက် ဝင်းခနဲ ကျသွားတယ်ဆိုရင်ပဲ ငါ့ခေါင်းဟာ ဖြန်းခနဲကြီးသွားတယ်။ ကြက်သီးမွေးညင်းတွေ တစ်ကိုယ်လုံး ထလာတယ်။ အရိပ်မည်းမည်းကြီးတစ်ခု မြင်လိုက်သလိုပဲကွ။ ဒါနဲ့ ငါ စိတ်ကိုတင်းပြီး ဆက်လာခဲ့တယ်။ တံတားနားလည်းရောက်ရော စက်ဘီး မီးရောင်ထဲမှာ မားမားကြီး ရပ်နေလိုက်တာကွာ။ တစ်ကိုယ်လုံး မည်းမှောင် နေတာပဲ။ ခေါင်းမပါဘူးကွ။ လည်ပင်းနေရာက ငုံးတိတိကြီး ပြတ်နေတာ။ သူ့လက်နှစ်ဖက်ထဲမှာ ခေါင်းပြတ်ကြီးကို ပိုက်ထားတယ်။ ခေါင်းပြတ်ကြီး ရဲ့ မျက်နှာအသားအရောင်ကိုပါ အသေအချာ မြင်ရတာကွ။ သွေးဆုတ်နေ တဲ့ မျက်နှာဝါထိန်ထိန် ဖြူရော်ရော်ကြီးကွာ။ တကယ့်ကြောက်စရာကြီး။ ငါ့တစ်ကိုယ်လုံး တောင့်ကြမ်းကြမ်းကြီးဖြစ်ပြီး ရပ်နေမိတုန်း ခေါင်းပြတ် တစ္ဆေကြီးက 'ခေါင်းချင်းလဲမယ်.. ခေါင်းချင်းလဲမယ်' နဲ့ အော်ရင်း ရှေ့တိုး လာတယ်။

ငါ စက်ဘီးကို တအားဆောင့်နင်းပြီး ပြေးတာ။ လယ်ကန်သင်း ကို ဝင်တိုက်ပါလေရောကွာ။ ဒုန်းဆို စက်ဘီးက ပစ်လဲ။ ငါလည်း စက်ဘီး ပေါ်က ကျွမ်းပြန်ကျ။ ခေါင်းပြတ်တစ္ဆေကြီးကလည်း တစ်လှမ်းချင်းလိုက် လာနေတယ်။ ပါးစပ်ကလည်း 'ခေါင်းချင်းလဲမယ် ... ခေါင်းချင်းလဲမယ်' လို့ အဆက်မပြတ် အော်လာတယ်ကွ။

ငါလည်း လဲရာက ကိုယ်ကိုတစ်ပတ်လှည့်ပြီး ကုန်းအထ ခေါင်း ပြတ်တစ္ဆေကြီးက သူ့လက်ထဲက ခေါင်းကြီးနဲ့ ငါ့ကို လှမ်းပစ်တော့တာပဲ။ ငါ နောက်ကိုတောင် လှည့်မကြည့်ဘဲ တစ်ချိုးတည်း အလဲလဲအကွဲကွဲ ပြေးလာခဲ့ရတာပါပဲကွာ။ တော်ပါပြီကွာ။ နောက်ဆို မင်းတို့ရွာကို မလာရဲ တော့ပါဘူး။ စမ်းမှုန်ကိုလည်း လက်လျှော့လိုက်ပြီလို့သာ ပြောလိုက်ကြပါ တော့ ... သူငယ်ချင်းတို့ရာ''

---

**စိတ်ကူးသစ်စာပေ**



သာညွန့်ဟာ တကယ်ပဲ အသည်းပျက်အောင် ကြောက်သွားရှာ ရတယ်။ ကျုပ်တို့ရွာဆီကို တစ်ခါမှ ပေါ်မလာတော့ပါဘူး။

အဲဒီနှစ် မိုးကုန်လို့ သီတင်းကျွတ်တော့ ခွေးပုလေး မစမ်းမှုန်လေး နဲ့ မင်္ဂလာဆောင်တယ်။

ခွေးပုဟာ ယာသမားကောင်းတစ်ယောက်ပါပဲ။ သူ့ယာမှာ ရွှေ ဖရုံပင်ကို ဦးစားပေးပြီး စိုက်တယ်။ သီးထွက်ကောင်းလွန်းလို့ ရွှေဖရုံသီး ကြီးတွေဆိုတာ ယာခင်းတစ်ခင်းလုံး ဝင်းဝင်းကိုထိန်ရော။

ခွေးပုရဲ့ယာကထွက်တဲ့ ရွှေဖရုံသီးတွေဟာ ကြီးလည်းကြီး၊ စေး လည်းစေး၊ ချိုလည်းချိုဆိုတော့ သိပ်ရောင်းရတယ်။ အဘစံကွန့်ဆို ခွေးပု ခုံးကို ပုတ်ပုတ်ပြီး ချီးကျူးလို့မဆုံး။ အားပေးရတာလည်း အမောပါပဲ။

ခွေးပုနဲ့ မစမ်းမှုန်တို့ဟာ ရွှေဖရုံသီးရောင်းရငွေနဲ့တင် ရွှေတွဲလဲ၊ ငွေတွဲလဲ ဖြစ်လာခဲ့ကြတယ်။ တစ်ယောက်ကိုတစ်ယောက်လည်း သိပ်ချစ် ကြတာ။ ရွာမှာ စံပြလင်မယား ဆိုလောက်ရဲ့။

အင်း ... ကျုပ်နားမလည်နိုင်တာ တစ်ခုတော့ရှိနေတယ်။

ခွေးပုဟာ သူ့ယာထဲမှာ သူတစ်ယောက်တည်း ရှိနေချိန်တွေဆို ရင် တိုးလိုးတွဲလဲသီးနေတဲ့ ရွှေဖရုံသီးဝါထိန်ထိန်တွေကို ကြည့်ပြီး တခိခိ ရယ်နေတတ်တာ ဘာကြောင့်များပါလိမ့်။

**အောင်သာမိုး**

www.burmeseclassic.com



[ ၁ ]

❑

သူတို့နှစ်ယောက်ကို မြင်လိုက်ရသည်နှင့် ဟင်ခနဲ အံ့ဩစိတ်က ချက်ခြည်း ရင်တွင်နို၏။

'ဒီမျက်နှာတွေကို ရင်းရင်းနှီးနှီး တွေ့ခဲ့ဖူးပါတယ်။ ဘယ်မှာများ ကြုံခဲ့ဖူးတာပါလိမ့်' ဟု ဇဝေဇဝါအတွေးက ဝင်ချင်လာသည်။ ခက်တော့လည်း ခက်သား။ ကျွန်တော်တို့လို အကျဉ်းထောင်အရာရှိ၊ ဝန်ထမ်းတွေနှင့် ကျောင်းဆရာ၊ ဆရာမတွေ၏ စိတ်ဝေလေ့တွေကိုက တစ်မျိုးတစ်ဘာသာကြီးတွေဟု ဆိုချင်ကြသည်ကော။

ကျောင်းဆရာမှ့် လူတစ်ယောက်က လမ်းကြုံဖမ်းလျက် တစ်ခုတ်ရ နှုတ်မဆက်လိုက်မိလေနှင့်။ သူ့တပည့်ထဲကလားဟု ထင်လိုက်ချင်ပြီ ■ 'ဆရာ ဘယ်ကိုသွားမလို့လဲ' ဟု နှုတ်မဟလိုက်နှင့်။ 'သေချာပြီ၊ တပည့်ဟောင်းတစ်ဦးပဲ' ဟု ဒက်ထိကြီး တွေးချလိုက်ပြီတဲ့။ ဟော … ထောင်ဝန်ထမ်းတွေကတော့ကော …။ လူမြင်လျှင် ထောင်ကလွတ်သွားသည့် အကျဉ်းသားဟောင်းပဲလိုလို တွေးရိုးထုံးစံဆိုကိုး။

**စိတ်ကူးသစ်စာစေ**

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း သည်လူနှစ်ယောက်ကို မြင်မိချိန် အတွေးတွေ ကဖြင့် ထိုသို့မှု မဟုတ်ခဲ့။ ကေနဲကေ တစ်နေရာရာမှာ ပိုင်ပိုင်နိုင်နိုင်၊ ရေရေ ရာရာ တွေ့ဖူး၊ သိဖူး၊ ဆက်ဆံဖူးသည်ကို သေချာနေသလိုမျိုးချည်း။

''အိပ်ဆောင်မဖွင့်ခင် အချင်းချင်းစကားများပြီး ရန်ဖြစ်ကြတာ တဲ့ဆရာ။ သူတင်ကိုယ်တင် နှုတ်ကျူးနှုတ်လွန်ရှိကြရင်းက လက်ပါ ပါလာ ကြလို့ တာဝန်မှူး ဆရာကြီးဦးလွန်းမောင်က ထိတ်ဘုံးထဲ ကောက်ထည့် ပစ်ခဲ့တာ''

နောက်တန်းလုံခြုံရေးတပ်ကြပ်ကြီး ဦးကျောက်ချောက အဖြေ အလွှား သတင်းပို့လာသည်။

ထိတ်တုံးထဲမှ အကျဉ်းသားနှစ်ယောက်၏ မျက်နှာပေါ်က အညို အမည်းတွေနှင့် ခပ်မို့မို့ ဘုယောင်ယောင်ဒဏ်ချက်များကို သတိပြုမိသည်။ စိတ်နောက်ကိုယ်ပါ သတိလက်လွတ် ကြခဲ့ကြပုံရ၏။ နှစ်ယောက်စလုံး ကျွန် တော့်ကို တည့်တည့်မကြည့်။ ခေါင်းကလေးတွေ ကိုယ်စီငုံ့ထားကြ၏။

''လူသစ်တွေ ဆရာ။ မနေ့ကမှ မော်လမြိုင်ထောင်က ပို့လိုက်တဲ့ ရဲဘက်အသစ်ငါးဆယ်ထဲက မောင်တွေတဲ့''

ဦးကျောက်ချောက သတင်းကွင်းဆက်တွေကို ပြည့်ပြည့်စုံစုံ ဖောက်သည်ချ၍ နေလိုက်သေး၏။ ကျွန်တော်က သူ့စကား၌ အာရုံမဝင်။ 'သေဟဲ့နန္ဒိယ' ဟုသာ ကိုယ့်နဖူးကိုယ် နာနာကလေး ထုပစ်လိုက်ချင်စိတ် တွေပဲ တဖျင်းဖျင်း ပေါ်နေတော့သည်။

ဟုတ်၏လေ။ တာဝန်မှူး (Duty Officer) တာဝန်ကို ကိုယ့်ရှေ့ က အရာရှိထံမှ တရားဝင် လွှဲပြောင်းလက်ခံခြင်းပင် မပြုရသေး။ အကျဉ်း သားရဲဘက်ကြီး ၁၀၀၀ ခန့်ရှိသည့် အိပ်ဆောင်တွေကိုပင် လူပေါင်းရေတွက် စစ်ဆေး၍ ထောင်မဖွင့်ရသေး။ အိပ်ရာအောက်မှာ ရေကာဝင်နေပြီ။ ပြဿနာ က အကောင်လိုက်ကြီး မခေါ်ပင့်ချေ ခပ်မိန့်မိန့် ဒူးတင်ပေါင်တင်ကြီး ကြိုဆို နေချေပြီ။ သည်တစ်နေ့လုံး ဖင်မကြွရအောင် စစ်ဟာဆေးဟာ အလုပ်များရဦး တော့မည်ကား မြေကြီးလက်ခတ်မလွဲ။





''ဒီတစ်ယောက်က ဆားသူခိုး။ သထုံဘက်က ... ဇော်ငြိမ်းတဲ့။ ဟိုဘက်တစ်ယောက်က တိတ်အောင်တဲ့။ ရာဘာခြံပိုင်ရှင်။ ဘီးလင်း မြို့ပေါ်က''

''ဟင် ...''

ဉာဏ်အလင်းထဲမှာ ဝင်းခနဲ ပြက်သွား၏။

ဇော်ငြိမ်းနှင့်တိတ်အောင် ...

ဆားသူခိုးနှင့် ရာဘာသူခိုး။ တစ်ဦးက သထုံနယ်ဘက်က ... မျက်နှာဖုံး။ နောက်တစ်ဦးက ဘီးလင်းမြို့၏ အသည်းနှလုံးမန်းနီးပါ ... ား။

''နေပါဦး ... ဘာမှုဖြစ်ခဲ့ကြတာတဲ့လဲ''

''ငွေစက္ကူမီးရှို့မှု''

''ဘယ်လို ... အဘဦးကျောက်ချော။ တစ်ခေါက်လောက် ပြန် ပြောစမ်းပါဦး။ ဘာမှု ... တဲ့''

ဦးကျောက်ချောက လက်တစ်ဝါးသာသာခန့် သူ့စုံစီနဖာ မှတ် ...မ်းစာအုပ် သေးသေးမည်းမည်းကလေးကို ဖွင့်လျက် သူ့လက်တုတ်တုတ် ...တိုကြီးတွေနှင့် တဖျပ်ဖျပ် လှန်နေ၏။

ထိတ်တုံးထဲမှ ပုဂ္ဂိုလ်အကောင်းစားနှစ်ယောက်က ဖက်ကလေး ...တွေ ပုသထက် ပုဝင်နေကြပြီ။

''ဟုတ်တယ် ... ဆရာ။ ရာဇသတ်ကြီးပုဒ်မ ၄၈၉ (ဂ) အရ ထောင် ...ဏ်သုံးနှစ်စီ ကျခံခဲ့ရတာ။ ဘီးလင်းမြို့နယ်တရားရုံးက ပြစ်ဒဏ်ချထား ...တာ။ ပြီးတော့ သူတို့နှစ်ယောက်စလုံးက အမှုတွဲတွေရယ်''

''ဟင် ... အမှုတွဲတွေတဲ့လား။ ဟုတ်ရဲ့လားအဘရယ်''

''ဟုတ်ပါတယ် ဆရာ။ ကျွန်တော်တို့က အမှုတွဲတွေပါ''

အံ့အားတသင့် အမောတကော မေးလိုက်မိသည်က တစ်ကြိမ် ...ကြီး ဦးကျောက်ချောထံကို။ သို့သော်လည်း စကားသံထွက်လာသည်က ထိတ်တုံးမောင်နှစ်ယောက်ဆီက။ တစ်ပြိုင်တည်း၊ တစ်သံတည်း။



www.burmeseclassic.com

www.burmeseclassic.com

"ဆရာ . . . ကျွန်တော်တို့ကို မမှတ်မိတော့ဘူးလား။ ဇော်ငြိမ်းလေ . . . ဆရာ။ ဟို . . . တီအီးကားကြီး လေလံပွဲတုန်းက . . ."

"နေစမ်းပါဦးဗျာ . . . ခင်ဗျားကပဲ နွားရှေ့ထွန်ကျူး။ ကျုပ်ပြောစမ်းပါရစေ။ ဆရာ . . . တိတ်အောင်လေ ဆရာ။ ပြီးခဲ့တဲ့နှစ်ထဲက . . ."

"ကဲ . . . ကဲ . . . ခင်ဗျားတို့ရဲ့ တစောင်းစေးနဲ့မျက်ချေး မတည့်အတူနေ ဇာတ်လမ်းကြီးက အဲဒီလေလံပွဲနဲ့အတူ ပြီးသွားခဲ့ပြီ ထင်ထားခဲ့တာ။ အခုတော့ဗျာ . . . ရေစက်က တယ်ကြီးကြသကိုးဗျ။ ကိုယ့်ဂုဏ်ကိုယ့်ဒြပ်တွေနဲ့မှ မလိုက်မဖက် ထောင်ကျတန်းကျတွေ ဖြစ်ကြရလောက်အောင် ဘယ်ပုံဘယ်ဒင်း မထော်မနန်းတွေကို လုပ်ခဲ့ကြပြန်ပတုံး။ ထားတော့။ ထောင်အရင် ဖွင့်လိုက်ဦးမယ်။ ပြီးမှပဲ ပြောကြဆိုကြတာပေါ့။ အဘရေ . . . ထောင်ဖွင့်သံချောင်းခေါက်ပြီးရင် သူတို့ကို အိပ်ဆောင် ပြန်ပို့ပေးထားလိုက်ပါ။ ကျွန်တော် စားသောက်ပြီးရင် တစ်ခေါက်ပြန်ဝင်လာခဲ့မယ်"

"ဖြစ်ပါ့မလား . . . ဆရာ။ မတော် . . . ထပ်ဖြစ်နေကြရင် . ."

"ဖြစ်မှာမဟုတ်တော့ပါဘူး . . . အဘရယ်။ ကျွန်တော်နဲ့ သိဟောင်းကျွမ်းဟောင်းတွေပါ။ ကဲ . . . ခင်ဗျားတို့လည်း ကောင်းကောင်းနေကြတော့ ကလေးလေးတွေလည်း မဟုတ်ဘူး။ သိပ်လည်း မပြောချင်ဘူးဗျာ။ ဟုတ်လား"

"ဟုတ် . . ."

ထောင်ဖွင့်အကျဉ်းသား (ရဲဘက်) အင်အားစာရင်းယူဖို့ ဗူးတံခါးမကြီးဆီ လျှောက်လာမိရင်း သူတို့နှစ်ဦးနှင့် ကြုံဆုံခဲ့ရပုံ ဗောင်းတော် လုံးသည့် ကျောင်းတော်က ရန်စ ဇာတ်ခန်းစုံကို တရေးရေး မြင်ကြည့်မိနေတော့၏။

✿ ✿ ✿

# [၂]

❑

"ဈ/၇၅၂၅ တီအီး ၁၁ ဟီးနိုးမော်တော်ယာဥ်။ Lot.No-13။ တစ်ယောက်က လေလံအမြင့်ဆုံးဈေး ၁၂၅,၀၀၀ ကျပ် စပေးပါပြီ။ အဲဒီဈေးနှုန်းထက် ပိုပေးမယ့်သူရှိရင် လေလံစခေါ်ပါမယ်။ လော့တ်နံပါတ် ၁၃။ လေလံပေးဈေး ၁၂၅,၀၀၀ တစ်ကြိမ်"

". . . . . ."

"၁၂၅,၀၀၀ ကျပ် နှစ်ကြိမ်"

"လော့တ်နံပါတ် ၁၃ ကို အမြင့်ဆုံးပေးကြေး ၁၂၅၀၀၀ ကျပ် နှစ်ကြိမ် ရှိသွားပါပြီ။ အဲဒီထက် ပိုပြီးတိုးပေးမယ့်ပုဂ္ဂိုလ် ရှိပါသေးသလား။ ဟော် . . . တိုင်ပင်ကြတုန်း၊ ညှိနှိုင်းကြတုန်းတဲ့လား။ ခဏစောင့်ပေးပါ့မယ်နော်။ ဗျာ . . . ဘယ်လောက်။ ကဲ . . . ဈေးထပ်တိုးပေးတဲ့သူ ပေါ်လာပြီ။ ၁၃၀,၀၀၀ ကျပ်ပါတဲ့ခင်ဗျာ"

"ဟော . . ."

"လော့တ်နံပါတ် ၁၃ ရဲ့ လေလံဈေး ၁၃၀,၀၀၀ ကျပ် ဖြစ်သွားပါပြီ။ အမြင့်ဆုံးဈေးကို လေလံ စခေါ်ပေးပါတော့မယ်။ လော့တ်နံပါတ် ၁၃ လေလံပေးဈေး ၁၃၀,၀၀၀ တစ်ကြိမ်"


www.burmeseclassic.com

www.burmeseclassic.com



"၁၄၀,၀၀၀"

"ဟော . . . ခင်ဗျာ။ ချက်ချင်းပဲ ဈေးပြိုင်လိုက်ပေးတဲ့သူ ပေါ်လာပါပြယ်။ ၁၄၀,၀၀၀ ကျပ် တစ်ကြိမ်ပါခင်ဗျာ"

"၁၄၅,၀၀၀"

"၁၄၆,၀၀၀"

"၁၄၇,၅၀၀"

"၁၅၀,၀၀၀"

"ဟော . . . လုပ်ငန်းရှင်ကြီးများ မြင်တော်မူတဲ့အတိုင်း ဈေးပြိုင်ဈေးနှုန်းတွေက တရိပ်ရိပ် တက်လာနေပါပြီခင်ဗျာ။ လော့တ်နံပါတ်–၁၃ ယာဉ်အမှတ်–ဈ/၇၅၂၅ တီအီး ၁၁ ဟီးနိုးမော်တော်ယာဉ်ရဲ့ လက်ရှိဇလသံ အမြင့်ဆုံးပေးဈေးက ၁၅၀,၀၀၀ ကျပ် ဖြစ်နေပါပြီခင်ဗျာ။ ဈေးနှုန်းထပ်တိုးပေးဖို့ အစီအစဉ်ရှိကြသေးရင် တိုးပေးနိုင်ဖို့ အချင်းချင်း တိုင်ပင်ညှိနှိုင်းချိန် (Break time) လေး ခဏပေးထားပါမယ်။ လော့တ်နံပါတ်–၁၃ အမြင့်ဆုံးပေးဈေးက ၁၅၀,၀၀၀ ကျပ်ပါခင်ဗျား"

"ဟား . . . ရေတိမ်တော့ နစ်ပဟေ့။ ဘယ်က ဗိုလ်စောက်ရှင်းတွေ လေလံပွဲထဲ ဝင်ကြမ်းနေလေသလဲ မသိဘူး။ ဒီလောက် လိုချင်နေကြမှဖြင့် ပွဲအပြင်မှာ ကိုယ့်ချင်းကိုယ့်ချင်းတွေ ကျိတ်ပိုင်းကလေးနဲ့ပဲ ညှိလိုက်ကြရင် အဆင်မပြေပါလား။ ချိုချိုချောင်ချောင် ရသင့်တာ ရလိုက်ကြရတာပေါ့။ အခုတော့ တကယ့်ပွဲခွင်ကြီးထဲမှာမှ ပေါ်တင်တက်ချဲနေကြရတယ်လို့ အာဂတိတွေပါလား"

"နယ်ခံတွေတဲ့ဟ . . . တစ်ယောက်က သထုံက ဆားသူဌေးတဲ့ ဟို . . . တရုတ်လိုလို ဖြူစုတ်စုတ်၊ ပိန်ချောင်ချောင်ငနဲက ရာဘာခြံသူဌေးတဲ့။ ဘီးလင်းက . . . နယ်ပွဲတွေမှာ တစ်ခါမှ မဆုံဖူးသေးဘူး"

"ဆုံမလားကွ . . . ကတ်သီးကတ်သတ် . .။ မင်းတို့၊ ငါတို့လို မြန်မာပြည်အနှံ့ နယ်တကာလိုက်ပြီး လေလံဆွဲစားနေတဲ့ အလုပ်ခွင်ထဲကမှ မဟုတ်ကြတာ။ သူတို့ဒေသထဲမှာလုပ်တဲ့ လေလံပွဲကြီးက ပစ္စည်းကြီးကြီးမားမား တွေမှန်သမျှကို သူတို့လို ရွာနေပြည်ထိုင် လူခံလူရင်းတွေ ရှိပါလျက်





အနဲ့ နယ်ကျော်ရပ်ခြားက ဘယ်သူ့လက်ထဲကိုမှ လွယ်လွယ်မရောက်စေရဘူးဆိုပြီး နယ်စွဲနဲ့ ပွဲဝင်ကြမ်းနေကြတဲ့ ဖိုက်တာတွေပဲဟာ"

"ဟုတ်မယ် . . . ဟုတ်မယ် . . . အခုပေးထားတဲ့ဈေးတွေကို ကြည့်လိုက်ပါလား။ ကြမ်းခင်းဈေးနဲ့ အများကြီးဟသွားပြီ။ ကြမ်းခင်းဈေးက ရှိလှသုံးသောင်း၊တစ်သိန်းပေါ့ကွာ။ အခု လုပ်ချထားတာကြီးလည်း ကြည့်ဦး။ တစ်သိန်းခွဲတဲ့။ မကြံကောင်း မစည်ရာကွ။ မတရားနင်းကန်နိုင်းထားပြီး ချုံးချုံးကျနေတဲ့ ကားအို၊ ကားစုတ်ကြီးကိုများ။ နံပါတ်ကလွဲလို့ တန်တာ အများရှိလို့တုံး"

"ကိုင်း . . . ကိုကာစင်ရေ . . . မစားရတဲ့စပျစ်သီး ချဉ်ပြမနေနဲ့ဟာ။ ငါတို့တော့ ဟောဒီလော့တ်နံပါတ် ၁၃ ကို လက်ရှောင်ပြီ မောင်။ ကြည့်ပရိသတ်ပဲလုပ်ပြီး အစိုးရဘဏ္ဍာတော်ငွေ တိုးပွားလာအောင်သာ အားတီးဝင်လုပ်လိုက်တော့မယ်"

"ဘာလဲ . . . မစားရတဲ့အမဲ သဲနဲ့ ပက်တော့မယ်ပေါ့"

"မဟုတ်ရပေါင်ဗျာ . . . တိုင်းပြည်ဝင်ငွေ တိုးအောင်ပါလို့ ပြောနေပြီးပြီကော။ လေလံဈေး တစ်သိန်းပဲတက်တက်၊ ငါးသောင်းပဲတက်တက် တက်သမျှ လူထုတွေအတွက်ချည်းပေါ့။ ကျုပ်တို့လေလံသမားတွေလည်း ဘဝတမ်း 'ငိုဘ' ချည်း မဟုတ်ပါဘူး။ တိုင်းပြည်နဲ့လူထုမျက်နှာ ကြည့်တဲ့ လေလံသမားလည်း ရှိတတ်ပါသေးတယ် ခင်ဗျားရဲ့ . . . အဟက် . . အဟက် . . အဟက် . . ."

"ဒါဆို ခင်ဗျားတို့ ကန်တော်လေးအဖွဲ့က လက်ရှောင်ပြီပေါ့"

"အေးပါဆို . . . လော့တ်နံပါတ် ၁၃ ကိုတော့ ဒိုးဆလ်၊ တင်းဆလ် ဆရာ။ ကိုရင်တို့ မင်္ဂလာတောင်ညွန့်က အုပ်စုတွေကရော ဘယ်လိုလဲ"

"ဘယ်လိုလဲရမလဲ . . . မာမူရ။ ၁၂၀,၀၀၀ စပေးကတည်းက ခွာလိုက်တော့တာ။ တန်ဟဲ့ . . .။ ၁၂၀,၀၀၀ ထက် ပိုပေးရရင်တော့ ပစ္စည်းသယ်စရိတ်နဲ့၊ ဟိုပေးဒီပေးနဲ့၊ စရိတ်စကနဲ့။ ဘယ်လိုတွက်တွက် မြတ်စွက်စရာဖြင့် မရှိချေဘူး။ ပုံမတော်ရင် လုပ်အားစိုက်၊ လူစိုက် ဖြစ်ချင်ဖြစ်နေဦးမှာရယ်။ ချီးဘရိန်းတွေဆိုမှ ဆက်တိုးတော့မှာလေ။ မြတ်ချင်သို့



www.burmeseclassic.com

www.burmeseclassic.com



လေလံလုပ်စားတာဗျာ။ ငွေကြေးလည်းရှုံး၊ လူလည်း မလုပ်တတ်မကိုင်တတ် မနူးမနပ်ကလေးလို အဖြစ်မခံနိုင်ပေါင်''

''ဒါဆို ...တို့ ရန်ကုန်၊ မန္တလေးက အုပ်စုတွေ တညီတည်း လက်ရှောင်လိုက်ကြတာပေါ့။ လော့တ်နံပါတ် ၁၃ ကိုတော့ ပွဲကြည့်ဘေးထိုင်ဘေးထိုင်ဘုပြော၊ ဝေလေလေလုပ်ရင်း ဆွမ်းတော်ကြီးလောင်းလိုက်ကြအောင်''

ထင်ထားသည်ထက်ပင် လေလံပွဲက ငြိမ်ကျသွားတော့၏။

ယခင် လော့တ်နံပါတ် ၁၂ အထိ ဆူဆူညံညံ၊ အုတ်အော်သောင်းတင်း၊ အယ်လဲဂျောက်ဂျက် အပြိုင်အဆိုင် လေလံဈေးတွေကို အနိုင်မခံ အရှုံးမပေးစတမ်း ယှဉ်ပြိုင်ပေးလာခဲ့ကြသည့် မန္တလေး၊ ရန်ကုန်၊ မိတ္ထီလာ၊ ပဲခူးဘက်မှ လေလံပွဲတကာလှည့်၍ လုပ်စားနေကျ အဖွဲ့တွေပင် ကိုယ့်အချင်းချင်း ခေါင်းချင်းပူး၍ တီးတိုးတီးတိုး သဖန်းပိုးလုပ်လျက် ငြိမ်နေကြသည်။

သူတို့ အသဲအမဲလိုချင်နေကြသည့် လော့တ်နံပါတ် ၁၃၊ တီအီး ၁၁ ဟီးနိုးကြီးက ရာဇဝင်နှင့် ကားကြီး။ ကျွန်တော်တို့ နောင်ရိုးကြံစိုက်ပျိုးရေးအလုပ်စခန်းကြီး စတင်ဖွင့်လှစ်ခဲ့သည့် ဇ. ၁၂. ၇၈ တုန်းကလည်း စခန်းဦးပစ္စည်းတွင် သင်းပါမလာခဲ့။ စီမံကိန်းလုပ်ငန်းသုံးအတွက် အမှန်တကယ် လိုအပ်ချက်ရှိသဖြင့် ညွှန်ကြားရေးမှူးချုပ်ရုံးကို အကြိမ်ကြိမ်တင်ပြထားခဲ့သည့်တိုင် တောင်စွန်း၊ ယင်းငြိမ် ကျောက်ထုတ်အလုပ်စခန်းတွေက ကျောက်သယ်ယာဉ်တွေကိုသာ ယာယီတွဲဖက်ထားပေးခဲ့ခြင်းမှလွဲ၍ စခန်းပိုင်အဖြစ် မော်တော်ယာဉ်ထပ်မရခဲ့။

ဟော ...ဖြစ်ချင်တော့ နာမည်ကျော်၊ နာမည်ကြီး နိုင်ငံတော်လုပ်ကြံမှုတရားခံ အုန်းကျော်မြင့်တို့အား ကြိုးဒဏ်အတည်ပြုပြီး ကြိုးပေးလေသည့်အခါကျမှသာ ယင်းတို့၏အလောင်း (Dead Body) တွေကို တင်ခဲ့ရသည့် အလောင်းထုတ်ကားအဖြစ် အသုံးပြုခဲ့သော ၈၂/၇၁၂၅ နှင့် ၈၂/၈၆၉၆ တီအီးညီနောင်နှစ်စီးကို အတွဲလိုက်ကြီး ကျွန်တော်တို့စခန်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် ပို့လိုက်ကြ၏။ ဟုတ်ပေ့ ...။

စိတ်ကူးသစ်စာပေ



ယခုတော့ဖြင့် ချုံးချုံးကျနေရှာပြီဖြစ်သည့် ၈၂/၇၁၂၅ ကားအိုကြီးကို လေလံတင်ကာ အစွံထုတ်နေရပြီ။ ၈၂/၇၆၉၆ ကိုမူ လက်ပူတိုက်၍ ချွာကာမော့ကာ သုံးနေရဆဲ။

''လေလံပွဲ ပြန်စပါပြီခင်ဗျာ။ လော့တ်နံပါတ် ၁၃ ကို အမြင့်ဆုံးဈေးက ၁၅၀,၀၀၀ ကျပ်ဖြစ်ပါတယ်။ ဟုတ်ကဲ့ ...၁၅၀,၀၀၀ ကျပ် တစ်ကြိမ်''

''နောင် ...''

''၂၀၀,၀၀၀''

''ဟိုက် ...ရှားဘားစ်။ ကြောက်စရာကြီးပါလားဟ။ ကြမ်းလှချည်လား''

ဟုတ်ပါသည်။ လေလံပွဲတွင် တက်ရောက်ယှဉ်ပြိုင်နေကြသည့် လုပ်ငန်းရှင်များ၊ လေလံပွဲစားများသာမက လေလံပွဲ ကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူးဖြစ်သူ ကျွန်တော်ပင်လျှင် တော်တော်ကလေး ဖြုံသွားရ၏။ ငွေမှန်ဆိုလျှင် ၁၀၀၀၊ ၂၀၀၀ မှစ၍ ပွတ်ကာသီကာ ဖဲပွတ်သလို ပွတ်နေတတ်စမြဲ လေလံပွဲထုံးစံတွေပင် ဘယ်ရောက်ကုန်ပါလိမ့်။

တဒင်္ဂအတွင်း ရက်ရက်စက်စက်တက်ပေးထားသည့် ဈေးနှုန်းကြီးက ငါးသောင်းတောင် ကွာနေ၏တဲ့။ (ထိုစဉ်ခါက ၅၀,၀၀၀ ကျပ်ဆိုသည့် ငွေတန်ဖိုးမှာ နည်းမှတ်လို့ခင်ဗျာ။ အကောင်းစား၊ အနိပ်စားဆိုသည့် S.E စိမ်ခံကားတစ်စီးမှ ၃၀၀,၀၀၀ ကျပ်မျှသာရှိသည့် ခေတ်ပေကိုး။ ကျွန်တော်တို့လို ထောင်မှူးကလေး Jailor တစ်ဦး၏ လစာ Salary ကမှ တစ်လလျှင် ၂၁၀ ကျပ်။ တစ်နှစ် ၁၀ ကျပ်တိုး။ ၃၃၀ ကျပ်မှာ ဘားဆုံးကရော။)

ကျွန်တော့်ကဲ့သို့ပင် လေလံကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဆရာဦးစိန်ဌေး (ဗန္ဓုလစိန်ဌေး၊ ဒု-ညွှန်မှူး၊ စီမံကိန်းလုပ်ငန်းဌာနစု၊ အကျဉ်းဦးစီးဌာန၊ ရုံးချုပ်) နှင့် စခန်းတာဝန်ခံ ဦးသန်းစိန် (ကုလားကြီး၊ လ/ထညွှန်မှူး) တို့လည်း နည်းနည်းမသက်မငြိမ်၊ ဣန္ဒြေပျက်လာကြ၏။ သူတို့ကုလားထိုင်တွေကနေ ဖင်တကြွကြွ ဖြစ်လာကြပြီ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



“ဗလော့တ်နံပါတ် ၁၃၊ အမြင့်ဆုံးပေးဈေးက ၂၀၀,၀၀၀ ကျပ် ဖြ
သွားပါပြီခင်ဗျာ။ ၂၀၀,၀၀၀ ကျပ် တစ်ကြိမ်ပါ”

“ခနောင် ...”

နည်းနည်းကလေး ငြိမ်ချင်သည်။ အမြင့်ဆုံးဈေး ၂၀၀,၀၀၀ ကျ ပေ... ဗ္ဗ ဆားသူဌေးဇော်ငြိမ်းက ဘီးလင်းမြို့ခံ ရာဘာသူဌေး တိတ်အောင်ကို မထီတရီ၊ မခိုးမခန့်အပြုံးကလေးဖြင့် ကြည့်နေ၏။ တိတ်အောင်ကို သူ့အပေါင်းအသင်းတွေက ခေါင်းခါခါလည်ခါခါ ရှင်းပြနေကြသည် ဆက်မလိုက်တော့ဖို့ တားနေကြပုံရ၏။

ခဏကလေး ပွဲထိန်းနိုင်အောင် Break Time ပေးလိုက်စဉ်အခိုက် တိတ်အောင်တို့အဖွဲ့က ရဲသွေးကလေးတွေ အပြေးအလွှား တင်လာခဲ့ကြ ဟန်တူသည်။ တစ်ဖွဲ့လုံး မျက်နှာကလေးတွေရဲလျက် လျှာလေးအာလေး မျက်တောင်စင်းနေကြ၏။

“စဉ်းစားကြည့်နော် ... ကျုပ်တို့ ဆားလုပ်ငန်းရှင်ဆိုတာ ပင်လယ်ရေမခန်းသရွေ့ ငွေချည်းပဲ။ ရေကနေ ငွေဖြစ်အောင်လုပ်တဲ့ပညာ ကျုပ်တို့မှာ ရှိပ။ ဒီကျားဆိုကားစုတ်ကြီးကို လိုချင်လွန်းလို့ရယ် မဟုတ်ဘူးဗျာ ငွေတွေပေါလွန်းလို့၊ ကိုယ့်ထက်ငွေပေါတဲ့သူ ဘယ်သူများ ရှိသေးသတုံး သိချင်လွန်းလို့ ဈေးတိုးပေးနေရတာ။ ကိုယ့်အခြေအနေ ကိုယ်သိရင်တော့ နောက်ဆုတ်လိုက်ကြပေါ့။ ကျုပ်က အစိုးရဘဏ္ဍာငွေထဲကို ၂၀၀,၀၀၀ ပက်ခနဲ ပစ်ထည့်လိုက်ပြီးသားပဲ။ ဘာအရေးလဲ”

ဇော်ငြိမ်းက ပွဲဆူအောင် ဆွသည်။ လေသံက အေးစက်စက် သူ့ကိုယ်သူ အရမ်းပိုင်နိုင်သေချာနေသည့်ပုံမျိုး။ စားနေကျကြောင်ဖား ဝေလေလေ ဘေးတီးအဖွဲ့တွေကလည်း တဟေးဟေး တဟားဟားဖြင့် ဇော်ငြိမ်းစကားကို အထောက်အခံပြုနေကြတော့ရာ မီးခိုးအူနေသည့် ထင်းပုံကြီးကို မီးတောက်တွေရဲလာလေအောင် ဝိုင်းမှုတ်ပေးနေကြသည်သို့ ရှိ တေ ၇၏။

“၂၅၀,၀၀၀ ကျုပ်ပေးမယ်”

“ဗျာ ...”





“လော့တ်နံပါတ် ၁၃ ကို ၂၅၀,၀၀၀ ကျုပ်ပေးမယ်။ ဘီးလင်းက တိတ်အောင်ပေးမယ်။ ဘီးလင်းနယ်ထဲမှာ တိတ်အောင်ရှိနေလျက်သားနဲ့ တစ်ချောင်းတောင် တခြားနယ်ထဲ ရောက်မသွားစေရဘူး။ ဟုတ်လား ၂၅၀,၀၀၀ ... ၂၅၀,၀၀၀ ...”

“ဟုတ်ကဲ့ ... လော့တ်နံပါတ်–၁၃၊ အမြင့်ဆုံး ပေးဈေးက ၂၅၀,၀၀၀ ပါခင်ဗျာ။ ၂၅၀,၀၀၀ ပါတဲ့။ ၂၅၀,၀၀၀ ... ပထမတစ်ကြိမ်”

“နောင် ...”

“ညီလေး ... မင်း တကယ်ပေးနေတာလား”

အနာပေါ် တုတ်ကျ၊ နာနာ ကင်းတုတ်ခံလိုက်ရသည့် ဇော်ငြိမ်း၏ ခေါင်းက မတ်ခနဲ ထောင်လာ၏။ ပြီးလျှင် လေလံပွဲအတွင်း သူတို့နှစ်ယောက်သာ ရှိနေသည့်အလား တိတ်အောင်ကို မျက်နှာချင်းဆိုင်၍ တည့်တည့်ကြီး မြောင်မေးလိုက်သည်။

“ပေးတယ်လေ ... ၂၅၀,၀၀၀ ပေးတယ်။ ဘာဖြစ်သေးလဲ။ ဘီးလင်း ကျိုက်ထို၊ သထုံ၊ မုပ္ပလင်း ဒီတစ်လျှောက်လုံး လက်ညှိုးထိုးမလွဲ ရာဘာတောတွေက ဒီအတိုင်းတိုင်းထားရင်းနဲ့တောင် ဇလတိုက်တိုင်း န်ပိုးတက်နေတဲ့ ရွှေဖြူတွေ ထွက်နေတာပဲဟာ။ အဲဒီရွှေဖြူက ရတဲ့ငွေ တွေကို ဘယ်လိုကုန်အောင် သုံးရပါ့မလဲ တစ်နေ့တစ်နေ့ ထိုင်စဉ်းစားနေ ရတာက အလုပ်ကြီးတစ်ခု။ ဒီတော့ ဟောဒီ လော့တ်နံပါတ် ၁၃ က မူလီ တစ်လုံး တစ်သိန်းပဲပေးရပေးရ တိတ်အောင်ကတော့ မရ,ရအောင် ချရ မှာပဲ”

“သြော် ... ကိုရင်က အဲဒီလိုလား။ ကိုရင်တို့ ရာဘာလုပ်ငန်းက လုပ်ရတာ ကြာသေးတယ်။ ခက်သေးတယ်။ သစ်ပင်စိုက်ရ၊ ပြုစုရ၊ စေးခြစ်ရ ... ရှုပ်ယှက်ကိုခတ်လို့။ ကျုပ်တို့က ပင်လယ်ရေ နေလှန်း ဖြစ်ရော။ ကဲ ... တစ်ပွဲတစ်လမ်း စမ်းလိုက်ကြသေးတာပ။ ဟို ... ရော၊ ကျုပ်က ၃၀၀,၀၀၀ ပေးတယ်ဗျာ”

“ဗုဒ္ဓေါ ...”



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းက လေလံပွဲ ကြီးကြပ်ရသူတစ်ဦးအဖို့ ကြမ်းခင်းဈေးထက် သုံးဆမျှရနေခြင်း၊ သူတို့ ဂုဏ်တုဂုဏ်ပြိုင်မုန်တိုင်းကြီး ပြင်းထန်လျှင် ပြင်းထန်သလောက် သည့်ထက်သည်ဈေးနှုန်းတွေ ပူဖောင်းထဲ လေထည့်သလို ကြီးလာထွားလာဦးမည့် အလားအလာကြီး ရှိနေခြင်းမှာ ဝမ်းမြောက်ဝမ်းသာ ရှိချင်စရာကြီး။

သို့သော် ကျွန်တော်တို့က ဝမ်းမသာမိ။

မရပ်နိုင်မတန့်နိုင် ဘယ်အထိ မတန်တဆ ဈေးကြီးတွေပေးပြီး သူတင်ကိုယ်တင်၊ ရုပ်ပျက်ဆင်းပျက်တွေ ပြိုင်နေကြလေဦးမည် မသိ။ ကြားထဲက ထွေးခါးနာကိန်းကြုံလျက် ဝမ်းပါးနေမိရတော့သည်။

ထို့အတူပင် ဆရာဦးစိန်ဌေးကလည်း တွေးနေမိဟန်တူပါသည် ထိုင်နေရာက ရုတ်ခနဲ ထ၍ပြော၏။

"ကဲ ... ဒီက ကိုယ့်မိတ်ဆွေတို့။ လေလံပွဲမှာ အပြိုင်အဆိုင် ဈေးတွေတိုးပေးကြတာတော့ ကျေးဇူးတင်ပါရဲ့။ ဒါပေမဲ့ တစ်ဦးနဲ့တစ်ဦး နိုင်ရင်ပြိုးရောဆိုတဲ့ သဘောနဲ့ မမှန်မကန် ပြိုင်ဆိုင်ပေးနေကြရင် ဈေးတွေက မတန်မရာကြီး ဖြစ်သွားလိမ့်မယ်နော။ မိတ်ဆွေတို့မှာ ငွေကြေးဆုံးရှုံးရသလို ကိုယ်တို့လေလံပွဲ ကြီးကြပ်သူတွေဘက်မှာလည်း လော့တ်တစ်ခုတည်းကပဲ ပြူးတူးပြတဲ ဈေးတွေထောင်တက်နေခဲ့ရင် ထူးခြားဖြစ်စဉ် ရေးတင်နေရဦးတော့မလို ဖြစ်နေပြီ။ အစိုးရဘဏ္ဍာထဲကို ရောက်တာတော့ မှန်ပါရဲ့။ နည်းမှန်လမ်းမှန်ရောက်မှ ကောင်းတာမဟုတ်လား။ ကိုယ်တို့က နိုင်ငံ့ဝန်ထမ်းတွေပါ။ မိတ်ဆွေတို့ရဲ့ဆန္ဒကို ပိတ်ပင်ဖို့ တာဝန်မရှိပါဘူး။ လေလံစည်းကမ်းအတိုင်း မှတ်တမ်းတင်ပြီး အမြင့်ဆုံးဈေးနှုန်း ပေးနိုင်တဲ့သူကိုသာ လေလံအနိုင်ပေးရမှာပါပဲ။ ဒါပေမဲ့ ချင့်ချင့်ချိန်ချိန်လုပ်ကြဖို့ သတိပေးချင်တယ်။ စဉ်းစားပြီး အလုပ်လုပ်ကြပါဗျာ"

လေလံပွဲကြီးက တိတ်လို့ ငြိမ်လို့။

သူဦး၊ ငါဦး အားကြိုးခဲ့ အားလုံးဝင်နွှဲကြရသည့် ပြိုင်ပွဲကြီးမျိုး မဟုတ်တော့။ ကြက်ပွဲ၊ ကျွဲပွဲ၊ နွားပွဲများလို ဒယ်ဒယ်ချင်း သဲသဲမဲမဲထိုးကြသည့် သရဲမင်းရဲစီး ဖိုက်တင်ပလေးပွဲကြီး ဖြစ်မှန်းမသိ ဖြစ်နေလေပြီ။





"အခုလိုသတိပေးတာ ကျေးဇူးတင်ပါတယ် ... ဆရာကြီး။ လူကြီးဆိုတဲ့ စိတ်ထားကိုလည်း လေးစားပါတယ်ခင်ဗျား။ နို့ပေတဲ့ ကျွန်တော်ဆိုတဲ့ သထုံက ဆားသူဌေးဖော်ငြိမ်းကလည်း ဟောဒီလော့တ်နံပါတ် ၁၃ တီအီးကားစုတ်ကြီးကို ဘီးလင်းမြို့လုံးပတ်လည် သုံးလေးပတ်ပတ်ပြ ပြီးမှ ဆွဲယူသွားနိုင်ဘူးဆိုရင် ဒီခန်းမထဲက မထွက်တော့ဘူးလို့ သန္နိဋ္ဌာန် ချထားမိတာလည်း အခက်သား။ ဒီက ညီလေးက လျှော့လိုက်လို့ မဖြစ်ဘူးလား"

"ရာရာစစဗျာ ... ခင်ဗျားပါးစပ်ကြီးကပဲ အပြောကောင်း။ ဘီးလင်းက ကျုပ်နယ်ဗျ။ တိတ်အောင်ရဲ့နယ် ... တိတ်အောင်မှ ဆန္ဒမရှိခဲ့ရင် ဟောဒီကားအစုတ်ပလုတ်ကြီးကို ကိုယ့်လူလက်ဖျားနဲ့တောင် မထိစေရဘူး ကြည့်ထား"

"ဟ ... တယ်စာတဲ့ ဆိုပါလား"

"အပြောမဟုတ်ဘူး ... ကိုယ့်လူ။ အဲဒီလော့တ်ကို လေလံအောင်ရင် တစ်စစီပိုင်းပြီး ဒီလောက်လိုချင်နေတဲ့ ကိုယ့်လူကို လက်ဆောင်ပေးချင် ပေးပစ်လိုက်ဦးမှာ"

"ဘုရားရေ ..."

ပွဲက ကြမ်းသထက် ကြမ်းလာပြီ။

စကားနည်းရန်စဲ ဖြစ်ရလေအောင် ဝင်ထိန်းရတော့၏။

"လော့တ်နံပါတ်-၁၃။ လက်ရှိအမြင့်ဆုံးပေးဈေး ၃၀၀,၀၀၀။ တစ်ကြိမ်ပါ"

"နောင် ..."

"နှစ်ကြိမ်ပါ"

"၃၁၀,၀၀၀"

"ဟင် ..."

ဆားသူဌေးက ၁၀,၀၀၀ ထပ်၍ တိုးပေးလိုက်ပြန်သည်။

ရပ်စေချင်ပြီ။ လော့တ်နံပါတ် ၁၃ ကို ပွဲပြီးသွားစေချင်ပြီ။ သူတို့၏ မာနမီးအခိုးအလျှံတွေက ထိစပ်ပတ်သက်ရာမှန်သမျှကို အပူဟပ်စေလျက်ရှိပြီ။



www.burmeseclassic.com

www.burmeseclassic.com



အလွန်တရာ ချွန်၊ တွန်း၊ ပင့်၊ မြှောက်ချရာ၌ ကျွမ်းကျင်အ ကြသော ရပ်တကာနယ်တကာ စုံတကာစေ့နေသည့် လေလံပွဲစား အ ပတိကြီးတွေပင်လျှင် ရင်တမမ၊ ပင့်သက်တချချဖြင့် လက်မှိုင်ကျနေကြ သူတို့ကလည်း သူတို့တစ်သက်မှာ သည်လောက် စိတ်လှုပ်ရှားစရာကော သည့်ပွဲမျိုး တစ်ခါဖူးမျှ မကြုံဖူးသေးပါတဲ့ခင်ဗျ။

"လော့တ်နံပါတ် ၁၃ အမြင့်ဆုံးပေးဈေး ၃၁၀,၀၀၀။ တစ်ကြိမ်"

"နောင် ..."

"လော့တ်နံပါတ် ၁၃ အမြင့်ဆုံးပေးဈေး ၃၁၀,၀၀၀။ နှစ်ကြိမ်"

"နောင် ..."

"ဝု ... ဝု ... ဝု ... ဝူး ..."

မပီမသ၊ ဗလုံးဗထွေးအသံတွေ ထွက်လာ၏။ တိတ်အော ကို သူ့အပေါင်းအသင်းတွေက ပါးစပ်ဆို့၍ ဝိုင်းထိန်းနေကြခြင်းဖြစ်သည် ဝုန်းဝုန်းဝုန်းဝုန်း ရုတ်ရုတ်သဲသဲ ဖြစ်နေ၏။

ဆားသူဌေးဇော်ငြိမ်းက သူတို့ ထဘီမနိုင်၊ ပဝါမနိုင် ဖြစ်နေကြ အရေးအခင်းကို မထေမဲ့မြင် မိန့်မိန့်ကြီးပြုံးလျက် ကြည့်နေ၏။

ထိုသည့် မချိမဆံ့အပြုံးကြီး၊ စီးစီးပိုးပိုး မျက်လုံးကြီးကိုပင် တိ အောင်က ကြည့်၍မရ၊ မခံစားနိုင်ခြင်း ဖြစ်ပေမည်။

"လော့တ်နံပါတ် ၁၃၊ အမြင့် ..."

"နေ ... နေပါဦး။ ၃၂၀,၀၀၀"

ဟော ... တိတ်အောင် အသံပါတကား။

သူ့လူတွေလက်ထဲက ဖွတ်ရုန်းထွက်လျက် ပြောဖြစ်အောင် လု အော်၍ ပြောလိုက်ချေသေးတော့၏။

ဩော် ... မောဟ ... မောဟ ... မာန ... မာန ...။

"လော့တ်နံပါတ် ၁၃၊ တီအီး ၁၁ မော်တော်ယာဉ် ၈၂/၇၅ အမြင့်ဆုံးပေးဈေး ၃၂၀,၀၀၀ ကျပ်၊ တစ်ကြိမ်"

"နောင် ..."

တုတ်တုတ်မျှမလှုပ် ...။

စိတ်ကူးသစ်စာပေ



အပ်ကျသံပင် မကြားရ ...။

ငြိမ်နေကြသည်။

'အဟမ်း' ခနဲ ဇော်ငြိမ်း၏ ချောင်းဟန့်လိုက်သံကို ကြားကြရ၏။ ပွဲက ကြမ်းဦးတော့မည်ထင်သည်။

"အင်း ... လေလံဆရာကြီးတို့ခင်ဗျာ။ ဟောဒီက ညီလေးက ဒီလော့တ်နံပါတ် ၁၃ ကို တကယ်မျက်စိကျ၊ တကယ်ရူးရူးသွပ်သွပ်ကြီးကို လိုချင်နေပုံရပါတယ်။ အဲ ... အဲဒီတော့လည်း ဖိဝိတဒါနပလေ။ အသက် တစ်ချောင်း ကယ်ကောင်းရဲ့လို့ပဲ သဘောထားပြီး ကျွန်တော်ကပဲ နောက် ဆုတ်ပေးလိုက်ပါတော့မယ်။

မတော် ... နှလုံးရောဂါနဲ့ ဒီနေရာတင် ပွဲချင်းပြီးနေလို့ စိတ် မချမ်းသာစရာတွေကို တွေ့နေမြင်နေရဦးမှာမဟုတ်လား။ ကဲ ... ကဲ .. ဒီ သာက်လိုချင်လှတဲ့ လော့တ်နံပါတ် ၁၃ ကို ယူစေဗျား။ ကျုပ်ကတော့ အပျံစား SE တစ်စီးကိုပဲ ဝယ်စီးလိုက်တော့မယ်။ ကျုပ် ညီဇာတ်မောင် လေလံအောင်တဲ့ အထိမ်းအမှတ်နဲ့ ကျုပ်ကပဲ ဟောဒီ လေလံပွဲတက်တဲ့ ပုဂ္ဂိုလ်များအားလုံးကို Canteen က လက်ဖက်ရည်၊ ပဲပလာတာတွေနဲ့ ဧည့်ခံ လိုက်ပါရစေ။ ဟဲ ... ဟဲ ... ဟဲ ..."

ဈေးနှုန်းအမြင့်ဆုံးကို မရောက်ရောက်အောင် ဖွတ်ကြီး အမွှေသွဲ တင်ခဲ့ပြီးခါမှ ဆောင့်၍ လွှတ်ချပစ်လိုက်နိုင်သည့် အောင်နိုင်သူ ဆားသူဌေး ဇော်ငြိမ်း၏ ဟဲသံ။

"အေပေးကြီး ..."

တမင်သက်သက် မချိမဆံ့ဝေဒနာတွေကို သူ့အား နှားမရှု့ပိတ် ဆိုးထည့်ပေးခဲ့သည့် ဇော်ငြိမ်းအပေါ် အခဲမကျေနိုင်စွာ တိတ်အောင်၏ ဆဲသံ။

မည်သို့ပင်ဖြစ်စေ ယခုမှပဲ စိတ်ပန်းတွေပြေ၍ ပင့်သက်မော‌တွေ ကို ပေါ့ပေါ့ပါးပါး ချနိုင်ကြပေတော့၏။

သည်သို့သာ ထင်ခဲ့မိသည်ကိုးလေ ...။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၃]

❑

''ဒါဆိုရင် ဒီတစ်ပွဲက ခင်ဗျားတို့နှစ်ယောက်သား မကျေပွဲ ထပ်နွှဲလိုက်ကြတာပေါ့ . . . ဟုတ်လား''

''ဒီတစ်ခါ ကျွန်တော်က စတာ မဟုတ်ရပါဘူးဆရာ။ ဒီကောင်တိတ်အောင်က တမင်အရစ်ကြောင်းတာပါ။ ဖင်မနိုင်ဘဲ ပဲကြီးဟင်းသောက်တော့ နှစ်ယောက်လုံး ကာလနာတိုက်ကရော''

''လုပ်ပြီ ခင်ဗျားကြီးက . . .။ ငါးကျည်းရတုန်းက အတူတူ ငါးခူရတော့ ခွဲခြမ်းခွဲခြမ်း။ သောက်ကျင့်ကိုက . . .''

ကြည့် . . . ရဲဘက် (အကျဉ်းသား) ဘဝရောက်၍ နှစ်ယောက်စလုံး ခေါင်းတုံးဆံတောက်၊ ရှေ့တစ်လက်မ နောက်ပြောင်၊ စာကလေးခေါင်းကလေးတွေနှင့် ပုံစံအင်္ကျီဖြူ၊ ပုံစံလုံချည်ဖြူ နံငယ်ပိုင်းကလေးတွေကို ကိုယ်စီဝတ်ကာ ကျွန်တော့်ရှေ့မှာ မနေ့ညက ထိုးပွဲကြိတ်ပွဲကလေးနှင့် ပတ်သက်၍ အစစ်အဆေးခံဖို့ ကုပ်ကုပ်ယို့ယို့ကလေး ပုံစံရပ်နေရသည့်ကိုယ် အမှတ်က မရှိချင်သေး။





တစ်ဦးနှင့်တစ်ဦး စကားလုံးတစ်ခွန်းတစ်စ အကျအပေါက်မျှကို ဟင် အထအနကောက်လျက် ကြက်ခေါင်းဆိတ်မခံ ကက်ကက်လန်လုပ်နေကြဆဲ။

''ကဲပါ . . . ကဲပါ . . . ဒီအခြေ ဒီဘဝမှာတောင် ခင်ဗျားတို့ အကျင့်ဆိုး၊ ညဉ့်ဆိုးတွေ မပြင်နိုင်ကြသေးပဲကိုးဗျ။ ဒီမှာ လူတင်ပါလို့ နွားကျားကိုက်တာ။ ဘယ်လက်ခုပ်မှ တစ်ဖက်တည်းတီးလို့ အသံမမြည်တတ်ဘူး။ ဟုတ်လား . . . ကဲ . . . ဟောဟိုက ခွေးခြေခုံလေးတွေဆွဲပြီး ထိုင်ကြဦး။ ဒီ့ရင် ညကကိစ္စကို အမှန်အတိုင်း လိုရင်းဖြေ။ ထောင်ပိုင်ကြီး ရုံးတက်ကျချင်း Morning Report နဲ့အတူ ထူးခြားဖြစ်စဉ် တင်ပေးရမှာ''

ရုံးခန်းထောင့်က ခုံကလေးတွေကို ဆွဲယူလျက် ကျွန်တော့်စားပွဲရှေ့မှာ ထိုင်ကြသည်။ အချင်းချင်းကား မျက်စောင်းတခဲခဲ။

''မဟုတ်ပါဘူး . . . ဆရာရယ်။ လေလံပွဲတုန်းကလည်း သူကသာ လေပြောမကြီးဘဲ ကုပ်ကုပ်ရုပ်ရုပ်ဆိုရင် အဲဒီ ကားအိုကားစုတ်ကြီးကို ကျွန်တော်က ဘာမက်ပြီး ဝင်လေလံဆွဲရမှာလဲ။ အဲဒါပဲ။ ရာဘာသူဌေး . . ရာဘာသူဌေးနဲ့ နားကြားပြင်းကတ်လောက်အောင် ကိုယ့်ကိုယ်ကိုယ်သိဒ္ဓိတင်လွန်းလို့ သက်သက်ဝင် 'ခွ' ပစ်ခဲ့တာ''

''ဟောကြည့် . . . ညောင်မြစ်တူးလို့ ပုတ်သင်ဥက ပေါ်လာပြီ''

''အဲဒါကို မမှတ်သေးဘူး . . . ဆရာရဲ့။ လေလံပွဲလည်း ပြီးရော ကျွန်တော်က တမင်ရှဲပြီး လက်ဖက်ရည်နဲ့ ပလာတာ ကျွေးခဲ့ပါသေးရောလား။ အဲဒီဝိုင်းမှာလည်း ကျွန်တော့်ကို 'ဆားသူဌေးက တကယ့်မမှစ်ငွေပေါတဲ့ သူဌေးအစစ် မှတ်နေမိတာ။ နောက်ဆုံးတော့ ကလိန်စေ့ကြီးကိုး။ ထောင်မလဲသဲကော် ဂျပန်ငွေစက္ကူတွေပဲ ရှိတာထင်ပါရဲ့' . . . တဲ့။ လူကြားသူကြား ရိသွားခဲ့သေးတာခင်ဗျ''

''မှန်တာပြောတာပဲလေဗျာ''

''ပြီးတော့ ကျွန်တော့်ကို ဘာပြောသေးတယ် မှတ်သလဲ။ 'ကိုယ့်လူရဲ့ ဇာကတော့ ဒီလောက်ပဲဆိုတာ ပေါ်ပါပြီ။ သိလည်းသိပါပြီ' . . တဲ့ တိတ်အောင်ဟာ ဘယ်လိုကောင်မျိုးလဲဆိုတာကိုသာ သိရအောင် ထမ်းနေ



www.burmeseclassic.com

www.burmeseclassic.com



လောက် ရာဘာခြံထဲကို ထမင်းစားကြွခဲ့ပါဦး' ...တဲ့ခင်ဗျ။ နားရွက်ကို တံတွေးဆွတ်တာလေ။ တကတည်း ..."

"ခင်ဗျားကြီးကရော ...ကျုပ်ကို ဘာလို့ ရန်ကုန်၊ မန္တလေး၊ ပဲခူးက လေလံပွဲစားတွေရှေ့မှာ 'ညီလေး ...လေလံဖိုးသွင်းဖို့ ငွေပါခဲ့ရဲ့လား။ ခဏစိုက်သွင်းထားပေးရဦးမလား' လို့ ဘာကြောင့် ဝင်ကလော်ရတာလဲ။ ကဲ ..."

"အဲဒါက စေတနာနဲ့ပါကွာ။ တကယ့်စေတနာ အရင်းခံနဲ့ပါဟ"

"တော်စမ်းပါ ...ခင်ဗျားကြီးစေတနာကို သိလွန်လွန်းလို့ ခက်နေတာ။ ဟွန်း ..."

တစ်ဦးနှင့်တစ်ဦး သေးသေးတင်မခံ။ ထဆင်ထူးလုံးကြီးတင်ဆန်ခတ် 'ထိ' ကို ဘယ်လိုရေးရပ့် လုပ်နေကြလေ၏။ အာဃာတနှင့် အငြိုးအတေးကလည်း ကြီးပါ့။

"ခင်ဗျားတို့ဟာက တောင်ငူကလည်း တောင်ငူ၊ မောင်းထောင်ကလည်း မောင်းထောင်ဆိုသလို ဖြစ်နေပြီ။ ထမင်းစားဖိတ်တဲ့လူက ဖိတ်တော့ သွားတဲ့လူကလည်း သွားတာပဲလား။ ရှောင်နေလိုက်ရောပေါ့။ စကားနည်းရန်စဲ"

သိလိုစိတ်တွေက ငယ်ထိပ်အထိ တက်လာသည်။

ဘယ်လိုတွေဖြစ်ကြလို့ ထောင်ကျတန်းကျသည့် အခြေအထိ ဆိုက်ခဲ့ရလေသလဲ။ သို့ဖြင့် စကားစကို အသာထောက်ပေးလိုက်ရ၏။

"အဲ ...အဲလိုကြီးတော့ မဖြစ်ဘူးလေ ဆရာရဲ့။ တစ်သက်လုံး တစ်သောင်လုံး ပိုးမွေးသလိုမွေးပြီး ပြုစုပျိုးထောင်ခဲ့ရတဲ့ 'ဆားသူဌေး' ဆိုတဲ့ ဂုဏ်ကလေး လမ်းဘေးမြောင်းထဲ လွယ်လွယ်နဲ့ အရောက်တော့ ဘယ်ခံနိုင်ပါ့မတုံး"

"အဲဒါနဲ့ သွားရောလား"

"ဆရာတို့လေလံပွဲအပြီး နောက်တနင်္ဂနွေမှာ ကျောက်ရေတွင်းရွာနားက သူတို့ရာဘာခြံထဲက ပေါင်းခံတဲ့စက်ရုံကို မေးစမ်းပြီး လိုက်သွားလိုက်တယ်။ တွေ့ပါရဲ့ခင်ဗျာ။ ရာဘာခြံသူဌေးမင်းကို ...။ စွပ်ကျယ်စုတ်





နဲ့ ဘောင်းဘီစုတ်နဲ့ ဝါးခမောက်ဆောင်း။ ခုံဖိနပ်မြီးတိုစီးပြီး ရာဘာခြံထဲမှာ တိုင်းခန်းလှည့်လည်တော်မူနေသတဲ့ခင်ဗျား"

"ဟ ...အဲဒါ တကယ့်သူဌေးတွေရဲ့ အလုပ်ဟ။ ကိုယ့်အလုပ်မှ ကိုယ်မချစ်၊ ကိုယ့်အလုပ်မှ ကိုယ်က ရှေ့ဆောင်လုပ်မပြရင် ဘယ်အလုပ်သမားက ကိုယ့်အလုပ်ကို ကြိုးကြိုးကုတ်ကုတ် လုပ်ကြမှာလဲ။ သူဌေးက လတ်လျားလတ်လျား ပေါ်ကြော့လုပ်နေရင် အဲဒီအလုပ် ဆက်မလုပ်နဲ့တော့။ ရှုံးပြီ၊ ပျက်ပြီသာမှတ်"

"ကဲပါ ...ဟုတ်ပါပြီ။ ကိုဇော်ငြိမ်းလိုက်လာတာ ဒက်ထိကြီးတွေ့ရတော့ ကိုတိတ်အောင်စိတ်ထဲ ဘယ်လိုဖြစ်သွားတုံး။ ကောင်းကောင်းမှ ညှော်ခံလိုက်သေးရဲ့လား"

"ဘာဖြစ်ရဦးမှာတုံး ...ဆရာရယ်။ စိန်ခေါ်တာကို ဘွာခတ်ပြီးလာဘဲ ရှောင်နေခဲ့ရင်သာ ဆားသူဌေးဆိုတာ အာပလာပါကွာလို့ စာရင်းသွင်းထားလိုက်မိရမှာ။ ဒီလိုလိုက်လာမှတော့ သတ္တိနဲ့သွေးကိုတော့ နည်းနည်းထုတ်ပြီး လေးစားမိသလို အရှုံးသား။ ပြီးတော့ ကောင်းကောင်းကြီးလည်း ညှော်ခံလိုက်ပါတယ်။ တကယ့်ကို အရသာရှိရှိ တခမ်းတနားကြီးပါ ...ဆရာရယ်"

"ဟုတ်ရဲ့လား ...ကိုဇော်ငြိမ်း"

"ဟုတ်ပ ...ဟုတ်ပ ...။ အဲဒီတခမ်းတနားကြီးကြောင့် ထောင်ထဲကို တန်းခနဲ ရောက်ခဲ့ကြရတာလေ"

"ဟင် ...ဘယ်လိုဖြစ်။ ဘာတွေနဲ့ ညှော်ခံလိုက်လို့လဲဗျ"

"ရာတန်ကော်ဖီတဲ့လေဆရာ ...ရာတန်ကော်ဖီတဲ့"

"ဗျာ ...ဘယ်လို ..."

"သူ့ရုံးခန်းလေးထဲမှာ ထိုင်မိကြတော့ ကောင်းပြီ ကောင်းရဲ့ပါပဲ။ အာလာပသလ္လာပ ပြောကြဆိုကြပေါ့။ ခဏနေတော့ မွှေးနေ၊ ကြိုင်နေတဲ့ ကော်ရွှေးစင် ကော်ဖီစစ်စစ်နှပ်ထားတာလေးနဲ့ ညှော်ခံသဗျ။ ဒီမောင်က ...။ ကော်ဖီကလေးက ကောင်းသား။ ချိုချိုပြင်းပြင်း ခါးဆိမ့်ဆိမ့်ကလေးရယ်။



www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီမှ တစ်ကျိုက်နှစ်ကျိုက် သောက်ရရုံရှိသေး။ 'ကော်ဖီကောင်းရဲ့လား' တဲ့။ 'အင်း' ပေါ့။ ကောင်းတာ ကောင်းတယ်ပဲ ပြောရမှာပေါ့။ ဟုတ်ဘူးလား။ 'ဘာကြောင့်ကောင်းလဲ ... သိလား' တဲ့။ ကွန့်လာပြန်တော့တယ်။ စိတ်ထဲမျက်တက်တက်ရှိတာနဲ့ 'သိဘူး' လို့ တစ်ခွန်းတည်းနဲ့ ဘုတောလိုက်ရတယ်။

အဲဒီမှာတင် သကောင့်သားက အကွက်တော့ ပေါ်ပဟာဆိုပြီး ကျွန်တော့်လက်ကိုဆွဲ၊ မီးဖိုထဲကို ခေါ်သွားတော့တာ။ မီးဖိုက အင်္ဂတေနဲ့ လုပ်ထားတဲ့ မီးသွေးမီးဖိုကလေးခင်ဗျ။ ချစ်စရာကလေး။ 'မီးဖိုပေါ်မှာဘာတွေ့လဲ' တဲ့။ လုပ်လာပြန်ရော။ 'နေပါဦး ... လူရာ။ မီးဖိုထဲမှာ ပြာနဲ့ မီးသွေးရှိရမှာပေါ့။ ဘာကိုတွေ့ရဦးမတုံး' လို့ ပြန်ပြောတော့ ဘာပြောတယ်မှတ်သလဲ။ 'အဲဒီမီးဖိုပေါ်က ပြာတွေကို သေချာကြည့်လိုက်ဗျ ... ကိုဇော်ငြိမ်း ခင်ဗျားသောက်တဲ့ ကော်ဖီက ထင်းနဲ့မီးသွေးနဲ့ နှပ်ပြီး ကျိုပြီးတိုက်တဲ့ ကော်ဖီမဟုတ်ဘူး။ ရာတန်စက္ကူတွေကို မီးရှို့ပြီးမှ ကော်ဖီဖျော်တိုက်တဲ့ ရာတန်ကော်ဖီဗျို့' တဲ့။

'ဟောဒီမှာကြည့်ဗျ ... ခင်ဗျားတို့၊ ကျုပ်တို့ သောက်တဲ့ ရာတန်ကော်ဖီရဖို့ မီးရှို့တဲ့ ရာတန်တွေ' ဆိုပြီး မီးဖိုဘေးမှာ ဖွင့်လက်စထောင်ထားတဲ့ ဂုန်နီအိတ်ကြီးကို ခြေနဲ့ ကန်လှဲပြလိုက်သေးတယ်။ လား ... လား ... ရာတန်ငွေစက္ကူတွေ အထပ်လိုက်ကြီးပါလား။ မီးဖိုထဲမှာလည်း မီးကျွမ်းပြီး ပြာဖြစ်နေတဲ့ ငွေစက္ကူတွေက အထပ်လိုက်။ တချို့ မီးမကျွမ်းသေးဘဲ တစ်ပိုင်းတစ်စ ကျန်နေသေးတဲ့ ရာတန်ငွေစက္ကူတွေကိုလည်း မြင်ရရဲ့။ ရူးတဲ့လူဗျာ"

"တကယ် ..."

"တကယ်ပါဆို ... ဆရာရယ်။ ကျွန်တော်ကိုယ်တိုင် ဒီမျက်စိနဲ့ ဘပ်အပ်ကြီး မြင်ခဲ့ရတဲ့ဟာ"

"ခင်ဗျား တော်တော်ဖြူသွားမှာပေါ့။ ဟုတ်လား ..."

တိတ်အောင်က 'တဟင်းဟင်း' အသံပြု၍ မရယ်ချင့်ရယ်ချင် တမင်ဟန်လုပ်ကာ အသံပေးသည်။ ဇော်ငြိမ်းက လက်ကာပြ၏။





"ဇာတ်က မပြီးသေးဘူး ... ဆရာရဲ့။ အခုမှ ဇာတ်ရှိန်က တက်လာတာ။ ကျွန်တော်လည်း မှန်သွားတာပေါ့။ ဒါ ကျွန်တော့်မာနကို ချိုးလိုက်တာပဲလေ။ သက်သက်ကြွားတာ။ ငွေရေးကြေးရေး ခွေးချေးပဲဆိုတဲ့ ဆင်ဖဲကြီးကို ထုတ်ရိုက်လိုက်တာ။ အမှန်ခွပ်ခံလိုက်ရတဲ့ ကြက်ဖကြီးလို သွေးဆူကို ဒိုင်းခနဲဆောင့်တက်လာတော့တာ ... ဆရာရေ"

"အဲဒီတော့ ...."

"အဲဒီတော့ ကျွန်တော်ကလည်း သူ့ကို တစ်ပြန်တစ်လှည့် ပြန်ကြွားလိုက်တယ်လေ။ ရာတန်ခေါက်ဆွဲကိုပေါ့"

"ဟင် ..."

"ဟုတ်တယ် ... ဆရာ။ ကျွန်တော်က ဘီးလင်း လှသိန်းထွန်းတို့ဆိုင် 'ပန်းကမ္ဘာ' ကနေ သူနဲ့ သူ့တပည့်တွေစားဖို့ ခရုခေါက်ဆွဲကြော်တွေ ယ်လာခဲ့တာရယ်။ စေတနာနဲ့ပါ။ သူက ရာတန်ကော်ဖီတွေ ဘာတွေလုပ်ပြီး နားရွက်ကို တံတွေးဆွတ်လည်းလာရော သူ့ဆီက ဒယ်အိုးငှားပြီး ကျွန်တော်ကိုယ်တိုင် မီးမွှေး၊ ကျွန်တော်ကိုယ်တိုင် ခေါက်ဆွဲကြော်တွေကို ပူအောင်ပြန်နွှေးပြီး ကျွေးပစ်လိုက်တော့တယ်။ မပြောလည်း သိမှာပါ ဆရာရယ်၊ ရာတန်ငွေစက္ကူတွေကို မီးရှို့ပြီးတော့ပဲပေါ့။ သူ့လိုပလေ။ ကားပေါ်က အသင့်ပါလာတဲ့ ဆားဖိုးငွေသိမ်းလာတဲ့ ငွေအိတ်တွေကိုလည်း ခြေထောက်နဲ့ လှိမ့်ကန်ပြီး ပြလိုက်တယ်။ ကဲ ... မှတ်ကရော"

"ခင်ဗျားတို့တွေနှယ်ဗျာ ... အရူးမဟုတ်၊ အကောင်းမဟုတ် ...။ အရှယ်ကြီးတွေနဲ့"

မကြုံဖူး၊ မကြားစဖူးအောင်ပင် တလွဲမာနကြီးတွေ တိုးလိုးတန်းလန်းတွေနှင့်ပါတကား။ တစ်သက်တစ်ခါ တွေ့ရ ကြုံရခဲ့မှု။

"နို့ ... နေပါဦး။ အဲဒီလို ရာတန်ငွေစက္ကူတွေကို မီးရှို့ပြီး ရာတန်ကော်ဖီတွေ၊ ရာတန်ခေါက်ဆွဲတွေ လုပ်ကြကိုင်ကြတာကို ဘယ်သူက အသြောင့်ထောင်လိုက်လို့ ရှုံးရောက်ဂါတ်ရောက် အမှုအခင်းတွေ ဖြစ်ကြရတာတုံး။ အပြန်အလှန် နှိပ်ကွပ်ကြတာလား"



www.burmeseclassic.com

www.burmeseclassic.com



''အဲဒါတော့ . . . ဆရာရေ၊ ဘုရားပေးပေး၊ ကျမ်းပေးပေး တိတ်အောင်လည်း မဟုတ်ဘူး။ ကျွန်တော်လည်း မဟုတ်ဘူး။ ကြားထဲက ကျွန်တော်တို့လုပ်ပုံတွေကို ကြည့်မရဘဲ နှလုံးနာနေတဲ့ ငနဲတစ်ကောင်ကောင်က ရဲကို လက်တို့လိုက်တယ်ထင်တာပဲ။ နောက်တစ်နေ့ညနေပိုင်း သထုံမှာ ကျွန်တော့်ကို ရဲက လာဆွဲတာ။ အဲဒီအချိန် ဘီးလင်းအချုပ်ထဲမှာ တိတ်အောင်က တစ်ညအိပ်ပြီးနေပြီ။ ဟဲ . . . ဟဲ . . . ဟဲ . . .''

မှတ်ဟ . . . မြွေမကြောက် ကင်းမကြောက် အကြွားသန်၊ မိုက်လုံးကြီးတတ်သည့် လူမျိုးတွေ။ နည်းတောင်နည်းသေးဟု ဆိုချင်မိ၏။ နှုတ်က မထွက်ရက်။

''ရဲကစစ်တော့ ပေါ်တော့တာပဲလား''

''အမှုစစ်ကလေးက တော်တော်စေ့စပ်တယ်ခင်ဗျ။ မီးဖိုထဲက ငွေစက္ကူပြာစတွေရော၊ တစ်ပိုင်းတစ်စမီးကျွမ်းနေတဲ့ ငွေစက္ကူအပိုင်းအစတွေကိုရော စနစ်တကျ ရှာဖွေသိမ်းဆည်းလာခဲ့ပြီးသား။ တိတ်အောင်ရဲ့ တပည့်တွေကိုလည်း ပိုက်စိပ်တိုက်ပြီး စစ်လာဆေးလာခဲ့ပြီးသား။ နယ်ဂင်းပိတ်ကို ဖြစ်ကရော၊ ဘယ်လိုမှ မငြင်းတတ်တော့ဘဲ ဝန်ခံလိုက်ရ၊ ဖြောင့်ချက်ပေးလိုက်ရတော့တာပေါ့''

''ဒါဆို လူလည်းထောင်ကျ၊ ငွေလည်းကုန် အကျိုးမရှိချည်းတွေ ဖြစ်ကြရတာပေါ့။ 'ရာတန်ကော်ပီ' နဲ့ 'ရာတန်ခေါက်ဆွဲ' ရဖို့ ရာတန်ငွေစက္ကူတွေကို မနည်းကြီး မီးရှို့ပစ်လိုက်ရမှာကိုး''

''မထင်လိုက်ပါနဲ့ . . . ဆရာရယ်။ တိတ်အောင်ပါ . . . တဲ့။ ရာတန်ငွေစက္ကူက လေးငါးချပ်ပါတာပါ။ ဂျပန်ငွေစက္ကူအဟောင်းတွေကိုပဲ ကြားညှပ်ပြီး မီးရှို့ခဲ့တာပါ။ မြွေမြွေချင်း ခြေမြင်တာပေါ့။ ငွေရှိလေ နှမြောတတ်လေကိုး . . . ဆရာရဲ့။ ကိုယ့်ဘာသာ နှာစေး၊ ချောင်းဆိုးတာတောင် ဆေးတစ်ပြားဝယ်သောက်ဖို့ ဆံပင်မွေးဖြူအောင် စဉ်းစားရတဲ့ဟာကြီးကို။ ကျွန်တော့်လိုလူကို ပဏ္ဏာလုပ်ပြီး ကော်ဖီတစ်ခွက်တိုက်ဖို့အရေး သူ့ငွေတွေကို အလဟဿ မီးရှို့ပစ်ပါ့မလားဆရာ။ ဝေးစွခြောက်ပါး''





''ဟော့ . . . လူကြီး။ ကိုယ့်ပေါင် ကိုယ်လှန်ထောင်းနေပြန်ပလား။ ခင်ဗျားကရော ဟန်ဆောင်ပန်ဆောင် ငွေထုပ်ကြီးတွေ ကန်ပြ၊ ဖွင့်ပြ၊ ရာတန်ခေါက်ဆွဲဆိုပြီး မီးရှို့ပြ လုပ်နေပေမယ့် အဲဒီငွေစက္ကူထုပ်တွေမှာ အပေါ်၊ အောက် နှစ်ရွက်စီလောက်ပဲ ရာတန်အစစ်ပါတာ။ ကျန်တာက အရားမဝင် ဖျက်သိမ်းပစ်လိုက်တဲ့ ၃၅ ကျပ်တန်အဟောင်းတွေချည်းပဲဟာ။ ကြိုတင်ပြီး ဟန်ရေးပြဖို့ ခင်ဗျားပလီလာခဲ့တာတွေလေ။ ကိုင်း . . .''

''ဖြစ်မှဖြစ်ရလေဗျာ . . . ခင်ဗျားတို့နှယ်''

ဟက်ဟက်ပက်ပက်ကြီးကို ရက်ရက်ရောရော ရယ်မောမိရပါတော့သတည်း။

✿ ✿ ✿

[၄]

❑

''ကဲပါ . . . ခင်ဗျားတို့ရဲ့ တစ်လိမ်နှစ်လိမ် မုန့်ကြိုးလိမ်ရာဇဝင်ကြီးကို ခဏထားလိုက်ကြစမ်းပါဦး။ အခု၊ ညက ဘာအကြောင်းတွေကြောင့် တစ်ဦးနဲ့တစ်ဦး ဒီလောက်အညီအမည်းတွေစွဲ၊ မျက်ကွင်းတွေမည်း၊ ဘုသီးတွေထအောင် ထိုးဟကြိတ်ဟ ဖြစ်ကြရပြန်တာတုံး။ မျက်နှာစိမ်းတွေလည်းမဟုတ်''

''အဲဒါက . . .''

ဖော်ငြိမ်းက ပါးစပ်ပြင်လိုက်ပြီးခါမှ တိတ်အောင်ကို မျက်ရိပ်ပြလိုက်သည်။ 'မင်းပဲ ပြောလိုက်တော့' ဟူသည့်သဘော။



www.burmeseclassic.com

www.burmeseclassic.com



တိတ်အောင်က မမြင်ဟန်ပြု၍ ရုံးခန်းဝ ပြတင်းပေါက်မှသည် ခပ်ဝေးဝေး အပြင်က ရှုခင်းတွေကို ငေးချင်ယောင်ဆောင်နေ၏။

"ဟ . . . လုပ်ကြလေ။ ဘယ်သူက အရင်စပြောမှာလဲ။ အကျိုးအကြောင်း စုံစုံလင်လင်သိရမှ ခင်ဗျားတို့ရဲ့ စစ်ဆေးချက်တွေကို ယူပြီး ပြစ် ဒဏ်မှတ်တမ်း (ထောင်ပုံစံ ၄၂) နဲ့အတူ ထောင်ပိုင်ကြီးရုံး တင်ပေးရဦးမှာ"

"ကဲ . . . တိတ်အောင်။ မင်းအရင် ပြောပြလိုက်။ တော်ကြာနေ ငါက ငါ့စကားနွားရ၊ လံဘားကျောက်တံတားတွေ ပြောတယ်လို့ မင်းက အထွန့်တက်ဦးမယ်။ မင်းက ပါးစပ်ပေါက်နဲ့ဖင်ပေါက် မှားနေတဲ့ အကောင်စားမျိုး"

"လုပ်ပြီ . . . ခင်ဗျားကြီး။ ခင်ဗျားကြီးရဲ့ သောက်ကြောင်းကို ရမယ် ရှာပြီး ခင်ဗျားက စထိုးတာလေ။ ခင်ဗျားပဲ အရင်ပြောပေါ့။ ဘာလဲ"

တစ်ဦးနှင့်တစ်ဦး မျက်စောင်းတွေ အပြန်အလှန်ခဲကြသည်။ မျက်ထောင့်နီကြသည်။ တဒင်္ဂသားအတွင်းမှာပင် ဒေါသရိပ်တွေ မှိုင်းမှုန်၍လာကြပြန်လေ၏။

"ဒီလိုပါ . . . ဆရာ"

ဖော်ငြိမ်းက သူ့နှုတ်ခမ်းကွဲကို လျှာဖြင့်သပ်ရင်း စကားစသည်။ တိတ်အောင်က မြွေဖမ်းမည့် အလမ္ပာယ်ဆရာလို ကြီးစွာသော သတိဖြင့် နားစွင့်နေသည်။

"မနေ့က ထောင်ပြောင်းပါတော့ ကျွန်တော့်အိမ်က သီးသန့်ကား တစ်စီးနဲ့ နောက်ကလိုက်လာပြီး ထောင်ဝင်စာလိုက်တွေ့ခဲ့ပါတယ်။ အဲဒီမှာ ထောင်ဝင်စာပစ္စည်းတွေနဲ့အတူ တစ်ပတ်စာစားဖို့ မသိုး၊ မချဉ်နိုင်တဲ့ ဟင်းတွေလည်း ပါခဲ့တယ်လေ ဆရာ"

"အင်း . . ."

"မနေ့ညကတော့ ထမင်းစားကြရင်း ကျွန်တော်က မျိုမကျဘဲ မနေနိုင်မထိုင်နိုင် ထောင်ဝင်စာမှာ ပါလာတဲ့ ငါးသလောက်ပေါင်းဟင်းကလေးတွေကို ခွဲခက်ပြီး သူ့ကိုစားဖို့ ပေးလိုက်မိတယ်"





"အေး . . . ဒါ ကောင်းတဲ့ကိစ္စပဲလေ။ ဘာရန်ဖြစ်စရာအကြောင်း ပါလို့လဲ"

"လာမယ်လေ . . . ဆရာ . . . လာမယ်။ စေတနာနဲ့ပေးတာကို ကောင်းကောင်းအရသာခံ စားတော်မမူဘူး ဆရာရေ။ 'ဘယ်ကငါးသလောက်လဲ'. . တဲ့။ လျှာက ချောင်လာရော။ 'ကဝက်ကင်း ငါးသလောက်ပေါ့ဟ။ ငါးသလောက်မှာ အကောင်းဆုံး ဒါပဲရှိတာကို' လို့ ကျွန်တော်က ပြန်ပြော လိုက်မိတယ်။ ဟုတ်တယ်လေ ဆရာ။ 'ကဝက်ကင်းငါးသလောက်' ဆိုတာ နိုင်ငံကျော်ပဲဟာကိုး . . . နော့။ အဲဒါ ဆရာရေ . . . 'ဖွတ် . . . ပထမတန်းစား ဒိတ်ဆိုတဲ့ ငါးသလောက်က စစ်တောင်း (သိမ်ဇရပ်) ဘက်က လာတဲ့ သူ့ရဲ့သမိန်ငါးသလောက်မှကွ။ မှတ်ထား' . . . တဲ့။ 'အကောင်းမျိုးစုံအောင် မစားဖူးသေးရင်လည်း လူရှေ့သူရှေ့ လေမပွနဲ့' တဲ့ ခင်ဗျ။ အပေါက်ဆိုး မှတ်တာလေ။ အဲဒီမှာတင် တစ်ယောက်တစ်ခွန်း စကားများပြီး ထတီးကြ တာပဲ။ မနက်တုန်းကတော့ အဲဒီရန်ပွဲရဲ့ နောက်ဆက်တွဲ Another one ပေါ့ဆရာ"

ကောင်းရော . . . ဘာမဟုတ်သည့် အသေးအဖွဲကလေးတွေနှင့် ပြဿနာကို နေ့ခင်းကြောင်တောင် မီးခွက်ထွန်း၍ ရှာနေကြခြင်းပါတကား။

"လူလွန်မသားတွေ . . ."

စိတ်ထဲက ပျစ်ပျစ်နှစ်နှစ် တစ်တစ်ခွခွကြီးကို ဆဲပစ်လိုက်မိတော့၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၅]

❑

"ဆရာ . . . ကျွန်တော့်ကို အရင်လွှတ်ပေးပါဆရာ"

"ဟ . . . ဘာလို့ မင်းက အရင်လွှတ်ရမလဲ။ မင်းရဲ့ထောင်ဝင်နံပါတ်က ငါ့ထက် နောက်ကျတာပဲဟာ။ ငါလွှတ်ပြီးမှ မင်းလွှတ်ရမှာပေါ့"

"ဟော့ကောင်ရ . . . မင်းထက် ငါ အသက်ကြီးတယ်ကွ၊ နားလည်လား။ ရဲဘက်စခန်း မှတ်ပုံတင်စာရင်းမှာလည်း ကြည့်။ ဘယ်သူ့ထောင်ဝင်နံပါတ်က ဘယ်သူ့ထက်စောသလဲဆိုတာ။ ချီး . . ."

"ဘာပဲဖြစ်ဖြစ် ကျွန်တော့်ကို အရင်လွှတ်ပေးပါဆရာ။ အိမ်က မိသားစုတွေ ကားနဲ့ ရောက်နေကြပြီမို့ပါ။ လွှတ်လွှတ်ချင်း လေသာကျောင်းမှာ ရဟန်းခံဖို့ စီစဉ်ထားပြီးလို့ပါ . . . ဆရာရယ်။ ကျောင်းမှာ သံဃာတွေရော၊ လူပရိသတ်တွေရော စုံနေပါပြီတဲ့။ ရဟန်းလောင်းဖြစ်တဲ့ ကျွန်တော်ပဲ ကျန်နေတော့တာရယ်။ နော် . . . ဆရာ"

"ဟော့ . . . ဟော့ . . . မင်းလူလည်မလုပ်နဲ့ကွ . . . တိတ်အောင်၊ တစ်သက်လုံး တစ်သောင်လုံး မဟုတ်တရုတ်တွေ သဗ္ဗနံပေါင်းလုပ်ခဲ့ပြီးကာမှ ထောင်ကလွှတ်လွှတ်ချင်း ဘုန်းကြီးဝတ်လိုက်တော့ကော မင်းအကုသိုလ်





တွေက တစ်လုံးတစ်ပါဒမကျန် ကြေသွားမှာ၊ ပျက်သွားမှာတဲ့လား။ ဖွီ . . . ရွှာအမှု ဘုန်းကြီးပတ်လို့"

"ခင်ဗျားကြီး တိတ်တိတ်နေစမ်းပါဗျာ။ ကောင်းမှုကုသိုလ်ဆိုတာ နကန်းတစ်လုံးတောင်မသိဘဲ ချိန့်လား မေးယူရတဲ့သူက မိကျောင်းမင်းကို ရေကင်းလာပြနေသေး။ ဖွတ် . . ."

"ဆရာ . . . ဆရာ . . . ကျွန်တော့်မိသားစုတွေလည်း သက်သာဆိုင် (Canteen) ထဲမှာ ရောက်နေကြပြီဆရာ။ ဟောဟိုက S.E အဖြူလေးဟာ ကျွန်တော့်အိမ်က ကားပေါ့။ ကျွန်တော်လည်း ရန်ကုန်ကို တန်းပြေး ဘ။ ဟိုမှာ ဆရာကြီးဦးဘခင်ရဲ့ အပြည့်ပြည့်ဆိုင်ရာ ဝိပဿနာကမ္မဋ္ဌာန်း ရိပ်သာမှာ တရားစခန်းဝင်ရမှာလေ . . . ဆရာရဲ့။ ထောင်ဝင်နံပါတ်အစဉ် အတိုင်းသာ ကျွန်တော့်ကို အရင်လွှတ်ပေးပါ ဆရာ"

ခက်ပဲ ခက်ရချည်။

ထောင်ကမလွှတ်မီ စခန်းသက်တစ်လျှောက်လုံးလည်း သခွပ်ပင်က မီးတကျိုကျို အမြဲတမ်း အမှိုက်ပွေ၊ ပြဿနာရှာခဲ့ကြပြီးပြီ။ ယခု လွှတ်ရက်စေ့၍ ထောင်ကလွှတ်တော့မည် ဆိုပြန်တော့လည်း . . .

ဟူး . . . ခက်ပဲခက်ရချည်။

"ဆင့်အတ္တကို အနာလုပ်နေတဲ့ လူတွေပါကလားဟ။ ကဲ . . . ဒီလိုလုပ်။ ထောင်ပိုင်ကြီးရုံးခန်းမှာ လွှတ်လူစစ်ဆေးတာကိုတော့ ထောင်ဝင်နံပါတ်အစဉ်အတိုင်းပဲ ဝင်လိုက်ကြ။ ပြီးရင် ထောင်လွှတ်လက်မှတ် (Released Ticket) ကိုတော့ နှစ်ယောက်စလုံးကို တစ်ပြိုင်တည်းပဲပေးလိုက်မယ်။ အဲ . . . ထောင်ဘူးတံခါး (Wicket Gate) ကနေ သူအရင်ထွက်၊ ငါအရင်ထွက် ကတ်သီးကတ်သတ် ငြင်းခုံနေကြဦးမယ်။ ဘူးတံခါးအပြင်ကို နှစ်ယောက်စလုံးရောက်ပြီးမှ လွှတ်လက်မှတ်ကို ဘယ်၊ ညာ တစ်ပြိုင်တည်း ပေးမယ်။ ကိုင်း . . . ရပြီလား"

"ကောင်းတယ် ဆရာ"

"Very good, Sir"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၆ |

❑

'ဂူး' ခနဲ 'ဂူး' ခနဲ ကားစက်နှိုးသံနှစ်ချက်ကို တစ်ပြိုင်နက်တည်း ကြားလိုက်ရသည်။ အလုပ်စခန်းကလေး၏ သက်သာလက်ဖက်ရည်ဆိုင် ရှေ့ကွက်လပ်မှ မြေနီဖုန်လုံးကြီးတွေ ထောင်းခနဲထသွားပြီး S.E ကားအဖြူကလေးတစ်စီးနှင့် Dutsun Hilux အနီကလေးတစ်စီးတို့ အလုအယက်၊ အမောတကော မောင်းထွက်သွားကြသည်ကိုလည်း မြင်သည်။

ပေနှစ်ဆယ်ခွာသာသာ ဂဝံမြေနီလမ်းလေးပေါ်၌ ကားနှစ်စီး ဘေးချင်းယှဉ်လျက် သုန်ထက်ငါဦး အပြိုင်မောင်းသွားသည်ကိုလည်း တွေ့သည်။ တစ်စီးနှင့်တစ်စီး အချင်းချင်း တိုက်မိနိုက်မိကြတော့မယောင် ပူးကပ်သွားလိုက်၊ တစ်စီးက တစ်စီးကို ဖွတ်အတင်းကျော်တက်ဖို့ ကြိုးစားရင်း လမ်းဘေးထိုးကျသွားလိုက် အရေးမလှ ဖြစ်နေကြပုံကြီးကလည်း မျက်စိထဲမှ မထွက်။

''ဩော် . . . ဒုက္ခ . . . ဒုက္ခ . . . ဒုက္ခ . . .''

သည်လိုပုံဖြင့် မိုးကြီးချုပ်လျှင် . . .

အကျဉ်းထောင်တံခါးတွေ ပိတ်ဖို့အရေးမှာ ထင်သလောက်မလွယ်လှသေးပါသကောဟုသာ ရင်ကိုဖိထားလိုက်ရတော့၏။

မေတ္တာဖြင့် . . .

**ဧရာမြမင်းချွင်**



www.burmeseclassic.com

[၁]

''ကတညျုဝ ကတဝေဒီ၊ ပုဂ္ဂလော ဒုလ္လဘော လောကသ္မိံ''

လောကမှာ ကျေးဇူးသိတတ်သူနှင့် ကျေးဇူးရှိကြောင်းကို ထုတ်ဖော်ဝန်ခံတတ်သူတို့ ရှိခဲ့ကြောင်း မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့ပါသည်။

သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတော်တွင် ကျေးဇူးတရားကို သိရှိနားလည်ခြင်းသည် မင်္ဂလာတစ်ပါးဖြစ်သည်ဟုလည်း အထင်အရှား ပြဆိုထားသည်။

ထို့ကြောင့် ဘုရားရှင်၏တရားတော်နှင့်အညီ မြန်မာမှုနယ်ပယ်တွင် 'တစ်လုတ်စားဖူး သူ့ကျေးဇူး' ဟူသော ဆိုရိုးတစ်ခု ရှိခဲ့ဖူးသည်။ ယင်းအဆိုကား ပင်းယခေတ်မှ မြစ်ဖျားခံလာခြင်းပင်။

မြန်မာ့ရာဇဝင်၌ ပင်းယငါးစီးရှင်ကျော်စွာသည် အသခ်ယာစောယွန်းကို လုပ်ကြံရန် ခေင်ညိုဟူသော လက်မရွံ့တစ်ဦးကို စေလွှတ်လိုက်သည်။ ခေင်ညိုကား အသခ်ယာစောယွန်း၏ ညအိပ်ဆောင်အတွင်းသို့ ညအချိန်ဝင်ရောက်သွားပြီး အသခ်ယာစောယွန်း၏ ပွဲတော်အုပ်လက်ကျန် ထမင်းဟင်းတို့ကို ဆာလွန်းသဖြင့် တိတ်တဆိတ်စားလိုက်မိသည်။





ထိုကဲ့သို့ ထမင်းတစ်နပ် စားသောက်မိလိုက်သည့် ကျေးဇူးကြောင့် ကျေးဇူးရှင်ကို မသတ်လိုတော့ဘဲ အသခ်ယာစောယွန်းကိုင်ဆောင်သည့် ပတ္တမြားကျောက်စီဓားကို သက်သေအဖြစ် ယူဆောင်၍ ပင်းယသို့ ပြန်သွားခဲ့သည်။

တိုင်းပြည်သို့ ပြန်ရောက်လေလျှင် ငါးစီးရှင်ကျော်စွာမှ မေးမြန်းသောအခါ ဖြစ်ကြောင်းကုန်စင်ကို အမှန်အတိုင်းပြောပြပြီး လောကတွင် ကျေးဇူးရှင်ကို ပြစ်မှားသူလောက် ယုတ်ညံ့သူမရှိကြောင်း။ သို့အတွက် ၎င်းအနေနှင့် ကျေးဇူးရှင် အသခ်ယာစောယွန်းကို မသတ်ဖြစ်ခဲ့ကြောင်းနှင့် ယူဆောင်လာခဲ့သော ပတ္တမြားကျောက်စီဓားကိုပြကာ ၎င်း၏တာဝန် မကျေပွန်မှုအတွက် အပြစ်ပေးပါရန် ရဲဝံ့စွာ လျှောက်တင်လိုက်တော့သည်။

ထိုအခါ ပညာရှိပြီး သဘောထားကြီးမားသော ငါးစီးရှင်ကျော်စွာသည် ခေင်ညို၏လျှောက်ထားချက်ကို အပြစ်မယူသည့်အပြင် ကျေးဇူးသိတတ်မှုအတွက် နှစ်ထောင်းအားရရှိလှသဖြင့် ရာထူးတိုး၍ ချီးမြှင့်မြှောက်စားလိုက်လေတော့သည်။

ဤကား ထမင်းတစ်နပ်၏ ကျေးဇူးသိတတ်မှုကြောင့် လက်တွေ့ရရှိလိုက်သော အကျိုးတရားများပင် ဖြစ်သည်။

ထို့ကြောင့် ယခု ကျွန်တော်ရေးသားတင်ပြမည့်ဖြစ်ရပ်ကား သားကောင်များကို လိုက်လံပစ်ခတ်သတ်ဖြတ်နေသူတစ်ယောက်အား အဟိတ်တိရစ္ဆာန် တောဆင်ရိုင်းကြီးတစ်ကောင်မှ တုံ့ပြန်ကျေးဇူးဆပ်ကြောင်း ပြသည်ကို ကျွန်တော်တို့မှဆိုးအဖွဲ့ ကိုယ်တွေ့မြင်ခဲ့ဖူးသော အဖြစ်အပျက်တစ်ခုဖြစ်ကြောင်း ဝန်ခံရပါမည်။

အောက်ပါအဖြစ်အပျက်ကို အဆွေစာဖတ်သူတို့ ယုံကြည်ပါမည်လား။ သို့ရာတွင် ယုံသည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ ကြုံတွေ့ရသောဖြစ်ရပ်ကား အောက်ပါအတိုင်း အမှန်ပင်ဖြစ်ပါတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## ၂

မုဆိုးတစ်ယောက်အဖို့ သားကောင်ပစ်ခတ်တော့မည်ဆိုလျှင် ဦးစွာ တော၏ရေမြေသဘာဝ၊ သားကောင်တို့၏စရိုက်၊ သီးပင်စားပင်နှင့် အခြား အပင်တို့ကို သိရမည်။

အထက်ရှင်း အောက်ရှုပ်သောတော၊ အောက်ရှင်း အထက်ရှုပ် သောတော စသည်ဖြင့်ခွဲကာ သားကောင်တစ်မျိုးချင်းစီ၏ သွားလာလှုပ် ရှားတတ်ပုံများကို အကြမ်းလောက်မျှ သိမထားလျှင် ဝင်ရောက်ပစ်ခတ် သည့်အခါ အခက်အခဲများစွာ တွေ့နိုင်သည်။

နောက်တစ်ဖန် မြေပေါ်ပျံသွား ကျေးငှက်တို့နှင့် နေမြဲပင်သွား သားကောင်တို့၏ ပတ်သက်ဆက်နွယ်မှု အကြောင်းရှိနေကြခြင်းကို မုဆိုး တစ်ယောက်အနေနှင့် အထိုက်အလျောက် နားလည်သိရှိထားရန် အမှန်လို အပ်လှပေသည်။

ယခုပင်ကြည့်လေ . . .

လက်စွဲတော် နှစ်လုံးပြူးသေနတ်ကို ကိုင်ဆွဲလျက် နောက်ကျော ဘက်ရှိ ရိုးမတောကြီးအတွင်း လူသွားလမ်းကလေးအတိုင်း မျက်စိနှင့်နား ကိုဖွင့်ကာ သတိနှင့် လျှောက်လှမ်းနေမိသည်။





မြူနှင်းတို့ကြားမှ ပြာလဲ့လဲ့မိုးကောင်ကင်ထက်ဆီသို့ မော့ကြည့် မိရင်း လျှောက်လှမ်းခဲ့ခြင်းဖြစ်သည်။

နံနက်ခင်း နှင်းစက်ကလေးများက ရွက်ဖျားနှင့် ရိုးတံတို့ပေါ်တွင် ဆွတ်ဖျန်းထားခြင်းကြောင့် နေရောင်နှင့် တလက်လက်ဖြစ်နေခြင်းပင်။

ထို့အတူ ပြာလဲ့လဲ့မိုးကောင်းကင်အောက် လူသွားလမ်းအတိုင်း လျှောက်လှမ်းနေကြရင်းမှ စိမ်းစိုလန်းဆန်းသည့် ဂနိုင်ကြီး၏ လင်းအရုဏ် နံနက်ခင်းပိုင်းကို ခြုံငုံ၍ ကျွန်တော်လိုက်လံကြည့်ကာ သုံးသပ်နေလိုက်မိ သည်။

ထို့ကြောင့် ကျွန်တော်၏ စိတ်တို့မှာလည်း လှမ်း၍မြင်တွေ့လိုက်ရ သော သစ်ကြီးနွယ်ဖွား ရွက်ဖားစိမ်းစိမ်းကြီးများနှယ် လန်းဆန်းမြူးကြွ သွားကြလေ၏။ ထိုကဲ့သို့ ကြည်နူးရိပ်သမ်းသော စိတ်အစဉ်နှင့် နံနက်ခင်း ဆွတ်ဖျန်းထားသော နှင်းပွင့်နှင်းစက်ကလေးများတို့မှာ အပြိုင်လှုပ်ဆတ် နေကြသယောင်။

တစ်ခါတစ်ရံ ထိုနှင်းပွင့်နှင်းစက်ကလေးတို့၏ ဆော့ကစားငွေ့ သမ်းလိုက်မှုကြောင့် မြေသင်းနံ့နှင့် တောပန်းရနံ့တို့၏ အငွေ့အသက်တို့ကို အထိုက်အလျောက် ရရှိနေ၏။

ယခုကဲ့သို့ ရှူရှိုက်မိသော မြေသင်းနံ့နှင့် တောပန်းရနံ့တို့ကြောင့် စိတ်၌လန်းဆန်းတက်ကြွပြီး လက်စွဲတော် နှစ်လုံးပြူးသေနတ်ကို ကိုင်ဆွဲရင်း ကြွကြွရွရွကလေး လျှောက်နေရသည်ကို ကျွန်တော့်စိတ်တို့မှာ အနှစ်ခြိုက် ဆုံးဖြစ်နေပြန်၏။

သို့ဖြင့် တိတ်ဆိတ်သောဝန်းကျင်ဝယ် တက်ကြွစွာ လျှောက်လှမ်း နေရာမှ ကျေးငှက်တို့၏ တစာစာအော်မြည်ဟစ်ကြွေးသံများကြောင့် ရင် ထဲမှာ ကြည်နူးသလိုလို။ ထို့ကြောင့် သေနတ်ဒင်အသေးပိုင်းအား ပြောင်း ပြန်ဆုပ်ကိုင်လိုက်ရင်း - ညာဘက်ပခုံးထက်ဆီသို့တင်ကာ ထိုနေရာဆီသို့ သေမျှော်ကြည့်လိုက်မိပေသည်။



www.burmeseclassic.com

www.burmeseclassic.com



အမြင်အာရုံတွင် အုန်းနဲ့ပင်ကြီးတစ်ပင်။ အသီးတို့မှာ ဝင်းမှည့်နေကြပြီး ထိုအသီးတို့ကို ကျေးငှက်သာရကာများက တပျော်တပါးစားသောက်နေကြရင်းမှ ဟစ်ကြွေးတေးသီနေကြခြင်းဖြစ်သည်။

လှမ်းလက်စခြေလှမ်းတို့ကို ရပ်တန့်လိုက်ရင်း သာယာနာပျော်ဖွယ်ကောင်းလှသော ကျေးငှက်သံတို့ကိုနားစွင့်ကာ အတွေးတို့ကို ဆန့်ထုတ်လိုက်မိ၏။

ထိုအတွေးကား ကျေးငှက်သာရကာနှင့် သားကောင်တို့အပြင် လူသားမုဆိုးများ အပြန်အလှန် အကျိုးပြုပတ်သက်ဆက်နွယ်နေကြပုံများကို တောတွင်းအတွေ့အကြုံ နည်းပါးသူများအဖို့ မှောက်မှားတတ်စရာဖြစ်နိုင်ကြောင်း စဉ်းစားတွေးတောမိလိုက်ခြင်းကြောင့်ပင်။

''ရှေ့ကြည့် . . . ရှေ့ကြည့် . . .''

ဟူ၍ ပြည့်ကျိုးငှက်၏ အော်မြည်သံမျိုးကဲ့သို့ ပေးတတ်ကြသည့်ငှက်အော်သံမျိုးကို ကြားလိုက်ရသော မုဆိုးတစ်ယောက်သည် အမှုမဲ့အမှတ်မဲ့နေလိုက်မိလျှင် သူ့ကိုအန္တရာယ်ပေးတော့မည့် အကောင်တစ်ကောင်ကောင်နှင့် ထိပ်တိုက်ရင်ဆိုင်တိုးမည်မှာ အမှန်။

ထိုအသံကို သတိမပြုလိုက်မိသော မုဆိုးအဖို့ ဒဏ်ရာအနာတရရရှိကြသည့်အပြင် အန္တရာယ်နှင့်ကြုံ၍ တချို့ အသက်ပင် ဆုံးရှုံးခံလိုက်ရပေသည်။

''အူးဝါး . . . အူးဝါး . . .''

ဟူ၍ ကြောက်စရာကောင်းလောက်အောင် 'အောင်ဝါးငှက်' များ၏ အော်မြည်သံကြားရသော မုဆိုးတစ်ယောက်အတွက်လည်း အနီးကပ်ရန်သူ ရှိနေသည်ကို မသိလျှင် မိမိအတွက် အလွန်ကြီးမားသော အန္တရာယ်နှင့် ရင်ဆိုင်ရပေလိမ့်မည်။

''ဥုံဖွ . . . ဥုံဖွ . . .''

ဟူ၍ အော်မြည်ဟစ်ကြွေးလိုက်သော တောလုံငှက်အော်သံမျိုးကို ကြားလိုက်ရလျှင်လည်း ကိုယ်က လက်ဦးမှုယူပြီး လက်တုံ့မပြန်နိုင်လျှင် ခံရဖို့က သေချာသည်။

**စိတ်ကူးသစ်စာပေ**



''ကတောက် . . . ကတောက် . . .''

ဟူ၍ ထိုအသံမျိုးမှာ သစ်ပင်သစ်ကိုင်းကြီးများ အထက်ဆီမှ ရွှေဘောကြားကလေးတို့၏ အောက်ကိုကြည့်ပြီး ခုန်ဆွခုန်ဆွ လုပ်ရင်း ကတောက်သံ ညံအောင်ပေးနေသည်ကို မသိလျှင်လည်း အန္တရာယ်နှင့် ထိပ်တိုက်တိုးမည်မှာ အမှန်ပင်။

''တစ်တီတူး . . . တစ်တီတူး . . .''

ဟူ၍ ထိုအသံက တစ်တီတူးမောင်နှံ လေတွင်ဝဲပျံကာ အော်ဟစ်ဖွဲသန်းနေသည့်အသံကို ကြားလိုက်ရလျှင် မုဆိုးတို့သာမက သားကောင်များပါ မိမိတို့ ရောက်ရှိနေကြသည့်နေရာမှ အဝေးဆီသို့ ထွက်ပြေးသွားတတ်ကြသဖြင့် မုဆိုးလည်းသိ၊ သားကောင်လည်း သိရှိနေကြသော ထူးခြားသည့် အသံမျိုးပင်။

ဤနေရာတွင် တစ်တီတူးငှက်တို့၏ ထူးခြားချက်မှာ အခြားသောငှက်များကဲ့သို့ သစ်ပင်ကြီးတို့ထက်တွင် အသိုက်ဆောက်ကာ ဥချခြင်း၊ ဝပ်ခြင်း၊ အိပ်တန်းတက်ကြခြင်း . . . စသည့်ငှက်မျိုးမဟုတ်။ ထူးထူးခြားခြား မြေပြင်ထက် ချုံပုတ်ငယ်များအတွင်း သူတို့၏အသိုက်ကိုဆောက်ကာ ဥခြင်း၊ ဝပ်ခြင်း၊ သားပေါက်ခြင်း၊ အိပ်တတ်ကြခြင်းရှိသော ငှက်အမျိုးအစားပင်ဖြစ်သည်။

သို့အတွက် သူတို့အသိုက်ဆောက်ထားရာ အနီးဆီသို့ သားကောင်ကြီးများရောက်လာတတ်ကြသလို လူသားမုဆိုးတို့ကလည်း ရောက်ရှိလာတတ်ကြသည်။ သူတို့အသိုက်နှင့် သားပေါက်ကောင်တို့ကို ဖျက်ဆီးမည်အထင်နှင့် အဖို၊ အမ နှစ်ကောင်လုံးက ကောင်းကင်ထက်ဆီသို့ ဝဲပျံကာ အော်ဟစ်မောင်းထုတ်ကြလေ၏။

ထိုအခါ အနီးတစ်ဝိုက်ရှိ မုဆိုးတို့ကလည်း သူတို့အော်မြည်သံကိုကြားရပြီး ထိုနေရာတစ်ဝိုက်တွင် သားကောင်များရောက်ရှိနေ၍ အော်ဟစ်မောင်းထုတ်နေကြသည့် အသံများဖြစ်ကြောင်း အလွယ်တကူ ခန့်မှန်းသိရှိနိုင်ခဲ့ကြ၏။

**စိတ်ကူးသစ်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



ထို့အတူ သူတို့နှင့် ခပ်လှမ်းလှမ်းဆီမှ အော်မြည်သံများကို ကြားလိုက်ရသော သားကောင်တို့မှာလည်း သူတို့ကဲ့သို့ သားကောင်များအား ဒုက္ခပေးမည့် လူသားမုဆိုးတို့ ရောက်ရှိနေသဖြင့် ယခုကဲ့သို့ အော်ဟစ်ပုံသန်း မောင်းထုတ်နေကြခြင်းဖြစ်ကြောင်း တွက်ဆကာ အဝေးဆီသို့ ထွက်ပြေးကြသည်။ မုဆိုးရော၊ သားကောင်ပါ နားလည်သဘောပေါက်ထားကြသည့် ငှက်အမျိုးအစားပင် ဆိုရမည်။

သို့အတွက် ထိုငှက်များကို လူသားမုဆိုးတို့ မုန်းတီးသလို သားကောင်တို့ကလည်း ရွံရှာစက်ဆုပ်ခဲ့ကြ၏။ နှစ်ဦးနှစ်ဖက် အမုန်းခံကြရသဖြင့် သူတို့အသိုက်ကို လိုက်လံရှာဖွေကာ လူမုဆိုးများက ဖျက်ဆီးတတ်ကြသလို သားကောင်တို့ကလည်း ရှာဖွေတွေ့မြင်ပါက နင်းခြေဖျက်ဆီးခြင်းကို ခံကြရရှာသည်။

ထိုအဖြစ်အပျက်တို့မှာ မုဆိုးလုပ်ကြသူတိုင်း အမှန်တကယ်ဖြစ်နေသည့် ပကတိဖြစ်ရပ်မှန် အနေအထား။ မယုံကြည်၍ကလည်း မရ။ တောတွင်းအတွေ့အကြုံ အတော်အတန်နည်းသော မုဆိုးလုပ်ကြသူများအဖို့ ထိုအချက်လောက်ကိုမျှ သိရှိမထားလျှင် တောတွင်းအန္တရာယ်ဆိုသည်မှာ အချိန်တိုင်း ထိုဝန်းကျင်၌ ရှိနေတတ်ကြပေသည်။

ယခုလည်း ကျွန်တော်တို့အဖွဲ့ဖြစ်ရပ်ကို ကြည့်၍ သိနိုင်သည်။ ယခင်နေ့က ပြောင်ထီးကြီး (နွားကြီး) တစ်ကောင်နောက်သို့ ခြေရာကောက်လိုက်ခဲ့ကြရင်း ညနေစောင်း စခန်းသိမ်းချိန်ရောက်မှ ဘုန်းဘုန်းလဲကျပြီး သေဆုံးသွားသဖြင့် ပိသာချိန်ငါးရာနီးပါး ကြီးမားသော ပြောင်ကြီးတစ်ကောင်ဖြစ်သည့်အတွက် စခန်းချရာဆီသို့ ပြန်မသယ်နိုင်ကြဘဲရှိ၏။ သည်အတိုင်းထားပြီး သစ်ပင်ကြီးတစ်ပင်ထက်တွင် လင့်စင်ထိုး၍ ဖြစ်သလိုအိပ်လိုက်ကြ၏။

သို့ဖြင့် မနက်မိုးလင်းတော့မှ ပြောင်သေကြီးကို ဝိုင်း၍အရေချွတ်ထစ်ပိုင်းဖြတ်နေကြသည်ကို ငြီးငွေ့စွာ ထိုင်ကြည့်နေရင်း စိတ်ပျက်စပြုလာသည်။





ထို့ကြောင့် သေနတ်ယူပြီး ဝန်းကျင်တစ်ဝိုက် တော၏အခြေအနေကို လိုက်လံကြည့်ရှုရန် ထွက်လာခဲ့မိသည်။

ထိုစဉ်အခိုက်မှာပင် ကျေးငှက်သံများ ရုတ်တရက် ကြားလိုက်ရသဖြင့် မုဆိုးလုပ်သူအနေနှင့် အန္တရာယ်တစ်ခုခု ကြုံတွေ့ရတော့မည်ဖြစ်ကြောင်း အတွေးနှင့်အတူ နောက်ကျောဘက်ရှိ လိပ်ရိုးပင်ကြီး၏ ကိုင်းဖျားဘက်ဆီမှ ရှဉ့်ဘေးကြားလေးတစ်ကောင်၏ ကျေးငှက်သံတို့ကြားမှ ထိုးဖောက်လျက် ကျွန်တော့်ကို လှမ်းကြည့်ရင်း စူးစူးဝါးဝါး ကတောက်သံညံအောင်ပေးကာ ခုန်ဆွခုန်ဆွ လုပ်ပြနေသည်ကို လှမ်းမြင်လိုက်ရသည်။

ထိုအခြေအနေမှာ တစ်စုံတစ်ရာထူးခြားတော့မည့် အရိပ်အယောင်အဖြစ် သိရှိကာ တောတွင်းနေသတ္တဝါကြီးတစ်ကောင်ကောင်၏ အန္တရာယ်ပေးခြင်းကို ခံရတော့မည် နိမိတ်လက္ခဏာမျိုးပြနေသဖြင့် အထူးသတိထားရန် ကျွန်တော် ရိပ်စားနားလည်မိလိုက်ပေသည်။

ထို့ကြောင့် ကျွန်တော်သည် လျှပ်တစ်ပြက်ဆိုသလို မြေပြင်သို့ အလျားထိုးချပြီး မြေပြင်နှင့်နားကိုကပ်လျက် နားစည်ကို ဖွင့်လိုက်မိသည်။

တုန်ခါအားပြင်းထန်မှုတို့ကို ကြားလိုက်ရသဖြင့် အန္တရာယ်ရှိဖို့ သေချာပေပြီ။ လူကို အန္တရာယ်ပေးနိုင်သော သားကောင်ကြီးတစ်ကောင်ကောင်၏ ခြေသံမျိုးပင်။

ထို့အတူ ရှဉ့်ဘေးကြားကလေးက သစ်ကိုင်းကြီးထက်ဆီမှ ခုန်ဆွခုန်ဆွလုပ်ရင်း ကတောက်သံကို ညံအောင် သတိပေးနေသည် မဟုတ်ပါလား။

ရှေ့သို့သွားရာလမ်း၏ လက်ဝဲဘက်အနီးဆုံး သပွတ်သိမ်ပင်နွယ်ပိုင်းကြီးအောက် ချုံပုတ်ကြီးအတွင်းသို့ ပြေးလွှားတိုးဝင် ပုန်းခိုလိုက်ပြီး သေနတ်နှင့်ချိန်ရွယ်ကာ ပစ်ခတ်ရန် အသင့်စောင့်စားနေလိုက်တော့၏။

ထိုစဉ်မှာပင် 'ဗျော' ခနဲ တောတိုးသံကြီးနှင့်အတူ ကျွန်တော်ဝင်ရောက်ပုန်းအောင်းနေသော သပွတ်သိမ်ပင်ချုံနွယ်တောကြီးမှာ ယိမ်းထိုးခါယမ်းသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုလှုပ်ရှားမှုကြောင့် သပွတ်သိမ်သီးများ ကြွေကျလာသလို အပင်ထက်မှ ထိုအသီးများကို စားသောက်နေကြသည့် ငှက်ငွေး (ခ) ပိန်းတူးမ (ခ) ရှန်းပတီငှက်တစ်အုပ်မှာလည်း 'ဝေါ' ခနဲ အသံကြီးနှင့်အတူ အထိတ်တလန့် ထွက်ပြေးပျံသန်းသွားကြတော့သည်။

သို့ဖြင့် ထိုအသံကြားရာဆီသို့ လှမ်းအကြည့်တွင် တွေ့မြင်လိုက်ရသည်မှာ နီညိုညိုအသွေးနှင့် ကြီးမားတုတ်ခိုင် သန်စွမ်းလှသည့် တောဆင်ရိုင်းကြီးတစ်ကောင်။

နွယ်ပင်များယှက်ဖြာနေသော သပွတ်သိမ်ပင် ချုံနွယ်တောကြီးနှင့် ရောထွေးပေါက်နေရာ စားကောင်းမည့်နွယ်ပင်တို့ကို သူ၏နှာမောင်းကြီးဖြင့် လှမ်းဆွဲလျက်ရှိ၏။ ကျွန်တော် ဝင်ရောက်ပုန်းခိုနေသည့် ချုံပုတ်ကြီးကို ကျောခိုင်းပြီး အညွန့်နှင့်အရွက်များတို့ကို စားနေခြင်းဖြစ်သည်။ အနီးကပ်မြင်ရမှ ကျွန်တော် အထိတ်တလန့် ဖြစ်သွားရ၏။

''ဟိုက် ... ဗုဒ္ဓေါ ... စွယ်နီကြီးပါလား''

အမြင်အာရုံမဝေဝါးဘဲ ကျွန်တော် ဝင်ရောက်ပုန်းခိုနေသည့်နေရာကို နောက်ခိုင်းအနေအထားနှင့် အနီးကပ် မြင်တွေ့လိုက်ရသော တောဆင်ရိုင်းစွယ်စုံကြီးတစ်ကောင်ကြောင့် နဖူးမှ ဇောချွေးများ အလိုလိုနေရင်း ထွက်ကျလာ၏။ ထိတ်လန့်မှုကြောင့် တစ်ကိုယ်လုံး တုန်ခါ၍ ခေါင်းမှဆံပင်မွေးများပင် ထိုးထောင်လာကြပြီ။

ပြီးမှ သတိဝင်ပြီး သေနတ်ကို ကိုင်ဆွဲရင်း ထိုတောဆင်ရိုင်းကြီးနှင့်ဝေးရာ နောက်ကျောဘက် တောကြီးအတွင်းဆီသို့ ပြေးဝင်လိုက်မိပေတော့သည်။

''ကျည် ... ကြောင်း ... ရှမ် ...''

ကျွန်တော် အသက်ကိုလုကာ ပြေးလွှားနေမိ၏။ မပြေး၍လည်း မဖြစ်။ ထိုတောဆင်ရိုင်းကြီးမှာ လူသားတို့ကို အခဲမကျေဘဲ တောတိုး၍ လိုက်လံနှင်းခြေ သတ်ဖြတ်တော့မည့်အထင် ရှိနေသောကြောင့်ဖြစ်သည်။

---

**စိတ်ကူးသစ်စာပေ**



သို့သော် ပြေးနေသော ကျွန်တော့်နောက်ဆီသို့ လိုက်လာသည့် အသံကိုလည်း မကြားရ။ တောတိုးသံမျိုးလည်း မကြားရသဖြင့် အထူးအဆန်းဖြစ်သွား၏။

သို့ရာတွင် ကျွန်တော် မူလမြင်တွေ့ရာဆီ ခပ်လှမ်းလှမ်းမှ ဝမ်းခေါင်းလိုက်သံနှင့် အော်ဟစ်နေသည့်အသံကြီးကို ထပ်မံ၍ ကြားလိုက်ရပြန်သဖြင့် မလွတ်နိုင်တော့ဟုအထင်နှင့် ပစ်ခတ်ရန်အတွက် အပြေးကို ရပ်တန့်လိုက်တော့၏။

ပြီးမှ နောက်ကျောဘက် တောဆင်ရိုင်းကြီးရှိရာဆီသို့ သေနတ်နှင့်လှမ်းချိန်ရွယ်လိုက်ရင်း အသင့်အနေအထား ပြင်ဆင်ထားလိုက်မိပေတော့သည်။

(မှတ်ချက်။ ။ ထိုအချိန်က တောဆင်ရိုင်းကြီးများသည် မုဆိုးသူတို့ကို အမှတ်မထင် အန္တရာယ်ပေးလျှင်လည်း ပစ်ခတ်သတ်ဖြတ်ခြင်း လုံးဝမပြု။ သတ်ဖြတ်ခဲ့ပါလျှင် ဥပဒေတစ်ရပ် ပြဋ္ဌာန်းသတ်မှတ်ထားသည့် ကာလမျိုးဖြစ်သည်။)

ထိုပြဋ္ဌာန်းထားသည့် ဥပဒေအရ တောဆင်ရိုင်းတို့ကို ကျွန်တော်တို့အဖွဲ့ လုံးဝမပစ်။ ကိုယ်က ရှောင်၍မလွတ်ဘဲ နှင်းခြေသတ်ဖြတ်ခြင်းကို ခံလိုက်ရလျှင် ကိုယ်ကံတရားနှင့်ကိုယ် ခံရပေမည်။

သို့အတွက် သူတို့နှင့်လွတ်အောင် ရှောင်ရမည့်အချိန် (ထိုအခြေအနေက ယခုထက်တိုင် ဥပဒေတစ်ရပ် ရှိဆဲပင်)။

သို့ဖြင့် တောဆင်ရိုင်းစွယ်စုံကြီးက ကျွန်တော့်နောက်ဆီသို့ မလိုက်ဘဲ နေရာတွင်ရပ်တန့်ကာ သူ၏နှာမောင်းကြီးကို ဦးကင်းထက်တွင် ကပ်လျက် ...

''ကျီ ... ရှမ်း ... ကြောင်း ...''

ဟူ၍ အော်မြည်ဆလံပေးနေသည့် အပြုအမူကို အံ့သြဖွယ်တွေ့မြင်လိုက်ရသဖြင့် ပြောင်ကြီးကိုဖျက်နေကြသော အဖွဲ့သားများရှိရာသို့ မြန်ဆန်သောနှုန်းဖြင့် ပြေးလွှားပြန်လာခဲ့လေတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

|၃|

❑

ဤသို့ဖြင့် ကျွန်တော်သည် ရင်ဆိုင်ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်နှင့် သေနတ်များကိုပစ်ခတ်ဖို့ အသင့်စီစဉ်ထားကြရန် အော်ဟစ်သတိပေးလိုက်ခြင်းကြောင့် အဖွဲ့သားတို့မှာ တအံ့တသြ၊ အထိတ်တလန့်နှင့် သေနတ်များကို ပြေးဆွဲသူပြေးဆွဲ၊ အသင့်ပစ်ခတ်ရန် နေရာယူသူယူနှင့် ရှန်းရင်းဆန်သွားကြတော့သည်။

သို့သော် ကျွန်တော်တို့အဖွဲ့ထဲတွင် အသက်အရွယ်အကြီးဆုံးနှင့် အတွေ့အကြုံအများဆုံးရှိသူ အဘကောင်းကမူ ခပ်အေးအေးပင် ရှိနေ၏။

အတန်ကြာလျှင် ကျွန်တော့်ကိုပြောလိုက်သည့် အဘကောင်း၏ လေသံမှာ အသက်မပါလှချေ။

“ငါတို့တစ်တွေ မိတ်ဆွေတွေ ဖြစ်သွားကြပြီကွယ့်။ ဘာမှမစိုးရိမ်ကြပါနဲ့”

ဟူ၍ ပြောဆိုကာ ကျွန်တော်တို့ကို ကြည့်သည်။ ပြီးမှ ဆက်ပြောလာသည်။

“အင်း . . . မင်းက သူ့ကို အမှတ်တမဲ့ မသိပေမယ့် သူက ငါတို့အဖွဲ့နဲ့ မိတ်ဆွေဖြစ်ကြောင်း သက်သေပြလိုက်တာ။ မင်းသဘောမပေါက်သေးဘူးထင်တယ်။ မုဆိုးလုပ်နေပြီး ညံ့ပါရဲ့ကွယ်”





အဘကောင်း ပြောလိုက်သည့်စကားကြောင့် ကျွန်တော်ကိုယ်တိုင် အသက်လုပြေးလာခဲ့ရသူဖြစ်၍ အထွန့်တက်လိုက်မိသည်။

“ဗျာ . . . ဘယ်လို . . . ဘယ်လို . . . တောဆင်ရိုင်းက ကျွန်တော်တို့ကို ဘာကြောင့် အသိအမှတ်ပြု၊ မိတ်ဆွေအဖြစ် လက်ခံလိုက်တာလဲ အဘကောင်းရဲ့။ နောက်ပြီး သူက မိတ်ဆွေဖွဲ့တယ် . . . ဟုတ်လား”

အံ့ဩနားမလည်စွာ မေးလိုက်သော ကျွန်တော်၏အမေးကြောင့် အဘကောင်းက ပြုံး၍ . . .

“အေး . . . ဟုတ်ရဲ့ ဘယ်ကလိမ့်မလဲကွယ်။ အသိအမှတ်လည်း ပြုလိုက်တာ”

ထိုအဖြေကြောင့် ကျွန်တော်သာမက အဖွဲ့သားအားလုံးလည်း နားမလည်နိုင် ဖြစ်သွားကြပါသည်။ ထို့ကြောင့် ကျွန်တော်က ဆက်လက်၍ မေးမြန်းလိုက်၏။

“ဟို . . . သူက ကျွန်တော်တို့ကို ဘယ်လိုကြောင့် မိတ်ဆွေအဖြစ် အသိအမှတ်ပြုလိုက်တာလဲ အဘကောင်း . . . ရှင်းပြပါဦး”

ဟု တောင်းဆိုလိုက်သည်။

အဘကောင်းကား ကျွန်တော်တို့ထက် တောတွင်းအတွေ့အကြုံ ရင့်ကျက်သော မုဆိုးကြီးတစ်ဦးဖြစ်သဖြင့် အထက်ပါအတိုင်း မေးမြန်းလိုက်ရခြင်းဖြစ်ပေသည်။

“အမှန်အတိုင်းပြောရရင် စွယ်နီကြီးဟာ စွယ်စုံဆင်ကြီးတစ်ကောင်အဖြစ် မောင်ရင်တို့အားလုံး အသိပဲ။ ဆင်အုပ်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ဖို့က သူ့ရဲ့ အဓိကတာဝန်ပဲ။ ဒီလောက် သူ့အနားကို ကပ်နေတဲ့လူတစ်ယောက်ကို မမြင်ရအောင်၊ အနံ့မရလောက်အောင် ခပ်ချာချာ ဆင်မျိုးအဖြစ်နဲ့ စွယ်စုံဆင်ဘွဲ့ကို ဘယ်ရပါ့မလဲ။ အနံ့အသက်ကို သူရတယ်၊ အနီးကပ်ကြည့်လို့ မြင်မယ်။ ပြီးတော့ ရန်ပြုရမယ့်သူ မဟုတ်ဘူးလို့ သူဆုံးဖြတ်မယ်။

ဒါကြောင့် ဒီနေရာမှာ သူနဲ့ တောဆင်ရိုင်းအုပ်ရှိနေကြောင်း အသံပေးပြီး ကျောခိုင်းမမြင်ချင်ယောင် ဆောင်လိုက်တယ်မဟုတ်လား။ မောင်ရင်

www.burmeseclassic.com



က ကြောက်ပြီးပြေးတော့ အသံပေးလှည့်ကြည့်နိုင်းပြီး နှာမောင်းကို ဦးကင်းဆီကပ်၊ ဆလံပေး နှုတ်ဆက်ပြလိုက်သေးတယ်မဟုတ်လား။ ဒါပေမဲ့ မောင်ထွန်း လက်ထဲက သေနတ်နဲ့ ကြောက်အားကြီးပြီး စွတ်မပစ်လိုက်တာ အတော်ကံကောင်းသွားတယ်''

အဘကောင်းပြောသည်မှာ ဟုတ်သလိုရှိကြောင်း အခုမှ တရေးရေး သဘောပေါက်လက်ခံသွားမိ၏။

အမှန်တော့ တောဆင်ရိုင်းကြီးများဆိုသည်မှာ လူတွေကို တွေ့မြင်လိုက်ပါက အတင်းထိုး၊ အတင်းလိုက်၊ အတင်းနင်းခြေသတ်ဖြတ်ကြ သည်ချည်း မဟုတ်ပါလား။

သို့အတွက် တစ်ချိန်တစ်ခါက ကျွန်တော်တို့နှင့် ဆက်စပ်ခဲ့ဖူးသော စွယ်နီကြီးဆိုသည့် တောဆင်ရိုင်းစွယ်စုံဆင်ကြီးတစ်ကောင်၏ အဖြစ်အပျက် တို့ကို ကျွန်တော် ပြန်လည်စဉ်းစားမြင်ယောင်မိလိုက်တော့သည်။

✿ ✿ ✿

[၄]

❑

ပဲခူးရိုးမကြီးတစ်ကြော (စိန်တောင်ကြီး) နှင့် မဟူရာချောင်းများ တို့၏ သည်မှာဘက်ကြောတွင် ကျက်စားနေကြသော တောဆင်ရိုင်းအုပ် တို့မှာ အထဲတွင် အကောင်ရေငါးဆယ်ကျော် တောဆင်ရိုင်းတစ်အုပ်သည် စွယ်နီဦးဆောင်လျက် ကျက်စားပျော်မြူးနေခဲ့ကြသည်မှာ နှစ်စဉ်နှစ်တိုင်း ယခုလို နွေရာသီကာလတိုင်းဟု ပြောရပေတော့မည်။





ထိုဆင်အုပ်ကြီးတွင် စွယ်နီဟူသော စွယ်စုံဆင်ကြီးတစ်ကောင်၏ ဦးဆောင်ကွပ်ကဲမှုအောက်တွင် ခွာစိုက်၊ ပန်းဆင် နှစ်ကောင်သုံးကောင် နှင့် တယ်ဆင်၊ ဟန်ဆင်များတို့၏ အနီးကပ်ကြီးကြပ်မှုဖြင့် ၎င်းဆင်တို့ အကြားတွင် ဆင်အုပ်ကြီးက ရှိနေကြပေ၏။

စွယ်နီသည် ထိုဆင်အုပ်ကြီး၏ ခေါင်းဆောင်အဖြစ် တာဝန်ယူ ထားရသော တောဆင်ရိုင်းစွယ်စုံကြီးတစ်ကောင် ဖြစ်ပေသည်။ သီးခြားနေ တတ်လေ့ရှိသော်လည်း ၎င်းတာဝန်ယူအုပ်ချုပ်ရသော ဆင်အုပ်နှင့် ဝေးဝေး လံလံတော့ မနေချေ။ အရေးအကြောင်းကြုံလျှင် ၎င်းသည် ရှေ့မှဦးဆောင် ၍ အန္တရာယ်ကို ရင်ဆိုင်တတ်သူလည်းဖြစ်သည်။ ပြီး ... အဝေးမှ အသံပြု ၍ လက်အောက်ဆင်များကို အန္တရာယ်မှ လွတ်ကင်းစေခဲ့၏။

ထိုအတူ တောဆင်ရိုင်းအုပ်များအတွင်း သူ့အတန်းအစားနှင့်သူ ရှိကြရာ ကြက်နင်း၊ ဟန်ကုတ်၊ တယ်၊ သားထိန်းဟူ၍ အဆင့်ဆင့်ရှိကြ ခြင်းဖြစ်၏။

ထိုအတန်းအစားအမျိုးမျိုးသော တောဆင်ရိုင်းတို့ကို အုပ်ချုပ်ရ သည့်အကောင်မှာ စွယ်နီဆိုသော တောဆင်ရိုင်းကြီးတစ်ကောင်ပင် ဖြစ် ပေသည်။

စွယ်နီဆိုသည့် တောဆင်ရိုင်းကြီးမှာ စွယ်စုံဆင်ကြီးတစ်ကောင် ဖြစ်သည့်အတိုင်း အနီရောင်ဘက်ဆီသို့ သမ်းနေသည်။ ရှေ့သို့ ရှည်လျား စွာနှင့် ကော့တက်နေသည့် အစွယ်ပိုင်ရှင် ဆင်တစ်ကောင်ဖြစ်ပြီး ဆင်ပြောင် ကြီးတို့၏ ကြန်အင်လက္ခဏာ အပြည့်နှင့်ရှိ၏။

လှပတင့်တယ်သောအဆင်းကို ပိုင်ဆိုင်ထားသည်နှင့်အညီ အား ကိုးလောက်စရာ အစွယ်ကြီးကိုလည်း ပိုင်ဆိုင်ထားသည့်အပြင် စိတ်နေ စိတ်ထား ခက်ထန်ရိုင်းစိုင်းကာ သူ့ကိုတွေ့မြင်ရသော အခြားဆင်များက ကြောက်ရွံ့ကြလေ၏။

ထို့ပြင် ဆင်ဆိုးအဖြစ် (ယခုအချိန်တွင် ဟုတ်သော်လည်း) ဟိုး ဆင်အချိန်ကမူ ဆင်ဆိုးတန်းဝင်သော တောဆင်ရိုင်းတစ်ကောင် မဟုတ် ခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ယခုတလော တောသူတောင်သား၊ ရွာသူရွာသားများအတွက် စွယ်နီဟူသော စွယ်စုံတောဆင်ရိုင်းကြီး၏ရန်က မသေးလှ။ မည်းမည်းမြင် လေတိုင်း လိုက်နင်း၊ လိုက်ထိုး၊ သတ်ဖြတ်နင်းခြေပစ်တတ်သည်။ တောသူတောင်သားများ၊ တောကိုမှီခိုကာ လုပ်ကိုင်ရှာဖွေ စားသောက်နေကြရသူများအဖို့ ယခုတလော သူ့ကို အလွန်အမင်း ကြောက်နေကြရခြင်းဖြစ်သည်။

စွယ်နီကလည်း ယခုတလော လူကိုမပြောနှင့်၊ ခွေးပင် သူ့လက်က လွတ်ရိုးမရှိ။ ရိပ်ခနဲတွေ့လိုက်သည်နှင့် စွယ်နီ၏အစွယ်ဖျားနှင့် ခြေထောက်အောက်တွင် အသက်ပျောက်သွားကြရသည်ချည်းပင်။

စွယ်စုံဆင်ကြီး စွယ်နီကား ယခင်အချိန်က မဆိုးဘဲ ယခုအချိန်မှ အဘယ့်ကြောင့် ဆိုးသွမ်းနေရသနည်း။

ဆိုရသော် သူ့တာဝန်က တောဆင်ရိုင်းအုပ်ကြီးကို ဘေးမသီ ရန်မခစေရန် တာဝန်ယူစောင့်ရှောက်နေရသည့် လုပ်ငန်းတာဝန်များအပြင် တစ်နပ်စား ဆင်ပစ်သမားမုဆိုးတို့၏ လက်ချက်ကြောင့်ဆိုလျှင် မှားအံ့မထင်။

သူလို တောဆင်ရိုင်းကြီးတစ်ကောင်ကို တောသူတောင်သားတို့က အမည်သညာအားဖြင့်သာ 'စွယ်နီ' ဟု ခေါ်ဝေါ်ကြသော်လည်း အမှန်တော့ သူ၏အစွယ်ကြီးမှာ အနီရဲရဲမဟုတ်။ ဖြူဖွေးနေသည်လည်းမဟုတ်၊ ရှည်လျားကော့တက်နေပြီး အနီရောင်ဘက်ဆီသို့ သမ်းနေသည့် သူ၏ နှာမောင်းကြီးတစ်ဖက်တစ်ချက် ဘေးဆီတွင် ကွေ့ဝိုက်ကာ 'ပစောက်' ပုံသဏ္ဌာန်နှင့် အပြင်သို့ ငါးပေသာသာ ရှည်ထွက်နေ၏။ ကြီးမားတုတ်ခိုင်သော ထိုအစွယ်ရှည်ရှည်ကြီးနှစ်ချောင်းကပင် သူ့ကို ဒုက္ခလှလှ ပြန်ပေးခဲ့ခြင်းဖြစ်သည်။

ရိုးမအတွင်း အမှတ်မထင် မြင်တွေ့လိုက်ရသူများ အားလုံးက စွယ်နီကို သဘောကျသည်။ သူ့ကို ချစ်၍တော့ဖြင့်မဟုတ်။ သူ၏အစွယ်ကြီးနှစ်ချောင်းကို လိုချင်တပ်မက်ကြသည့် စိတ်များကြောင့်ဟု ဆိုရမည်။





စွယ်နီသည် သူ့တာဝန်နှင့် အဆင့်အတန်းကြောင့် စွယ်စုံဆင်ကြီးတစ်ကောင်ဖြစ်သော်လည်း လက်အောက်ငယ်သားအဆင့်ဆင့်နှင့် တောဆင်အုပ်ကြီးကို နိုင်နင်းအောင် အုပ်ချုပ်ခိုင်းစေထားပြီး သူက စွယ်စုံဆင်တို့၏ ဓလေ့အတိုင်း ထီးတည်းနေထိုင်စားသောက်၍ အပြင်စည်းမှ မပြတ်လှေ့လာအကဲခတ်နေသူပင်။ သူတို့၏စရိုက်လက္ခဏာအရ ဆင်ဆိုးစာရင်းဝင်တစ်ကောင်ဖြစ်သော်လည်း သူ၏မာနကို ချိုးနှိမ်ခဲ့၏။ အဘယ့်ကြောင့်ဆိုသော် လူတွေနှင့် နီးစပ်လိုသည့်အတွက်ကြောင့်ဖြစ်သည်။

သို့အတွက် ရိုးမကြီးအတွင်း လုပ်ကိုင်ရှာဖွေ စားသောက်ကြသူတို့အနီး တဖြည်းဖြည်း ချဉ်းကပ်ကြည့်သည်။ လူတွေနှင့်တွေ့လျှင်လည်း ရန်မလုပ်။ သူကပင် ရှောင်ဖယ်ပေးလိုက်သေးသည်။

ထိုနည်းနှင့် သုံးလေးနှစ်လောက် လူတွေအနီးသို့ ချဉ်းကပ်ပြလိုက်သောအခါ တောနှင့်ဆက်နွယ်ကာ ရှာဖွေစားသောက်ကြသူများက စွယ်နီကို ချစ်ခင်တွယ်တာလာခဲ့ကြသည်။ သဘောကျလာကြသည်။ ပိုမိုခင်တွယ်လာခဲ့ကြပြန်သည်။ လူတွေကို ဒုက္ခမပေးသဖြင့် လူချစ်လူခင်လည်း ပေါလာသည်။ သူကပင် ရှောင်တိမ်းကာ လူတွေနှင့် လိုက်ပါလာကြတော့၏။

သူ့ကိုတွေ့လျှင် နောက်ကနေ တကောက်ကောက်လိုက်လံဟောင်ကြသည့် အမဲလိုက်ခွေးများကို နှာမောင်းနှင့် ရေကိုစုပ်ယူ၏။ ပြီး . . . တစ်နေရာဆီ၌ ပုန်းအောင်းပြီး နှာမောင်းထဲမှရေကို ပြန်မှုတ်ထုတ်ကာ နောက်ပြောင်ကျီစယ်ဖူးသည့် သာဓကများလည်း ရှိခဲ့ဖူးသည်။

သို့ကြောင့် တောသူတောင်သားတို့က သူ့အတွက် ကြံပင်များကိုယူလာသလို ဆားနှင့် မန်ကျည်းသီးများကိုလည်း သူ့အနီးသို့ တိုးကပ်ကျွေးမွေးခဲ့ကြ၏။

ထိုအခါ အန္တရာယ်မပြုဘဲ လာရောက်ယူငင်စားသောက်သည်ဟု ပြောဆိုနေကြသည့်အထိ ယဉ်ပါးခဲ့သည်။

ယခုအချိန်မှာတော့ စွယ်နီကြီးကား ယခင်ကဲ့သို့ပင် သဘောကောင်း၊ အန္တရာယ်မပေးတတ်သော တောဆင်ရိုင်းစွယ်စုံကြီးတစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်တော့ပေ။ အဘယ့်ကြောင့်ဆိုသော် စီးပွားရေးတစ်နပ်စား လူသားမှုဆိုးတချို့၏ ဒုက္ခပေးမှုကြောင့် သေနတ်ဒဏ်ရာ ရရှိခံစားလိုက်ရသော အကျိုးဆက်ကြောင့်ပင်။

ဦးကင်း၊ လက်ပြင်နှင့် နားတွင်းတို့တွင် ယခုထက်တိုင် မကျက်နိုင်ဘဲ ယင်တလောင်းလောင်းနှင့် သေနတ်ဒဏ်ရာက ရှိနေသည်။ သူယုံကြည်ချစ်ခင်သည့် လူသားတို့ကို ဘယ်သောအခါမျှ အခဲမကျေလောက်အောင် ရရှိထားခဲ့သည့်ဒဏ်ရာ။ တစ်နည်းအားဖြင့် သူ့အတွက် မည်သည့်အချိန်မျှ ခွင့်လွှတ်နိုင်စရာမကောင်းသော သက်သေခံတစ်ရပ်ပင် ဖြစ်ပေတော့သည်။

လူသားမုဆိုးတို့ကို နာကြည်းမုန်းတီးရသော တောဆင်ရိုင်းစွယ်စုံကြီးတစ်ကောင်အဖို့ ဒီလောက်တော့ နာကြည်းမုန်းတီးတော့ပေမပေ့ါ။

အချိန်ကား မွန်းလွဲနေပြီ။ ဖျက်ထားသော ပြောင်သားတုံးကြီးများကို ကျပ်တင်မီးမြှိုက်ပြီးလျှင် ရက်လုပ်ပြီးသား ဝါးခြင်းတောင်းကြီးများအတွင်းသို့ထည့်ကာ စခန်းချရာဆီသို့ အချိန်မီ ရောက်ရှိနိုင်ရေးအတွက် ပြန်ကြရပေဦးမည်။

''အဘကောင်း ...ကျွန်တော်တို့သွားမယ့်လမ်း ဝါးပိုးတောထဲမှာ တောဆင်ရိုင်းအုပ်ရှိတယ်။ ဘယ်လမ်းက သွားကြမလဲ။ ကိုဦးနဲ့ယဉ်ကြိုင် ...မင်းတို့က ရွာခံတွေဆိုတော့ ဘယ်လမ်းက ပြန်ကြရင်ကောင်းမလဲ စဉ်းစားကြည့်စမ်းကွာ''

ကျွန်တော်က အကြံဉာဏ် တောင်းလိုက်ခြင်းဖြစ်သည်။ ကိုဦးနှင့်ယဉ်ကြိုင်က အကြံမပေးတတ်။ ထို့ကြောင့် အတွေ့အကြုံများစွာရှိသော အဘကောင်းကပင် ...

''ရှောင်ကွင်းပြီးတော့ ပြန်ကြတာပေါ့ကွယ်။ ထိပ်တိုက်တွေ့လို့ အန္တရာယ်ပေးရင်လည်း ကာကွယ်ကြရတာပေ့ါ။ စွယ်နီတစ်ကောင် ငါတို့အဖွဲ့ ဒီမှာရှိနေမှန်းသိတော့ မဖြစ်တန်ကောင်းပါဘူး။ သူ့အုပ်ကို သူထိန်းမှာပါ''





အဘကောင်းပြောလိုက်သလိုပင် ကျွန်တော်တို့အဖွဲ့ ပြောင်သားတုံးကြီးများ ထည့်ထားသော ခြင်းတောင်းကြီးတို့ကို နွယ်ကြိုးဖြင့် သိုင်းချည်ပြီး ဝါးလုံးနှင့် သပ်လျှိုထမ်းကြ၏။ တောဆင်ရိုင်းအုပ်ကြီးတို့ ဝင်ရောက်စားသောက်နေကြသော ဝါးပိုးရုံတောကြီးများကို ရှောင်ကွင်း၍ ပြန်ခဲ့ကြခြင်းဖြစ်၏။

ဤသို့ဖြင့် စခန်းချရာဆီသို့ရောက်တော့ အတော်ပင် မိုးချုပ်သွားခဲ့လေပြီ။ ထမင်းနှင့်ဟင်းများပင် ကျက်နေပြီဖြစ်သည့်အတွက် အရက်ကိုသာ်စဖြတ် သောက်လိုက်ကြသည်။ တဲပေါ်တွင် အသင့်ပြင်ဆင်ထားပြီးဖြစ်သော ထမင်းကို ပြောင်သားဟင်း၊ ဖက်သန်းသီးပြုတ်၊ ငါးပိကင်တို့နှင့် မြိန်ရှက်စွာစားသောက်လိုက်ကြပေတော့သည်။

မကြာမီအချိန် ထမင်းစားသောက်ပြီး၍ တဲရှေ့မီးဖိုကြီးဘေးတွင် ဝိုင်းကာထိုင်လိုက်ကြပြီး ရှေ့လုပ်ငန်းစဉ်တို့ကို ညှိနှိုင်းတိုင်ပင်လိုက်ကြ၏။

ညသည် မှောင်မိုက်လွန်းလှ၏။ တစ်ချက်တစ်ချက် ပိုးစုန်းကြူးအလေးများ ဟိုသည်တို့တွင် လင်းခနဲလက်ခနဲ ဖြစ်နေသည်တို့မှအပ ဘာတစ်ခုမျှ မမြင်ရချေ။

တဲသုံးလုံးရှေ့ မီးဖိုကြီးဆီမှ အလျှံတညီးညီး တောက်လောင်နေသော မီးညွန့်၏ အလင်းရောင်တို့ကြောင့်သာ အမှောင်ထုကို အားပြိုင်ပြီး အလင်းရောင်ကို အထိုက်အလျောက် ရနေခြင်းဖြစ်သည်။

''ထရိန် ...ထရိန် ...ဟူ ...ဟွဲ ...ဟွဲ ...ဟွဲ ...''

ဆတ်တစ်လိုက်သည့်အသံအပြင် ဆတ်ဟီလိုက်သည့်အသံကိုပါ ကြားလိုက်ရသဖြင့် ခန့်မှန်းကြည့်ရသည်မှာ ဆတ်များ မိတ်ဆော့ရင်း အော်လိုက်သည့်အသံမျိုး ဖြစ်ပေမည်။

အဘယ့်ကြောင့်ဆိုသော် ဆတ်ဆိုသည့်အကောင်မျိုးက ယခုကဲ့သို့ အဖိုအမတွဲ၍ နေလေ့မရှိ။ အများအားဖြင့် တစ်ကောင်တည်းကိုသာ တွေ့များသည်။ ယခုလို မိတ်ဆော့ချိန်မျိုးလောက်သာ နှစ်ကောင်တွဲနေကြခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဆတ်မသည် ယခုလိုမိတ်ဆော့ပြီးသောအခါ ကိုယ်ဝန်ကိုဆောင်သည့်အချိန် ဆတ်ထီးကြီးက ဆတ်မကို ခွဲထွက်သွားသည်။ ဆတ်မသည် သားငယ်ကို မွေးဖွားပြီးသောအခါ မိခင်နှင့်အတူ တောတွင်း သဘာဝအန္တရာယ်များတို့ကို သင်ပေးသည့်အချိန်တွင် မိခင်နှင့်သားပေါက်ကို တွဲကာတွေ့ရတတ်သည်။

ထိုအကောင်ကလေး သားခွဲချိန် (ဆတ်သားမြောက်ချိန်) တွင် မိခင်ဖြစ်သူက သားငယ်ကိုခွဲထွက်ကာ တစ်ကောင်တည်း ထွက်သွားကြခြင်း အလေ့ရှိ၏။

ထိုအသံတို့ကို ခုန ချောင်းမကြီးဘက်မှ ကြားလိုက်ရပြီး အမှောင်ထုကား ဂနိုင်ကြီးတစ်ခုလုံးကို ကြီးစိုးမင်းမူထားခြင်း ခံနေရသည်။ ကောင်းကင်ထက်ဝယ် ကြယ်တာရာအစက်ကလေးတို့မှလွဲပြီး ယမဝစခန်းနှင့် ဝန်းကျင်တို့တွင် အလင်းရောင်အား သိပ်မရှိ။

စခန်းချထားသည်ဆိုသော်ငြား တစ်ဖက်ရပ် တဲကလေးသုံးလုံးကို ယာယီဆောက်လုပ်ထားခြင်းဖြစ်သည်။ ပုံသေ လူမနေ။ တောင်ခြေအောက်အရပ်များမှ တောကြီးအတွင်းဆီသို့ ဝင်ရောက်လာပြီး သစ်၊ ဝါး၊ လံထင်းနှင့် မီးသွေးဖုတ်ကြသူများ ခေတ္တအမောဖြေနားခိုရင်း ထမင်းစားသောက်ကြသော နေရာကလေးတစ်ခုသာ ဖြစ်ပေသည်။

ညအိပ်စခန်းချပါက ထိုတဲလေးများ၏ ရှေ့မျက်နှာစာတွင် မီးပုံကြီးဖိုကာ ဝါးစိမ်းများကို တစ်ဆစ်ပြီးတစ်ဆစ်ဖြတ်၍ မပြတ်တမ်း မီးဖိုကြီးအတွင်းသို့ ထည့်ထားကြရသဖြင့် ဝါးဆစ်များ တဖောင်းဖောင်းပေါက်ကွဲသံတို့ကို အဆက်မပြတ် ကြားနေရလေ့ရှိသည်။

တကယ်တော့လည်း ယမဝတွင် ညစဉ် သည်လိုအသံမျိုးက မဆန်းတော့ချေ။ အဘယ့်ကြောင့်ဆိုသော် ထိုစခန်းအနီးဝန်းကျင်၌ တောဆင်ရိုင်းအုပ်များ ဝါးရုံပင်အုပ်ကြီးအတွင်း စားကျက်ချကာ စားသောက်လေ့ရှိခြင်းကြောင့်ပင်။

သည်အချိန်တွင် အာလူးဆိုသည့်သူသည် ဦးသိန်းလွင်အား မိမိသိလိုသည်ကို လှမ်းမေးလိုက်၏။





"ဒါနဲ့ . . . အစ်ကိုကြီးသိန်းလွင်၊ ကျွန်တော်တို့ သိထားကြတာက ကချင်ပြည်နယ် လီဒိုလမ်းမကြီးဆောက်ခဲ့စဉ်က မဟာမိတ်တပ်တွေ သေယာဉ်နဲ့ ပုံးကြဲချခဲ့စဉ်တုန်းက မြွေနဂါးကြီးနှစ်ကောင်ရှိတယ်လို့ သိရတယ်။ တစ်ကောင်သေသွားပြီး နောက်တစ်ကောင်က လွတ်သွားတယ်လို့ ကြားမိတယ်။ အဲဒီကိစ္စကို အစ်ကိုကြီးသိန်းလွင် သိသလားဗျ။ ပြီးတော့ ဒီထဲက ဖတ်ဖူးမှတ်ဖူးထားတဲ့သူရှိရင်လည်း ဗဟုသုတအဖြစ် ပြောပြပါလားဗျ"

သူသိလိုသည့်အချက်ကို မေးလိုက်ခြင်းဖြစ်သည်။ သို့သော် ဦးသိန်းလွင်ထံမှလည်း ဘာသံမျှ ထွက်မလာ။ ကျွန်တော်ကလည်း မသိသဖြင့် မပြောပြနိုင်။ ကျန်အဖွဲ့သားများ၏ မျက်နှာတို့ကို လိုက်လံကြည့်လိုက်တော့လည်း နှုတ်ဆိတ်နေကြ၏။ ကျွန်တော်တို့အဖြစ်ကို ကြည့်ကာ နှုတ်မဆိတ်နိုင်သူကား ကုလားကြီးသန်းညွန့်ပင်။ သူက နှံ့နှံ့စပ်စပ် ရှာဖွေစုဆောင်းထားတတ်သူတစ်ဦးပင်။

"အေး . . . မင်းမေးတာကို ဘယ်သူမှ မဖြေနိုင်ကြဘူးဆိုရင် ငါသိထားသလောက်၊ ငါမှတ်မိသလောက်ကို ပြောပြမယ်။ ငါလည်း စာအုပ်တစ်အုပ်ထဲမှာ ရေးထားတာကို ဖတ်ပြီး မှတ်ထားလိုက်မိလို့ပဲကွ။ ငါဖတ်ထားတဲ့ စာအုပ်က အိမ်မှာဆိုတော့ အခုသိသလောက်ကိုပဲ ပြောမယ်ကွာ"

"အေးပါကွာ . . . မင်းသိသလောက် ပြောပေါ့။ ဗဟုသုတအဖြစ်အားလုံးသိရတာပေါ့"

ကျွန်တော် စကားဝင်ထောက်ပေးလိုက်ပြီး အတန်ကြာမှ ကုလားကြီးသန်းညွန့်က အောက်ပါအတိုင်း ပြောပြတော့သည်။

"ဒီလိုကွ . . . သူက ဝန်ထမ်းတစ်ယောက်ဖြစ်တယ်။ သူ တာဝန်နဲ့သွားရင်းက သူ့အတွေ့အကြုံကို ပြောပြတာ။ သူက စစ်ကိုင်း၊ နန်ယွန်းမြို့နယ်အတွင်း ရှင်ဗွေရမ်ကိုရောက်ခဲ့ပြီး အဲဒီက စစ်ကိုင်းတိုင်းအစပ်မှာရှိတဲ့ ရှမ်း၊ ကချင်၊ ဗမာ၊ တရုတ်နဲ့ နာဂတွေ စုပေါင်းနေထိုင်ကြတဲ့ ထရုံမြစ်ကိုဖြတ်ကူးပြီး ရွှေရှာသူတွေဆီကို ရောက်သွားတယ်တဲ့ကွာ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကနေတစ်ဆင့် သူက မြစ်ကြီးနားဘက် နမ်ယမ်ကို ဆင်နဲ့ လီဗိုလမ်းဘက်ကို သွားတတ်ကြတယ်တဲ့။ အဲဒီမှာ သူရောက်တုန်း ထရုံ တံတားစောင့်ကြီး ပြောပြချက်ကို မှီးပြီး သူပြောတဲ့အတိုင်း ငါပြန်ပြောမှာ ဖြစ်တယ်။

သူ အဲဒီကိုရောက်တော့မှ ထရုံမြစ်ကူးတံတားစောင့်ကြီး ဦးရဝ်ပြောပြချက်အရ သိလိုက်ရလို့ အများပြည်သူတွေ သိရအောင် ရေးသားတင်ပြလိုက်တယ်လို့ စာထဲမှာ ဆိုထားတယ်ကွ။ သူရေးထားတာက အဲဒီမှာ မြွေကြီးတစ်ကောင် ဒုက္ခပေးလို့ မဟာမိတ်တပ်က လေယာဉ်နဲ့ ဗုံးကြဲသတ်ဖြတ်လိုက်ရတဲ့အချိန်က တစ်ကောင်ပဲသေပြီး အသက်မသေဘဲ လွတ်မြောက်သွားတဲ့ မြွေနဂါးကြီးတစ်ကောင်ဟာ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးတဲ့နောက် ၁၉၅၀ ခုနှစ်လောက်မှာ ပြန်လည်ထွက်ပေါ်လာပြီး လှုပ်ရှားတာကို မျက်မြင်သက်သေ တွေ့ကြုံလိုက်ရသူတစ်ယောက် ပြောပြတာကို ပြန်ရေးထားတာ။

မြန်မာနိုင်ငံအစိုးရက အများပြည်သူသွားလာရေးအတွက် လမ်းပန်းဆက်သွယ်မှု အဆင်ပြေစေဖို့ အဲဒီမြွေနဂါးကြီးနှစ်ကောင်ရဲ့ ပယောဂကြောင့် ပျက်စီးသွားခဲ့တဲ့ ထရုံမြစ်ကူးတံတားကို အသစ်ပြန်လည်တည်ဆောက်လိုက်တယ်။

''ဒါပေမဲ့ အဲဒီတံတားလည်း ရေရှည်မခံဘူးတဲ့လေ။ ဘာကြောင့်လဲဆိုတော့ ဗုံးကြဲလိုက်ချိန်က အသက်မသေဘဲကျန်ခဲ့တဲ့ မြွေနဂါးကြီးတစ်ကောင်ရဲ့ ထပ်မံလှုပ်ရှားလိုက်မှုကြောင့် ပျက်စီးသွားပြန်တယ်လို့ ဆိုတယ်''

''ဟုတ်လား ... ကျွန်တော်တို့ကို ရှင်းပြပါဦး''

ကျွန်တော်က စိတ်ဝင်တစား စကားဝင်ထောက်ပေးလိုက်ခြင်း ဖြစ်သည်။

''ဒီလိုတဲ့ကွ ... အဲဒီတံတားကို စောင့်နေတဲ့သူက အဲဒီညမှာ တာဝန်နဲ့ တံတားကို စောင့်နေတဲ့အချိန်မှာ ကြီးမားတဲ့ရေလှိုင်းသံကြီးတွေ





နဲ့ ရွေ့လျားကူးခတ်ပြီး ထရုံမြစ်ကူးတံတားပေါ် ကျော်ဖြတ်နေတဲ့ ရောမမြွေကြီးတစ်ကောင်ကို တွေ့လိုက်ရတယ်တဲ့။ ရောမမြွေကြီးရဲ့ အလေးချိန်မမျှတဲ့ ဝန်အားဒဏ်ကြောင့် တံတားကြီးဟာ အပိုင်းပိုင်း ကျိုးကျပျက်စီးသွားတာကို သူကိုယ်တိုင် မြင်လိုက်ရကြောင်း ပြောပြတယ်။ တံတားကြီး ကျိုးကျပျက်စီးသွားတော့မှပဲ အဲဒီမြွေကြီးက ချင်းတွင်းမြစ်အတွင်းထဲကို ရွေ့လျားပြီးဆင်းပျောက်ကွယ်သွားတယ်လို့ သူက ဆိုခဲ့တယ်''

''ဟုတ်လား ... ဒါဆိုရင် ဒီမြွေကြီး ချင်းတွင်းမြစ်ထဲမှာ ဒါမှမဟုတ် အဲဒီမြစ်ဝန်းကျင်တစ်ဝိုက်မှာ ရှိချင်ရှိနေမှာပေါ့နော်''

ယဉ်ကြိုင်၏အမေးကို ကုလားကြီးသန်းညွှန့်က ...

''အဲဒါတော့ မသိဘူးကွာ။ အဲဒီမြွေကြီး ချင်းတွင်းမြစ်ထဲကို ကူးသွားရင်း ပျောက်နေတာ ဒီနေ့အထိတိုင်ပဲလို့ ဆိုထားတယ်ကွာ။ မင်း အသေးစိတ်သိချင်ရင်တော့ အဲဒီစာအုပ် ငါ့အိမ်မှာရှိတယ်။ မင်း ဖတ်ကြည့်ပေါ့။ ငါသိသလောက်တော့ ဒါပဲကွ''

ကုလားကြီးသန်းညွှန့်တစ်ယောက် ပြောပြသည့်စကားကြောင့် ကျွန်တော်တို့ပင် တအံ့တသြဖြစ်သွားမိသည်က အမှန်။ မယုံကြည်၍ကလည်း မရ။ သူ့တွင် အထောက်အထားအဖြစ် စာအုပ်သက်သေရှိနေသည်ဟု ဆိုခဲ့၏။

ယခု ထိုကဲ့သို့ ရှာရှာဖွေဖွေ အကြောင်းအရာ အဖြစ်အပျက်လေးများကို သူသည် ရှာဖွေစုဆောင်းတတ်သူတစ်ယောက် မဟုတ်ပါလား။

ဤသို့ဖြင့် ညအမှောင်ထုအောက် ရိုးမကြီးရင်ခွင်အတွင်း မီးဖိုကြီးကို ဝိုင်းပတ်ကာ ကျွန်တော်တို့အဖွဲ့ ရောက်တတ်ရာရာစကားများကို ပြောဆိုနေကြဆဲပင် ရှိချေ၏။

အမှန်တော့ ကျွန်တော်တို့အဖွဲ့ သည်တောကို လာခဲ့ကြသည့် အဓိကရည်ရွယ်ချက်က ပြောင်အုပ်များကျနေသဖြင့် ပြောင်များကို ပစ်ခတ်ကြဖို့ပင်။ ထိုရည်ရွယ်ချက်အတိုင်း ပြောင်အုပ်နောက်ဆီသို့ ခြေရာကောက်ကာ လိုက်ကြပြန်သော်လည်း နောက်ဆုံးမှပင် ပြောင်ကြီးတစ်ကောင်ကို စနည်း



www.burmeseclassic.com

www.burmeseclassic.com



သိမ်း ပစ်ခတ်ရရှိလိုက်သည့်အချိန်တွင် နေအတော်စောင်းနေ၍ မိုးချုပ်စ ပြုနေချိန်လည်း ဖြစ်၏။

ကျွန်တော်တို့အဖွဲ့ စခန်းချရာဆီသို့လည်း မပြန်နိုင်ကြ။ ပြောင်သေ ကြီးကိုလည်း သယ်ဆောင်၍မဖြစ်။

သို့သော် ပြောင်သေကြီးကို အချိန်မီ အရည်ချ၊ အသားတွေကို ဖျက်ယူရန်ကလည်း အချိန်မရကြတော့သဖြင့် သစ်ပင်ကြီးတစ်ပင်ထက်တွင် ယာယီလင့်စင်ဆောက်လုပ်ကာ နားခိုနေလိုက်ကြတော့၏။

မိုးစင်စင်လင်းတော့မှ အသားကိုဖျက်ပြီး ခြင်းတောင်းကြီးများ ရက် လုပ်၍ ထမ်းပိုးသယ်ဆောင်လာခဲ့ကြသဖြင့် မိုးချုပ်မှပင် စခန်းချရာဆီသို့ ဝင်ရောက်နိုင်ခဲ့ကြလေသည်။

သို့သော် အားလုံး ပင်ပန်းလွန်းကြသဖြင့် မေးစက်အနားယူလိုက်ကြ သော်လည်း တောကြီး၏အနေအထား၊ ဝန်းကျင်အခြေအနေကို သိပ်စိတ် မချရသည့်အတွက် မအိပ်စက်ကြဘဲ စကားပြောဆိုနေကြခြင်းဖြစ်၏။

ကျွန်တော်က စွယ်စုံတောဆင်ရိုင်းကြီး စွယ်နီအကြောင်းကို သတ် တရရှိပြီး တွေးနေသလို အဘကောင်းပြောခဲ့သည့် စကားတို့ကိုလည်း ပြန် လည်ကြားယောင်နေမိတော့၏။

''ငါတို့တစ်တွေကို မိတ်ဆွေအဖြစ် သူ လက်ခံလိုက်ပြီလေကွာ ဘိုလေးက သူ့ကိုမသိပေမယ့် သူက မိတ်ဆွေဖြစ်ကြောင်း လုပ်ရပ်နဲ့ သက် သေပြသွားတာ''

အမှန်တော့လည်း အဘကောင်းပြောသလို ထိုအဖြစ်အပျက်မ ဖြစ်နိုင်သောကိစ္စဟု ထင်မှတ်တွက်ဆမထားကြဘဲ အမှတ်မထင် တော ဆင်ရိုင်းကြီးတစ်ကောင်၏အသက်ကို မသေစေရန်အတွက် တတ်နိုင်သမျှ အကူအညီပေးလိုက်မှု၏ ရလဒ်များပင် မဟုတ်ပါလား။ ထို့ကြောင့် ပြန် ပြောင်းတွေးတောမိလိုက်ပြန်၏။

✿ ✿ ✿

|၅|

❑

သည်တောကို ရောက်ရှိခဲ့ကြပြီး သည်စခန်း၌ပင် ကျွန်တော်တို့ အဖွဲ့သည် ရွာခံမုဆိုးများနှင့် ပြောင်အုပ်နောက်ကို ခြေရာကောက်လိုက်လံ ပစ်ခတ်ကြရန်အတွက် တိုင်ပင်နေကြစဉ်ဖြစ်သည်။

''ကျည် . . . ကျည် . . . ကြောင်း . . .''

နက်ကျောကျယ်လောင်စွာနှင့် ချောင်းမကြီးဆီမှ တောဆင်ရိုင်း ကြီးတစ်ကောင်၏ စူးစူးဝါးဝါး အော်ဟစ်နေသံကြီးကို ကျွန်တော်တို့အဖွဲ့ ကြားခဏ ကြားလိုက်ရခြင်းဖြစ်သည်။

''တောဆင်ရိုင်းအုပ်ထဲမှာ ဒီတစ်ကောင်တည်းအသံက အော်လှ ချည်လား။ ဆင်တွေ ဘာဖြစ်နေကြတာလဲမသိဘူး''

ရွာခံမုဆိုး လှမြင့်က ပြောလာခြင်းဖြစ်သည်။ ထိုအခါ အာလူးဆို သည့်လူက . . .

''အေး . . . ဟုတ်တယ်ကွ။ ထူးထူးခြားခြား တစ်ကောင်တည်း အော်နေတယ်။ မဟုတ်မှလွဲရော၊ ရိုးကျားကြီးနဲ့ တွေ့နေလို့၊ ဒါမှမဟုတ် တောခွေးအုပ်နဲ့ တိုးနေပြီး ကြောက်ကြောက်နဲ့ ကျုံးအော်နေတဲ့ အသံမျိုး ကွ''



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျွန်တော်ကလည်း သတိပြုမိလိုက်ရင်း ...

"အေး ... ဟုတ်တယ်ဗျ။ ဝမ်းခေါင်းသံကြီးနဲ့ ညှစ်အော်နေတာ။ တစ်ခုခု အန္တရာယ်ကြုံနေလို့ အကူအညီတောင်းနေတဲ့ အသံမျိုးနဲ့တူတယ်"

ဟု ထပ်ဆင့်မှတ်ချက်ချလိုက်သဖြင့် အဘကောင်းကလည်း မေးလာ၏။

"နေပါဦး ... လှမြင့်ရဲ့၊ ဒီတောဆင်ရိုင်းအုပ်ကြီးက ဒီဘက်ကြောကို ကျော်ပြီး ဝင်မလာကြဘူးလား"

"မဝင်နိုင်ဘူးခင်ဗျ။ သူတို့ ချောင်းမကြီးရဲ့ဟိုဘက်ကမ်း ဝါးတောအတွင်းမှာပဲ ကျက်စားကြတယ်။ ဒီဘက်ကမ်းကို လာချင်ရင် ဟိုမဟုရာဘက်က ဝင်လာမှရမယ်။ ချောင်းထဲကို ဆင်းပြီးဖြတ်ဖို့ကလည်း ကမ်းပါးယံကြီးကနေ အောက်ကိုဆင်းလို့ ရဦးတော့။ ချောင်းကိုဖြတ်ပြီးရင် နွံနစ် ကြမှာသေချာတယ်။ ဒါကြောင့် သူတို့ ဒီဘက်ကို မဖြတ်ဘူးဗျ။ သိပ်ပါးနပ်ကြတဲ့ အကောင်မျိုးတွေ"

"ဝူး ... ဝူး ... ဝူး ..."

ကျွန်တော်တို့ ပြောဆိုနေကြစဉ် တောဆင်ရိုင်းကောင်ကြီးများ၏ အော်ဟစ်လိုက်ကြသံတို့ကို ထပ်မံ၍ ကြားလိုက်ရပြန်၏။ ယခုကြားလိုက်ရသည့်အသံကား စောစောက အာလူးပြောသလို တစ်ကောင်တည်းအသံမျိုး မဟုတ်။ စုပေါင်းအော်ဟစ်နေကြသည့် အသံမျိုးဖြစ်သည်။

ထို့ကြောင့် ကျွန်တော်က စိုးရိမ်တကြီးအမူအရာနှင့် ...

"အေးဗျ ... ကိုလှမြင့်ရဲ့၊ ချောင်းဘက်ဆီကို သွားကြည့်လိုက်ကြဖို့ ကောင်းတယ်။ ဒီအော်သံမျိုးက ရိုးရိုးမဟုတ်ဘူးဗျ။ တစ်ခုခုတော့ တစ်ခုခုပဲ။ ဘယ်လိုဖြစ်နေကြသလဲမသိဘူး"

ကျွန်တော် ပြောလိုက်သည့်စကားကြောင့် ကိုလှမြင့်က မောင်ယဉ်ကြိုင်အား ...

"ယဉ်ကြိုင် ... မင်းသွားပြီး အခြေအနေ ကြည့်လိုက်စမ်းပါဦးကွ။ ဘာများ ထူးခြားနေမလဲလို့"





ကိုလှမြင့်စကားအဆုံး မောင်ယဉ်ကြိုင်က သေနတ်တစ်လက်ကို ကျည်ထိုး၊ မောင်းတင်ကာ ဓာတ်မီးကို ကိုင်ဆောင်လျက် ချောင်းမကြီးဘက် တောဆင်ရိုင်းတို့၏အခြေအနေကို လေ့လာအကဲခတ်ရန် ထွက်ခွာသွားလေသည်။ အတန်ကြာကြာပင် တောဆင်ရိုင်းတို့၏ အော်ဟစ်သံကြီးများကို ဆင့်ကဲဆင့်ကဲ ထပ်မံကြားလိုက်ရပြန်ပြီး မောင်ယဉ်ကြိုင်ပြန်အလာကို စောင့်မျှော်နေလိုက်ကြပေသည်။

နာရီဝက်ကျော်ကျော်ခန့်အကြာတွင် သေနတ်ကို ပခုံးထက်တွင် ထမ်းကာ မီးထိုးရင်း အပြေးအလွှား ပြန်ရောက်ရှိလာသော မောင်ယဉ်ကြိုင်က ...

"တောဆင်ရိုင်းကြီးတစ်ကောင် ချောက်ကမ်းပါးယံက ခြေချော်ပြီး ချောင်းထဲမှာ နွံနစ်နေတယ်ဗျ။ ကြည့်ရတာ သေဖို့ လမ်းများတယ်"

"ဟုတ်လား ... ဘယ်လိုအနေအထားမျိုးလဲ။ ပြောပါဦး"

"အခြေအနေက တောဆင်ရိုင်းကြီးရဲ့ ကိုယ်လုံးကြီး သုံးပုံနှစ်ပုံ နွံထဲမှာ နစ်နေတယ်။ ရှေ့လက်ပြင်နဲ့ ခေါင်းလောက်သာ ကျန်တယ်။ အကြောက်လွန်ပြီး ရုန်းနေရင်တော့ နွံနစ်ပြီး သေမှာပဲဗျ။ ဆက်ရုန်းရင် နစ်သွားမှာ စိုးလို့နဲ့တူတယ်။ ငြိမ်နေပြီး ကျုံးအော် အကူအညီတောင်းနေတဲ့ ပုံစံမျိုးပဲ။ အကူအညီမရရင် သေဖို့များတယ်ဗျ"

"ဟေ ..."

"အင်း ... ဒုက္ခပါပဲ"

"ဘယ်လိုလုပ်ကြမလဲ"

မောင်ယဉ်ကြိုင်ရှင်းပြလာသည့် စကားအဆုံးတွင် အားလုံး တစ်ယောက်တစ်ပေါက် ရေရွတ်၍ အံ့သြသွားကြလေ၏။

ဖြစ်တောင့်ဖြစ်ခဲရှိလှသော အဖြစ်မျိုးပင်။ အဘယ့်ကြောင့်ဆိုသော် ဆင်သွားရာလမ်းနောက်သို့ လျှောက်လှမ်းလိုက်ကြည့်နေရသည့် ကျွန်တော်တို့လို မုဆိုးများအဖို့ ယခုဖြစ်ရပ်ကို ယုံကြည်နိုင်စရာအကြောင်းကိုမရှိ။ တောဆင်ရိုင်းတို့လို အကောင်မျိုးဆိုသည်က ယခုလိုအဖြစ်မျိုး မကြုံရ



www.burmeseclassic.com

www.burmeseclassic.com



အောင်အတွက် လမ်းသွားလျှင်တောင် ခြေလှမ်းကို စမ်းနှင်းပြီးမှ စိတ်ချရသော အဆင့်ကိုရောက်မှ လှမ်းသည့်အကောင်မျိုး။

ယခုမူ ချောက်ကမ်းပါးက ခြေချော်ကာ အောက်ကိုပြုတ်ကျရသည်ဆိုခြင်းက လုံးဝ ယုံကြည်နိုင်စရာအကြောင်းပင် မရှိချေ။

သို့အတွက် နွံထဲတွင်နစ်နေသော တောဆင်ရိုင်းကြီးအတွက် အကူအညီပေး၍ရပါက ပေးကြရန် အဖွဲ့သားအားလုံး ဆန္ဒများ ရှိနေကြပေါ်သည်။

ထို့ကြောင့် အဘကောင်းနှင့် ဦးသိန်းလွင်တို့ နှစ်ယောက်မျက်နှာကိုကြည့်ကာ မေးငေါ့ပြရင်း သူတို့ဆန္ဒကို မေးလိုက်မိ၏။

ထိုအခါ အဘကောင်းက ပျာပျာသလဲနှင့် . . .

"ကဲ . . . လှမြင့်၊ ကိုဦး၊ တင်သိန်း၊ တင်စိုးနဲ့ ယဉ်ကြိုင်တို့က လွှ၊ ပုဆိန်နဲ့ ဓားတွေယူခဲ့ကြ။ ကျန်တဲ့သူတွေက သေနတ်တွေ ကိုင်ခဲ့ကြ၊ ကျည်တွေ အသင့်ထည့်ထား။ သူ့အသက်တစ်ခါကယ်၊ ကိုယ့်အသက်ဆယ်ခါကယ်ပေါ့ကွာ။ အချိန်မီ သွားလိုက်ကြရအောင်။ ဟို . . . ဘက်ထရီနဲ့ထိုးတဲ့ မီးကိုလည်း ယူခဲ့ကြနော်"

အဘကောင်းစကားအဆုံးတွင် ကျွန်တော်တို့အားလုံးပင် နေရာမှ ထရပ်လိုက်ကြပြီး မိမိတို့ယူဆောင်ရမည့် ပစ္စည်းများကို ယူဆောင်ကြလျက် ချောင်းမကြီးဆီသို့ ထွက်ခွာလာခဲ့ကြပေသည်။

လမ်းလျှောက်နေရင်း ကျွန်တော်က အဘကောင်း ယူဆောင်ခိုင်းသည့် လွှ၊ ဓားနှင့် ပုဆိန်တို့ကို ဘာကြောင့် ယူခိုင်းရသလဲဟူ၍ စိတ်တွင်း၌ ပဟေဠိဆန်နေသော်ငြား မမေးသာသဖြင့် မေးမနေတော့ဘဲ စောင့်ကြည့်ရန်သာ ဆုံးဖြတ်လိုက်သည်။

ချောင်းရိုးအကျယ်ကား ပေတစ်ရာ့နှစ်ဆယ်ခန့် ကျယ်သည်။ နှစ်ဖက်စလုံးက ကမ်းပါးကြီးများအသွင် ဖြစ်နေသဖြင့် နက်စောက်စောက် ချောင်းမကြီးကား ရိုးမကြီးကို ဟိုမှာဘက်ခြမ်းနှင့်သည်မှာဘက်ခြမ်း စည်းရိုးခြားထားသည့်နှယ်ပင်။





သို့ဖြင့် ကျွန်တော်တို့အဖွဲ့သားများ မီးတဝင်းဝင်းနှင့် သည်မှာဘက်ကမ်းပါးယံထိပ်ဆီသို့ ရောက်လုတွင် ဟိုမှာဘက်ကမ်းပါးယံထက်ဆီမှ တောဆင်ရိုင်းအုပ်ကြီး၏ ဝိုင်းဝန်းအော်ဟစ်လိုက်သံတို့ကို အတိုင်းသားကြားလိုက်ရသည်။

တဝုန်းဝုန်း တဗျောဗျော တောတိုးပြေးလွှားကြသည့်အသံများ၊ သစ်ကိုင်းကြီးတို့ကို သူတို့၏နှာမောင်းဖြင့် ချိုးဖဲ့သံတို့ပင် ဖြစ်သည်။

ကျွန်တော်တို့လည်း သေနတ်များကို မောင်းတင်လိုက်ကြပြီး မီးကိုပိတ်ကာ လရောင်ကိုခံလျက် တောချုံပုတ်ကြီးများအတွင်း လူစုခွဲ၍ တိုးဝင်လိုက်ကြ၏။ ဟိုမှာဘက်ကမ်းပါးယံထက်ရှိ တောဆင်ရိုင်းအုပ်အခြေအနေကို လရောင်ဖြင့် လှမ်း၍ ကြည့်ရှုအကဲခတ်လိုက်ကြပေသည်။

တွေ့မြင်လိုက်ရသော မြင်ကွင်းကား အံ့သြစရာနှင့် မယုံကြည်နိုင်စရာ ကောင်းလှ၏။

ချောင်းမကြီး၏ ဟိုမှာဘက်ကမ်းပါးယံထက်ဆီတွင် ဆယ့်ကောင်နီးပါးရှိသော တောဆင်ရိုင်းတို့သည် ကမ်းပါးယံအထက်တွင် စီတန်းကာ အုတ်ဝပ်စင်းလျက် အောက်ဘက်တွင် နွံနစ်နေရှာသော တောဆင်ရိုင်းကြီးကို ငုံ့ကြည့်နေကြရင်း သူတို့၏နှာမောင်း၌ တောငှက်ပျောသီးမှည့်အခိုင်များကိုလည်းကောင်း၊ ငှက်ပျောပင်ကြီးများကိုလည်းကောင်း၊ ကြံပင်များကိုလည်းကောင်း၊ အခြားသော စားကောင်းမည့် သစ်သီးနှင့် အညွန့်အရွက်တို့ကို စားသောက်စေနိုင်ရန်အတွက် ဆင်ကြီးအနီးသို့ လှမ်း၍ ပစ်ချပေးနေကြခြင်းဖြစ်၏။ အခြားသော တောဆင်ရိုင်းကြီးတို့ကမူ သူတို့ချိုးဖဲ့ထားကြသော သစ်ကိုင်းကြီးများအား ပစ်ချပေးနေသည့်မြင်ကွင်းမှာ ရင်ဆို့စိတ်မကောင်းစရာအတိပင်။

ထိုမြင်ကွင်းကိုကြည့်ကာ ကျွန်တော် တွက်ဆကြည့်လိုက်မိသည်။ အခြားသောအကောင်တို့သည် တောဆင်ရိုင်းကြီးတစ်ကောင် ကမ်းပါးယံထက်ဆီမှ အောက်ဘက်ကို ထိုးကျသွားသည်အား မူလက သိရှိခဲ့ကြဟန်တော့။



www.burmeseclassic.com

www.burmeseclassic.com



ယခု ထိုဆင်ကြီး အော်ဟစ်အကူအညီတောင်းလိုက်သည့်အသံ ကြောင့် ရောက်ရှိလာကြပြီး သူတို့အပေါင်းအဖော်အား နွံအိုင်ကြီးအတွင်း အသက်မသေစေရေးအတွက် ဝိုင်းဝန်းကယ်တင်နေကြခြင်း ဖြစ်ပေမည်။ ထိုတိရစ္ဆာန်တို့၏ စိတ်ဓာတ်နှင့် အသွင်သဏ္ဍာန်လုပ်ရပ်များကို ကြည့်ရင်း ကျွန်တော်တို့အဖွဲ့ စိတ်မကောင်း။ တအံ့တဩပင် ဖြစ်နေကြပေသည်။

''ကဲ . . . အဘကောင်း၊ အစ်ကိုကြီးနဲ့ ဘိုလေးတို့။ အဖြစ်အပျက်က မြင်တဲ့အတိုင်းပဲ။ ဘာဆက်လုပ်ကြမလဲ''

ပြောလိုက်သူက ရှာခံမုဆိုး ကိုလှမြင့်ဖြစ်သည်။ ကျွန်တော်တို့မည်သို့ ပြန်ပြောရမှန်းမသိ။ အဘကောင်းကိုကြည့်လိုက်တော့ . . .

''ဒီမှာ လှမြင့် . . . ဟိုအပင်ကြီးက ချောင်းထဲကို ယိုင်နေတယ် တွေ့လား''

''ဟုတ်ကဲ့ . . . တွေ့တယ် အဘ''

''အေး . . . အဲဒီအပင်ကြီးကို အရင်းကနေ ဖြတ်ချလိုက်ရင် သူ့နှာမောင်းနဲ့ ပင်စည်လုံးကိုဆွဲပြီး တက်လာနိုင်မယ်ကွ''

''ဟုတ်တယ် . . . အဘ။ ဖြစ်နိုင်တယ်''

''ဖြစ်နိုင်တယ်ဆိုရင် မင်းတို့အဖွဲ့ ပစ္စည်းတွေယူပြီး လုပ်ငန်းကြတော့''

အဘကောင်းနှင့် ကိုလှမြင့်တို့နှစ်ယောက် ညွှန်ပြပြောဆိုနေသဖြင့် ကျွန်တော်တို့ ထိုအပင်ကြီးကို လှမ်းကြည့်လိုက်ကြ၏။ ကျွန်တော်တို့ရှိရာဘက် ကမ်းပါးယံတွင် ချောင်းအတွင်းဆီသို့ စောင်းလျက် ပေါက်နေသော လူနှစ်ဖက်စာခန့်ရှိ ကုက္ကိုပင်ကြီးတစ်ပင်။

သို့ကြောင့် ကျွန်တော်ကလည်း . . .

''ကောင်းတယ် . . . အဘ။ အဲဒီအပင်ကို ချောင်းထဲလှဲချလိုက်ရင် ပင်စည်လုံးကို သူ့နှာမောင်းနဲ့ဆွဲပြီး တက်လာလို့ရတယ်။ ဆာရင် အရွက်ကိုလည်း စားလို့ရတယ်''

ကျွန်တော့်စကားအဆုံးတွင် ကိုလှမြင့်၊ တင်သိန်း၊ ကိုဦး၊ နှင့် ယဉ်ကြိုင်တို့ငါးဦးမှာ လွှ၊ ပုဆိန်နှင့် ဓားများကိုယူလျက် ပုန်





နေကြသည့် တောချုံပုတ်ကြီးအောက်မှ ဘက်ထရီမီးကိုထွန်းကာ ကုက္ကိုပင်ကြီးကို ဖြတ်တောက်ရန် ထွက်ခွာလိုက်ကြပေသည်။

နွံအတွင်း သုံးပုံနှစ်ပုံနီးပါး နစ်ဝင်နေသော တောဆင်ရိုင်းကြီး၏ အသက်ကို ကယ်တင်နိုင်ရေးအတွက် ဟိုမှာဘက်ကမ်းပါးယံထက်မှ သစ်တုံးကြီးများကို ချီးပွဲကာ ချပေးနေကြသော တောဆင်ရိုင်းကြီးများသည် အမှတ်မထင် မီးအလင်းရောင်များနှင့် လူသားငါးဦးကို တွေ့မြင်လိုက်ရသဖြင့် အထိတ်တလန့် ဖြစ်သွားကြသည်။

ပြီးလျှင် ဝိုင်းဝန်းအော်ဟစ်ရင်း သစ်ပိုင်းကျိုးကြီးများနှင့် ခဲလုံးတို့ကို နှာမောင်းနှင့် ကောက်ယူပစ်ပေါက်နေကြတော့၏။

သို့သော် သူတို့ပစ်ပေါက်နေခြင်းကား အရာမရောက်။ အချည်းနှီးပင်။ သည်ဘက်ကမ်းဆီသို့ ရောက်မလာနိုင်ခြင်းကြောင့်ဖြစ်သည်။

ကိုလှမြင့်နှင့် တင်သိန်းတို့က အပင်ခြေရင်းမှ လွှနှင့်တိုက်ဖြတ်နေသလို တင်စိုး၊ ယဉ်ကြိုင်နှင့် ကိုဦးတို့သုံးယောက်ကမူ ပုဆိန်၊ ဓားများနှင့် ဝိုင်းဝန်းပံ့ပိုးပေးခြင်းကြောင့် ခရီးရောက်သလို ရှိပေသည်။

သို့ဖြင့် တောဆင်ရိုင်းအုပ်ကြီးသည် တစ်ဖက်ကမ်းဆီမှ ရုန်းရင်းဆန်ခတ်ဖြစ်နေကြရင်း အတန်ကြာမှ လူသားများသည် သူတို့ထင်မှတ်ထားသလို အန္တရာယ်ပေးကြမည့်သူများမဟုတ်ဘဲ သူတို့အပေါင်းအဖော်တစ်ကောင် ဒုက္ခတွေ့နေရသည်ကို ဝိုင်းဝန်း၍ တစ်ဖက်တစ်လမ်းမှ ကူညီနေကြသူများအဖြစ် အထင်ရှိသွားကြပြီး လူပ်ရှားမှုတို့ အတန်ငယ် ငြိမ်သက်သွားကြသော်လည်း အချို့အကောင်တို့က ခဲများနှင့် လှမ်းပစ်ခတ်နေကြသေးသည်။

ထိုစဉ်မှာပင် . . .

''ကျည် . . . ကျည် . . . ကြောင်း . . .''

တောဆင်ရိုင်းအုပ်ကြီး၏ နောက်ကျောဘက်ဆီမှ တောဆင်ရိုင်းကြီးတစ်ကောင်၏ အော်ဟစ်လိုက်သံမှာ တော်လဲလိုက်သည့်အသံနှယ် ကျွန်တော်တို့ ကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအသံကြီးကို ကြားလိုက်ရပြီးနောက် သစ်လုံး သစ်ကိုင်းနှင့် ခဲလုံးကြီး (ကျောက်တုံး) တို့ကို သယ်ဆောင်လာကြသော တောဆင်ရိုင်းအုပ်သည် ကျွန်တော်တို့ရှိရာ ဘက်ကမ်းဆီသို့ မပစ်ပေါက်ကြတော့ဘဲ မြေပြင်တွင် ချထားလိုက်ကြတော့၏။

ထို့အတူ ထိုဆင်ရိုင်းကြီးကို လမ်းရှင်းပေးလိုက်ကြစဉ် စွယ်စုံဆင်ကြီးက တန့်နှဲ့နှဲ့နှင့် ကမ်းပါးယံအစပ်ဆီသို့ လျှောက်လှမ်းကာ ရပ်တန့်လိုက်သည့်အချိန် . . .

စောစောက ကျွန်တော်တို့အဖွဲ့အား ရန်လုပ်ကာ ပစ်ပေါက်နေကြသော တောဆင်ရိုင်းအုပ်တို့မှာ သူ၏နောက်ကျောဆီမှ ဝိုင်းပတ်ကာ 'ပစောက်' ပုံသဏ္ဌာန် နေရာယူလိုက်ကြသည်။

ထိုအချိန် ကျွန်တော်တို့ မီးရောင်များနှင့် ချုံတောကြီးအတွင်းမှ တိုးထွက်ကြကာ သူတို့မြင်စေရန် ကျွန်တော်တို့အဖွဲ့သားများကို လူလုံးပြလိုက်ကြပေသည်။

တောဆင်ရိုင်းအုပ်ကြီးသည် သူတို့ စောစောက မြင်တွေ့လိုက်ကြရသည့် လူငါးဦးတို့ကဲ့သို့ သူတို့ရောက်ရှိခံစားနေရသောဒုက္ခနှင့် တွေ့ကြုံနေရသည့် အခက်အခဲကို ဝိုင်းဝန်းကာ အကူအညီပေးကြသော လူသားများဖြစ်သည်ဟု အထင်ရှိသွားကြတော့၏။

ထို့ကြောင့် တောဆင်ရိုင်းအုပ်ကြီး၏ ရန်မူခြင်းကို ဆက်လက်မခံရတော့သလို လွှနှင့်တိုက်ဖြတ်နေသော ကုက္ကိုပင်ကြီးမှာ တဖျစ်ဖျစ် အသံကြီးမြည်လျက် ချောင်းအတွင်း တောဆင်ရိုင်းကြီး နွံနစ်နေရာဘက်ဆီသို့ တဖြည်းဖြည်းကိုင်းကာ ပြိုလဲကျသွားပေတော့သည်။

"ကျည် . . . ကျည် . . . ဖြောင်း . . . ဖြောင်း . . ."

အောက်လက်ငယ်သား အပြည့်အစုံ၏ရှေ့တွင် စွယ်စုံတောဆင်ရိုင်းကြီးတစ်ကောင် သိက္ခာအပြည့်ဖြင့် ဗိုလ်ဝင်ခံနေရင်းက ကျွန်တော်တို့ကို လှမ်းကြည့်ပြီး အော်မြည်ဟစ်ကြွေးပြနေ၏။ အဘကော ကိုဦး၊ တင်ဦး လှမ်းထိုးကာ ပြလိုက်ရင်း ကျွန်တော့်ကို ပြောလိုက်သည့်ပျက် ပုန်းခိုကြည့်





"ဘိုလေး . . . ဟိုမှာတွေ့လား။ စွယ်နီက ငါတို့ကို ဟစ်အော်အသံပေးပြီး ကျေးဇူးတင်ကြောင်း ပြောနေတာကွ . . . တွေ့လား"

အဘကောင်းပြောလိုက်သလို ချောင်း၏ဟိုမှာဘက် ကမ်းပါးယံထက်တွင် တောဆင်တို့၏ရှေ့မှ အခြားသော တောဆင်ရိုင်းတို့ထက် ပိုမိုကြီးမားတုတ်ခိုင်သန်စွမ်း၍ အစွယ်က နီကြန်ကြန်နှင့် ကွေ့ဝိုက်နေသော စွယ်စုံတောဆင်ရိုင်းကြီးတစ်ကောင်။

သူ၏ အစွယ်ရှည်ရှည်ကြီး နှစ်ချောင်းကြားမှ တုတ်ခိုင်သော နှာမောင်းကြီးကို ဦးကင်းထက်ဆီတွင်ကပ်လျက် အလွန်အမင်းကျေးဇူးတင်ပါကြောင်းဆိုသည့် အပြုအမူမျိုးနှင့် နှုတ်ဆက်နေခြင်းကို မီးအလင်းတန်းနှင့်အတူ တွေ့မြင်လိုက်ရပေတော့သည်။

လူတွေကို စိတ်နာပြီး တွေ့မြင်သမျှ လူနှင့်တရိစ္ဆာန်တို့ကို မည်းမည်းမြင်လျှင် လိုက်လံနင်းခြေသတ်ဖြတ်နေသော တောဆင်ရိုင်းစွယ်စုံကြီးတစ်ကောင်သည် ကျွန်တော်တို့အဖွဲ့သားများနှင့် အမှတ်မထင်သည့်ဖြစ်ရပ်မျိုး ကြုံတွေ့လိုက်ကြရသည့်အခါ မှန်ကန်သည်ဟူ၍ ပြော၍မရသည့် အဖြစ်မျိုးပင်။

သို့အတွက် မြတ်ဗုဒ္ဓဆုံးမစကားအရ . . .

'ကတညုတ ကတဝေဒီ'

ဤကမ္ဘာသည် တစ်ဦးနှင့်တစ်ဦး ကျေးဇူးခံ၊ ကျေးဇူးစားတို့၏ကမ္ဘာဖြစ်သည်။ ဤကမ္ဘာတွင် နေထိုင်ကြသော သက်ရှိသတ္တဝါတို့သည် တစ်နည်းမဟုတ် တစ်နည်းနည်းနှင့် ကျေးဇူးမကင်းကြသူတွေဖြစ်သည်။

ဤစကြဝဠာကြီး ပေါ်ပေါက်လာစဉ်ကပင် အချိန်နှင့် ဥတုရာသီတို့၏ ကျေးဇူးကား မကင်းခဲ့ကြပေ။ ယင်းကြောင့် ကမ္ဘာကြီးကို ကျေးဇူးကမ္ဘာကြီးဟု ကမ္ပည်းတင်ခဲ့ကြပေသည်။ ယုတ်စွအဆုံး လူသားများတို့နှင့် အဟိတ်တိရစ္ဆာန်တို့သည်ပင် ကျေးဇူးမကင်းကြပေဆိုသောအချက်သည် ယခု ကျွန်တော်တို့အဖွဲ့ ဖြစ်ပျက်ခဲ့ကြသည့် အဖြစ်အပျက်တစ်ခုက သက်သေခံနေသည်မဟုတ်ပါလား။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၆ ]

❑

အထက်ပါ စွယ်စုံဆင်ကြီးနှင့် ကျွန်တော်တို့ ပတ်သက်ဆက်နွှယ်ခဲ့ကြသော အဖြစ်အပျက်တစ်ခုကို ပြန်လည်စဉ်းစားတွေးတောရင်း ယခုထိုဆင်ကြီးကား ကျေးဇူးတရားအပေါ် တန်ဖိုးထား၍ ကျွန်တော့်အားတွေ့မြင်သော်လည်း အန္တရာယ်မပြုကြောင်း၊ လူသားနှင့်တိရစ္ဆာန် တို့လည်း မေတ္တာမျိုးနှင့် ရှိနေကြောင်းဆိုသည့် အဖြစ်အပျက်တို့အား အဆွေစာဖတ်သူများ မျှဝေခံစားနိုင်ကြစေရန် ဤကိုယ်တွေ့ဝတ္ထုကို ရေးသားလိုက်ရပေတော့သည်။

(စာကြွင်း။ ။ အထက်ပါအဖြစ်အပျက်များဖြစ်ပွားပြီး ၁၉၉၇ ခုနှစ်လောက်က အမှတ်တရရှိသည်နှင့် ထိုနေရာဆီသို့ ကျွန်တော်ရောက်ရှိ သွားသောအခါ စွယ်နီ့အကြောင်းကို ရွာခံမုဆိုးတို့အား မေးကြည့်ရာ လူတွေကိုစိတ်နာပြီး နင်းခြေသတ်ဖြတ်ကာ ရွာတွေကိုလည်း ဖျက်ဆီးသဖြင့် တာဝန်ရှိသူများက အဆင့်ဆင့်သော လမ်းညွှန်မှုကို ခံယူကာ ပစ်ခတ်သတ်ဖြတ်လိုက်ရကြောင်းကို ဝမ်းနည်းကြေကွဲစွာ ကြားသိလိုက်ရသည့်အတွက် အမျှပေးဝေကာ မေတ္တာပို့လိုက်ရုံမှတစ်ပါး အခြား မတတ်နိုင်တော့ပြီ မဟုတ်ပါလား။)

လေးမောင်



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

## ကောလာဟလနှင့် လူသေအလောင်း

□

ကိုလိုနီခေတ်အဆောက်အဦတွေထဲတွင် ကျွန်တော်တို့မြို့နယ်ဆေးရုံနှင့် ရင်ခွဲရုံသည် ပြုပြင်မှုအားနည်းသည့်အထဲ အမိုး၊ အကာ၊ ပြတင်းတံခါးများပါ နာဂစ်လေမုန်တိုင်းဒဏ်ကြောင့် ပို၍ ပျက်စီးသွားခဲ့သည်။

နာဂစ်ဒဏ်မတိုင်မီကလည်း ဆေးရုံရင်ခွဲရုံမှာ ပြတင်းတံခါးအချို့ ပျက်လျက်ရှိနေခဲ့သည်။ ပင်မဆေးရုံ သန့်ရှင်းရေးလုပ်၊ ပြင်ဆင်နိုင်သည့်အခါ ပြင်ဆင်သော်လည်း ရင်ခွဲရုံကိုမူ သချိုင်းမှ ဇရပ်ပမာ လူသေရှိမှ အသုံးပြုသဖြင့် လူသေမရှိသည့်အခါ၊ လူသေကို ရင်မခွဲကြရသည့်အခါ သတိမရကြသလို သည်အတိုင်း ထားတတ်ကြလေသည်။

ယခင်အခါကပင် ရင်ခွဲရုံအဝင်ဝ တံခါးမကြီးတစ်ပေါက်ပင်ရှိသော်လည်း သော့ပင်မခတ်ထားဘဲ စေ့ရုံစေ့ထားတတ်လေသည်။ လူသေကို ဘယ်သူမှမခိုးဘူးဟူ၍ သဘောထားကြလေသလား မပြောတတ်။

ထိုသို့ ပေါ့ပေါ့တန်တန် ဖြစ်လာကြရာက နာဂစ်မုန်တိုင်းဒဏ်ကြောင့် အမိုး၊ အကာ၊ ပြတင်းတံခါးများအပြင် ဒဆေးရုံလေးဖက်လေးတန် ဆေးရုံဝင်းအုတ်တံတိုင်းများ ပြိုကျပျက်စီးသွားခဲ့ရလေသည်။





အုတ်တံတိုင်းမျက်နှာစာ လေးဖက်လေးတန်ရှိရာတွင် ခရိုင်ခဃက၊ ခရိုင်ဆရာဝန်ကြီးနှင့် မြို့နယ်အလှူရှင်များ၏ လှူဒါန်းမှုကြောင့် ဆေးရုံလမ်း မျက်နှာစာဘက်တွင် သံဆန်ခါနှင့်အုတ်တံတိုင်း ကာရံထားနိုင်ပြီး တစ်ဖက်သာပြီးစီး၍ သုံးဖက်မှာ သည်အတိုင်းကျန်နေပါသေးသည်။ ပြီးစီးခဲ့သော ဆေးရုံလမ်းတစ်ဖက်မှာ လူသွားလူလာဘတ်စ်ကားနှင့် ကားကြီးကားငယ်များ အသွားအလာများသော ဘက်ပင်ဖြစ်သော်လည်း ထိုပြီးစီးသွားသော သံဆန်ခါအုတ်တံတိုင်းနှင့် ကပ်လျက်ရှိသော ရင်ခွဲရုံမှာမူ အလုပ်ဖြစ်ရုံမျှလောက် ပြင်ဆင်ပုံရလေသည်။

သို့အတွက် ယခင်အတိုင်း လုံခြုံမှုပိုင်းတွင် အားနည်းမြဲ အားနည်းနေခဲ့ရလေပြီ။

ဆေးရုံမရှိသေးတဲ့ အရပ်တွေမှာ ဆေးရုံသစ်တွေကို အလှူရှင်တွေက တစ်လုံးပြီးတစ်လုံး ဆောက်နေကြသော်လည်း ရှိနှင့်ပြီး ဆေးရုံကို ပြုပြင်ရေးတွင် အားနည်းနေသည့်သဘော။

ထိုစဉ် ဆေးရုံမှာ ရောဂါတစ်ခုခုနှင့် သေဆုံး၍လည်းကောင်း၊ ဒဏ်ရာအနာတရဖြင့် ထိခိုက်သေဆုံး၍လည်းကောင်း၊ မြို့နယ်ဆေးရုံ၏ ရင်ခွဲရုံသို့ အပို့ခံရသော အလောင်းများမှာ နောက်တစ်နေ့၌ အသားများ အစားခံထားရပြီး ရုပ်ပျက်ဆင်းပျက်ဖြစ်နေရသည်နှင့် ကာယကံရှင်တို့ ကြုံကြရလေသည်။

ပထမတော့ ထိုအဖြစ်မှာ ဖုံးဖုံးဖိဖိ၊ တိုးတိုးတိတ်တိတ်နှင့် သို့လောသို့လောဖြစ်ကာ ငြိမ်သွားလေသည်။

လူသေအလောင်း၏ အသားများ အစားခံထားရသည်မှာလည်း အစတွင် မသိမသာ ဟိုနားနည်းနည်း၊ သည်နားနည်းနည်းနှင့် မသိသာသော်လည်း တစ်စထက်တစ်စ များလာသဖြင့် သိသိသာသာဖြစ်လာတော့သည်။ ထိုမှ လူသေအလောင်းများ အစားခံထားကြရသည်မှာ ရုပ်ပျက်ဆင်းပျက် ဖြစ်လာသည်အထိနှင့် ကြုံကြရတော့သည်။

✿ ✿ ✿

www.burmeseclassic.com

[၂]

## လူတွေပါးစပ်ထဲရောက် လူသားစားသတင်း

❑

အလောင်းများကို အစားခံကြရပြီဆိုတော့ ထိုသတင်းမှာ ပျံ့နှံ့စပြုလာသည်။

"ဆေးရုံရင်ခွဲရုံမှာ သရဲက လူသေအလောင်း စားလို့တဲ့"

ထိုမှ ...

"သရဲက သက်ကြီးသရဲ၊ ဝါရင့်သရဲဆိုတော့ ဘယ်လိုကောင်မျိုးမှ မယှဉ်နိုင်ဘဲ သူကချည်းပဲ စိတ်ကြိုက် စားပစ်တော့တာပဲ"

ထိုသို့ သတင်းပျံ့နှံ့၍ မကြာ ...

"ဆေးရုံရင်ခွဲရုံထဲက သရဲကြီးက လူမည်းကြီး၊ အမွှေးတွေတစ်တောင်လောက်ရှိတယ်"

ဆေးရုံရင်ခွဲရုံမှ လူသားအစားခံရသည့် သတင်းမှာ တဖြည်းဖြည်း အရပ်ထဲမှာ ပြန့်ကား၍ ထွက်နေသလို ရုံး၊ ဈေး၊ ကျောင်း၊ စက်ရုံ အလုပ်ရုံများတိုင် ရောက်သွားပြီး တစ်မြို့လုံးနီးပါး သိရှိကုန်ပြီး တုန်လှုပ်ချောက်ချား သွားကြပြန်တော့သည်။ သရဲလူမည်းကြီး .. သရဲလူမည်းကြီးနှင့် နာမည်ကြီးနေပြန်သည်။





"အဲဒီသရဲလူမည်းကြီးက ရင်ခွဲရုံထဲ လူသေအလောင်း ရောက်ရောက်ချင်း ဝင်စားတာလား"

"မဟုတ်ဘူးဗျ ... ညဥ့်နက်သန်းခေါင်ကျမှ ဝင်စားတာ။ မနက်ကျရင် အလောင်းက ရုပ်ပျက်ဆင်းပျက်ပဲ"

ဆေးရုံရင်ခွဲရုံက လူသားစားသတင်း ပျံ့နှံ့သွားပြီဆိုတော့ လူတွေ၏ တစ်ဆိတ်တစ်အိတ် လုပ်တတ်သောညဥ့်ကြောင့် စကားတွေကားထွက်လာပြန်တော့သည်။

"လူသားစားတဲ့သရဲကို စောင့်ဖမ်းကြတာ မမိဘူး။ ရင်ခွဲရုံအဝင်အထွက်မှာ ဆေးရုံမှာ လူသေအလောင်းကို ရင်ခွဲရတဲ့ မိန်းမကြီးတစ်ယောက်သာရှိလို့ အဲဒီ ရင်ခွဲတဲ့မိန်းမကြီး လူသေကို ရင်ခွဲဖို့ အဝင်အထွက်လုပ်လုပ်နေတာပဲ တွေ့ကြရတယ်။ အဲဒီမိန်းမကြီးက လူသေကို ရင်ခွဲခါနီး အရက်သောက်တတ်တယ်။ အရက်မူးမူးနဲ့ ရင်ခွဲပြီး လူသားစားတာတွေ့လို့ သူ့ကို ဖမ်းလိုက်ပြီ"

စကားတွေကားရာက မဟုတ်မဟပ် လုပ်ဇာတ်တွေပါ ပါလာပြန်တော့သည်။

ထိုမဟုတ်မဟတ် သတင်းသည်လည်း လူတို့၏ ပါးစပ်အင်ဂျင်က ဩဟ်တုဒုံးပျံ အင်ဂျင်ထက်ပင် မြန်သလား အောက်မေ့ရသည်။ ချက်ချင်း တစ်မြို့လုံးကို ပျံ့နှံ့သွားပြန်၏။ လူသားစားတဲ့မိန်းမကြီး ... လူသားစားတဲ့မိန်းမကြီးနှင့် နာမည်ထွက်လာပြန်သည်။

သရဲက လူသားစားသည့် သတင်းက ထိုမျှနှင့်မရပ်။ ထိုရင်ခွဲသည့် မိန်းမကြီးမှာ ရင်ခွဲရုံအတွင်း လူသားတွေစားနေသော ပထမသရဲ လူမည်းကြီးနှင့် လင်မယားတော်စပ်ကြောင်း သတင်းကို ဇာတ်လမ်းဆင်လာကြပြန်သည်။

ထိုသတင်းကို ဇာတ်လမ်းဆင်လာသည့်အခါ အယူသည်းသူတွေ၊ ယခုတလော ဂမ္ဘီရသရဲဇာတ်လမ်းတွေ၊ ဝတ္ထုတွေ၊ ရုပ်ရှင်၊ ဗီဒီယိုတွေ တွင်ကျယ်ခေတ်စားသလို ဖြစ်နေသည့်အချိန်မှာ ဟုတ်တာ၊ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တာ အပထား။ လူတွေက အတင်းပင်ယုံလိုက်ကြသည်။ အမှန်က ထိုဂမ္ဘီရဝတ္ထုများက လူတွေကို စဉ်းစားဆင်ခြင်ရန် သင်ခန်းစာပေးနေခြင်းဖြစ်၏။

တချို့က ဆေးရုံကိုရောက်ဖူးဖို့ မဆိုထားနှင့်။ ရင်ခွဲရုံဘက်သို့ပင် ခြေဦးမသမ်းသူတွေကပင် သူတို့ ရင်ခွဲရုံမှာ တကယ်ပင် ကိုယ်တွေ့ကြုံခဲ့ကြရလေဟန် လျှာအရိုးမရှိ ပြောဆိုနေကြပြန်သည်။

သူတို့ပြောဆိုနေကြပုံမှာ ဂမ္ဘီရဝတ္ထု မရေးတတ်သော သူအချို့ ဂမ္ဘီရလိုင်းထဲ ဝင်လာပြီး ရမ်းရေး၊ ဖြန်းရေး ရေးနေကြပုံမျိုးနှင့် တူနေတော့သည်။

''လူသားစားတဲ့ သရဲလူမည်းကြီးနဲ့ ရင်ခွဲရုံမှာ ရင်ခွဲပြီး လူသားစားတဲ့ ရင်ခွဲတဲ့မိန်းမကြီးဟာ လူသားစားတာချင်း အတူတူဖြစ်နေလို့ ရန်သူတွေ ဖြစ်မသွားကြဘူးလား။ ရန်သူတွေဖြစ်ပြီး အစာလုရင်း မတိုက်ခိုက်ကြဘူးလား''

ထိုအမေးတွေနှင့်အတူ ရက်အနည်းငယ်မှာ ပါးစပ်ဇာတ်လမ်းတစ်မျိုး ပေါ်လာသည်။

''လူသားစား သရဲလူမည်းကြီးနဲ့ ရင်ခွဲတဲ့ လူသားစားမိန်းမကြီးတို့ အစာလုရင်း တိုက်ခိုက်ကြတာ ရင်ခွဲတဲ့မိန်းမကြီး ရှုံးသွားပြီး သရဲလူမည်းကြီးက ကုပ်ချိုးစားပစ်လိုက်ပြီတဲ့။ လူသားစားတဲ့ မိန်းမကြီးတော့ ဝဋ်လည်တာပဲ''

ဒီပါးစပ်သတင်းကလည်း လူတွေကြားထဲ ပျံ့နှံ့သွားပြီး အလကားပဲတင်း တကယ့်ဂမ္ဘီရသတင်း ဖြစ်သွားပြန်သည်။

သို့သော် ထိုရင်ခွဲရုံမှ မိန်းမကြီးကို ကုပ်မကျိုး၊ အသေမဆိုးခဲ့ဘဲ အကောင်းပကတိ မြင်သည့်လူတွေ မြင်ကြရသောအခါ ...

''ရင်ခွဲရုံက လူသားစားတဲ့မိန်းမကြီး ဘယ်မှာသေလို့လဲ''

''သူမသေတာ သူက လူသားစားသရဲလူမည်းကြီးကို နိုင်သွားလို့နေမှာပေါ့''

သရဲကို လူကနိုင်သည့်သတင်း ဖြစ်သွားပြန်သည်။





စဉ်းစားစရာ ...။ တရုတ်သိုင်းဝတ္ထုတွေပင် အရှုံးပေးရလောက်သည်။ တရုတ်သိုင်းဝတ္ထုတွေမှာ မိန်းကလေးသိုင်းမင်းသမီးက ယောကျ်ားရင့်မ သိုင်းသမားလူဆိုးကြီးတွေကို အနိုင်တိုက်ခိုက်နိုင်တာပဲ ရှိသည်။

ယခုတော့ ထိုတရုတ်သိုင်းဝတ္ထုတွေထက် ထူးခြားသွားသည်။

လူမိန်းမစင်စစ်ဖြစ်ပါလျက် လူသားစားသော သရဲလူမည်းကြီးကိုပင် ရင်ခွဲရုံမှ မိန်းမကြီးက အနိုင်တိုက်နိုင်ပေပြီတစ်မှု။

✿ ✿ ✿

[၃]

## ပါးစပ်သတင်း တယ်လီဗေးရှင်းထက်မြန်သည်

❑

လူတွေ၏ ပါးစပ်သတင်းက အဘယ်မျှ မြန်သနည်းဆိုသော် ရက်ပိုင်းအတွင်း ကျွန်တော်တို့မြို့ကိုကျော်ပြီး ရန်ကုန်ဘက်သို့တိုင် ရောက်သွားသည်။

ထိုမှတစ်ဆင့် ကျွန်တော်တို့မြို့မှာနေပြီး ရန်ကုန်မှာ ရုံးတက်နေရာမှ ရုံးများအပြောင်း နေပြည်တော် သွားရောက်တာဝန်ထမ်းဆောင်နေသော တူ လေးတစ်ယောက်ဆီက ဖုန်းဝင်လာသည်။

''ဦး ... သမီးတို့မြို့ဆေးရုံက ရင်ခွဲရုံမှာ လူသားစားတဲ့ လူမည်းသရဲကြီးနဲ့ ရင်ခွဲရုံက လူသားစားတဲ့မိန်းမကြီးဆိုတာ တကယ်ဟုတ်သလားဟင်''



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ... သမီးရယ်။ လူတွေ တစ်ဆင့်စကား တစ်ဆင့်ကားပြီး လိုရာဆွဲပြောကြတဲ့ ကောလာဟလစကားတွေပါ"

"ဦးက စာရေးဆရာပဲ။ ဒါတွေကို တကယ်ဟုတ်၊ မဟုတ် မသိဘူးလား။ ဦးစုံစမ်းပြီး ဝတ္ထုတစ်ပုဒ်ရေးရင် ခုနာမည်ကြီးနေတဲ့ ဂမ္ဘီရစာရေးဆရာကြီး ဖြစ်သွားမှာပေါ့"

"ဦးက စာရေးဆရာဆိုပေမယ့် တစ္ဆေ၊ သရဲ၊ စုန်း၊ နတ်တွေကို မယုံကြည်၊ မထေမဲ့မြင် မလုပ်ဘူး။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ယုံကြည်တယ်။ ပြီးတော့ ဦးတို့ရဲ့ ထေရဝါဒဗုဒ္ဓဘာသာရဲ့ အလိုအားဖြင့် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဆိုတဲ့ အပါယ်လေးဘုံပဲရှိတယ်။ ပြီးတော့ ပြိတ္တာမျိုးနွယ်ဝင် တစ္ဆေသရဲဆိုတာတွေဟာ လူအသားကိုစားဖို့ မဆိုထားနဲ့။ လူတွေထက်နိမ့်လို့ လူတွေကို ရှောင်ကြတယ်။ သူတို့ကို မြင်တယ်၊ ခြောက်လှန့်တယ်ဆိုတာ သူတို့ဟာ လူတွေဆီက သူတို့အတွက် ကျွတ်လွတ်ဖို့ ကုသိုလ်ပြုပေး၊ အမျှအတန်းပေးဝေစေချင်တဲ့ အကူအညီ အားထားပြုချင်ကြလို့ပါ"

"ဦးပြောတာ သဘောပေါက်ပါပြီ။ သမီးတို့ရုံးက အစ်မကြီးကလည်း ဦးပြောသလို ပြောတာပါပဲ။ လူသားစားတဲ့ သရဲတစ္ဆေဆိုတာ မရှိဘူးတဲ့။ အဲဒီပြိတ္တာမျိုးနွယ်ဝင် ဝေမာနိကပြိတ္တာတွေကသာ သူတို့ရဲ့ မလွတ်မကျွတ်တဲ့ဘဝကနေ လွတ်မြောက်အောင် လူတွေဆီက ကုသိုလ်ပြု၊ အမျှအတန်းဝေတာကိုပဲ လိုချင်နေကြတာပါတဲ့"

"အေးကွယ် ... ဒီခေတ်ကြီးမှာ ခေတ်နောက်ပြန်ဆွဲပြီး ဒါတွေကို အယုံအကြည် မရှိပါနဲ့။ အဲဒီသတင်း မဟုတ်ပါဘူးလို့ သမီးကိုမေးလာရင် ပြောလိုက်ပေတော့"

တူမကလေးကို လက်ခံအောင်ရှင်းပြပြီး ဖုန်းချလိုက်ရသည်။

တိုက်တိုက်ဆိုင်ဆိုင် ထိုလူသားစားသတင်း ဂျာနယ်ကြီးတစ်စောင်မှာ ပါသွားပြန်သည်။

ထိုဂျာနယ်ကြီးက ရိုးရိုးသားသား သတင်းကိုသာ တင်ပြထားခြင်းဖြစ်သည်။





သို့သော် ထိုသတင်းက ထိုမျှနှင့်ပင် ရပ်မသွားပြန်။

လက်ဖက်ရည်ဆိုင် ထိုင်မိတော့လည်း ...

"လူသားစား သရဲလူမည်းကြီးနဲ့ ရင်ခွဲတဲ့ လူသားစားမိန်းမကြီးတို့ တိုက်ပွဲဖြစ်တယ်ဆိုတာ အလကားစကားပါ။ လူတွေ အပိုပြောတာပါ"

ထိုစကား ကြားရတော့ ကိုယ့်ဘက်က မယုံကြည်သည့်လူတစ်ယောက် တိုးပြီဟု အားတက်ပြီး နားစွင့်သခိုက် ...

"ရင်ခွဲရုံမှာ လူသားစားနေတဲ့ သရဲလူမည်းကြီးနဲ့ အဲဒီရင်ခွဲရုံက ရင်ခွဲတဲ့ လူသားစားမိန်းမကြီးဟာ လင်မယားဗျ"

ထိုစဉ် တစ်ယောက်က စိတ်ပါဝင်စားလွန်းစွာဖြင့် ကပျာကသီဝင် မေးတော့သည်။

"ဘယ်လို ... ဘယ်လို ... သရဲနဲ့လူနဲ့ လင်မယား ... ဟုတ်လား"

"ဟုတ်တယ် ... လင်မယားမှ တကယ့်လင်မယားအစစ်။ ရေဘောင် မရောဘူး။ အဲဒီလူမည်းသရဲကြီးဟာ မသေခင် လူ့ဘဝတုန်းက အခု ရင်ခွဲတဲ့မိန်းမကြီးနဲ့ လင်မယား။ အဲဒီလူမည်းကြီး သေသွားတော့ ဆေးရုံမှာ ရင်ခွဲမယ့်လူ အလွယ်တကူမရလို့ သူ့ယောကျ်ားနဲ့ ပတ်သက်ပြီး ရင်ခွဲတဲ့ အတွေ့အကြုံရှိနေတဲ့ မိန်းမကြီးကို သူ့ယောကျ်ားနေရာမှာ သနားလို့ အလုပ်ပေးထားရာက ဒီမိန်းမကြီးက ဆေးရုံရင်ခွဲတဲ့အလုပ် ရသွားတာ"

"ဒါဆို သူတို့ချင်း အရင်ကတည်းက လင်မယားတွေဖြစ်ခဲ့ကြလို့ အခုအခါမှာလည်း လူသားစားဖို့ တိုက်ခိုက်မနေတော့ဘဲ ဝေတူမျှတူစားကြတာပေါ့နော်"

ရင်ခွဲရုံ လူသားစားဇာတ်လမ်းက နောက်တစ်နေ့ တစ်မျိုးတစ်ဖုံ ပြောင်းပြီး လူတွေ၏ လုပ်ကြံပါးစပ်ဖျားကနေ မဟုတ်မဟုတ် လွင့်ပျံဦးတော့သည်။

ကမ္ဘာကျော် ရှိတ်စပီးယား၏ ရိုမီယိုဂျူလီယက်ဝတ္ထုထက် ဆန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



သရဲလူမည်းကြီးနှင့် လူသားစားမိန်းမကြီးတို့၏ အချစ် ...။

ထင်သည့်အတိုင်းပင် နောက်နေ့ ထိုရင်ခွဲရုံမှ လူသားစားသည့် ဇာတ်လမ်းက ထင်မှတ်ထားသည့်အတိုင်း လူတွေပါးစပ်မှာ ထိုသို့ပြောင်းသွားသည်။

ဈေးဝယ်ရန် ဈေးသို့အလာ လမ်းမှာတွေ့သော စာရေးလက်စ ညီလေးတစ်သိုက်က မေးသည်။ သူတို့က နိုင်ငံခြားသို့ထွက်၍ အလုပ်လုပ်နေကြသော လူငယ်ကလေးတွေ။ ယခုတော့ ဈေးလက်ဖက်ရည်ဆိုင်မှာ ရောက်ကြသည်။ သူတို့ နိုင်ငံခြားသို့ပြန်သွားပြီး အလုပ်ခွင်ပြန်ဝင်လျှင် နိုင်ငံခြားသို့ပင် ထိုသတင်း ပျံ့သွားနိုင်သည်။

''ဆရာ ... ဆေးရုံကသတင်း မရေးဘူးလား''

''ဆေးရုံမှာ တက်ရောက်ကုသလို့ ဆရာဝန်၊ ဆရာမ၊ ဝန်ထမ်းတွေ ပြုစုစောင့်ရှောက်လို့ လူနာတွေ ပျောက်ကင်းချမ်းသာသွားတဲ့ အကြောင်းလား''

''အဲဒါက သတင်းမှမဟုတ်ဘဲ ... ဆရာရဲ့။ ခုဖြစ်နေတဲ့ သတင်းလေဆရာ။ နောက်ဆုံးပေါ် သတင်း။ ရင်ခွဲရုံမှာ လူသားစားတဲ့သတင်းလေ။ ကျွန်တော်တို့တစ်မြို့လုံး သိနေတာပဲ''

''တစ်မြို့လုံးသာ မကဘူး။ ရန်ကုန်အထိတောင် ရောက်နေပြီ။ မနေ့က ကျွန်တော်ရန်ကုန်သွားတော့ ကျွန်တော့်ကို ကုမ္ပဏီအေးဂျင့်ကလူတွေက ဝိုင်းမေးကြသေးတယ်''

တစ်ယောက်ကပါ ဝင်၍ ပြောပြန်သဖြင့် ..

''ဒါတွေ ပါးစပ်စကားက ဖြစ်လာတဲ့ ကောလာဟလသတင်းတွေပါ။ ယုတ္တိလည်း မတန်ပါဘူး။ ဆေးရုံဝင်းထဲမှာနေကြတဲ့ ဝန်ထမ်းတွေ ဆေးရုံမှာ တာဝန်ထမ်းဆောင်နေကြတဲ့ အရာထမ်းတွေ သေသေချာချာ မသိသေးတဲ့ကိစ္စကိုကျော်ပြီး အဲဒီလူတွေက ဘာဖြစ်လို့ သိနေကြတာလဲ၊ မောင်ရင်တို့လည်း ကမ္ဘာလှည့်နေကြတဲ့ ခေတ်လူငယ်တွေပဲ ဟုတ်၏၊ မဟုတ်၏ တိတိကျကျ စုံစမ်းကြပါဦး''

---

**စိတ်ကူးသစ်စာပေ**



''အင်း ... ဆရာပြောမှ ကျွန်တော်တို့ သတိထားမိတယ်။ အနီးကပ်နေကြတဲ့ ဆေးရုံဝန်ထမ်းတွေ၊ တာဝန်ထမ်းဆောင်တဲ့သူတွေဆီက ဒီသတင်းထွက်လာတာ မဟုတ်ဘဲ ရင်ခွဲရုံက ထွက်လာတဲ့သတင်းပဲ''

''အင်းပေါ့ ... ရင်ခွဲရုံမှာ သေတဲ့လူနာကိုဖြစ်ဖြစ်၊ မတော်တဆ ရဲအမှုအခင်းနဲ့ပတ်သက်တဲ့ သေတဲ့လူကိုဖြစ်ဖြစ် ဆေးရုံရင်ခွဲရုံမှာပဲ ထားကြရတယ်။ မြို့ထဲ၊ ရွာထဲကို ပြန်ယူရိုးထုံးစံမရှိဘူး။ ရင်ခွဲရုံမှာထားရင် ရင်ခွဲရုံ လုံခြုံမှုမရှိလို့ တစ်ကောင်ကောင်ဝင်စားတာ ဖြစ်နိုင်တယ်။ အခုလို ပါးစပ်သတင်းတွေကားနေတော့ သက်ဆိုင်ရာက ဒီအတိုင်းနေမှာ မဟုတ်ပါဘူး။ အမှန်သိရအောင် စုံစမ်းနေပါပြီ။ ကိုယ်က အဲဒီတော့မှ ဒီသတင်းကို အမှန်အတိုင်းရေးမှာပေါ့။ ပါးစပ်ကောလာဟလ သတင်းတွေကို မရေးပါဘူး''

''ဟာ ... အဲဒါ ကောင်းပါတယ်။ ကျွန်တော်တို့လည်း ဒီသတင်း အမှန် နိုင်ငံခြားကို အလုပ်ပြန်ထွက်မလုပ်ခင် သိချင်နေတာပါဆရာ''

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

|၄|

## ရင်ခွဲရုံအမှူ ဘုန်းကြီးပတ်

❑

ဒါတောင် ဈေးထဲရောက်တော့ စာအုပ်အငှားဆိုင် ဖွင့်ထားသော ဘုရင်မစာပေမှ ဦးချစ်က ပြောသေးသည်။ သူပြောမှ ဘုန်းကြီးအမှူရှာပတ် မဟုတ်ဘဲ ရင်ခွဲရုံအမှူ ဘုန်းကြီးပတ် ဖြစ်တော့သည်။

''ဘယ်လိုလဲ ကိုယ့်ဆရာ . . . ကိုယ့်ဆရာက ရင်ခွဲရုံလူသားစား သတင်းက သရဲလူမည်းကြီးစားတာ မဟုတ်နိုင်ပါဘူး၊ ရင်ခွဲရုံက မိန်းမကြီး စားတာ မဟုတ်နိုင်ပါဘူးလို့သာ ပြောနေတယ်။ ကျုပ်တို့မြို့နယ်တစ်ဝှမ်း မှာ ဂမ္ဘီရအစီအရင်နဲ့ နာမည်ကြီးနေတဲ့ ဘုန်းကြီးနှစ်ပါးကိုပင့်ပြီး ရင်ခွဲရုံက လူသားစားသရဲလူမည်းကြီးနဲ့ သူ့အပေါင်းအပါတွေကို နှင်လို့ ပြီးသွားပြီတဲ့ ဗျာ''

''ဗျာ . . . ဘယ်လိုပြီးသွားတာလဲ . . . ကိုချစ်''

''ဆရာတော်ကြီးနှစ်ပါးကို ပင့်တော့ ပထမ သက်ကြီးဝါကြီးဆရာ တော်ကြီးက သူ့အသက်အရွယ်နဲ့ ဒီအလုပ်တွေကို မလုပ်တော့ဘူးဆိုပြီး ကျောင်းကို ပြန်ကြွသွားတယ်။ ကျန်ခဲ့တဲ့ဆရာတော်က အဲဒီရင်ခွဲရုံက လူ သားစားသရဲလူမည်းကြီးကို အမဲသားတစ်ပိဿာနဲ့ အရက်တစ်ပုလင်းပေး





ခိုင်းထားပြီး မင်း ဒီရင်ခွဲရုံမှာ မနေနဲ့။ နောက်နေ့ကျရင် ငါအခေါ်လွှတ် သိုက်တာနဲ့ ကားနဲ့လိုက်ခဲ့။ မင်းကို နေရမယ့်နေရာ ငါပေးမယ်လို့ ပြော တယ်''

''ဘုန်းကြီးတောင်မှ ကိုယ်ပိုင်ပစ္စည်းဆိုတာ ဘုရားဟောတရား အရ ဝိနည်းတော်နဲ့အညီ သင်္ကန်းပရိက္ခရာရှစ်ပါးပဲ ရှိတဲ့ဟာ။ နေစရာပေး မယ်ဆိုတော့ သူ့မှာ အိမ်မြေခြံတွေ အပိုင်ရှိလို့လား။ ကျောင်းတောင်မှ ဒကာ၊ ဒကာမတွေလှူလို့ နေရတဲ့ သံဃိကပစ္စည်းပဲဟာ''

''ခင်ဗျားက အယုံအကြည်မရှိတော့ ဒါပဲပြောမှာဆိုတာ ကျွန်တော် သိပြီးသားပါဗျ။ ဒါပေမဲ့ နောက်နေ့ ရင်ခွဲရုံထဲသွားကြည့်တော့ အမဲသား တစ်ပိဿာလည်း မရှိတော့ဘူး။ အရက်ပုလင်းလည်း ပြောင်နေပြီ''

''သိထားတဲ့ လူရွှတ်တစ်ယောက်ယောက်က အမဲသားနဲ့အရက် ကိုယူပြီး အရက်သောက်၊ အမြည်းလုပ်ပစ်မှာပေါ့ဗျာ''

''ရင်ခွဲရုံထဲက အမဲသား ဘယ်သူ ယူစားရဲမှာလဲဗျ။ ခင်ဗျားကို ပြောရတာ အရသာ မရှိလိုက်တာဗျာ။ ခင်ဗျား ယုံချင်ယုံ၊ မယုံချင်နေ။ အဲဒီနောက်နေ့ ဘုန်းကြီးက ချိန်းထားတဲ့အတိုင်း ရင်ခွဲရုံရှေ့ ကားလွှတ်ပြီး လူသားစားသရဲလူမည်းကို လာခေါ်တော့ ကားပေါ်တက်လာတော့တာပဲ''

''ဟာ . . . ကားပေါ်တက်လာတာကိုတောင် မြင်လိုက်ရတယ် . . ဟုတ်လား''

''ဒါမျိုးက မျက်စိနဲ့မြင်မှ မဟုတ်ဘူး။ ကားဘီးအိကျသွားတာ ရယ်၊ အပုပ်နံ့ရတာရယ်က သိသာနေပြီပဲ''

''ရင်ခွဲရုံနား ကားရပ်ထားတော့ အပုပ်နံ့ တစ်ခါတစ်ခါ ရမှာပေါ့။ ကားဘီးအိကျတာက စိတ်အထင်ဖြစ်ရင်ဖြစ်၊ ဒါမှမဟုတ်လည်း လေလျော့ သွားတာ ဖြစ်မယ်ထင်တယ်''

''တော်ပြီဗျာ။ ခင်ဗျားလိုလူကို ဒီသတင်းထူးပြောရတာ အကျိုး မရှိပါဘူး။ တစ္ဆေသရဲဝတ္ထုရေးတဲ့သူ တစ်ယောက်ယောက်လာမှ ပြောပြီး သက်ဖက်ရည်တိုက်ခိုင်းရမယ်''

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၅ |

❑

ဈေးမှအပြန်လမ်း ဆေးရုံအနီးတွင် ဆေးဆိုင်ဖွင့်ထားသော မိတ်ဆွေ ပုဂ္ဂိုလ်ကြီးခေါ် ဦးခင်စောနှင့် မမျှော်လင့်ဘဲ ဆုံလိုက်ရသည်။

ဦးခင်စောက သူစီးလာသော မော်တော်ဆိုင်ကယ်ကို ရပ်သည်။

''ဆရာကျော် ...အားရင် ကျွန်တော်နဲ့လိုက်ခဲ့ဗျာ။ ရင်ခွဲရုံက လူသားစားတဲ့ကိစ္စ ဆရာကျော်ပြောသလို ရှင်းသွားပြီဗျာ''

''ဘယ်လိုရှင်းသွားတာလဲ''

''ဟိုလူသားစား သရဲလူမည်းကြီးကို ဘုန်းကြီးက နေစရာပေး မယ်ဆိုပြီး ခေါ်သွားပြီးတဲ့နောက်လည်း ရင်ခွဲရုံထဲ ရောက်လာတဲ့အလောင်း ကို အစားခံရတာပဲဗျာ။ ဒါနဲ့ သက်ဆိုင်ရာက ရင်ခွဲရုံမှာ လျှို့ဝှက်ကင်မရာ တပ်ပြီး CCTV နဲ့ တစ်နေရာကနေ စောင့်ကြည့်နေတဲ့အခါမှာ အဖြေပေါ် တော့တာပဲ''

''ဘယ်လို အဖြေပေါ်လာတာလဲ။ သရဲမဟုတ်ဘဲ ဘီလူးကြီးများ ဖြစ်နေရော့လား''

''ဟဲ ...ဟဲ ...ဆရာကျော်ကလည်း၊ ဒီမဟုတ်မဟတ်သတင်း ကို မယုံကြည်တဲ့လူလူချင်း ငေါ့နေပြန်ပါပြီ။ ဘယ်က သရဲ ဘီလူးမှ မဟုတ်





ဘူး။ မြေကြွက်ကြီးတွေဗျ။ တစ်ကောင်တည်းမဟုတ်ဘူး၊ အုပ်နဲ့သင်းနဲ့။ ပြီးတော့ မြွေပါလည်း ပါလိုက်သေးတယ်လို့ ဆိုတယ်''

''ဗျာ ...မြွေပါတောင် ပါတယ် ...ဟုတ်လား''

''မြွေပါ ပါတာပေါ့ဗျာ။ ဒီဆေးရုံအနီးတစ်ဝိုက်မှာ တောချုံတွေ၊ သီးပင်စားပင်ကြီးတွေ အုံ့ဆိုင်းနေတော့ ဒီလိုကောင်မျိုးတွေအပြင် တခြား သားစားကောင်တွေလည်း ရှိနေတာပေါ့။ CCTV မှာ အဲဒီမြေကြွက်တွေ၊ မြွေပါတွေကိုတွေ့မှ ဆရာကျော် ဟိုးလွန်ခဲ့တဲ့ဆယ်နှစ်က မဂ္ဂဇင်းကြီးတစ် စောင်မှာ ဆေးရုံရင်ခွဲရုံအတွင်းက အလောင်းကို သရဲစားသလိုလိုနဲ့ မြေကြွက် ကြီးတွေက စားလိုက်တဲ့အကြောင်း ရေးထားတဲ့ဝတ္ထုကို သတိရပြီး ကျွန် တော့်ဆီမှာ ဆရာကျော်လက်ဆောင်ပေးထားလို့ ရှိနေတာနဲ့ ဝန်ထမ်းတွေ ကို ပေးဖတ်တာ စာအုပ်တောင် ခုအထိ ကျွန်တော့်ဆီကို ပြန်မရောက်သေး ဘူး။ ခုလည်း အဲဒီမြေကြွက်တွေနဲ့ ရင်ခွဲရုံကို လျှို့ဝှက်ရိုက်ထားတဲ့ CCTV ကို ကြည့်ဖို့ ဆရာကျော့်ကို ကျွန်တော် လာခေါ်တာဗျ။ ဆရာကျော် အိမ် မှာမရှိလို့ ဈေးကိုလိုက်လာတာ။ လာ ...ဆိုင်ကယ်ပေါ်တက်ဗျာ။ အဖြစ် မှန်ပေါ်သွားတော့ ရှုပ်နေတာတွေ ရှင်းသွားတာပေါ့လေ''


ဆေးရုံ၏ ရင်ခွဲရုံမှ လူသားအစားခံရသည့် သတင်းအတွက် ရှင်း ရှင်းလင်းလင်း သိနိုင်ပြီဖြစ်၍ ကျွန်တော် ပုဂ္ဂိုလ်ကြီးခေါ် ဦးခင်စောလာခေါ် သည့် မော်တော်ဆိုင်ကယ်ပေါ်သို့ တက်လိုက်ရသည်။

(အလျဉ်းသင့်ပါက လွန်ခဲ့သောဆယ်နှစ် ၂၀၀၀ ပြည့်နှစ် နိုဝင် ဘာလ၊ အတွဲ – ၄၊ အမှတ် – ၂၁ ရေးသားခဲ့သော ကျွန်တော်တို့ မြို့ဆေးရုံ ၏ ရင်ခွဲရုံမှ အလောင်းကို အစားခံရခြင်းဝတ္ထုအား ဖော်ပြခွင့်သာလျှင် ဖော်ပြပါဦးမည်။)

ကျော်မင်းနိုင်

www.burmeseclassic.com

www.burmeseclassic.com



"ဖြောင်း ... ဖြောင်း ..."

"အား ... ကြောက်ပါပြီဗျ"

"ဖြောင်း ..."

"မအိပ်တော့ပါဘူးဗျ"

"ဖြောင်း ..."

"ကြောက်ပါပြီ ... မအိပ်တော့ပါဘူး"

"ဖြောင်း ..."

"အောင်မယ်လေး ... လုပ်ကြပါဦး"

ကင်းလှည့်ကျနေသော ရဲတပ်သားလှမောင် ရဲစခန်းအပေါ်ထပ်မှ အောက်သို့ ဆင်းပြေး၏။ လှေခါးအဆင်းမှာပင် ဒေါ်ဂျမ်းစိန်က မနားတမ်း ိုက်ရိုက်နေ၏။ ကင်းစောင့်နေရာတွင် အိပ်ငိုက်သွားသဖြင့် အရိုက်ခံရခြင်း ်ဖြစ်သည်။

အချိန်က ညဉ့်နှစ်နာရီ။ နေရာက မကွေးတိုင်း၊ ချောက်မြို့နယ်၊ သေရဲစခန်းမှာဖြစ်၏။ ခုနှစ်က ၁၉၅၀ ခုနှစ်။

ပေါက်ပေါက်ရှာရှာ၊ ကြံကြံဖန်ဖန်၊ ရှာရှာဖွေဖွေ လူဆိုးထိန်းမော်င ကြီး လုပ်ထားခြင်းဖြစ်၏။

လွန်ခဲ့တဲ့တစ်လက ဒေါ်ဂျမ်းစိန်သည် လင်မယ ျင်း ရန်ဖြစ်ရာ ၌င် စိတ်ညစ်သဖြင့် ကိုယ့်ကိုယ်ကိုယ် ကြိုးဆွဲခ မသေသွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဂျမ်းစိန် စိတ်ညစ်မည်ဆိုလည်း ညစ်ထိုက်သည်။ ယောက်ျား
က အရက်သမား၊ ဘိန်းစား၊ အလုပ်မရှိ အကိုင်မရှိ။ မိန်းမစျေးရောင်းကျွေး
နေသည်ကို အေးအေးလူလူ မစား။ အရက်ရောင်းသောမိန်းမနှင့် ပွေရှုပ်
နေသည်။

ဖဲကလည်း ရိုက်လိုက်သေး။ အရက်ဖိုး၊ ဘိန်းဖိုး မိန်းမထံ လက်
ဖြန့်တောင်းသည်။ တောင်းမရတော့ ရိုက်သည်။

ဒေါ်ဂျမ်းစိန်ကလည်း နာမည်နှင့်လိုက်အောင် ကြမ်းသည်။
ယောက်ျားနှင့် သူတစ်ပြန်ကိုယ်တစ်လှည့် ဆော်ကြ နက်ကြသည်။

ထိပ်ပေါက်၊ ခေါင်းကွဲနှင့် စခန်းရောက်ရသည်မှာလည်း မရေတွက်
နိုင်တော့။ ကြာတော့ ရဲစခန်းကလည်း လက်လျှော့ရသည်။

ဒေါ်ဂျမ်းစိန်မှာ ယောက်ျားအရက်ဖိုး၊ ဘိန်းဖိုး၊ ဖဲဖိုးတွေ နှုတ်လွန်း
လို့ စျေးရင်းစားဖို့ အရင်းအနှီးပျောက်သွားသည်။

အရင်းအနှီးပျောက်တော့ (၁၀၀)ကျပ်လျှင် တစ်ဆယ်အတိုးနှုန်း
ချေးရသည်။ ရတဲ့ပိုက်ဆံ ဝှက်ထားပါသော်လည်း ဆန်အိုးမချန်၊ ဒန်အိုး
မချန် အရက်နဲ့ ဘိန်းနဲ့ လဲစားသည်။ ဝှက်ထားတဲ့ပိုက်ဆံ ရအောင်ရှာပြီး
ခိုးသုံးသည်။

ခိုးတဲ့နေရာမှာ တောက်ပြားက အဖေခေါ်ရသည်။ တစ်နေ့ စျေး
မှာ လင်မယားချင်းရန်ဖြစ်ရာမှ ပိသလေးနှင့် ခေါင်းထုလိုက်ရာ ယောက်ျား
ဖြစ်သူ ခေါင်းကွဲပြီး ဆေးရုံတင်လိုက်ရသည်။

ဒီတော့ လင်မယားက လင်မယားပဲ။ ရိုက်နှက်မှုက ရိုက်နှက်မှု
ဖြစ်၏။ ကိုယ်ထိလက်ရောက် ကျူးလွန်မှုဖြင့် တရားစွဲခံရသည်။

စလေအချုပ်ထဲသို့ ရောက်သွား၏။ လူဆိုးထိန်းမောင်ကြီးက သနား
သဖြင့် ကြဖန်ပြီး အာမခံမည့်လူရှာပြီး အာမခံပေးလိုက်သည်။

...စိတ်ညစ်လွန်းသဖြင့် ဒေါ်ဂျမ်းစိန် အိမ်ရောက်တော့ ကိုယ့်ကိုယ်
ကိုယ် ကြိုးဆွဲချ၍ ...ဆုံးစီရင်သွားတော့သည်။

---

...တ်ကူးသစ်စာပေ



လူဆိုးထိန်းမောင်ကြီးသည် ဒေါ်ဂျမ်းစိန် ကြိုးဆွဲချသေခဲ့သော
ကြိုးကို သက်သေခံပစ္စည်းအဖြစ် ယူလာ၏။ ထို့နောက် သေမှုသေခင်း ပြု
လိုက်သည်။

''ကိုင်း ... ဒေါ်ဂျမ်းစိန် ... ဒီနေ့ကစပြီး ငါ့ရဲ့စခန်း အချုပ်ခန်း
ကို နင်စောင့်တော့။ ကင်းသမားတွေ အိပ်နေရင်လည်း ရိုက်ပုတ်ပြီးနှိုး''

လို့ အမိန့်ပြန်လိုက်တယ်။

ထို့နောက် ရဲစခန်း၏ ဥယျာဉ်တိုင်ခြေကိုတူးပြီး ဒေါ်ဂျမ်းစိန်
ကြိုးဆွဲချသေသော ကြိုးကို မြှုပ်လိုက်ပြီး ဘိလပ်မြေဖြင့် သံကရစ်ကိုင်ကာ
ချုပ်ထားလိုက်လေ၏။

ထိုနေ့မှစ၍ ကင်းစောင့်ရင်း အိပ်ငိုက်နေသော ရဲများကို နားရင်း
အုပ်တော့၏။ ရဲကင်းနယ်နမိတ်ကျော်မှ ရပ်၏။

ဟိုတစ်နေ့ကလည်း တရားခံတစ်ယောက် ထွက်ပြေးဖို့ အချုပ်ခန်း
တိုင်ကို ဒိုင်းလွှဖြင့်ဖြတ်ရာ ဒေါ်ဂျမ်းစိန် နားရင်းအုပ်နေသဖြင့် အလုပ်မဖြစ်
ခဲ့။

လူဆိုးထိန်းမောင်ကြီးက ဒီလို ပွေပွေလီလီလုပ်တတ်သော အရာ
ရှိတစ်ဦးဖြစ်၏။ သူကလည်း အမှုထမ်းဆိုး၊ မူးလာရင် သူလုပ်ချင်ရာ လုပ်
တတ်သူ။ သူ့ထက်ရာထူးကြီးသူ ဘယ်သူ့ကိုမှ ဂရုမစိုက်တတ်။

သို့သော် ရပ်နဲ့ရွာနဲ့ တည့်သည်။ အရပ်သားများကလည်း သူ့ကို
ချစ်သည်။ လက်အောက်ငယ်သားများကလည်း ချစ်သည်။

သူဆိုးတာက နွားခိုးနှင့် ဓားပြမှုန်သမျှ စခန်းသို့ခေါ်မလာ။ လမ်း
မှာပင် ပစ်သတ်လိုက်သည်။ ထမင်းအလကား ကျွေးမထားနိုင်ဘူး။ ဒီလို
ကောင်တွေရှိနေတာ မြန်မာပြည်နာတယ်။ စခန်းမှာ စာရင်းရှုပ်တယ်ဆိုပြီး
လမ်းမှာပင် ရှင်းပစ်တတ်၏။

လူဆိုး၊ သူခိုး၊ ဓားပြတို့က လူဆိုးထိန်း မောင်ကြီးဟော့ဆိုလျှင်
ခွဲကြောက်ကြီးဖြစ်၏။

နောက်တစ်ခုဖြစ်လာသည့် ပြဿနာကတော့ စေတနာအမှားဖြစ်
သည်။ စလေမြို့ မြို့တော်ယဉ်နှတ်နန်းကိစ္စ ဖြစ်သည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



စလေမြို့တွင်ရှိသော နတ်နန်းမှာ စလေရဲစခန်း၏ အနောက်တောင်ဒေါင့် (စနေဒေါင့်)တွင်ရှိ၏။

ခြေတံရှည် အဆောက်အဦသေးသေးကလေး ဖြစ်သည်။ နတ်နန်းနှင့် ရဲစခန်းမှာ သံဆူးကြိုးသာ ခြား၏။

ရဲစခန်း၏ အများသုံးအိမ်သာကလည်း ထိုစနေဒေါင့်မှာပဲ ရှိ၏။ နတ်နန်းနှင့် ကျောချင်းကပ်။

အိမ်သာက ပြည့်လျှံနေသည်။ လောက်များက တဖွားဖွား။ လောက်တွေက နတ်နန်းပေါ်တက်သည်။ သေးစော်၊ ချီးစော်ကလည်း နှာခေါင်းပိတ်ထား၍ မရအောင် နံသည်။

တစ်နှစ်တစ်ခါ နတ်ပွဲ အကြီးအကျယ် ကျင်းပသည်။ ချောက်မြို့မှ နတ်ကတော်များကို ခေါ်သည်။ ချောက်မြို့မှ အကောင်းဆုံး နတ်ဆိုင်းကို ငှားသည်။ တစ်မြို့လုံး စိတ်ဝင်စားစွာ ကျင်းပသော နတ်ပွဲကြီး ဖြစ်သည်။

ထိုသို့ကျင်းပသောအခါ ထိုနတ်စင်ရှေ့တွင် တဲအကြီးအကျယ်ထိုးပြီး (၃၇)မင်းနတ်ရုပ်များ ထားရှိရာ အုန်းငှက်ပျောစုံလင်စွာ ပွဲထိုးကာ (၇)ရက် (၇)လီ ကပြကြ၏။ ကြက်ကြော်နှင့် အရက်မပြတ်။

လူဆိုးထိန်းမောင်ကြီး၏အမြင်တွင် စိတ်မချမ်းသာစရာ တွေ့နေ၏။ အကြောင်းမူ (၃၇)ခုနှစ်မင်းနတ် အုန်းငှက်ပျောများအပေါ်တွင် အိမ်သာမှ လောက်များ တဖွားဖွား သွားလာနေသည်ကို မြင်တွေ့ရသောကြောင့်ဖြစ်၏။ ကြက်ကြော်တွင် လောက်တွေက ဖွေးဖွေးလှုပ်နေ၏။

လူဆိုးထိန်းမောင်ကြီးက ဘုရား၊ တရား၊ သံဃာနှင့် နတ်အားလုံးကို ယုံကြည်၏။ ယခုကဲ့သို့ အထွတ်အမြတ်ထားသော ကန်တော့ပွဲများပေါ်တွင် အိမ်သာမှ မစင်စားလောက်များ တဖွားဖွား သွားလာနေသည်ကို မြင်ရလေရာ စိတ်မချမ်းသာခြင်းဖြစ်ပြီး ရပ်မိရပ်ဖများကိုခေါ်၍ အစည်းအဝေးလုပ်ကာ နတ်ကွန်းရွှေ့ရန် တိုင်ပင်ကြ၏။

ရပ်မိရပ်ဖများကလည်း ဤမသန့်ရှင်းသော နေရာတွင် နတ်ကွန်းမထားတော့ရန်နှင့် စလေမြို့၏အရှေ့ဖက် (လက်ညှိုးထိုးဘုရား)အနီး ကွင်းပြင်ကြီးတွင် ကျကျနန တည်ဆောက်ကြရန် သဘောတူကြ၏။





အားချင်းပင် ငွေများစုဆောင်းပြီး နတ်ကွန်းကြီးဆောက်လိုက်ကြ၏။ ကျကျနန ဆောက်နေသဖြင့် တစ်လကြာသွား၏။ နတ်ကွန်းပြီးသောအခါ မြို့တော်ယဉ်နတ်များအား အိုးစည်ဗိုင်းဒိုးပတ်ဗိုင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ရွှေ့ပြောင်းလိုက်၏။

ထိုသို့ရွှေ့ပြောင်းရာ နတ်ရုပ်များ၊ နတ်ကွန်းအသစ်ပေါ်သို့ တင်နေသည့်အချိန်တွင် မြို့ထဲမှ မီးသံချောင်းခေါက်သံ ကြားရလေ၏။

မြို့လူထုအားလုံးမှာ နတ်ကွန်းသို့ ရောက်နေကြ၏။ နတ်ကွန်းနှင့်မြို့မှာ တစ်ဒိုင်ခန့်သာ ဝေးသည်။ မြို့ကလည်း ကျဉ်းကျဉ်းလေး။ ရဲစခန်း၊ ဈေးနှင့် ရပ်ကွက်မှာ တစ်ဆက်တည်းရှိ၏။

ဥပမာပြောရလျှင် တောင်ဥက္ကလာရပ်ကွက်၏ တစ်ဝက်ခန့်သာရှိသည်။ ရဲစခန်း၊ ဈေး၊ ရပ်ကွက်ပြီးလျှင် ရောဝတီမြစ်ကို ရောက်သည်။ လူဦးရေကလည်း နည်းသည်။ ဘုရားကျောင်းကန် စေတီပုထိုးများသာ ပေါများသည်။ ငွေးချိုဘက်သို့ထွက်သော ကတ္တရာလမ်းမကြီးတစ်လမ်းသာ ရှိသည်။

ရဲစခန်း မီးလောင်နေပြီဟု သတင်းကြားသဖြင့် နတ်ရုပ်များကို နတ်စင်ပေါ်တင်ထားခဲ့ပြီး မြို့ထဲသို့ ပြေးကြရ၏။

မြို့လူထု မြို့ထဲရောက်တော့ မီးငြိမ်းသွားပြီ။ နတ်ကွန်းဟောင်းအနီးက ရဲအိမ်သာ မီးလောင်ခြင်းဖြစ်၏။ ဒီတော့မှ လူဆိုးထိန်းမောင်ကြီး သဘောပေါက်သည်။ နတ်ကွန်းကို ရွှေ့ရမည့်အစား အိမ်သာကိုရွှေ့လိုက်လျှင် ပြီးသည်ကိစ္စ။ ယခုတော့ အားလုံး လက်လွန်သွားပြီ။

ဤသို့ဖြင့် ညရောက်သွား၏။ သန်းခေါင်ကျော်အချိန်တွင် မြို့ကိုသူပုန်ဝင်စီးသကဲ့သို့ မြင်းခွာသံများ ကြားရသည်။ မြို့လူထု ထိတ်လန့်ကြောက်ရွံ့သွားကြ၏။ တစ်မြို့လုံး မြင်းခွာသံများ၊ မြင်းဟီသံများ ကြားရသည်။ ထိုခေတ်အခါက ရဲစခန်း၊ ဆေးရုံနှင့် အစိုးရရုံးများမှာသာ လျှပ်စစ်မီးရသည်။ လမ်းမီးမရှိ။ မှောင်မည်းနေသဖြင့် မြင်းခွာသံများ ကြားရသော်လည်း ဘာမှမတွေ့။



www.burmeseclassic.com

www.burmeseclassic.com



မြင်းခွာသံများနှင့် မြင်းဟီသံများမှာ နတ်စင်အဟောင်းနေရာတွင် တွင်ရပ်ပြီး ပျောက်သွား၏။

နံနက်မိုးလင်းသောအခါ ရပ်မိရပ်ဖများ ရဲစခန်းသို့ရောက်လာပြီး နတ်ကွန်းကိစ္စ ဆွေးနွေးတော့သည်။

''ဗိုလ်ကြီး ... ကျွန်တော်တို့ နတ်ကွန်းရွှေ့တာ မှားပြီထင်တယ်။ အိပ်မက်တွေလည်း မကောင်းဘူး။ ညကျတော့လည်း ကောင်းကောင်း မအိပ်ရ။ မြင်းခွာသံတွေကြား။ အိမ်သာတွေမီးလောင်နဲ့ သတိပေးနေတာ ထင်တယ်''

ဟု အရပ်လူကြီးက ပြော၏။

''ဟုတ်တယ် ... ဦးလှမောင်။ အခု ကျွန်တော်တို့ အိမ်သာတွေ အကုန်မီးလောင်သွားပေမယ့် အိမ်သာနဲ့ကပ်လျက်ရှိတဲ့ နတ်ကွန်းအဟောင်း က မီးမလောင်ဘူး။ ဘယ်လောက် ထူးဆန်းသလဲဗျာ''

''နောက်ပြီး ပြောရဦးမယ်။ ကျွန်တော်က ကိုယ့်ကိုယ်ကိုယ် သတ်သေသွားတဲ့ ဒေါ်ဂျမ်းစိန်ကို ရဲစခန်းအစောင့်အဖြစ် ထားခဲ့တာ ညက ကျွန် တော့်ကို အိပ်မက်ပေး တောင်းဆိုနေတယ်ဗျာ''

''ဘယ်လိုများလဲ ပြောပြစမ်းပါဦး''

''ဟဲ့ကောင် ... ငကြီး၊ နင်တို့ နတ်ကွန်းရွှေ့တာ မှားနေပြီ။ နင် တို့အမြင်မှာ နတ်ကွန်းက သေးတော၊ ချီးတောထဲမှာ ရှိနေတယ်ထင်နေ တာ၊ မြင်လည်း မြင်တာကိုး။ ငါတို့ နာနာဘာဝတွေကမှ အဲ့သလိုမဟုတ် ဘူး။ ငါတို့နေနေကျနေရာ အပိုင်စားရထားတဲ့နေရာတွေမှာ ငါတို့က နေ သားကျပြီး နင်တို့ရွှေ့ချင်တိုင်း ရွှေ့လို့မရဘူး။ ငါတို့နေရာက ငါတို့အဖို့ တော့ သန့်ရှင်းလှပနေတာပဲ။ ဒီနတ်ကွန်းကို ပြန်မရွှေ့ရင် နင် ဒုက္ခလှလှ တွေ့မယ်။ နောက်ပြီး ငါလည်း လွတ်လွတ်လပ်လပ် နေချင်ပြီ။ ငါ့ကိုလည်း ကျွတ်ကျွတ်လွတ်လွတ်ဖြစ်အောင် အမျှဝေပေးပါလို့ လာပြောတယ်ဗျ''

ဟု လူဆိုးထိန်းမောင်ကြီးက ပြောပြ၏။





''ဟုတ်တယ် ... ဦးမောင်ကြီးရေ၊ ကျွန်တော်လည်း ညက အိပ် မက်မက်တယ်။ နတ်ကွန်းပြန်မရွှေ့ရင် တစ်မြို့လုံး မီးလောင်တိုက်သွင်းပစ် မယ် ပြောတယ်ဗျ''

အရပ်လူကြီး ဦးလှမောင်ကလည်း ပြော၏။ ကျန်ရှိနေသော အရပ် လူကြီးများကလည်း သူတို့မက်သမျှ အိပ်မက်တွေကို ပြောပြ၏။ ပြောပြ ချက်များမှာ တစ်ခုမှမကောင်း။ မြို့တော်ယဉ်နတ်များက မကျေနပ်ကြောင်း များသာ ဖြစ်၏။

''ဒေါင် ... ဒေါင် ... ဒေါင် ...''

''မီး ... မီး ... ဈေးကြီး ... မီးလောင်နေပြီဟေ့''

အစည်းအဝေးလုပ်နေခိုက် မီးလောင်လေ၏။ နံနက် (၉) နာရီ အစည်းအဝေးလုပ်နေစဉ် မီးလောင်ခြင်းဖြစ်၏။ ချောက်မြို့နှင့် ကျောက်ပန်း တောင်းမြို့ မီးသတ်၏ ကူညီမှုဖြင့် ညနေ (၄)နာရီတွင် မီးငြိမ်းသွားသည်။ မြို့တစ်ဝက် ပြာကျသွားသည်။

လူကြီးတွေ မိုးမီးလောင်ချေပြီ။ မြို့လူထုအကူအညီဖြင့် နေရာ ဟောင်းတွင် နတ်ကွန်းအသစ်ပြန်၍ ဆောက်ကြ၏။ နတ်ကွန်းအဟောင်းကို လည်း လုံးဝမထိရဲ။ သူ့အတိုင်း စုတ်စုတ်ပြတ်ပြတ် ထားလေ၏။

နေ့နေ့ညည မီးစက်အကူအညီဖြင့် နတ်ကွန်းကို အားချင်းပြီး အောင် ဆောက်ကြ၏။ ရဲအိမ်သာများကိုလည်း ပြောင်းပစ်ကြသည်။ မြို့ တော်ယဉ်နတ်ကွန်းနေရာမှာ သန့်ရှင်းသွားတော့သည်။

''ငကြီး ... ဒီပြဿနာက နင်ကစခဲ့တာ။ နတ်ကွန်းကို နေရာရွှေ့ ခိုင်းတဲ့အတွက် နင် နယ်ပြောင်းရတော့မယ်။ နင် သေတော့မယ်''

လို့ ဒေါ်ဂျမ်းစိန်က အိပ်မက်ပေး၏။

''နင့်ကို ငါ မကျေနပ်နေတာ ကြာပြီ။ နင့်ရဲ့ လူပျင်းတွေကြောင့် ငါမှာ ကောင်းကောင်းမအိပ်ရဘူး။ နင်က ခိုင်းစရာသာခိုင်းတာ ငါ့ကို သတိ မရဘူး။ ရေတစ်ခွက်တောင် တိုက်ဖော်မရဘူး။ နင်က ငါ့ထက် ဘုန်းကံ ကြီးနေလို့ လုပ်မရလို့ မလုပ်ပဲနေတာ။ ကိုင်း ... အခုတော့ နင့်ထက်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ မြို့တော်ယဉ်နတ်တွေနဲ့ နင် တွေ့နေပြီ။ ငါက အဆင်းကို တွန်း ပစ်လိုက်ရုံပဲရှိတယ်။ နင် သေဖို့သာ ပြင်ထားတော့''

ဟု ဒေါ်သတကြီး ပြောဆိုနေ၏။

''ကျုပ်က ပျော်စေပျက်စေ ကလက်စေဆိုတဲ့သဘောနဲ့ ခင်ဗျား ကို လုပ်တာ။ ခင်ဗျားက တကယ် ဒီလိုဖြစ်နေမယ်လို့ မထင်ဘူး။ ကျုပ်က ခင်ဗျားကို နောက်တစ်ဘဝ ကူးသွားပြီထင်တာ။ ဒါ စိတ်ဆိုးပရာလား''

ဟု လူဆိုးထိန်းမောင်ကြီးက ပြန်ပြောသည်။

''ဆင်ကတော့ သူ့ဘာသာသူ သေးပေါက်ချလိုက်တာပဲ။ ဒါပေ မဲ့ အဲ့ဒီနားမှာရှိတဲ့ ပုရွက်ဆိတ်တွေခမျာတော့ ပင်လယ်ထဲနစ်သလို ဒုက္ ခတွေခံစားရတာပဲ ...ကြေးရဲ့။ နင်တို့အဖို့တော့ အပရိကပေါ့။ ငါ့မှာ တော့ နင့်အမိန့်နဲ့ ကင်းစောင့်နေရတယ်။ မအိပ်ရ မစားရနဲ့။ နင့်ကို မကျေ နပ်ဘူး''

''မကျေနပ်ရင်လည်း မတတ်နိုင်ဘူး။ မှားတာတွေလည်း မှားခဲ့ ပြီ။ မြို့တော်ယဉ်နတ်ကွန်းကိစ္စကလည်း စေတနာနဲ့ အမှားပဲဗျ။ ခင်ဗျား ကျေနပ်အောင် ကျုပ်က ဘာလုပ်ပေးရမှာတုံး''

''ဩော် ...ကြေးရယ်၊ နင်က အသိခေါက်ခက် အဝင်နက်ခဲ တဲ့ လူစားမျိုးပါလား။ နင် ...မှတ်ထား။ ငါတို့လို ကိုယ့်ကိုယ်ကိုယ် လည်တင် ကြိုးဆွဲချပြီး သေတဲ့လူတွေရဲ့ ဝိညာဉ်က အဲ့ဒီကြိုးမှာပဲ ဝင်စီးနေကြတာ ဟဲ့''

''သူများနွားကို ခိုးစားနေတဲ့ နွားသူခိုးတွေဟာဆိုရင် ဒီကြိုးနဲ့ ယူ၊ နှစ်ပိုင်းပိုင်း၊ ခိုးတော့မယ်ဆိုရင် ရွာထိပ်က နတ်ကွန်းပေါ် ကြိုးတစ် ပိုင်းတင်ထားပြီး ကျုပ်တို့ ဒီရွာက နွားကို ခိုးတော့မယ်။ ဟောင်မဲ့ခွေးများ မဟောင်အောင် ပါးစပ်ပိတ်ပေးပါ။ ကင်းစောင့်တဲ့ကင်းသမားတွေ ကျုပ်တို့ ကိစ္စပြီးမှ နိုးအောင် လုပ်ထားပေးပါလို့ ပြောပြီး ရွာထဲက ခိုးမယ့်အိမ်ရဲ့ အိမ် ဦးတိုင်မှာ ဒီကြိုးကို ချည်ထားလိုက်ရင် အဲ့ဒီရွာကနွားကို ခိုးချင်သလောက် ခိုးယူပေတော့။ ဘယ်သူမှ မသိကြဘူး။ ရွာအပြင်ရောက်မှ ကျန်ခဲ့တဲ့ကြိုး





တစ်ယောက်က ကြိုးတွေလိုက်သိမ်းပြီး ချောချောမောမော ကိစ္စပြီးအောင် နာနာဘာဝ ကြိုးပိုင်ရှင်က လုပ်ပေးရတယ်ဟဲ့။ ကူညီရတယ်။ ဒါတောင် နင် မသိဘူးလား''

''ကျုပ်က သိရအောင် စိုင်းဘာဘာလည်းမဟုတ်၊ ဘဘိုးမင်း ခေါင်လည်း မဟုတ်။ ဂမ္ဘီရကြီးလည်းမဟုတ်။ ပေါက်ပေါက်ရှာရှာတွေ သိ နိုင်ပါ့မလားဗျဟား ....ဟား ...ဟား ...''

''ဟဲ့ ...တစ်ခေါက်ကန်းကြေး၊ အရာရာတိုင်းကို နင့်စိတ်ထင် တိုင်း မလုပ်နဲ့၊ ဘာမဆို ပေါ့ပျက်ပျက် မတွေးနဲ့။ နင် ဒီရက်ပိုင်းအတွင်း သတွင်းကို ဆင်းရမယ်မှတ်''

''ဟာ ....ခင်ဗျားကလည်း မသိလို့ စေတနာနဲ့ အမှားလုပ်မိ တာ သေဖို့ချည်း ကျိန်စာတိုက်နေတော့တာပဲ။ ကဲပါ ...ဒါတွေပြေပျောက် အောင် ကျုပ် ဘာတွေလုပ်ပေးရမလဲ''

''ငါပြောတာ သေချာနားထောင်။ မပျက်မကွက်လုပ်။ ပျော်စေ ကလက်စေ မလုပ်နဲ့၊ စိတ်ထဲမှာ လိုလိုလားလားနဲ့ ယုံယုံကြည်ကြည်လုပ်။ နင် ဘေးကလွတ်မယ်။ အဲ့လိုမလုပ်ဘူးဆိုရင်တော့ ဒီလအတွင်း နင်သေ မယ်''

''သေမှာတော့ မကြောက်ပါဘူး။ ဒါပေမဲ့ လုပ်ရမယ့် ကိစ္စတော့ ပြောပါ။ လုပ်ပါ့မယ်''

''နင် အရက်လှူရမယ်။ မြို့တော်ယဉ်ကို အမှူးထားပြီး အတွင်း (၁၅) မင်း၊ အပြင် (၃၇) မင်း နတ်ပွဲကျင်းပရမယ်။ နောက်ပြီး ငါ့ကြိုးကို ပြန် ပေးပြီး ငါ့အတွက် ဘုန်းကြီးငါးပါး ပရိက္ခရာရှစ်ပါးလှူပြီး ငါ့ကို ကျွတ် အောင်လွတ်အောင် လုပ်ပေး''

''အဲဒါတွေလုပ်လိုက်ရင် ဒီဒုက္ခဘေးက လွတ်မှာလား''

''အပြောင်းအရွှေ့ အပြစ်ဒဏ်တော့ ခံရမှာပဲ။ သေဘေးကတော့ လွတ်မယ်''

''ကောင်းပြီ ....ဒါဆို မနက်ဖြန် စလုပ်မယ်''



www.burmeseclassic.com

www.burmeseclassic.com



မိုးလင်းသည်နှင့် ရာဝင်အိုးစဉ့်ငါးလုံး ဝယ်လိုက်သည်။ စလေ မြို့မှ သိက္ခာရှိဆရာတော်ငါးပါး ပင့်သည်။ အရက်ကို ရာဝင်အိုးငါးလုံး အပြည့် ထည့်လိုက်သည်။

နတ်ရုပ်တွေကို အသစ်ဆောက်ထားသော နတ်ကွန်းအဟောင်း နေရာသို့ ချက်ချင်းရွှေ့ပြီး မဏ္ဍပ်အကြီးကြီးထိုးပြီး ပုပ္ပားမှ နတ်ဆိုင်းနှင့် နတ်ကတော်များဖိတ်ပြီး (၇)ရက်တိတိ နတ်ပွဲကျင်းပရန် စီရင်လေတော့ ၏။

ရဲစခန်းအတွင်းရှိ ဒေါ်ဂျမ်းစိန်၏ ကြိုးကို ဖော်လိုက်ပြီး အသုဘ ပဋ္ဌာန်းပွဲ (၇)ရက် ကျင်းပသည်။ ဘုန်းကြီးဆွမ်းကျွေးရာတွင် ရာဝင်အိုး ထည့်ထားသော အရက်များကို ဘုန်းကြီးတစ်ပါးလျှင် အရက်အပြည့် သော ရာဝင်အိုးတစ်လုံးကျ လှူ၏။

''ဟဲ့ . . . မောင်ကြီး ဒီအရက်တွေက ဘာလုပ်တာတုံး''

ဆရာတော်မှ မေးသည်။

''မှန်လှပါဘုရား . . . သေဆုံးသူ ဒေါ်ဂျမ်းစိန်က အရက်လှူရမယ် လို့ ပြောလို့ပါဘုရား''

''ဒီဒကာကတော့ လုပ်လိုက်ရင် ပေါက်ကရတွေချည်းပဲကွာ ဒေါ်ဂျမ်းစိန်ပြောလိုတာက မင်း အရက်မသောက်တော့ဘဲ လှူဖို့ ပြောတာ ဒကာရ''

''ဟာ . . . တပည့်တော်က လူတန်းစားပေါင်းစုံနဲ့ အလုပ်လုပ် တာဘုရ့။ အရက်ကြိုက်တဲ့လူအရက်၊ လက်ဖက်ရည်ကြိုက်တဲ့သူ လက် ဖက်ရည်နဲ့ သောက်စားပြီး အလုပ်ကိစ္စ တိုင်ပင်ရတာဆိုတော့ အရက်ဖြတ် လို့ မဖြစ်ပါဘူးဘုရား''

''ခက်လိုက်တဲ့ . . . ဒကာကွာ။ မယ်သီလရှင်နဲ့ မိတ်ကပ်၊ ဘုန်းကြီး နဲ့ ဘီးဆိုသလိုပဲ ဒီအရက်နဲ့ ငါတို့ ဘုရားသားတော်တွေနဲ့ လားလား မဟပ်စပ်ဘူး . . . ဒကာရ''

''ဩော် . . . ဆရာတော်ကလည်း သုံးတတ်ရင် ဆေးတဲ့ဘုရား''





''ဟေ . . . ဒကာကြီးရဲ့၊ မင်းဟာက ဒီအရက်တွေကို ငါက ဆေးဝါး အဖြစ် မှီဝဲရမယ်ပေါ့ . . . ဟုတ်စ။ မင်းတော့ကွာ ငါမပြောလိုက်ချင်တော့ ဘူး''

''မဟုတ်ပါဘူးဘုရား။ ဒီအရက်တွေကို ဆေးအဖြစ် ပြောင်းလိုက် ဖို့ လျှောက်တင်တာပါ''

''ဟော့ . . . လုပ်စမ်းပါဦး။ မင်းဆေးနည်း ဘာတွေအတွက် ကောင်း သလဲဆိုတာလဲ လျှောက်တင်စမ်းပါဦး''

''တစ် . . . လေဖြတ်တဲ့လူတွေ။ နံပါတ်နှစ် . . . တစ်ကိုယ်လုံး ကိုက်ခဲနေသူတွေ၊ ဒူးနာ၊ ခါးနာသမားတွေအတွက် ကောင်းပါတယ် ဘုရား''

''လိုအပ်တဲ့ ဆေးအမည်တွေက ရှောက်ဘီလူး သုံးပိဿာကို ခြေပါးလှီးပြီး ဒီအရက်ထဲကိုထည့်၊ ရေနံဆီ သုံးဂါလံ၊ ရေနံဆီမရရင် ဆီထည့်၊ မင်သော်တစ်ပိဿာ၊ အဝတ်ချုပ်အပ်တစ်ထောင် အားလုံး ပြီး အရက်ထဲကိုထည့်ပြီး အပ်တွေ အရည်ပျော်သွားတဲ့အထိ နေပူ လှမ်းထားရပါမယ်။ အပ်တွေ အရည်ပျော်သွားပြီဆိုရင်တော့ ဆေးဘဝ ရောက်ပြီပေါ့။ အဲ့ဒီဆေးက လေဖြတ်နေတဲ့သူတွေ လက်တွေ့ကောင်းတဲ့ ဆေးပဲ ဆရာတော်ဘုရား''

''အောင်မယ်လေး . . . မင်းဥစ္စာက တခြားဆေးအမယ်ဖိုးနဲ့ မွဲရ ချည်ရဲ့ကွာ''

''ဒါကတော့ . . . ဆရာတော်ဘုရားရယ်။ အရက်ကလည်း ရာဝင် နဲ့ အပြည့်ကိုဘုရား။ ပုလင်းနဲ့ဆိုရင်တော့ အပ် (၁၀)ချောင်း၊ ရှောက်သီး တစ်လုံး၊ မင်သော်တစ်ကျပ်သား၊ ရေနံဆီတစ်ပုလင်းဆိုရင် ရပါတယ် . . ဘုရား''

''တပည့်တော်ဆိုလိုတာက စဉ့်အိုးထဲမှာ စိမ်ထားရင် ရပ်ရွာက လူတွေကို ဝေရတာပေါ့ဘုရား။ တစ်ခုတော့ သတိထားဘုရား။ မသောက် ရဘူး လိမ်းရမှာပါ ဘုရား''



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ ... ဒကာရယ်။ ငါ တခြားပစ္စည်းတွေကို အလှူခံပြီး လုပ်ထားပါ့မယ်၊ မင်းလည်း အရက်ဖြတ်ကွ။ ကဲ ... ကဲ ... တရားနာကြမယ်ဟေ့"

"ဘုန်းဘုန်းဘုရား ... အရေးကြီးတာက ဒီ ဒေါ်ဂျမ်းစိန် ကျွတ်လွတ်သွားအောင် လုပ်ပေးဖို့ပါဘုရား"

ဟု လျှောက်တင်ရာ ဘုန်းတော်ကြီးများက အားလုံးဆောင်ရွက်ပေးခဲ့၏။ လူဆိုးထိန်းမောင်ကြီးသည် ဘုန်းကြီးကိစ္စပြီးသောအခါ နတ်ပွဲ (၇)ရက် ကျင်းပလေ၏။

ထိုရက်အတွင်းမှာပင် ပြဿနာတက်တော့သည်။

အလုပ်မအားသဖြင့် သူ့ကိုယ်စား တပ်ကြပ်ကြီးတစ်ဦးအား စလေမြို့ပိုင် (မခန့်ငယ်) ရွာသို့ ဓားပြမှု စုံစမ်းရန်လွှတ်လိုက်ရာ ဆရာကောင်းတပည့်ပီပီ ဓားပြခေါင်းဆောင်ကို အပြေးခိုင်းပြီး ပစ်သတ်လိုက်ရာ ရပ်ရွာက မကျေနပ်သဖြင့် မကွေးရဲမင်းကြီးထံ တိုင်စာပို့ရာ တာဝန်ခံလူဆိုးထိန်းမောင်ကြီး၏ ကြီးကြပ်မှုညံ့ဖျင်းသည်ဟု ဆုံးဖြတ်ကာ မကွေးတိုင်း သရက်ခရိုင်၊ တိုင်နားရဲကင်းဂတ်သို့ ပြောင်းမိန့်ကျလေ၏။

လူဆိုးထိန်းမောင်ကြီးသည် ဇနီးမယားနှင့် သားသမီးများကို မကွေးသို့ ပြန်ပို့ခဲ့ပြီး ရောဝတီနှစ်ထပ် သင်္ဘောဖြင့် သရက်မြို့သို့ ထွက်ခဲ့သည်။

သရက်မြို့သို့ရောက်ရန် တစ်မိုင်အလိုတွင် သင်္ဘောသောင်တင်တော့သည်။ ရေစုန်ကိုမောင်းလာသော ရောဝတီနှစ်ထပ်သင်္ဘောသည် ညအချိန် ရေစီးအရှိန်နှင့် သောင်တင်သွားရာ သင်္ဘောဝမ်းဗိုက်သည် သောင်အလယ်သို့ရောက်သွားရာ တခြားသင်္ဘောဖြင့် ဆွဲချမှ ရမည်ဖြစ်၏။

သရက်မြို့ကိုပင် မြင်နေရပြီဖြစ်သော်လည်း လူဆိုးထိန်းမောင်ကြီး ရောဝတီမြစ်လယ်တွင် ညအိပ်ရတော့သည်။ သင်္ဘောသောင်တင်ခဲ့သည်မှာ နှစ်ရက်ကြာ၏။

လူဆိုးထိန်းမောင်ကြီး သရက်မြို့ကိုရောက်၍ တိုင်နားရဲကင်းသို့ သွားမည်ဟု လှည်းငှားနေချိန်တွင် သတင်းတစ်ခု ရောက်လာသည်။





လူဆိုးထိန်းမောင်ကြီး မြစ်လယ်တွင် အိပ်နေစဉ် ညက သူပုန်ခေါင်းဆောင် (နှီကစ်လုံးစိန်) ခေါ် (နော်အုန်းစိန်)နှင့် သူပုန်ဗိုလ် (သန်းထွန်း) တို့က လူအင်အား လက်နက်အင်အားအပြည့်ဖြင့် တိုင်နားရဲစခန်းအားဝင်စီးပြီး ရဲတပ်သားများနှင့် ဇနီးသားသမီးတို့ကို အကုန်သတ်ပြီး စခန်းပါမီးရှို့သွားသဖြင့် ငင်းဂါတ် ကင်းပြုတ်သွားကြောင်း သတင်းကြားရလေရာ လူဆိုးထိန်းမောင်ကြီးမှာ ဆက်၍မသွားရတော့ဘဲ သရက်စခန်းတွင် သောင်တင်သွားပါတော့သည်။

အကယ်၍သာ သင်္ဘောသောင်မတင်ဘဲ တိုင်နားစခန်းသို့ ရောက်ရှိသွားပါက လူဆိုးထိန်းမောင်ကြီး သေမှာဖြစ်ပါသည်။

"ကျေးဇူးတင်ပါတယ် ... ဒေါ်ဂျမ်းစိန်ရယ်"

ဟု လူဆိုးထိန်းမောင်ကြီး၏ စိတ်ထဲမှ ဒေါ်ဂျမ်းစိန်နှင့် စလေမြို့မြို့တော်ယဉ်နတ်မင်းများအား ကျေးဇူးတင်စကား ဆိုလိုက်၏။

အမျိုးသမီးသူပုန်ဗိုလ် နှီတစ်လုံးစိန်(ခ)နော်အုန်းစိန်မှာ ယခုအခါ တောင်ဥက္ကလာပမြို့ ဘုရားကြီးတွင် ရသေ့မ ဝတ်လျက်ရှိပြီး သန်းထွန်းမှာ မကွေးမြို့ (တော်ဝင်)ရုပ်ရှင်ရုံမန်နေဂျာအဖြစ် ဆောင်ရွက်လျက်ရှိရာမှ ယခု ရုပ်ရှင်ရုံဖျက်သွားရာ ဘယ်ရောက်သွားသည် မသိတော့ပါ။

သဗ္ဗေ အနိစ္စ သင်္ခါရ


မကွေးညိုစိမ့်

၃၀-၃-၂၀၀၃

www.burmeseclassic.com

www.burmeseclassic.com

# နှင်းရွှေရည်
# အဆိပ်မပြယ်နိုင်လေသော နတ်သမီး



[ ၁ ]

❑

ကျွန်မအဘိုးဆုံးတာ အနှစ်နှစ်ဆယ် ရှိပါပြီ။ ကျွန်မ ဆယ်နှစ်အရွယ်တုန်းကပေါ့။ အဘိုးဆိုလို့ ဖေဖေရဲ့အဖေလား၊ မေမေရဲ့အဖေလား ဆိုရင်တော့ မဟုတ်ပါ။ ကျွန်မဖေဖေရဲ့ အဖေလည်းမဟုတ်၊ ကျွန်မမေမေရဲ့ အဖေလည်း မဟုတ်ပါ။ ဖေဖေရဲ့အမေ ကျွန်မအဘွားနဲ့ မောင်နှမတော်တဲ့ ဦးဘိုးထင်ဆိုတဲ့ ကျွန်မရဲ့အဘိုးပါ။ ဒီနေ့ညမှပဲ ကျွန်မ အဘိုးကို ကွက်ကွက်ကွင်းကွင်း အိပ်မက်မက်တော့တယ်။ အိပ်မက်ထဲမှာ အဘိုးနဲ့ စကားပြောရတာ ကျွန်မစိတ်ထဲမှာ ကြည်နူးနေသလိုပဲ။

ပြီးတော့ အိပ်မက်ထဲမှာ အဘိုးနဲ့တွေ့ရတာ ကျွန်မတို့ငယ်ငယ်တုန်းက နေခဲ့တဲ့မြို့လေးက ခြံဝင်းကြီးထဲမှာပေါ့။ ခြံဝင်းကြီးထဲက ရေတွင်းနားမှာ အဘိုးစိုက်ထားတဲ့ ဆေးပင်၊ ပန်းပင်တွေကလည်း စိမ်းစိုဝေဆာနေတာပဲ။ စံပယ်ရုံကြီးဘေး မှာ အဘိုးနဲ့စကားပြောရတာလည်း အားရပါးရပါပဲ။ စံပယ်ရုံကလေးမှာ စံပယ်တွေပွင့်နေတာလည်း ဝေလို့။ စပယ်ရနံ့ကလည်း သင်းလို့ပေါ့။

---

**စိတ်ကူးသစ်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အိပ်ရာကနိုးတော့ အဘိုးအကြောင်းတွေ စဉ်းစားနေမိတယ်။ ပြီးတော့ အဘိုးစိုက်ခဲ့တဲ့ ဆေးပင်တွေ၊ အဘိုးဆေးကုပုံတွေ၊ လူကြီးတွေ ပြောပြခဲ့ဖူးတဲ့ အဘိုးနဲ့ပတ်သက်တဲ့ ဂမ္ဘီရဆန်ဆန်ဖြစ်ရပ်တွေ၊ ပြီးတော့ ကျွန်မနဲ့ပတ်သက်တဲ့ အဘိုးရဲ့ အပြုအမူ၊ အပြောအဆို ထူးခြားချက်တွေကို ပြောပြတတ်တဲ့ ဖေဖေရဲ့စကားတွေ။

"သမီး ... သမီးအဘိုးက သမီးကို သိပ်ချစ်တာ။ သူ့သားသမီး အရင်းတွေက မွေးထားတဲ့ မြေးအရင်းတွေကိုတောင် သမီးလို မချစ်ဘူး။ သမီး သူတို့အိမ်ကိုသွားရင် အဘိုးက သမီးကိုချီပြီး မုန့်တွေ အမြဲကျွေးတယ်။ မြေးအရင်းတွေကိုတောင် အဘိုးက ချီဖူးတာမဟုတ်ဘူး။ သူ့အလုပ် သူလုပ်နေတတ်တာ"

... တဲ့လေ။

ပြီးတော့ အဘိုးဆုံးခါနီးမှ ဖေဖေ့ကို မှာသွားတာက ...

"မောင်ဝင်းမြင့် ... မင်းသမီးကို သေသေချာချာ စောင့်ရှောက်ပါ။ မင်းသမီးက ထူးခြားတယ်။ မင်းလည်း အကျိုးကျေးဇူးခံစားရမှာပါ"

... တဲ့လေ။

အဲဒါတွေက ကျွန်မနဲ့ပတ်သက်တဲ့ အဘိုးရဲ့ ထူးခြားတဲ့စကားတွေပါ"

ခုလည်း အဘိုးဆုံးတာ အနှစ်နှစ်ဆယ်ကျော်ကြာမှ အိပ်မက်ထဲ လာမက်နေပြန်သေးတယ်။ အိပ်မက်ထဲမှာ အဘိုးက ဆုံးမစကားတွေ ပြောတယ်။ တချို့လည်း ဂမ္ဘီရဆန်ဆန်စကားတွေ။ ကျွန်မ အဓိပ္ပာယ်ကောင်းကောင်းမသိတဲ့ စကားတွေပေါ့။ အိပ်မက်ထဲက အဘိုးစကားတွေနဲ့ ဆက်စပ်ပြီး ကျွန်မ ကိုယ့်ကိုယ်ကိုယ် ပြန်သုံးသပ်ကြည့်မိတယ်။ ခုတလော ကျွန်မ ကြုံဆုံခဲ့ရတဲ့ ဖြစ်ရပ်တွေရောပေါ့။

ကျွန်မကိုယ်ကျွန်မ ပြောရရင်တော့ ကျွန်မက လူတစ်မျိုး။ တကယ်ကို လူတစ်မျိုးပါ။ ဘုရားရှိခိုးရာမှအစ ပတ်ဝန်းကျင်ကို ရှုမြင်သုံးသပ်တာ ပြောဆိုဆက်ဆံရာမှအစ တစ်မူထူးနေသလိုပဲ။ အလုပ်တစ်ခုခုလုပ်နေ လည်း ကျွန်မစိတ်ထဲမှာ ...





အလုပ်ပြီး အလုပ် ...

အလုပ်ပြီး အလုပ် ...

အလုပ်ပြီး အလုပ် ...။

ကျန်တာတွေ အာရုံထဲမရှိ။ ကျန်တာတွေ ဝင်လာရင် တစ်ခဏပဲ။ ကျွန်မက 'တစ်ဖက်စွန်းသမားလေ။ ကျွန်မတစ်ဖက်စွန်းရောက်အောင် အလုပ်လုပ်ရင် ဘုရားကိုတောင် ဝတ်ကျေတန်းကျေ ရှိခိုးတယ်။ ဘုရားကို ပေါက်ဆိန်ပေါက် ရှိခိုးတယ်ပေါ့။ အဲဒီအချိန်မှာကြည့်ရင် ကျွန်မက ...

ဘာသာတရားမရှိသူတစ်ယောက် ...

နှလုံးသားမရှိသူတစ်ယောက် ...

ခံစားမှုမရှိသူတစ်ယောက် ...

စိတ်မာသူတစ်ယောက် ...

ခက်ထန်သူတစ်ယောက်လို့ ထင်ရတယ်လေ။ တစ်ခါတလေတော့လည်း ကျွန်မဘဝရဲ့ အောင်မြင်မှုတချို့က ဒီတစ်ဖက်စွန်းစိတ်မာတတ်တွေနဲ့လည်း အများကြီး သက်ဆိုင်ခဲ့ပါတယ်။

တစ်ခါတလေကျပြန်တော့လည်း ကျွန်မ စိတ်ရောကိုယ်ပါ အနားယူတတ်တယ်။ ရတနာသုံးပါးကို စိတ်ရောကိုယ်ပါ ဦးညွှတ်ကန်တော့တယ်။ အဲဒီအချိန်မှာတော့ ကျွန်မက ...

ဘာသာတရား ကိုင်းရှိုင်းသူတစ်ယောက် ...

နှလုံးသားရှိသူတစ်ယောက် ...

ခံစားတတ်သူတစ်ယောက် ...

တွယ်တာတတ်သူတစ်ယောက် ...

နူးညံ့တတ်သူတစ်ယောက် ...

ဖြစ်နေပြန်ရောပေါ့။ ဒါတွေဟာ လူတိုင်းလူတိုင်းတော့ လှုပ်ရှားပြောင်းလဲတတ်ကြပါတယ်။ အနည်းနဲ့အများပေါ့။ ကျွန်မကတော့ ကျွန်မကိုယ်ကျွန်မ သိတယ်။ တစ်ဖက်စွန်း ရောက်တတ်ပါတယ်။

ပြီးခဲ့တဲ့ နှစ်ပတ်လောက်ကဆိုရင်ပဲ ကြည့်ပါဦးတော့ ...။ ကျွန်မ ဘုရားပန်းကပ်ဖို့ ဈေးထဲက နှင်းဆီပါတွေ ဝယ်လာတယ်။ ကျွန်မဝယ်ခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီဝါတွေက တကယ့်ကို ဝါလွင်စိုအိနေတယ်။ လတ်ဆတ်နေတယ်။ ပွင့်ဖတ်ရဲ့ ထိပ်လေးတွေမှာ နီရောင်လွင်လွင် ပြေးနေတယ်။ နှင်းဆီရွက်တွေက စိမ်းမှောင်လို့ နေတာပေါ့။

နှင်းဆီဖူးလေးတွေရဲ့ အလှဟာ ကြည့်လေကြည့်လေ မငြိမ်းရက်၊ မကိုင်ရက်အောင်ပဲ ဖူးဖူးထွတ်ထွတ် လှနေတယ်လို့ ထင်ရတယ်။

ကျွန်မရွေးချယ်ထားတဲ့ ဘုရားပန်းအိုးလေးကရော ကြည့်ပါဦး။ ကြွေပန်းအိုးလေးလေ။ ပန်းအိုးရဲ့ ပုံသဏ္ဌာန်က ရှည်ရှည်မျှောမျှောလည်း မဟုတ်။ ပုပြတ်ပြတ်လည်းမဟုတ်။ နှင်းဆီပွင့်တွေ ဝေနေအောင်ထိုးနိုင်တဲ့ အနေတော်ပုံစံလေး။ သုတ်ထားတဲ့ကြွေအရောင်ကရော ပန်းအိုးရဲ့အလယ်ပိုင်းနဲ့ အောက်ပိုင်းမှာ အညိုရောင်၊ အဝါရောင်ခပ်ခြောက်ခြောက် အရစ်လေးတွေဆိုတော့ အိုးရဲ့အပေါ်ပိုင်းက စိမ်းပုပ်ပုပ်အနားသတ်ရောင်ကို ပိုပြီး ပေါ်လွင်စေတာပေါ့။

ပန်းအိုးထဲကို နှင်းဆီကိုင်းလေးတွေ ဝေဝေဆာဆာလည်း ထိုးလိုက်ရော ပန်းအိုးအပေါ်ပိုင်းက စိမ်းပုပ်ပုပ်အရောင်နဲ့ နှင်းဆီရွက်တွေရဲ့ အရောင်က ပနံရတယ်လို့ ထင်ရတယ်။ အပေါ်ပိုင်းက နီရောင်ပြေးနေတဲ့ နှင်းဆီဝါတွေက ပန်းအိုးအောက်ပိုင်းက အညိုရစ်၊ အဝါရစ်ကလေးတွေနဲ့ လိုက်ဖက်ပြီး ကျက်သရေရှိတယ်လို့ ခံစားမိတယ်။ ဒီပန်းအိုးလေးရဲ့ အလှတရားမှာ စီးမျောရင်း ကျွန်မရဲ့စိတ်အစဉ်က နူးညံ့လာတယ်။ မြတ်ဗုဒ္ဓကို ကြည်ညိုရင်းရှိတဲ့ ကျွန်မနှလုံးသားက ပိုလို့ ပိုလို့ နူးညံ့လာတယ်။ ပြီးတော့ . . .

''သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် လောကဥသုံအလုံးစုံကို အကြွင်းအကျန်မရှိ သိမြင်တော်မူသော မြတ်စွာဘုရား . . .

အလုံးစုံသော ကိလေသာတို့ကို ပယ်သတ်အောင်မြင်တော်မူပြီးသော မြတ်စွာဘုရား . . .

ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တတို့ဖြင့် ပြည့်စုံတော်မူပြီးသော မြတ်စွာဘုရား . . .''

စိတ်ကူးသစ်စာပေ



စသည် စသည် မြတ်စွာဘုရား၏ ဂုဏ်တော်အပေါင်းတို့ကို ရှည်မှန်း၍ အကြိမ်ကြိမ် ဦးတိုက်နေမိပါတယ်။ အဲဒီအချိန်မှာ ကျွန်မရဲ့စိတ်စေ သိက်တို့ဟာ ကြည်ညိုခြင်း၊ ကြည်နူးခြင်းတွေ ရောယှက်နေတယ်။ ပြီးတော့ နှလုံးသားထဲ၊ အသွေးထဲ၊ အသားထဲ ရိုးတွင်းခြင်ဆီထဲထိအောင် စိမ့်ဝင်ပျံ့နှံ့နေတာပေါ့။ အဲဒီအချိန်မျိုးမှာ ကျွန်မအတွက် . . .

အလိုရမ္မက်မရှိ . . .။

ကြောင့်ကြမှုမရှိ . . .။

စိုးရိမ်သောက မရှိ . . .။

အေးချမ်းမှုတွေ လွှမ်းခြုံလို့နေတာပေါ့။ ဒါကြောင့်မို့ အဲဒီအချိန်မှာ ကျွန်မရဲ့ ဆုတောင်းသံတွေက . . .

''လူဖြစ်သော်ကား လူတကာထက်မြတ်သော . . .

နတ်ဖြစ်သော်ကား နတ်တကာတို့ထက်မြတ်သော . . . စတဲ့ အတ္တမာနသံတွေ လွှမ်းနေတဲ့ ဆုမျိုးကိုလည်း မတောင်းမိပါ။ ကျွန်မတောင်းဆုတွေကတော့ . . .

''အနန္တစကြဝဠာမှ အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။ နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ''

လို့သာ အကြိမ်ကြိမ်ဆုတောင်းနေမိပါတယ်။ အဲဒီအချိန်မှာ ကျွန်မစိတ် စေတသိက်ထဲမှာ မေတ္တာတရားတွေ လွှမ်းမိုးနေတယ်။ အကုသိုလ်စင်နေတယ်။ ကုသိုလ်စိတ်တွေ ပြည့်လျှမ်းနေတယ်။ တန်ဖိုးရှိတဲ့ အချိန်လေးပေါ့။

တိုက်ဆိုင်တယ်လို့ပဲ ပြောရလေမလား မသိပါဘူး။ အဲဒီနေ့က အိမ်မှာ မရှိဘူးလေ။ သူ့မိတ်ဆွေတွေနဲ့ တောင်ကြီးကို လိုက်သွား။ ဖေဖေတို့လူကြီးတစ်စု ကွေ့ကောက်လှတဲ့ ကားလမ်းတစ်လျှောက်နဲ့ တဖြည်းဖြည်းမောင်းရင်း အမှောင်ထုက ပတ်ဝန်းကျင်ကို တဖြည်းလွှမ်းမိုးလာတယ်တဲ့လေ။ တစ်နေရာအရောက်မှာတော့ သူတို့အားလုံးထဲမှာ . . .

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ရှေ့မှာ ကားတစ်စီးလာနေတယ်။ ဝေးဝေးရှောင်ထား ... ဝေးဝေးရှောင်ထား"

ဆိုတဲ့အသံကို ကြားလိုက်ရတယ်တဲ့လေ။ ဒါနဲ့ ဖေဖေတို့ကလည်း ကားကို လမ်းဘေး လွတ်လွတ်ထိုးရှောင်ထားလိုက်တယ်တဲ့။ အဲဒီအချိန်မှာ တကယ်ပဲ မျက်နှာချင်းဆိုင်အကွေ့ကနေ ကားတစ်စီး ပရမ်းပတာမောင်းလာတာ ကြောက်စရာကောင်းလိုက်တာတဲ့။ ပြီးတော့မှ အော်သံ ဘယ်ကလာတာလဲလို့ ရှူးစမ်းကြတော့ အနားပတ်ဝန်းကျင်မှာ ဘယ်သူမှ မရှိဘူးတဲ့လေ။ နောက်ဆုံး အားလုံးက တညီတညွတ်တည်း ကောက်ချက်ချလိုက်ကြတာကတော့ ...

"ကိုမြဝင်း ... အော်လိုက်တဲ့အသံက ခင်ဗျားသမီးအသံနဲ့ တထေရာတည်းပဲ"

... တဲ့လေ။

အဲဒီတော့မှ ဖေဖေလည်း ကျွန်မကိုတောင် ပြန်ပြီး စိတ်ပူလိုက်သေးတယ်တဲ့။ ဒါကြောင့်နဲ့ တူတယ်။ နောက်နေ့မနက် မိုးလင်းလင်းချင်း ဖေဖေ ကျွန်မဆီကို ဖုန်းဆက်ပြီး ဘာမှလည်း ထူးထူးခြားခြားမပြော ဖုန်းချသွားတာ။ ဖေဖေ တောင်ကြီးက ပြန်ရောက်လို့ အကြောင်းစုံ သိတော့မှပဲ ကိစ္စက ပိုပြီးတိုက်ဆိုင်နေမှန်း ဖေဖေရော၊ ကျွန်မပါ သိရတော့တယ်။

တကယ်ပဲ ဖေဖေတို့ ခရီးထွက်သွားတဲ့ညက ကျွန်မ ည (၉) နာရီ ထိုးလောက်ကြီး အိပ်ပျော်သွားခဲ့တာ။ အိပ်မက်ထဲမှာ ကျွန်မ တောင်ပေါ် သစ်ပင်တစ်ပင်မှာ သစ်သီးတွေခူးနေရင်း တောင်အောက်ကို လှမ်းကြည့်လိုက်တော့ ဖေဖေတို့ကားနဲ့ မျက်နှာချင်းဆိုင်လာနေတဲ့ကားကို မြင်လို့ ကျွန်မ တကယ်ပဲ အော်လိုက်တာ။

"ရှေ့မှာ ကားတစ်စီးလာနေတယ်။ ဝေးဝေးရှောင်ထား ... ဝေးဝေးရှောင်ထား" လို့ပေါ့။

စိတ်ကူးသစ်စာပေ



မေမေတောင် ရုတ်တရက်အော်သံကြောင့် တော်တော်လန့်သွားသေးတယ်။ တိုက်ဆိုင်လိုက်တာ ... ရန်ကုန်မှာ အိပ်မက်မက်ပြီး အော်တာ ရှမ်းပြည်မှာရောက်နေတဲ့ ဖေဖေတို့အားလုံး ကြားရသတဲ့လား။

ဒါဟာ နံနက်ပိုင်းက ထုံမွှမ်းထားတဲ့ မေတ္တာဘာဝနာရဲ့ အရှိန်အဟုန်ကြောင့်လား။ မေတ္တာဘာဝနာလွှမ်းမိုးနေတဲ့ စိတ်အရှိန်ကြောင့်ဆိုရင်ကော ဒီမေတ္တာဘာဝနာတွေ ကျွန်မနှလုံးသားမှာ ထာဝရ လွှမ်းမိုးနိုင်ပါ့သလား။

မလွှမ်းမိုးနိုင်ပါ ... တကယ့်ကို မလွှမ်းမိုးနိုင်ပါ။ လောကဓာတ်ခုံက ကြိုးစုံနဲ့အတူ ပြောင်းလဲလှုပ်ရှားနေတဲ့ စိတ်လှုပ်ရှားခံစားမှုတွေက ကြောက်စရာ။ တကယ့်ကို ကြောက်စရာပါပဲ။

ဟိုးတစ်နေ့ကပဲ ကြည့်ပါဦးတော့။ ကျွန်မနဲ့ တစ်ရုံးတည်းမှာ အတူတာဝန်ထမ်းဆောင်တဲ့ အမျိုးသမီးတစ်ယောက်။ သူ့နာမည်က ဝိုင်းတဲ့လေ။ သူက ကျွန်မနဲ့ သက်တူရွယ်တူ၊ ရာထူးတူ။ မတူတာတစ်ခုပဲရှိတယ်။ သူက ကလေးနှစ်ယောက်နဲ့ ရုန်းကန်နေရတယ်။ ကျွန်မက ဖေဖေနဲ့မေမေ့အနားမှာ ကလေးတစ်ယောက်လို။ သူက အလိုလိုနေရင်း ကျွန်မကို ယှဉ်ပြိုင်ချင်တယ်။ မိသားစုရေး၊ စီးပွားရေး၊ ဝတ်ရေး၊ စားရေး ... အစစအရာရာပေါ့။

ကျွန်မကတော့ အဲဒီလိုမဟုတ် ... ဘယ်သူနဲ့မှ မယှဉ်ပြိုင်ချင်။ ကျွန်မ လုပ်ချင်ရာလုပ်ရ ပြီးရော။ ဘယ်သူဘာလုပ်နေတာလဲ ကျွန်မမသိ။ ဒါပေမဲ့ ဝိုင်းက ကျွန်မကို အမြဲတမ်း ကလိတယ်။ ရိတယ်။ ကျွန်မ အမြဲတမ်း စိတ်တိုရတယ်။ ကျွန်မအတွက် သူဟာ တကယ့်ကိုပဲ အနှောင့်အယှက်ဖြစ်လာတယ်။ ကျွန်မရဲ့ စိတ်အာရုံမှာ သူ့ကိုတွေ့ရင် ဒေါသစိတ်တို့ လွှမ်းမိုးလာတယ်။ ပြီးတော့ ကျွန်မ ပါးစပ်ကနေ ...

"ငါ့ကို အလကားနေ နှောင့်ယှက်နေတာ။ သူ ဘေးတွေ့လိမ့်မယ်"

လို့ ရေရွတ်လိုက်မိတယ်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့မှ ကျွန်မကိုယ်ကျွန်မ သတိထားလိုက်မိတယ်။ ဒေါသ ကို မထိန်းနိုင်ပါလား။ ဒေါသကြီးသူတွေ သေရင် တိရစ္ဆာန်ဖြစ်တယ်တဲ့။ ပြီးတော့ သူတစ်ပါးကို မုန်းထား အမျက်ကြီးစွာထွက်သူတွေ သေရင် ငရဲကျတတ်တယ်။ လူဖြစ်ရင်လည်း အင်္ဂါမစုံ၊ အဆင်းအဝါမလှ ဖြစ်တတ်တယ်။ မိဘဆွေမျိုးတွေရဲ့ ပစ်ပယ်ခြင်းကို ခံရတတ်တယ်တဲ့လေ။

အဲဒါတွေက ကျွန်မငယ်ငယ်ကတည်းက ကျွန်မရဲ့အဘိုး အသည်းစွဲအောင် သင် ကြားခဲ့တာတွေပေါ့။ ဒါတင် ဘယ်ကပါ့မလဲ။ အပြင်မထွက်ဘဲ ဝမ်းထဲမှာ ကျိတ်ပြီး ဒေါသထွက်နေတတ်သူတို့ ခံရတဲ့အဖြစ်ကရော ကဗျာလေးကိုတောင် မှတ်မိနေသေးတယ်။ ဘာတဲ့ . . .။

"ပြင်မထွက်ဘဲ၊ ဝမ်းထဲအမျက်၊ ထွက်ဘိတုံမူ၊ အကြင်သူတို့ ကလူနှိပ်စက်၊ အသက်ခန္ဓာ၊ မသေကာလျှင်၊ မျက်ပါဟူးဟူး၊ ထဲအိုက်ကြူးသား၊ ဆူးဆူးရားရား၊ ထိုသူအားကား၊ ရှည်လျားနေ့ရက်၊ ငရဲလက်မှ တစ်ချက်တစ်ဖန်၊ လူဖြစ်ပြန်သော်၊ အလွန်တရာ၊ မခံသာသည်၊ ရောဂါ အဟုတ်များလိမ့်မည်" . . . တဲ့။

ဘယ်လောက် ကြောက်စရာကောင်းလဲ။ ကိုယ့်ဒေါသက ကိုယ့်ကို ပြန်ပြီး ဒုက္ခခံစားစေတာများ။ ဒေါသရဲ့ အကျိုးဆက်က ဒီအဆင့်နှစ်ခုတည်းလားဆိုတော့ မဟုတ်ပြန်သေးဘူးလေ။ အဘိုးငယ်ငယ်က သင်ပေးခဲ့တဲ့ နောက်ထပ်ကဗျာလေးတစ်ခုကို မှတ်မိသလိုလို . . .။

"ထွက်ပြူပေါ်ခဲ၊ အောက်ငရဲ . . .၊ အောက်ငရဲ . . ."

ကျွန်မ မေ့သလိုလို။

ကြိုးစားပြီး ဆိုကြည့်တော့မှ သတိရလာတယ်။

"ထွက်ပြူပေါ်ခဲ၊ အောက်ငရဲ၊ မြင့်မြဲကြာအောင်၊ ခံပြီးနောင်မှ လူ့ဘောင်တစ်ခါ၊ ဖြစ်ပြန်လာသော်၊ ကြမ္မာကျိုးဆက်၊ အကုန်ပျက်၍ အသက်လွန်နည်းပါးလိမ့်တည်း" . . တဲ့။

ဒါကတော့ ဒေါသအလျောက် သူများကို ပုတ်ခတ်ညှဉ်းဆဲတဲ့သူတွေ ခံရတဲ့ ဒုက္ခတရားတွေပဲ။ လူဖြစ်ရင်တောင် မကောင်းတဲ့ကြမ္မာဆိုး





ကြောင့် ကောင်းကျိုးချမ်းသာတွေပျက်စီးပြီး အသက်တိုတတ်သတဲ့။ ကျွန်မရဲ့အဘိုးက ဒေါသကိုတောင် သုံးမျိုးသုံးစားခွဲပြီး ခံစားရမယ့်ဆိုးကျိုးတွေကို ကျွန်မ ကိုးနှစ်အရွယ်တုန်းကတည်းက ပြောပြထားခဲ့ပါလား။

ပြီးတော့ ကျွန်မအတွေးတွေက မဆုံးနိုင်။ လူ့စိတ်ဆိုတာ မတည်ငြိမ်နိုင်။ အစဉ်အမြဲ လှုပ်ရှားပြောင်းလဲနေပါလား။ ကြည်နူးစရာကိုတွေ့ရင် ကြည်နူးတတ်သလို မကျေနပ်စရာတွေ တွေ့ရင်လည်း ဒေါသတရားတို့က ဘယ်ကရောက်လာမှန်းမသိ ပေါ်လာတတ်ပါပကော။ လူ့စိတ်က ပတ်ဝန်းကျင်ကိုလည်း တည်မှီပြောင်းလဲနေတတ်တာပဲ။ ဒါကြောင့်မို့ ဆရာတော်၊ သံဃာတော်တွေက မကြာခဏ ဆိုဆုံးမလေ့ရှိတာ။

"သွားချင်တိုင်းသွားနေတဲ့ စိတ်ဆင်ရိုင်းကို ပညာချွန်းနဲ့ အုပ်ထိန်းနေရမယ်" . . . လို့ပေါ့။

ဒီလိုနဲ့ လေးနာရီခွဲတော့ ကျွန်မ စိတ်လေးလံစွာနဲ့ ရုံးဆင်းခဲ့ပါတယ်။ အိမ်ရောက်လို့မှ သိပ်မကြာသေးပါ။ ရုံးက သူငယ်ချင်းခိုင်က ဖုန်းဆက်တယ်။

"ကြည်ပြာရေ . . . ဝိုင်း ကား accdient ဖြစ်လို့" . . . တဲ့။

ကျွန်မ ကြားကြားချင်း ဘာမှပြန်မပြောနိုင်ပါ။ ကြောင်နေမိတယ်။ နောက်မှ . . .

"မိခိုင် . . . ဘယ်နေရာမှာ ဖြစ်တာလဲ။ ဘယ်လိုဖြစ်သွားလဲ"

စသည် . . . စသည်တို့ကို ကျွန်မမေးမိလိုက်တယ်။ မိခိုင် ဖုန်းချသွားတော့ ကျွန်မရဲ့စိတ်ထဲမှာ လေးလံစွာနဲ့ အတွေးတွေကလည်း ဗရပွ။

သည်လိုဖြစ်တာဟာ ကျွန်မ ဒေါသထွက်နေချိန် စိတ်စေစားရာအတိုင်း ရေရွတ်ကျိန်ဆိုလိုက်မိလို့လား။ သူ့အကြောင်း၊ သူ့ကံနှင့် ခံရလေသလား။ အချင်းချင်း မစာနာလို့တော့မဟုတ်။ သူ့အကြောင်း၊ သူ့ကံနှင့် ထားပါတော့။ ကျွန်မကို အမျိုးမျိုးအနှောင့်အယှက်ပေးနေသူမို့ ဥပေက္ခာပြုနိုင်သည်ကတော့ အမှန်ပင်။ ရိုးသားစွာ ဝန်ခံရပါတယ်။ ကျွန်မကြောင့်ဆိုရင်တော့ . .

ကျွန်မကြောင့်ဆိုရင်တော့ ကျွန်မအပြစ်မကင်း၊ ငရဲမကင်း။



www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်ကတော့ ဒါသအလျောက် ပြောဆိုလိုက်မိပြီ။

ကျွန်မအတွေးတို့က သည်အကြောင်းပဲ တရစ်ဝဲလည်လည်နဲ့ပေါ့။ သြော် . . . လောကမှာ ကိုယ်က ကောင်းနေပါလျက်နှင့် အကုသိုလ်ဆိုတာ မဖိတ်ခေါ်ဘဲ ဝင်လာတတ်တာပဲ။ ကိုယ်တစ်ယောက်တည်းကောင်းလို့လည်း မရ။ ဝန်းကျင်အသိုင်းအဝိုင်းတစ်ခုလုံး ကောင်းပါမှ လောကသည် ငြိမ်းချမ်းသာယာမည် မဟုတ်ပါလား။

'တစ်နွယ်ငင် တစ်စင်ပါ' ဆိုတာ ဒါမျိုးကို ဆိုလေသလား။ လောကနီတိမှာတော့ ဖတ်ဖူးပါရဲ့။ အဆိပ်ရှိတဲ့သတ္တဝါ၊ ဦးချိုရှိတဲ့သတ္တဝါတွေကို အကန့်အသတ် အဝိုင်းအတာတစ်ခုစီက ရှောင်နိုင်ပြီး မသူတော်ကိုတော့ အကန့်အသတ်အဝိုင်းအတာမရှိတဲ့ အရပ်တစ်ပါးကို ပြောင်းရွှေ့ရှောင်ပါလို့ ပြောခဲ့တာထင်ပါရဲ့လေ။ ကျွန်မအတွေးတွေဆုံးလို့ နာရီကြည့်လိုက်တော့ ညကိုးနာရီထိုးနေပြီ။ ဒါကြောင့်မို့ စိတ်လက်လေးလံစွာနဲ့ပဲ အိပ်ရာထဲကို ဝင်လိုက်တော့ ဖေဖေ့ရဲ့ တရားပေစာရွတ်သံက နားထဲကို ဝင်လာတာကတော့ . . .

''မဟာရာဇ - အဆွေတော်မင်းမြတ်၊ သန္တိ - သူတော်ကောင်းတို့နှင့်၊ သင်္ဂမော - တစ်ကြိမ်တစ်ခါသာလျှင်၊ သမာဂမောဟောတိ - အကြောင်းအခွင့်ကြုံ၍ ပေါင်းဆုံမှီဝဲရပေ၏။ သာသင်္ဂတိ - ထိုတစ်ကြိမ်မျှ ပေါင်းဆုံမှီဝဲရခြင်းသည်၊ နံ - ထိုထိုအခွင့်ကြုံ၍ ပေါင်းဆုံမှီဝဲရသောသူကို ပါလေတိ - ဘေးရန်မနှောက် ချမ်းသာရောက်အောင် ကယ်မနိုင်ပေ၏။ အသန္တိ-တရားကင်းကွာသော သူယုတ်မာတို့နှင့်၊ ဗဟုသင်္ဂမော-ကြိမ်ဖန်များစွာ ပေါင်းဆုံမှီဝဲသော်လည်း၊ နပါလေတိ - ဘေးရန်မနှောက် ချမ်းသာရောက်အောင် မစောင့်ရှောက် မကယ်မ,နိုင်ပေ''

စသည် . . . စသည်ဖြင့်ပေါ့။ ဖေဖေရဲ့ရွတ်ဆိုသံကိုကြားပြီး ကျွန်မလည်း စိတ်ထဲမှာ . . .

'သူတော်ကောင်းတို့နှင့်သာ အစဉ်အမြဲ ပေါင်းဖော်ရပါလို၏။ တရားကင်းကွာ သူယုတ်မာတို့နှင့် မတွေ့မကြုံ မဆုံစည်းပါရစေနဲ့' . . . လို့ ဆုတောင်းရင်း အိပ်လိုက်ပါတော့တယ်။





နောက်မနက် မိုးလင်းလို့ (၇) နာရီ ထိုးတဲ့အချိန်မှာတော့ မိနိုင်ဖုန်းဆက်ပြန်ပါတယ်။

''ကြည်ပြာရေ . . . ပိုင်း ညက(၁၁)နာရီလောက်ကပဲ ဆုံးတယ်''

တဲ့လေ။

ကျွန်မ စိတ်မကောင်းဖြစ်မိသည်ကတော့ အမှန်ပင်။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးစွာ တွေးမိသေးရဲ့။ သူယုတ်မာတို့နှင့် မပေါင်းဖော်လိုတဲ့ ကျွန်မရဲ့ ဆုတောင်းတွေကြောင့်များ ပိုင်းဆုံးရလေသလား။

နောက်တော့မှ သူက သူယုတ်မာဆိုရင် ကျွန်မကကော . . . ကျွန်မကကော . . . ။

ကျွန်မကကော သူတော်ကောင်းတစ်ယောက် မဖြစ်နိုင်ပါ။ ဖေဖေ ညကဆိုခဲ့တဲ့ တရားစာထဲကအတိုင်း ပြောရရင်တော့ သူတော်ကောင်းဆိုရင် အကြောင်းအခွင့်ကြုံလို့ တွေ့ဆုံမှီဝဲရသူကို ဘေးရန်မနှောက် ချမ်းသာရောက်အောင် ကယ်မ,နိုင်မယ် မဟုတ်ပါလား။ ခုတော့ ဒေါသအလျောက် ရေရွတ်မိလို့ ပိုင်း ခုလိုဖြစ်ရလေသလား။

ကျွန်မအတွေးတို့သည် မလုံခြုံ၊ မရှင်းလင်းပါပေ။

ပိုင်းရဲ့အသုဘကို လိုက်ပို့တဲ့နေ့မှာတော့ ပိုင်းရဲ့သားကြီး(၇)တန်းအရွယ်နဲ့ သမီးငယ်(၅)တန်းအရွယ်လေးတွေကိုတွေ့တော့ ကျွန်မ ရင်နာလို့မဆုံး။ သူတို့ကို မကြည့်ရက်တော့ပါ။ ဒါကြောင့်မို့ ထုံးစံအတိုင်း ကမ်းလှမ်းလာတဲ့ ယပ်တောင်ကလေးက စာလုံးလေးတွေကို ငုံ့ဖတ်လိုက်မိတော့ . .

''ကံစေရာနောက် ကောက်ကောက်ပါအောင် ငါလိုက်ရပြီ။ ငါက အမှန် မလိုက်ချင်သေးပါ'' . . . တဲ့လေ။

ကျွန်မ ဝမ်းနည်းစိတ်တို့နဲ့အတူ ပါးပြင်မှာ မျက်ရည်ဥတို့ တစ်လိမ့်ချင်း တစ်လိမ့်ချင်း စီးဆင်းခဲ့ပါပြီ။

ဟုတ်ပေမယ်လေ . . . ပိုင်း အမှန်တကယ်ပဲ သေမင်းခေါ်ရာနောက်ကို လိုက်ချင်မှာမဟုတ်သေးပါ။ ငယ်တုန်းရွယ်တုန်း။ သူ့သား၊ သူ့သမီး



www.burmeseclassic.com

www.burmeseclassic.com



သူ့ချစ်လင်နဲ့ အတူနေချင်ရှာဦးမယ်လေ။ ကျွန်မ စိတ်ကိုထိန်းရင်း ယပ်တောင်က ကဗျာလေးကို ဆက်ဖတ်လိုက်မိတယ်။

"ဖွေရှာသိုမှီး၊ ပစ္စည်းရွှေငွေ၊ အထွေထွေနှင့်၊ ငါ့မြေငါ့အိမ်၊ စည်းစိမ်ဥစ္စာ၊ ရတနာကို၊ ငါက နံမင်၊ မစွန့်ချင်လည်း၊ ငါပင်စွန့်ရ၊ ပစ်ခဲ့ရပြီ၊ ငါက အမှန် မစွန့်ချင်သေးပါ။

• • • • • • • • • • • • • • • • • • • • • •

• • • • • • • • • • • • • • • • • • • • • •

အချိန်ပိုင်းလာ၊ နိုနားရာမှ၊ ပြန်လည်ကာလှမ်း၊ ဘဝကြမ်းပြင်၊ ခရီးနှင်ပြီ၊ ငါက အရင် သွားနှင့်ပြီ" . . . တဲ့လေ။

ကျွန်မရင်မှာ လွမ်းခြင်း၊ ဆွေးခြင်း၊ ဝမ်းနည်းခြင်းနဲ့ နောင်တတရားတို့ကား ဘယ်က ရောက်လာမှန်းမသိအောင် ပြည့်ကျပ်လှိုင်းထလို့ နေပါပြီ။ တကယ်ပဲ သူက အရင်သွားနှင့်တဲ့ ခရီးလေ။ ဒီခရီးကို မလွဲမသွေ လိုက်ရမယ့်လူချင်းအတူတူ ကျွန်မတို့တစ်တွေ အတ္တ၊ မာန၊ ဒေါသတွေကို မလျှော့ချနိုင်ကြပါလား။

ကျွန်မ ခုတလော ကြုံဆုံခဲ့ရတဲ့ အဖြစ်အပျက်တွေကို တွေးရင်း ညက အိပ်မက်ထဲမှာ အဘိုးပြောတဲ့စကားတွေကို တစ်လှည့်ပြန်လည်ကြားယောင်လာပါတော့တယ်။ အဘိုးပြောတဲ့ စကားတွေကတော့ . . .

"ငါ့မြေး . . . ငါ့မြေးက စိတ်ထားဖြူစင်ဖြောင့်မတ်ပါတယ်။ စိတ်စွမ်းအင်လည်း ပြည့်ဝတယ်။ ငါ့မြေး စိတ်ညွှတ်လိုက်တဲ့အရာတွေက ခဏချက်ချင်းပဲ ပြည့်တတ်တယ်။ အဲဒီလို စွမ်းအင်ပြည့်နေတဲ့ ငါ့မြေးရဲ့စိတ်အာရုံမှာ ဒေါသတွေ၊ အတ္တတွေ၊ မာနတွေကို လျှော့ချပါ။ ငါ့မြေးကို အဘိုးစိတ်မချတာ ဒေါသပဲ . . . ငါ့မြေး။

အာဟာရသိဒ္ဓိပြည့်ဝတဲ့ နတ်သုဒ္ဓါတောင်မှ အဆိပ်တစ်စက်လောက်ရောမိရင် စားမိသူကို ခဏချက်ချင်း သေစေနိုင်တယ်ကွယ့်။ ဘယ်လောက်ပဲ စိတ်ထားဖြောင့်ဖြောင့် ဒေါသတရားလွှမ်းမိုးလာရင် အကျိုးယုတ်





တတ်တယ်။ အဘပေးတဲ့ ကဗျာလေးကို ငါ့မြေး အမြဲရွတ်ပါ" . . . လို့ အဘက ပြောသွားတယ်လေ။ အဘပေးတဲ့ ကဗျာလေးကတော့ . . .

"အလွန်တရာ၊ မြိန်ရှက်စွာသား၊ သုဒ္ဓါဟုတ်လျက်၊ ဆိပ်နှင့်ဖက်သော်၊ ခဏလတ်လတ်၊ သေစေတတ်သို့" . . . တဲ့လေ။

ဩော် . . . အဘ . . . အဘ . . . ကျွန်မရဲ့ဒေါသကို ကျွန်မကိုးနှစ်သမီးကတည်းက သူသိခဲ့လို့ ဒေါသရဲ့ဆိုးကျိုးကို အဆင့်သုံးဆင့်နဲ့ ခွဲခြားပြခဲ့တာကိုး။ အခုလည်း အိပ်မက်ထဲကနေတောင် လာပြီး သတိပေးနေလေရဲ့။ အဘနဲ့ ကျွန်မရဲ့ ပါရမီရေစက်က ဘယ်လိုများ ဆုံစည်းလေသလဲ။ အဘိုးပြောတဲ့အတိုင်း ဒေါသကို ပယ်သတ်နိုင်အောင် ကျွန်မ အကြိမ်ကြိမ် အထပ်ထပ် ကြိုးစားရတော့မှာပေါ့။

နန်းရွှေရည်

www.burmeseclassic.com




[၁]

❑

''ဖွမ်း''

မော်တော်ဝမ်းထဲမှာ လှဲနေသော ဘုန်းမောင်တစ်ယောက် အသံလာရာဆီကို ခေါင်းထောင်ကြည့်လိုက်မိ၏။

လပြည့် ညလရောင်အောက်မှာ ဧရာဝတီမြစ်ရေပြင်ပေါ်မှာ လှိုင်းကြက်ခွပ်ကလေးတွေ တောက်ပထကြွနေ၏။ အသံဖြစ်ပေါ်ရာ မြစ်ရေပြင်က စက်ဝိုင်းပုံလှိုင်းဂယက် ပွက်ကျန်ခဲ့၏။ အကောင်အထည်ကို မမြင်ရတော့။

ငါးကြီးတွေ ထပွက်တာနေမှာပါလေဆိုပြီး မော်တော်ဝမ်းထဲမှာ လှဲနေရာက ဘုန်းမောင် လူးလဲထလိုက်၏။

''ဖွမ်း ...''

အသံကြားတာနှင့် ဖျတ်ခနဲကြည့်လိုက်တော့ လှိုင်းဂယက်မှာ ထဲငုပ်လျှိုးသွားသော ငါးမြီးနှစ်ခွကို လှမ်းတွေ့လိုက်ရ၏။ ငါးရွှေ၊ ငါးတန် လောက်ရှိမည့် ငါးကြီးတစ်မျိုးပါလား။ ဘာကြောင့် ဒီသောင်ပြင်ဘေးက ရေပြင်မှာ လာပွက်နေရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ရေထဲက လူတက်လာသံ ကြားလိုက်ရ၏။ သောင်က ရေလယ်ကောင်မှာ ထွန်းနေခြင်းပင်။ လူနေအိမ်ခြေမရှိ။ သောင်ပြင်အကျယ်ကလေးတာသာသာလောက်ပဲရှိ၏။ ကိုင်းပင်ချုံပုတ်တွေကလွဲလျှင် ဘာမှမရှိ။ ဒီသောင်မှာ လူရှင်း၍ ဘုန်းမောင်တို့သားအဖ စက်လှေကို တွန်းတင်နေဖြစ်ခြင်းပင်။

ဒီနေ့ည ဖခင်ဖြစ်သူက ရေနံဂျီးကုန်သွား၍ တစ်ဖက်ကမ်းကိုလှေနှင့် သွားယူနေ၏။ ဘုန်းမောင်တစ်ယောက်တည်း စက်လှေဝမ်းထဲလှဲပြီး ဖခင်ကို စောင့်မျှော်နေမိ၏။ ညစာအဖြစ် သောင်ခုံမှာ ချက်ပြုတ်စားသောက်ပြီးပြီ။ ငါးပိချက်နဲ့ ဟိုဖက်ကမ်းအခင်းက သွားတောင်းထားသောသခွားသီးနဲ့ပေါ့။

သခွားသီးတွေက ပိုးသတ်ဆေးဖြန်းထား၍ ရေသုံးလေးခါဆေးပြီး စားရ၏။ မရှိတဲ့ဘဝမှာ လုပ်စားကိုင်စားရတာလည်း မလွယ်။ ဘုန်းမောင်စက်လှေဝမ်းထဲမှ ထကြည့်လိုက်သောအခါ သဲသောင်ရေစပ်မှာ ထိုင်နေသည့်လူတစ်ဦး။ သေချာကြည့်လိုက်မှ ဘုန်းမောင် မျက်လုံးပြူးကျယ်သွား၏။ ခါးအပေါ်ပိုင်းက ဆံပင်ရှည်ရေစိုနှင့် လူအတိုင်းပင်။ အောက်ပိုင်းကငါးအမြီးကြီး။ ဂစ်တာရှိတ်လို သွယ်သားသော ငါးခန္ဓာကိုယ်အောက်ပိုင်းနှင့်နှစ်ခွငါးအမြီးကြီး၊ ဖလပ်၊ ဖလပ်နှင့် ငွေယမ်းနေ၏။

ဘုန်းမောင်တော် လှေပေါ်က အသာဆင်းပြီး သဲသောင်ပေါ်ပြီး တွားသွားကာ အနီးကပ် သွားချောင်းလိုက်၏။ ကိုင်းချုံပုတ်လေး အကွယ်ကနေ လှမ်းကြည့်လိုက်၊ ဆယ့်ငါးပေခန့်သာ ဝေးတော့၏။

ဆံပင်ရေစိုတွေကို လက်နှင့်သပ်နေသော ရေသူမ့်အပေါ်ပိုင်း ဗလာကျင်း။ ရင်သားမို့မို့၊ အောက်ပိုင်းက မိန်းမတစ်ဦးရဲ့ ပေါင်တံနှစ်လုံးငါးအမြီးပိုင်း။

အံ့ဩလွန်းလို့ အသံတောင်ထွက်သွားမှာစိုး၍ ကိုယ့်လက်ကို ပါးစပ်နဲ့ ကိုက်ထားရ၏။





ရေသူမဆိုတာ ပုံပြင်၊ ဒဏ္ဍာရီတွေထဲမှာပဲ ရှိတယ်ထင်နေတာ။ အပြင်မှာ အရှင်လတ်လတ်တွေ့လိုက်ရမှ တကယ်ရှိတာ ယုံသွားရ၏။ မြန်မာပြည်ရဲ့ . . . . မုန်တိုင်းကြောင့် သောင်လာတင်နေသော ရေသူမ အသေတစ်ကောင်ကို ဓာတ်ပုံရိုက်ကူးထားနိုင်ခဲ့ကြောင်း သတင်းတစ်ပုဒ်မှာ ဘုန်းမောင် ဖတ်ခဲ့ဖူး၏။

ရေသူမက သူမဆံပင်တွေကို လိပ်ခွံဘီးဖြင့် မိန်းမတွေဘီးစောင်းပြီးသလို ဖြီးနေ၏။ ဒီသောင်မှာ သူတစ်ယောက်တည်း ရှိပုံမျိုးနှင့်။

စက်လှေကို သူမ မြင်မှာပင်။ စက်လှေက လူတွေနှင့် တစ်ဖက်ကမ်းကူးသွားတာ တွေ့ထား၍လားမသိ။ ဘယ်သူမှ မရှိဘူးထင်ပြီး အေးဆေးလွတ်လပ်စွာ သောင်ရေစပ်မှာ ထိုင်နေခြင်းပင်။ ရေသူမဘက်အခြမ်း သဲသောင်က အောက်ရှိပြီး ရေနက်၏။ တခြားဘက်တွေက သဲသောင်ပြန့်ကျယ်၏။

ရေတွေဖုံးနေသော်လည်း သောင်အဆုံးမှာ ဒူးခေါင်းမြုပ်သည်အထိသွားလို့ ရသေး၏။ ရေအောက်မှာ သောင်အပြန့်ကျယ် ရှိနေသောကြောင့်ပင်။ ရေသူမရဲ့မျက်နှာကို အနီးကပ်ကြည့်ချင်၍ ဘုန်းမောင် တွားသွားပြီးအနားကို ကပ်သွား၏။ ရေသူမက လူနံ့ရသွားပုံရ၏။ ဆတ်ခနဲ လှည့်ကြည့်ရာ သောင်မှာ ရှင်းရှင်းကြီး ပြားပြားဝပ်နေသည့် ဘုန်းမောင်ကို တွေ့သွား၏။ ချက်ချင်းပင် ရေထဲကို . . .

'ဗွမ်း' ခနဲ ငုပ်ဆင်းသွားလေသည်။ ဘုန်းမောင်အနေနှင့် ဖခင်ကိုလည်း ပြလိုက်ချင်သေး၏။ ရေသူမက ဘုန်းမောင်အဖေ ဦးစိန် လှေလှော်ပြန်လာတာမြင်တာနှင့် ရေထဲပြန်ငုပ်မှာပင်။ သူတို့လည်း လူမြင်မခံကြ။ ဘုန်းမောင်သာ ဘုန်းကံကြီးလွန်းလို့ မြင်ရခြင်းဖြစ်လိမ့်မည်။ ညသန်းခေါင်ကျော်မှာ ဦးစိန် လှေနဲ့ရောက်လာတော့ ဘုန်းမောင် ပြောပြ၏။ ဦးစိန်ကလုံးဝ မယုံ။

"ဟောကောင် . . . အိပ်ချင်မူးတူးနဲ့ မြင်ချင်ရာမြင်ခဲ့တာ ဖြစ်လိမ့်မယ်။ ဟိုဘက်ကမ်းရောက်ရင် မင်းအပေါင်းအသင်းတွေ လျှောက်မပြောနဲ့။



www.burmeseclassic.com

www.burmeseclassic.com



မင်းကို သောက်ရူးထင်သွားလိမ့်မယ်။ ငါ ရေလုပ်ငန်းလုပ်လာတာ ဒီအရွယ်အထိ ရှိနေပြီ။ တစ်ခါမှ ရေသူမ မမြင်ဖူးဘူး''

နောက်တစ်နေ့ မိုးလင်းတဲ့အထိ ရေသူမ ပေါ်မလာတော့။ ဘုန်းမောင်လည်း ဒီဘက်ကမ်းကိုကူးပြီး ဈေးမှာ လိုအပ်တာ ဝယ်ခြမ်း၏။ သူငယ်ချင်းတွေနှင့် ဈေးထိပ်လက်ဖက်ရည်ဆိုင်မှာဆုံတော့ ရေသူမအကြောင်း ပြောဖြစ်သေး၏။ ဘယ်သူမှ မယုံကြ။ ရပ်ကွက်ထဲပြန်ပြီး အိမ်မှာ လိုအပ်တာပြန်ယူ၊ ပစ္စည်းတွေကို ပီနန်အိတ်ကြီးထဲ စုထည့်ပြီး လှေဆိပ်ကို ပြန်ထွက်လာတော့ လူမိုက်ထွားကြီးတို့အဖွဲ့နှင့် သွားတိုး၏။

''ဟေ့ … ငစိန်သား၊ မင်းတို့သောင်မှာ လွန်းတင်နေတာလားကွ''

''ဟုတ်တယ်''

''ငါတို့ ဒီည လာခဲ့ဦးမယ်။ ပျော်ပွဲစား ထွက်မှာပေါ့ကွာ။ အရက်နဲ့ကြက်ယူခဲ့မယ်။ ချက်ပြုတ်ဖို့ ပြင်ထားလို့ မင်းအဖေငစိန်ကို ပြောလိုက်။ မင်းသောက်ချိုးနဲ့ လေသံကိုလည်း ပြင်ထား။ မပြင်ရင် နားရင်း ရိုက်ခံရမယ်''

ထွားကြီးတို့ လူမိုက်လေးယောက်အဖွဲ့ကို ရပ်ကွက်ထဲက လူတွေရှောင်ကြ၏။ သေမထူး၊ နေမထူး၊ လူဆိုးလူမိုက်တွေ။ ဝက်သတ်၊ ကြက်သတ်၊ နွားပေါ်ရမှာဆိုရင် လက်မနှေးကြ။ ရန်ဖြစ်ရင်လည်း ဟိုလူ့ရိုက်ခွဲ၊ ဒီလူ့ထိုးကြိတ်နဲ့။ မြို့ငယ်လေးထဲက ပိုက်ဆံရှိပြီး အကျင့်မကောင်းသော ဦးမာလှိုင်ရဲ့ အရိုန်နဲ့ ထောင်နေတဲ့ ကောင်တွေပေါ့။ ဘာမဆို ဦးမာလှိုင်က လိုက်ရှင်းပေး၏။ ဦးမာလှိုင်လိုအပ်တာဆိုရင်လည်း သူတို့က ရှေ့ဆုံးက မိုက်ပြကြ၏။

ဦးမာလှိုင်က အရက်ဆိုင်၊ ကြက်ဝိုင်း၊ လောင်းကစားဒိုင်ချုပ်ကြီး။ ထွားတို့အဖွဲ့ကို လက်သပ်မွေးထား၏။ လူမိုက်ချင်းပေါင်းပြီး လူတွေအပေါ်မှာ ဗိုလ်ကျအနိုင်ကျင့်နေ၏။ မဆိုးဖိုဖခင်ကြီး ဦးစိန်ကလည်း ဒီကောင်တွေနဲ့ ပတ်သက်ရင် ဝေးဝေးရှောင်နိုင်းထား၏။ ရန်စလည်း ပြန်မလုပ်နဲ့။ ပြန်မပြောနဲ့။ လွတ်အောင်ရှောင်။ ဘုန်းမောင်က လူငယ်ဆိုတော့ ဒေါသ





ထောင်းခနဲ ထွက်သွား၏။ သို့ကြောင့် ခွေးနဲ့ဖက်ကိုက်ရင် ကိုယ်ပါ ခွေးဖြစ်မည်ကို တွေးမိပြီး ဘာမှ ပြန်မပြောတော့။

ထွားကြီးတို့လေးယောက်အဖွဲ့က ခွေးထက်မိုက်တဲ့ကောင်တွေ။ ရဲသွားဖို့ ပတ်(စ်)ပို့၊ ဗီဇာအော်တိုမတ်တစ် ကျထားပြီးသူတွေလေ။

သာယာအေးချမ်းသော သောင်ခုံပေါ်ကို လာရှုပ်ပြီး သောင်းကျန်းကြဦးမည်။ လှေကလေးကို လှော်ပြီး တစ်ဖက်ကမ်းကို ကူးပေးလိုက်တော့၏။ လူမိုက်ဆိုတာ သက်ဆိုးရှည်တတ်သတဲ့။ နောက်နောင် ဘယ်တော့မှ လူပြန်မဖြစ်ကြတော့ဘူးလေ။

✿ ✿ ✿

[ ၂ ]

❏

''ဒီကောင်တွေ သိပ်ယုတ်မာပက်စက်တဲ့ ကောင်တွေကွ။ ဒီညဆိုရင် တို့သားအဖ ရှောင်နေတာ ပိုကောင်းမယ်။ ဒီစက်လှေက ဦးမာလှိုင်ရဲ့ညီ ဦးသာလှိုင်ရဲ့ စက်လှေမှန်း သူတို့သိတယ်။ ဒီစက်လှေကိုတော့ ဖျက်ဆီးကြမှာမဟုတ်ဘူး''

''အဖေကလည်းဗျာ ယောက်ျားချင်းပဲ။ ကိုယ့်ကို မတရားလုပ်ရင် ပြန်ဆော်မှာပေါ့။ ဘာလို့ ရှောင်ရမှာလဲ''



www.burmeseclassic.com

www.burmeseclassic.com



''မင်းမသိပါဘူးကွာ။ လွန်ခဲ့တဲ့ ငါးနှစ်လောက်က ဒီသောင်ပေါ်မှာ မောင်ကွန့်နဲ့ ဒွေးမေတို့ တံငါလုပ်တဲ့ လင်မယားနှစ်ယောက် တဲထိုးပြီး လာနေဖူးတယ်ကွ။ ဒွေးမေက လုံးကြီးပေါက်လှ။ မောင်ကွန့်ကလည်း ရုပ်ကွက်ထဲမှာ သူ့မိန်းမကိုထားပြီး ငါးဖမ်းထွက်ရမှာ စိတ်မချလို့ သောင်မှာ ခေါ်ထားတာ။

ရပ်ကွက်က ဖြုတ်စဗျင်းတောင်းဆိုတော့ မိန်းမတွေက ဖဲဝိုင်းထိုင်၊ အရက်သောက်၊ ယောက်ျားတွေက ကလေးထိန်း၊ ထမင်းချက်၊ လင်ရင်လစ်သလို လိုက်ခိုးနှင့် သူ့မယားကိုယ်တက်၊ ကိုယ့်မယားသူတက်နဲ့ စရိုက်ဆိုးတဲ့ ရပ်ကွက်ပေါ့ကွာ။ အဲဒါကြောင့် သူ့မိန်းမဒွေးမေကို သောင်မှာခေါ်ထားတာကွ''

''အဖေ ... ငထွားတို့ အကြောင်းပြောနေရာက အဲဒီမောင်ကွန့်တို့အကြောင်း ဘယ်လို ရောက်သွားရတာလဲ။ ဟိုးဘက် ကွက်သစ်ပျံကျပိုင်က ကိုမောင်ကွန့်တို့လင်မယားလား''

''အေး ... ဟုတ်တယ်၊ ငထွားတို့အဖွဲ့ တစ်ညသားမှာ သန်းခေါင်ကျော်ကြီး သောင်ဘက်ကို ကူးလာတယ်။ မောင်ကွန့်က ပိုက်ဆံပိုရတဲ့ ဖောင်မျှောတဲ့အလုပ်ကို လက်ခံပြီး ဖျာပုံနဲ့ ဘုန်းကြီးသောင်အရောက် ဖောင်မျှောထွက်သွားတယ်။ ဒွေးမေတစ်ယောက်တည်း ရှိတဲ့အချိန်ပေါ့။ ငါက ငထွားတို့အဖွဲ့ အရက်ဆိုင်မှာ တီးတိုးတိုင်ပင်နေတာကြားလို့ သူတို့ စက်လှေနောက်က ငါ့လှေနဲ့ လှော်လိုက်သွားတာ။ သောင်ရောက်ပြီး ဒွေးမေကို အဓမ္မကျင့်ပြီး မူးရူးပျော်ပါးနေကြတာ။ ငါ ရောက်သွားတာ နောက်ကျလွန်းလို့ မကယ်လိုက်နိုင်ဘူး။ ငါ့မှာကလည်း ဓားမြှောင်တစ်ချောင်းပဲပါတယ်။

ငထွားကြီးက ဒွေးမေကို ဟိုကားတွေထဲကလို မဟုတ်တာတွေလုပ်တော့ ဒွေးမေက ကိုက်ပစ်လိုက်ရော ငထွားကြီး စိတ်ထွက်ပြီး ဒွေးမေကို ရေထဲအတင်းဆွဲချ ရေနှစ်သတ်ပစ်လိုက်တယ်လေ။ သေရော ...။ ငါက ဒီဘက်ကမ်းမှာ လှေကပ်ပြီး လှမ်းမြင်နေရတာ။ ဒီကောင်တွေ ခြေရာလက်ရာဖျောက်ပြီး ပြန်သွားကြတယ်။ ဒွေးမေအလောင်းက ဒီကောင်တွေ သဲအိတ်





တွေဆွဲပြီး ရေအောက်နှစ်ပစ်လိုက်ပြီ။ ငါလည်း ဘာမှ မတတ်နိုင်တော့ဘူး။ ဒီအကြောင်းတွေ ဘယ်သူ့ကိုမှလည်း မပြောရဲဘူး။ ကျော်ကွန့်ပြန်လာအောင်စောင့်တာ ကျော်ကွန့်လည်း ပေါ်မလာတော့ဘူး။ ပင်လယ်ထဲ ငါးဖမ်းလိုက်တဲ့ စက်လှေနဲ့ ငွေထပ်ရှာချင်လို့ လိုက်သွားတာ ဒီနေ့ထက်ထိ ပေါ်မလာတော့ဘူး''

''အဲဒါ အမှုတွေ ဘာတွေ မဖြစ်ဘူးလား ... အဖေ''

မဖြစ်လိုက်ဘူး။ ကျော်ကွန့်တစ်ယောက် ပင်လယ်ဖက်ကို ပြောင်းသွားတာ။ သူ့မိန်းမပါ ခေါ်သွားတယ်လို့ လူတွေက ထင်နေကြတာ။ အမှန်တော့ မဟုတ်ဘူး။ ဒွေးမေကို သတ်ပစ်ကြတာ။ အဲ့လောက် ယုတ်မာရက်စက်တဲ့ကောင်တွေ။ ဒါကြောင့် ဒီသောင်မှာ ကယ်မဲ့သူမရှိ၊ တို့သားအဖသူတို့ပြုသမျှ နရမှာစိုးလို့ ရှောင်ချင်တာကွ ... ငါ့သားရ''

ဘုန်းမောင်ရင်ထဲ စိုးရိမ်သောကဖြစ်သွား၏။ ဦးစိန်ကျော လုပ်လက်စအလုပ်ကို ရပ်တန့်ပစ်လိုက်၏။

''ဒွေးမေဆိုတာ ... ဟုတ်ပြီ ... ကျွန်တော် ရေသူမကို ဟော့ဒီလောက်နီးနီးလေးက လှမ်းမြင်ရတုန်းက ရေသူမမျက်နှာ မြင်ဖူးပါတယ်လို့ ထင်နေတာ။ ဒွေးမေနဲ့တူတဲ့ ရေသူမ ဖြစ်နေတာကိုး။ ဒွေးမေ အပျိုတုန်းက မုန့်စိမ်းပေါင်း လိုက်ရောင်းတယ်လေ။ ကျွန်တော် သုံးလေးခါ ဝယ်စားဖူးလို့ မှတ်မိနေတာ ... အဖေရ''

''အေးလေ ... ဒါဆို ဒွေးမေသေပြီး ရေသူမများ ဖြစ်နေတာလားဟ ... ဒါမှမဟုတ် ကိုက်ဆိုင်တာများလား''

သားအဖနှစ်ယောက် အလုပ်ဆက်မလုပ်ဖြစ်ဘဲ ထိုင်ပြီး တွေဝေနေကြ၏။ သောင်ခုံလူရှင်းတဲ့ပေါ်အထိအောင် ငထွားတို့အဖွဲ့က လိုက်ဒုက္ခပေးဦးမည်တဲ့။ သားအဖနှစ်ယောက် ကောက်ညှင်းပေါင်းနှင့် အကြော်သာစားလိုက်၏။ ချက်ပြုတ်စားမနေတော့။ ဒီည ရှောင်ကြမည်။ တစ်ဖက် အင်းကိုက်ခင်းတွေရှိတဲ့ဘက်မှာ ညသွားအိပ်ကြမည်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ထွေးကို တစ်ညရှောင်တာရတယ်။ နောက်ညတွေ ဆက်လာရင် ဘယ်လိုလုပ်မလဲ"

"ဆက်ရှောင်ကြတာပေါ့ကွာ။ သူတို့ စက်လှေသံကြားတာနဲ့ တို့လှေနဲ့ ဟိုဘက်ကမ်း ကူးပြေးကြမယ်လေ။ လွတ်ပါတယ်။ သူတို့က သောင်ကို ကွေ့ပတ်လိုက်နေရမှာ"

"ဒီအလုပ်ပြီးသွားရင် ကျွန်တော်တို့နေတဲ့အိမ်ကို ပြန်တော့ ထွေးတို့အဖွဲ့နဲ့ ပြန်တွေ့ရင် ပြန်ရစ်ပွားပြီး ပြဿနာရှာဦးမှာပဲ"

လူမြင်ကွင်းမှာဆိုတော့ အဆိုးကြီး မလုပ်နိုင်ဘူးပေါ့ကွာ။ ပြီးတော့ ဦးသာလှိုင်ကို အကျိုးအကြောင်းပြောပြရင် ဦးသာလှိုင်က ဦးမာလှိုင်ကို သွားပြောလိမ့်မယ်။ ဦးမာလှိုင်က မောင်စိန်တို့သားအဖကို ပြဿနာသွားမရှာနဲ့လို့ တစ်လုံးတည်း ဟောက်လိုက်တာနဲ့ ထွေးတို့ ကြောက်တယ်။ နောက်တွန့်နောက်ဆုတ်သွားလိမ့်မပေါ့ကွာ"

ဘုန်းမောင် အံတင်းတင်း စေ့ကြိတ်မိ၏။ လူမိုက်တွေကို မီးလောင်တိုက်သွင်းပစ်ချင်စိတ်က ရင်ထဲမှာ တဟုန်းဟုန်း ထတောက်နေ၏။

✿ ✿ ✿

|၇|

❑

ညရောက်သောအခါ သားအဖနှစ်ယောက် အရှေ့ဘက်ကမ်းကို လှေဖြင့် ကူးသွားကြ၏။ ထွေးကြီးတို့က အနောက်ဘက်ကမ်း မြို့နယ်ကလေးက လာကြမှာဖြစ်၏။ အရှေ့ဘက်ကမ်းမှာတော့ စိုက်ခင်းတွေသာ တပြန့်တပြော ရှိ၏။ သခွားခင်းထဲမှာ စိုက်ခင်းရှင် အသိတစ်ယောက်ရဲ့ အခင်းစောင့်တဲရှိ၏။ အဲ့ဒီတဲမှာ သွားအိပ်ကြ၏။

သောင်ဘက်ကမ်းကို ဘုန်းမောင်သွားကြည့်တော့ ည (၁၀) နာရီကျော်လောက်မှာ ပုံချိတ်တစ်စင်း ထိုးဆိုက်နေတာ တွေ့ရ၏။ ထွေးကြီးတို့အဖွဲ့ပဲဖြစ်မယ်။ ဘုန်းမောင်တို့သားအဖကို လိုက်ရှာနေကြပုံပေါ်၏။ နာရီဝက်လောက်ကြာမှ မီးမွှေးနေတာ တွေ့ရ၏။ ဘုန်းမောင်တို့ သယ်ထားသော ထင်းတွေနှင့် မီးမွှေးပြီး ဘုန်းမောင်တို့ရဲ့ အိုးခွက်တွေနှင့် ချက်ပြုတ်စားကြတော့မည့်ပုံ ပေါ်၏။

ဦးစိန်က အခင်းရှင်ဦးမြင့်မြိမ်းနှင့် စကားပြော အဖန်ရည်သောက်ပြီး အိပ်ရာဝင်သွား၏။ ဘုန်းမောင် မအိပ်နိုင်သေး။ မြောက်ဘက်ရေစပ်ဘက်



www.burmeseclassic.com

www.burmeseclassic.com



မှာ လူရိပ်တစ်ရိပ်ကို ပျပျလေး လှမ်းတွေ့ရ၏။ မြောက်ဘက်သောင်စပ်မှာ ငါး အမြီးပေါ်အောင် ရေကူးလာရာက ရေစပ်မှာ ထရပ်လိုက်သောအခါ ဝတ်လစ်စလစ် မိန်းမတစ်ယောက်ဖြစ်သွား၏။

အဲ့ဒီမိန်းကလေး ဘုမသိဘမသိနဲ့ ဒုက္ခရောက်တော့မည်။ ရေသူမ သာဆိုလျှင် လူသံကြားတာနဲ့ ပြေးပြီ။ သူမက ရေထဲကတက်လာပြီး တောင်ဘက်အစပ်မှာရှိသော မီးပုံရှိရာကို တစ်လှမ်းချင်း လျှောက်လာနေ၏။ ဘုန်းမောင် မနေသာတော့။ နှမချင်းစာနာပြီး ကိုယ်ချင်းစာစိတ်ဖြင့် ကဲပြန်ပြေးကာ ဓားမြှောင်နှင့် လေးခွအိတ်ကို ယူပြီး ကမ်းကို ပြေးဆင်း၏။

လပြည့်ကျော်ရှိရှိသေးသော လရောင်အောက်မှာ နေ့ခင်းအလား အပြာနှင့် အဝါရောသော အလင်းဖြင့် မြင်တွေ့နေရ၏။ လရောင်ဟပ်သော ရေပြင်ကလည်း တဲလှပ်ရိပ်တွေ ငွေမင်လို ယိုင်နွဲ့လှိုင်းထပ် စီးဆင်းနေ၏။

လှေကို လှော်ခတ်၏။ သွက်သွက် အားစိုက်လှော်ရ၏။ ရေစီးကြောင်းကို ဆန်တက်ရ၏။ ဒီပြန်ကျချိန်နှင့်ကြုံလျှင် အထက်ဆန်တက်လှော်ပြီး အလိုက်သင့် စီးမျှောချလိုက်ရုံနဲ့ အရှေ့မြောက်ထောင့် သောင်စပ်ကို ရောက်သွားရတော့၏။

သောင်ပြင်ဘေး ကိုင်းချုံပုတ်တွေထဲ ဘုန်းမောင် ပြေးဝင်သွား၏။ သောင်ပြင်အတိုင်း တောင်ဘက်ကို သွားကြည့်လိုက်သောအခါ ရင်သပ်ရှု မောဖွယ်ရာ မြင်ကွင်းကို ထိတ်လန့်ဖွယ်ရာ တွေ့လိုက်ရတော့၏။

မီးပုံဘေးမှာ အရက်ဂါလံပုံးနှင့် ကြက်သားအိုးက မီးဖိုပေါ်မှာ ထွားနဲ့ သူ့လူတွေဖြစ်သော အောင်မင်း၊ ပြည့်၊ စိုးတို့တတွေ ဝတ်လစ် စလစ်နဲ့ ရေစိုရွှဲလျက်သား ရောက်လာသော မိန်းကလေးကို တအံ့တသြ ကြည့်နေကြ၏။ ထွားက လူကောင်ထွားထွားနှင့်မို့ ဗလအားကိုးနှင့် ရှူးမိုက် သူပီပီ မိန်းကလေးဆီကို တိုးကပ်သွား၏။ ကျန်တဲ့ကောင်တွေက မိန်းကလေး ကို ပတ်ဝိုင်းလိုက်ကြ၏။

ဘုန်းမောင် ရန်တုန့်သွားပြီး လွယ်အိတ်ထဲက လေးခွနှင့် လောက် စာလုံးလေးငါးလုံး လက်ထဲ ဆုပ်ကိုင်လိုက်၏။ အန္တရာယ်နှင့် တကယ်ရင်





ဆိုင်ရမည်ဆိုသောအခါ လူသားပီပီ စိတ်လှုပ်ရှား တုန်ယင်လာ၏။ ကြောက်ချင်သည့်စိတ်နှင့် ရဲရင့်သည့်စိတ်တို့ အပြိုင် လွန်ဆွဲနေကြ၏။ ဘာပဲဖြစ်ဖြစ် လူယုတ်မာတွေ လက်ထဲက ဒီမိန်းကလေးကို ကယ်ရမည်။ သူမက ရေသူမ ဖြစ်ပြီး အစွမ်းရှိနေရင်တော့ တစ်မျိုးပေါ့။ တခြားရေနစ်ရာက မျောလာပြီး အသက်ပြန်ရှင်လာသော ဒုက္ခသည် မိန်းကလေးဆိုရင်တော့ မဖြစ်မနေ စောင့်ရှောက်ကူညီမှ ဖြစ်လိမ့်မည်။

နို့မို့ . . . ခွေးအတွေ အုပ်လိုက်ဝိုင်းဆွဲခံရသော သားကောင် ဖြစ် သွားလိမ့်မည်။ လေးခွနှင့် ကောင်းကောင်းပစ်ခတ်နိုင်သော အနေအထား ရောက်အောင်တွားပြီး တိုးကပ်သွားလိုက်၏။ စက်လှေရဲ့ ဖင်မြီးပိုင်းနှင့် ကွယ်နေ၍ စက်လှေရဲ့ ဦးပိုင်းဘက်မှာရှိနေသော ဒင်းတို့တတွေ မသိကြ။

ဆယ့်နှစ်ပေလောက်သာကွာတဲ့ အထိနီးကပ်နေပြီ။ ထွားက . .

"ဒီကောင်မ . . . မသေဘူးကွ . . . ဒါမှမဟုတ် သေပြီးတော့ တို့ကို လာခြောက်နေတာ ဖြစ်လိမ့်မယ်။ ဟား . . . ဟား . . . ဟား . . . မူးနေတဲ့အချိန်မှာ သရဲမလည်း မထားဘူး။ ဆွဲဝါးပစ်မယ်။ အောင်မင်းနဲ့ စိုးရေ . . ."

"ဒါပေါ့ . . . ဘယ်အလွတ်ပေးလို့ရမလဲ။ ပြည့်တို့က ဒါမျိုးဆို သေချင်သေပါစေ . . . ကျုံးမှာပဲ"

သူတို့အချင်းချင်း ပြောဆိုပြီး ရယ်နေကြ၏။ တဏှာအခိုးပြန်နေသော သူတို့မျက်နှာတွေကို လရောင်ဖွေးဖွေးမှာ ရေးရေးမြင်နေရ၏။ ဆံပင် အလျားရေစိုနှင့် ရင်သား၊ တင်သား ခါးသိမ်လေးပေါ်လွင်အောင် စုံရပ်နေသော မိန်းကလေးက လေးယောက်စလုံးကို လက်ညှိုးလေးတွေနဲ့ လက်ယပ် ခေါ်လိုက်၏။ ပြည့်က မှိုင်းမိသူလို တရွေ့ရွေ့နှင့် မိန်းကလေးအနားကို ရောက်သွား၏။

မိန်းကလေးက ပြည့်ကို လက်မြှောက်ပြီး အနားခေါ်လိုက်၏။ ပြည့် အနားရောက်သွား၏။ မိန်းကလေးနှင့် ပြည့်တို့ ပူးကပ်သွား၏။ မြင်



www.burmeseclassic.com

www.burmeseclassic.com



နေရတာ ရှင်းရှင်းလေးပင်။ မျက်လုံးပြူလိုက်သလိုပင်။ ပြေည့်တစ်ယော
တည်းဖြစ်သွား၏။ မိန်းကလေး ပျောက်သွား၏။

''ဟာ . . . ပေါ့ကောင်တွေ . . . ဒီကောင်မ ငါတို့ကို ခြောက်
ကွ။ ကြောက်မယ် မှတ်နေသလား။ ဘယ်ရောက်သွားပြီလဲ။ လိုက်ရှာ
စမ်း။ ဒီတစ်ခါတွေ့ရင် အလွတ်မပေးနဲ့''

ဟိုဘက် ဒီဘက် ဓာတ်မီးတွေနှင့် ထိုးပြီး လိုက်ရှာကြ၏။ အမှန်
လရောင် ဖွေးဖွေးအောက်မှာ ရှင်းနေတာပင်။ ကိုင်းပင်တွေကလည်း
လှမ်းလှမ်းမှာသာ ရှိ၏။ စက်လှေကြီးသာ အနားမှာ ရှိ၏။ ပြေည့်က . . .
တဟင်းဟင်းနှင့် ရယ်တာလိုလို၊ ငိုတာလိုလို အသံပေးပြီး မိန်းမပုံစံ
ကလှုပ်ရှားမှုဖြင့် . . .

''ရှာမနေနဲ့ . . . ငါဒီမှာ''

''ပေါ့ကောင် . . . ပြေည့် . . . မင်း ဘာပြောလိုက်တာလဲ''

''မင်းကို သတ်တော့မယ်''

''ဘာကွ . . . ငါ စိုးလေ၊ အချင်းချင်းကို မင်းက ဘာ
ပြောတာလဲ။ ဆရာထွား . . . ကြည့်ပြောပါဦး''

''ဟိတ်ကောင် . . . ပြေည့်''

''ဘာလဲ . . . ခွေးမသားကြီး''

''ဘာကွ . . . မင်းက ငါ့ကို ပြန်ဆဲတယ်''

''ဆဲတယ်ကွာ . . . ဘာဖြစ်လဲ''

''ခွေးမသား . . . သေစမ်း''

ထွားက ပြေည့်ကို ပြေးထိုး၏။

''ခွပ်''

ပြေည့် သဲသောင်ပေါ် ပစ်လဲသွား၏။ ချက်ချင်း ပြန်ထလာ
ထွားက ရင်ဝကို ပြေးဆောင့်ကန်၏။ ပြန်လဲ၏။ ပြန်ထလာပြန်၏။

ထွားက ခြေထောက်နှင့် ဖြတ်ကန်မည်ပြုတော့ စိုးက ကြား
တား၏။

---

စိတ်ကူးသစ်စာပေ



''ဆရာထွား . . . အချင်းချင်းတွေ လွန်မယ် ဒီကောင့်ပုံကြည့်ရ
တာ မူမမှန်ဘူး။ ဟိုကောင်မ ဒီကောင့်ခန္ဓာကိုယ်ထဲ ဝင်ပူးနေတာပဲဖြစ်ရ
မယ်''

အောင်မင်းကလည်း ဟုတ်တယ်ဟု ထောက်ခံပြော၏။ ပြေည့်က
မျက်ပြူးပြန်ရယ်ပြီး . . .

''နင်တို့ကို လက်စားချေဖို့ ငါ ဒီမှာ စောင့်နေခဲ့တာကြာပြီ။ နင်
တို့ကြောင့် ငါ့လင်နဲ့ငါ ကွဲခဲ့ရတယ်။ ငါ့ကို နင်တို့သတ်တယ်။ နင်တို့ကို ငါ
ပြန်သတ်မယ်''

ပြေည့်တစ်ယောက် လက်နှစ်ဖက်စွန်ရဲ့ လက်သည်းလို ဖြစ်ပြီး
အောင်မင်းရဲ့လည်မျိုကို ပြေးကုပ်ထား၏။

''အား . . . အ . . . အစ် . . . ဂစ် . . .''

စိုးနှင့် ထွားက ပြေည့်ကို အတင်းဝင်ဆွဲပြီး လည်ပင်း ညှစ်
ထားတာ လွတ်သွားအောင် လုပ်၏။ လွတ်မသွား။ အောင်မင်းရဲ့ လည်ပင်း
ကို ညှစ်ထားရာက ကျန်လက်တစ်ဖက်ဖြင့် ဖော်ကို ချိုးချလိုက်၏။

'ဂွတ်'ခနဲ အသံကြီးပါ ကြားလိုက်ရပြီး အောင်မင်း သဲသောင်ပေါ်
ခေါင်းကြီးပြုတ် လဲကျသွား၏။ ထွားက ပြေည့်ကို နောက်ကနေ သိုင်းချုပ်
ထား၏။ စိုးက ပြေည့်ကို ဒေါသနှင့် ပိတ်ထိုး၏။ ပြီးမှ လဲနေသော အောင်
မင်းကို ဆွဲထူမကြည့်နေ၏။

ပြေည့်က ထွားရဲ့လက်ကို ကုန်းကိုက်ပစ်၏။ ထွားရဲ့ မချိမဆန့်
အော်သံကြီးက ရေပွက်သံအလား။ ထွား လွှတ်ပေးလိုက်ရသည်နှင့် ပြေည့်
ထွက်ပြေး၏။ ကိုင်းချုံပုတ်ထဲကို ပြေည့် ဝင်ပြေးသွား၏။ ထွားက . . .

''အဲ့ဒီကောင်ကို . . . သတ်ပစ်။ လှေဝမ်းထဲက ဓားသွားယူ ဓား
ကောက်ရှိတယ်။ တုတ်တွေလည်း ရှိတယ်။ အား . . . ငါ့လက်ကို ကိုက်သွား
တယ် . . . ငါ . . . မသား''

ထွားရဲ့ ပယ်ပယ်နယ်နယ် ဆဲဆိုသံကြီး အတိုင်းသား ထွက်ပေါ်
လာ၏။ စိုးက တုတ်တွေ၊ဓားတွေ ပဲချိတ်ဝမ်းထဲက ပြေးယူ၏။ ထွားက
အောင်မင်းကို ခြေထောက်နဲ့ ပိတ်ကန်ပစ်ပြီး . . .

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အ,တဲ့ နံ့ဖုံကောင် သေတာတောင် နည်းသေးတယ်"

ဂေါ်ရခါးစားကောက်ကြီး ထွေးလက်ထဲ ရောက်သွား၏။ စိုးက မန်ကျည်းနှစ်သားနှင့် လုပ်ထားသော တုတ်လုံးအတုတ်ကြီးကို ကိုင်ဆွဲကာ ချုံပုတ်ထဲ ပြေးဝင်လိုက်သွားကြ၏။

ဒီလို ဒေါသဖြစ်နေချိန်မျိုးမှာ မျက်မြင်သက်သေဖြစ်နေသော ဘုန်းမောင်ကို တွေ့သွားလျှင်လည်း အရှင်ထားကြမှာမဟုတ်။

ဘုန်းမောင်ပင် ကူညီစရာမလို။ ခွေးမဖြစ်သည့် ဘာမှန်းမသိသော သူမကပဲ သူ့ကိစ္စ သူရှင်းနေ၏။ လူသတ်ပွဲတွေ ဖြစ်ကုန်ပြီ။ သောင်ပြင်မှာ ဘုန်းမောင်တို့သားအဖပဲ ရှိတာကိုး။ အမှုပတ်မှာ တွေးလန့်မိပြန်၏။ အဲ့ဒီညက ရှောင်အိပ်တာကို သခွားခင်းက ဦးမြငြိမ်းတော့ သက်သေရှိ၏။

"ဟော့ကောင်မ ... ထွက်ခဲ့စမ်း။ ဘာလို့ ရှောင်ပြေးတာလည်း နင့်ကိုယ်နင် သိပ်စွမ်းနေရင် ထွက်ခဲ့လေ"

မိန်းမရယ်သံကြီး ကြားလိုက်ရ၏။ ထွေးရဲ့ ဆဲဆိုသံက မိုးမွှန်သွား၏။ စိုးကလည်း အဲဒီကောင်မကိုမိရင် ဘယ်လိုလုပ်ပစ်မယ် ဘယ်လိုကိုင်ပစ်မယ်ဆိုသည့် ကြိမ်းဝါးသံတွေ ဆူညံပွက်လောရိုက်သွား၏။

ဘုန်းမောင်လည်း အရှေ့ဘက်ကမ်းကူးဖို့ ပြန်သွားမည်ပြင်သော်၏။ သွားမည့်လမ်းကြောင်းမှာ သူတို့ရောက်နေကြ၏။ ဘုန်းမောင်ကို တွေ့သွားလျှင်လည်း အသေလုပ်ကြမှာပင်။ ဘုန်းမောင် ဒီကိုလာမိတာ မှားပြီဟု တွေးမိသွား၏။

"အား ..."

အော်သံနက်ကြီး ကြားလိုက်ရ၏။ စိုးရဲ့အော်သံကို ကိုင်းတောထဲက ကြားလိုက်ရ၏။ ထွေးရဲ့ ဆဲဆိုသံတွေ ပွက်ညံသွားပြန်၏။ ချုံပုတ်ထဲမှာ ဆယ်မိနစ်ခန့်သွားလာပြီးသောအခါ ပြည့်တစ်ယောက် တုတ်ကြီးကိုင်ပြီး စက်လှေဘေးကို ပြန်ရောက်လာ၏။

ကြက်သားဟင်းအိုးကို တုတ်နှင့်ရိုက်ပြီး လဲပစ်၏။ သူ့ပါးစပ်ကလည်း ...





"ငါဒီမှာဟေ့ ... မသာကြီး ... လာခဲ့ ... နင့်ကို ငါစောင့်နေတယ် ... လာခဲ့"

ကိုင်းချုံပုတ်ထဲက ဓားကောက်ကြီးကိုင်ပြီး ထွေးကြီး ပြေးထွက်လာ၏။ သောင်ပြင်မှာ ထွေးကြီးနှင့် ပြည့်တို့ ရင်ဆိုင်တွေ့ကြလေပြီ။

ကျားနဲ့ဆင် လယ်ပြင်မှာ တွေ့သလို သောင်ပြင်ပေါ်မှာ တွေ့ကြသောအခါ တစ်ယောက်ကိုတစ်ယောက် သွေးဆာရက်စက်လိုသော အကြည့်စိမ်းစူးကြီးတွေနှင့် စိုက်ကြည့်နေကြ၏။

"ငါ့ကို မုဒိမ်းကျင့်တဲ့ ... ခွေးကြီး"

"အခုလည်း ထပ်ကျင့်ဦးမှာ ... ခွေးမရဲ့"

"ဗိုး ..."

ပြည့်လက်ထဲက တုတ်နှင့် ပိတ်ပေါက်လိုက်၏။ ထွေးကြီးကလည်း ရန်ပွဲအတွေ့အကြုံရှိသူပီပီ ခေါင်းငုံ့ရှောင်တိမ်းလိုက်၏။ တုတ်ကမထိ။ ထွေးကြီးက ဓားကောက်ဖြင့် ပြေးခုတ်၏။ ပြည့်က သဲတွေဖြင့် ကော်ပက်ပစ်လိုက်၏။ ထွေးကြီးမျက်လုံးထဲ သဲတွေဝင်သွား၍ ထွေးကြီး ဓားနှင့် ပတ်လည်လိုက်ခုတ်နေ၏။

လက်တစ်ဖက်က သဲတွေကို ပွတ်ထုတ်နေပြီး ကျန်လက်တစ်ဖက်က ဓားနှင့် လေထဲကို ဝှေ့ယမ်းလိုက်ခုတ်နေ၏။

"ဗိုး ... ဝုစ် ... ဝုစ် ... ဗိုး ..."

လေထဲကို ဓားခုတ်သံ အတိုင်းသားကြားရ၏။ ပြည့်က ဘေးပတ်လည်ကနေ လမ်းလျှောက်ပြီး ကြည့်နေ၏။ သားကောင်ဒေါ်မာန်နှင့် တုံ့ပြန်နေတာ မောပန်းနွမ်းလျသွားသည်အထိ စောင့်ကြည့်နေသလိုပင်။ ဘုန်းမောင်လည်း အသံတစ်မထွက်ရဲ။ ဒီကြားထဲ လည်ချောင်းထဲ တအားအန်ချင်လာ၏။ ပါးစပ်ကို တင်းတင်းစေ့ပိတ်ပြီး ရန်ပွဲကို ထိတ်လန့်တကြီးနှင့် ဆက်စောင့်ကြည့်နေမိ၏။

"ကောင်မစုတ် ... နင့်ကို ငါ သတ်မယ်"

"သတ်လေ ... ငါ ဒီမှာဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးကို အဝတ်စည်းပြီး လိုက်ရိုက်ခိုင်းသော ကလေးကစားနည်းနှင့် ဆင်ဆင်တူလှ၏။

အသံကြားရာကို ထွေးကြီးက ဓားနှင့် လိုက်ခုတ်နေ၏။ တစ်ချိန်မှာတော့ စက်လှေကို ထိလုထိခင် ဖြစ်သွား၏။ ဘုန်းမောင် ဘုရားတမိလိုက်၏။

"ကောင်မစုတ် ... သေစမ်း"

"ငါဒီမှာ ... လူယုတ်မာရဲ့"

ထွေးကြီး မျက်လုံးလည်း ဝိုးတိုးဝါးတား မြင်လာရဟန်တူ၏။ ဓားနှင့် ပြေးခုတ်၏။ ပြည့်က တိမ်းရှောင်လိုက်ပြီး ဓားကိုင်လက်ကို ဖမ်းချုပ်ကာ ပါးစပ်နှင့် ကုန်းကိုက်ပစ်လိုက်၏။

"ဟား ... ဟား ..."

ထွေးကြီး လက်ထဲက ဓားလွတ်ကျသွား၏။ ကျန်လက်တစ်ဖက်ဖြင့် ထိုးတာကို ပြည့်က ခေါင်းထိုးခံ၏။ ပါးစပ်ထဲပါလာသည့် အသားတစ်တွေကို ထွီခနဲ ထွေးထုတ်လိုက်ပြီး ထွေးမျက်နှာကို နဖူးဖြင့် ပြင်းပြင်းဆတ်တိုက်ပစ်၏။

ပျော့ကွက်နေရာမို့ ထွေးကြီးလည်း နောက်ဘက် ပက်လက်လန်ကျသွား၏။ ပြည့်က ထွေးကြီးရဲ့လည်ပင်းကို ဖနောင့်နှင့် လိုက်နင်း၏။ ထိတာလည်း ထိ၊ ဘေးချော်တာလည်း ချော်နှင့်။ ပြည့် ဓားကောက်ကို ပြေးကောက်လိုက်၏။ ထွေးကြီး ကုန်းရုန်းထလာပြီး ရှိသမျှ အားမာန်သွင်းကာ ပြည့်ကို ပြေးလုံး၏။

ပြည့်ကလည်း ဓားကောက်ဖြင့် အသင့်စောင့်ပြီး ပင့်ခုတ်လိုက်ရာ ထွေးကြီးရဲ့ ခေါင်းကြီးပြတ်ပြီး လေထဲ လွင့်မြောက်တက်ကာ သောင်ပေါ်ကို ဘောလုံးလို ပစ်ကျသွား၏။ ထွေးကြီးရဲ့ ခန္ဓာကိုယ်ကြီးမှာ လည်ပင်းနေရာက သွေးတွေ ငေါက်တောက်ပန်းထွက်ပြီး တအိအိနှင့် သဲပြင်ပေါ် လဲကျသွား၏။





ပြည့်ရဲ့ ရယ်သံ။ ဘုန်းမောင်ကြည့်ရင်း သွေးပျက်ချောက်ချားကာ ထပြေးထွက်မိမလို ဖြစ်သွား၏။ ပြည့်တစ်ယောက် ဒူးထောက်ကျသွား၏။ ပြည့်ဘေးနားက မိန်းမတစ်ယောက် ပြန်ပေါ်လာ၏။ ဒူးထောက်ရာက ထရပ်လိုက်၏။ ပြည့်ရဲ့ ဦးစွန်းဖုတ်ကို လက်နှင့် ဆွဲဆုပ်ကိုင်လိုက်၏။ ပြည့်လက်ထဲက ဓားကောက်ကို ကောက်ယူလိုက်၏။

အဲ့ဒီမိန်းမက ပြည့်ရဲ့ခေါင်းကို ခုတ်ဖြတ်တော့မည်။ သွေးပျက်ဖွယ်ရာ မြင်ကွင်းတွေကို ဘုန်းမောင် မကြည့်ရဲတော့။

အသားတစ် ခုတ်ထစ်သံ ကြားလိုက်ရ၏။ ပြည့်လည်း ထွေးသမ်းစဉ်နောက်ကို လိုက်သွားရလေပြီ။ အဲ့ဒီမိန်းမက ပြည့်ရဲ့ ခေါင်းကြီးကို သဲသောင်ပေါ် ပစ်ချမလို လုပ်နေစဉ် ဘုန်းမောင်လှမ်းမြင်ပြီး ဘုရား၊ တလိုက်သည့်အသံကို ကြားသွား၏။

"ဘုရား ... ဘုရား ... ဘုရား ..."

အသံလာရာဆီကို ပြည့်ရဲ့ ခေါင်းပြတ်ကြီးနှင့် လှမ်းပစ်ပေါက်လိုက်၏။ စက်လှေရဲ့ ဘေးနံရံကို သွားထိပြီး ဒုန်းခနဲ မြည်သွား၏။ ဘုန်းမောင်လည်း သွေးရူးသွေးတန်း ကြောက်လန့်တကြားဖြင့် ထပြေးတော့၏။

ထမင်းလုံးတစ္ဆေ အခြောက်ခံရသူနှယ် အားကုန်သွန်ပြေးကာမှ ခြေလှမ်းတွေက ရေထဲမှာ ပြေးနေရသလို နှေးကွေးလေးလံနေ၏။ ဖခင်ဖြစ်သူကို အော်ဟစ်ပြီး အကူအညီ တောင်းခံကြည့်မိ၏။ အော်သံပေးသော်လည်း အော်သံမထွက်။

ဘုန်းမောင်ရဲ့ရှေ့ကို ကလဲ့စားချေပြီးသော မိန်းကလေးရောက်လာ၏။ ဘုန်းမောင် ကြောက်ဖော့ဖြင့် တုန်ဆတ်ကာ ပြန်ကြည့်နေမိ၏။

မိန်းကလေးကို ဘုန်းမောင် မြင်ဖူးပြီးသား။ မိန်းကလေးက ဘုန်းမောင်ကို အသေအချာကြည့်နေ၏။ ကြည့်နေရင်းက ကလဲ့စားချေရမည့်သူ မဟုတ်မှန်း သိသွားသောအခါ မိန်းကလေးရဲ့အကြည့်တွေ သနားစရာအသွင် ပြောင်းလဲသွား၏။ ပြီးနောက်မှာတော့ အခိုးအငွေ့လို လွင့်ပါးပြီး တရွေ့ရွေ့



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ကမ်းစပ်နားကို ရောက်ရှိသွား၏၏။ သောင်ရေစပ်နားကို ရောက်သော အခါ ဘုန်းမောင်ကို တစ်ချက်လှည့်ကြည့်၏။

ဘုန်းမောင် အံ့ဩတုန်ယင်စွာဖြင့် ငေးငိုင်ကာ တုံ့ပြန်ကြည့်နေမိ၏။ မိန်းကလေးရဲ့ သမင်လည်ပြန်အကြည့်က သူမရဲ့အကြောင်းကို သူမရဲ့ခင်ပွန်းသိအောင် သွားပြောပြစေချင်ပုံရ၏။ ဘယ်လိုမှ မဖြစ်နိုင်မှန်းကိုလည်း သူမ သိနေ၏။

သူမရဲ့အကြည့်ကို ပြန်လည်ရုပ်သိမ်းပြီး သောင်ရေစပ်ကို ဆင်းချသွား၏။ ဒူးခေါင်းလောက် မြုပ်သွား၏။ ခါးလယ်လောက် မြုပ်သွား၏။ တစ်ကိုယ်လုံး မြုပ်သွားသောအခါ ရေပွက်ထဲမှာ ငါးမြီးလေး လှုပ်ခနဲပေါ်လာပြီး ရေပြင်ဂယက် ပြန်လည်ငြိမ်သက်သွားတော့၏။ ဘုန်းမောင်ခမျာတော့ ကိုယ်တွေ့အဖြစ်အပျက်ကို အိမ်မက်လို မြင်မက်လိုက်ရလေတော့သတည်း။



# [illegible]
# မောင်ကို
# အကြွေးတောင်းမယ်



www.burmeseclassic.com

www.burmeseclassic.com



|၁|

"အုဝဲ ... အဝဲ ... ငဲ ... အုဝဲ"

တဲအိမ်ခန်းလေးတွင်းမှ ထွက်ပေါ်လာသော ကလေးငိုသံကြော[င့်] စိန်မိုးက။

"သားလေးလား၊ သမီးလေးလား ... အဟား"

သိချင်စိတ်၏ လှုံ့ဆော်မှုကြောင့် တဲအိမ်လေးပေါ်မှ မီးနေခန်း[ထဲ] လှမ်းဝင်လိုက်သည်။

"ဟဲ ... ဟဲ ... စိန်မိုး၊ မီးနေခန်းလေ မဝင်နဲ့"

လက်သည်ကြီး ဒေါ်တုတ်ပု၏အော်သံနှင့် အခန်းဝမှ ရင်ဘတ်[ကို] ဆီးတွန်းလိုက်သည့်အတွက် စိန်မိုးက အရှိန်သတ်၍ ရပ်လိုက်ပြီး။

"မေ့ ... မေ့သွားလို့ပါ ... ဒေါ်ကြီးတုတ်ရယ်"

နေရာတွင် ရပ်နေပြီး သိချင်စိတ်ကြောင့် မလှုပ်မယှက်ဖြစ်[နေ] သည်။

"အုဝဲ ... အငဲ ... အုဝဲ ... အဝဲ"

"ဘာလေးလဲ ... ဒေါ်ကြီးတုတ် ... ဟင်"



"ယောကျ်ားလေးဟဲ့ ... ယောကျ်ားလေး"

"သား ... သားလေးတဲ့၊ အဟဲ ... ဟား"

သားဦးရပြီဆိုသော အသိစိတ်ရဲ့ ကြည်နူးချမ်းမြေ့မှုများက ရင်ထဲကို ဝင်ရောက်သွားသည်မှာ မျက်နှာ၏ အပြုံးရိပ်များက သက်သေပြနေသည်။

"ကြည့်လို့ရပြီလား ... ဒေါ်ကြီးတုတ်၊ မယဉ် ... မယဉ်ရော နေကောင်းလားဗျ ... ဟင်"

"ဘယ်လိုဖြစ်နေတာလဲ ... စိန်မိုးရယ် ... မိယဉ်လဲ နေကောင်းတယ်။ ငါ ကလေးခေါ်လာပြမယ်၊ ဝင်မလာနဲ့"

လင်တော်မောင်နှင့် ဒေါ်တုတ်ပုတို့၏ ပြောဆိုနေသံကြောင့် မီးနေသည့် မယဉ်က အနာအကျင်များ ပျောက်သွားပြီး ဒေါ်တုတ်ပုလက်ထဲမှ မိမိရဲ့ ကလေးလေးကို လှမ်းကြည့်လိုက်သည်။

စိန်မိုးက ဒေါ်တုတ်ပုလက်ထဲမှ ဘဝတ်နှင့် ပတ်ထုပ်ထားသော ကလေးလေးကို လှမ်းယူထွေးပွေ့ပြီး ...

"အားပါး ... အသားဖြူမယ်၊ မယဉ်မျက်နှာမျိုးဗျ ..., လှတယ်ဗျား"

ဒေါ်တုတ်ပု၏ မျက်စောင်း၊ အတွင်းခန်းမှ မယဉ်၏အပြုံး၊ စိန်မိုး ဖြစ် ဒေါ်တုတ်ပုက စိန်မိုးပွေ့ထားသော ရင်ခွင်ထဲမှ ကလေးကို ပတ်ထားသည့် အနီးပိတ်စကို ဆွဲခွာ၍ ရင်ဘတ်နေရာကို ပြလိုက်သည်။

"ဟင် ... ဒေါ် ... ဒေါ်ကြီးတုတ် ..."

"ဟုတ်တယ် ... စိန်မိုးရယ်၊ ကလေးရင်ဘတ်က အစင်းကြောင်းကြီးက ဓားခုတ်ရာလိုပဲ"

"ဒါ ... ဒါကို မယဉ် ... သိလား ... မြင်လား ... ဟင်"

"ဟဲ့ ... စိန်မိုး၊ တို့မိန်းမတွေက ကလေးမွေးတဲ့ဒုက္ခကို အသက် [...]လို့ ဝမ်းက ကျွတ်တဲ့ကလေးကို ကိုယ်လက်အင်္ဂါစုံရဲ့လားလို့ ဆိုတာ [...]ကြည့်နိုင်ရင်၊ လက်နဲ့တော့ စမ်းကြည့်တတ်တယ်။ အင်္ဂါမစုံ၊ ရှုံ့ရွဲ့ ဖုထစ်



www.burmeseclassic.com

www.burmeseclassic.com



နေပါစေ အသက်ရှင်ရက်ဆိုရင် မေတ္တာနဲ့ ခြုံလိုက်တာပဲ။ အဲဒါ မိခင်စိတ်ဟဲ့။ မိယဉ်က သိပြီးပြီ၊ နင့်ကိုသာ ...''

''ဗျာ ... ကျုပ် ... ကျုပ်ကလည်း သားကို ... ဘာပဲဖြစ်ဖြစ် အသက်ရှင်တာကိုပဲ ဝမ်းသာလှပါပြီဗျ''

စိန်မိုး၏မျက်လုံးအိမ်တွင် မျက်ရည်တွေရစ်ဝိုင်းလို့ အဖြစ်ဟောင်းတစ်ခုကို သတိရသွားသည်။ တွေတွေငေးငေး ဖြစ်သွားသော စိန်မိုးကို ဒေါ်တုတ်ပုကလည်း သတိထား၍ ကြည့်လိုက်မိပြီး ဟိုလွန်ခဲ့သည့် သုံးနှစ်ကျော်ကာလမျှ ထန်းပင်ကုန်း သချိုင်းကို ဖြတ်ပြန်လာကြသည့် လမိုက်ညတစ်ည၏အဖြစ်နှင့် သချိုင်းထဲမှ မြေပုံအသစ်ပေါ်တွင် မှောက်လျက်လဲကျ၍ သတိမေ့နေသော စိန်မိုး၊ ထန်းပင်ကုန်းရွာမှ မီးနေသည်ကို မွေးပေးပြီး ပြန်လာသော ဒေါ်တုတ်ပုနှင့် လိုက်ပို့ကြသည့် ရွာသားများ။

''ဟယ် ... လူရှင်လား၊ လူသေလားဟဲ့''

မီးတုတ်၏ အလင်းရောင် လက်နှိပ်ဓာတ်မီး၏ အလင်းရောင်များကြောင့် မြင်တွေ့လိုက်ရသော မြင်ကွင်းကို ဒေါ်တုတ်ပုက အသံနှင့် ဖော်ညွှန်းလိုက်သည်။ ကျန်လူများကပါ။

''ဟာ ... ဟုတ်ပါရဲ့၊ လူတစ်ယောက်''

''အေး ... နေကြဦး၊ အမူးသမားလား''

''ဟော့ကောင်တွေ ... သချိုင်းအမှူ ထန်းပင်ကုန်းကို ပတ်နေဦးမယ်''

ပြောမည်သာ ပြောကြ၍ မြေပုံပေါ်တွင် မှောက်လျက် လဲကျနေသူကို ပခုံးမှ ဆွဲလှန်၍ ကြည့်လိုက်ကြရာ ဒေါ်တုတ်ပု၏နှုတ်မှ။

''အို ... စိန်မိုးလေးဟဲ့ ... ကြည့်ကြပါဦး၊ အသက်ရှိသေးရဲ့လား''

''ဗျာ ... စိန်မိုးလေး ... ဟုတ်လား ... လက်သည်ကြီး''

ထန်းပင်ကုန်းရွာသားတို့က ဝိုင်းမချီပိုး၍ ခေါ်လာကြသဖြင့် စိန်မိုးတစ်ယောက် ထန်းပင်ကုန်း သချိုင်းထဲမှ သာဂေါင်းရွာကို ပြန်ရောက်ခဲ့သည်။





ညည့်နက်သန်းခေါင်အချိန်တွင် ရွာပေါ်ကိုရောက်ရှိ ဦးပိုးတီ၊ ဒေါ်အုံးမြိုင်တို့၏ အိမ်ကွင်း ထန်းပင်ကုန်းရွာသားလေးယောက် ... ဒေါ်တုတ်ပုနှင့် ... သွားသည်။

''စိန်မိုး ... သား ... မောင်မောင် ... စိန်မိုး''

''... ... ... ...''

ဦးပိုးတီနှင့် ဒေါ်အုံးမြိုင်တို့၏ ခေါ်သံ။ ... ဒေါ်လာသော စိန်မိုး ...

''အင်း ... အီး ... ... ...''

''ဟဲ့ ... သား ... သား ... သတိထားစမ်း၊ အိမ်ပြန်ရောက်နေပြီ ... သတိထား''

ဦးမှတ်က ဘုရားလောက်တော်ရေတစ်ခွက် ငှဲ့၍ စိန်မိုး၏မျက်နှာကို တောက်၍ ခေါင်းကိုပါ သပ်ချပြီး ရေကို သောက်ခိုင်းလိုက်သည်။

''စိန်မိုး ... မင်းဘာဖြစ်တာလဲ၊ သတိရလား ...''

ဦးမှတ်၏ အမေးကို သတိရလာသော စိန်မိုးက မျက်လုံးဖွင့်ကြည့်ပြီး

''ဟုတ် ... ဟုတ်ကဲ့ ... ဘမှတ်''

အေးလူများနှင့် မိဘများဖြစ်သည့် ဦးပိုးတီနှင့် ဒေါ်အုံးမြိုင်ကပါ သက်ပြင်းများ ပြိုင်တူချသွားသည်။ ဒေါ်တုတ်ပုက ...

''မသေကောင်း မပျောက်ကောင်း ... စိန်မိုးရယ်၊ ငါ ထန်းပင်ကုန်းမှာ ကလေးမွေးပေးပြီးအပြန်မှာ သချိုင်းဘက်က ထွက်မိလို့ပေါ့။ ရွာရိုး... သာ ထွက်မိရင် ဒုက္ခဟယ်''

''ကဲ ... ကဲ ... ပြောပါဦးကွ။ မင်းက ဘယ်လိုလုပ်ပြီး ထန်းပင်ကုန်းသချိုင်းထဲကို ရောက်သွားတာလဲ''

''ဟုတ်ပါရဲ့ ... သားရယ် ပြောစမ်းပါဦး''

ဦးမှတ်၏ အမေးစကားဆုံးသည်နှင့် ဒေါ်အုံးမြိုင်ကပါ သားဖြစ်သူကို ထပ်၍ မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



စိန်မိုးက ဘေးလူများကို ကြည့်လိုက်ရာ ထန်းပင်ကုန်းရွာမှ ဒေါ်တုတ်ပုကို လိုက်ပို့သည့် ရွာသားလေးယောက်ပဲ လူစိမ်းပါပြီး၊ ကျန်သည်များက သူ့ရွာမှ လူများဖြစ်သည်။ စိန်မိုးက သူတစ်ယောက်တည်း ထန်းပင်ကုန်းသချိုင်းကို ရောက်ရသည့်အကြောင်းကို ပြောပြလေသည်။

✿ ✿ ✿

[၂]

သာဂေါင်းရွာတွင် ထိန်ဆိုသည်က လှုံ့ကိုက်လူရမ်းကား၊ မိဘများ စီးပွားဥစ္စာ ဖြစ်ထွန်းသူများဖြစ်ပြီး ထိန်နှင့်မယဉ်ဆိုသည့်မောင်နှမနှစ်ယောက်ကို မွေးထားသည်။ ထိန်က စာသင်ပျင်းသည်။ အဆော့နှင့် အစားပဲမက်သည်။ လေးဂွတစ်ချောင်းနှင့် ငှက်ပစ်၊ ငါးမျှား၊ ရေကူး၊ စားသည့်အချိန်တွင် ပြန်စားသည်။ မယဉ်ကတော့ ယေစဉ်ကပင် အမေကို အိမ်မှုကိစ္စကူ၊ စာရေးတတ်ဖတ်တတ်ရုံပဲ သင်လိုက်ရသည်။

အရွယ်ကလေးများရလာတော့ မယဉ်က အိမ်မှုကိစ္စနှင့် မိဘပြုစုအိမ်ထောင်ထိမ်းသိမ်းပြီး အိမ်တွင်းပုန်းအလှအယဉ်ဆင့်လို့ တစ်ခါကြည့် မြင်ရုံနှင့် ရင်မှာ ငြိတွယ်ရသူ၊ ထိန်က ထန်းရည်အရက်၊ ဖဲရိုက်၊ ကြက်တိုက်၊ နွားလောင်း၊ ရွာရိုးကိုးပေါက် နွှေညလျှောက်ပြီး ပြဿနာကို ကောင်းထုံးချည်သလို မိဘတွေက အထုပ်ပိုက်၍ လိုက်ရှင်းရသူ။





အတွဲညီသူက မောက်၊ တစ်ရွာထဲမွေး ဆော့ဘက်၊ ငှက်ပစ်ဖော် ရေကူးဖက်၊ ငါးနှိုက်ငါးစမ်းလည်း အတူတူ၊ သာဂေါင်းရွာမှာ ထိန်နှင့်မောက် ရှာဦးကျောင်းပါ်မှောက်ဟု စာဆိုပါရှိသူများ၊ မောက်နှင့်ညီအစ်ကို ဝမ်းကွဲတော်သည့် စိန်မိုးကသူတို့နှစ်ယောက်နှင့် မတွဲမပေါင်း တသီးတခြား အနေရိုးအလုပ်မှန် ကြိုးစားသူ၊ မယဉ်တို့ ထိန်တို့၏ မိဘများလယ်တွင် သူရင်းငှား၊ ထိုလုပ်စာနှင့် မိဘနှစ်ပါးဖြစ်သည့် ဦးပိုးတီနှင့် ဒေါ်အုံးမြိုင်တို့ကို ကျွေးမွေးသည်။

ထန်းပင်ကုန်းရွာနှင့် သာဂေါင်းရွာက အရှေ့အနောက်၊ လယ်ဘောင်းစုရွာနှင့်က ဘေးချင်းယှဉ်လျက်၊ ကင်းမျှော်ရွာကလည်း ခါးလွယ်ခုတ်၊ ထန်းပင်ကုန်းရွာက ရွာသန့်သည်။ ဖဲဝိုင်း၊ နွားပွဲ၊ ကြက်တိုက်သူ ရှိသလောက် အရက်ကတော့ ကျေးရွာ၏ ထုံးတမ်းစဉ်လာ လူစည်လူဝေါ် အလုပ်ပြီးစေသည့် အရာဝတ္ထု၊ ထိန်နှင့် မောက်တို့က လယ်ဘောင်းရွာ နှင့် ကင်းမျှော်ရွာတွင်ပဲ စက်ကျသည်။ လယ်ဘောင်းရွာက မှိုးစပါး၊ နွေ ဆောင်း ပဲဆေးရွက်ကြီး၊ ရေတိ၊ ကြွတို့ကို လှိုင်လှိုင်စိုက်ပျိုးကြလို့ ငွေရွှင် သည်။ လောင်းကစား ပေါသည်။ အသောက်အစား အမြည်းပေါသည်။ အပျော်ပေါသည်ဟုပဲ ပြောရမည်။

ထိန်က လောင်းကစားဝိုင်းတွင် ဒိုင်ကိုင်သည်။ အလျော်အစားက မောက်၊ ဆွေမျိုးညီအစ်ကို သွေးသားပင်ဖြစ်စေ၊ ငွေကြေးပစ္စည်းဥစ္စာကြောင့် စိတ်ဝမ်းကွဲသည်။ သွေးပျက်ရသည့် အစဉ်အလာရှိသည်။ ထိန်နှင့် မောက်က သူငယ်ချင်းအပေါင်းအဖော်။

လယ်ဘောင်းရွာ၏ ဖိုးကြွယ်အသုဘတွင် ဝိုင်းကောင်းသည်။ ထိန်က ငွေကို သိန်းချီ၍ နိုင်လိုက်သည်။ လယ်ဘောင်းရွာမှအပြန် ငွေကဆိုးကွင်းနှင့် ထည့်ယူလာရသည်။ လယ်ဘောင်းရွာမှ ပန်းလှ၊ စိုးဝင်းဆိုသည်ကလည်း တစ်နပ်စားသမား အချောင်အချို လိုက်နေကြသူများ။ ထိန်က နိုင်လို့ အရက်ကိုလည်း အဝတိုက်ခဲ့သည်။ သူနှင့်မောက်လည်း မူးနေသည်။ အပြန်တွင်တော့ နှစ်ယောက်ထဲ ခြေလှမ်းယိုင်ယိုင် သီချင်းတကြော်ကြော်နှင့် အမှောင်ထဲမှ လျှောက်လှမ်းလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဟော့ ... မင်းတို့နှစ်ယောက် အထုပ်ချပြီး သွားတော့''

''ဟ ... ဘယ်မအေပေးလဲကွ၊ သာဂေါင်းက ထိန်နဲ့ မောက် မင်းတို့ကို ကြောက်ရမှာလား''

''အဟတ် ... ဟား ... ဟား ... ဟား ... ငါ ချွေးမထွက်ချင် လို့ပါကွာ''

ပိန်းပိန်းမှောင်နေသည့် လယ်ကွင်းအစပ်၊ ဓာတ်တိုက်ပွဲ ကနေကြ သလိုမျိုး အတိုင်အဖောက်နှင့် အမြိမ်းအခြောက်တွေ ပွဲ့လွင့်ပြီး အကောင် အထည်ခြင်းပါ ပူးကပ်သွားကြပြီးတော့လည်း ...

''ခွမ်း ... အင့် ... အ ...''

''ဟာ ... ကဲကွာ''

''ချ ... အပြတ်ရှင်း''

''ဟင် ... ပြေးဟေ့ ... ပြေး ...''

''အား ...''

အမှောင်ထဲတွင် အသံစုံအော်သံ ညည်းသံတို့က ခဏအတွင်းမှာ ပင်ပျောက်၍ ပြန်လည်ငြိမ်သက်သွားသည်။ သာဂေါင်းရွာနှင့် လယ်ဘောင်း ရွာ၏တစ်ဖက် ထန်းပင်ကုန်းရွာဘက်ကို ပြေးပွားသွားသူနှစ်ယောက်၊ ထို နှစ်ယောက်က ထိန်နှင့်မောက်တို့ပဲဖြစ်သည်။ သချိုင်းဇရပ်တွင် ဝင်ထိုင် လိုက်ကြပြီး ...

''မောက် ... အထုပ်ပါလား''

''ဟင် ... ထိန် အထုပ်က မင်းဆီမှာလေ''

''ဟာ ... မင်း မောက်၊ သစ္စာမရှိတဲ့ကောင်''

အတူတူထိုင်၍ အမောဖြေနေရင်းမှ နှစ်ယောက်သား ပြိုင်တူ ထရပ်လိုက်သည်။ ဖတ် ... ဖောက်ဖောက် ... ဖောက်။

ဇရပ်ပေါ်မှ ခုန်ချ၍ အမှောင်ထဲကို ပြေးထွက်သွားသံ။ ပြင်းထန် သော တောက်ခေါက်သံက ဇရပ်၏ခေါင်မိုးနားမှ တန်းပေါ်က ဇရပ်မြှောင် ပင် လန့်၍ ပြုတ်ကျသွားသည်။





ထိန်တစ်ယောက် ထိုနေ့ညမှစ၍ သာဂေါင်းရွာမှ ပျောက်ကွယ် သွားသည်။ မောက်သည်လည်း သာဂေါင်းရွာကို ပြန်မလာတော့ဘဲ လယ် ဘောင်းရွာတွင် အရက်ချက်ရောင်းသော ဖိုးတင်ကောက်၏သမီး မုဆိုးမ မော်ကြီးနှင့်ညား၍ လယ်ဘောင်းရွာမှာ နေလိုက်သည်။

သာဂေါင်းရွာတွင် ထိန်တစ်ယောက်မရှိခြင်းက ရွာလူကြီးလည်း အိပ်ကောင်းခြင်း အိပ်ရပြီ၊ ဦးစောနှင့် ဒေါ်ထွေးတို့ကလည်း ထိန်အတွက် ပြဿနာ လိုက်မရှင်းရသလို မယဉ်လည်း အစ်ကိုအတွက် မျက်ရည်မကျ ရဘဲ အိမ်မှ မိဘမသိအောင်လည်း မကျွေးမပေးရတော့ပေ။ ဒါပေမဲ့ ထိန် နှင့်မောက်တို့ ယခင် အနိုင်ကျင့်ဗိုလ်ကျခံခဲ့ရသူများက ဂျိုထောင်ကြ အသံ လွှင့်ကြသည်။

ညရေးညတာကို စိန်မိုးက ဦးစောတို့ ဒေါ်ထွေးတို့အတွက် ညအိပ် စောင့်ပေးရသလို အလုပ်ကိုလည်း ဦးစီးဦးဆောင်လုပ်ရသည်။ ကြိုးချင်းရှုပ် အိုးချင်းထိပြီး အရိုးနှင့်အယဉ်က သဟဇာတ တည့်သွားသည်။ စိန်မိုးနှင့် ယဉ်တို့က သမီးရည်းစား ဖြစ်သွားကြလေသည်။

တစ်နှယ်ငင် တစ်စင်ပါ၊ လက်သည်းဆိတ်တော့ လက်ထိပ်နာဆို သည့် စကားအတိုင်းပင်။ စိန်မိုးက ဦးစော၊ ဒေါ်ထွေးတို့၏ အလုပ်သမား၊ ယဉ်က စိန်မိုး၏ ရာသက်ပန်ရည်ရွယ်သူ၊ ထိန်က ယသူငယ်ချင်း။ ယောက်ဖလောင်း လယ်ဘောင်းရွာတွင် မောက်က ဘာတွေ သတင်းလွှင့် သည်တော့မသိပေ။

ထိန်တစ်ယောက် တခြားမှာ သေသလိုလို၊ နယ်စပ်ကျော်၍ပဲ ထွက်သွားသလို အသံများထွက်ပေါ်လာပြီး ဦးစောနှင့် ဒေါ်ထွေး၊ သမီးမယဉ် ရှိသည်ဆိုသည့်အသိနှင့် ရွာကို ဓားပြဝင်သည်။ တစ်ကြိမ်တစ်ခါမျှ မဖြစ် သဖြင့် အမှုမဲ့အမှတ်မဲ့နေကြစဉ် ဓားပြလေးယောက်က ဦးစောနှင့်ဒေါ်ထွေး တို့အိမ်ကို သီးခြားဝင်၍ ဓားပြတိုက်သည်။

ဘုရားခန်းထဲတွင် ဘုရားရှိခိုး၊ ပုတီးစိပ်နေကြသည်။ ဦးစောနှင့် ဒေါ်ထွေး၊ မယဉ်နှင့် စိန်မိုး၊ လူငှားမောင်ချက်၊ ဘသော်တို့က ရေနွေးကြမ်း



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းနှင့် စားသောက်ရင်း စကားပြောနေကြသည်။ ခြေတံရှည်အိမ်ကြီးပေါ်မှ ပုန်းဒိုင်းဆိုသည့် အသံများနှင့် ထုရိုက်သံ၊ အော်သံများပါ ထွက်လာသဖြင့် ဘေးလှေခါးမှ စိန်မိုး၊ မောင်ချက်၊ ဘသော်တို့ပါ တွေ့ရာရရာကို စွဲကိုင်ပြီး အိမ်ပေါ်ကို တက်ကြသည်တွင် တံခါးပေါက်မှ တစ်ယောက်ကဆီး၍ လက်ထဲမှဓားနှင့် ခုတ်သည်။ ဘသော်က တုတ်နှင့်ကာ၍ လက်ပြန်ရိုက်လိုက်ရာ လှေခါးမှ အောက်ကိုပြုတ်ကျသွားသည်။ အော်သံက ပြိုင်၍ ထွက်လာသည်။ မယဉ်၏အော်သံက ...

''ဓားပြ ... ဓားပြ ဝိုက်နေပါတယ်''

''လာကြပါဦး ... အောင်မလေး''

''အား ... သေပါပြီ ... ဗျာ''

ဓားပြဟု အော်လိုက်သည်က မယဉ်၏အသံ၊ လာကြပါဦး ... အောင်မလေးဆိုသည့်အသံက ဒေါ်ထွေး၊ အားသေပါပြီဟု အော်လိုက်သည်က ဦးစော၏အသံ၊ မျက်နှာတွင် အဝတ်စည်းထားသူသုံးယောက်၊ စိန်မိုးတို့ကလည်း သုံးယောက်၊ ရွာထဲတွင်လည်း လှုပ်ခတ်သွားသည်။ ဓားပြတိုက်သူတို့က အလွတ်ရုန်းရန် မိုက်မိုက်ကန်းကန်း ထိုးခုတ်၍ ထွက်ရန် ကြိုးစားသည်။ ဓားရှည်နှင့်မိုး၍ ခုတ်လိုက်သူကို ဘသော်က တုတ်နှင့်ဖြတ်၍ ရိုက်လိုက်ပြီး စိန်မိုးကို ရှေ့မှ ဓားနှင့်ခုတ်သူကို ဝင်တိုက်အောင် တွန်းပေးလိုက်သည်။

''အား''

''အောင်မလေး''

''ဒုတ် ...''

''ဟာ ...''

''ဟေ့ ... ဝိုင်းထား မလွတ်စေနဲ့ဟေ့''

ခြံဝမှ အော်လိုက်သော အသံများနှင့် စပါးကျီနှင့် ပစ္စည်းများထားသည့်နေရာက မီးတောက်က ရဲခနဲဆို တက်လာသည်။ တစ်ရွာလုံး ဆူညံ၍ အော်ဟစ်သံများ၊ ပြေးလွှားသံများနှင့် မယဉ်၏ငို၍ အဖေ၊ အမေကို ခေါ်သံများ ဆူပွက်သွားသည်။





တောက်လောင်နေသောမီးက ငြိမ်းသွားသည်။ သတိလစ်နေသော မယဉ်ကို မတူးတို့ ဒေါ်ဒေါင်းတို့ ပွေ့၍ ပြုစုနေကြသည်။ စိန်မိုး၏ ဘေးနံစောင်းမှ သွေးတို့က ထွက်နေသည်။ ဦးမှတ်က စိန်မိုးကို တွဲခေါ်သွားသည်။ နံနက်မိုးလင်းတော့ ဦးစော၏အိမ်ကြီးက ပြာကျပြီး ဦးစော၊ ဒေါ်ထွေးနှင့် အမည်မသိ ရုပ်မပေါ်သည့် အလောင်းတစ်လောင်းနှင့် သုံးလောင်းပြိုင်ဖြစ်သွားသည်။ ဘာပစ္စည်းမှ မရရှိလိုက်သော မယဉ်က စိန်မိုး၏ ရင်ဘတ်ကိုမှီ၍ ကျန်ခဲ့သည်။

နောက်ငါးရက်အကြာတွင် လယ်ဘောင်းရွာတွင် ပန်းလုနှင့် စိုးဝင်းတို့နှစ်ယောက် အရက်မူးပြီး အပြန်တွင် ရွာထိပ်အရောက်မှာ ဓားနှင့်အခုတ်ခံရပြီး သေသွားကြသည်။ တရားခံလက်သည်မပေါ်၊ ပန်းလုနှင့် စိုးဝင်းတို့ သေသည်နှင့် အငြိမ်မနေနိုင် စိုးထိတ်နေသည်က မောက်ပင်ဖြစ်သည်။

မောက်က ယောက္ခမအရက်ဝိုတွင် အရက်ဝိုင်းချက်ပေးပြီး သောက်လည်း သောက်သည်။ မူးအောင်သောက်ပြီးတော့လည်း မှောက်နေသည်။ ရွာထဲမှ ရွာပြင်ကိုလည်း မထွက်ရဲပဲ ဖြစ်နေသည်။

သာဂေါင်းရွာတွင် ဦးစော၊ ဒေါ်ထွေးတို့၏ လယ်ယာခြံမြေများကို စိန်မိုးကဦးစီးပြီး မောင်ချက်နှင့်ဘမော်တို့နှင့် လုပ်ကိုင်ပြီး မယဉ်ကို ဦးပိုးတီ၊ ဒေါ်အုံးမြိုင်တို့က ခေါ်ထားယူထိန်းထားသည်။ မီးလောင်ပြင်ကို စပါးပေါ်ပြီးလျှင် ပြန်ဆောက်မည်ဟု ရွာလူကြီးများကပါ တိုင်ပင်ထားကြသည်။

အိမ်မဆောက်မီ အကြောင်းက ပေါ်လာသည်။ ထိန်ဟု 'ထင်ရသူတစ်ယောက်၊ လယ်ဘောင်းရွာတွင် မောက်၏အခြေအနေကို လာကြည့်သည်နှင့် တူသည်ဟူသော သတင်း၊ ဒါပေမဲ့ မျက်နှာနှင့်ပါးပြင်တွင် အနာရွတ်ကြီးနှင့် မျက်လုံးတစ်ဖက်မရှိဘဲ အဝတ်ကို ခေါင်းပေါင်းထားသည်ဟူသော သတင်းပေးချက်၊ မယဉ်က အစ်ကိုဖြစ်သူကို တွေ့ချင်သည်။ အဖေနှင့်အမေကလည်း ဆိုးဝါးစွာ အဖြစ်ဆိုးနှင့် ဆုံးပါးခဲ့ရသည်။ ထိန်ကို ဆိုးသည်၊ ကောင်းသည်မဟုတ်၊ လောကတွင် ဆွေရင်းမျိုးချာဆို၍ သည်မောင်နှမနှစ်ယောက်ပဲရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမိုး ... မယဉ်ကို လယ်ဘောင်းကို လိုက်ပို့စမ်းပါနော်"

"မယဉ် ... မလိုက်ပါနဲ့ ... ကိုမိုးသွားလိုက်ပါမယ်။ ပြန်လာတော့ အကျိုးအကြောင်း ပြောရမှာပေါ့"

"မယဉ်ကို မိသားစုအရေးက ကိုမိုးအတွက် ပင်ပန်းလို့ပါ"

"ဒါကတော့ ... မယဉ်ရယ် ... ကိုမိုး သိပါတယ်"

ပြုံး၍သာ ပြောလိုက်သည်။ လယ်ဘောင်းရွာကို အသွားတွင် မယဉ်က နှုတ်လှည့်ပေါ် ပါလာသည်။ ငြီးတည့်လာသည်က မောက်ထံသို့ ဖြစ်သည်။ မောက်ကို တွေ့မှလည်း ဝေဒိန် လာမလာ၊ ဟုတ်မဟုတ်ကို သိရမည်ဖြစ်သည်။ အရက်ဖို တစ်နည်း တောအရက်ဆိုင်ပဲ ခေါ်ပါတော့။ အရက်သောက်နေသူများကြားတွင် မောက်ကပါ ထိုင်၍ သောက်နေသည်။

ခြံရှေ့တွင် နွားလှည်းကို ရပ်လိုက်ပြီး မယဉ်ကို အရင်ဆင်းခိုင်းလိုက်သည်။ အားလုံး၏မျက်စိများက မယဉ်ထံတွင် စုပြုံလာသည်။ စိန်မိုးက နောက်မှဆင်း၍ နွားလှည်းကို ဒေါက်ထောက်ပြီး နွားနှစ်ကောင်ကို ဖြုတ်ပြီး ခြံထဲကို ဝင်လာသည်။ မယဉ်က အနောက်မှကပ်၍ လိုက်လာသည်။

"မောက်ရေ ... မောက်"

"ဘယ်သူလဲကွ ... အထဲဝင်လာလေ"

"စိန်မိုးကွာ ... မယဉ်ပါပါလို့ ... မင်း ထွက်ခဲ့ပါဦး"

မောက်က အရှေ့ပိုင်းကို ထွက်လာပြီး စိန်မိုးနှင့် မျက်နှာချင်းဆိုင်ပြီး မယဉ်ကို မကြည့်ဘဲ ...

"ဆို ... ဘာကိစ္စလဲ၊ မင်းတို့နဲ့ ဘာအကြောင်းမှ မရှိဘူးလေ"

"အေးပါ ... ဘာအကြောင်းမှ မရှိပါဘူး။ ဝေဒိန်လာတယ်ဆိုလို့ မယဉ်က တွေ့ချင်လို့ကွ"

"ဟေ့ကောင် ... ဘာဝေဒိန်မှလည်း မလာဘူး။ လာလည်း ငါမသိဘူး"

မောက်၏ စကားအပြောအဆိုကို စိန်မိုးက သဘောပေါက်လိုက်သည်။





"လာ ... မယဉ် ပြန်မယ်၊ မောက်နဲ့ကိုမိုးက ညီအစ်ကိုဝမ်းကွဲ။ ကောင်စကားတွေက သိပ်မကောင်းဘူး။ ပြန်မယ် ... မယဉ်"

မယဉ်က ဘာမှမပြောဘဲ စိန်မိုးနောက်မှ လှည်းပေါ်တက်၍ ထိုင်လိုက်သည်။ တောက်ခေါက်၍ နွားလှည်းကို မောင်းထွက်လိုက်သည်။ နေ့ပူညချမ်းသော တပေါင်းလ၏ မှုန်မှုန်ဝါးဝါးလရောင်နှင့် ည၏ လယ်ဘောင်းရွာ ဖိုးစောင်ကောက်၏ အရက်ချက်ဖိုရှေ့တွင် တစ်ခေါင်းလုံးကို အဝတ်နှင့် ပတ်ဖုပါင်းထားပြီး [illegible]ဘောင်းဘီ[illegible] လွယ်အိတ်ထားသူတစ်ယောက်။

"ဗျို့ ... အရက်ရောင်းပါဦး ... အရက်"

"ဟာ ... ဘယ်သူလဲကွ၊ စောစောမလာဘဲနဲ့"

"အဟဲ ... ဖဲဝိုင်းက ဖဲနိုင်လို့ပါဗျာ"

"ဘာအမြည်းမှ မရှိဘူးနော်၊ အရက်ပဲရမယ်"

"အရက်နှစ်လုံးပေးပါ"

"ဟေ့ ... မောက် ထရောင်းလေကွာ။ နင်းကန်သောက်ပြီး"

လှုပ်ရှားသံများ၊ စကားသံများ ဆုံးသည်တွင် ကဲလားတံခါးဖွင့်၍ အရက်ပုလင်းနှစ်လုံးကိုင်ပြီး ထွက်လာသူကို အရက်ဝယ်သူက အနားကိုကပ်၍ လက်တစ်ဖက်က လည်ပင်းကိုဖက်၍ ပါးစပ်ကိုပါ အုပ်ပြီး ခပ်သွက်သွက် လှုပ်ရှားလိုက်သည်။ အရက်ပုလင်း ကိုင်လာသူမှာ နှစ်ချက်သုံးချက်လောက် တွန့်သွားပြီး လုံးဝ ငြိမ်သွားသည်။ ကျသွားသော အရက်ပုလင်းနှစ်လုံးကို ကောက်ယူပြီး လွယ်အိတ်ထဲ ထည့်ပြီး လှည့်ထွက်သွားသည်။ ညအချိန်က ငြိမ်သက်တိတ်ဆိတ်လွန်းလှသည်။

နံနက်စောစောပင် သာဂေါင်းရွာကို လယ်ဘောင်းရွာမှ လူကြုံရောက်လာသည်။ ဦးပိုးတီနှင့် ဒေါ်အုံးမြိုင်တို့ကို ပြောပြသွားသည်မှာ ညကမှာ 'မောက် ဓားထိုးခံရလို့ သေသွားပြီ' ဆိုသည့် အကြောင်းပင်ဖြစ်သည်။ သာဂေါင်းရွာမှ စိန်မိုး၊ ဘသော်နှင့် ဦးပိုးတီတို့ လိုက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်အလောင်းပြင်ထားသည့် မောက်၏အလောင်းကို ကြည့်ရ ဗိုက်တွင် ဓားထိုးရာသုံးချက်၊ ရင်ဘတ်တွင် ကန့်လန့်ဖြတ်ရာ အရှည်ဒဏ်ရာ တစ်ချက်တို့ကို တွေ့ရသည်။ ရပ်ရွာနှင့်ပေါင်း၍ ဦးပိုးတိ၊ ဖိုးတင်ကောင် တို့ပါ ထည့်ဝင်ပြီး သင်္ဂြိုဟ်လိုက်သည်။ မိမော်ကြီးက ဒုတိယမုဆိုးမ ထပ်ဖြစ် ရသည်။

မောက်ကို သင်္ဂြိုဟ်ပြီး ဦးပိုးတိနှင့်စိန်မိုး၊ ဘသော်တို့ပါ လယ်ဘောင် ရွာမှ ပြန်လာကြပြီး (၇) ရက်လည်သောနေ့တွင် လယ်ဘောင်းရွာကို စိန်မိုး နှင့် ဘသော်တို့ပဲ ရောက်ဖြစ်ကြသည်။ ဆွမ်းကျွေးရက်လည်ကိစ္စ ပြီးသည် နှင့် ဘသော်ကိုသာ သာဂေါင်းရွာသို့ ပြန်လွှတ်လိုက်သည်။ စိန်မိုးက အသုဘ အိမ်တွင် နေခဲ့သည်။

ညိုညတွင် ရက်လည်သော အသုဘအိမ်တွင် လောင်းကစားဝိုင်း က နောက်ဆုံးညဖြစ်၍ သဲသဲမဲမဲ ကစားနေကြသည်။ အိမ်ရှေ့တွင် ရေနွေး ကြမ်းဝိုင်းနှင့် စကားစုပြောနေကြသော လူစုထဲမှ စိန်မိုးက အသုဘအိမ် ကို ကြည့်ပြီး မှောင်ရိပ်ထဲကို ဝင်သွားသူတစ်ယောက်ကို လှမ်းမြင်လိုက် သဖြင့် ထိုင်နေရာမှ အမဲ့ပြသွားသလိုနှင့် ထ၍ထွက်လာပြီး ဘေးဘယ်ညာ ကို လှည့်ပတ်ကြည့်လိုက်သည်တွင် မှောင်ရိပ်ထဲမှ အသံတစ်သံက ထွက်ပေါ် လာသည်။

"စိန်မိုး . . . မနက်ဖြန်ညကို ထန်းပင်ကုန်းသင်္ချိုင်းကို မင်းတစ် ယောက်တည်း လာခဲ့။ မောက်ရဲ့အကြောင်းစုံကို ပြောပြမယ်"

အသံဆုံးသွားသည်နှင့် စိန်မိုးက လျှောက်၍ကြည့်ပေမဲ့ ဘာမှ မတွေ့ရပေ။ စိတ်ထဲက ယင်သည့်အတိုင်းတော့ ထူးခြားမှုရှိနေတာမှ မှန်ပေ မဲ့ ဘယ်သူရယ်ဟု မသိလိုက်ရတာတစ်ခုပဲရှိသည်။

နံနက်စောစောပင် လယ်ဘောင်းရွာမှ ပြန်လာပြီး ညနေပိုင်းတွင် အိမ်မှထွက်၍ ထန်းပင်ကုန်းရွာ၏သင်္ချိုင်းဘက်ကို ထွက်လာသည်။ ဘယ်သူ ကိုမှ ဘာမှတော့ မပြောခဲ့ပေ။

စိတ်ကူးသစ်စာပေ



ထန်းပင်ကုန်းရွာ၏သင်္ချိုင်းကို စိန်မိုးရောက်တော့ အလင်းရောင် မပျောက်သေးပေ။ စိန်မိုးက ပတ်ဝန်းကျင်ကို ဂရုစိုက်၍ ကြည့်ပြီး ရေပ်နား ကိုလျှောက်လာစဉ် နောက်မှ တစ်ဦးတစ်ယောက်လိုက်လာသည်ဟု သိ လိုက်ရပြီး လှည့်၍ကြည့်လိုက်ရာ . . .

"ဟင် . . ."

"ငါပါ . . . စိန်မိုး၊ လာကွာ . . . ဟိုက မြေပုံပေါ်မှာ ထိုင်ပြီး စကား ပြောရအောင်။ ပြီးတော့ မင်းလည်း စောစောပြန်ရတာပေါ့"

တွေ့လိုက်ရသည့်လူ၏ မျက်နှာက ပါးပြင်နှစ်ဖက်လုံးတွင် ဓားခုတ် ရာလို အနာရွတ်နှင့် မျက်လုံးတစ်ဖက်ကလည်း မရှိဘဲ တွင်းချိုင့်ကြီးဖြစ်နေ သည်။ အသံရှင်က ငါဘယ်သူပါဟု ပြောလိုက်၍သာ စိန်မိုးက သိလိုက်ရ ခြင်းဖြစ်ပြီး ထိုသူ၏ ပြောပြချက်အရ လယ်ဘောင်းရွာ၊ မိုးကြယ်၏ အသုဘ တွင် ထိန်တစ်ယောက် ဖဲနိုင်ငွေမှာ သိန်းကျော်၍ ဖဲဝိုင်းအပြီးတွင် သောက် ပြီး မောက်နှင့်အတူ ပြန်လာလာကြရာ ရွာအထွက်တွင် ဖဲနိုင်သောငွေ ကို လိုက်လုကြသည်။ ဒါကလည်း မောက်၏ သစ္စာမဲ့မှု။

လယ်ဘောင်းရွာမှ ပန်းလှနှင့် စိုးဝင်းတို့ကို အကြွေးပေး လုပ်ခိုင်း ခြင်းဖြစ်သည်။ ထိုညက ထိန်မှာ ဒဏ်ရာများရပြီး မောက်က ဘာမှမဖြစ် ဘဲ ထန်းပင်ကုန်းသင်္ချိုင်းဇရပ်ကို ရောက်အောင်ပြေးကြပြီး နားရင်းမှ မောက် ၏ လုပ်ရပ်ကိုသိပြီး ထိန်ဒေါသအထွက်တွင် မောက်က ထွက်ပြေးသွား သည်။

သာဂေါင်းရွာမှာ ဓားပြတိုက်သူတို့မှာ မောက်နှင့် ပန်းလှ၊ စိုးဝင်း အပါအဝင် လေးယောက်စု၍ ဓားပြတိုက်ခြင်း၊ အိမ်ကိုပါ မီးရှို့သည်တို့ ကို နောက်မှသိပြီး ကိုယ့်နည်းကိုယ်ဟန်နှင့် ရှင်းလိုက်ကြောင်းများ ပြောပြ ပြီး မယဉ်ကို တစ်သက်လုံးစောင့်ရှောက်၍ မိဘ၏ လက်ငုတ်လက်ရင်းကို ထိန်းသိမ်းရန် ပြောသည်။

ထိန်၏ ဖြစ်ကြောင်းကုန်စင် အကြောင်းများ ပြောပြီးသည်တွင် စိန်မိုးက ရွာကိုပြန်လိုက်ခဲ့ပြီး ဆေးဝါးကု၍ အတူပြန်နေရန် ခေါ်သည်တွင် ထိန်က စိန်မိုးကို မေ့အောင်ရိုက်၍ ထားခဲ့သည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုအဖြစ်အပျက်များကို စိန်မိုးက ဦးမှတ်နှင့် မိဘများကိုရော မယဉ်ကိုပါ ပြောပြသည်။ ဒေါ်တုတ်ပုနှင့် ထန်းပင်ကုန်းရွာသားများကိုပါ ကျေးဇူးတင်ကြောင်း ပြောခဲ့သည်။ နောက်တစ်နှစ်ကျော်ကျော်တွင် စိန်မိုး၏ အဖေနှင့် အမေတို့သည်လည်း ရှေ့နောက် လခြား၍ ကွယ်လွန်သွားကြသည်။ မယဉ်နှင့်စိန်မိုးတို့က အိမ်ထောင်ပြုလိုက်သည်မှာ တစ်နှစ်ကျော်ရှိပြီ ဖြစ်သည်။

ယခု သားဦးလေးမွေးသည်။ သေဆုံးသွားသော မောက်၏ရင်ဘတ်မှ ဒဏ်ရာကြီးအတိုင်း ပါလာသည်။ ဒါကို စိန်မိုးက သိလိုက်သည်။ ထိုအဖြစ်ကိုတော့ မယဉ်ကို အသိမပေးဘဲ ထားလိုက်သည်။ လက်သည်ကြီး ဒေါ်တုတ်ပုကလည်း ဒီအကြောင်းများက လွန်ခဲ့သောသုံးနှစ်က ထန်းပင်ကုန်းသချိုင်းထဲတွင် မေ့လဲနေသော စိန်မိုးနှင့် မောက်၊ ထိန်တို့၏ ဆက်စပ်မှုနောက်ပိုင်း စိန်မိုးပြောပြမှ သိခဲ့ရပြီး မယဉ်၏ဝမ်းမှ ကျွတ်လာသောကလေးသည် မောက်၏ ဘဝကူးအထုံရေစက် ဝဋ်ကြွေးသက်သေဆိုသည်ကိုပါ သိလိုက်သည်။

စိန်မိုးနှင့်မယဉ်တို့ ပေါင်းဖက်စဉ်က စိန်မိုး၏မိဘနှစ်ဦး သေဆုံးပြီး စိန်မိုးတစ်ယောက်ထဲဘဝ၊ မယဉ်က မိဘတွေလည်းဆုံး၊ ပစ္စည်းဥစ္စာတွေလည်း ဆုံးရှုံးပြီး အစ်ကိုထိန်ကလည်း ဘယ်ဆီရောက်မှန်းမသိ၊ လယ်ယာချောင်းမြောင်းများနှင့် မယဉ်တစ်ကိုယ်တည်းဘဝတွင် ပေါင်းဖက်ခဲ့ကြသည့် မေတ္တာသံယောဇဉ် အရင်းခံများဖြင့် ဖြစ်သည်။ သားလေးတစ်ယောက် တိုးလာသည်တွင် အိမ်ထောင်လေးက ပို၍ စိုပြေလာပြီး သားကိုလည်း ချစ်လိုက်ကြသည်မှာ ပြောစရာမရှိအောင် ဖြစ်သည်။

✿ ✿ ✿

[၃]

❑

မယဉ်တို့၏အိမ်ဟောင်းကြီး မီးလောင်ပြင် ကိုစိန်မိုးနှင့် မောင်ချက်၊ ဘသော်အပြင် ရွာထဲမှပါ ပိုင်း၍ ရှင်းလင်းကြသည်။ အိမ်သစ်ဆောက်၍ နေကြရန်အတွက်ဖြစ်သည်။ အိမ်ဟောင်းနေရာကို သန့်ရှင်းရေးလုပ်ရင်းမှ စိန်မိုးတွေ့လိုက်သည့် မြေအိုးလေးတစ်လုံး၊ ထိုအိုးထဲမှ အခဲလိုက်ဖြစ်နေသော ရွှေတုံး၊ ရွာထဲတွင် သတင်းပွသွားသည်က။

''စိန်မိုးတစ်ယောက် ယောက္ခမအမွေ ရလိုက်သည်''

''ထိန်က သားအရင်းဖြစ်ပြီး မစားလိုက်ဘူး''

''မယဉ်နဲ့စိန်မိုးတို့က စားလိုက်တယ်''

အဲဒီရဲ့ နောက်ပိုင်းတွင် စိန်မိုးနှင့်မယဉ်တို့၏ အိမ်ကြီးက ရွာလယ်ပိုင်းတွင် ကြီးမားခန့်ထည်၍ လူတကာငေးရသည်အထိ လှပခန့်ညားသည်။ နှစ်နှစ်ပြည့်ပြီးသွားသော သားကလေးနှင့် စိန်မိုးတို့မိသားစုက သာယာချမ်းမြေ့၍ တစ်ရွာလုံးက အားကျကြသည်။

နှစ်ဖက်မိဘများ ကွယ်လွန်သည့် ငါးနှစ်ပြည့်အတွက်ရော၊ သားဦးလေး နှစ်နှစ်ပြည့်ပြီး အမည်ပေးဆွမ်းကျွေး အလှူလုပ်ကြသည်။ အလှူ



www.burmeseclassic.com

www.burmeseclassic.com



ရေစက်ချပြီး ရွာဦးကျောင်းဆရာတော်က စိန်မိုးနှင့်မယဉ်တို့၏သားကို ရွှေတိုးဟု အမည်ပေးလိုက်သည်။ အားလုံးပြီး မေတ္တာပို့ အမျှဝေရာတွင် နှစ်ဖက်မိဘများနှင့် ထေိန်ရော၊ မောက်ကိုပါ အမည်ခေါ်၍ အမျှဝေလိုက်သည်။

ထိုနေ့ညမှာ နေ့ဘက် ပင်ပန်း၍ နှစ်ခြိုက်စွာ အိပ်ပျော်နေကြသော စိန်မိုးနှင့်မယဉ်တို့မှ လန့်နိုးလာရသလို ရွှေတိုးလေးကလည်း ရုတ်တရက် ငိုလိုက်သည်မှာ ဆူညံသွားသည်။ အဖေနှင့်အမေက အတော်ပင် ချော့မော့၍ ပြန်သိပ်ရသည်။ နံနက်လင်းသည်တွင် မယဉ်က ...

''ကိုမိုး ... ဟိုလေ ... ညက အိပ်မက်ထဲမှာ အစ်ကိုထိန်က ဝိနင်တို့နဲ့ လာနေမယ်။ ပြီးရင် မောက်ဆီက အကြွေးတောင်းရမယ်လို့ ပြောတယ်။ အဲဒီမှာ သားက နိုးပြီး ငိုလိုက်တာလေ''

''အင်း ... ကိုမိုးလည်း မယဉ်ကို ပြောမလို့။ ကိုထိန်က ဝိမောက်ဆီမှာ အကြွေတောင်းရမယ်လို့ ဟိုတစ်လောက အိပ်မက်ပေးတာ မယဉ်ကို မပြောမိဘူး''

မယဉ်တွင် ဒုတိယကိုယ်ဝန် ရှိလာသည်။ စိန်မိုးကတော့ အရမ်းကြီး ဝမ်းမသာနိုင်ပေ။ အိပ်မက်အရ မှန်လို့ ကိုထိန်ဝင်စားခဲ့ပြီး မွေးလျှင် ယခုရှိနေသော သားရွှေတိုးကလည်း ဟိုဘဝက မောက်ဝင်စားတာလို့ ယုံကြည်ရအောင် ရင်ဘတ်တွင် စားခုတ်ရာကြီးလာ သက်သေခံနေသည်။ ယခု မယဉ်၏ ကိုယ်ဝန်ကများ မွေးလာလို့ ယောကျ်ားလေးလည်း ဖြစ်မည်၊ ပါးနှစ်ဖက်တွင်ပါ အမာရွတ်ရှိပြီး မျက်လုံးသည်လည်း ချို့ယွင်းနေပါလျှင် မယဉ်ကို ဘယ်လိုပြောမည်ကို မသိသလို၊ ကိုထိန်ကလည်း မောက်ဆီမှာ အကြွေးကို ဘယ်လိုတောင်းလေမည်ဟု မသိပါလေတော့။

စိုးယဉ်ထွန်း



www.burmeseclassic.com

## [ ၁ ]

❑

''မောင် . . . ဒီလုံချည်စတွေအားလုံး သီ ယူမှာနော်''

''ခုနစ်ထည်လုံးယူမှာလား . . သီရဲ့၊ အမေ့ကို တစ်ထည်လောက်တော့ ပေးဦးလေ။ ပါသမျှပစ္စည်းအားလုံးလည်း သီ ယူထားပြီးပြီဟာ''

''ဟင် . . . မောင်ကလည်း အစတွေအားလုံးက လှနေတာကို သီလိုချင်တာပေါ့။ နောက်ပြီး သီက ငါးထည်ပဲ ရမှာပါနော်။ ညီမလေးရီရီကို တစ်ထည်ပေးရဦးမှာ။ သို့ မေမေကျတော့လည်း သားမက်နိုင်ငံခြားက ပြန်လာတာတောင် လက်ဆောင်တစ်ခုမှ မပါဘူးဆိုရင် ဘယ်ကောင်းမှာလဲ မောင်ရဲ့။ မေမေ့ဖို့လည်း တစ်ထည်ပေးရမှာလေ။ လုံချည်တင်မကဘူး မေမေ့ကို တွဲဝတ်ဖို့ ရယ်ဒီမိတ်အင်္ကျီတွေလည်း ပေးဦးမှ''

''မောင့်ယောက္ခမက သူဌေးပဲကွာ . . သူ့မှာ ဝတ်စရာတွေ အများကြီးရှိတာပဲ ဥစ္စာ။ မောင် . . . အမေ့ကို အဝတ်အစားဝယ်မပေးဖြစ်တာတောင် နှစ်ချီနေပြီ။ အမေ့ဖို့ လုံချည်တစ်ထည်တော့ ပေးလိုက်ပါ . . . သီရယ်။ သို့မေမေတို့ကို ပါလာတဲ့ စားစရာတွေနဲ့ပဲ ကန်တော့လိုက်တာပေါ့ နော် သီ . . .''





''ဘယ်လိုပြောလိုက်တာလဲ . . . မောင်။ မေမေ့မှာ ဝတ်စရာတွေများတယ်ဆိုပေမဲ့ မေမေက သီတို့ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာလေ။ အလုပ်ကိစ္စ၊ လူမှုရေးကိစ္စ၊ သွားစရာလမ်းတွေ ဒီလောက်များတာ။ မောင့်အမေက ဘယ်သွားစရာရှိလို့ ဒီလောက် အဝတ်ကောင်းကြီးတွေ လိုမှာလဲ။ အလကား သေတ္တာထဲပဲ ထည့်သိမ်းထားမယ့်ဟာကို။

မေမေက ဘယ်လောက်ဝယ်ဝတ်နိုင်နေနေ၊ သားမက် နိုင်ငံခြားကပြန်လာလို့ ကန်တော့တာဆိုတဲ့ဂုဏ်နဲ့ မတူဘူးလေ။ သူ့မြေးဆိုလည်း မေမေတို့က လိုလေသေးမရှိ ဝယ်ပေး၊ လုပ်ပေးထားတာ။ ဘာလဲ . . . မောင်က ယောက္ခမတွေအပေါ် ဒီလောက်မှ စေတနာမရှိဘူးလား . . . ဟုတ်လား''

''ဟာ . . . သီကလည်းကွာ။ မောင် ဒီလိုပြောတာမဟုတ်ပါဘူး။ သို့မိဘတွေကို သို့စိတ်ကြိုက်ပေးနေတာတွေ မောင်က ဘာများပြောဖူးလို့လဲ။ ခွင့်ပြုထားတာပဲဟာ''

''ခု ပြောတယ်လေ။ မေမေတို့ကို စားစရာလေးတွေနဲ့ပဲ ကန်တော့လိုက်ပါလားတဲ့။ အဲလိုလုပ်စရာလား မောင်၊ ဟွန်း . . . သို့မိဘတွေကို အဝတ်အစားတွေရော . . . အဲဒီ စားစရာတွေရော သီ ပေးချင်ရာပေးမှာပဲ။ ဟင်း . . . မောင်နော်''

ချက်ချင်းပင် မျက်နှာညိုးကာ နှုတ်ခမ်းစူလာသော ဇနီးဖြစ်သူကို အကြမြတ် ချော့ရတော့သည်။ သူ ဘာမျှမပြောသာတော့ပါ။ သီက လုပ်ချင်တာ မလုပ်ရလျှင် စိတ်ကောက်နေဦးမည်ကိုး။

''ကဲ . . . ကဲ . . သဘော . . သို့သဘော . . စိတ်တော့မကောက်လိုက်ပါနဲ့သီရာ နော် . . . ။ ဒါဆို မောင့်မိဘတွေကို ဘာပေးမှာလဲ . . သီ။ တစ်ခုမှမပေးလို့တော့ မကောင်းဘူးထင်တယ်''

သီက မျက်စောင်းထိုးရင်း . . .

''သီ စီစဉ်လိုက်ပါ့မယ်။ မနက်ဖြန် စူပါမားကတ်က စားစရာဖြစ်ဖြစ် တစ်ခုခုကြည့်ပြီး ဝယ်ပေးလိုက်မယ်လေ။ မောင် ဟိုကပါလာတာလို့ ပြောလိုက်ရင် ပြီးတာပဲ။ သူတို့သိတာမှတ်လို့ နော် မောင်''



www.burmeseclassic.com

www.burmeseclassic.com



ထက်မြတ် သက်ပြင်းချလိုက်၏။ ဖနီးသည် 'သီ' မျက်ထားညို့ အလိုမကျမဖြစ်ဖို့ဘဲ၊ ချစ်ဖနီး၏ 'နော် ... မောင်' ထဲတွင် စီးမျောရင်း ပြုံးပြုံးကြီး ခေါင်းညိတ်လိုက်ပါသည်။

✿ ✿ ✿

[၂]

❑

''မေကြီးရေ ... ဘာတွေလုပ်နေတာလဲ။ ခုထိ ချက်လို့ပြုတ်လို့ မပြီးသေးဘူးလား ... မေကြီးရဲ့''

ခင်ပွန်းသည် ဦးအောင်မြတ်က မီးဖိုဆောင်ဘက်ဝင်လာရင်း မေးသည်။

''ပြီးပါပြီ ... ဖေကြီးရယ်။ သား ထက်မြတ်တို့အိမ်အတွက် ဟင်းချက်နေလို့ပါ''

ဦးအောင်မြတ်က ပြုံးသည်။

''အမလေးကွာ ... မင်းသားက နိုင်ငံခြားမှာ အကောင်းစားတွေချည်း စားခဲ့ရမှဲဟာကို''

''ဒါတော့ ဒါပေါ့ ဖေကြီးရဲ့။ ဒါပေမဲ့ ရေခြားမြေခြားမှာ ခြောက်လတောင် သင်တန်းသွားတက်ခဲ့ရတာ။ ကိုယ့်မြေကိုယ့်ရိုးရာ အစားအစာတွေကို လွမ်းမှာ စားချင်မှာပေါ့။





ဒါကြောင့် သားကြိုက်တတ်တာလေးတွေရော ... မြေးလေးနဲ့ သီသီကြိုက်တတ်တာလေးတွေပါ လုပ်ပြီး သွားပို့မလို့''

''သွားပို့မလို့ ဟုတ်လား။ မင်း ... ခြောက်ဒဂုံကနေဘတ်စ်ကားစီးသွားရမှာ။ ဒီ စားစရာခြင်းတွေ အိတ်တွေနဲ့ နိုင်ပါ့မလားကွာ။ နေကလည်း မြင့်နေပြီ၊ ထီးဆောင်းဖို့တောင် လက်ကမအားနဲ့။ ငါပါ လိုက်ပို့ရမလား''

''နိုင်ပါတယ် ... ဖေကြီးရယ်။ ဖေကြီးက ဒူးသိပ်ကောင်းတာမဟုတ်ဘူး။ ဟိုကျ ကားဂိတ်ကနေ သားအိမ်အထိ လမ်းလည်း နည်းနည်းလျှောက်ရဦးမှာဆိုတော့ ဒူးနာနေပါဦးမယ်။ နောက်ပြီး ဆိုင်လေးတစ်ရက်တလေပိတ်တုန်း ဖေကြီး နားပါ။ ခင်မွှန်ပဲ သွားလိုက်ပါ့မယ်။ ဒီလောက်နေပူများတော့ ခင်မွှန်က အပျော့။ သားတို့မြေးတို့ မျက်နှာမြင်လိုက်ရတာနဲ့ 'နေ'က 'လ'ဖြစ်သွားမှာ ... အဟင်း ...''

ဒေါ်ခင်မွှန့်အပြောကြောင့် ခင်ပွန်းသည်က ရယ်သည်။

ခင်ပွန်းသည်သည် ပင်စင်ယူပြီးနောက် ဈေးနားတွင် ဆိုင်ခန်းလေးတစ်ခန်းဝယ်ကာ တီဗီ၊ ကက်ဆက်၊ ပေါင်းအိုး၊ ပန်ကာ စသဖြင့် ကော်ပစ္စည်းပြင်ဆိုင်လေး ဖွင့်ထားသည်။ နှစ်ယောက်ပေါင်းပင်စင်နှင့် ထိုဆိုင်ဝင်ငွေလေးဖြင့် လင်မယားနှစ်ယောက်သား တတိယအရွယ်ကို ဖြတ်သန်းနေကြခြင်းဖြစ်ပါ၏။

''အေး ... အေး ... ဒါဖြင့်လည်း ပြီးရော။ ဪ ... ဟော့ ... တစ်နေ့က ငါတပည့်တွေ လာကန်တော့သွားတဲ့ ပုစွန်ခြောက် အကောင်ကြီးတွေနဲ့ ရှောက်ပျားရည်ပုလင်းပါ မင်းနိုင်ရင် ထည့်သွားလိုက်ပါလား။ ဒီကောင်က ပုစွန်ခြောက် သိပ်ကြိုက်တဲ့ကောင်။ ယယ်ယယ်က မုန့်ဖိုးပေးရင်တောင် ပုစွန်ခြောက်ထုပ်ပဲ ဝယ်စားတာလေ။ နောက်ပြီး ရှောက်ပျားရည်က လူလန်းတယ်ကွ။ သား အလုပ်ပင်ပန်းတဲ့အခါ ဖျော်သောက်ရတာပေါ့''

ဒေါ်ခင်မွှန်က တစ်လှည့် ပြုံးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမလေးတော် ... သူ့သားကဖြင့် မိန်းမရလို့ သမီးလေးတစ်ယောက်တောင် ရနေပြီဟာ။ ငယ်ငယ်တုန်းကလို ပုစွန်ခြောက်ထိုင်စားတဲ့အရွယ်မှ မဟုတ်တော့တာကိုများ"

ပါးစပ်ကသာ ပြောသည်။ ဒေါ်ခင်မွန့်မျက်နှာတွင် နားရွက်ချိတ်အပြုံး ရှိနေပါတော့သတည်း။

✿ ✿ ✿

[ ၃ ]

❑

ဒေါ်ခင်မွန် ခေါင်းကိုက်နေသည်။

အင်း ... သားကြီးထက်မြတ်ကို ဘယ်လိုပြောရပါ့မလဲ။

သက်ပြင်းကြီးကြီးတစ်လုံး 'ဟင်း'ခနဲ ချမိ၏။

သားထက်မြတ်အောက်အငယ်၊ တတိယသား လင်းမြတ်က ဆယ်တန်းကို သုံးခါကျပြီး ဆက်မဖြေတော့ဘဲ ကုမ္ပဏီတစ်ခုတွင် ယာဉ်မောင်းဝင်လုပ်နေသည်။

တစ်မိပေါက် တစ်ယောက်တွန်းဆိုသကဲ့သို့ သားငယ်သည် ငယ်စဉ်ကပင် ခပ်ဆိုးဆိုးလေးဖြစ်၏။ တစ်ဇွတ်ထိုးလုပ်တတ်ပြီး အပျော်အပါးမက်သည်။ အပေါင်းအသင်း များသည်။ ထို့ကြောင့် သားငယ်ရသော လခမှာ မနည်းလှသော်လည်း သူ့ဘာသာသူပင် လောက်သည်မရှိလှ။





အဖေအမေထံမှ ချေးပါဦးဆိုသည်က တစ်မျိုး၊ ဟိုဟာလိုသည် သည်ဟာလိုသည် ဆိုသည်က တစ်ဖုံ၊ အကြောင်းအမျိုးမျိုးပြကာ ငွေတောင်းတတ်သည်။

ချေးပါဆိုသော စကားမှာလည်း ပါးစပ်ကသာချေးသည်၊ ပြန်ပေးဖို့ လက်ကမပါ။ ပြန်ပေးလေ့လည်း မရှိသလို အကယ်၍ ပြန်ပေးလာလျှင်ပင် အမေ အဖေက မယူရက်ပါ။ ဦးအောင်မြတ် အလုပ်အကိုင်ကောင်း၍ ငွေရှိနေလျှင် ဖြည့်တင်းပေးနိုင်ပြီး ကျန်းမာရေး၊ လူမှုရေး စသည်ဖြင့် အကုန်အကျများသော လများတွင်ကား သားငယ်ကိုပေးရန် ငွေမလုံလောက်သည်နှင့် တိုးတတ်၏။ သားလိုသည်ကို ချက်ချင်း မဖြည့်တင်းပေးနိုင်သည့်အတွက်ပင် လင်မယားနှစ်ယောက် စိတ်မကောင်းဖြစ်ကြရလေသည်။

ထိုအခါမျိုးတွင် ဒေါ်ခင်မွန်က သားကြီးထက်မြတ်ထံမှ တိုးတိုးတိတ်တိတ် ခဏဆွဲကာ သားငယ်ကို ပေးရလေသည်။ သို့သော် ချွေးမသိလျှင် ငြိုငြင်မည်စိုး၍ သားငယ်အတွက်ဟု မပြောရဲ။ မိမိပင် ခေါင်းခံကာ မိမိလိုငွေအနေနှင့် ဆွဲရ၏။ ပြီး ... အိမ်သုံးစရိတ်ကိုချွေတာကာ ငွေပြန်စုလျက် သားကြီးကို ပြန်ဆပ်ရသည်။ သားကြီးက နေပါစေဆိုသော်လည်း မိသားစုကိစ္စကြောင့် သားကြီးနှင့် ချွေးမသိသိမာ ပြဿနာမဖြစ်စေလိုသည့်အတွက် ဒေါ်ခင်မွန်မည်မျှပင် ကျပ်တည်းပါစေ ယူထားသောငွေကို ပြန်ဆပ်ခဲ့သည်ချည်း။

ဟိုးတစ်လက သားငယ်လင်းမြတ်က ကုမ္ပဏီကားဖြင့် ဖယ်ရီပို့ပြီးအပြန် အပေါင်းအသင်းများနှင့် တွေ့သည်။ ကားကို လမ်းဘေးရပ်ကာ အရက်ဝင်သောက်ကြသည်တဲ့။ သည်တွင် ညအမှောင်၌ ရပ်ထားသောကားမှ မီးလုံးတစ်လုံးနှင့် စပယ်ယာဘီး ဖြုတ်ခိုးခံလိုက်ရသည်။ သည်ကိစ္စကုမ္ပဏီမှသိလျှင် အလုပ်ဖြုတ်ခံရမည်မို့ ပြူးတူးပျာတာနှင့် ပြဿနာကအမေ့ထံ ရောက်လာသည်။ ပစ္စည်းများအစား ပြန်ဝယ်ပြီး မနက်ဖယ်ရီအမီပြန်ထည့်ရန် ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



လကုန်ခါနီးဖြစ်၍ ဒေါ်ခင်မွန်မှာ သည်မျှ ငွေမရှိတော့။ သို့နှင့် သားကြီးထက်မြတ်ထံ ဖုန်းဆက်ပြီး အရေးပေါ်ငွေဆွဲကာ သားငယ်ကို ရှင်းပေးလိုက်ရသည်။

သားကြီးက ထိုငွေသည် နောက်တစ်လခန့်တွင် ဖနီးသီသီမာမွေး နေ့အတွက် ရွှေဝယ်ရန် ဖယ်ထားသောငွေဖြစ်၍ မွေးနေ့မတိုင်မီ ပြန်ရမှ ဖြစ်မည်ဟု ပြောသည်။ ထို့ကြောင့် ဒေါ်ခင်မွန်မှာ ငွေကို မရအရပြန်စုကာ ဆပ်လိုက်ရ၏။

သို့အတွက် ထိုလက ဒေါ်ခင်မွန် အတော် ကျပ်တည်းခဲ့ရသည်။ အဖေသိပါက သားငယ်နှင့်ပြဿနာဖြစ်မည်စိုး၍ ခင်ပွန်းမသိအောင် ကျိတ် ရှင်းရ၏။ ခင်ပွန်းကိုအောင်မြတ်ဆိုင်မှ ဝင်ငွေဖြင့် စားဝတ်နေရေးကို ဖြေရှင်း နေရသည်ဖြစ်ပြီး သူမလို ပင်စင်စားတစ်ယောက်အတွက် မည်သည့်နေရာ ကမျှ ဝင်ငွေရနိုင်သည်မဟုတ်။

သို့နှင့် တစ်ခုတည်းသောလမ်းဖြစ်သည့် ချွေတာရေးစနစ်ကို ကျင့်သုံးရတော့သည်။ ဒေါ်ခင်မွန် ဈေးဖိုးစရိတ် လျှော့ချပစ်လိုက်၏။ မနက် ခင်း အဆာပြေအစ်ခုခုစားခြင်းကို သူမကိုယ်တာ ဖြုတ်လိုက်သည်။ မနက် စောစာ မစားတော့ဘဲ ထမင်းကိုသာ စောစောစားလိုက်တော့၏။ အသား ဟင်းကိုလည်း ခင်ပွန်းနှင့် သားသမီးများအတွက်သာ ချက်သည်။ သူမ အတွက် ထည့်မချက်တော့။ သည်တော့ အသားဖိုးက ငါးကျပ်သား တစ်ဆယ်သားဖိုးလောက် ငွေပိုထွက်လာသည်။ ဒေါ်ခင်မွန်အတွက် အသီး အရွက်ဟင်းတစ်ခွက်နှင့်ပင် လုံလောက်ပါသည်။ ဒေါ်ခင်မွန်တစ်ယောက်စာ လျှော့သွားသဖြင့် တစ်ရက် တစ်ထောင်ဝန်းကျင်လောက်တော့ ဈေးဖိုးပို ထွက်၏။

ထို့ပြင် လစဉ်သောက်နေကျ အားဆေးကို ထိုလအတွက် ရပ်၏။ ဆေးဖိုးက တစ်သောင်းခန့် ပိုငွေထွက်လာသည်။ သွေးတိုးရှိသော ဒေါ်ခင် မွန်အား လစဉ် ဆေးခန်းပြစရိတ်ကို နယ်မှ သမီးကြီးစုမြတ်က ပို့ပေးရာ ထိုလက ဒေါ်ခင်မွန် ဆေးခန်းမပြတော့။ သမီးကြီး ပို့ငွေ သုံးသောင်းကိုပါ စုငွေယံ ထည့်လိုက်သည်။

---

စိတ်ကူးသစ်စာပေ



လိုသေးသောငွေကို လည်မှ ကြိုးပါးလေး ဖြုတ်ပေါင်ဖြည့်လိုက် ခြင်းဖြင့် သားကြီးထံမှ ချေးငွေဆပ်ရန် ပြည့်သွားတော့သည်။

ထိုလက လည်တွင် ကြိုးမရှိသည်ကို ခင်ပွန်းသည် မရိပ်မိစေရန် ကော်လံပါအင်္ကျီများချည်း ဝတ်ခဲ့သည်။ သည်အတွက် ဦးအောင်မြတ် မသိ လိုက်။ သည်လတွင်လည်း ဟိုလကအတိုင်း လျှော့သုံးချွေတာခဲ့၍ ကြိုးလေး ပြန်ရွေးလိုက်နိုင်သည်။

အဖေဖြစ်သူက သားငယ်အရက်သောက်သည်ကိုမကြိုက်။ အရက် သောက်ရင်းဖြစ်ရသော ပြဿနာအတွက် အဖေနှင့်သား ပြဿနာထပ်ဖြစ် မှာစိုး၍ ဒေါ်ခင်မွန် ကျိတ်ရှင်းရခြင်းဖြစ်သည်။

အမေဆိုတာက သည်လိုပါပဲ။ ခင်ပွန်းနှင့် သားသမီးကြား မသိ အောင်တာ မသိရအောင် ဟိုဖုံးသည်ဖာ လုပ်ရတတ်သည်။ အဖေနှင့် သားသမီး များကြား ပြဿနာမဖြစ်ရအောင် ကြားဝင်ခေါင်းခံရတတ်သည်။ အဖေလုပ် သူက ဆူလည်း သည်အမေခံ။ သားသမီးများ၏ ပူညံ့ကိစ္စများသည်လည်း သည်အမေပင် အပြောခံ။ တစ်ယောက်တည်း စိတ်ညစ်ခံ၍ ရှင်းရတတ်သည် မှာ အမေတိုင်းလိုလိုပါပဲ။

ထိုသို့ သားငယ်နှင့် သူမကြားက လျှို့ဝှက်ကိစ္စကြီး ရှင်းပြီး၍ ကြာခင် ခု . . . သားငယ်က လုပ်လာပြန်ပြီ။ ရှေ့အပတ် ရုံးသုံးရက်ဆက် ပိတ်မှာ ချောင်းသာသွားချင်လို့တဲ့။ တစ်ရုံးလုံး သွားကြမည်။ ရုံးကကား နှင့် အစားအသောက်၊ ဟိုတယ်တည်းခို တာဝန်ယူမည်ဖြစ်သော်လည်း သုံးစွဲရန်အတွက်တော့ ငွေလိုသည်။ အမေ ပေးပါဦးတဲ့။

တစ်ရုံးလုံးသွားမှာဆိုတော့ သားငယ်လည်း လိုက်ချင်ရှာပေမပေါ့ ငွေကား ဒေါ်ခင်မွန်မတားရက်၊ မတားချင်။ ခက်သည်က ပြီးခဲ့သည့်လ သားကိစ္စရှင်းရန် ခင်ပွန်းမသိအောင် ပေါင်ထားရသော ကြိုးကို သည်လ ချွေတာ၍ ပြန်ရွေးလိုက်ရသဖြင့် ငွေက မလည်သေး။ သည်တစ်ခါ ကြိုး ပြန်ပေါင်၍တော့ မဖြစ်။ ဟိုလကပင် ဦးအောင်မြတ် သတိမထားမိစေရန် ဒေါ်ခင်မွန်မှာ တထိတ်ထိတ် နေခဲ့ရ၏။ သည်လပါဆိုလျှင်တော့ မလွယ်တော့။ အခြားပေါင်စရာကလည်းမရှိ။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သားကြီး ထက်မြတ်ဆီက ထပ်ချေးဖို့လည်း အားနာသည်။ လ[illegible] နီးပါးချေးနေသလို ဖြစ်နေရသည်မဟုတ်လား။ သားက အိမ်ထောင်ခွဲ[illegible] နေပြီ။ ခဏခဏ အပူကပ်၍ မတော်။

သားငယ်လေးကလည်းနော် . . . အမေ့မှာ ငွေတွင်းကြီးရှိတယ် မှတ်နေရော့သလား။ အင်း . . . ငါ့မှာ တကယ်ပဲ ငွေတွင်းကြီးရှိရင်ကောင်း မှာ။ ဒါမှ . . .။

မဖြစ်နိုင်သည်ကိုပင် ဒေါ်ခင်မွန်တမ်းတမိ၏။ မီးခွက်စောင့်နည်း သမီး ဂျင်းနီအဖြစ် သူမကိုယ်သူမ မကြီးမငယ်နှင့် စိတ်ကူးယဉ်မိသေး တတ်နိုင်ဘူးလေ . . . နောက်ဆုံး . . . ရှေ့မျက်နှာ တောင်ပို့၊ မြောက်[illegible] အနောက်ပို့ပြီး သားကြီးဆီပဲ . . .

ဒေါ်ခင်မွန် စိတ်ထွေထွေနှင့်ပင် သားကြီးထံသွားရန် အဝတ်[illegible] လိုက်ရသည်။

✿ ✿ ✿

[၄]

❑

"ဟွန်း . . . အရေးဆို အမေတို့၊ အဖေတို့က ဘာမှ အားမ[illegible] ရဘူး"

နုနုမြတ် မကျေမနပ်နှင့် အသံထွက်အောင် ညည်းသည်။ ဟု[illegible] သည်။

နုမြတ်က သူငယ်ချင်းများနှင့်သည်လ ကွန်ပျူတာဂရပ်ဖစ်သင်[illegible] တက်ရန် တိုင်ပင်ထားကြ၏။ သို့နှင့် အမေ့ထံသင်တန်းကြေး သုံးသော[illegible] တောင်းသည်။ အမေက နောက်လကျမှ တက်ပါလား . . . သမီးရယ်။ ဒီ[illegible] ငွေနည်းနည်းကျပ်လို့ပါဟု ပြောသည်။





ဟင်း . . . ဘယ်လရော ငွေမကျပ်တာ ရှိလို့လဲ။ ထမင်းစားရင် အသားဟင်းလေး မနက်နှစ်တုံး၊ ညနေ နှစ်တုံးလောက် ကိုယ်တာနဲ့။

မနက်ဆိုလည်း တစ်ခါလာ ထမင်းကြမ်းနဲ့ ပဲပြုတ်ကြော်၊ တစ်ခါ တလေ ကောက်ညှင်းပေါင်း။ မုန့်ဟင်းခါးလေး၊ အုန်းနို့ခေါက်ဆွဲလေးတောင် တစ်ပတ်တစ်ခါလောက် မစားရဘူး။

တက္ကသိုလ်ကျောင်းသူသာဆိုတယ်၊ ကျောင်းသွားရင် ကားခက တွက်တိ။ မုန့်ဖိုးက မဖြစ်စလောက် တစ်ထောင်၊ ထောင့်ငါးရာ။ ဒီလောက် ငွေလေးနဲ့ ဘာလုပ်လို့ရမှာလည်းလို့ အမေ့ကိုပြောရင် အဲဒီ တစ်ထောင်၊ ထောင့်ငါးရာပေးနိုင်အောင်တောင် သမီးအဖေ တကုန်းကုန်းနဲ့ အလုပ်လုပ် ရှာထားရတာ . . . ဟု ပြောဦးမည်။

သူများမိဘတွေဆို ကြည့်ပါလား။ မာလာတို့ဆို ပေါ်သမျှ ဝယ် နိုင်တယ်။ သုံးနိုင်တယ်။ သူ့အဖေ သင်္ဘောသားက မုန့်ဖိုးတစ်ခါပေးရင် သုံးလေးငါးသောင်းတဲ့။ ဒါတောင် တစ်ပတ်လောက်ဆို မရှိတော့လို့ အမေ့ ဆီ ထပ်တောင်းရသတဲ့။

ဝေဝေတို့ဆိုလည်း အမေက တစ်ခုလပ်။ အဲဒါတောင် တက္ က သိုလ်တက်နေတဲ့ သမီးနဲ့သားကို အမေတို့ထက် ပိုကျွေးနိုင်၊ ဆင်နိုင်သေး တယ်။

နုမြတ်မှာတော့ အဖေရော အမေပါရှိလျက်နဲ့ 'ဝေဝေလောက် တောင် မသုံးနိုင် မဝတ်နိုင်ဘူး။ အဲလိုပြောရင်လည်း သမီးက သူ့ဒွေးသူ ကြွယ်ဝမ်းထဲ မဝင်စားဘဲ အမေတို့ ဝမ်းထဲမှ ဝင်စားလာတာကိုးကွယ်။ သမီးကံအတိုင်းပဲပေါ့ . . . ဟု ပြန်ပြောမည့်အမေ့လေသံကို ကြို၍ ကြားနေ သည်။

နုမြတ်အတွေးထဲ ဝေဝေ့အမေကို မြင်ယောင်လာသည်။ ဝေဝေ့ အမေ အန်တီမူက ပွဲစားလုပ်သည်ဆိုလား . . . ဝေဝေပြောဖူးသည်။ ရွှေနှင့် ငွေနှင့် ကြော့နေ၏။ ဝေဝေ့ကိုလည်း အဝတ်သစ်များ မကြာခဏ ဝယ်ပေး နိုင်သည်။ မုန့်ဖိုးဆို ဝေဝေ့ပိုက်ဆံအိတ်ထဲမှာ အနည်းဆုံး ငါးထောင်း တစ်သောင်းထက် ဘယ်တော့မှမလျော့။



www.burmeseclassic.com

www.burmeseclassic.com



ဟင်း . . . အဖေကလည်း . . . ဒီတီဗီပြင်ဆိုင်သေးသေးလေးမှာပဲ အချိန်ကုန်နေတယ်။ ကြီးပွားတိုးတက်အောင် လမ်းစ ဘာမှမရှာဘူး။ အမေ ဆိုလည်း တစ်နေ့လာ မီးဖိုထဲမှာ ချက်မယ်၊ ပြုတ်မယ်၊ လျှော်မယ်၊ ဖွပ်မယ် ဒါပဲ လုပ်တတ်တယ်။ ဝေဝေ့အမေဆို ကြည့်ပါလား။ ယောက်ျားတွေနဲ့ ရင် ဘောင်တန်းပြီး ရဲရဲတင်းတင်း သွားလာလှုပ်ရှားလုပ်ကိုင်နေတာ။ စီးပွားရေး လာဘ်မြင်လိုက်တာများ လှစ်လို့။ အဖေနဲ့အမေက တုံးကိုတုံးတယ်။

နုမြတ် မကျေမချမ်းနိုင် အတွေးပွားနေဆဲ။

တကယ်တော့ သည်ဂရပ်ဖစ်သင်တန်းက နုမြတ်အတွက် အရေး တကြီးသင်ယူရလောက်အောင်တော့ မလိုသေးပါ။ တတ်ထားသင့်သည့် ပညာရပ်ဖြစ်သော်လည်း ခုမှ အင်္ဂလိပ်စာမေဂျာ ပထမနှစ်မို့ အမေပြော သလို နောက်လမှ တက်လျှင်လည်း ရပါသည်။

သို့သော် နုမြတ်က သည်လပင် တက်ချင်၏။ အကြောင်းမှာ ကောင်းခန့်ဦးလည်း တက်မည်ဖြစ်ခြင်းကြောင့်တည်း။

ကောင်းခန့်ဦးကို နုမြတ်သာမက ဝေဝေပါ စိတ်ယိမ်းနေသည်။ ကောင်းခန့်က ဟိုလိုလို သည်လိုလို။ နှစ်ယောက်လုံးကို ကြူနေ၏။ နုမြတ် သာ သည်လသင်တန်းမတက်ဖြစ်လျှင် ကောင်းခန့်ဦးက ဝေဝေနှင့် သင်တန်း အတူတက်ရင်း ပို၍ အတွဲများတော့မည်။ ဝေဝေ့နောက် ပါသွားနိုင်သည် ဒုက္ခပါပဲ။

နောက်လမှတက်ရရင် ဘာထူးတော့မှာလဲ။ သင်တန်းချိန်မတူ သင်ခန်းစာလည်း တူမှမတူတော့တာ။ တကွဲစီဖြစ်တော့မှာကို။

နုမြတ် ရင်ပူလာသည်။ တစ်ဆက်တည်း အဖေနှင့်အမေကို ပို၍ ဒေါသဖြစ်လာ၏။

အဲဒါ အဖေနဲ့အမေကြောင့်။ အဖေနဲ့အမေ အသုံးမကျလို့။ သူတို့ အခက်အခဲပဲ သူတို့သိတယ်။ သားသမီးဘက်ကိုကျတော့ ကိုယ်ချင်းစာ စဉ်းစားမပေးဘူး ဟင်း . . .။

နုမြတ် စိတ်ဆိုးဆိုးနှင့် တွေးကာ ဒေါသပွမဆုံး ဖြစ်နေမိတော့၏။

✿ ✿ ✿

## [၁]

“ဖေကြီး . . . သမီး နုမြတ်က ကွန်ပျူတာသင်တန်း မတက်ရ လို့ဆိုပြီး စိတ်ကောက်နေတယ်။ မနေ့ညက ထမင်းမစားဘဲ ဝင်အိပ်သွား တယ်။ မနက်ကလည်း မျက်နှာမကောင်းဘဲ ကျောင်းထွက်သွားလေရဲ့”

ဒေါ်ခင်မွန် စိတ်မကောင်းစွာ ပြောမိသည်။ ခုခေတ်က ပညာခေတ် ။ ဒေါ်ခင်မွန်တို့တုန်းကလို သာမန်ဘွဲ့ရရုံလောက်နှင့် မလုံလောက်တော့။ ဘာသာစကားသင်တန်း၊ ကွန်ပျူတာစသည်ဖြင့် သင်တန်းစုံတက်ထားဖို့ လိုသည်ကို ဒေါ်ခင်မွန်လည်း သိပါ၏။

ရပ်ကွက်ထဲမှ မိခင်များက သားက ဘာသင်တန်းတက်နေတာ၊ သမီးက ဘာလုပ်မလို့ ဘာကျောင်းတက်နေတယ် စသဖြင့် အပြိုင်ဂုဏ်ယူ ကြွားစွာပြောနေကြသည့်အထဲ ဒေါ်ခင်မွန်မှာ မျက်စိသူငယ်၊ နားသူ ငယ်။

သူမလည်း သားသမီးများကို ထိုသို့ ဘွဲ့၊ဒီပလိုမာ သင်တန်းစုံ အောင်ပေးတက်ကာ အတတ်ပညာစုံစေချင်လှ၏။ သို့သော် စိတ်သွားတိုင်း ကိုယ်မပါပါ။



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေ အတတ်ပညာသင်တန်းတစ်ခုခုတက်နိုင်ရန် ငွေလေး ခြစ်ကုတ်စုလိုက်၊ အိမ်က ရေမော်တာပျက်၍ ပြင်လိုက်ရသည်နှင့် အဓေ ကြီးမျက်မှန်အဟောင်းက ပါဝါမကိုက်တော့ဘဲ မျက်ရိုးကိုက်ခေါင်းမူး ဖြစ် လာ၍ မျက်မှန်သစ် လုပ်လိုက်ရသည်နှင့်၊ သားငယ်ကိစ္စလိုကြားပေါက် ငွေ ထွက်စရာကိစ္စမျိုး၊ သမီးနေမကောင်း၍ ဆေးခန်းပြေးရသည့် ကိစ္စမျိုး ကြုံ ရသည်နှင့်။ စု၍ရသည်ကို မရှိ။ ငွေထွက်စရာအပေါက်တွေက ကြွက်တွင်း လို များလှချည့်။

ဦးအောင်မြတ်က ငွေစာရင်းအရာရှိ။ ဒေါ်ခင်မွန်က အကြီးတန်း စာရေးမဘဝနှင့် သည်သားသမီးလေးယောက်ကို ပညာသင်ပေးခဲ့ရသည် လူလတ်တန်းစားများဖြစ်၍ သားသမီးများ အရွယ်ရောက် ပညာစုံအောင်ထ မနည်းရုန်းကန်ခဲ့ကြရ၏။

သားကြီးထက်မြတ်က သမိုင်းနှင့်ဘွဲ့ရပြီး ရှေးဟောင်းသုတေ သနဌာနတွင် အရာရှိဖြစ်နေပြီ။ သားငယ်လင်းမြတ်ကတော့ မိဘများက မပြေလည်သည့်ကြားမှ ကျူရှင်ဆိုကျူရှင်၊ ဝိုင်းဆိုဝိုင်း၊ ထားပေးခဲ့သော် လည်း သားကိုယ်တိုင်က အပေါင်းအသင်း အပျော်အပါးမက်ကာ စာ မကြိုးစားချင်ခဲ့၍ ဆယ်တန်း တဘုန်းဘုန်းကျခဲ့၏။

နောက်ဆုံး ကုမ္ပဏီတစ်ခုမှာ ကားဒရိုင်ဘာ ဝင်လုပ်သည်။ သာ လေး ပင်ပန်းသည်ကိုမြင်တော့ ဒေါ်ခင်မွန်တို့ နောက်ကွယ်က မျက်ရည် ကျရ၏။ အနည်းဆုံး သက်တောင့်သက်သာထိုင်ရသော ရုံးအလုပ်လေးမျာ ဖြစ်လျှင် တော်သေးရဲ့ . . . ဟုတွေးကာ စိတ်မကောင်းဖြစ်ရလေသည်။

သားငယ်က တက်စီမောင်းချင်သည်ဟု ပြောဖူးသည်။ ပင်ပန်းသ ချင်း အတူတူ ဝင်ငွေလည်း ပိုရသည်။ ကားအုံနာကလွဲလျှင် မည်သူ့ကို လည်း ကြည့်စရာမလိုဟုဆိုသည်။ သို့သော် ကားစပေါ်က ညမောင်းတော အနည်းဆုံး နှစ်သိန်း၊ နေ့ဆို သုံးသိန်းနှင့်အထက်ဆိုတော့ ဒေါ်ခင်မွန်တို့ လောလောဆယ် မတတ်နိုင်သေးပြန်။ သမီးနုမြတ်ကျောင်းစရိတ်က ရှိသေး သည်လေ။





ဝင်ငွေပိုရအောင် မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ စသဖြင့် ဆိုင် လေးထွက်မည်ဆိုတော့လည်း ခင်ပွန်းဖြစ်သူက မင်းမှာ သွေးတိုးနဲ့ ကျန်း မာရေးကလည်း သိပ်ကောင်းတာ မဟုတ်ဘူး။ ဆိုင်ထွက်တာက တစ်ရက် အလုပ် မဟုတ်ဘူးလေ။ ချက်ဖို့ ပြုတ်ဖို့ ကူမဲ့လူလည်းမရှိ။ မင်းတစ်ယောက် တည်းမဖြစ်ပါဘူး။ တော်ကြာ နေထိုင်မကောင်းဖြစ်သွားရင် ဘယ်လိုလုပ် မလဲ . . . ဟု ဆိုကာ တားသည်။

တကယ်တော့လည်း စိတ်ကသာရှိသည်။ အိမ်အလုပ်များကိုပင် သူမမှာ နားနားပြီးလုပ်နေရသည်မဟုတ်လား။

"နောက်လတော့ ထားနိုင်မှာပါကွာ။ ငါ . . . တီဗီ အဟောင်းနှစ် လုံးပြင်ပြီး ရောင်းထားတယ်။ လက်လုပ်လက်စားတွေဆိုတော့ ငွေအကျေ ပေးပြီး ဝယ်နိုင်ကြတာမဟုတ်ဘူး။ တစ်လတစ်ဝက်နဲ့ နှစ်လပေးရောင်းရတာ ဆိုတော့ ရှေ့လမှ တစ်ဝက်စီစပြီးရမယ်။ သင်တန်းကြေးတော့ပြည့်မှာပါ၊ သမီးလေးကို ရှေ့လမှ တက်ဖို့ ချော့ထားလိုက် မေကြီးရာ"

"ခင်မွန်လည်း ရှေ့လမှတက်ဖို့ပြောပါတယ်။ သမီးက သူ့သူငယ် ချင်းတွေက ဒီလဆန်းတက်ကြမှာမို့ အတူတူ တက်ချင်တာတဲ့"

"ဟင်း . . ."

ဦးအောင်မြတ်ထံမှ သက်ပြင်းချသံပေါ်လာသည်။ ဒေါ်ခင်မွန်က မျက်နှာညှိုးသွားသော ခင်ပွန်းသည်ကို ဝေ့ကြည့်ရင်း သူမလည်း သက်ပြင်း တိတ်တခိုးရှိုက်မိ၏။

"အေးပေါ့လေ . . . သမီးလေးလည်း သူငယ်ချင်းတွေနဲ့ အတူတူ ပဲ တက်ချင်ရှာမှာပေါ့။ အင်း . . . ဒါဖြင့်လည်း . . . ခင်မွန်ရေ၊ ဈေးထဲက ဒေါ်မြမေဆီကပဲ နေ့ပြန်တိုးနဲ့ ဆွဲပေးလိုက်ပါကွာ"

"ဟင် . . . ဖေကြီးရယ်၊ နေ့ပြန်တိုးနဲ့ သုံးသောင်းဆိုတော့ တစ် နေ့ ထောင့်ငါးရာနဲ့ နှစ်ဆယ့်လေးရက်ဆပ်ရမှာ၊ အတိုးခြောက်တောင်တောင်း နေ့စိုးနဲ့ ဈေးငွေဆပ်ရမှာနဲ့ ဖေကြီးတစ်နေ့တစ်နေ့ အလျှင်မီအောင် ဘယ် လိုရှာမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



''ရပါတယ်ကွာ။ မြို့ထဲက မောင်သန်းဆိုင်မှာ တီဗီပြင်တဲ့အကူ ကောင်လေးက ရွာပြန်သွားတယ်။ နှစ်လလောက် ကြာမတဲ့။ ဒါကြောင့် မောင်သန်းတစ်ယောက်တည်း အလုပ်တွေ မနိုင်ဖြစ်နေတာ။ ကောင်လေး ပြန်မလာခင် ငါ့ကို သူ့ဆီအချိန်ပိုင်းဖြစ်ဖြစ် လာကူပေးဖို့ ပြောနေတယ်။

တစ်နေ့နှစ်ထောင့်ငါးရာနဲ့ လမ်းစရိတ်ပေး၊ ထမင်းကျွေးမတဲ့။ ငါ့ဆိုင်က ကိုယ်ပိုင်ဆိုင်ဆိုတော့ ခါတိုင်းလို ညရှစ်နာရီလောက်မှ မပိတ်ဘဲ ညနေစောစော ငါးနာရီလောက် ပိတ်ပြီး မောင်သန်းဆိုင်ကို သွားလိုက်မယ်။ သူ့ဆီက ဆယ်နာရီလောက် ပြန်လာမယ်။ ငါ့ဆိုင်က အလုပ်တွေကို မောင်သန်းဆီက ပြန်လာမှ အိမ်မှာ ဆက်လုပ်လိုက်ရင် ရတာပဲ''

''ဟင် ... ဒါဆို ဖေကြီး ... ဘယ်အချိန် အိပ်ရတော့မှာလဲ။ ဆယ်နာရီလောက်မှ ပြန်လာရင် မြောက်ဒဂုံကို ဆယ့်တစ်နာရီလောက်မှ ရောက်မယ့်ဟာ။ အိမ်မှာလည်း ဆက်လုပ်ဦးမယ်ဆို ဘယ်မှာ အိပ်ချိန်ရှိ တော့လို့လဲ''

ဦးအောင်မြတ်က ဖနီးသည် ပခုံးကို အသာပုတ်၍ ပြုံးသည်။

''ရပါတယ်ဆို ... ခင်မွန်ရာ၊ တစ်လနှစ်လပဲဟာ။ မနက်ကျ ဒေါ်မြမေဆီသွားယူပြီး သမီးကိုပေးလိုက်။ ဟုတ်ပြီလား''

ဒေါ်ခင်မွန် မျက်ရည်ဝိုင်းသွား၏။

✿ ✿ ✿

၆

''အမေ ... အမေ ...''

အိမ်ရှေ့ဆီမှ ခေါ်သံကြောင့် ဟင်းချက်နေရာမှ ဒေါ်ခင်မွန် ရှေ့ ထွက်ခဲ့၏။

''ဟယ် ... သမီးကြီး စုမြတ်၊ ဆိုင်းမဆင့် ဗုံမဆင့် ... လာ ... လာ ''

ဒေါ်ခင်မွန် ဝမ်းပန်းတသာ ပြော၏။ သမီးအိတ်ကို ပြေးဆွဲယူကာ ရင်း ...

''သမီးတစ်ယောက်တည်းလား ... မြေးလေးတွေရော မပါဘူး လား''

''မပါဘူး ... အမေ''

သမီးအသံတိုးတိုးကြားမှ ဒေါ်ခင်မွန် သမီးကို ကြည့်မိ၏။ သမီး မျက်နှာလည်း မကောင်းပါလား။ ဘာဖြစ်လာလဲဟု စိတ်ပူစွာ မေးချင်မိသော် လည်း ခရီးရောက်မဆိုက် မမေးလိုသေး၍ သမီးပခုံးကို ဖက်ကာသာ လက် တစ်ဖက်က အထုပ်များဆွဲလျက် အိမ်တွင်းဝင်လာရ၏။



www.burmeseclassic.com

www.burmeseclassic.com



"နုမြတ်တို့၊ လင်းမြတ်တို့ရော အမေ"

"ကျောင်းသွား၊ ရုံးသွားကြတယ်လေ။ လာ . . . သမီး . . . ထိုင်ဦး . . . ခရီးပန်းလာမှာပေါ့"

အိမ်ထဲရောက်၍ အထုပ်ချရုံရှိသေးသည်။ သမီးစုမြတ်က အမေ့ကို ဖက်ပြီး ငိုပါတော့သည်။ ဒေါ်ခင်မွန် ရင်ထိတ်သွား၏။ သမီးကိုဖက်၍ အားပေးသလို သမီးကျောကို အသာပုတ်ပေးရသည်။

"စိတ်အေးအေးထား သမီး။ အမေ့ဆီ ရောက်လာပြီပဲ။ ဘာဖြစ်လာသလဲ အမေ့ကိုပြော။ အမေရှိတယ်နော် . . . တိတ် . . . တိတ်"

စုမြတ်က အမေ့ရင်ခွင်မှ မျက်ရည်လည်ရွဲဖြင့် မော်ကြည့်ရင်း သူ့စိတ်သူထိန်းဟန်နှင့် မျက်ရည်သုတ်သည်။ ဒေါ်ခင်မွန်ကလည်း မျက်ရည်များကို အသာသုတ်ပေးရင်း သမီးနဖူးဆံစလေးများကို တယုတယသပ်ကာ . . .

"မောင်ဇော်နဲ့ ရန်ဖြစ်လာပြန်သလား သမီး"

သမီး စုမြတ်က ငိုမဲ့မဲ့နှင့် ခေါင်းညိတ်သည်။

သမီး ခင်ပွန်းမောင်ဇော်ထွန်းမှာ လမ်းတံတား အင်ဂျင်နီယာဖြစ်၍ ခင်ပွန်းတာဝန်ကျရာနယ်သို့ သမီးက ပြောင်းရွှေ့လိုက်ပါနေရ၏။ ယခင်က သမီးသည်လည်း အလယ်တန်း၊ ကျောင်းဆရာမဖြစ်သည်။ သို့ကြောင့် ခင်ပွန်းပြောင်းရတိုင်း မလိုက်နိုင်ဘဲ သားနှစ်ယောက်နှင့်နေခဲ့ကာ မိသားစုခွဲနေကြရ၏။ ထိုအခါ ဝင်ငွေလည်းကောင်း၊ အရွယ်ကောင်းသော မောင်ဇော်က ဇနီးနှင့် အဝေးတွင် ဘာလိုလို ခြေရှုပ်သောသတင်းများ ကြားလာရလေသည်။ လင်မယားလည်း တကျက်ကျက် ဖြစ်နေတော့၏။

နောက်ဆုံး ရှေ့ဖြစ်လာနိုင်သည့် ပြဿနာများကို တွက်ဆကာ ဒေါ်ခင်မွန်ကပင် သမီးစုမြတ်ကို အလုပ်မှထွက်ပြီး မိသားစုအတူနေရန် တိုက်တွန်းရတော့သည်။ သို့နှင့် စုမြတ်အလုပ်ကထွက်ပြီး သားနှစ်ယောက်ပါ ကျောင်းပြောင်းကာ ခင်ပွန်းနှင့် လိုက်ပါနေထိုင်မှ ထိုပြဿနာများ အေးသွားလေသည်။





သမီးစုမြတ်တို့မှာ စီးပွားရေးအဆင်ပြေကြသူများဖြစ်၍ အခြားအိုးစွများ ပူစရာမလို။ လင်မယားမပြေမလည်ဖြစ်ရန်အကြောင်းသာ ရှိသည်ဟု ဒေါ်ခင်မွန်တွက်ဆကာ မေးလိုက်ခြင်းဖြစ်သည်။

စုမြတ်က ခင်ပွန်းဖြစ်သူမှာ အလုပ်နှင့်ဆက်စပ်နေသော ကုမ္ပဏီတစ်ခုမှ ဝန်ထမ်းမိန်းကလေးတစ်ယောက်နှင့် ခြေရှုပ်နေကြောင်း ငို၍ပြောပြ၏။ ယောကျ်ားနှင့် ကွာမည်ဟုလည်း ဒေါသစကားဆိုသည်။

ဒေါ်ခင်မွန် စိတ်မောခြင်းကြီးစွာ သက်ပြင်းချမိလေသည်။ ဘဝတစ်လျှောက်လုံး ချလိုက်ရတဲ့ သက်ပြင်း။ သက်ပြင်း ခဏခဏရှိုက်လျှင် အသက်တိုသည်ဟူသော စကားသာ မှန်မည်ဆိုလျှင် ဒေါ်ခင်မွန်၏ သက်တမ်း အတော်များများကို ထိုသက်ပြင်းများက ဖြတ်တောက်လိုက်နှင့်ပြီး ဖြစ်မည်ထင်၏။

ဒေါ်ခင်မွန်က သမီးခေါင်းလေးကို တယုတယ ပွတ်လိုက်သည်။

"စိတ်ကို အေးအေးထား . . . သမီး။ ယောကျ်ားဆိုတာ ဒီလိုပဲ။ တစ်ခါတလေ စိတ်လွတ်တတ်တာ သဘာဝပါကွယ်။ ကိုယ့်မှာက ငဲ့ကြည့်ရမဲ့ ကလေးတွေမျက်နှာရှိသေးတယ်လေ။ စိတ်လိုက်မာန်ပါ လုပ်လို့ ဘယ်ဖြစ်မလဲ။

ပြဿနာတစ်ခုကြုံလာရင် မင်းက ဒီလိုလား။ ငါက ဒီလိုပဲဆိုပြီး မာနတွေ၊ ဒေါသတွေနဲ့ မရှင်းရဘူး။ ပြဿနာ ပိုကြီးရုံပဲ ရှိတော့မှာပဲ။

ကိုယ့်ယောကျ်ားနားဝင်အောင် ဖြည်းဖြည်းပြောကြည့်ပါ။ သူလည်း လူတစ်ယောက်ပဲ။ ကလေးတွေ သံယောဇဉ်ကရှိနေသေးတာ။ လက် လွှတ်စပယ်မလုပ်လောက်ပါဘူး။ နေပါဦး . . . အဲဒီမိန်းကလေးနဲ့က ဘယ်အခြေအနေထိရောက်နေလို့လဲ အမေ့ကို ပြောပါဦး"

"ဟို . . . အဲလိုကြီးတော့ မဟုတ်ပါဘူး။ ကြားရတာတော့ ကောင်မလေးကလည်း ကပ်၊ ကိုဇော်ကလည်း သာယာနေတဲ့အဆင့်ဆိုပါတော့။ ဟိုက တစ်ချိန်လုံး ဖုန်းခေါ်ခေါ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



''ဩော် . . . သမီးရယ်၊ ဒါနဲ့များ အိမ်ပေါ်က ဆင်းလာရသလား။ ဒီလိုမလုပ်ရဘူး သမီးရဲ့။ မယားလုပ်တဲ့သူက တကျိုကျိုလုပ်နေရင် သူ ဘယ်လို အိမ်ကပ်ချင်တော့မလဲ။ ဟိုဘက်ကို ပို့ပြီး စိတ်ယိုင်သွားတော့ မပေါ့။

နောက်ပြီး ခုလို အခြေအနေမှာ ဇနီးမယားက အနားမှာမရှိရင် ပိုပြီး စိတ်လွတ်မှာပေါ့။ ဒီတော့ သမီး စိတ်လေးငြိမ်သွားအောင် အမေ့ဆီမှာ တစ်ရက်နှစ်ရက်လောက်နေပြီး မိသားစုဆီ ပြန်နော်၊ မြေးလေးတွေလည်း အိမ်ဖော်တွေ ဘယ်လောက်ပဲရှိရှိ၊ အမေရှိတာလောက်တော့ ဘယ်အဆင်ပြေမလဲ။ သမီးပြန်ပြီး မောင်ဖော့်ကို အေးအေးဆေးဆေးပြော။ နားဝင်အောင်ဖျောင်းဖျရင် မိသားစုသံယောဇဉ်နဲ့ သူလည်း မှားနေရင်တောင် ပြင်လာ လက်ခံလာမှာပါ''

''တစ်ခုလည်း ရှိသေးတယ် အမေ။ သမီးက အလုပ်မရှိတော့ ကိုယ်ပိုင် ဝင်ငွေမရှိဘူး။ ဒီတော့ သူက ငွေရှာတဲ့လူဆိုပြီး မောက်မာနိုင်တာပေါ့။ သမီးက သူပေးတာ သုံးနေရတာကိုး။ ဒါကြောင့် သမီး အလုပ်လုပ်ချင်တယ်၊ သူ့ငွေနဲ့မဟုတ်ဘဲ သမီးငွေနဲ့ လုပ်ချင်တာ။

သမီးသူငယ်ချင်းတစ်ယောက်က စက်ချုပ်သင်တန်းနဲ့ စက်ချုပ်ဆိုင်ဖွင့်ပြီး အောင်မြင်နေတယ်။ သမီးကို ရှယ်ယာဝင်ဖို့ ခေါ်နေတာ။ အဲဒါ သမီးလုပ်ရင် ကောင်းမလားလို့''

''အေး . . . ကောင်းသားပဲ သမီး။ မြေးတွေလည်း အတန်းတွေ ရလာပြီဆိုတော့ လက်လွှတ်လို့ရနေပြီပဲ။ ရှယ်ယာက ဘယ်လောက် ဝင်ရမှာတဲ့လဲ''

''သိန်းငါးဆယ်လောက်ဆို ရပြီတဲ့။ သူလည်း ထည့်ဦးမှာလေ။ ရယ်ဒီမိတ်အထည်တွေချုပ်ပြီး ဆိုင်တင်မှာ။ လုပ်ငန်းချဲ့တာပေါ့။ စက်တွေ ထပ်ဝယ်၊ ချုပ်သမားထပ်ခန့်ဖို့နဲ့ ကြီးကြပ်ဖို့ လူရင်းလိုတာမို့ သမီးကို ခေါ်တာ အမေ။ တစ်ပိုင်တစ်နိုင် လုပ်ကြမှာပါ။ သမီးမှာကလည်း ကိုယ်ပိုင်ငွေစုထားတာက သိန်းနှစ်ဆယ်လောက်ပဲ ရှိတာဆိုတော့ လက်ဝတ်လက်စားတချို့ပါရောင်းပြီး ဝင်မှရမယ်။ ဒါပေမဲ့ လက်ဝတ်လက်စားတွေက ကိုဖော်





ဆင်ပေးထားတာမို့ စဉ်းစားနေတာ။ လုပ်ငန်းကရတဲ့ငွေက သူ့ငွေပဲဆိုပြီး ပြောမှာ အမေရဲ့''

ဒေါ်ခင်မွန် ခေါင်းညိတ်မိသည်။ ဇနီးမယားအပေါ် ထိုသို့သဘောထားဆက်ဆံတတ်သော ယောက်ျားများလည်း ရှိသည်မဟုတ်လား။ သမီးခံစားချက်ကို သူမနားလည်ပါသည်။

''အေးလေ . . . ဟုတ်တာပေါ့။ အမေနားလည်ပါတယ်။ အမေ သမီးအဖေနဲ့ တိုင်ပင်ကြည့်ပါဦးမယ်။ ကဲ . . . ကဲ . . . သမီးလည်း နားလိုက်ဦး။ ရောက်တုန်း အမေ့ဆီမှာ စိတ်ချမ်းချမ်းသာသာနဲ့နေ''

သမီးဖြစ်သူ၏ ပြဿနာအပူကို ခွဲဝေယူရင်း ဒေါ်ခင်မွန်မှာ ကိုယ့်အပူ ကိုယ့်အခက်အခဲများကို သတိမရတော့ပါပြီ။

✿ ✿ ✿

## (၇)

''သမီးကြီးရဲ့ အခက်အခဲကတော့ အဲဒါပဲ ဖေကြီးရေ။ ဒီကိစ္စအတွက် ခင်မွန် ဖေကြီးနဲ့ တိုင်ပင်ချင်လို့။ ခင်မွန်ရဲ့ ရွှေပြည်သာမြေကွက်ကို ရောင်းလိုက်မလားလို့။ အကွက်ကျဉ်းပြီး နေရာမကောင်းလှပေမဲ့ သိန်းသုံးလေးဆယ်လောက်တော့ ရမှာပေါ့။

ဦးအောင်မြတ်က တွေပြီး စဉ်းစားနေသည်။

''အင်း . . . ငါတစ်ခု စဉ်းစားမိတယ် . . . မေကြီးရဲ့။ ငါရထားတဲ့ အငှားချနေတဲ့ မြောက်ဒဂုံအိမ်ရှိပေမဲ့ ပင်စင်ယူပြီး တီဗီပြင်ဆိုင်ဖွင့်ဖို့ ဆိုင်ခန်း



www.burmeseclassic.com

www.burmeseclassic.com



ဝယ်လိုက်တာနဲ့ဆိုတော့ ငွေလုံးငွေရင်းကျ ဘာမှမရှိတော့ဘူး။ ဒါကြောင့် သားသမီးတွေ အခက်အခဲဖြစ်တော့ ငါတို့ ဘာမှ မပံ့ပိုးနိုင်ဘူးလေ။

ဒီအိမ်ကို ရောင်းလိုက်ပြန်ရင်လည်း နေရေးက ခက်မယ်။ ငါတို့ လင်မယားချည်းဆို အိမ်လခသက်သာတဲ့နေရာမှာ နေရာလေးတစ်နေရာ ငှားနေလို့ ရတယ်ထားဦး၊ သမီးနုမြတ်နဲ့ သားလင်းမြတ်က ရှိသေးတယ်။

ဆိုင်ကိုရောင်းပြီး တစ်နေရာ ငှားဖွင့်မယ်ဆိုရင်လည်း ရတဲ့ဝင်ငွေက ဆိုင်ငှားခနဲ့ ကျန်မှာမဟုတ်ဘူး။ ဒီတော့ အိမ်နဲ့ဆိုင်ကိုရောင်းလို့လည်း မဖြစ်ပြန်ဘူး။ ငါတို့သေမှ အမွေခွဲရမယ်ဆိုရင်လည်း ငါတို့က ဘယ်တော့ သေမလဲ မသိဆိုတော့''

ဦးအောင်မြတ်က ဒေါ်ခင်မွန်ကို လေးလေးနက်နက်ကြည့်သည်။

''မင်း ဝန်ထမ်းဘဝက ရထားတဲ့ ရွှေပြည်သာမြေကွက်တင်မကဘူး ငါ့မိဘတွေပေးခဲ့တဲ့ မင်္ဂလာဒုံက အိမ်နဲ့ခြံကိုပါ ရောင်းလိုက်မယ် ခင်မွန်''

ဒေါ်ခင်မွန် အံ့အားတသင့် မော်ကြည့်သည်။

''ဟင် ... မင်္ဂလာဒုံအိမ်မှာက မေကြီးညီ ကိုအောင်ချစ်တို့နေ နေတာမို့လား''

''ဟုတ်တယ်လေ ... ဒါပေမဲ့ ဖိုးချစ်အလုပ်က ပြောင်းရတော့မှာ။ စက်ရုံပစ္စည်းတွေ စာရင်းလွှဲနေပြီ။ ပြီးတာနဲ့ နေပြည်တော်ပြောင်းရမှာလေ။ နောက်နေ့ရရင် တစ်လပဲတဲ့။ ဖိုးချစ်က မိသားစုပါခေါ်ပြီး အပြီးပြောင်းမှာဆိုတော့ မင်္ဂလာဒုံအိမ်ကို ဘယ်လိုလုပ်မလဲ၊ အငှားတင်မလား ရောင်းလိုက်မလား၊ လိုချင်သူလည်းရှိတယ်လို့ ငါ့ကို မေးနေတယ်။

အငှားတင်ရအောင်လည်း ကိုယ်က သွားသွားမကြည့်နိုင်ဘူးလေ။ ဒီတော့ တို့ညီအစ်ကိုနှစ်ယောက်တည်း အမွေဆိုင်ဆိုတာ ရောင်းပြီး တစ်ယောက်တစ်ဝက် ခွဲလိုက်တော့မယ်။ သိန်းနှစ်ရာကျော်လောက် ရနိုင်သတဲ့။ ခွဲလိုက်ရင် သိန်းတစ်ရာလောက်ရမယ်။ မင်းမြေကွက်နဲ့ဆို စရိတ်စက ပွဲစားခနုတ်ပြီး သိန်းတစ်ရာ့သုံးလေးဆယ်လောက် ရှိမှာပေါ့။





ငါတို့မသေခင် အဲဒီငွေကို သားသမီးတွေ အညီအမျှ ခွဲပေးလိုက်ရင် မကောင်းဘူးလား။ သူတို့လည်း လိုရာသုံးရ အလုပ်လုပ်ချင်လည်း လုပ်လို့ရတာပေါ့''

ဒေါ်ခင်မွန့်မျက်နှာ ပြုံးလာသည်။

''အင်း ... ကောင်းတယ်ဖေကြီး၊ ကောင်းတယ်။ သမီးကြီးလည်း အဆင်ပြေမယ်။ သားငယ် လင်းမြတ်လည်း အငှားကားဆွဲချင်တာ စပေါ်တင်ဖို့ ငွေလုံလုံလောက်လောက် ရတာပေါ့။

သမီးငယ်လည်း သင်တန်းတွေဘာတွေ ကြိုက်ရာတက်နိုင်မယ်။ သားကြီးလည်း သူ့အစီအစဉ်နဲ့သူ ရှိမှာပဲ။ ကောင်းတယ်''

ဝမ်းပန်းတသာပြောနေသော ဇနီးဖြစ်သူကို ဦးအောင်မြတ်က ပြုံးပြုံးကြီးကြည့်သည်။

''သမီးနုမြတ်နဲ့ သားလင်းမြတ်ကတော့ အိမ်ထောင်မကျသေးဘူးဆိုတော့ သူတို့လိုတာလုပ်ပေးပြီးရင် ပိုငွေကို သူတို့နာမည်နဲ့ ဘဏ်မှာ အပ်ထားပေးရမယ်။ ကလေးတွေက ငယ်ကြသေးတော့ ငွေကို ထိန်းနိုင်မှာ မဟုတ်သေးဘူးဆိုတော့လေ။ ဒါနဲ့ မေကြီးရော ... မေကြီးကိုယ်တာထည့် ခွဲဦးမလား''

''ဟင် ... ကြုံကြုံဖန်ဖန်ဖေကြီးရယ်၊ ခင်မွန်တို့က ရှေ့သေဖို့ပဲ ရှိတော့တာကို။ ဘာလိုမှာတုံး။ နာစရိတ်သေစရိတ်လေးပဲ သားသမီးဆီက တောင်းမနေရအောင် နည်းနည်းချန်ချင်ချန်။ ကျန်တာ အကုန်ခွဲပေးလိုက်ပါ။ သူတို့လေးတွေ အဆင်ပြေနေကြရင် ပြီးတာပဲ။

ဒါပေမဲ့ သူတို့ကိုတော့ ကြိုမပြောသေးဘူး။ ရောင်းပြီးလို့ငွေရမှ သားသမီးတွေခေါ်ပြီး ဝေပေးလိုက်မယ်။ သူတို့ အံ့သြဝမ်းသာသွားကြမှာ နော် ဖေကြီး''

''အေး ... အေး ... ဒါဆို ငါ ပွဲစားတွေနဲ့ အပ်လိုက်မယ်။ ဖိုးချစ်ဆီလည်း ဖုန်းဆက်လိုက်မယ်လေ''



www.burmeseclassic.com

www.burmeseclassic.com



မိဘဟူသည် သားသမီးဘယ်လောက်များပါစေ။ ရှိသမျှ သားသမီးများ၏ တာဝန်ကို မညည်းမညူ ထမ်းကြသည်ချည်းဖြစ်ပါ၏။ သားသမီးများ တင့်တင့်တယ်တယ်ရှိနေသည်ကို မြင်ရလျှင်ပင် ပီတိဖြင့် ကျေနပ်ဝမ်းသာနေကြရသူများမဟုတ်လား။

✿ ✿ ✿

| ၈ |

❑

ဒေါ်ခင်မွန်က ပဲကြာဆံ လက်သုပ်ပန်းကန်ကို ခင်ပွန်းရှေ့တွင် ချပေးလိုက်၏။ ဦးအောင်မြတ်က ဘာများလဲဟူသော အမေးကြည့်ဖြင့် မော်ကြည့်လိုက်သည်။ ဒေါ်ခင်မွန်က ပြုံးလိုက်ရင်း ...

''ဒီနေ့ တနင်္ဂနွေ၊ ဖေကြီးမွေးနေ့၊ နေ့ရော ရက်ရောကိုက်တယ်မို့လား။ ဘတ်ဂျက်အခြေအနေအရ အထူးလုပ်မပေးနိုင်လို့ နိုင်သမျှနဲ့ပဲ ပဲကြာဆံလုပ်လိုက်တာ။

ခဏနေရင် ဘုန်းကြီးကျောင်းကို ဖေကြီးနဲ့ခင်မွန် မွေးနေ့ဆွမ်းသွားပို့မယ်လေ။ ချိုင့်ပြင်ထားပြီးပြီ''

ဦးအောင်မြတ် ပြုံးပြုံးကြီး ခေါင်းညိတ်သည်။

''ဒါနဲ့ ခင်မွန် ... ကလေးတွေရော မမြင်ပါလား''





''မနက်အစောကြီးထဲက သားငယ်ရော၊ နုမြတ်ရော မောင်နှမနှစ်ယောက် အပြင်ထွက်သွားကြလေရဲ့။ ခင်မွန်လည်း ကျောင်းပို့ဖို့ ချက်ပြုတ်လုပ်ကိုင်နေတာနဲ့ မေးတောင် မမေးလိုက်မိပါဘူး။ ဟင် ... ဟောဟိုမှာ ... သားကြီးကားပါလား။

အမယ် ... သားငယ်တို့ မောင်နှမနှစ်ယောက်ပါ ပါလာတယ်ဖေကြီးရေ။

လက်စသတ်တော့ ဒီမောင်နှမနှစ်ယောက်က သူ့ကိုကြီးအိမ် သွားကြတာကိုး။

အဟင်း ... အဖေ့မွေးနေ့ဆိုတော့ ကန်တော့ကြမလို့နဲ့ တူရဲ့၊ ကလေးတွေ သတိရကြသားပဲ''

ဒေါ်ခင်မွန် ကြည်ကြည်နူးနူး ပြောမိသည်။

''လာ ... လာ ... သားကြီး။ ဒီနေ့ တနင်္ဂနွေနေ့ဆိုတော့ ရုံးပိတ်တာပဲ။ သီသီနဲ့ကလေးရော မပါဘူးလား''

သားကြီးက မပါဘူးအမေ ... ဟုပြောကာ အိမ်ထဲဝင်လာသည်။ နုမြတ်နှင့် လင်းမြတ်ကလည်း နောက်မှ လိုက်ဝင်လာကြ၏။

''သားငယ်နဲ့ သမီးငယ်ကို ဖေကြီးက ခုပဲမေးနေတာ။ သားတို့ကကိုကြီးဆီ သွားနေကြတာကိုး။ အမေက ပဲကြာဆံသုပ်ကျွေးမလို့။ သားကြီးဘာတာအတော်ပဲ။ တစ်ခါတည်းစားသွား။ အပြန်ကျ သီသီနဲ့မြေးအတွက်ပါ အမေ ထည့်ပေးလိုက်ဦးမယ်''

ပြောရင်း အိမ်နောက်ဘက်သို့ဝင်ရန် ပြင်လိုက်သော ဒေါ်ခင်မွန်ကို သားကြီးထက်မြတ်က ဖြတ်တားလိုက်သည်။

''နေပါစေ ... အမေ၊ မစားတော့ဘူး။ ကျွန်တော် ပြောစရာရှိလို့ လာတာ''

ထိုအခါမှ ဒေါ်ခင်မွန် သားမျက်နှာကို သေချာကြည့်မိတော့သည်။ သားကြီးမျက်နှာမကောင်း။ အငယ်နှစ်ယောက်ကို ကြည့်တော့လည်း အရယ်



www.burmeseclassic.com

www.burmeseclassic.com



အပြုံးမရှိ။ ဒေါ်ခင်မွန် ရင်ထိတ်သွားသည်။ သားသမီးများကို တစ်လှည့်စီ ကြည့်နေမိ၏။

"အမေပါ ... ထိုင်ပါဦး"

သားကြီးက ခပ်ပြတ်ပြတ် ပြောသည်။ ဦးအောင်မြတ်နှင့် ဒေါ်ခင်မွန် တစ်ယောက်ကိုတစ်ယောက် ဖျတ်ခနဲ ကြည့်မိကြရင်း ဒေါ်ခင်မွန်က ဆက်တီတွင် ပြန်ထိုင်လိုက်၏။ သားကြီးဘေးတွင် အငယ်နှစ်ယောက်ပါ ဝင်ထိုင်လိုက်သည်။

သားကြီးထက်မြတ်က အဖေကို တည့်တည့်ကြည့်လိုက်ပြီး ...

"အဖေ ... မင်္ဂလာဒုံအိမ်နဲ့ အမေ့မြေကွက်ကို ရောင်းပြီး မမစုကို ရင်းနှီးငွေပေးမလို့ဆို"

လင်မယားနှစ်ယောက်လုံး ခုမှ 'ဟင်း' ချနိုင်ကြသည်။ သူတို့က သားသမီးများ ပြဿနာတစ်ခုခုဖြစ်လာသည်အထင်နှင့် စိုးရိမ်သွားမိကြသည်ကိုး။

ဦးအောင်မြတ်က တစ်ချက်ရယ်လိုက်ရင်း ...

"အေး ... ဟုတ်တယ် ... သားကြီးရဲ့။ ဒါနဲ့ ... မင်းတို့ ဒီအကြောင်း ဘယ်လိုသိလာကြတာတုံး"

သားသမီးများအချင်းချင်း တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့်ကြ၏။ လင်းမြတ်က ...

"ကျွန်တော်တို့ ပွဲစားဒေါ်မူမူဆီက ကြားခဲ့တာ"

ဟု ခပ်တိုးတိုး ဆိုသည်။

"အဖေတို့က ကျိတ်လုပ်ခဲ့ကြတာပဲ။ ဘယ်ကပဲ သိသိအကြောင်း မဟုတ်ပါဘူး အဖေ။ အကြောင်းက ကျွန်တော်တို့ အဲ့ဒီကိစ္စကို မကျေနပ်ဘူးဆိုတာ အဖေနဲ့အမေကို ပြောချင်လို့"

"ဟေ ..."

"ဟင် ..."





လင်မယားနှစ်ယောက် အံ့အားသင့်သွားသည်။ သားကြီးက ဆက်ပြော၏။

"အဖေနဲ့အမေက သားသမီးချင်းအတူတူ မမစုကိုကျ ငွေထုတ်ပေးတယ်ဆိုတော့ သိပ်ခွဲခြားရာ ရောက်မနေဘူးလား။ ကျွန်တော်တို့လည်း သားသမီးပါပဲ။ မိဘအမွေကို ကျွန်တော်တို့လည်း အညီအမျှ ရထိုက်ပါတယ်"

"ဟုတ်တယ်အဖေ ... ကျွန်တော် တက်စီမောင်းချင်လို့ စပေါ်လိုတာကျတော့ အဖေနဲ့ အမေက ထုတ်မပေးဘူး။

ပြောမယ်ဆိုရင် မမစုမြတ်က မောင်နှမတွေအားလုံးထဲမှာ စီးပွားရေးအတော်ဆုံး။ သူ့ယောက်ျားက ဒီလောက် ဝင်ငွေကောင်းနေတာ။ မမစု အလုပ်မလုပ်လည်း ရတာပဲကို။ သူ့ဘာသာလောဘတက်ပြီး လုပ်ငန်းလုပ်ချင်တာကျတော့ အိမ်တွေ၊ မြေတွေ ရောင်းပြီးတောင် ပေးမယ်ဟုတ်သား"

"ကိုလေးကလည်း မမစုက သမီးလိမ္မာလေ ... ကိုလေးရဲ့ ချမ်းသာပါတယ်ဆိုတဲ့ မမစုက သူ့ကလေးတစ်ယောက် မုန့်ဖိုးတောင်မရှိတဲ့ ငွေလေးမဖြစ်စလောက် သုံးသောင်းကို လစဉ်ပို့နေတာဆိုတော့ အဖေနဲ့အမေက ကြည်ဖြူပေါ့။ နုမြတ်ကို့ ကိုလေးတို့ကမှ မပေးနိုင်တာ"

"ကျွန်တော်လည်း စီးပွားရေး ပြေလည်တယ်ဆိုပေမဲ့ ရသင့်ရထိုက်တာတော့ လိုချင်တာပဲ။ သီသီ့ မိဘဘက်ကဆိုရင် ကျွန်တော်တို့က တတ်နိုင်နေတာတောင် မြေးအတွက် လိုလေသေးမရှိ တာဝန်ယူကြတာ။

သီသီ့မိဘတွေက ချမ်းသာလို့ မြေးကိုထောက်နိုင်ပြီး အဖေတို့က မပြေလည်လို့ မပေးနိုင်တာ ထားပါ။ ခုလို ကျွန်တော့်ဘက်က မိဘတွေရဲ့ အမွေကိစ္စမှာတော့ အားလုံး ညီညီမျှမျှ ဖြစ်သင့်တယ်လေ။

ခုတော့ ... အဖေတို့အမေတို့က သားသမီးချင်းတောင် ခွဲခြားခွဲခြားနဲ့။ ကျွန်တော့်မှာ ကျွန်တော့်မိန်းမ သီသီကို မျက်နှာတောင်ပူတယ်"

"ညီမလေး နုမြတ်ဆိုလည်း ပညာရေးအတွက် သင်တန်းလေး တက်ဖို့တောင် သင်တန်းကြေးကို အနိုင်နိုင်တောင်းရသတဲ့။ ကြုံးစားချင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်သားသမီးပညာရေးကို အဖေတို့အမေတို့က အားပေးရမှာပေါ့။ လုပ်ပေးသင့်တာပေါ့''

သားသမီးသုံးယောက်။ တစ်ယောက်တစ်လှည့်ရေပက်မဝင်အောင် ပြောနေကြသော စကားများကို နားထောင်ရင်း ဦးအောင်မြတ်နှင့် ဒေါ်ခင်မွန်မှာ ပါးစပ်အဟောင်းသား။

ဟိုသားမျက်နှာကြည့်လိုက်၊ သည်သမီးမျက်နှာ ကြည့်လိုက်နှင့် ကြားနေရသော စကားလုံးကြီးများကြားတွင် ရင်ထဲ ဆို့တက်လာသည်။

''အဖေတို့ အမေတို့ကို ကျွန်တော်က လစဉ်မထောက်ပံ့ဖြစ်ပေမဲ့ အလျဉ်းသင့်သလို ပေးနေကမ်းနေတာပဲ။ ငွေလိုတယ်ဆိုလည်း ချေးနေတာပဲ။

လင်းမြတ်နဲ့ နုမြတ်ကတော့ လင်းမြတ်ဆိုလည်း သူ့လခနဲ့သူ လောက်အောင်တောင် မနည်းနေနေရတာ။ အမေတို့က လိုတာကိုမဖြည့်ဆည်းနိုင်တဲ့အပြင် သားသမီးလုပ်စာ မျှော်ကိုးနေသေးတယ်။

နုမြတ်ဆိုလည်း ခုမှ ကျောင်းသူပဲ ရှိသေးတာ။ အဖေတို့ကို ဘယ်လို ကျွေးနိုင်ပေးနိုင်ဦးမှာလဲ။

နုမြတ်ပြောသလို မမစုက သူ့ကလေးမုန့်ဖိုး အစွန်းအဖျားလောက် ပေးတာလေးကို အဖေတို့က ကျေးဇူးတတင်နဲ့ ငွေမျက်နှာကြည့်ပြီး ဘက်လိုက်တာတော့ မဖြစ်သင့်ဘူး ထင်တယ်အဖေ''

''ဟုတ်တယ် အဖေ ... ကျွန်တော်တို့သုံးယောက်ကိုလည်း မမစုနဲ့ ထပ်တူ အညီအမျှအမွေခွဲပေးပါ''

''ဟုတ်တယ် ... သမီးတို့အားလုံး ရသင့်တယ်လို့ ထင်တယ်''

ခင်ပွန်းထံမှ 'အင့်'ခနဲ ခပ်တိုးတိုး အသံထွက်လာသဖြင့် ဒေါ်ခင်မွန်က ဦးအောင်မြတ်ကို လှည့်ကြည့်သည်။ ဦးအောင်မြတ်မျက်နှာတွင် ဝမ်းနည်းကြေကွဲရိပ်တို့က သိသိသာသာ ထင်ဟပ်နေ၏။ မျက်ရည်မကျမိအောင် မဲတင်းထားရသောဟန်ဖြင့် ရင်ထဲမှ ကြေကွဲမှုကို ကျိတ်မျိုချလိုက်သည့် ခင်ပွန်း၏ ဆိုနင့်နင့်အသွင်ကိုမြင်သည်။





ဒေါ်ခင်မွန်ကိုယ်တိုင်လည်း နားတွင် ကြားလိုက်ရသော စကားလုံးများက သံရည်ပူအလား နားမှတစ်ဆင့် ကိုယ်တွင်း အင်္ဂါအားလုံး လောင်ကျွမ်းသွားခြင်း ခံလိုက်ရသကဲ့သို့ ခံခက်နာကျင်ထိခိုက်လျက်။

ဦးအောင်မြတ်က ဆို့နင့်ပျက်ယွင်းနေသော မျက်နှာကို ငုံ့ရင်း ငြည်းညင်းစွာ ထရပ်လိုက်သည်။

''ခင်မွန် ... ကလေးတွေကို ... မင်း ... ပဲ ... ရှင်းပြလိုက်တော့။ ငါ ... ဘုန်း ... ဘုန်းကြီးကျောင်း ... သွားတော့ ...''

ဦးအောင်မြတ်အသံက တိမ်ဝင်သွားသည်။

ချာခနဲ လှည့်ကာထွက်သွားသော ခင်ပွန်းသည်၏ မျက်လုံးထောင့်နှန်းမှ မျက်ရည်စက်တို့ကို ဒေါ်ခင်မွန် ရင်နင့်စွာ မြင်လိုက်ရ၏။

မိဘဆိုတာ သားသမီးတွေဆီက ကျေးဇူးဆပ်တာကို မျှော်လင့်ပြီး လုပ်ပေးကြသူတွေ မဟုတ်ဘူး။ အမြတ်စားဖို့မဟုတ်ဘဲ အရင်းစိုက်ခဲ့ သက်သက်ပါ။ လောကမှာ ကိုယ့်အတွက် တစ်စုံတစ်ရာသောအကျိုးကို ရစေသောဆိုတဲ့ မျှော်လင့်ချက်မျိုး ကင်းလွတ်ရှင်းသန့်စွာနဲ့ သူ့အကျိုးသက်သက်ကိုသာ ဆောင်ရွက်ပေးနိုင်ကြသူများဟာ 'မိဘ' မှတစ်ပါး အခြားမရှိနိုင်ပါဘူး။ သူတို့ရဲ့မျှော်လင့်ချက်မှာ သားသမီးတွေဆီက ရွှေငွေပစ္စည်းဥစ္စာတွေ ပြန်ရဖို့ လုံးဝမပါဘူး။ သားသမီးက သိတတ်လို့ ပေးရင်ကျွေးရင် သာဓုခေါ်။ မိဘကတော့ ဘာမှရကောင်းစေ မမျှော်ကိုးကြပါဘူး။ ရလို့မှနဲ့ လုပ်ပေးတာ မဟုတ်တဲ့အတွက် ဘယ်သားသမီးကတော့ ပေးနိုင်လို့၊ ဘယ်သူကတော့ မပေးနိုင်လို့ဆိုပြီး ခွဲခြားမျက်နှာသာပေးတာမျိုးတွေ၊ ဘက်လိုက်တာမျိုးတွေဆိုတာ ဘယ်လိုလုပ် ရှိနိုင်တော့မှာလဲကွယ်။

သားသမီးတွေက မိဘရဲ့ မေတ္တာစေတနာကို အသိအမှတ်ပြုတဲ့စိတ်လေးထားရင်ပဲ၊ သားသမီးတွေ တင့်တောင့်တင့်တယ်ရှိနေတာ မြင်ရရင်ပဲ ပီတိနဲ့ ဝနေကြသူတွေပါ။ မိဘဟာ သားသမီးဘယ်လောက်များများ၊ အဲဒီသားသမီးတစ်ယောက်ချင်းရဲ့ တာဝန်ကို သူတို့မသေမချင်း မြေမြစ်ထိအောင် နိုင်သမျှ ထမ်းပေးကြတာပါ။ မိဘဆိုတာ ဘဝရဲ့ နောက်ဆုံးအချိန် သူတို့မျက်စိနှစ်လုံးကို ထာဝရပိတ်ကြရတော့မယ့် အချိန်မှာ ကျန်ရစ်ခဲ့မယ့်



www.burmeseclassic.com

www.burmeseclassic.com



သားသမီးတွေဟာ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ လူ့လောကရဲ့ ဒုက္ခ၊ သုခတွေကို မားမားမတ်မတ်၊ သမာသမတ်ကျကျ ရင်ဆိုင်ခံယူနိုင်ကြပြီပဲဆိုတဲ့ 'စိတ်ချခြင်း' အသိအလိမ္မာနဲ့ တန်ဖိုးရှိတဲ့ လူကောင်းသူကောင်းတွေအဖြစ် ရပ်တည်နိုင်ကြပြီဆိုတဲ့ 'စိတ်အေးခြင်း'တွေရဖို့ တစ်ခုပဲ မျှော်လင့်ကြတယ်။ သံသရာဘဝကူးတံတားကို အေးချမ်းကြည်လင် နောက်ဆံမငင်တဲ့ စိတ်နှလုံးနဲ့ ပြုံးပြုံးကြီး ဖြတ်သန်းနိုင်ခွင့်ကိုပဲ မျှော်လင့်ကြသူတွေပါ။ သားသမီးတိုင်းက ဒီမျှော်လင့်ချက်အတိုင်း ပြည့်စုံနိုင်ပြီဆိုရင် မိဘတိုင်းရဲ့ရင်ကို အေးချမ်းစေရုံတင်မက ကမ္ဘာလောကတစ်ခုလုံးလည်း ငြိမ်းချမ်းမှာပါပဲ။ မိဘတွေရဲ့ရင်ထဲက မေတ္တာကို မသိသားဆိုးဝါးစွာ မင်းတို့ စော်ကားရက်ကြပလေကွယ်။

ဒေါ်ခင်မွန်တွေးရင်း မျက်ရည်များ ပိုးပိုးပေါက်ပေါက်ကျလာသည်။

သို့သော် ကရုဏာ ဒေါသဖြင့် ပေါက်ကွဲပြောချပစ်လိုက်ချင်သော စိတ်ကို မနိုင်ရင်ကာ အနာခံချုန်းအုပ်သည်။

ဒေါသဆိုသည်မှာ ...တက်ဒေါသဖြစ်စေ၊ ဆုတ်ဒေါသဖြစ်စေ ကရုဏာဒေါသပင်ဖြစ်ပါစေ အကုသိုလ်ပင် မဟုတ်ပါလား။ 'ကရုဏာ'ဆိုသော စကားလုံးကို ရှေ့တန်းတင်ကာ ဒေါ်ခင်မွန် ဒေါသအကုသိုလ်လည်း မသင့်ချင်တော့ပါ။ အထူးသဖြင့် မည်သည့်ဒေါသအမျိုးအစားပင် ဖြစ်ပါစေ မိမိ၏ဒေါသစကားကြောင့် သားသမီးများတွင် အကုသိုလ် ပို၍ မကြီးထွားသွားစေချင်ပါ။

ကျေးဇူးဟူသည် မဆပ်လျှင် ကုသိုလ်မရရုံရှိမည်။ ကျေးဇူးကန်းမိလျှင်တော့ အကုသိုလ်ပါဖြစ်၍ ဆိုးကျိုးကြီးပေလိမ့်မည်။

မိဘက သားသမီးတို့အပေါ် အနှိုင်းမဲ့ မေတ္တာထားခဲ့ကြသည်ကို အထားခံရသော သားသမီးများက မသိကြ၊ အရေးမထားကြသော်လည်း ထားခဲ့သော မိဘများဘက်က အဘယ်မျှထိ ကိုယ်ကျိုးစွန့် အနစ်နာခံခဲ့ကြရကြောင်း ထားသူသာလျှင် သိပါ၏။ ဤမျှသော မေတ္တာစေတနာကို ရိုင်းပြစော်ကားခဲ့ပါလျှင် ထိုသူတွင်သာ အပြစ်ပိုကြီးပေလိမ့်မည်။

ဒေါ်ခင်မွန်က ပေါက်ကွဲထွက်ကျလုဆဲ စကားလုံးများကို တနင့်တနဲ မျိုချပစ်လိုက်ပါ၏။





သူမက ရှေ့တွင် ထိုင်နေသော သားသမီးများကို ကြည့်ပြီး အားတင်းပြုံးပြလိုက်သည်။ သားတို့ သမီးတို့ခဏစောင့်နော်ဟုပြောကာ အိပ်ခန်းထဲဝင်သည်။

''ရော့ ... သား လင်းမြတ်နဲ့ သမီးနုမြတ် ...''

ဒေါ်ခင်မွန်က လက်ထဲတွင် ကိုင်လာသော ဘဏ်စာအုပ်နှစ်အုပ်ကိုသားနှင့်သမီး လက်ထဲထည့်သည်။

''ဘဏ်စာအုပ်ထဲမှာ တစ်ယောက်ကို သိန်းလေးဆယ်စီ အဖေနဲ့အမေ ထည့်ပေးထားတယ်။

အမေ့မြေကွက်က ရောင်းပြီးသွားပြီ။ သုံးဆယ့်ရှစ်သိန်း ရတယ်။ သားတို့အဖေရဲ့ မင်္ဂလာဒုံအိမ်လည်း သိန်းနှစ်ရာ့ခုနစ်ဆယ်နဲ့ ဆိုင်ထားတယ်။ စရန် သိန်းငါးဆယ်ရပြီးပြီ။ ရှေ့အပတ်ထဲ ငွေအကျေရမယ်။

အဖေ့အိမ်က မင်းတို့ဦးလေး ဦးအောင်ချစ်နဲ့ အမွေဆိုင်မို့ စရိတ်စက ပွဲခနုတ်ပြီး တစ်ယောက် သိန်းတစ်ရာ့သုံးဆယ်ကျော်လောက် ရမယ်။ အဲဒီတော့ အဖေတို့အမေတို့ စုစုပေါင်း တစ်ရာခြောက်ဆယ့်ရှစ်သိန်းလောက်ရမှာကို သမီးကြီးအပါ သားတို့တစ်ယောက် သိန်းလေးဆယ်စီ ခွဲပေးထားတယ်။ လေးယောက်ဆိုတော့ သိန်းတစ်ရာ့ခြောက်ဆယ်။

အစွန်းထွက် ရှစ်သိန်းကိုးသိန်းကိုတော့ အဖေနဲ့ အမေ သေခါနီးနာမကျန်းဖြစ်ရင် ဆေးကုဖို့နဲ့ သေစရိတ်ချန်ထားတာပါ။ ဒါကလည်း တစ်ချိန်မှာ အမေတို့ရဲ့ နာစရိတ်၊ သေစရိတ်ကို သားတို့သမီးတို့ ရှာနေကြရမှာစိုးလို့ ကိုယ့်ငွေနဲ့ ကိုယ်ပေးနိုင်အောင် ချန်ရတာပါ''

ဒေါ်ခင်မွန်က ထိန်းထားလျက်နှင့် ပါးပြင်ပေါ်စီးကျလာသော မျက်ရည်များကို သုတ်ရင်း ဆက်ပြောသည်။

''အခု ... အမေ့မြေကွက်နဲ့ အဖေ့အိမ်စရန် ရငွေပေါင်း သိန်းရှစ်ဆယ်ကျော်မှာ သားလင်းမြတ်နဲ့ သမီးနုမြတ်အတွက်ကိုယ်တာ သိန်းလေးဆယ်စီ ဘဏ်ထဲ ထည့်ပေးထားတာ။



www.burmeseclassic.com

www.burmeseclassic.com



သားကြီးထက်မြတ်နဲ့ သမီးစုမြတ်ကိုယ်တာကိုတော့ ရွှေအပတ်ငွေအကျော့ရပြီးမှ ကျန်ငွေမှာ ထပ်ဖြည့်ပြီး သားတို့တွေ အုံ့ဩဝမ်းသာသွားရအောင် တစ်ပြိုင်တည်းခေါ်ပေးဖို့ အဖေနဲ့အမေက တိုင်ပင်ထားကြလို့ သားတို့ကို ဘာမှမပြောသေးတာပါ။ ကျိတ်လုပ်နေကြတာ မဟုတ်ပါဘူးကွယ်''

နစ်ဝင်နေသော ရင်ထဲမှအသံကို ညှစ်ထုတ်ရင်း ဒေါ်ခင်မွန် စကားဆက်သည်။

''တစ်ခုတော့ အမေ လေးလေးနက်နက် တောင်းဆိုချင်ပါတယ်။ သားတို့သမီးတို့ မောင်နှမချင်း ငွေအတွက်နဲ့ ခုလို စိတ်ဝမ်းကွဲကြတာမျိုး နောင်ကို မဖြစ်ကြပါနဲ့။ လူ့ဘဝတိုတိုလေးမှာ နေရခိုက် မောင်နှမတွေ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး နေသွားကြပါ။ အမေနဲ့အဖေ အသေဖြောင့်ပါရစေ''

ဒေါ်ခင်မွန်က သက်ပြင်းတစ်ချက် ရှိုက်လိုက်ပြီး ထရပ်လိုက်၏။

''အင်း ... ဒီနေ့ သားတို့အဖေရဲ့ နေ့ရော ရက်ရောတိုက်တဲ့ မွေးနေ့လေ။ ဒီလိုနေ့မှာ သားတို့သမီးတို့က အဖေ့မွေးနေ့ကိုတောင် သတိမရကြဘဲ ဒီလိုစကားတွေ ပြောနေကြရတာတော့ အမေ အတော်ဝမ်းနည်းမိတယ်ကွယ်''

ဒေါ်ခင်မွန့်အသံက ဆို့နင့်နစ်ဝင်သွားသည်။ သူမက မျက်တောင်ကို တဖျပ်ဖျပ်ခတ်ကာ တာကျိုးလုဆဲ မျက်ရည်တို့ကို ထိန်းထားရင်း ..

''ကဲ ... ကဲ ... ခဏနေကြဦး။ သားတို့သမီးတို့စားဖို့ အမေ ပြင်လိုက်ဦးမယ်။ အဖေ့မွေးနေ့ အထိမ်းအမှတ်လုပ်တဲ့ သားတို့ အကြိုက် ပဲကြာဆံသုပ်လေ။ ပြီးရင် ဘုန်းကြီးကျောင်းကို မွေးနေ့ ဆွမ်းချိုင့်ပို့ဖို့ လိုက်သွားရဦးမှာ''

ဒေါ်ခင်မွန်က မျက်ရည်ဖုံးနေသော မျက်လုံးများဖြင့် သားသမီးများအား ဝေ့ကြည့်ကာ တစ်ချက်ပြုံးပြလိုက်ရင်း ကျောခိုင်းလိုက်သည်။

''အမေ ...''

''အမေ ... သား ... သားတို့ ... မှား ...''

---

**စိတ်ကူးသစ်စာပေ**



''သမီး ... သမီး ... မှား ... မှား ...''

သူမ နောက်ကျောဆီမှ နင့်နဲလှိုက်လှဲသော ငိုသံပါကြီးများဖြင့် ခေါ်သံကြားလိုက်ရ၍ ဒေါ်ခင်မွန် လှည့်ကြည့်လိုက်မိ၏။

သားသမီးသုံးယောက်သည် ကြမ်းပြင်ပေါ်တွင် ဒူးထောက်ထိုင်ချရင်း မျက်ရည်လည်ရွဲဖြင့် အမေကို အကြိမ်ကြိမ် အထပ်ထပ် လက်အုပ် ချီကန်တော့နေကြလေသည်။

သူတို့၏ နှုတ်ခမ်းလေးများသည် တဆတ်ဆတ် တုန်ယင်လျက် တစ်စုံတစ်ရာကို အထပ်ထပ် ပြောနေကြသော်လည်း စကားလုံးများက တနင့်တပိုး ရှိုက်သံများကြားတွင် မပီမသ တိမ်ဝင်ပျောက်ကွယ်သွားကြ၏။

သို့သော် သူတို့လေးတွေ ပြောချင်နေကြသော စကားလုံးများကို ဒေါ်ခင်မွန် 'စိတ်နား' ဖြင့် ပီပီပြင်ပြင် ကြားနေရပါ၏။

တငြိမ့်ငြိမ့် ခုန်နေသောရင်ဖြင့် အကုန်အစင် သိနေရပါ၏။

သူတို့၏ မျက်နှာလေးများတွင် မစဲနိုင်သော နောင်တမျက်ရည်ကိုယ်စီနှင့်။

ဒေါ်ခင်မွန်၏ ပါးပြင်၌လည်း အသွယ်သွယ်သော ပီတိမျက်ရည်များနှင့် ...။ သည်တစ်ခါတော့ ...

စီးပါစေလေ ... မသုတ်လိုက်နဲ့။

ထိုမျက်ရည်များသည် ... သူတို့အားလုံးအတွက် အဖိုးမဖြတ်နိုင်သော ... တန်ဖိုးကြီးမားလွန်းလှသော ... တစ်နည်းအားဖြင့် မိဘများ၏ အမျှော်လင့်ဆုံးဆန္ဒကို ဖြည့်ဆည်းပေးနိုင်စွမ်းသော ...

မြမျက်ရည် ... ပုလဲမျက်ရည်များပင် မဟုတ်ပါလား။

ထားဉသုံ

www.burmeseclassic.com

www.burmeseclassic.com



[ ၁ ]

❏

ပဲခူးရိုးမတောင်ပိုင်း၊ ပဲခူးမြို့၏ အနောက်မြောက်ပိုင်းရှိ တောင်စဉ်တောင်တန်းကြီးများက သာယာလှသည့် သီတင်းကျွတ်လ နေရောင်တောက်တောက်အောက်တွင် ညိုသည့်နေရာညို၊ စိမ်းသည့်နေရာစိမ်း၊ မှောင်သည့်နေရာမှောင်ဖြင့် မြန်မာနိုင်ငံ၏ တောတောင်အလှ တစ်စိတ်တစ်ပိုင်းကို အားဖြည့်လျက်ရှိသည်။

မြောက်ဇာမဏီချောင်းအဖြစ် မြစ်ဖျားခံစီးဆင်းလာသော ပဲခူးချောင်းကလည်း တောင်စဉ်တောင်တန်းများကြားမှ စီးဆင်းနေရာမှ အချို့ပြန့်ပြူးသော နေရာများတွင် ချောင်းက အတော်အတန် ကျယ်သွားလေရာ ထိုပြန့်ပြူးသည့်နေရာများရှိသည့် ချောင်းစောင်းများတွင် တောင်ယာနှင့် လယ်များ တည်ကြကာ လယ်ယာစိုက်ပျိုးရေး၊ သစ်ခုတ်၊ ဝါးခုတ်၊ တောအလုပ်ကို လုပ်၍ အသက်မွေးဝမ်းကျောင်း ပြုလုပ်နေကြသည့် ရွာကလေးများကလည်း ရှေးယခင်ကတည်းက တည်ရှိခဲ့ကြလေသည်။

ထိုရွာကလေးများတွင် လူသိများသော ရွာကြီးတစ်ရွာမှာ ဇောင်းတူဆိုသည့် ရွာကြီးဖြစ်ကာ ပတ်ပတ်လည်တွင် သစ်တောကြီးများ တောင်စဉ်တောင်တန်းများက ဝန်းရံနေလေသည်။ ထိုရွာမှ အနောက်တောင်ဘက်သို့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လျှင် မြင့်မား၍ ညိုမှိုင်းနေသည့် မဟူရာတောင်ကြီးက ထီးထီးကြီး တည်ရှိသကဲ့သို့ အနောက်ဘက်ဟိုးအဝေးတွင် မှိုင်းပျပျ ပြာနောက်နောက် ကန့်ဘလူတောင်ကြီးကလည်း တည်ရှိနေပြန်သည်။

ပဲခူးချောင်း၊ ထားဝယ်ချောင်း၊ ဆင်စွယ်ချောင်း စသည့် တောင်ပေါ် ချောင်းများကလည်း ဝန်းရံထားပြန်လေရာ ထိုရွာကြီးတည်ရှိရာ မြေပြန့် ကွင်းများမှာ စိုက်ပျိုး၍ကောင်းသော မြေဩဇာပြည့်ဝသော နေရာကြီးဖြစ်၍ နေခဲ့သည်မှာ နှစ်ပေါင်းများစွာပင် ကြာခဲ့လေပြီ။

ဇောင်းတူနှင့် မနီးမဝေးတွင်လည်း ပဲခူးချောင်းကို အမှီပြု၍ တည် ထားသော ထန်းတောကြီး၊ ဇီးတော၊ ချင်းစု စသည့် ရွာကလေးများလည်း ရှိပြန်သည်။ ထိုအထဲတွင် ချင်းစုဆိုသည့်ရွာကလေးမှာ ပဲခူးချောင်းနှင့် အတော်အတန်ဝေးပြီး တောကြီးအတွင်း (၇) မိုင်မျှနေရာတွင် တည်ရှိနေ လေသည်။

ထိုအရပ်ဒေသများမှာ ပဲခူးမြို့နှင့် (၃၈) မိုင်ခန့်သာဝေးသော်လည်း သစ်တောနှင့် တောင်စဉ်တောင်တန်းများအတွင်း တည်ရှိနေသဖြင့် လမ်းပန်း ဆက်သွယ်မှုကတော့ အတော်အတန် ခက်ခဲလေသည်။ မိုးအခါ ပဲခူးချောင်း ကို အသုံးပြုနိုင်သော်လည်း ရေနည်းသည့် နွေအခါတွင် ပဲခူးမြောက်ဘက် ၁၀ မိုင်မျှဝေးရာ ဘုရားကြီးရွာသို့သွား၍ ထိုမှတစ်ဆင့် ကွင်းနှင့်တောတွင်း ကိုဖြတ်ကာ ကျန်ခရီးကို ဆက်ကြရလေသည်။ ဤဇာတ်လမ်းဖြစ်ပေါ်သည့် အချိန်က ၁၉၈၀ ခုနှစ်ဝန်းကျင်ဖြစ်လေရာ ထိုစဉ်က သွားရေးလာမှုခက်ခဲ နေသည့်အပြင် ဒေသဖွံ့ဖြိုးရေးလည်း အားနည်းနေချိန်ဖြစ်သည်။

တောတွင်းရွာကလေးများဖြစ်၍တစ်ကြောင်း၊ စိုက်ပျိုးရေးလည်း ကောင်းသည့် အတွက်ကြောင့်လည်း မည်သည့်အချိန်ပင် လာရောက်အခြေ ချသည်ဟု တိကျစွာ မပြောနိုင်သော ချင်းအမျိုးသားများက ထိုချင်းစုဆို သည့် ရွာကလေးတွင် အစုအဖွဲ့ပြုကာ လာရောက်နေထိုင်ခဲ့သည်မှာ ယနေ့ အထိပင်။

ထိုစဉ်က ထိုချင်းရွာကလေးသို့ သွားမည်ဆိုလျှင် အထက်တွင် တင်ပြခဲ့သည့်အတိုင်းသွားရပြီး ကုန်းကြောင်းဆိုလျှင် ဘုရားကြီးရွာမှတစ်ဆင့်





လှည်း၊ ခြေလျင်တို့ဖြင့် ဇီးတောအထိသွားပြီး ဇီးတောမှချင်းစုအထိ ခြေလျင် သွားကြရ၏။ နောက်တစ်လမ်းမှာ ပျဉ်ပုံကြီးဆိုသည့် ရန်ကုန်–မန္တလေး ကားလမ်းပေါ်ရှိ ရွာသို့ ကားစီး၍ ပျဉ်ပုံကြီးမှနေ၍ တောင်ဇာမထီကြိုးဝိုင်း သစ်ထုတ်လမ်းအတိုင်းမိုင် ၂၀ နီးပါးမျှ ခြေလျင်တက်၊ ထိုမှမှဲ့ဆင်း၍ နောက် ထပ် (၃) မိုင်မျှလျှောက်မှသာ ရောက်နိုင်လေသည်။

ထိုချင်းစုဆိုသည့်ရွာကလေးမှာ လယ်နှင့်ယာလုပ်သည့် ကွင်းနှင့် ကုန်းတန်းကလေးများ အတော်အသင့်ရှိသော်လည်း ပတ်ပတ်လည်မှာ တောင် နှင့်တော သစ်ကြီး၊ ဝါးကြီးများသာရှိလေရာ တောကောင်များအနေဖြင့် ဆင်၊ ကျား၊ ကျားသစ်၊ တောဝက်၊ ဒရယ်၊ ဆတ်၊ ချေ၊ မျောက်မှစ၍ ယုန်၊ ကြောင်၊ ကြက်၊ ရစ်၊ ခို၊ ဖွတ်၊ ပုတတ် စသည့် အကောင်ငယ်များ လည်း ပေါလေသည်။

ယခင် အင်္ဂလိပ်ခေတ်ကမူ ကြံ့ပင်ရှိကြောင်း မှတ်တမ်းတွေ့ရလေ သည်။ ရွာအနီးအနားတွင်ရှိသော လယ်ကွင်းများတွင် စပါးများ ဖုံးတုန်းလုံး ဘုန်း ရှိလာသည့်အခါမျိုးတွင် တောဝက်များက အုပ်လိုက်သင်းလိုက် ဖျက် ဆီးတတ်သကဲ့သို့ ဝက်အုပ်နောက်မှလိုက်၍ ချောင်းတတ်သော ကျား၊ ကျားသစ်တို့၏ ဟိန်းသံ၊ ဝမ်းရုတ်သံတို့ကို ညစဉ်ပင် ကြားရနိုင်သည်။ စပါး များ ဝင်းမှည့်လာသည့် အခါမျိုးတွင်လည်း ဆင်အုပ်က တစ်ခါတစ်ရံ ဝင် ရောက်ဖျက်ဆီးတတ်သေး၏။

သို့သော် မြေဩဇာကောင်းသော အရပ်ဖြစ်၍ ရွာသူရွာသားများ အတွက် ဝမ်းစာ လုံလုံလောက်လောက်ကတော့ ကျန်စမြဲဖြစ်၏။ ယာ အနေဖြင့်လည်း နှမ်းကို အဓိကစိုက်ပြီး ကွန်ဖွန်းညှ၊ ပြောင်း၊ ပဲ တို့လည်း စိုက်ပျိုးဖြစ်ထွန်းလေရာ ထိုမျှ ချောင်ကျသောရွာကလေးက မပြောင်းရွှေ့လို ကြ။ အိမ်ဆောက်ရန် သစ်၊ အမိုးအတွက် စလူ၊ လက်မဲ၊ သက်ငယ်၊ ကြိုး အတွက် လျှော်တို့မှာလည်း တဲအနီးအနားတောတွင်းတွင် ခုတ်ယူသုံးစွဲ၍ ပင် မကုန်နိုင်အောင် ပေါလှသည်။

လယ်ယာစိုက်ပျိုးရန်အတွက် လိုအပ်သော ထွန်၊ ထယ်၊ ထွန်တုံး ပြုလုပ်ရန်အတွက် ရွာတွင် လက်သမားကောင်းကောင်း နှစ်ဦးမျှနှင့် ပန်းပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖို ၂ ခုကလည်း ရှိလေရာ ထွန်သွား၊ ထယ်သွား၊ ဓား၊ ပေါက်တူး၊ ရှား စ၍ ရနိုင်လေသည်။ ထို့အပြင် ကွင်းနှင့် မြက်ကောင်းပေါ၍လည်း နွားမွေး သည့်အလုပ်ကိုလည်း လုပ်ကြလေရာ နအုပ် (နွားအုပ်) များလည်း ရှိကြ လေသည်။ ထို့ကြောင့် မည်မျှပင် လမ်းပန်းဆက်သွယ်ရေး ခက်စေကာမူ ချင်းစုမှ ချင်းအမျိုးသားများမှာ သူတို့ဒေသကို မခွာနိုင်ကြ။

ယခုမှသာ မဟုတ်၊ ယခင် ပဲခူးရိုးမတွင် သောင်းကျန်းသူများရှိ စဉ်ကပင် သူတို့ရွာကို မစွန့်ခွာခဲ့ကြပေ။ ဤသည်မှာ မွေးရပ်မြေ တော တောင်ကို ချစ်ကြသည့် တိုင်းရင်းသားလူမျိုးစုများ၏ ဓလေ့စရိုက်ပင်ဖြစ် ကာ၊ သူတို့၏ ဓလေ့စရိုက်ကို ထိန်းသိမ်းနေထိုင်ခြင်း၏ ပြယုဂ်ပင်ဖြစ်ပါ တော့သည်။

❁ ❁ ❁

| ၂ |

တစ်နေ့ မောင်လူတစ်ယောက် သူအလုပ်လုပ်သည့် ပန်းပဲဖိုမှ အလုပ်သိမ်းလာသောအခါ လုံချည်ကို တိုတိုဝတ်၊ ချွေးသံရွှဲရွှဲဖြင့် အိမ် သို့ ပြန်လာသည်။ အချိန်မှာ ညနေ (၄) နာရီခန့်သာ ရှိသေးသည်။ ညို မှောင်သည့်အသား၊ ပန်းပဲသမား၊ တူထုသမားဖြစ်၍ ခန္ဓာကိုယ်တွင် အဆီ မရှိ၊ တစ်ရစ်သည့် ကြွက်သားများက လက်မောင်း၊ လက်ဖျံ၊ ရင်အုပ် တွင်သာမက ဝမ်းဗိုက်တွင်ပင် အထပ်ထပ်တစ်ရစ်နေ၏။

ရှည်သော ဦးခေါင်း၏ တစ်ဖက်တစ်ချက်တွင် ကြီးမားသည့် နားရွက်ရှည်ကြီးများရှိပြီး နားရွက်၏အဆုံးတွင် နားပေါက်ကျယ်ကျယ်က





ရှိပြန်၏။ ထိုနားရွက်မှ နားပေါက်ကျယ်တွင် ဖြူဖွေးသော အဆင်းရှိသည့် ဝက်ဝံရိုးနားတောင်းကို ပန်ထား၏။ ဆံပင်ခပ်ရှည်ရှည်ကို နောက်သို့ လက် ဖြင့် သပ်ထားကာ ချင်းအမျိုးသားတစ်ယောက်၏အသွင်ကို ပီပြင်စေလျက် ရှိသည်။ အသက်မှာ (၂၅) နှစ်ခန့်ရှိသော်လည်း အရပ်မှာ (၅)ပေ (၁၀) လက်မခန့် မြင့်လေသည်။

သူ ပန်းပဲဖိုတွင် အလုပ်လုပ်နေသည်မှာ (၃) နှစ်မျှပင်ရှိပြီး တူကိုင် ဖြစ်နေလေရာ၊ လယ်ယာသုံးပစ္စည်းများ၊ ဓား၊ လှံ တို့ကိုလည်း လုပ်တတ် နေပြီဖြစ်သည်။ ယနေ့တော့ သူ့အလုပ်ရှင်က သူတို့တာသာဘာဝအရ သီတင်း ဝါလကျွတ်၍ နတ်တင်ရန် ကြက်ဖို၊ ကြက်မနှင့်ကောင်ကို သူ့အား ပေးလိုက် လေသည်။ အပြန်တွင် သူတို့ယာခင်မှ ခရွှေဖရုံသီး၊ ပဲတောင့်ရှည်တို့ကို လည်း ဝင်ခူးလာခဲ့သည်။ အိမ်ရောက်၍ ချက်ပြုတ်ပြီးလျှင် နေဝင်စဉ် ရိုးရာ နတ်ကို ပူဇော်ပသမည်။ ထို့နောက် မိသားစုဝိုင်းဖွဲ့ကာ စားသောက်မည်ဆို သည့် စိတ်ကူးဖြင့် ရွှင်လန်းတက်ကြွနေလေသည်။

မိသားစုဆိုရာ၌ များများမရှိ၊ သူနှင့် (၁၀) နှစ်ကျော်ကျော်သာ ရှိ သေးသည့် ညီငယ်မောင်ဖြူ၊ သူတို့၏ အသက်အရွယ် ကြီးရင့်နေပြီဖြစ် သော မိခင်အိုကြီး၊ ပေါင်း (၃)ယောက်သာရှိသည်။ ဖခင်မှာ သူ့ညီငယ်စဉ် ကပင် ကွယ်လွန်ခဲ့လေရာ မိခင်မုဆိုးမကြီးနှင့် ညီငယ်ကို လုပ်ကျွေးရင်း ငွေစု၊ နွားမနှစ်ကောင်ဝယ်ကာ မွေးမြူခဲ့၏။ ယခုတော့ နွားအုပ်ပင် (၁၅) ကောင် ရှိနေပေပြီ။ မောင်ဖြူကမူ ထိုနွားအုပ်ကို နေ့စဉ် ကျောင်းရ၏။ နံနက်တွင် မိခင်ကြီးက နွားနို့ညှစ်၍ ရွာတွင် ဟင်းချက်စရာများနှင့် လဲလှယ် ကာ စားသောက်၏။ ယာကလေး (၃) ဧကကိုမူ ညီအစ်ကို နှစ်ယောက်က အချိန်အားကလေးများတွင်လုပ်ကာ နှမ်းစိုက်၊ သီးပင်စားပင်ကလေးများ စိုက်ကြ၏။

သူတို့ ဖခင်ဆုံးသောအခါ ရွာလယ်ရှိ ဝိုင်း (အိမ်ဝိုင်း) နှင့် အခြ တံရှည်ချင်းအိမ်တော့ ကျန်ခဲ့လေရာ နေစရာက မပူပန်ခဲ့ရပေ။



www.burmeseclassic.com

www.burmeseclassic.com



ယနေ့တော့ မိခင်အိုကြီး၊ ညီငယ်နှင့်အတူ နတ်တင်ပြီး ညစာကို ကောင်းကောင်းစားမည်ဟု စိတ်ကူးကာ သူ့ကို မြူးတူးပျော်ရွှင်စေလျက် ရှိ၏။

သို့သော် . . . သို့သော် . . . သူဝိုင်းအဝသို့ ရောက်သောအခါ တွေ့ရသည့် မြင်ကွင်းက သူ့စိတ်ကို ထင့်ခနဲ ဖြစ်သွားစေလေသည်။ အဘယ့်ကြောင့်နည်း။ ခြေတံရှည် သူတို့အိမ်အောက်ထပ်တွင် လူအများစုရုံးရောက်ရှိနေ၏။ တစ်စုံတစ်ခုကို ဝိုင်းဝန်းကြည့်ရှုနေပုံရ၏။ ထို့ကြောင့် သူက ထိုလူအုပ်ထံ ဘာဖြစ်သည်သိချင်ဇောဖြင့် အပြေးဝင်သွားမိ၏။

ထိုအခါ သူလာသည်ကို မြင်တွေ့သောလူအုပ်က သူဝင်ရန် လမ်းရှဲပေးလိုက်ရာ မြင်လိုက်ရသည့်မြင်ကွင်းက သူ့ရင်ကို တစ်ဆို့ကာ အသက်ရှူပင်ရပ်သွားမည် ထင်လိုက်ရလေသည်။

သူမြင်လိုက်ရသည့် မြင်ကွင်းက ငုတ်တုတ်ထိုင်၍ ချုံးပွဲချငိုနေသော သူ၏မိခင်ကြီး၊ သူ့မိခင်ကြီးအနားတွင် ပုံလျက်ရှိနေသည်က လူသေအလောင်းတစ်ခု၏ အစိတ်အပိုင်းအစအနများ။ သာမန်မဟုတ်၊ သွေးအလိမ်းလိမ်းနှင့်ဖြစ်ပြီး လက်တစ်ဖက်တွင်ဝတ်ထားသည့် ချင်းဂျပ်ခုတ်လက်ရှည် အင်္ကျီက သူ့ညီလေး မောင်ဖြူဝတ်နေကျ အပြာရောင်၊ အနီစင်းအင်္ကျီ၊ လူသေ၏ အစိတ်အပိုင်းများက လက်တစ်ဖက်နှင့် နံရိုးများ၊ ပေါင်နှစ်ချောင်း အရိုးနှင့် ခြေသလုံးအရိုးများ၊ မျက်နှာက တစ်ခြမ်းမရှိတော့သော အရိုးများ ဒါပဲဖြစ်သည်။ အလောင်းဟု မပီပြင်တော့။ လူသေအစိတ်အပိုင်းများသာ။

မောင်လူက ထိုမြင်ကွင်းကို မြင်ရသောအခါ လက်တွင်းမှ ကြက်နှစ်ကောင်နှင့် ဟင်းသီးဟင်းရွက်များ လွတ်ကျသွားကာ ဘာလုပ်ရမည် ပင်မသိတော့။ သတိပင် မကပ်တော့။ ငူငူကြီးပင်ဖြစ်နေလေရာ မည်မျှကြာသွားသည်မသိ။

"မောင်လူ . . . မောင်လူ . . ."

ရွာခေါင်းက သူ့အား လှုပ်၍ခေါ်လိုက်သည့်အခါမှ သူ သတိပြန်ဝင်လာရာ သူ့အား စိုးရိမ်စွာကြည့်နေသော မျက်ရည်များနှင့် သူ့မိခင် သူသတိရလာသောအခါမှ မြင်ကွင်းက ပို၍ ရှင်းလာကာ သူ သိလိုက်ရပြီ





သူ၏ ချစ်လှစွာသော ညီလေး လူလောကမှ တစ်စုံတစ်ယောက်၏လက်ချက်ကြောင့် ရုပ်ပျက်ဆင်းပျက် အသက်ထွက်သွားခဲ့ရပြီဟု။

မောင်လူက သူ့မိခင်အိုကြီးကို ဖက်လိုက်သောအခါ မိခင်အိုကြီးမှာ မောင်လူအား တင်းတင်းပြန်ဖက်ရင်း ရှိုက်ကြီးတငင် ငိုချလိုက်လေရာ မောင်လူ၏ နှလုံးအိမ်မှာ ကွဲကြေသွားပြီဟု ထင်ရလေ၏။

မိခင်ကြီး အားရအောင်ငိုပြီး၍ အနည်းငယ် တိတ်လာသောအခါ မောင်လူက မိခင်အား မျက်ဝန်းမှ မျက်ရည်သုတ်ပေးရင်း . . .

"ဘယ်လိုဖြစ်ရတာလဲ . . . အမေရယ်၊ ကျွန်တော့်ကို ပြောပြပါဦး။ ဒါ ဘယ်သူ့လက်ချက်လဲ"

မိခင်ကြီးက သူ့အား မော့ကြည့်ရင်း . . .

"မင်းရဲ့ ကံဆိုးရှာတဲ့ ညီငယ်လေးကိုသတ်တာ လူမဟုတ်ဘူး မောင်လူ၊ ကျားတစ်ကောင်ပါပဲ။ လူသားစား ကျားစဉ်းလဲတစ်ကောင်ပဲ"

ဟုဆိုကာ ငိုပြန်သည်။

"တိတ်ပါ . . . အမေရယ် တိတ်ပါ။ အဖြစ်အပျက်ကိုသာ ကျွန်တော့်ကို ပြောပြစမ်းပါ။ ကျားမကလို့ ဆင်ဖြစ်ဖြစ် ကျွန်တော် လက်စားချေမယ် အမေ"

သူ့မိခင်မှာ ရင်တွင်းမှ အလုံးဆို့နေသည်ကို မျိုချလိုက်ကာ . .

"ဒီလိုကွယ့် . . . မင်းညီလေးက နေ့စဉ် နွားကျောင်းနေကျဆိုတော့ မနက်က နွားအုပ်ကို မ,ပြီး သွားကျောင်းတယ်။ လယ်တွေမှာ စပါးတွေရှိတော့ လွတ်တဲ့တောစပ်ကို ကျောင်းဖို့ အမေကပြောတာနဲ့ သူလည်း တောစပ်ဘက်ကို နွားအုပ်ကိုမောင်းသွားတာ တွေ့လိုက်ရတယ်။ အဲဒါ သူ့ကို နောက်ဆုံး တွေ့လိုက်တာပဲ"

အမေလည်း နေ့လယ်စာ စားချိန်မှာ မောင်ဖြူ လာမစားတာနဲ့ တောစပ်ဘက်ကို လိုက်ခေါ်တယ်။ ဒါပေမဲ့ နွားအုပ်ကိုတွေ့ပြီး မောင်ဖြူကို မတွေ့ရဘူး။ မောင်ဖြူ တောထဲဝင်ပြီး တပိုတပါး သွားနေသလားဆိုပြီး တောထဲကို ဝင်လိုက်သွားတယ်။ တောထဲမှာ ရေအိုင်တစ်အိုင်တွေ့တယ်။ အဲဒီနားရောက်တော့ 'ဝုန်း . . . ဝုန်း' ဆိုပြီး ကျားဟိန်းသံကို နီးနီး



www.burmeseclassic.com

www.burmeseclassic.com



ကပ်ကပ် ကြားလိုက်ရတာနဲ့ အမေလည်း ကြောက်လန့်ပြီး ရွာကို ပြန်ပြေးလာခဲ့တယ်။

ရွာရောက်တော့ မင်းရှိတဲ့ပန်းပဲဖိုက ဝေးတာနဲ့ လာမခေါ်ဘဲ အနီးအနားက လူတွေကို အကူအညီတောင်း၊ ဓားတွေ၊ လှံတွေ ယူပြီး လူအုပ်နဲ့ ညာသံပေး တောနင်းရှာတော့ ကျားဟိန်းတဲ့ဘက်က တောချုံကြားထဲမှာ ကျားစားထားလို့ကျန်တဲ့ မင်းညီလေးခန္ဓာကိုယ်က အစိတ်အပိုင်းတွေကို တွေ့ရတော့တာပါပဲကွယ်။ ကံဆိုးတဲ့ . . . ငါ့သားငယ်၊ မင်းညီလေးကို ကြည့်ပါဦး . . . ရုပ်တောင် မပီပြင်၊ အင်္ဂါတောင် မစုံတော့ပါဘူး။ ကံဆိုးလိုက်တဲ့ . . . ကလေးရယ်''

ထိုစကားကိုကြားပြီးနောက် မောင်လူတစ်ယောက်၊ စကားလည်းမပြော ငိုလည်းမငိုတော့။ သို့သော် သူ၏ နှလုံးသားတွင်မူတော့ ဝမ်းနည်းကြေကွဲခြင်းကသာ လွှမ်းမိုးနေခဲ့ပြီး ဒီလူသားစားကျားကို လက်စားချေဖြစ်အောင် ချေမည်ဟုသာ ဆုံးဖြတ်ထားလေတော့သည်။

✿ ✿ ✿

|၃|

မောင်ဖြူတစ်ယောက် သူ့ညီ၏ အသုဘအတွက် လုံးပန်းရခြင်းမိခင်အိုကြီးအား နှစ်သိမ့်နေရခြင်းကြောင့် သူ့အလုပ်လုပ်ရာ ပန်းပဲဖိုသို့ အလုပ်မဆင်းနိုင်။ ဒါကိုနားလည်သော သူ့အလုပ်ရှင် ပန်းပဲဆရာကြီးကလည်း မောင်လူညီကလေး သေဆုံးမှုကြောင့် ဝမ်းနည်းနေရှာသူကို နားလည်ပေး





ထား၏။ တစ်ရွာတည်းနေ တစ်ရေတည်းသောက်ကြသည့် ချင်းစုမဟုတ်ပါလား။

မောင်လူက သူ့ညီလေး အသုဘကိစ္စ ပြီးသည့်နောက်ရက်တွင် အိမ်မှ ဝက်ထိုးလှံကိုဆွဲကာ တောသို့ ထွက်ခဲ့သည်။ သူ့စိတ်ကူးက သူ့ညီလေးအား သတ်သွားသည့် လူသားစားကျား၏ ခြေရာခြေကြောင်း၊ နားနေ၊ ရေသောက်ရာ နေရာကောင်းများကို လေ့လာရန်ဖြစ်သည်။

ပဲခူးရိုးမတွင် ရွာတတ်သောမိုးက သူ့ညီလေး အသုဘကိစ္စဆောင်ရွက်နေသည့် (၃) ရက်အတွင်း မိုးမရွာဘဲ နေပေးသဖြင့် မောင်လူ သိချင် ရှာချင်သည့်နေရာကို တွေ့ရ၏။ ခြေရာများကို ကြည့်ခြင်းအားဖြင့် အချင်းဖြစ်နေ့က မောင်ဖြူ နွားများကို လှန်ထားရင်း နေပူ၍ သစ်ပင်တစ်ပင်အောက်တွင် အရိပ်ခိုရင်း ထိုင်နေခဲ့ရာ၊ ကျားက အလစ်ဝင်၍ နောက်မှကိုက်ချီခြင်းဖြစ်၏။

ကလေးမှာ (၁၀) နှစ်ကျော်ကျော်သာရှိ၍ ကျားကြီးတစ်ကောင်၏အစွယ်က သူ၏လည်ကုပ်ကို ကိုက်လိုက်သောအခါ ရုန်းကန်မှုပင် ပြုနိုင်ဟန်မတူ။ ထို့နောက် ကျားက ကိုက်ချီတရွတ်ဆွဲကာ ကိုက် (၁၀၀) မျှ ဆွဲသွားပြီး ချုံ (ဆောက်ချုံ)တစ်ခုအောက်တွင် စားသောက်ခဲ့သည့် ခြေရာကို တွေ့ရ၏။ ထိုခြုံနှင့် ကိုက် (၃၀)မျှ အကွာတွင် ပေ (၄၀)မျှ ကျယ်သည့် ရေအိုင်တစ်ခုကို တွေ့ရ၏။

ကျားက လူသားစားပြီးသောအခါ ထိုရေအိုင်သို့ ရေသွားသောက်သော ခြေရာကိုလည်း တွေ့၏။ ခြေရာအတိုင်း မောင်လူလိုက်ကြည့်သောအခါ လူသားစားပြီး ရေသွားသောက်သည့် ခြေရာသာမက အခြားခြေရာများလည်း တွေ့ရလေရာ၊ ခြေရာသစ် ခြေရာဟောင်းများကို ခွဲခြားပြီးနောက် လူသားစား ကျားခြေရာကို တုတ်တစ်ချောင်းချိုးကာ တိုင်းကြည့်ရာ (၅)လက်မခန့် ကျယ်ကြောင်း တွေ့ရ၏။ ခြေရာဟောင်းများကို ထိုတုတ်နှင့်ပင် တိုင်းကြည့်ရာတွင် ခြေရာများမှာ အတူတူပင်ဖြစ်ကြောင်း တွေ့ရလေရာ ဤနေရာတစ်ဝိုက်တွင် ကျက်စားသည့်ကျားမှာ ဒီလူသားစားကျားပင် ဖြစ်ရမည်ဟု သူသိရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မနီးမဝေးရှိ အရွက်စိပ်စိပ်ရှိပြီး အခက်အလက်ဝေဆာကာ ပေ (၃၀) ကျော်မျှမြင့်သည့် သစ်ဆိမ့်ပင်ကြီးပေါ်သို့ သူတက်၍ တစ်နေ့လုံး ရေအိုင်ကို စောင့်ကြည့်၏။ သို့သော် လူသားစားကျားက မပေါ်လာ။ ဟိန်းသံကိုလည်း မကြားရ။ မိုးချုပ်လုသောအခါ သစ်ပင်ပေါ်မှဆင်း၍ အိမ်သို့ ပြန်ခဲ့လေသည်။

အိမ်ပြန်ရောက်သောအခါ သူ့မိခင်က သူ့အား ထမင်းပြင်ကျွေးရင်း . . .

"သား . . . မောင်လူ၊ မင်းတစ်နေ့လုံး ဘယ်သွားနေတာလဲ။ ပန်းပဲဖိုကိုလည်း မလာဘူးဆို"

မောင်လူက ဘာမှ ပြန်မဖြေပေ။ ထမင်းကိုသာစားပြီး အိမ်ရှေ့ခန်းတွင်ပင် လှဲ၍အိပ်လိုက်လေ၏။

နောက်တစ်နေ့ နံနက်စောစောတွင် သူ့မိခင်အိပ်ရာမှ မထမီပင်ထကာ မျက်နှာသစ်၊ အိမ်ရှိ ကောက်ညှင်းခွက် (၂) ချပ်နှင့် ဆားအနည်းငယ်ကို ဖက်ဖြင့်ထုပ်၊ လွယ်အိတ်တွင် ထည့်ပြီး လှံကိုဆွဲကာ အိမ်မှထွက်ခဲ့သည်။ သူဦးတည်သည်က တောတွင်းရေအိုင်ဆီသို့။

ရေအိုင်ဆီရောက်သောအခါ အိုင်၏ အနောက်တောင်ဘက် ရေစပ်တွင် ခြေရာသစ်တွေ့ရ၏။ ထို့ကြောင့် သစ်ကိုင်းငယ်ချိုး၍ တိုင်းထွာကြည့်ရာ အတိုင်းအတာအရ လူသားစားကျားပင်ဖြစ်ကြောင်း သူကောက်ချက်ချနိုင်၏။ စိတ်တွင်းမှလည်း . . .

ဩော် . . . ဒီကောင် ညဘက်မှာမှ ရေသောက်တာကိုး။

ထို့နောက် အိမ်သို့ပြန်ခဲ့၏။ နောက်တစ်နေ့ နံနက်တွင်လည်း စောစောထ၍ အိုင်ရှိရာသို့ သွားခဲ့ရာ ခြေရာသစ်ကို ယမန်နေ့က နေရာအနီးတွင်ပင် တွေ့ရပြန်သည်။ သို့နှင့် ၃ ရက်မျှ စောင့်ကြည့်ခဲ့ရာ လူစားကျားမှာ ညဘက်တွင် ဤအန္တရာယ်ကင်းသည့် ရေအိုင်တွင်ပင် ရေသောက်ကြောင်း တွေ့ရပေပြီ။ ထို့ကြောင့် မောင်လူ၏စိတ်တွင် ဒီ ငါ့ညီလေးကို သတ်တဲ့ကျားတော့ ငါလက်စားချေနိုင်ဖို့ နီးလာပေပြီဟုပင် တွေးမိတော့၏။

✿ ✿ ✿

|၄|

❑

မောင်လူတစ်ယောက် နွားနဖားကြိုး ၃ ချောင်းကို ပူးကာ တောင့်တင်းခိုင်မာသည့် ကြိုးတစ်ချောင်းဖြစ်အောင် ပြန်၍ကျစ်လေသည်။ အရှည် ၁၀ ပေမျှရအောင် သူကျစ်၏။ သူ့မိခင်ကတော့ သူ့သားမောင်လူ ဘာလုပ်သည်ကို မမေး၊ သူ့သား ချွေးတလုံးလုံးနှင့် ကြိုးကျစ်နေသည်ကိုသာ မသိမသာ အကဲခတ်၊ ထမင်းစားချိန် ထမင်းပြင်ကျွေး လုပ်ပေး၏။ နွားအုပ်ကိုတော့ ရွာနားတွင်ပင်ကပ်၍ သူ့မိခင်က ကျောင်း၏။ မောင်လူက တောစပ်ဘက်မသွားရန် မှာထားပြီး ဖြစ်လေသည်။

မောင်လူက ကြိုးကျစ်ပြီးသောအခါ ကြိုး၏တစ်ဖက်စကို ခြေတံရှည်အိမ်၏ ယက်မတွင် ခိုင်မြဲစွာ ချည်လိုက်ကာ တစ်ဖက်စဖြင့် သူ့ခန္ဓာကိုယ်မှ ခါးကို ၂ ပတ်၊ ၃ ပတ်ပတ်၍ တွဲလဲခိုကြည့်၏။ ခိုင်ခန့်ကြောင်း တွေ့ရသောအခါ တစ်ချက်ပြုံးလိုက်ပြီး အိမ်နောက်ဘက် ကျွဲလှူးအိုင်ရှိ ရွှံ့ဗွက်ဆီသို့သွားကာ ကြိုးကို ရွှံ့ဗွက်တွင်နှစ်၍ စိမ်ထား၏။ တစ်နာရီခန့်ကြာသောအခါ ရွှံ့ဗွက်မှ ဆယ်၍ နေလှန်းထား၏။ ကြိုးကို တောင့်တင်းအောင် ဆေးသုတ်သည့်သဘော ပြုလုပ်ခြင်းဖြစ်၏။

ညနေရောက်သောအခါ ထမင်းကို စောစောစားပြီး အိပ်လိုက်ကာ နောက်တစ်နေ့ နံနက်တွင်စောစောထ၊ နွားနို့ညှစ်၊ မိခင်ကြီးအား နွား



www.burmeseclassic.com

www.burmeseclassic.com



နို့ပုံးပေးခဲ့ကာ နံနက်စာစား၍ နွားအုပ်ကို တောစပ်သို့ မောင်းခဲ့၏။ ထို တောစပ်မှာ သူ့ညီလေးအား အညာအတာကင်းမဲ့စွာ ကိုက်သတ်စားသောက်သွားသော တောဘုရင်လူသားစားကျား ကျက်စားရာတော။

မောင်လှက လှံကို မြဲမြဲဆုပ်ကိုင်ကာ တစ်နေ့လုံး အနားမယူဘဲ နွားအုပ်ကို ဟိုမှသည်မှမောင်းရင်း ကျောင်း၏။ သူကတော့ တောစပ်တွင် ကိုယ်ရောင်ပြလိုက်၊ ကွင်းဘက်သို့ ပြန်ထွက်လာလိုက်နှင့် သတိမလွတ်ရအောင် နေ၏။ ညနေ ၃ နာရီခန့်တွင် ...

"ဝု ... ဝု ... ဝုန် ..."

"ဝုန်း ..."

ကျားဟိန်းသံက ထွက်ပေါ်လာခဲ့လေပြီ။

မောင်လှမှာ ကျားဟိန်းသံကြားလျှင်ကြားခြင်း နွားအုပ်ကို အိမ်သို့ အမြန်မောင်းကာ ပြန်ခဲ့လေပြီ။ လူသားစားကျားမှာ ဤတောသို့ ပြန်လည်ရောက်ရှိနေကြောင်း သူသိရပေပြီ။

ည အလင်းရောင်မပျောက်မီမှာပင် သူကျစ်ထားသည့် ကြိုးကို ယူကာ လှံကိုဆွဲ၍ အိမ်မှထွက်ခဲ့သည်။ ရာသီဥတုမှာ သာယာလျက်ရှိလေရာ မိုးမရွာပါစေနဲ့ဟု ဆုတောင်းရ၏။ မိုးရွာပါက သူ့အစီအစဉ် ပျက်၍ သွားနိုင်ပေသည်။ မောင်လှက ကျားရေသောက်တတ်ရာနေရာအနီးရှိ သစ်ဆိမ့်ပင်ပေါ်သို့ တက်လိုက်၏။

ပေ ၂၀ မျှမြင့်ပြီး ကျားရေသောက်မည့်နေရာနှင့် နီးသော သစ်ကိုင်းပေါ်သို့ တက်လိုက်ကာ သူကျစ်ထားသည့် ကြိုးနှင့် သူ့ခါးတွင် ကြိုးစတစ်ဖက်ကိုချည်၊ ကျန်တစ်ဖက်ကို သစ်ကိုင်းနှင့် မြဲအောင်ချည်လိုက်၏။ သစ်ဆိမ့်ပင်မှာ အပင်ကြီးမျိုးဖြစ်ပြီး သူတက်သည့်ကိုင်းမှာ တောင့်တင်းလေရကား၊ သူ့အတွက် စိတ်ချရသည်။ အမြင့်မှာလည်း ပေ ၂၀ မျှ ဖြစ်လေရာ ကျားမခုန်နိုင်သည့် အမြင့်တွင်ရှိ၏။ ကျားများမှာ ၁၀ ပေ ၁၅ ပေ အထိ ခုန်နိုင်ကြောင်း သူ ကြားဖူးနား၀ ရှိလေသည်။

အလင်းရောင် ပျောက်သွားပြီး ညအမှောင်ရောက်သောအခါ လကွေးကွေးက ရေးရေးပေါ်လာ၏။ မိုးသားများက အချို့နေရာတွင် ရှိနေသော်





လည်း အချို့နေရာတွင် ကင်းနေလေသည်။ ထို့ကြောင့် သူ့အတွက် အခွင့်အရေးကောင်းသည်ဟု သူထင်သည်။ မိုးရွာပါက ကျားက ရေသောက်လာမည်မဟုတ်။ သို့နှင့် ညဉ့်နက်ခဲ့ပေပြီ။ ကျားသံကိုမူ တစ်စွန်းတစ်စမျှ မကြားရ။ သူလည်း အိပ်ငိုက်လာခဲ့ရာ မငိုက်စေရန် ဦးခေါင်းကို အကြိမ်ကြိမ် လှုပ်ယမ်းအားတင်းခဲ့ရလေသည်။ ကိုက်လိုက်သည့်ခြင်၊ ငြိမ်လိုက်သည့်လေကြောင့် တစ်ကိုယ်လုံး ပူထူနေခဲ့၏။ သို့သော် ညီငယ်မောင်ဖြူအတွက် လက်စားချေလိုသည့်စိတ်က သူ အံကြိတ်၍ ခံနိုင်ပါသည်။

ဤသို့ သည်းခံစောင့်ဆိုင်းရင်းမှ အရုဏ်တက်၍ပင် လာခဲ့ပေပြီ။ လမှာလည်း ပိုမိုလင်းလက်လာနေ၏။ ထိုစဉ် သူကြည့်နေရာ ရေစပ်ဆီသို့ ညည်းမည်းသဏ္ဍာန် ရိုးတိုးရိပ်တိတ်တစ်ခုကို မြင်ရ၏။ သူက လရောင်ဖြင့်ကောက်ကြောင်း ဖော်ကြည့်လေရာ ကျားတစ်ကောင်ဖြစ်သည်ဟု ဆုံးဖြတ်ချက်ရလေ၏။ နွဲ့သည့်ခါး၊ ညင်သာသည့်ဖဝါးဖြင့် အသံမကြားအောင် လာနေသည်က သူလက်စားချေလိုသည့် လူစားကျား။ မောင်လှက သူ၏ ၆ ပေမျှ အရိုးတပ်ထားသည့် ဝက်ထိုးလှံကို ကျစ်ကျစ်ပါအောင်ဆုပ်ထားကာ လှံသွားကို ကျားလာနေရာဘက်သို့ ဦးတည်လိုက်သည်။

ကျားမှာ တစ်ဖက်မှ မျက်နှာချင်းဆိုင် ခပ်စောင်းစောင်း အနေအထား နင်းလာနေလေရာ၊ နောက်ထပ် ရေစပ်သို့ရောက်ရန် ၄၊ ၅ လှမ်းမျှ လိုနေသေး၏။ မောင်လှ ကျားရေငုံ့၍ သောက်သည့်နေရာသို့ ရောက်လျှင် အားတိုက်အနေအထားဖြင့် ထိုးရန် စိတ်ကူးထား၏။ သို့မှသာ လက်ပုံနှင့် ဘယ်လျက် နှလုံးသားရှိရာသို့ မှန်း၍ထိုးနိုင်မည်။ မောင်လှမှာ မုဆိုးမဟုတ်သော်လည်း သူတို့ရွာသို့ တောပစ်လာသော သေနတ်မုဆိုးများပြောသည့် စာဆိုကို ကြားဖူး၏။ ဘာတဲ့ ...

"ကျားလက်ပုံ၊ ဆင်ဦးနှောက်၊ ကျန်တဲ့အကောင်လက်နောက်"

ဒီစာဆိုက ကျားဆိုလျှင် လက်ပုံကိုပစ်၊ နှလုံးသားသာမက လက်ပုံ ခံကျိုး၍ မုဆိုးကို အန္တရာယ်မပေးနိုင်၊ ဆင်ဆိုလျှင် ဦးနှောက်ကိုပစ်၊ ကျန်တဲ့သားကောင်တွေကို လက်နောက်ကို ပစ်ရမည်ဟု ပြောခြင်းဖြစ်၏။ ထို့



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မောင်လူက ကျားရေသောက်သောအခါ လက်ပုံကိုကပ်၍ ထိုးမည်ဟု ဆုံးဖြတ်ထားခြင်းဖြစ်လေသည်။

ကျားက တစ်လှမ်း၊ နှစ်လှမ်း၊ လှမ်းလာနေပြီ။ ရေစပ်သို့ ရောက်တော့မည်။ မောင်လူလည်း ညှိုငယ်အတွက် လက်စားချေရတော့မည်။

ဝုန်း . . .

ကျားမှာ မသက်သည့်အရိပ်အရောင်မပြ။ 'ဝုန်း'ဟု ဟိန်းလိုက်ကာ လာလမ်းသို့ နောက်ကျွမ်းပစ်၍ ထွက်သွားသည်မှာ မျက်စိတစ်မှိတ်လျှပ်တစ်ပြက်အတွင်းတွင် ဖြစ်တော့၏။ မောင်လူ အခွင့်အရေးဆုံးရှုံးခဲ့ပါပြီ။

မိုးလင်း၍ မောင်လူသစ်ပင်ပေါ်မှ ဆင်းသောအခါ သူ၏အမှားကို သူ စဉ်းစားမိပါသည်။ သူသစ်ပင်ပေါ်မတက်မီ ကျားရေသောက်မည့်နေရာသို့ သွားမိခြင်းက နှာရောင်ပွပွ အနံ့ခံကောင်းသော ကျားက သူ၏အနံ့ကို ရရှိသွားခဲ့ခြင်းဖြစ်ပြီး သူ ဘာမျှမလုပ်နိုင်မီ နောက်ကျွမ်းပစ်၍ ပြန်ထွက်သွားခြင်းဖြစ်ပါသည်။ မောင်လူတစ်ယောက် အခွင့်အရေးကောင်းတစ်ခုကို ဆုံးရှုံးခဲ့ရလေပြီ။

✿ ✿ ✿

[ ၅ ]

❑

မောင်လူ နောက်ထပ် နှစ်ညမျှ စောင့်သေး၏။ သို့သော် လူစားကျားက ပေါ်မလာတော့။ နောက်တစ်နေ့တွင် မောင်လူ ပန်းပဲဖိုသို့ အလုပ်ပြန်ဆင်းခဲ့လေရာ ပန်းပဲဆရာကြီးက သူ့အားကြင်နာစွာ နှစ်သိမ့်ပေးပြီး အလုပ်ကိုသာ နားနားနေနေ လုပ်စေလေသည်။ သူကလည်း အလုပ်လုပ်ရင်း . .





"ဆရာကြီး . . . ကျွန်တော် ဓားတစ်ချောင်းလောက် ရိုက်ပါရစေ"

"မောင်လူ . . . မင်း ဘာဓားမျိုး ရိုက်ချင်တာလဲ"

"ဓားချွန်းပါ . . . ဆရာကြီး၊ အသွားတစ်တောင်လောက်ပါ"

"ဘာလုပ်ဖို့လဲ၊ မင်းလိုချင်ရင် ငါရိုက်ပေးပါ့မယ်"

"မဟုတ်ဘူး . . ဆရာကြီး၊ ကျွန်တော့်ဘာသာ ရိုက်ပါရစေ"

ဆရာကြီးက မောင်လူ၏မျက်လုံးကို စိုက်ကြည့်ရာ တစ်စုံတစ်ခုကို သိရှိသွားဟန်ဖြင့် . . .

"အေး . . . ရိုက်ချင်လည်း ရိုက်၊ နေ့လယ် ငါနားတော့ ဖိုက်ကျောက်ခဲရေ . . . မောင်လူ ဓားရိုက်ရင် မင်းဖိုကူဆွဲပေးလိုက်ဟေ့"

ဟုဆိုကာ ဖိုဆွဲ ကျောက်ခဲဆိုသည့် လူငယ်လေးအား ပြောလိုက်လေ၏။

မောင်လူတစ်ယောက် အသွားတစ်တောင် ဖျက်လက် ၃ လုံးမျှ ရှိသော ဓားကို ချွေးသံတရွှဲရွှဲဖြင့် ရိုက်ခဲ့ရာ (၃) ရက်မျှ အချိန်ပေးခဲ့ရ၏။ သို့နောက် ဝါးကုတ်မြစ်ရင့်ရင့်ကို တူးကာ ဓားရိုးတပ်ပြီးနောက် မြနေအောင် သွေးလေသည်။ စိတ်ကြိုက်သွေးပြီးသောအခါ ဓားသွားကို ပက်လက်ထား၍ ငှက်ပျောရွက်အရိုးကို ဓားသွားပေါ်သို့ ဖြည်းညင်းစွာ ချလိုက်သောအခါ ငှက်ပျောရိုးမှာ ထက်ပိုင်းပြတ်လေ၏။

မောင်လူက ကျေနပ်သွားပြီးနောက် သူ့မိခင်အား စကားပြောလေသည်။ အချိန်မှာ ညနေ နေဝင်တော့မည်ဖြစ်ရာ နေမင်းကြီးက မဟူရာတောင်ကြီးကိုပင် မေးတင်နေလေပြီ။ တောငှက်သာရကာတို့မှာလည်း အိပ်တန်းတက်ရန် အသီးသီး ပျံသန်းနေကြ၏။ ကောင်းကင်တစ်ခုလုံးမှာ ပြာလဲ့ရာမှ ပုစွန်ဆီရောင်တောက်ကာ ဆည်းဆာပန်းချီတစ်ချပ် ခင်းကျင်းပြသနေသည့်နှယ်ပင်။

"အမေ . . . ညစာ ကျက်ပြီလားဟင်"

မောင်လူက သူ့အမေအား မေးလိုက်ရာ . . .

"အေး . . . ကျက်ပြီသား။ မင်း ထမင်းစားတော့မှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . အမေ၊ ကျွန်တော် ထမင်းစားတော့မယ်။ အမေ ပြင်ကျွေးတဲ့ ညစာကို စားချင်တာ . . . အမေ၊ အမေ ပြင်ကျွေးပါလား ဟင်"

သူ့မိခင်မှာ သူ့သားအား ကြည့်ရင်း ဝမ်းနည်းသလိုဖြစ်ကာ မျက်ရည်ဝဲလာရင်းမှ . . .

"ငါ့သားက အမေပြင်ကျွေးတာကို စားချင်ရင် ပြင်ကျွေးမှာပေါ့ သားရယ်"

သူ့မိခင်က မီးဖိုခန်းသို့ ထသွားကာ ထမင်းနှင့် ယုန်သားဟင်း ငါးပိရည်၊ တို့စရာတို့ကို ဇလုံအသီးသီးဖြင့်ထည့်၊ လေးထောင့်စားပွဲလေး ‌တွင်တင်ကာ ယူလာပေးပြီး . . .

"သား . . . စား၊ အမေ ရေနွေးကြမ်း ထည့်ပေးဦးမယ်"

"ဟုတ်ကဲ့ . . . အမေ"

သူ့အမေက မီးဖိုထဲ ပြန်ဝင်ကာ မြေခွက်ကြီးတစ်ခုတွင် ရေနွေးကြမ်းပူပူ ထည့်လာပေး၏။

"အမေ ခဏထိုင်ပါဦး။ ကျွန်တော် အမေ့ကို ပြောစရာရှိတယ်"

"ဘာများလဲ . . . သားရယ်၊ ပြောလေ။ ငါ့သားကြီးအတွက် ဘာလုပ်ပေးရမလဲ။ ဒီလောကကြီးမှာ ငါတို့သားအမိနှစ်ယောက်ပဲ ရှိတာနော် လား၊ ဆိုးတိုင်ပင် ကောင်းတိုင်ပင်ပေါ့"

"ဟုတ်ကဲ့ပါ . . . အမေ။ ဒါပေမဲ့ အမေစိတ်မကောင်းတော့ မဖြစ်ပါနဲ့။ ကျွန်တော် ဒီကိစ္စကို ပြီးပြတ်အောင်လုပ်ဖို့ စိတ်ဆုံးဖြတ်ပြီးပါပြီ။ တားလည်း မတားပါနဲ့တော့"

"ဘာများလဲ . . . သားရယ် အထိတ်တလန့် ဖြစ်လိုက်တာ"

"ဒီလိုပါ . . . အမေ။ ဒီည ကျွန်တော့်ညီလေးကို သတ်သွားတဲ့ လူစားကျားကို ကျွန်တော် လက်စားချေဖို့ သွားတော့မယ်။ ဒီတော့ အမေ့ ကို ကျွန်တော် တစ်ခုမှာခဲ့ပါရစေ။ မနက်ဖြန်မနက် နေထွက်ပြီးလို့ တစ်နာရီ လောက်ကြာရင် ညီလေးကို ကျားဆွဲသွားတဲ့နေရာနားက ရေအိုင်ကို ရှာ ကလူစုပြီးတော့ လိုက်လာခဲ့ပါ။ ကျွန်တော် ဒီကျားကိုသတ်ထားတာ အမေ တွေ့ရပါလိမ့်မယ်။ ဒါမှမဟုတ်ရင်လည်း ကျွန်တော့်အလောင်းကို လိုက်ရှာပြီး သင်္ဂြိုဟ်လိုက်ပါ . . . အမေ"





မောင်လူမှာ မျက်နှာကို တင်းတင်း၊ နှုတ်ခမ်းကို စေ့စေ့ထားကာ တည်ကြည်စွာ ပြောလေ၏။ တကယ်လုပ်တော့မည့်ပုံက အထင်းသား ပေါ်လွင်နေလေသည်။

ထို့နောက် သူ့အမေ၏အပြောကိုပင် မစောင့်တော့ဘဲ ထမင်းစားရာမှ ထ၍ လက်ဆေးကာ သူ့မိခင်အား ဦး ၃ ကြိမ်ချ ရှိခိုးလိုက်၏။ ထို့နောက် အိမ်အောက်သို့ဆင်းကာ သူလိုသည့်ပစ္စည်းများကို ယူလေ၏။ ထိုပစ္စည်းများမှာ သူလုပ်ထားသည့် ဓား၊ ကြိုး၊ ဝက်ထိုးလှံနှင့် သူ လွှန်ခဲ့သည့် (၃)ရက်ကပင် နွားတင်းကုပ်တွင်ထားသည့် အင်္ကျီ၊ ပုဆိုးနှင့် စောင်ဖြစ်၏။

ထို့နောက် သူ၏ချွေးနံ့များရှိနေသည့် အင်္ကျီနှင့်ပုဆိုးကို နွားတင်းကုပ်တွင်ထားသည့် အဝတ်နှင့် လဲဝတ်လိုက်ရာ လူနံ့ပျောက်သွား၍ နွားတင်းကုပ်မှ နောက်ချေးနှင့် နွားသေးနံ့နံ့သော အင်္ကျီနှင့်ပုဆိုး ဖြစ်သွားလေ၏။

ရွာအနီးအနားတွင် လာတတ်သော လူသားစားကျားက နွားတင်းကုပ်အနံ့မှာ ရနေကျဖြစ်၍ ကြောက်လန့်မှု မရှိနိုင်တော့ဟု သူက တွေးဆကာ ဆုံးဖြတ်ထားခဲ့ခြင်းဖြစ်လေသည်။ ထို့နောက် မောင်လူတစ်ယောက် လူစားကျားရေသောက်တတ်ရာ တောတွင်းရေအိုင်ဆီသို့ ဦးတည်ထွက်ခဲ့လေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၆ ]

❑

ကျားရေသောက်ရာနေရာမှာ သူစောင့်ခဲ့သည့် သစ်ဆိမ့်ပင်နှင့် နီးသကဲ့သို့ မြောက်ဘက်တွင် ကျောက်ဆောင်ကျောက်တန်းများနှင့် နီးလေသည်။ ထို့အပြင် ကျောက်ကြားမှာပေါက်သော ကျိုးခြေပင်များ၊ ငှက်ကြီးတောင်ပင်များက အမြင်ကို အကာအကွယ် ပြုလျက်ရှိလေသည်။ ထို့ကြောင့် မောင်လူက သစ်ပင်ပေါ်မှ စောင့်ခြင်းကို စွန့်လွှတ်လိုက်ပြီး ထို ကျောက်ကြားမှ စောင့်ရန် ဖြစ်နိုင်၊ မဖြစ်နိုင်ကို လေ့လာရ၏။

ကျားရေသောက်ရာနှင့် ၅ ပေမျှသာ မြင့်သောနေရာတွင် ကျောက်ကြားတစ်ခုရှိနေကာ အမြင်ကွယ်၍ အပင်ကာလျက်ရှိ၏။ သို့သော် ကျားရေသောက်သည့်နေရာနှင့် အလွန်နီးလေရာ သူစောင့်၍ အိပ်ပျော်နေလျှင်ဖြစ်စေ၊ ကျားက အနံ့ရလျှင်ဖြစ်စေ၊ သူ့ အသက်ရှင်ရန်လမ်းမမြင်ပေ။ ကျားက အနံ့မရ၊ သူက မအိပ်၊ သတိမလစ်ပါက ကျားကို အနီးကပ် တိုက်နိုင်လေရာ သူ၏ ဓားနှင့် လှံချက်မိပါက ဒီကျား ခံနိုင်မည်မဟုတ်ဟု သူက တွက်ဆထား၏။

ဤနေရာတွင် သူ၏အကြံမှာ သူ သေလျှင်သေ၊ မသေလျှင် ကျားသေမည်ဆိုသည်က အငြင်းပွားစရာ မလိုသောအချက်ဖြစ်၏။ ဘာ





ဖြစ်ဖြစ် သူကတော့ သူ့အလောင်းလာကောက်ရန်ပင် မိခင်ကြီးအား မှာထားပြီး ပြတ်သားသော ဆုံးဖြတ်ချက်နှင့်လူ ဖြစ်နေပေပြီ။

ထို့ကြောင့် သူစောင့်မည့်နေရာကလေး၏ သစ်ရွက်များကို အနည်းငယ်ရှင်းလိုက်၏။ ထို့နောက် ကျားရေသောက်သည့်နေရာ၏ တစ်ဖက်ကမ်းရေစပ်မှ ရွံ့စေးနှင့် ရွံ့ခြောက်အနည်းငယ်ကို သွား၍ယူလိုက်ကာ သူရှင်းထားသည့် ကျောက်တုံးများကြားနှင့် ကျောက်တုံးတို့တွင် အနည်းငယ်စီ ပက်ဖြန်းထား၏။ ကျားရေသောက်ရာနေရာမှ မြေအမျိုးအစားနှင့် သူယူ၍ ပက်ဖျန်းသည့် မြေအမျိုးအစားမှာ အတူတူပင်ဖြစ်လေရာ အနံ့မှာလည်း အတူတူပင်ဖြစ်နေသဖြင့် သူ့အတွက် အနံ့အကာအကွယ်ရမည်ဟု သူထင်သည်။

သူထိုသို့ ပြုလုပ်ပြီးသောအခါ လပြည့်ခါနီး လဝန်းကြီးက အရှေ့အရပ်မှပင် ထွက်ပြူလာပေပြီ။ သူက ဓားနှင့် လှံကို အသင့်၊ ကျားရေသောက်မည့်ဘက်သို့ ဦးတည်ချထားလိုက်ကာ စောင်ကို တစ်ကိုယ်လုံး လုံအောင်ခြုံထားရင်း ကျားအလာကို စောင့်လေတော့၏။

သူက စောင့်နေရင်း စဉ်းစား၏။ ဤသို့ ပြုလုပ်ခြင်းသည် မှန်ပါ၏လော။ လောကတွင် သူနှင့် မိခင်ကြီးနှစ်ဦး၊ အမေတစ်ခု သားတစ်ခုသာ ရှိတော့လေရာ သူသေဆုံးပါက သူ့မိခင်ကြီးမည်သို့ ရှိမည်နည်း။ သူကတော့ ယခု လူစားကျားကို စောင့်နေပြီ။

အကယ်၍ သူ၏ အာရုံကြောများ ထိုင်းမှိုင်းတုံ့ဆိုင်း၍ အိပ်ပျော်သွားမည်ဆိုလျှင်ဖြစ်စေ၊ သတိလက်လွှတ် ဖြစ်သွားလျှင်ဖြစ်စေ၊ ချဉ်းကပ်ညှင်သာ၍ လူ့အသက်ကို ဖြတ်ချွေနိုင်သော လူသားစားကျားက သူ့ကို အလွယ်တကူ သုတ်သင်စားသောက်သွားပေမည်။ ဤကဲ့သို့ အဖြေထွက်လျှင် သူ့အတွက် မိခင်ကြီးက ထပ်မံ ပူဆွေးရပေတော့မည်။

ဤသို့ စဉ်းစားရင်း အေးချမ်းတိတ်ဆိတ်သည့် ညဉ့်က ရင့်ရော်လာခဲ့သလို လမင်းကြီးကလည်း တောက်ပထွန်းလင်းလျက်ရှိသည်။ သူ၏ အတွေးကြောင့် သူ့စိတ်က အာရုံကြောများကို နိုးထအောင် လှုံ့ဆော်ပေးနေလေရာ ထိုညက ရေသောက်ရန်လာသော ချေ၊ ဆတ်နှင့် အခြားသားကောင်ငယ်များကို အနီးကပ် တွေ့ရလေ၏။ သူ၏အနံ့အသက်ကို သားကောင်



www.burmeseclassic.com

www.burmeseclassic.com



များမရှိ၍ မလန့်ကြောင်း သူ သတိထားမိလာ၏။ သို့ဆိုလျှင် သူ၏ စိတ်ဝင်စားမှုမှာ အစကောင်းသည်ဟု ဆိုရပေသည်။

သို့သော် အချိန်တရွေ့ရွေ့ကုန်လွန်လာသည်နှင့်အမျှ ည၏ တိတ်ဆိတ်မှုနှင့် သာယာမှု၊ အေးချမ်းမှုက သူ့ကို တဖြည်းဖြည်း ငြိမ်သက်စေကာ အိပ်မောကျသွားစေတော့၏။

ရုတ်တရက် သူ့အာရုံ ပြန်လည်နိုးထလာသောအခါ သူက ခန္ဓာကိုယ်ကို မလှုပ်စေဘဲ အသံကို နားထောင်မိ၏။ သူ့အား မည်သူက နှိုးလိုက်သည်ဟုပင် သတိမထားမိစဉ်မှာပင် သူက အသံတစ်သံကို အာရုံတွင်းကြားခြင်းဖြင့် စတင်သတိရလိုက်၏။ ထို့ကြောင့် အသက်ကိုပင် ပြင်းပြင်းမရှူမိရန် သတိထားရင်း၊ နားထောင်ကြည့်ရာ နားရွက်ခတ်သံသဲ့သဲ့သေးသေးကို ကြားရ၏။

သူက ချက်ချင်းပင် ကျားဖြစ်ရမည်ဟု ဆုံးဖြတ်လိုက်ကာ မှန်းဆရာမှ ဦးခေါင်းကို ဖြည်းညင်းစွာထောင်လိုက်ပြီး ကျောက်ကြားမှ ရေစပ်သို့ ချောင်းကြည့်လိုက်လေရာ၊ သူ၏ အာရုံကြောများပင် တစ်စုံတစ်ယောက်က နိုးယူသွားခံရသလို ရုတ်တန့်သွားလေသည်။ ထို့ကြောင့် လုံး၀ မလှုပ်မယှက် မိစေဘဲ ကြည့်မိရာ သူ့မျက်စိအောက် ၂ ပေခန့်မျှအကွာတွင် ကျားကို မြင်တွေ့ရ၏။

ကျားဆိုရာ၌ ကျားကိုသာမက ကျား၏နံဘေးမှ နံရိုးစင်းများဝင်၍ ရေငုံ့သောက်နေသဖြင့် မြေကြီးနှင့် ထိနေသည့် ဝမ်းဗိုက်သားများ၊ တပျစ်ပျစ်နှင့် ရေသောက်နေသည့်အသံများက သူ၏ လက်တစ်ကမ်းတွင်သာ။ ကျားထီးတစ်ကောင်ဖြစ်ကြောင်းနှင့် သူညီအားသတ်သောကျားကို အနီးကပ်မြင်လိုက်ရလေရာ . . .

မောင်လူက ဤမျှနီးကပ်နေသော ကျားအား အရိုးရှည်လုံဖြင့် ထိုးရန်မဖြစ်နိုင်ကြောင်း တွက်ဆပြီးဖြစ်လေရာ သူ၏ တစ်တောင်မျှရှိသော ဓားချွန်ကို ကျား၏လက်ပုံဆီသို့ ဦးတည်လိုက်၏။

ထိုအချိန်တွင် ကျားမှာ ဦးခေါင်းကိုမော့ကာ ပါးစပ်တွင် ပြည့်နေသောရေကို ဝမ်းဗိုက်အတွင်းသို့ ဦးခေါင်းကိုမော့ကာ မျိုချလိုက်သဖြင့် သူ၏





နံရိုးအောက်မှ ဝမ်းဗိုက်မှာ လှုပ်၍ပင်သွား၏။ ထို့အပြင် အနံ့ဆိုးများလည်း ထွက်လာသည်ကို မောင်လူ ရှူရှိုက်ရလေသည်။

ထို့နောက် ကျားက နောက်တစ်ချီ ရေသောက်ရန် ဦးခေါင်းကို ရေဆီသို့ ငုံ့လိုက်ပြန်၏။ ထိုအခါ မောင်လူ၏ ဓားသွားကလည်း ကျား၏ လက်နောက်ကပ်လျက်သို့ ချိန်ပြီးဖြစ်လေရာ မောင်လူက သူ၏ ရှိသမျှ အင်အားကိုသုံးကာ ယာလက်ဖြင့် ထိုးသွင်းလိုက်လေသည်။

"ဝူး . . . ဝုန်း . . . ဂရား"

နာကျင်စွာ အော်လိုက်သည့် ကျား၏အနံ့က ပုပ်စော်ငင်နံ့သွားလေရာ မောင်လူမှာ ကျောက်ကြားတွင် ခန္ဓာကိုယ်ကို ဖိကပ်ပုန်းကွယ်နေလိုက်ရ၏။ ဓားမှာ ကျား၏နှလုံးသားဆီသို့ အဆုံးအထိပင် စူးဝင်သွားပြီဟု ထင်ရ၏။ အဘယ်ကြောင့်ဆိုသော် ထိုးလိုက်စဉ်က ဓားရိုးတွင်ကိုင်ထားသော မောင်လူ၏ယာလက်က ကျား၏အရေပြားမှ အမွေးကိုပင် သွားထိသည့်အတွေ့အထိကို ခံစားလိုက်ရလေသည်။

ကျားမှာ ရေစပ်တွင် လူးလိမ့်နေပြီး ပတ်ဝန်းကျင်မှ သစ်ပင်ငယ်များနှင့်ပင်စည်များကို ကိုက်ဝါးနေသည်မှာ အတန်ပင်ကြာ၏။ ကျား အနည်းငယ်ဝေးသွားပြီ ထင်ရသောအခါ မောင်လူမှာ လှံကို ကျစ်ကျစ်ပါအောင် ကိုက်လိုက်ကာ မတ်တတ်ရပ်လိုက်ရာ ကျားမှာ သူနှင့် ၁၅ ပေမျှအကွာတွင် လူးလိမ့်ရင်း ရန်သူကို သဲကြီးမဲကြီး ရှာနေပုံရလေသည်။ မောင်လူ မတ်တတ်ရပ်လိုက်သောအခါ လရောင်ကြောင့် ကျောက်တုံးပေါ်မှ မောင်လူကို မြင်သွားလေရာ မောင်လူဆီသို့ တည့်မတ်စွာ ပြေးလာပြီးနောက် ခုန်အုပ်လိုက်လေ၏။

မောင်လူ၏ လက်မှလှံကလည်း ကျားဆီသို့ ပစ်သွင်းလိုက်လေရာ ကျားနှင့်လှံသွား လေထဲတွင် ဆုံ၍သွားလေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၇]

❑

၁၉၈၆ ခုနှစ်တွင် ဖြစ်သည်။ ပဲခူးရိုးမတောင်ပေါ် သစ်ထုတ်လမ်း ဖောက်သော ဒီဇင်ဘာလဆန်းပိုင်း၌ ကျွန်ုပ်၊ ကျော်ကျော် (မောင်မောင် ကျော်)၊ (ကွယ်လွန်) ကိုသိန်းဝင်း U.S.A တို့ ဟိုင်းလပ်ကားကလေးဖြင့် အမဲပစ်ရန် ပျဉ်းမနားမှတစ်ဆင့် တောင်ဇာမဏီကြိုးဝိုင်းသို့ ရောက်ရှိခဲ့ကြ လေရာ ပျဉ်းမနားမှ မိုင် ၂၀ မျှ ဝေးရာ တောင်ပေါ်တွင်ရှိသော ဦးဖိုးရှုပ်၏ ဆည်တဲသို့ရောက်ရှိနေလေ၏။

ထိုဆည်မှာ တောင်ပေါ်ချောင်းငယ်ကလေး ဖြန့်ပြူးရာ ချောင်း နေရာတစ်ခု၊ သစ်ထုတ်ကားလမ်းဘေးတွင်ရှိကာ လိပ်ဖြင့် ဆည်လုပ်ငါးဖမ်း သည့်ဆည်သေးသေးကလေး ဖြစ်၏။ ထိုဆည်တွင် တောင်ပေါ် ပုစွန်ခေါင်း ကြီးများ၊ ငါးရွှဲဆိုသည့် တောင်ပေါ်ငါးကလေးများရလေရာ ကျွန်ုပ်တို့ ထိုဒေသ သို့ တောပစ်သွားတိုင်း ဦးဖိုးရှုပ်တဲသို့ဝင်ကာ စတည်းချတတ်၏။ ဦးဖိုးရှုပ် အတွက်လည်း မြို့မှ ဘီစကစ်၊ ကိတ်မုန့်စသည်တို့ လက်ဆောင်ပေးလေရာ ဦးဖိုးရှုပ်ကလည်း ငါးဟင်း၊ ပုစွန်ဟင်းတို့ဖြင့် ထမင်းကျွေးလေသည်။

ဦးဖိုးရှုပ်တဲမှ အထက်သို့ သစ်ထုတ်လမ်းအတိုင်း မိုင်ဝက်မျှ တက်လျှင် ဝဲဘက်၌ လမ်းခွဲတစ်ခုရှိ၏။ ထိုလမ်းခွဲအတိုင်း (လှည်းလမ်း)၊





ကားဝင်သွားလျှင် တစ်မိုင်ခွဲမျှဆိုလျှင် လယ်ကွင်းများ၊ ယာများရှိပြီး ချင်းစု ရွာသို့ ရောက်၏။ ထိုစဉ်က ဒီဇင်ဘာလဖြစ်၍ စပါးမှည့်ချိန်ဖြစ်လေရာ ချင်းစု တောကြားလယ်များတွင် တောဝက်အုပ်သင်းနှင့် ဆင်းသည်ဆို၏။ ထို့ကြောင့် ဦးဖိုးရှုပ်က ...

ရှုပ် ။ ။ ''ဆရာတို့ ... တောဝက်မပစ်ဘူးလား''

ကျွန်ုပ် ။ ။ ''မှဆိုးပဲဗျာ ... ပစ်တာပေါ့။ တောကောင်သားထဲမှာ တောဝက်သား အကြိုက်ဆုံးပဲဟာ''

ကျော် ။ ။ ''ဝက်မိတ်လိုက်ရာသီပဲ။ ဝက် ဘယ်မှာပေါ်တယ် သတင်း ရလို့လဲ''

ရှုပ် ။ ။ ''ချင်းစုလယ်တွေမှာ ဝက်အုပ်တွေ ဆင်းတယ်ပြော တယ်။ ဆရာတို့ အဲ့ဒီဘက်သွားပါလား''

ဝင်း ။ ။ ''သွားတာဟုတ်တယ်၊ ကားဝင်လို့ ရပ့ါမလွား''

ရှုပ် ။ ။ ''ရပါတယ်။ ဗိုးတောဘက်ကနေ ကားလမ်းချင်းစုကိုဖြတ် ပြီး ဒိုဇာထိုးထားတယ်။ သစ်နဲ့ ထင်းဆွဲတာ''

ကျွန်ုပ် ။ ။ ''ဟုတ်လား ... ဒါဆို ညကျရင် အဲ့ဒီဘက် မီးသွားထိုးရ အောင်။ ဝက်တွေ့ရင် ပစ်တာပေါ့။ ဝက်မတွေ့လည်း လမ်း မှာ ချေနဲ့ဆတ်နဲ့ တွေ့နိုင်တယ်မဟုတ်လား''

ရှုပ် ။ ။ ''တွေ့နိုင်ပါတယ်''

ဝင်း ။ ။ ''ဒါဆိုရင် ညကျ အဲ့ဒီဘက် ကားနဲ့ မီးသွားထိုးရ အောင်''

ကျွန်ုပ် ။ ။ ''သွားရင် ဦးဖိုးရှုပ်ပါ လိုက်ခဲ့ဗျာ''

ရှုပ် ။ ။ ''ဟုတ်ကဲ့ ... လိုက်ခဲ့ပါမယ်''

လမိုက်ရက် တောကြီးအတွင်း သန်းခေါင်ယံအချိန်က မှောင်မိုက် မည်းလှသည်။ သို့သော် ဟိုင်းလပ်အင်ဂျင်တွင် တပ်ဆင်ထားသော ၁၂ ဗို့ ဘက်ထရီအိုးနှင့် တွဲ၍ထိုးသော ဆလိုက်အဝါရောင်က တောက်ပစွာ ထိုးလင်း လက်လျက်ရှိပြီး လမ်းဘေးဝဲယာသို့ နေရာလပ်မရှိအောင် ထိုး၍ သား



www.burmeseclassic.com

www.burmeseclassic.com



ကောင်တို့၏ ရောင်ပြန်မျက်လုံးကို ရှာလျက်ရှိလေရာ တစ်နေရာအရောက်တွင် တောကောင်မျက်လုံးတစ်စုံကို လှစ်ခနဲ တွေ့လိုက်ရသဖြင့် မီးရှာသူ ကျွန်ုပ်က ကားကိုရပ်ရန် ကားဘောနပ်ပေါ်သို့ မီးချပြလိုက်ရ၏။

ထိုအခါ ကားမောင်းညင်သာလှသော ကျော်ကျော်က ကားဘရိတ်ကို ဖြည်းညင်းစွာ နင်းကာ ရပ်ပေးလိုက်လေရာ ကိုသိန်းဝင်းက နှစ်လုံးပြူးသေနတ်ကို ကျွန်ုပ် မီးထိုးပြရာသို့ ချိန်လိုက်သည်။ မီးရောင်အောက်တွင် ဝါးတောအတွင်းမှ မီးကို ခပ်စိုက်စိုက် ကြည့်နေသော ချေဖိုတစ်ကောင်ကို တွေ့လျှင်တွေ့ချင်း ...

"ဒိုင်း ..."

နှစ်လုံးပြူးသေနတ်သံက တောကို ဟိန်း၍မှ မဆုံးမီ ချေမှာဝင်ထိုင်သွားကာ ရှေ့ခြေနှစ်ချောင်းက ဒုတီးသကဲ့သို့ ဖြစ်နေပြီးနောက် ဘေးသို့လဲ၍ သွားလေ၏။ ဦးဖိုးရှပ်နှင့် ကိုသိန်းဝင်းက ဓာတ်မီးကိုယ်စီဖြင့် ဆင်းသွားကာ ချေကို ရှေ့ခြေနှင့် နောက်ခြေများမှကိုင်၍ သယ်လာပြီး ကားပေါ်သို့ တင်လိုက်ရင်း ...

"ဟင်းစားတော့ အဆင်ပြေသွားပြီ ... သူငယ်ချင်း"

ကိုသိန်းဝင်းက အားရဝမ်းသာ ပြောနေစဉ်မှာပင် ကားကိုကျော်ကျော်က ဆက်၍မောင်းခဲ့၏။ နောက်ထပ် ၁၀ မိနစ်မျှ ကြာသည်အထိ ဘာသားကောင်မှ မတွေ့။ သို့သော် တစ်နေရာအရောက်တွင် ကားမှာ တုံ့ခနဲဖြစ်ကာ ဖွက်နစ်၍ သွားခဲ့လေပြီ။ ကျော်ကျော်က ကားကို ရှေ့တိုးနောက်ဆင်ပြု၍ ဖွက်လွတ်ရန် ကြိုးစားသော်လည်း ဖွက်က ပို၍ပင်နစ်လေ၏။ ထို့ကြောင့် ကျန်လူ ၃ ယောက် ကားကို ဆင်းတွန်း၊ စက်လည်း မောင်းသော်လည်း မရွေ့တော့ပေ။ လူများမှာလည်း ဖွက်အလိမ်းလိမ်းဖြစ်ကုန်၍ ဒုက္ခရောက်ပေသည်။ ထိုအခါ ဦးဖိုးရှပ်က ...

"ကဲ ... ဆရာတို့ အားမငယ်နဲ့။ ဒီကနေ မိုင်ဝက်လောက်ဆိုရင် ချင်းရွာကို ဝေးတယ်။ ကျွန်တော် ကျွဲတစ်ရှဉ်းလောက် သွားရှာမယ်။ ကားဆွဲရအောင်"





ဟုဆိုကာ ဓာတ်မီးတစ်လက်ဖြင့် ထွက်သွားလေ၏။

တစ်နာရီခန့်ကြာသောအခါ ကျွဲတစ်ရှဉ်း၊ လူတစ်ယောက်တို့ ပါပြန်လာပြီး ကားကို ဆွဲမှ ဖွက်မှလွတ်လေ၏။ အချိန်မှာ နံနက် ၃နာရီ နာရီခန့်ရှိပြီး အားလုံးမှာ အိပ်ချင်နေကြလေပြီ။ ထို့ကြောင့် ကျွဲရှင်၏ ချင်းရွာ အိမ်သို့လိုက်ကာ ကားရပ်ပြီး သူ၏ ခြေတံရှည်အိမ်အောက်မှ ကွပ်ပျစ်တွင် အိပ်ကြရ၏။ ဒီဇင်ဘာလ၏ ရိုးမအချမ်းက အသည်းခိုက်အောင်ပင် အေး၍ နေလေသည်။

✿ ✿ ✿

|၈|

နံနက်နေထွက်သောအခါမှပင် စောင်ကို လှစ်ခါထရ၏။ အိမ်ရှင်က ကျွန်ုပ်တို့အဖွဲ့အား အိမ်ပေါ်သို့တက်၍ ရေနွေးသောက်ရန် ခေါ်သဖြင့် မျက်နှာသစ်ကြပြီး ခြေတံရှည်အိမ်ပေါ်သို့ တက်ခဲ့ရာ အိမ်မပေါ်တွင် စားပွဲဝိုင်းတစ်လုံးချကာ ရေနွေးကြမ်း၊ ခေါပုပ်ကြော်တို့ကို စားရန် ပြင်ဆင်ပေးထား၏။ အိမ်ရှင်မှာ တစ်ဦးတည်းနေထိုင်ပြီး အိမ်ထောင်မရှိ။ ပြီးခဲ့သည့်နှစ်ကပင် မိခင်အိုကြီး ဆုံးသွားကြောင်း ပြောပြ၏။

အိမ်ပေါ်တွင် ထူးခြားသည်က အိမ်ခေါင်းရင်းဘက်ထရံတွင် ကပ်ထားသော ကျားရေကြီးတစ်ချပ်။ နှာဖျားမှ အမြီးဖျားအထိ ၁၀ ပေမျှ ရှိသည်

www.burmeseclassic.com



ထင်ရ၏။ ပိုမိုထူးခြားသည်က ကျားရေမှာအဝါနှင့် အနက်အစင်းကျား မဟုတ်ဘဲ နီကြောင်ကြောင်နှင့် အနက်ကျားဖြစ်နေခြင်းက ကျွန်ုပ်အား ဆွဲဆောင်နေပေရာ ထိုကျားရေကြီးရရှိပုံကို စပ်စုမိတော့၏။

ထိုအခါမှ အိမ်ရှင်က သူ့ကိုယ်သူ ကိုလူပါဟု မိတ်ဆက်ပေး၏။ ချင်းအမျိုးသား အရပ် ၆ ပေခန့်၊ အသက် ၃၀ ကျော်မျှ ရှိမည်ဖြစ်ပြီး နားပေါက်ကျယ်နှင့်ဖြစ်ကာ ကျားရိုးကို နားတောင်းလုပ်၍ ပန်ထားလေသည်။

သူက သူညီ ကျားကိုက်ခံရပုံ၊ ထိုကျားကို လက်စားချေပုံတို့ကို အသေးစိတ် ပြန်လည်ပြောပြလေရာ အထက်ပါအတိုင်း ဖြစ်တော့၏။ သူက ကျားကို ဓားနှင့် ထိုးလှံနှင့် ပစ်လိုက်သောနေရာသို့ ရောက်သောအခါ ရေနွေးကြမ်းတစ်ခွက်ကို သောက်လိုက်ပြီး ...

အဲဒီလို လှံနဲ့ ပစ်လိုက်တဲ့အခါ ကျားကလည်း ကျွန်တော့်ဆီ ခုန်အုပ်လိုက်တော့ ...

✿ ✿ ✿

BURMESE CLASSIC

| ၉ |

❑

မောင်လူ၏ လှံက ကျားခုန်အအုပ်တွင် ...

''ရွပ် ...''

လှံက ကျား၏ဝမ်းဗိုက်ကို ထိုးဖောက်ဝင်ရောက်သွားခဲ့၏။ သို့သော် ကျားမှာ အရှိန်ဖြင့်ဖြစ်ရကား ကျား၏ယာလက်က သူ၏ဝဲဘက်ပခုံးကို ပုတ်မိသွားခဲ့လေရာ ...

ကျားမှာ မသေသေးဘဲ သူ ချဉ်းကပ်ရာဘက်သို့ ဦးခေါင်းကို လှည့်ထားပြီး သူ့ကို မြင်လျှင်မြင်ချင်း ဝမ်းရုတ်သံပေးလိုက်၏။ သို့သော် ခန္ဓာကိုယ်ကရရှိထားသည့် ဒဏ်ရာများကြောင့် မလှုပ်နိုင်မီမှာပင် မောင်လူ၏လှံသွားက ကျား၏နံ့ဘေးကို ဖောက်ထွင်းသွားကာ တစ်ဖက်မြေကြီးသို့ပင် စိုက်၍ သွားလေတော့သည်။

ကျား၏ နောက်ဆုံးအချိန်က ကုန်လွန်ခဲ့လေပြီ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၁၀ |

❑

ထိုဇာတ်လမ်းကို ကြားရသည်သာမက မောင်လူ လက်စားချေခဲ့သည့် အနီအနက်စင်းကျား အရေခွံကြီးကိုလည်း တွေ့ခဲ့ရသည့်အပြင် ချင်းရွာတစ်ရွာလုံးက လေးစားရသော ကိုလူ (မောင်လူ) ကိုလည်း ကျွန်ုပ် နှုတ်ဆက်တွေ့ ဒူးတွေ့ တွေ့ခဲ့ရပေသည်။ ထို့အပြင် သူ၏အကူအညီနှင့် သူကျွေးသော နံ့နက်စောစော ခေါ်ပုပ်နှင့် ရေနွေးကြမ်းကိုလည်း စားခဲ့ပြီးနောက် ကျွန်ုပ်တို့သည် ကားမောင်းကာ ပြန်ခဲ့ပါတော့သည်။ လမ်းတွင် ဤဇာတ်လမ်း၏ ခေါင်းစဉ်ကို စဉ်းစားခဲ့ရာ 'လူစားကျားနှင့် အာဂလူ' ဆိုသည့် ခေါင်းစဉ်ကို စဉ်းစား၍ ရခဲ့ပါသည်။

❧

● ကျော်မိုးနိုင်

စာကြွင်း ။ ။ ကျွန်ုပ်တို့ မြို့ခါနီးတွင် မောင်လူက ပန်းပဲဖိုသို့ သွားရန်အတွက် အကျီလဲလေရာ သူ၏ဘယ်ဘက်ပြင်နှင့် ပခုံးတွင် ကြီးမားသော ကျားကုတ်ထားသည့် အမာရွတ်ကြီးကို တွေ့ခဲ့ရပါသည်။

BURMESE CLASSIC
www.burmeseclassic.com